http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ်ကို အကျဉ်းလေးနဲ့ ရည်ညွှန်းပြောဆိုထားတဲ့ ပါဠိဝါကျ ၄-ခုပဲ။

(၁) “ဣမသ္မိံ သတိ ဣဒံ ဟောတိ”
ဒါ ရှိနေလို့ ရှိရင် ဒါ ရှိတယ်။

(၂) “ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ”
ဒါ ဖြစ်လို့ ဒီဟာ ဖြစ်ရတယ်။

(၃) “ဣမသ္မိံ အသတိ ဣဒံ န ဟောတိ”
ဒါ မရှိရင် ဒီဟာ မရှိဘူး။

(၄) “ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ”
ဒါ ချုပ်ငြိမ်းသွားရင် ဒီဟာလည်း ချုပ်ငြိမ်းသွားမယ်။

(ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း၊ နှာ - ၁၅)

http://www.dhammadownload.com

မဂ္ဂအသိဖြင့် အကျိုးရှိရှိနေမည်

# ပဋိစ္စသမုပ္ပါဒ်
ကို
# ပဋ္ဌာန်းနည်း
ဖြင့်
# လေ့လာသုံးသပ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ ( Ph.D )

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်

ကို

# ပဋ္ဌာန်းနည်း

ဖြင့်

# လေ့လာသုံးသပ်ခြင်း

အဂ္ဂမဟာပဏ္ဍိတ

အရှင်နန္ဒမာလာဘိဝံသ ( Ph.D )

ဓမ္မဒါန

ကောဇာသက္ကရာဇ်-၁၃၇၃ ခုနှစ်  သာသနာတော်နှစ်-၂၅၅၅ ခုနှစ်  ခရစ်နှစ်-၂၀၁၁ ခုနှစ်

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။

# ပဋိစ္စသမုပ္ပါဒ်
# ကို
# ပဋ္ဌာန်းနည်း
# ဖြင့်
# လေ့လာသုံးသပ်ခြင်း

တရားစာအုပ်ကို

ဓမ္မဗျူဟာ သာသနမာမကအဖွဲ့

လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း၏

**ဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) နှင့်**

**အဘိဓမ္မာ (မိုးမိုး) စာအောင်ပုဂ္ဂိုလ်များ**

**၂၂-ကြိမ်မြောက် ဆုနှင်းပွဲ**

နှင့်

**ကျေးဇူးရှင်ပူဇော်ပွဲ အထိမ်းအမှတ်**

"အမတဒါန, ဓမ္မဒါနအဖြစ်"

ထုတ်ဝေဓမ္မဒါနပြုပါသည်။

ကောဇာသက္ကရာဇ်-၁၃၇၃ ခုနှစ် သာသနာတော်နှစ်-၂၅၅၅ ခုနှစ် ခရစ်နှစ်-၂၀၁၁ ခုနှစ်

http://www.dhammadownload.com



# ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း

## မာတိကာ – အပိုင်း (၁)


| | | |
|---|---|---|
| ၁။ | အကြောင်းအကျိုး ဒေသနာတော် ၃-ရပ် | ၂ |
| ၂။ | နည်းနှစ်မျိုးအထူး | ၃ |
| ၃။ | အခက်လေးပါး | ၄ |
| ၄။ | ရှင်မဟာပုဒ္ဓဃောသ၏ ဝန်ခံချက် | ၅ |
| ၅။ | ရှင်အာနန္ဒမထေရ်မြတ်၏ အထင် | ၆ |
| ၆။ | အကြောင်းအကျိုးအမှန်ကို မသိခြင်းကြောင့်သာ | ၆ |
| ၇။ | အခက်နှစ်ခုကို ယှဉ်တွဲလေ့လာသုံးသပ်ခြင်း | ၈ |
| ၈။ | ပဋိစ္စသမုပ္ပါဒ ဟူသည် | ၁၀ |
| ၉။ | ပဋိစ္စသမုပ္ပန္န ဟူသည် | ၁၂ |
| ၁၀။ | နှိုင်းယှဉ်လေ့လာစရာ အချက်ကလေးတစ်ခု | ၁၃ |
| ၁၁။ | ပါဠိဝါကျ ၄-ကြောင်း | ၁၄ |
| ၁၂။ | "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" | ၁၇ |
| ၁၃။ | အဝိဇ္ဇာနဲ့ တဏှာ ဦးဆောင်ပုံ | ၁၉ |
| ၁၄။ | အဝိဇ္ဇာဆိုင်ရာ သိဖွယ် | ၂၂ |
| ၁၅။ | သင်္ခါရဆိုင်ရာ သိဖွယ် | ၂၆ |
| ၁၆။ | "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်" ဟူသည် | ၂၈ |
| ၁၇။ | မျက်မမြင် လမ်းသွားတာနဲ့ တူပုံ | ၃၀ |
| ၁၈။ | အကုသိုလ်အဝိဇ္ဇာသည် ကုသိုလ်သင်္ခါရကို ကျေးဇူးပြုပုံ | ၃၄ |
| ၁၉။ | အကုသိုလ်အဝိဇ္ဇာသည် အကုသိုလ်သင်္ခါရကို ကျေးဇူးပြုပုံ | ၃၈ |


~ ~ ~ ~ ~ ~ ~ ~ ~ ~

http://www.dhammadownload.com



## မာတိကာ – အပိုင်း (၂)


၁။ "သင်္ခါရပစ္စယာ ဝိညာဏံ" ၄၂
၂။ ကံ - သင်္ခါရ - ဘဝ ၄၃
၃။ ကံနှင့် ကိလေသာ အရေးကြီးပုံ ၄၆
၄။ ကံဆိုတာ ဖယ်ရှားလို့ မရ ၄၇
၅။ အစွန်းရောက် ကမ္မဝါဒ ၄၇
၆။ ဘဝသုတ္တန် ၄၉
၇။ သင်္ခါရ မည်ပုံနှင့် အရ ၅၀
၈။ ကံ မည်ပုံ ၅၂
၉။ ဝိညာဏ မည်ပုံနှင့် အရ ၅၄
၁၀။ ဥပစိတကမ္မ ၅၆
၁၁။ ကံတရားတွေက ဖြစ်ပြီး ဘယ်မှာ စုနေသလဲ? ၅၉
၁၂။ ကံတို့ စွမ်းရည်သတ္တိချင်း မတူပုံ ၆၀
၁၃။ ကံတို့ အကျိုးပေးရာအခါ ၆၃
၁၄။ ကံက ဘဝတစ်ခုကို ထုတ်လုပ်ပုံ ၆၅
၁၅။ ကံ - ကမ္မနိမိတ် - ဂတိနိမိတ် ၆၆
၁၆။ ဓမ္မိကဥပါသကာဝတ္ထု ၆၉
၁၇။ စိတ္တသူကြွယ်ဝတ္ထု ၇၀
၁၈။ ပြုံးသေ မဲ့သေ ၇၁
၁၉။ အဝိဇ္ဇာ - တဏှာ - ကံ ၃-ဦးပေါင်း၍ အလုပ်လုပ်ပုံ ၇၂
၂၀။ လိပ်ပြာကောင်အယူအဆ ၇၄


~ ~ ~ ~ ~ ~ ~ ~ ~ ~

http://www.dhammadownload.com



## မာတိကာ – အပိုင်း (၃)


| | | |
|---|---|---|
| ၁။ | ကံတရားနှင့် ပတ်သက်၍ နည်းနှစ်နည်း၌ ဟောပုံ | ၇၇ |
| ၂။ | ကံက ထုတ်တာချင်း တူသော်လည်း အမည်အားဖြင့် မတူရခြင်း | ၈၀ |
| ၃။ | နည်းနှစ်နည်း အထူး | ၈၂ |
| ၄။ | ပြုလုပ်သူနှင့် ခံစားသူဆိုတာ မရှိပုံ | ၈၄ |
| ၅။ | ဘဝတစ်ခု၌ အစပြုသော ဝိညာဏ် | ၈၈ |
| ၆။ | ကျေးဇူးပြုတယ်ဆိုတဲ့ ပစ္စယ၏ အဓိပ္ပါယ် | ၈၉ |
| ၇။ | ကံ၏ သဘောတရားများ | ၈၉ |
| ၈။ | ဘုရားနှစ်ဆူတို့ သက်တမ်း | ၉၂ |
| ၉။ | ပဋိသန္ဓေစိတ်ဖြစ်ရန် အခြားအထောက်အကူများ | ၉၄ |
| ၁၀။ | ပဌာန်းသတ္တိများ | ၉၅ |
| ၁၁။ | အကုသိုလ်ကံက ထုတ်လုပ်သော ပဋိသန္ဓေစိတ် | ၉၉ |
| ၁၂။ | ဥဒ္ဓစ္စစေတနာ ပဋိသန္ဓေအကျိုး မပေးခြင်းအကြောင်း | ၁၀၀ |
| ၁၃။ | သန္ဓေစိတ်ချင်း တူသော်လည်း ဒုက္ခချင်း မတူပုံ | ၁၀၂ |
| ၁၄။ | မြတ်စွာဘုရားရှင်သာ သိနိုင်၏ | ၁၀၃ |
| ၁၅။ | သမ္ပတ္တိနဲ့ ဝိပတ္တိ | ၁၀၉ |


~ ~ ~ ~ ~ ~ ~ ~ ~ ~

## မာတိကာ – အပိုင်း (၄)


| | | |
|---|---|---|
| ၁။ | လူတို့၏ ပဋိသန္ဓေစိတ် | ၁၁၈ |
| ၂။ | မြတ်စွာဘုရား၏ သန္ဓေစိတ် | ၁၂၃ |
| ၃။ | တိဟိတ်ပုဂ္ဂိုလ်တိုင်း တရားထူး ရနိုင်သလား? | ၁၂၄ |

http://www.dhammadownload.com




| | | |
|---|---|---|
| ၄။ | ကုစားမရသောအပြစ် | ၁၂၉ |
| ၅။ | "ဝိညာဏပစ္စယာ နာမရူပံ" | ၁၃၁ |
| ၆။ | သန္ဓေစိတ်နှင့်အတူ ဖြစ်လာသော"နာမ"နှင့် "ရူပ" | ၁၃၁ |
| ၇။ | ကလလရေကြည် ပမာဏ | ၁၃၅ |
| ၈။ | သတ္တဝါတွေ မွေးဖွားလာနည်း ၄-မျိုး | ၁၃၇ |
| ၉။ | လူသားများ သန္ဓေတည်ပုံ | ၁၃၉ |
| ၁၀။ | လူဖြူဇနီးမောင်နှံ | ၁၄၂ |
| ၁၁။ | ဇာတိရွာမှ ဖြစ်ရပ် | ၁၄၂ |
| ၁၂။ | စိတ်ဖြစ်စဉ် နှစ်မျိုး | ၁၄၇ |
| ၁၃။ | စက္ခုဝိညာဏ်စိတ်နှစ်မျိုး | ၁၅၂ |


~ ~ ~ ~ ~ ~ ~ ~ ~ ~

## မာတိကာ – အပိုင်း (၅)


| | | |
|---|---|---|
| ၁။ | "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" စသည် | ၁၅၈ |
| ၂။ | မြားသုံးချက် စူးခံရသည်နှင့် တူပုံ | ၁၆၅ |
| ၃။ | တဏှာပစ္စယာ ဥပါဒါနံ | ၁၆၈ |
| ၄။ | ပယ်ဖျက်ပုံ | ၁၆၉ |
| ၅။ | မှားယွင်းသောအယူရှိတဲ့ ပုဂ္ဂိုလ်နား မကပ်သင့်ပုံ | ၁၇၂ |
| ၆။ | သုည ဆိုတဲ့ စကားလုံး | ၁၇၃ |
| ၇။ | သုညနှင့် ပတ်သက်၍ မှားယွင်းစွာ ဖွင့်ဆိုချက် | ၁၇၆ |
| ၈။ | မြတ်စွာဘုရား အဖြေမပေးသော မေးခွန်းများ | ၁၈၀ |
| ၉။ | ဒုက္ခ၏ ဆိုလိုချက် | ၁၈၂ |
| ၁၀။ | ကိုယ်ထင်တဲ့အတိုင်း တစ်ခုမှ မဟုတ် | ၁၈၃ |

http://www.dhammadownload.com




| | | |
|---|---|---|
| ၁၁။ | ဝိသုဒ္ဓိမဂ်မဟာဋီကာ ဖွင့်ဆိုပုံ | ၁၈၄ |
| ၁၂။ | "ဝိညာဏပစ္စယာ နာမရူပံ" ၌ ဝိညာဏ်အရ | ၁၈၅ |
| ၁၃။ | "နာမ" အရနှင့် "ရူပ" အရ | ၁၈၆ |
| ၁၄။ | "ဝိညာဏပစ္စယာ နာမရူပံ, -နာမံ, -ရူပံ"ဟု သုံးမျိုးဖြစ်နိုင်ပုံ | ၁၈၇ |


~ ~ ~ ~ ~ ~ ~ ~ ~ ~

## မာတိကာ – အပိုင်း (၆)


| | | |
|---|---|---|
| ၁။ | "ဝိညာဏပစ္စယာ နာမရူပံ" | ၂၀၀ |
| ၂။ | ဝိညာဏ ဟူသည် | ၂၀၁ |
| ၃။ | ဝိညာဏသိ ဟူသည် | ၂၀၂ |
| ၄။ | စိတ်က ဦးဆောင်၏ | ၂၀၅ |
| ၅။ | "ဝိညာဏ"အရ ဝိပါကဝိညာဏ် | ၂၀၇ |
| ၆။ | လောကုတ္တရာဝိပါက်စိတ် မယူခြင်းအကြောင်း | ၂၀၈ |
| ၇။ | ပဋိသန္ဓိ နှင့် ပဝတ္တိ | ၂၀၉ |
| ၈။ | အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် | ၂၁၀ |
| ၉။ | ပဌာန်းနည်း | ၂၁၃ |
| ၁၀။ | "ဝိညာဏ"အရ အဘိသင်္ခါရဝိညာဏ် | ၂၂၀ |
| ၁၁။ | "ဝိညာဏ"အရ စိတ်အားလုံး | ၂၂၁ |


~ ~ ~ ~ ~ ~ ~ ~ ~ ~

http://www.dhammadownload.com



## မာတိကာ – အပိုင်း (၇)


၁။ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်း တူညီမှုနှင့် ထူးခြားမှု ၂၂၉
၂။ အဋ္ဌကထာဆရာကြီးတွေက နည်းနှစ်နည်းကို ပေါင်းစပ်ပြ၏ ၂၃၁
၃။ အနည်းငယ်သဘောပေါက်ရုံမျှဖြင့် အကျိုးကျေးဇူး များလှ၏ ၂၃၂
၄။ “ဝိညာဏပစ္စယာ နာမရူပံ” ၂၃၃
၅။ ပဋ္ဌာန်းနည်း ၂၃၄
၆။ ဝိညာဏဆိုတာ ၃-မျိုး ရှိတယ် ၂၃၅
၇။ သတ္တာဝါသုံးမျိုး ၂၃၆
၈။ အသညသတ်ဘုံ၌ “ဝိညာဏပစ္စယာ ရူပံ” ဖြစ်ပုံ ၂၄၁
၉။ အရူပဘုံ၌ “ဝိညာဏပစ္စယာ နာမံ” ဖြစ်ပုံ ၂၄၆
၁၀။ ခန္ဓာငါးပါးရှိသော သတ္တာဝါ ၂၄၇
၁၁။ “နာမရူပပစ္စယာ သဠာယတနံ” ၂၅၀
၁၂။ အရူပဘုံ၌ “နာမရူပပစ္စယာ သဠာယတနံ” ဖြစ်ပုံ ၂၅၄
၁၃။ ပဋ္ဌာန်းနည်း ၂၅၆


~ ~ ~ ~ ~ ~ ~ ~ ~ ~

## မာတိကာ – အပိုင်း (၈)


၁။ ပဉ္စဝေါကာရဘုံ၌ “နာမရူပပစ္စယာ သဠာယတနံ” ဖြစ်ပုံ ၂၆၄
၂။ နာမသည် ရုပ်အား ကျေးဇူးပြုပုံ ၂၆၇
၃။ ဗုဒ္ဓစာပေက ဆိုထားတဲ့ လူသားတွေရဲ့ ပြောင်းလဲမှု ၂၆၈
၄။ ပဝတ္တိအခါ၌ ကျေးဇူးပြုပုံ ၂၇၃
၅။ ဘဝအစ စိတ်ဖြစ်စဉ် ၂၇၄
၆။ ပဋ္ဌာန်းနည်း - “နာမသည် မနာယတန” အား ၂၇၆

http://www.dhammadownload.com




| | | |
|---|---|---|
| ၇။ | ပဋ္ဌာန်းနည်း - "နာမသည် ရုပ်အာယတန" အား | ၂၇၇ |
| ၈။ | ပဋ္ဌာန်းနည်း - "ရူပသည် သဠာယတန" အား | ၂၇၉ |
| ၉။ | ဟဒယဝတ္ထုရုပ်နှင့် ပဋိသန္ဓေစိတ် | ၂၈၀ |
| ၁၀။ | မဟာဘုတ်နှင့် ဥပါဒါရုပ် | ၂၈၁ |
| ၁၁။ | ရူပအရ ရုပ်ဇီဝိတယူလျှင် | ၂၈၂ |
| ၁၂။ | ရူပအရ အာဟာရယူလျှင် | ၂၈၃ |
| ၁၃။ | ရူပအရ ပသာဒရုပ်ယူလျှင် | ၂၈၃ |
| ၁၄။ | ဝတ္ထုရုပ်တွေနဲ့ မနာယတနဆိုတဲ့စိတ် | ၂၈၄ |
| ၁၅။ | ခြုံငုံပြောရင် ဒီသတ္တိတွေနဲ့ ကျေးဇူးပြုနိုင်တယ်။ | ၂၈၅ |
| ၁၆။ | ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန် | ၂၈၆ |
| ၁၇။ | အသိဉာဏ်တန်ဖိုး | ၂၈၇ |


~ ~ ~ ~ ~ ~ ~ ~ ~ ~

## မာတိကာ – အပိုင်း (၉)


| | | |
|---|---|---|
| ၁။ | "သဠာယတနပစ္စယာ ဖဿော" | ၂၈၉ |
| ၂။ | သဠာယတနကို ဆဋ္ဌာယတနနဲ့ သဠာယတနဟု နှစ်မျိုးယူပုံ | ၂၉၂ |
| ၃။ | အတွင်းအာယတနကိုသာ ယူသောနည်း | ၂၉၃ |
| ၄။ | အပြင်အာယတနကိုပါ ယူသောနည်း | ၂၉၃ |
| ၅။ | ဖဿ အရ | ၂၉၅ |
| ၆။ | ဒွါရ ဆိုတာ | ၂၉၆ |
| ၇။ | အာယတနအများက ဖဿကို ဖြစ်စေပုံ | ၂၉၈ |
| ၈။ | ပဋ္ဌာန်းနည်း | ၃၀၀ |
| ၉။ | စိတ်အစဉ်ဖြစ်ပုံ | ၃၀၁ |

http://www.dhammadownload.com



၁၀။ အမှီခံစက္ခာယတန ၃၀၂
၁၁။ စက္ခာယတနက ဖဿကို ကျေးဇူးပြုပုံ ၃၀၄
၁၂။ မနာယတနက ဖဿကို ကျေးဇူးပြုပုံ ၃၀၆
၁၃။ အပြင်အာယတနတွေက ကျေးဇူးပြုပုံ ၃၀၉
၁၄။ "ဖဿပစ္စယာ ဝေဒနာ" ၃၁၂
၁၅။ ဖဿဖြစ်ပြီးမှ ဝေဒနာဖြစ်လာတာ မဟုတ် ၃၁၅
၁၆။ ပဌာန်းနည်း ၃၁၆
၁၇။ ဝိသုဒ္ဓိမဂ်အဆို ၃၁၉

~ ~ ~ ~ ~ ~ ~ ~ ~

## မာတိကာ – အပိုင်း (၁၀)

၁။ "ဝေဒနာပစ္စယာ တဏှာ" ၃၂၀
၂။ ဝေဒနာ ၃-မျိုး ၃၂၂
၃။ သုခနှစ်မျိုး ၃၂၅
၄။ ဒုက္ခနှစ်မျိုး ၃၂၇
၅။ ဝေဒနာ ၅-မျိုး ၃၂၈
၆။ ဝေဒနာ ၆-မျိုး ၃၂၉
၇။ တဏှာ ဟူသည် ၃၃၀
၈။ တဏှာ ၆-မျိုး ၃၃၁
၉။ တဏှာ ၃-မျိုး ၃၃၃
၁၀။ တဏှာ - ၁၀၈ ၃၃၅
၁၁။ "ဝေဒနာပစ္စယာ တဏှာ" ဟု ဟောတော်မူခြင်း ၃၃၇
၁၂။ ပဌာန်းနည်း ၃၃၉

http://www.dhammadownload.com




| | | |
|---|---|---|
| ၁၃။ | "သုခဝေဒနာကြောင့် တဏှာဖြစ်တယ်" | ၃၄၀ |
| ၁၄။ | ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်ပုံ | ၃၄၂ |
| ၁၅။ | ဘုရားရဟန္တာမှာလည်း ခံစားချက် ရှိ၏ | ၃၄၄ |
| ၁၆။ | တဏှာကိုသာ တားမြစ်၏ | ၃၄၈ |
| ၁၇။ | ဇာတ်ဆရာအမေးနှင့် ဘုရားရှင်အဖြေ | ၃၅၁ |


~ ~ ~ ~ ~ ~ ~ ~ ~ ~

## မာတိကာ – အပိုင်း (၁၁)


| | | |
|---|---|---|
| ၁။ | "တဏှာပစ္စယာ ဥပါဒါန်" | ၃၅၅ |
| ၂။ | တဏှာက အဆင့်နှစ်ဆင့် ရှိတယ် | ၃၅၇ |
| ၃။ | ညီတော်နန္ဒမင်းသားကို ချေချွတ်ပုံ | ၃၅၉ |
| ၄။ | ဇနပဒကလျာဏီကို ချေချွတ်ပုံ | ၃၆၅ |
| ၅။ | ခေမာမိဖုရားကို ချေချွတ်ပုံ | ၃၆၅ |
| ၆။ | ဥပါဒါန် ၄-မျိုး | ၃၆၇ |
| ၇။ | ကာမုပါဒါန | ၃၆၈ |
| ၈။ | ဒိဋ္ဌုပါဒါန | ၃၆၉ |
| ၉။ | သီလဗ္ဗတုပါဒါန | ၃၇၂ |
| ၁၀။ | အတ္တဝါဒုပါဒါန | ၃၇၃ |
| ၁၁။ | ဒိဋ္ဌိရဲ့ အခြေခံတရား | ၃၇၈ |
| ၁၂။ | ပဋ္ဌာန်းနည်း | ၃၇၉ |
| ၁၃။ | ပဋ္ဌာန်းနည်း - "တဏှာက ဒိဋ္ဌိကို" | ၃၈၀ |


~ ~ ~ ~ ~ ~ ~ ~ ~ ~

http://www.dhammadownload.com



## မာတိကာ – အပိုင်း (၁၂)


၁။ "ဥပါဒါနပစ္စယာ ဘဝေါ" ၃၈၃

၂။ ဘဝ၏ အဓိပ္ပါယ် ၃၈၅

၃။ ကမ္မဘဝအရ စေတနာသာမက ၃၈၉

၄။ ဘဝကြီး ၉-ပါး ၃၉၁

၅။ လူသားတို့၏ ဘဝ ၃၉၆

၆။ သင်္ခါရနှင့် ကမ္မဘဝ ၃၉၆

၇။ တရားဓမ္မနဲ့ ပတ်သက်တဲ့ အယူအဆ ၄၀၀

၈။ ပုထုဇဉ်တို့၏ အတွေး ၄၀၁

၉။ ရဟန္တာတို့၏ အတွေး ၄၀၂

၁၀။ ရဟန္တာတို့ ပြုသမျှသည် ကံမမြောက် ၄၀၂

၁၁။ ပုထုဇဉ်တို့ ပြုသမျှသည် ကံမြောက်၏ ၄၀၄

၁၂။ "ကိလေသနိရောဓာ ကမ္မနိရောဓော" ၄၀၅

၁၃။ "ကံကုန်တယ်" ဟူသည်? ၄၀၆

၁၄။ ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ ၄၀၇

၁၅။ ဓမ္မပဒဝတ္ထု ၄၁၀

၁၆။ ဗိမ္ဗိသာရမင်းကြီး၏ အစွဲ ၄၁၁

၁၇။ မေဏ္ဍကသူဌေးမိသားစု ၄၁၂

၁၈။ မဂ္ဂဇင်းတစ်စောင်မှာပါတဲ့ ဇာတ်လမ်းတစ်ပုဒ် ၄၁၃

၁၉။ ဘဝဆိုတာ ဆက်တိုက် ဖြစ်တတ်တယ် ၄၁၅

၂၀။ စစ်ကိုင်းကျောင်းက ဦးဇင်းတစ်ပါး ၄၁၅

၂၁။ မိခင်ရဲ့စိတ်စွဲလမ်းမှု ၄၁၆

၂၂။ ပဋ္ဌာန်းနည်း ၄၁၈


~ ~ ~ ~ ~ ~ ~ ~ ~ ~

http://www.dhammadownload.com



# မာတိကာ – အပိုင်း (၁၃)


| | | |
|---|---|---|
| ၁။ | "ဘဝပစ္စယာ ဇာတိ" | ၄၂၂ |
| ၂။ | "ဘဝပစ္စယာ ဇာတိ" ၌ ဘဝအရ | ၄၂၂ |
| ၃။ | ဇာတိ ဟူသည် | ၄၂၅ |
| ၄။ | "သင်္ခါရပစ္စယာ ဝိညာဏံ" နှင့် "ဘဝပစ္စယာ ဇာတိ" | ၄၂၈ |
| ၅။ | ပဋ္ဌာန်းနည်း | ၄၃၀ |
| ၆။ | ဒုက္ခ ဖြစ်ပေါ်လာမှုပဲ | ၄၃၁ |
| ၇။ | "ဇာတိပစ္စယာ ဇရာမရဏံ" | ၄၃၂ |
| ၈။ | ဇရာ၏ သရုပ် | ၄၃၄ |
| ၉။ | မရဏ ဟူသည် | ၄၃၇ |
| ၁၀။ | ရုပ်အလောင်း ကျန်မှု မကျန်မှု | ၄၃၉ |
| ၁၁။ | ဇာတိဖြစ်ရင် ဇရာမရဏ ဖြစ်၏ | ၄၄၀ |
| ၁၂။ | "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ" | ၄၄၄ |
| ၁၃။ | ဘုရားအလောင်းတော်လေး၏ ဘဝအစ | ၄၄၅ |
| ၁၄။ | သောက | ၄၄၇ |
| ၁၅။ | ပရိဒေဝ | ၄၄၈ |
| ၁၆။ | ဒုက္ခနဲ့ ဒေါမနဿ | ၄၄၉ |
| ၁၇။ | ဥပါယာသ | ၄၄၉ |
| ၁၈။ | အယူမှားတို့ကို တားမြစ်ပုံ | ၄၅၀ |
| ၁၉။ | သတ္တဝါလို့ ခေါ်စရာ တစ်ခုမှ မရှိပုံ | ၄၅၅ |
| ၂၀။ | တရား ၁၂-မျိုးလုံး သုည | ၄၅၅ |
| ၂၁။ | ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကို အစထားပုံ | ၄၅၇ |
| ၂၂။ | မဂ္ဂင် ၈-ပါးမှာ သမ္မာဒိဋ္ဌိကို အစထားပုံ | ၄၅၈ |

http://www.dhammadownload.com

http://www.dhammadownload.com

# “ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း”

## အပိုင်း (၁)

**သာသနာတော်နှစ် ၂၅၅၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ တပေါင်းလဆန်း ၄-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဖေဖော်ဝါရီလ ၁၆-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိပိမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တာအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။**

အကြောင်းတရားနှင့် စပ်လျဉ်းပြီး ဗုဒ္ဓမြတ်စွာက **“ပဋိစ္စ - သမုပ္ပါဒ်”** ဆိုတဲ့ ဒေသနာတော်ကို ဟောကြားတော်မူခဲ့တယ်၊ ထို ပဋိစ္စသမုပ္ပါဒ်ဒေသနာထက် ပိုမိုကျယ်ဝန်းတဲ့ **“ပဋ္ဌာန”** ဆိုတဲ့ **“အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီး”** ကိုလည်းပဲ ဟောကြားတော် မူခဲ့တယ်။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်ရော ပဋ္ဌာန်းပါ အလွန်အမင်း နက်နဲပြီးတော့ ခက်ခဲလှတဲ့ ကျမ်းကြီးနှစ်ကျမ်းလို့ အများသိကြတယ်၊ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေဟာ အကြောင်းတရားနဲ့ အကျိုးတရားပေါ်မှာ အခြေခံဟောတာဖြစ်လို့ ဗုဒ္ဓမြတ်စွာရဲ့တရား ဓမ္မကို လေ့လာတဲ့အခါမှာ ဒီဒေသနာတော်နှစ်ရပ်ရဲ့အရေးပါမှုဟာ အလွန်တရာမှ ထင်ရှားတယ်။

**အကြောင်းအကျိုး ဒေသနာတော် ၃-ရပ်**

ပဋ္ဌာန်းကို ချုံ့လိုက်မယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်နဲ့ ချုံ့ရမှာ ဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကို ထပ်ချုံ့ချင်ရင်တော့ သစ္စာလေးပါးနဲ့ ချုံ့ရမှာ ဖြစ်တယ်။

အကြောင်းနဲ့ အကျိုးကို အကျဉ်းဆုံးဟောကြားတာကတော့ သစ္စာလေးပါးပဲ၊ အကြောင်းနှစ်မျိုး အကျိုးနှစ်မျိုး ပဝတ္တိ, နိဝတ္တိ လို့ သစ္စာနှစ်မျိုး ခွဲနိုင်တယ်၊ သံသရာထဲမှာ ဆက်လက်ဖြစ်ပေါ်နေတာက ပဝတ္တိ၊ ဆက်လက်ဖြစ်ပေါ်မှုကနေ ရပ်ဆိုင်းသွားတာက နိဝတ္တိ။

သစ္စာလေးပါးကို **ပဝတ္တိ** နဲ့ **နိဝတ္တိ** နှစ်မျိုးခွဲရင် **ဒုက္ခသစ္စာ** နဲ့ **ဒုက္ခသမုဒယသစ္စာ** ဆိုတာ **ပဝတ္တိသစ္စာ**ပဲ၊ သံသရာထဲမှာ ဒုက္ခ-သမုဒယက ထုတ်လုပ်လို့ ဒုက္ခတွေ ဆက်လက်ပြီးတော့ ဖြစ်ပေါ်နေတယ်လို့ **ဒုက္ခ** နဲ့ **ဒုက္ခသမုဒယ** - အကျိုးတရား နဲ့ အကြောင်းတရားတစ်စုံကို မြတ်စွာဘုရားဟောကြားတော်မူတယ်။

ထိုသံသရာထဲကထွက်တဲ့ **နိဝတ္တိသစ္စာ**အဖြစ် **နိရောဓသစ္စာ** နဲ့ **မဂ္ဂသစ္စာ** နှစ်မျိုးကို ဟောတယ်၊ မဂ္ဂသစ္စာကို ကျင့်သုံးခြင်းဖြင့်

http://www.dhammadownload.com



နိရောဓကို ဆိုက်ရောက်နိုင်တယ်၊ သံသရာဝဋ်ဒုက္ခ လုံးဝအဆုံးသတ်သွားတယ်။

အဲဒီ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ချဲ့ထွင်ပြီး ဟောတဲ့အခါမှာ **ပဋိစ္စသမုပ္ပါဒ် အနုလောမဒေသနာတော်**ကို မြတ်စွာဘုရား ဟောကြားခဲ့တယ်၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာကို ချဲ့ထွင်ပြီးဟောတဲ့အခါမှာ **ပဋိစ္စသမုပ္ပါဒ် ပဋိလောမဒေသနာ**အဖြစ် ဟောတယ်၊ ဒါ့ကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်အနုလောမဒေသနာနဲ့ ပဋိလောမဒေသနာနှစ်ရပ်ဟာ သစ္စာလေးပါးကို ချဲ့ဖွင့်ထားတာ ဖြစ်တယ်လို့ သိရမယ်။

ထိုပဋိစ္စသမုပ္ပါဒ်ကို ပြည့်ပြည့်စုံစုံဖြစ်ဖို့ ပဋ္ဌာန်းဒေသနာတော်မြတ်နဲ့ မြတ်စွာဘုရားက ထပ်ပြီးတော့ ရှင်းတယ်။

## နည်းနှစ်မျိုးအထူး

အကြောင်းတရားကို ဟောကြားလို့ ထူးခြားတဲ့ ဒီဒေသနာတော်နှစ်ရပ်ဟာ ဘယ်ပုံဘယ်နည်း ထူးခြားမှုရှိသလဲ ဆိုတာ **အဘိဓမ္မတ္ထသင်္ဂဟကျမ်း**ကို ရေးတဲ့ အရှင်အနုရုဒ္ဓါက ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်း ဒီနည်းနှစ်ခုရဲ့ခြားနားချက်ကို အတိုဆုံး စကားလုံးလေးနဲ့ ပြောထားတာ ရှိတယ်၊ **"တဗ္ဘာဝ ဘာဝီဘာဝါကာရမတ္တောပလက္ခိတော ပဋိစ္စသမုပ္ပါဒနယော"** တဲ့၊ "ဒီအကြောင်းတရားတွေ ရှိနေသည့်အတွက်ကြောင့် အကျိုးတရား ရှိလာရတယ်" ဆိုတဲ့ ဒီအချက်- (ဘာ့ကြောင့်ရှိလာရတယ်, ဘယ်လိုစွမ်းရည်သတ္တိတွေကြောင့် ရှိလာရတယ်ဆိုတဲ့ ဓမ္မရဲ့သတ္တိတွေကို ဖော်မပြဘဲနဲ့ ဒီအကြောင်းရှိလို့ ဒီအကျိုးတွေ ရှိနေရတယ်ဆိုတာ)ကို ဖော်ပြတာဟာ **ပဋိစ္စသမုပ္ပါဒ်နည်း**ပဲ တဲ့။

http://www.dhammadownload.com



**ပဋ္ဌာန်းနည်း**ကျတော့ အဲဒီလို မဟုတ်ဘူး၊ အကြောင်းတရားကိုလည်း ဖော်ပြတယ်, အကျိုးတရားကိုလည်း ဖော်ပြတယ်, အကြောင်းတရားရဲ့ စွမ်းဆောင်မှုသတ္တိကိုလည်း ဖော်ပြတယ်၊ အကြောင်းရယ် အကျိုးရယ် အကြောင်းရဲ့သတ္တိရယ် ဆိုပြီး သုံးမျိုးဖော်ပြတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာတော့ အကြောင်းတရားနဲ့ အကျိုးတရား နှစ်မျိုးကိုသာ ဖော်ပြပြီး အကြောင်းတရားရဲ့ စွမ်းရည်သတ္တိကို ဖော်ပြမထားဘူး။

**အခက်လေးပါး**

ဒီလို ဖော်ပြမထားပေမယ့်လို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာရဲ့ နက်နဲမှုဟာ အင်မတန်မှ ကြီးမားတယ်၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းကို ရှင်းပြဖို့ဆိုတာ အလွန်တရာခက်တယ်လို့ အခက်လေးမျိုးထဲမှာ အဋ္ဌကထာကျမ်းပြုဆရာကြီးက မှတ်တမ်းတင်ထားတယ်။

- လောကမှာ **သစ္စာလေးပါး**ကို နားလည်အောင် ရှင်းလင်းပြောကြားဖို့ ခက်တယ်တဲ့။
- သင်္ခါရတရားတွေကို သတ္တဝါလို့ ထင်နေသည့်အတွက်ကြောင့် ဒီသင်္ခါရတရားတွေရဲ့ သတ္တသုညဖြစ်ပုံ, သတ္တဆိုတဲ့ သဘာဝမပါဘဲနဲ့ သင်္ခါရသက်သက်လို့ - **သတ္တဝါ**နဲ့ ဆက်စပ်ပြီး နားလည်အောင် ရှင်းပြဖို့ ဆိုတာ အင်မတန်မှ ခက်တယ်။
- တစ်ဘဝက စုတေသွားလို့ နောက်ဘဝရောက်တယ် ဆိုတဲ့ ဘဝနှစ်ခုဆက်စပ်မှုကိုပြတဲ့ **ပဋိသန္ဓေ**အကြောင်းကို ရှင်းပြဖို့လည်း အလွန်ခက်တယ်။
- နောက်တစ်ခု အခက်ကတော့ ဟောဒီ **ပဋိစ္စသမုပ္ပါဒ်** ပဲ။

http://www.dhammadownload.com



## ရှင်မဟာဗုဒ္ဓဃောသ၏ ဝန်ခံချက်

ပဋိစ္စသမုပ္ပါဒ်ဟာ ရှင်းပြဖို့လည်း အလွန်ခက်တယ်၊ နားလည်ဖို့လည်း အလွန်ခက်တယ်၊ ရှင်းရှင်းလင်းလင်းကြီး သိမြင်ဖို့လည်း အလွန်ခက်တယ်၊ ဒါကြောင့်မို့ ရှင်မဟာဗုဒ္ဓဃောသက ပဋိစ္စသမုပ္ပါဒ်အခန်းကို ဖွင့်တဲ့အခါမှာ "ပင်လယ်ကြီးထဲမှာ ထောက်တည်ရာ မရသလို အင်မတန်နက်ရှိုင်းလှတဲ့ ပဋိစ္စသမုပ္ပါဒ်ကို သူကုန်စင်အောင် မသိနိုင်သည့်အတွက်ကြောင့် သူ့မှာ ထောက်တည်ရာ မရခဲ့ပါဘူး" တဲ့၊ "အလွန်ခဲယဉ်းပါတယ်" လို့- တိတိလင်းလင်း ဝန်ခံထားတာ။

"သို့သော်လည်း ရှေးဆရာတွေရဲ့နည်းကို အမှီပြုပြီးတော့သာ ဟောဒီပဋိစ္စသမုပ္ပါဒ်ကို သူ ရဲရဲကြီး ဖွင့်ဆိုနိုင်ခဲ့တာပါ၊ သူ့ရဲ့ စွမ်းရည်သတ္တိသက်သက်နဲ့ဆို ပဋိစ္စသမုပ္ပါဒ်ကို ပီပီပြင်ပြင်ဖွင့်ဆိုလို့ မဖြစ်နိုင်ဘူး၊ အင်မတန်နက်တဲ့ ပင်လယ်ကြီးထဲမှာ ရေငုပ်တဲ့ ကရိယာတန်ဆာပလာ မပါဘဲနဲ့ ပင်လယ်ကြမ်းပြင်ထိအောင် ငုပ်ဆင်းဖို့ဆိုတာ မဖြစ်နိုင်သလိုဘဲ ရှင်မဟာဗုဒ္ဓဃောသလည်း ရေငုပ်အဆင်တန်ဆာနဲ့ အလားသဏ္ဌာန်တူတဲ့ ရှေးဟောင်းအဋ္ဌကထာကြီးများမှာ ဖွင့်ဆိုထားတဲ့ နည်းစနစ်တွေကိုမရဘဲနဲ့ ဒီပဋိစ္စသမုပ္ပါဒ်ကျမ်းကြီးကို ဖွင့်နိုင်မှာမဟုတ်ပါဘူး" တဲ့ - ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်တဲ့အခါ ရှင်မဟာဗုဒ္ဓဃောသက ရေးထားတယ်။

## ရှင်အာနန္ဒမထေရ်မြတ်၏ အထင်

ပဋိစ္စသမုပ္ပါဒ်ရဲ့ နက်နဲမှုဟာ အင်မတန်မှ ကြီးမားတယ်၊ တစ်ခါတုန်းက ရှင်အာနန္ဒမထေရ်မြတ်က နက်နဲခက်ခဲတယ် ဆိုတဲ့

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်ကို သူ့ရဲ့ဉာဏ်ထဲမှာ လွယ်ကူနေသယောင် ရှိတယ်လို့ မြတ်စွာဘုရားရှေ့မှာ ပြောမိလို့ မြတ်စွာဘုရားက ချက်ချင်းပဲ ရှင်အာနန္ဒကို ဆုံးမဩဝါဒပေးတယ်၊ "အာနန္ဒ - ပဋိစ္စသမုပ္ပါဒ် လွယ်တယ်ဆိုရင် ကိုယ်ပိုင်ဉာဏ်နဲ့ သိပြီးတော့ ဘုရားဖြစ်မှာပေါ့" တဲ့၊ တကယ်က ဘုရားဟောထားတာကို ကြည့်ပြီးတော့ လွယ်တယ်လို့ ထင်နေရတာ၊ ကိုယ်ပိုင်ဉာဏ်နဲ့ သိတာ မဟုတ်ဘူး။

**အကြောင်းအကျိုးအမှန်ကို မသိခြင်းကြောင့်သာ -**

အကြောင်းအကျိုးအမှန်ကို မသိသည့်အတွက်ကြောင့် သတ္တဝါတွေဟာ သံသရာထဲက မလွတ်နိုင်ကြတာ၊ ဘာသာတရားတွေ အမျိုးမျိုး ပေါ်ထွန်းနေတာဟာလည်း ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ အကြောင်းတရားနဲ့ အကျိုးတရားကို မသိလို့ဘဲ၊ အကြောင်းတရား အကျိုးတရားကို အမှန်အတိုင်းသိမယ်ဆိုရင် ဘာသာအယူအဆတွေ ကွဲပြားနေစရာ ဘာမှ အကြောင်းမရှိဘူး၊ ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ ဒေသနာတော်တွေထဲမှာ ပဋိစ္စ-သမုပ္ပါဒ်ဟာ အလွန်အရေးပါတယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ဟာ ဘုရားအဖြစ်သို့ ရောက်ပြီးတဲ့နောက်မှာ ပဋ္ဌာန်းကျမ်းကြီးကို ဆင်ခြင်သုံးသပ်သလို ပဋိစ္စသမုပ္ပါဒ်ကိုလည်း ဆင်ခြင်သုံးသပ်တယ်၊ အနုလုံ,ပဋိလုံ ဆင်ခြင်သုံးသပ်တဲ့အခါ သဘာဝတရားတွေထဲမှာ "ပဋိစ္စသမုပ္ပါဒ်နဲ့ နိဗ္ဗာန်" ဟာ အလွန့်အလွန်မြင်နိုင်ခဲတဲ့တရားတွေ, သတ္တဝါတွေ သဘောကျလောက်အောင် ရှင်းပြဖို့လည်း အလွန်ခက်တဲ့တရားတွေလို့ - ဆင်ခြင်သုံးသပ်တယ်။

http://www.dhammadownload.com



မြတ်စွာဘုရားသခင်ရဲ့စိတ်ထဲမှာ သတ္တဝါတွေရဲ့အနေအထား, တရားတော်ရဲ့နက်နဲခက်ခဲမှု- ဒီနှစ်ခု နှိုင်းယှဉ်လိုက်တဲ့အခါ အလွန့်အလွန် အလှမ်းကွာနေတာ သိရလို့ ... ဒီတရားတွေကို ရှင်းပြရင် ငါပဲ ပင်ပန်းရုံရှိမှာပဲလို့ - မြတ်စွာဘုရားဟာ ရုတ်တရက် အလှမ်းကွာလွန်းအားကြီးတာနဲ့ တရားဟောဖို့ရန် ဝန်လေးသွားတဲ့သဘောလေး ဖြစ်ပေါ်လာတယ်၊ အဲဒီအချိန်မှာ သဟမ္ပတိဗြဟ္မာကြီးပေါ်လာပြီး တောင်းပန်တယ်၊ ဒါ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်သုံးသပ်ပြီးတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ စိတ်ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်မှ နားမလည်ရင် သံသရာရဲ့ထွက်ပေါက် ရဖို့ရာ အလွန်ခဲယဉ်းတယ်။

မြတ်စွာဘုရားလက်ထက်တော်အခါကာလတုန်းက ဘုရားမပွင့်ခင်ကတည်းက ဘာသာတရားတွေကို ဦးဆောင်ကြံစည်ပြီးဟောပြောနေတဲ့ပုဂ္ဂိုလ်တွေဟာ သမထကျင့်စဉ် အောင်မြင်ပေါက်မြောက်ကြပေမယ့်လို့ သူတို့မှာ အတ္တဆိုတဲ့အစွဲလေး ကျန်နေသေးတယ်၊ အတ္တဆိုတဲ့အစွဲ ထာဝရမြဲတယ်ဆိုတဲ့အယူအဆတစ်ခုကို မကျော်လွှားနိုင်ဘဲ ရှိနေကြတယ်၊ ဘာဖြစ်လို့လဲဆိုရင် ပဋိစ္စ-သမုပ္ပါဒ်ကို မသိလို့ဘဲ၊ အကြောင်းအကျိုးကို ဆင်ခြင်သုံးသပ်နိုင်တဲ့ ပညာရပ် မရှိသည့်အတွက်ကြောင့် သမာဓိအစွမ်းတန်ခိုးတွေ ဘယ်လောက်ထက်အောင် ကျင့်ကျင့် နောက်ဆုံးအတ္တအစွဲလေးကို ကျော်လွှားသွားခြင်းငှာ မစွမ်းနိုင်ကြဘူးတဲ့၊ အကြောင်းနဲ့အကျိုး ဆင်ခြင်သုံးသပ်မှုက မပြည့်စုံကြဘူး။

မြတ်စွာဘုရားဟာ ကိုယ်ပိုင်ဉာဏ်နဲ့ ဝိပဿနာကျင့်စဉ်တစ်ခုကို တွေ့ရှိပြီး ဒီပဋိစ္စသမုပ္ပါဒ်အကြောင်းတရားတွေကို လေ့လာ

http://www.dhammadownload.com



ဆန်းစစ်ရင်းနဲ့ အမှန်တရားကို သိရှိပြီးတော့ ဘုရားအဖြစ်သို့ ရောက်သွားတယ်။

သမထကျင့်စဉ်က မြတ်စွာဘုရားကိုယ်တိုင် တီထွင်ပြီးတော့ ဟောကြားရတာ မဟုတ်ဘူး၊ ဝိပဿနာကျင့်စဉ် ပဋိစ္စသမုပ္ပါဒ်အပါအဝင် အကြောင်းအကျိုးကိုဆင်ခြင်နိုင်တဲ့ ဒီအသိဉာဏ်မျိုးကျတော့ မြတ်စွာဘုရားဟာ ဓမ္မစကြာထဲမှာပါတဲ့အတိုင်း - **"ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု"** ဘယ်သူ့ထံကမှ မကြားဖူးဘူး၊ ဘယ်သူ့ထံကမှ သင်လာခဲ့တာမဟုတ်တဲ့ အသိဉာဏ်ထူးတွေ ရလာတယ်လို့ - ဒီလိုဟောတယ်၊ ဘယ်ဆရာထံကမှ မကြားဖူးတဲ့ ကြောင်းကျိုးဆက်နွယ်ပြီးဖြစ်တဲ့ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာဟာ မြတ်စွာဘုရားဟောတဲ့ တရားတော်တွေထဲမှာ အလွန့်အလွန် အရေးပါလှတယ်။

## အခက်နှစ်ခုကို ယှဉ်တွဲလေ့လာသုံးသပ်ခြင်း

အဲဒီပဋိစ္စသမုပ္ပါဒ်ကို အလွန်တရာခက်ခဲတဲ့ ပဋ္ဌာန်းနည်းနဲ့ ယှဉ်တွဲပြီးတော့ လေ့လာမယ်ဆိုလို့ရှိရင် အလွန်စိတ်ဝင်စားစရာကောင်းမှာပဲ၊ အဋ္ဌကထာဆရာကြီးတွေက ဖွင့်သွားပြီးသား ဖြစ်သည့်အတွက်ကြောင့် ဘုန်းကြီးတို့တစ်တွေဟာ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ဖို့အတွက် သိပ်အလွန်တရာကြီး ခက်ခဲစရာတော့ မရှိပါဘူး၊ နားလည်နိုင်တဲ့ အနေအထားမျိုး ရောက်သွားနိုင်တယ်၊ ဘာဖြစ်လို့တုန်း ဆိုလို့ရှိရင် အင်မတန်နက်တဲ့ ပင်လယ်ထဲမှာ ဒီအတိုင်းငုပ်ရင်သာ ခက်တာကိုး၊ ရေငုပ်ဝတ်စုံတစ်ခုခုအကူအညီနဲ့ ငုပ်မယ်ဆိုရင်တော့ အဲဒီလောက် ခက်ခဲစရာကြောင်းမရှိဘူးလို့ ဒီလို ပြောရမယ်။

http://www.dhammadownload.com



အရှင်အနုရုဒ္ဓါက အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်းကို သီးခြားစီ ရေးခဲ့တယ်၊ သို့သော် နိဗ္ဗာန်ရောက်ကြောင်းတရား ဝိသုဒ္ဓိမဂ်ကျမ်းကို ဖွင့်ဆိုတဲ့ ရှင်မဟာဗုဒ္ဓဃောသက ပဋိစ္စသမုပ္ပါဒ်နည်းကို ပဋ္ဌာန်းနည်းနဲ့ ရောပြီးတော့ ဖွင့်ပြသွားတယ်။

အဲဒါကြောင့်မို့ ဘုန်းကြီးတို့တစ်တွေ ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို အခြေခံလိုက်မယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်လို့ ရသွားနိုင်ပါတယ်။

အဲဒီတော့ လေ့လာသုံးသပ်လို့ ရမယ်ဆိုတဲ့နေရာမှာ ရှေးဦးစွာ ပဋ္ဌာန်းဒေသနာတော်ကို မလေ့လာခင် ပဋိစ္စသမုပ္ပါဒ်မှာ အသုံးပြုထားတဲ့တရား တစ်ဆယ့်နှစ်ခု - အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏတို့ရဲ့ အဓိပ္ပါယ်လေးတွေကို ရှေးဦးစွာနားလည်ထားဖို့ လိုအပ်တယ်။

ပဋ္ဌာန်းနဲ့ပတ်သက်ပြီးတော့လည်း ၂၄-ပစ္စည်းဆိုင်ရာ ပစ္စည်းတရား, ပစ္စယုပ္ပန်တရား, ပစ္စယသတ္တိ ဆိုတဲ့ ဒီအချက်သုံးချက်ကို အခြေခံအားဖြင့် လေ့လာထားဖို့ လိုအပ်တယ်၊ အဲဒီလို လေ့လာထားပြီဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ကြည့်လို့ အလွန်ကြီးခက်ခဲတော့မှာ မဟုတ်ပါဘူး၊ နားလည်သဘောပေါက်နိုင်ပါတယ်။

ဒီကနေ့ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"**လို့ ဆိုတဲ့ အပိုဒ်လေး တစ်ပိုဒ်ပဲ ပြောကြရအောင်၊ ဒါမပြောခင် ရှေးဦးစွာ **"ပဋိစ္စသမုပ္ပါဒ"** ဆိုတာ ဘာလဲ?

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ ဟူသည်

**"ပဋိစ္စသမုပ္ပါဒ"** မှာ **'သမုပ္ပါဒ'** က 'ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရား'လို့ အဓိပ္ပါယ်ရတယ်၊ **'ပဋိစ္စ'**က 'အခြားအကြောင်း တစ်ခုကို အမှီပြုပြီး' လို့ အဓိပ္ပါယ်ရတယ်၊ 'အမှီပြုပြီး အကျိုးတရားကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရား'၊ ပဋိစ္စသမုပ္ပါဒကို dependent origination လို့ အင်္ဂလိပ်လို ပြန်လေ့ရှိတယ်၊ **ပဋိစ္စ** ကို dependent လို့ ပြန်ပြီးတော့ **သမုပ္ပါဒ** ကို origination၊ (origination လို့ ပြန်လို့ရှိရင် ဖြစ်ပေါ်စေခြင်းဆိုတဲ့ အဓိပ္ပါယ်ပဲ ရတယ်။)

အမှန်ကတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းတရားကို ရည်ညွှန်းတာ၊ အဲဒီအကြောင်းတရားသည် အခြားအကြောင်းတစ်ခုကို အမှီပြုတယ်၊ ဒီစကားလုံးလေးကို ကြည့်လိုက်ရင် တခြားအကြောင်း တစ်ခုကို အမှီပြုရတယ်ဆိုကတည်းက သူဟာ မူလအကြောင်း မဟုတ်ဘူးဆိုတဲ့အဓိပ္ပါယ် ပေါ်တယ်ပေါ့၊ ဒီအကြောင်းတရား ကိုယ်တိုင်က အခြားအကြောင်းတစ်ခုကို အမှီပြုရသည့်အတွက် ကြောင့် သူကိုယ်တိုင်က အကျိုးတရားလို့ပဲ ပြောရမှာပဲ၊ ဒါကြောင့် မို့ ဗုဒ္ဓမြတ်စွာဟောတဲ့ တရားဓမ္မတွေထဲမှာ **"အကြောင်းမဲ့ အကြောင်း"** ဆိုတာ မရှိဘူး၊ **"မူလအကြောင်း"**ဆိုတာလည်း မရှိဘူး၊ **"အကြောင်းနဲ့ အကျိုးဟာ အပြန်အလှန်ဆက်သွယ်နေတယ်"** ဆိုတာသာ ရှိတယ်။

ဆိုပါစို့ - အိန္ဒိယ philosophy တွေထဲမှာ Sankyā philosophy ဆိုတာ ရှိတယ်၊ အဲဒါ မြန်မာလိုတော့ တချို့က

http://www.dhammadownload.com



သံခ်ယာဝါဒလို့ ခေါ်ကြတာပေ့ါ၊ သို့သော်လည်း အိန္ဒိယစကားလုံးနဲ့ ပြောရင် sankyā လို့ ခေါ်ရတာပေ့ါ၊ Sankyā philosophy မှာ မူလအကြောင်းတစ်ခု ရှာထားတယ်၊ အဲဒီမူလအကြောင်းကို "ပကတိ" လို့ ခေါ်တယ်၊ အဲဒီ ပကတိဆိုတဲ့ မူလအကြောင်းဟာ သူ့ဘာသာ နေလို့ရှိရင် နိစ္စထာဝရပဲ၊ Purusha (ပုရုသျှ) ဆိုတဲ့ အရာတစ်ခုနဲ့ ပေါင်းလိုက်တဲ့အခါ သူဟာ လှုပ်ရှားလာတယ်၊ လှုပ်ရှားလာပြီးတော့ နောက် သတ္တဝါအဖြစ် သံသရာထဲမှာ လည်တယ်လို့ အချက်ပေါင်း၂၅-ချက် ထည့်သွင်းပြီး သတ္တဝါတွေရဲ့အစကို ရှာပြထားတဲ့ philosophy တစ်ခု၊ အဲဒီ philosophy မှာ ပကတိဆိုတာ ပထမဆုံးအကြောင်းတရား၊ မူလအကြောင်းတရား ဖြစ်တယ်လို့ ပြောတယ်။

နောက်တစ်ခါ Kaṇāda (ကဏာဒ) ဆိုတဲ့ အယူအဆရေးရာတွေးခေါ်သူ၊ ခုခေတ်လိုပြောရင်တော့ philosopher ပေ့ါ၊ သူကလည်း အဏုမြူလေးဟာ နိစ္စထာဝရတဲ့၊ အင်မတန်သေးငယ်တဲ့ မြူမှုန့်လေးတစ်ခု၊ အဲဒီမြူမှုန့်လေးဟာ နောက်တစ်ခုနဲ့ ပေါင်းစပ်သွားလို့ရှိရင် အသက်ဝင်လှုပ်ရှားလာတယ်လို့ ပြောတယ်၊ အဲဒီ ပထမအသေးဆုံးမြူမှုန့်လေးက ဘယ်တော့မှ ပျက်စီးသွားတာ မရှိဘူး၊ အဲဒါကြောင့်မို့ နိစ္စဆိုတဲ့ သဘောတရားကို သူတို့ကျော်လွှားပြီး မသွားနိုင်ကြဘူး။

အဲဒီ အယူအဆအတွေးအခေါ်တွေအရ မူလအကြောင်းဆိုတာ ရှိသော်လည်း ဗုဒ္ဓရဲ့ဒေသနာတော်အရ မူလအကြောင်းဆိုတာ မရှိဘူး၊ မြတ်စွာဘုရားက "အဝိဇ္ဇာ" ကို ပထမထားဟောထားတာဟာ မူလအကြောင်းဖြစ်လို့ ဟောတာ မဟုတ်ဘူး၊

http://www.dhammadownload.com



အဓိကအကြောင်းဖြစ်လို့ စတင်ရှင်းတဲ့သဘောပဲ၊ အဝိဇ္ဇာရဲ့ အကြောင်းဆိုတာ ရှိသေးတယ်၊ **"အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"**- "အာသဝလို့ ဆိုတဲ့ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာ-သဝ, အဝိဇ္ဇာသဝဆိုတဲ့ ဒီသဘာဝတရားတွေ စီးဝင်လာလို့ အဝိဇ္ဇာဖြစ်ရတယ်" လို့ ဒီလိုဟောတော့ အဝိဇ္ဇာဟာ အကြောင်းမဲ့အကြောင်း causeless cause မဟုတ်ဘူး, မူလအကြောင်း root cause လည်း မဟုတ်ဘူး၊ အဝိဇ္ဇာမှာလည်း အကြောင်းရှိတယ်၊ အဲဒီအဓိပ္ပါယ်ကို ရှင်းလင်းလို၍ - မြတ်စွာဘုရားသုံးထားတဲ့စကားလုံးလေးကိုက **"ပဋိစ္စသမုပ္ပါဒ"** - **"အကြောင်းတစ်ခုကို စွဲမှီပြီးတော့မှ အကျိုးကို ထုတ်လုပ်နိုင်တဲ့ အကြောင်းတရား"** တဲ့၊ ပဋိစ္စသမုပ္ပါဒ်ရဲ့အဓိပ္ပါယ်က သူကိုယ်တိုင်က အကြောင်းတစ်ခုကို အမှီပြုရတယ်၊ အဝိဇ္ဇာသည် **ပဋိစ္စ** - အကြောင်းတစ်ခုကို အမှီပြုပြီးတဲ့အခါမှာ သင်္ခါရဆိုတဲ့ အကျိုးတရားကို ဖြစ်စေတယ်၊ independent မဟုတ်ဘူး dependent, သူကိုယ်တိုင်က အကြောင်းတစ်ခုကို အမှီပြုပြီးတော့ ဖြစ်တာ။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ စကားလုံးဟာ အကြောင်းကို အမှီပြုပြီးတော့ အကျိုးတရားကို ထုတ်လုပ်တဲ့ အကြောင်းတရားလို့ ဒီလို အဓိပ္ပါယ်ရတယ်။

## ပဋိစ္စသမုပ္ပန္န ဟူသည်

နောက်စကားလုံးတစ်ခုမှတ်ဖို့ လိုသေးတယ်၊ ဘာလဲဆိုရင် **ပဋိစ္စသမုပ္ပန္န**၊ ပဋိစ္စသမုပ္ပန္နဆိုတာ အကျိုးတရားကို ရည်ညွှန်းတယ်၊ အဲဒီအကျိုးတရားဟာလည်း အကြောင်းကိုအမှီပြုပြီးတော့, အကြောင်း

http://www.dhammadownload.com



တရားက ထုတ်လုပ်လိုက်တဲ့, အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးတရား ဖြစ်တယ်။

အဲဒီစကားလုံးကို ကြည့်လို့ရှိရင်လည်း အကြောင်းကိုစွဲမှီမှု မရှိဘဲနဲ့ ဘယ်အရာမှ မဖြစ်ဘူးဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းလင်းပြီးသား ဖြစ်သွားတယ်၊ ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ဒေသနာတော်အရ "အကြောင်းကင်းတဲ့ အကျိုး" ဆိုတာ မရှိဘူး၊ "အကြောင်းကင်းတဲ့ အကြောင်း" ဆိုတာလည်း မရှိဘူး၊ အားလုံးဟာ ဆိုင်ရာဆိုင်ရာအကြောင်းတွေနဲ့ ဖြစ်ပေါ်လာရတာချည်းပဲ၊ ဒီလိုဆိုလိုတယ်။

## နှိုင်းယှဉ်လေ့လာစရာ အချက်ကလေးတစ်ခု

ဒီနေရာမှာ နှိုင်းယှဉ်လေ့လာစရာ အချက်ကလေးတစ်ခု ရှိတယ် - **ပဋိစ္စသမုပ္ပန္န** ဆိုတဲ့စကားလုံးနဲ့ ခပ်ဆင်ဆင်တူတဲ့ မိစ္ဆာဝါဒမှာဖော်ပြတဲ့ စကားလုံးလေးက **အဓိစ္စသမုပ္ပန္န** တဲ့၊ အဲဒီနှစ်ခုကို နှိုင်းယှဉ်ပြီး လေ့လာဖို့ လိုအပ်တယ်။

**ပဋိစ္စသမုပ္ပန္န** ဆိုတာ အကြောင်းတစ်ခုကို မှီပြီးတော့မှ ဖြစ်ပေါ်လာတဲ့ အကျိုးတရားလို့ ပြောတာ၊ **အဓိစ္စသမုပ္ပန္န** ဆိုတာ ဘာအကြောင်းတရားကိုမှ မမှီဘဲနဲ့ သူ့ဖာသာဖြစ်လာတဲ့ အကျိုးတရားလို့ ဒီလိုဆိုလိုတယ်၊ အဲဒီ **အဓိစ္စသမုပ္ပန္န** ဆိုတဲ့ စကားလုံးက မိစ္ဆာဝါဒကို ဖော်ပြတဲ့စကားလုံးတစ်ခု၊ ဒါ့ကြောင့်မို့ **အဓိစ္စသမုပ္ပန္နဝါဒ** ဆိုတာ မိစ္ဆာဝါဒထဲမှာ ပါတယ်။

ဒီတော့ မြတ်စွာဘုရားရဲ့ဝါဒက "အဓိစ္စသမုပ္ပန္န" မဟုတ်ဘူး, "ပဋိစ္စသမုပ္ပန္န"၊ အကြောင်းတရားကို မှီပြီးတော့မှ အကျိုး

http://www.dhammadownload.com



တရားဆိုတာ ဖြစ်နိုင်တယ်၊ အကြောင်းတရား မရှိဘဲနဲ့ အကျိုးတရားဆိုတာ မရှိဘူး။

**ပဋိစ္စ** ဆိုတဲ့ စကားဖြင့် causeless cause တွေကို ဖယ်ရှားပစ်တာ၊ လောကလူတွေက ပြောတယ်လေ - ကမ္ဘာကြီးကို ဘယ်သူဖန်ဆင်းလဲ? God ဖန်ဆင်းတယ်၊ Hinduism မှာ ဆိုရင် ဗြဟ္မာကြီးက ဖန်ဆင်းတယ်၊ အေး ထပ်ပြီးတော့ မေးကြည့် - God ကို ဘယ်သူဖန်ဆင်းလဲ, ဗြဟ္မာကို ဘယ်သူဖန်ဆင်းလဲ? ဖန်ဆင်းတဲ့သူ မရှိဘူး၊ မရှိသည့်အတွက်ကြောင့် သူတို့အယူအဆအရ "God" တို့ "ဗြဟ္မာ" တို့ ဆိုတာ causeless cause, root cause ဖြစ်နေတယ်၊ အဲဒါမျိုးကို ဗုဒ္ဓတရားတော်မှာ မှားယွင်းတဲ့အယူအဆတစ်ရပ်အဖြစ် ရှင်းလင်းဟောထားတယ်။

ဒါ ဘာနဲ့သိနိုင်တုန်းဆိုရင် ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ စကားလုံးနဲ့ပဲ ဖော်ပြလိုက်တာ၊ အရာခပ်သိမ်းဟာ ဆိုင်ရာအကြောင်းကို အမှီပြုပြီးတော့မှ ဖြစ်လာနိုင်တယ်၊ အကြောင်းတရားသည်ပင်လျှင် အခြားအကြောင်းတရားတစ်ခုကို အမှီပြုပြီးမှ အကျိုးတရားကို ထုတ်လုပ်နိုင်တယ်လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဒီလိုရှင်းထားတယ်နော်၊ ဒါ စကားလုံးက ဖော်ပြတဲ့ အဓိပ္ပါယ်တစ်ခုပဲ။

## ပါဠိဝါကျ ၄-ကြောင်း

ပဋိစ္စသမုပ္ပါဒ်ဆိုတာကို အကြမ်းဖျင်းနားလည်ဖို့အတွက် ပါဠိဝါကျလေး ၄-ကြောင်းကို လေ့လာထားရမယ်၊ အဲဒီပါဠိဝါကျလေး ၄-ကြောင်းက အရိယသာဝကသုတ်(နိဒါနသံယုတ်)နဲ့ ထိုထိုသုတ္တန်လေးတွေမှာ ပါတယ်ပေါ့။

http://www.dhammadownload.com



**"ဣမသ္မိံ သတိ ဣဒံ ဟောတိ"** - **"ဣမသ္မိံ** - ဤ အကြောင်းတရားသည်၊ **သတိ** - ရှိနေလို့ရှိရင်၊ **ဣဒံ** - ဤအကျိုး တရားသည်၊ **ဟောတိ** - ရှိနေတယ်"၊ ဒီအကြောင်းတရားရှိရင် ဒီ အကျိုးတရား ရှိမယ်၊ ဆိုလိုတာက "ဒါရှိရင် ဒီဟာရှိမယ်, အကြောင်း ရှိရင် အကျိုးရှိမယ်၊ ဒါရှိလို့ ဒါရှိနေတာ"- ဒီအဓိပ္ပါယ်ကို ဖော်ပြတာ။

နောက်တစ်ခုက **"ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ"** - **"ဣမဿ** - ဤအကြောင်းတရား၏၊ **ဥပ္ပါဒါ** - ဖြစ်ပေါ်လာမှုကြောင့်၊ **ဣဒံ** - ဤအကျိုးတရားသည်၊ **ဥပ္ပဇ္ဇတိ** - ဖြစ်လာ၏"။

ဒါ ပဋိစ္စသမုပ္ပါဒ်ရဲ့အဓိပ္ပါယ်ကို ရှင်းတာ၊ "ဒါတွေ ရှိရင် ဒါ တွေ ရှိလိမ့်မယ်၊ ဒါဖြစ်လို့ ဒီဟာ ဖြစ်တယ်" ဆိုတာက အဓိပ္ပါယ် က ရှင်းရှင်းလေးပဲ။

အဲဒါကို negative ဆန့်ကျင်ဘက်စကားလုံးနဲ့ ပြန်ပြီးပြော တဲ့ အခါကျတော့ **"ဣမသ္မိံ အသတိ ဣဒံ န ဟောတိ"** "ဒါ မရှိရင် ဒီဟာ မရှိတော့ဘူး"။

**"ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ"** - "ဒါ ချုပ်ငြိမ်းသွားလို့ ရှိရင် ဒီဟာလည်း ချုပ်ငြိမ်းသွားမှာပဲ"၊ ဒီစကားလုံးလေးက သံသရာ က လွတ်ကြောင်းရှိတယ် ဆိုတာကို ဖော်ပြတာ၊ သံသရာထဲမှာ ဘာ့ကြောင့် လည်နေတာကိုလည်း ဖော်ပြတယ်၊ သံသရာက လွတ်ကြောင်းထွက်ပေါက်ကိုလည်း သိမြင်စေတဲ့အရာ ပဋိစ္စသမုပ္ပါဒ် ကို အကျဉ်းလေးနဲ့ ရည်ညွှန်းပြောဆိုထားတဲ့ ပါဠိဝါကျ ၄-ခုပဲ။

(၁) **"ဣမသ္မိံ သတိ ဣဒံ ဟောတိ"**
ဒါ ရှိနေလို့ ရှိရင်- ဒါ ရှိတယ်။

http://www.dhammadownload.com



(၂) **"ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ"**
ဒါ ဖြစ်လို့- ဒီဟာ ဖြစ်ရတယ်။

(၃) **"ဣမသ္မိံ အသတိ ဣဒံ န ဟောတိ"**
ဒါ မရှိရင်- ဒီဟာ မရှိဘူး။

(၄) **"ဣမဿ နိရောဓာ ဣဒံ နိရုဇ္ဈတိ"**
ဒါ ချုပ်ငြိမ်းသွားရင်- ဒီဟာလည်း ချုပ်ငြိမ်းသွားမယ်။

ဒီလို နားလည်လိုက်တဲ့နေရာမှာ၊ ဒါ တကယ့်ထွက်ပေါက်ပဲ၊ မြတ်စွာဘုရားဟောတဲ့ တရားထဲမှာ ခြွင်းချက်ဆိုတာ မရှိဘူး၊ **နခသိခါသုတ္တန်**မှာ မြတ်စွာဘုရားက ဟောထားတာ ရှိတယ် - "အင်မတန်သေးငယ်တဲ့ မြူမှုန်လေးလောက်ပင်ဖြစ်စေ နိစ္စထာဝရ မြဲတဲ့အရာဆိုတာကို တွေ့လို့ရှိရင် မြတ်သောအကျင့်လို့ဆိုတဲ့ မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်စရာမလိုဘူး" တဲ့၊ မြဲတာလေး ရှိနေမယ်ဆိုရင် မြတ်သောအကျင့်ကို ကျင့်စရာ မလိုဘူးတဲ့၊ တကယ်တော့ မြဲတယ်ဆိုတာ တစ်ခုမှ မရှိဘူး။

ဒီအကြောင်းတရားတွေ ရှိနေရင် ဒီအကျိုးတရားတွေ ရှိနေမှာပဲ၊ ဒီအကြောင်းတရားတွေဖြစ်နေသမျှ ဒီအကျိုးတရားတွေ ဖြစ်နေမှာပဲ၊ ဒီအကြောင်းတရားတွေ မရှိတော့ဘူးဆိုလို့ရှိရင် ဒီအကျိုးတရားတွေလည်း မရှိတော့ဘူး၊ ဒီအကြောင်းတရားတွေ ချုပ်ငြိမ်းသွားတာနဲ့ တစ်ပြိုင်နက် ဒီအကျိုးတရားတွေ ချုပ်ငြိမ်းသွားမှာပဲလို့ ပဋိစ္စသမုပ္ပါဒ်ကို ဒီလို မြတ်စွာဘုရားက ရှင်းတယ်။

တရားကိုမြင်ဖို့ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကိုမြင်မှ တရားကို မြင်မယ်၊ **"ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ"**၊

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်မှ မမြင်သေးလို့ရှိရင် တရားဓမ္မအစစ်အမှန်ကို မြင်ဦးမှာ မဟုတ်ဘူးတဲ့၊ ဒါကြောင့်မို့လို့ ပဋိစ္စသမုပ္ပါဒ်ဟာ အလွန့်အလွန် အရေးကြီးတဲ့ တရားတစ်ခု ဖြစ်တယ်။

## "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"

ပဋိစ္စသမုပ္ပါဒ်ကို မြတ်စွာဘုရားက ဘာနဲ့ စ,လဲ? **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"**- အဝိဇ္ဇာနဲ့ စ,တယ်၊ ဘာဖြစ်လို့ အဝိဇ္ဇာနဲ့ စ,ရသလဲ? အဝိဇ္ဇာနဲ့ စခြင်းမှာ အကြောင်းမရှိတာ မဟုတ်ဘူး၊ အကြောင်းရှိတယ်။

ပဋိစ္စသမုပ္ပါဒ်တစ်ခုလုံးကို ခြုံငုံပြီးတော့ ပြောမယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်ကို နှစ်ပိုင်းထားရမယ် . .

ရှေ့ပိုင်းမှာ အကြောင်းတရားက နှစ်ခုရှိတယ်၊ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"** **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ ဒီလို ဟောတယ်၊ အဝိဇ္ဇာနဲ့ သင်္ခါရသည် အတိတ်နဲ့ ဆိုင်တယ်- အတိတ်နဲ့ ဆိုင်တဲ့အကြောင်းတရားက နှစ်ခု၊ ဒီထဲမှာ တိုက်ရိုက်ဖော်ပြထားတာက တဏှာ, ဥပါဒါန်, ဘဝ လို့ ပစ္စုပ္ပန်နဲ့ ဆိုင်တဲ့အကြောင်းတရားသုံးခု မြတ်စွာဘုရားက ဟောထားတယ်၊ ပဋိစ္စသမုပ္ပါဒ်ဟာ သံသရာစဉ်ဆက်မပြတ်ဖြစ်နေတာကို ရှင်းပြတဲ့ဒေသနာ ဖြစ်တယ်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဟာ အတိတ် ပစ္စုပ္ပန် အနာဂတ် ကာလသုံးပါးကို ဆက်စပ်ပြီးတော့ ဟောထားတဲ့ဒေသနာ ဖြစ်တယ်၊ သို့သော်လည်း ပဋိစ္စသမုပ္ပါဒ်ဟာ သုံးဘဝကို ရှင်းပြတယ်ဆိုတာကို လက်မခံတဲ့သူတွေလည်း ရှိသေးတယ်။

http://www.dhammadownload.com



ထိုင်းနိုင်ငံက နာမည်ကျော်ဆရာတော်တစ်ပါးက ပဋိစ္စ-သမုပ္ပါဒ်ဟာ တစ်ဘဝတည်းနဲ့သာ သက်ဆိုင်တယ်လို့ စာအုပ်ရေးတယ်, ဟောလည်း ဟောတယ်၊ သူ့ရဲ့ဟောပြောချက်ဟာ ဂျာမဏီနိုင်ငံမှာ ပြန့်နေတယ်၊ ဘုန်းကြီးတို့ရောက်သွားတော့ မြူးနစ်မှာ သူ့ရဲ့သာဝကတွေနဲ့ တွေ့တယ်၊ အဲဒီမြူးနစ်က German Buddhist Union ဆိုတဲ့ အဖွဲ့ရဲ့ အဆောက်အဦးထဲမှာ ဘုန်းကြီးတို့က ပဋိစ္စ-သမုပ္ပါဒ်ဟာ တစ်ဘဝအတွက် မဟုတ်ဘူး၊ သုံးဘဝဟောတယ်ဆိုတာကို ရှင်းပြတယ်၊ သို့သော် ဘယ်သူကမှ argument တော့ မလုပ်ဘူး၊ ငြိမ်ပြီးတော့ပဲ နားထောင်နေကြတယ်။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်ဟာ တစ်ဘဝတည်း မဟုတ်ဘူး၊ ဘာဖြစ်လို့တုန်းဆိုရင် သံသရာအတွက် ရှင်းပြတာဖြစ်လို့၊ တစ်ဘဝတည်းဆိုရင် သံသရာလည်စရာမှ မရှိတာ၊ "အတိတ်က အကြောင်းရှိခဲ့လို့ ပစ္စုပ္ပန်မှာ လာဖြစ်တယ်၊ ပစ္စုပ္ပန်အကြောင်းတွေကြောင့် အနာဂတ်မှာ ဖြစ်ဦးမယ်" ဆိုတဲ့ အနေအထားတစ်ခုနဲ့ ပဋိစ္စ-သမုပ္ပါဒ်ကို ရှင်းတယ်။

အဲဒီမှာ ပဋိစ္စသမုပ္ပါဒ်ကို ရှင်းတဲ့အခါမှာ အကြောင်းနှစ်ခု ဦးဆောင်မှု ပေးထားတယ်၊ ဘာလဲဆိုရင် "အဝိဇ္ဇာနဲ့ တဏှာ"၊ အတိတ်အကြောင်းကို မြတ်စွာဘုရားက ရှင်းပြတဲ့အခါမှာ အဝိဇ္ဇာကို ဦးတည်ပြီး ရှင်းတယ်၊ အနာဂတ်အတွက် ပစ္စုပ္ပန်က အကြောင်းတရားကို ရှင်းတဲ့အခါမှာ တဏှာကို ဦးတည်ပြီး ရှင်းတယ်၊ ဘာဖြစ်လို့လဲ? ကံတရားတွေကို ဖြစ်ပေါ်စေတဲ့နေရာမှာ စွမ်းအားကြီးတဲ့သဘာဝတရားနှစ်ခုဟာ အဝိဇ္ဇာနဲ့ တဏှာပဲ။

http://www.dhammadownload.com



ကိလေသဝဋ္ဋ ကမ္မဝဋ္ဋ ဝိပါကဝဋ္ဋလို့ ဝဋ္ဋသုံးပါးဆိုတာ ရှိတယ်၊ ကိလေသာလို့ဆိုတဲ့အထဲမှာ အဓိကက အဝိဇ္ဇာနဲ့ တဏှာပဲ၊ အဲဒီအဝိဇ္ဇာနဲ့တဏှာကို အစွဲပြုပြီး ကံဆိုတာ ဖြစ်လာတာ၊ ဖြစ်လာတဲ့ကံက အဝိဇ္ဇာ, တဏှာ မပါဘဲ အကျိုးပေးလို့ မရဘူး၊ ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်မှာ ကိလေသာနဲ့ ကံကို တွဲတွဲပေးထားတယ်၊ ကြည့် -**"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" "သင်္ခါရပစ္စယာ ဝိညာဏံ"**၊ အဲဒီမှာ အဝိဇ္ဇာနဲ့ သင်္ခါရ ဆိုတာ ကိလေသာနဲ့ ကံပဲ။

နောက်တစ်ခါ အနာဂတ်အတွက် ပစ္စုပ္ပန်အကြောင်းနှစ်ခု- **"တဏှာပစ္စယာ ဥပါဒါနံ" "ဥပါဒါနပစ္စယာ ဘဝေါ"**၊ "တဏှာနဲ့ ဥပါဒါန်" က ကိလေသာ၊ "ဘဝ"က ကမ္မဘဝမို့ ကံ၊ အဲဒီမှာလည်း ကိလေသာနဲ့ကံ တွဲပေးထားတယ်၊ ဒီတော့ ကိလေသာနဲ့ကံ နှစ်ခု ပေါင်းစပ်လိုက်မှ ဘဝတစ်ခုဟာ ဖြစ်ပေါ်လာနိုင်တယ်၊ ကိလေသာတွေထဲမှာ အဝိဇ္ဇာနဲ့တဏှာသည် ကံရဲ့အထူးခြားဆုံးသောအကြောင်းတရား ဖြစ်တယ်၊ ဒါကြောင့်မို့ ဒီနှစ်ခုကို ဦးတည်ပြီး မြတ်စွာဘုရား ဟောတာ။

## အဝိဇ္ဇာနဲ့ တဏှာ ဦးဆောင်ပုံ

အဲဒီ ကံဆိုတဲ့နေရာမှာ ကံဟာ သုဂတိဘုံ ဒုဂ္ဂတိဘုံကို ရောက်စေတတ်တယ်၊ ဒုဂ္ဂတိဘုံကို ရောက်စေတတ်တဲ့ကံက တစ်မျိုး၊ သုဂတိဘုံကို ရောက်စေနိုင်တဲ့ကံက တစ်မျိုး၊ အဲဒီကံနှစ်မျိုးထဲမှာ "အဝိဇ္ဇာသည် ဒုဂ္ဂတိဘုံကို ရောက်စေတတ်တဲ့ ကံရဲ့ ထူးခြားတဲ့ အကြောင်း"တစ်ခု ဖြစ်တယ်၊ special cause ပေါ့၊ ဝိသုဒ္ဓိမဂ်မှာ **"ဒုဂ္ဂတိဂါမိနော ကမ္မဿ ဝိသေသဟေတု အဝိဇ္ဇာ"**- "ဒုဂ္ဂတိ-

http://www.dhammadownload.com



**ဂါမိနော ကမ္မဿ** - ဒုဂ္ဂတိဘုံကို ရောက်စေတတ်သော ကံရဲ့၊ **ဝိသေသဟေတု** - special အကြောင်းတစ်ခု၊ အရေးပါတဲ့ ထူးခြားတဲ့အကြောင်းဟာ၊ **အဝိဇ္ဇာ** - အဝိဇ္ဇာပဲ" လို့ ပြောတာ၊ တဏှာကျတော့ **"သုဂတိဂါမိနော ကမ္မဿ ဝိသေသဟေတု တဏှာ"** - "သုဂတိဘုံကို ရောက်စေတတ်တဲ့ ကံတွေကိုတော့ ဘယ်သူက ဦးဆောင်နေတာတုန်းဆိုတော့ တဏှာက ဦးဆောင်နေတာ" တဲ့။

ဒါကြောင့်မို့ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်မှာသာမက အခြားသုတ္တန်တွေမှာလည်း အဝိဇ္ဇာနဲ့ တဏှာ ဒီနှစ်ခုကို ဦးတည်ပြီးတော့ ဟောထားတာတွေ ရှိတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာလည်း ဒီလိုဟောထားတာ ရှိတယ်။

ဒါကြောင့်မို့ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"** လို့ အဝိဇ္ဇာကို ဦးတည်ပြီး မြတ်စွာဘုရားက အတိတ်အကြောင်းမှာ ဟောထားတယ်၊ အဝိဇ္ဇာနဲ့ တဏှာဟာ ပူးတွဲပြီးတော့ နေကြတာနော်၊ တဏှာရှိတဲ့နေရာတိုင်းမှာ အဝိဇ္ဇာရှိတယ်၊ အဝိဇ္ဇာရှိတဲ့နေရာတိုင်းတော့ တဏှာမရှိဘူး၊ အဘိဓမ္မာသဘောနဲ့ပြောမယ်ဆိုရင် အဝိဇ္ဇာက တစ်ခါတစ်ရံ ဒေါသနဲ့ပေါင်းတာ ရှိတယ်၊ တစ်ခါတစ်ရံ လောဘနဲ့ပေါင်းတာ ရှိတယ်။

လောကမှာ လူတွေ လိုချင်တာက **"သုခ"**၊ လူတွေရဲ့အတွေ့အကြုံဟာ **သုခ** နဲ့ **ဒုက္ခ** - ချမ်းသာမှုနဲ့ ဆင်းရဲမှု၊ အဲဒီမှာ သုခ ဒုက္ခကိုအကြောင်းပြုပြီးတော့ လူတွေဟာ ကံတရားကို ပြုလုပ်ကြတယ်။

အဲဒီလို ပြုလုပ်ကြတဲ့နေရာမှာ ဒုက္ခကို အကြောင်းပြုရင် အဝိဇ္ဇာနဲ့ တဏှာမှာ - ဘယ်သူကဦးဆောင်သွားလဲဆိုတာ စဉ်းစားကြည့်ပေါ့ . . .

http://www.dhammadownload.com



ဒုက္ခနဲ့ ပတ်သက်လာလို့ရှိရင် ဒုက္ခဆိုတာ တဏှာရဲ့ အကြိုက် မဟုတ်ဘူး၊ တဏှာက ဒုက္ခကို မကြိုက်တော့ တဏှာဖြစ်ဖို့ မလွယ်ဘူး၊ အဲဒီအခါမှာ ဘယ်သူက ဦးဆောင်တုန်းဆိုတော့ အဝိဇ္ဇာက ဦးဆောင်သွားတယ်၊ တဏှာက အဝိဇ္ဇာပါသည့်အတွက်ကြောင့် နောက်က လိုက်သွားတယ်။

သုခနဲ့ ပတ်သက်လာတဲ့အခါကျတော့ တဏှာက ဦးဆောင်သွားတယ်၊ အဝိဇ္ဇာက နောက်က လိုက်တယ်၊ ဒီလို အဝိဇ္ဇာနဲ့ တဏှာဟာ တစ်လှည့်စီ ခေါင်းဆောင်ကြတယ်လို့ ပြောတယ်။

ထင်ရှားတဲ့ ဥပမာလေးတစ်ခုနဲ့ စဉ်းစားကြည့်ပေါ့- ခုခေတ်ဖြစ်နေတဲ့ စိတ်ကြွဆေးစတဲ့ မူးယစ်ဆေးဝါးတွေနဲ့ ပတ်သက်ပြီး သူငယ်ချင်းအပေါင်းအသင်းတွေက ဆွဲဆောင်လို့ မူးယစ်ဆေးဝါး စွဲသွားတဲ့ ငယ်ရွယ်သူ ကလေးတစ်ယောက်ကိုပဲ ကြည့်။

ပထမ အဲဒီကလေးဟာ မူးယစ်ဆေးဝါးရဲ့အပြစ်ကို သူ မမြင်ဘူး၊ မမြင်သည့်အတွက်ကြောင့် သူစမ်းကြည့်တယ်၊ မမြင်ဘူးဆိုကတည်းက ဒါဟာ **"အဝိဇ္ဇာ"**၊ စမ်းကြည့်တာက **"တဏှာ"**၊ ကောင်းဆိုးမသိလို့ လုပ်မိတယ်ပေါ့၊ ကဲ မူးယစ်ဆေးဝါးရဲ့ အပြစ်ဟာ အင်မတန်ဆိုးတယ်ဆိုတာ သိသွားပြီ၊ သိသွားပြီ ဆိုတဲ့အခါကျတော့ drug addict (ဆေးစွဲသူ) ဖြစ်သွားပြီ၊ ဖြစ်သွားတာနဲ့ တစ်ပြိုင်နက် ဖြတ်လို့ ရသေးလား၊ မရတော့ဘူး၊ အဲဒါကျတော့ တဏှာက ဦးဆောင်သွားတယ်၊ မကောင်းမှန်းတော့ သိတယ်၊ သို့သော်လည်း ဖြတ်လို့ မရတော့ဘူး၊ တဏှာက ဦးဆောင်နေပြီ။

ဝိသုဒ္ဓိမဂ်မဟာဋီကာမှာ **"ဒုက္ခေ အဝိဇ္ဇံ တဏှာ အနုဝတ္တတိ"** - ဒုက္ခနဲ့ ပတ်သက်လာလို့ရှိရင် အဝိဇ္ဇာက ဦးဆောင်သွားပြီးတော့

http://www.dhammadownload.com



တဏှာက နောက်က လိုက်ရတာပါတဲ့၊ ဘာဖြစ်လို့ အဝိဇ္ဇာက ဒုက္ခနဲ့ ပတ်သက်လာရင် ဦးဆောင်သတုန်း? ဒုက္ခကို ဒုက္ခလို့ မမြင်ရအောင် အဝိဇ္ဇာက ဖုံးပေးထားတယ်၊ ဒီလို ဦးဆောင်ဖုံးပေးထားသည့်အတွက်ကြောင့် တဏှာက လိုက်ပြီး တွယ်တယ်၊ တွယ်သည့်အတွက်ကြောင့် ကံတရားတွေကို လုပ်တယ်၊ ဒီလို ပြောတယ်နော်။

သုခနဲ့ တွေ့လာတဲ့အခါကျတော့ - **"သုခေ တဏှာ အဝိဇ္ဇာ အနုဝတ္တတိ"**- သုခနဲ့ ပတ်သက်လာတဲ့အခါကျတော့ တဏှာအကြိုက် ဖြစ်နေတယ်၊ အပြစ်မြင်စရာအကြောင်း မရှိတော့ဘူး၊ တဏှာကတွယ်တယ်၊ တွယ်တာတဲ့နောက် အဝိဇ္ဇာကလိုက်ရတယ်၊ ဒါကြောင့် အဝိဇ္ဇာနဲ့ တဏှာ- ဒီနှစ်ခုရဲ့ အပြန်အလှန် ဦးဆောင်မှုနဲ့ သံသရာကြီးထဲမှာ ဘုန်းကြီးတို့တတွေ လည်ပတ်နေရတယ်လို့ - ပဋိစ္စသမုပ္ပါဒ်မှာ အချုပ်အားဖြင့် ဒီလိုရှင်းပြထားတာနော်။

## အဝိဇ္ဇာဆိုင်ရာ သိဖွယ်

အဝိဇ္ဇာဆိုတာ **"သာဝဇ္ဇ"** - အပြစ်ရှိတဲ့ အကုသိုလ်တရား၊ အပြစ်ရှိတဲ့အကုသိုလ်တရား ဖြစ်တဲ့အတွက်ကြောင့် **"ဒုက္ခဝိပါက လက္ခဏာ"**- မကောင်းတဲ့အကျိုးပဲ ထုတ်လုပ်တယ်၊ ဒါက ပုံသေကားချပ်မှတ်ရမယ့် သဘာဝနော်၊ အဝိဇ္ဇာသည် အကုသိုလ်၊ အကုသိုလ်ဖြစ်သည့်အတွက်ကြောင့် အပြစ်ရှိတယ်၊ အပြစ်ရှိတဲ့တရားတစ်ခုသည် ကောင်းကျိုးချမ်းသာ မပေးဘူးတဲ့၊ **"ဒုက္ခဝိပါက လက္ခဏာ"** - မကောင်းတဲ့အကျိုးကို ပေးတယ်၊ ဒါ အဝိဇ္ဇာရဲ့ သဘောတရား။

http://www.dhammadownload.com



အဘိဓမ္မာသဘောနဲ့ကြည့်ရင် အဝိဇ္ဇာဆိုတာ ဉာဏ်နဲ့ ဆန့်ကျင်ဘက်သဘောတရား၊ သိမှုရဲ့ဆန့်ကျင်ဘက် မသိမှုသဘော တရား၊ အကုသိုလ်စိတ် ၁၂-ခုနဲ့ ယှဉ်တွဲပြီးဖြစ်တဲ့ သဘောတရား ပဲ၊ လိုချင်မှုကို အခြေခံတဲ့စိတ်နဲ့လည်း ယှဉ်တွဲတယ်၊ မုန်းတီးမှုကို အခြေခံတဲ့စိတ်နဲ့လည်း ယှဉ်တွဲတယ်၊ သံသယဖြစ်တဲ့စိတ်နဲ့လည်း ယှဉ်တွဲတယ်၊ စိတ်ဓာတ်မတည်မငြိမ် ပျံ့လွင့်တဲ့စိတ်နဲ့လည်း ယှဉ် တွဲတယ်လို့ ဒီလို ပြောတာ။

ဘယ်အရာကိုမသိတာကို အဝိဇ္ဇာလို့ သတ်မှတ်သလဲ? ဓမ္မ ရေးရာနဲ့ ပတ်သက်တဲ့အခါကျတော့ အဆင့်မြင့်တဲ့နေရာကို ကြည့် ရမှာပေါ့၊ သံသရာ ဘာ့ကြောင့် လည်သလဲ၊ သံသရာထဲမှာ ဆင်းရဲ ဒုက္ခတွေ ဘာကြောင့်ဖြစ်နေသလဲ ဆိုတဲ့ အဓိကအကြောင်းအရာနဲ့ ပတ်သက်ပြီးတော့ လေ့လာထားတာ ဖြစ်လို့ ဟိုကိစ္စမသိ ဒီကိစ္စ မသိ, မသိတာတွေ မှန်သမျှကို အဝိဇ္ဇာလို့ ဒီလိုပြောလို့ မရဘူး၊ ပြောလို့ မရတာ ဘာဖြစ်လို့တုန်းဆိုလို့ရှိရင် တချို့မသိမှုက အရေး မပါဘူးလေ၊ ဥပမာ - လမ်းမသိတာတို့, ရွာနာမည် မသိတာတို့, လူနာမည် မသိတာတို့၊ ဒါမျိုးတွေ မသိမှုတွေ အများကြီးရှိတယ် လေ၊ အဲဒါတွေက အရေးပါလားလို့ဆိုရင် မပါဘူး၊ သိရင်လည်း သံသရာဝဋ်က လွတ်ဖို့မှ မဟုတ်တာနော်။

လူ့သဘာဝနဲ့ ကြည့်လိုက်လို့ရှိရင် ဒီပန်းပွင့်လေး ဘယ်လို ခေါ်တုန်း- မသိဘူး၊ ဒါဟာ အရေးမပါဘူး၊ သို့သော် ဆိုင်ရာ ဆိုင်ရာ လေ့လာတဲ့အခါကျတော့ အမည်နာမလေးတွေ သိတာ တော့ ဒါပညာရပ်တစ်ခုပေါ့နော်၊ သို့သော် သံသရာဝဋ်က လွတ်ဖို့ ဆိုတဲ့နေရာမှာ အရေးပါတဲ့ အသိမဟုတ်ဘူးလို့ - ဒီလို ပြောတာ။

http://www.dhammadownload.com



ဒါကြောင့်မို့ အဝိဇ္ဇာက မသိတာဆိုတာ ဘာကို မသိတာလဲ? သုတ္တန်နည်း အဘိဓမ္မာနည်း နှစ်မျိုးနဲ့ ပြောရင် အဝိဇ္ဇာဟာ သစ္စာလေးပါးကို အမှန်မသိအောင် ဖုံးထားတာတဲ့၊ ဒါက အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုပဲ၊ သစ္စာလေးပါးကို ဖုံးထားတယ်ဆိုတာက အကြောင်းနဲ့အကျိုးကို မသိအောင် လုပ်ထားတယ်လို့ ပြောတာ၊ မြတ်စွာဘုရားဟောတဲ့တရားဟာ အကြောင်းနဲ့ အကျိုးက အဓိကတရား ဖြစ်တယ်၊ ဒါကြောင့်မို့ သစ္စာလေးပါးကို မသိအောင်- **ဒုက္ခ**ကို ဒုက္ခလို့ မသိအောင် ဖုံးကွယ်တယ်၊ **ဒုက္ခသမုဒယ**- ဒုက္ခ၏အကြောင်းတရားကို ဒုက္ခ၏အကြောင်းတရားလို့ မသိအောင် ဖုံးကွယ်တယ်၊ **ဒုက္ခနိရောဓ**- ဆင်းရဲဒုက္ခတွေ ချုပ်ငြိမ်းရာကို ချုပ်ငြိမ်းရာလို့ မသိရအောင် ဖုံးကွယ်ထားတယ်၊ **ဒုက္ခနိရောဓဂါမိနိပဋိပဒါ**- ဒုက္ခနိရောဓကို ဆိုက်ရောက်စေတတ်တဲ့ အကျင့်ကိုလည်း မသိအောင် ဖုံးကွယ်ထားတယ်။

ဖုံးကွယ်ခြင်းဆိုတာ အဝိဇ္ဇာရဲ့အဓိကဆောင်ရွက်ချက်ပဲ၊ ဒါ- အမှန်မသိအောင် ဖုံးထားတယ်လို့ ဆိုလိုက်ကတည်းက အမှန်ကို မသိဘူးဆိုရင် သူက အမှားတော့ သိနေမှာပေါ့၊ သဘာဝအစစ်အမှန်ကို မသိဘူး၊ မသိဘူးဆိုတာ လုံးဝကြီးမသိတာ မဟုတ်ဘူး၊ အမှန်မသိတာ, အမှားသိနေတယ်ပေါ့၊ ဒီလိုအဓိပ္ပါယ်ကို ပြောတာ။

အဲဒီသုတ္တန်နည်းအားဖြင့် **"ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါယ အညာဏံ"** လို့ သစ္စာလေးပါးကို မသိတာကို အဝိဇ္ဇာလို့ ဒီလိုဖွင့်ဆိုတယ်။

http://www.dhammadownload.com



အဘိဓမ္မာဒေသနာကျတော့ သူက နောက်ထပ်လေးခု ထပ်ထည့်လိုက်တယ် - **"ပုဗ္ဗန္တေ အညာဏံ၊ အပရန္တေ အညာဏံ၊ ပုဗ္ဗန္တာပရန္တေ အညာဏံ၊ ပဋိစ္စသမုပ္ပါဒေသု ဓမ္မေသု အညာဏံ"** လို့- နောက်ထပ်လေးခု ထပ်ထည့်လိုက်တဲ့အခါ ရှစ်ခုဖြစ်သွားတယ်၊ အတိတ်နဲ့သက်ဆိုင်တဲ့ ခန္ဓာကို မသိတာ၊ အနာဂတ်နဲ့ သက်ဆိုင်တဲ့ ခန္ဓာကို မသိတာ၊ ထိုအတိတ်အနာဂတ် နှစ်မျိုးလုံးနဲ့ သက်ဆိုင်တဲ့ ခန္ဓာကို မသိတာ၊ ပဋိစ္စသမုပ္ပါဒ်ကို မသိအောင် ဖုံးတာတဲ့ - ဒါကိုလည်း အဝိဇ္ဇာလို့ ဒီလိုဟောတယ်၊ ဒီတော့ အဝိဇ္ဇာရဲ့အလုပ်က ဘာလဲဆိုရင် အမှန်မသိအောင် ဖုံးကွယ်ပေးတာ။

## အဝိဇ္ဇာ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်

အဝိဇ္ဇာဆိုတာ အမှန်မသိခြင်း သဘာဝလက္ခဏာ ရှိတယ်၊ အဝိဇ္ဇာပေါ်လာလို့ရှိရင် အမှန်မသိတော့ဘူး၊ အမှန်မသိဘူးဆိုတာ သဘာဝတရားအတိုင်း မှန်ကန်သောအားဖြင့် မသိဘူး၊ မသိတော့ ဘာဖြစ်လဲ၊ အဝိဇ္ဇာက ဘာကိစ္စဆောင်ရွက်သလဲဆိုရင် **"သမ္မောဟန ရသ"**တဲ့- အမှန်တရားနဲ့ ပတ်သက်လာလို့ရှိရင် တွေဝေသွားအောင် လုပ်ထားတယ်။

အမှန်မသိရုံတင် မကဘူး, တွေဝေသွားအောင်လည်း လုပ်ထားတယ်၊ တွေဝေသွားအောင် လုပ်ထားသည့်အတွက်ကြောင့် အဝိဇ္ဇာကို ရှုမြင်တဲ့အခါမှာ ဘယ်ပုံသဏ္ဌာန်နဲ့ ပေါ်လာသလဲဆိုရင် **"ဆာဒန ပစ္စုပဋ္ဌာနာ"** လို့ ဆိုတဲ့အတိုင်း အသိဉာဏ်ထဲမှာ အမှန်မသိရအောင် ဖုံးကွယ်ထားတဲ့သဘောပဲ။

http://www.dhammadownload.com



လောကမှာ အကြောင်းအရာတစ်ခုကို ဖုံးကွယ်ထားပြီ ဆို လို့ရှိရင် အမှန်မသိကြဘူးလေ၊ ကိုယ့်အိမ်မှာ အိမ်တွင်းရေးကိစ္စတို့ ဟိုကိစ္စ ဒီကိစ္စတို့ကို အမှန်မပြောဘဲ ဖုံးထားရင် ဘယ်သိမလဲ၊ အဲဒီလို ဖုံးကွယ်ခြင်းအနေအထားအားဖြင့် အဝိဇ္ဇာကို ရှုမြင်ကြရ တယ်။

အဝိဇ္ဇာဟာ ဘာ့ကြောင့် အင်အားတွေ ကောင်းပြီး ဖြစ်ပေါ် နေရသလဲဆိုလို့ရှိရင် လောဘတွေ စီးဝင်နေလို့, အမြင်မှားမှုတွေ စီးဝင်နေလို့, တွေဝေမှုတွေ စီးဝင်နေလို့ပဲ၊ ဆိုလိုတာက အာသဝ ကြောင့် အဝိဇ္ဇာဖြစ်နေတယ်လို့ ဒီလို ပြောတာနော်၊ ကောင်းပြီ- ဒါ အဝိဇ္ဇာရဲ့သဘောတရား။

## သင်္ခါရဆိုင်ရာ သိဖွယ်

အဲဒီလို အကုသိုလ်အစစ်ကြီးဖြစ်တဲ့ အဝိဇ္ဇာက ဘာတွေ ကို ထုတ်လုပ်နေသတုန်းဆိုတော့ သင်္ခါရကို ထုတ်လုပ်တယ်၊ ဒီ နေရာမှာ သင်္ခါရဆိုတာ **"သဗ္ဗေ သင်္ခါရာ အနိစ္စာ"** ဆိုတဲ့ သင်္ခါရနဲ့ မတူဘူး၊ **"သင်္ခါရက္ခန္ဓာ"** ဆိုတဲ့ သင်္ခါရနဲ့လည်း မတူဘူး၊ ခြားနား တယ်၊ ဒီသင်္ခါရက ဘဝတစ်ခုကို တည်ဆောက်ပြုပြင်ပေးတတ်တဲ့ **"စေတနာ သင်္ခါရ"** ကို ပြောတာ။

**"သဗ္ဗေ သင်္ခါရာ အနိစ္စာ"** မှာပါတဲ့ "သင်္ခါရ" ဆိုတာ အကြောင်းတရားတွေက စုပေါင်းဖန်တီးတယ်ဆိုတဲ့အဓိပ္ပါယ်ပဲ ယူ ရတယ်၊ ဒီနေရာမှာ "သင်္ခါရ" က အကြောင်းတရားတွေ စုပေါင်း ဖန်တီးတာ မဟုတ်ဘူး၊ သူကိုယ်တိုင်က ဘဝတစ်ခုကို တည်

http://www.dhammadownload.com



ဆောက်ပြုပြင်နိုင်တဲ့ စွမ်းရည်သတ္တိရှိတယ်လို့ ဆိုလိုတာ၊ ဒါကြောင့် မို့ ဒီသင်္ခါရက ကံကို ပြောတာ။

**သင်္ခါရကို သုံးမျိုးခွဲလိုက်တယ် -**

(၁) **ပုညာဘိသင်္ခါရ** - ကုသိုလ်နဲ့ပတ်သက်လို့ရှိရင် ဒါနကောင်းမှု သီလကောင်းမှု ဘာဝနာကောင်းမှု လုပ်သမျှတွေဟာ ကာမာဝစရကုသိုလ်စိတ်မှာ ယှဉ်တဲ့စေတနာနဲ့ လုပ်တာပဲ၊ အဲဒီတော့ ပုညာဘိသင်္ခါရဆိုတာ ဒါနစေတနာ, သီလစေတနာ, ဘာဝနာစေတနာလို့ ခေါ်ရတဲ့ ကာမာဝစရကုသိုလ်စေတနာ ၈-ခုနဲ့ ရူပါဝစရစျာန်ကုသိုလ်စေတနာ ၅-ခု၊ ဒီ ၁၃-ခုကို ခေါ်တာလို့ မှတ်ပါ။

(၂) **အပုညာဘိသင်္ခါရ** - အပုညာဘိသင်္ခါရဆိုတာ အကုသိုလ်စေတနာကို ပြောတာ၊ အကုသိုလ်စိတ်နဲ့ ယှဉ်တွဲလာတဲ့ စေတနာကို အဓိကထားလို့ အကုသိုလ်စေတနာ ၁၂-ခုဟာ အပုညာဘိသင်္ခါရပဲ။

(၃) **အာနေဉ္ဇာဘိသင်္ခါရ** - ရုပ်နဲ့ဆက်စပ်မှု မရှိတော့သည့်အတွက်ကြောင့် တုန်လှုပ်မှုကင်းသွားတဲ့ အဆင့်မြင့်တဲ့ သမာဓိစွမ်းအားကို ရထားတဲ့ အရူပါဝစရစျာန်ကုသိုလ်စေတနာ ၄-ခုကို အာနေဉ္ဇာဘိသင်္ခါရလို့ ခေါ်တယ်။

အားလုံးပေါင်းလိုက်တဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်မှာ ဒီစေတနာ ၂၉-မျိုးပဲ၊ သင်္ခါရဆိုတာ ဒီစေတနာ၂၉-မျိုးကို ခေါ်တယ်ပေါ့၊ ဒီမှာ သတိထားဖို့ရာက သင်္ခါရဆိုတာ ကုသိုလ်လည်း ပါတယ်, အကုသိုလ်လည်း ပါတယ်။

http://www.dhammadownload.com



**သင်္ခါရသုံးမျိုးခွဲပုံ တစ်နည်း -**

ကုသိုလ်အကုသိုလ် ပြုလုပ်တဲ့အခါမှာ လှုပ်ရှားမှု action ကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းတရားတွေနဲ့ ပတ်သက်ပြီးတော့ ခွဲတာ ရှိသေးတယ်၊ **ကာယသင်္ခါရ** - ကာယဝိညတ် ကိုယ်အမူအရာနဲ့ ပြုလုပ်တာ၊ **ဝစီသင်္ခါရ** - ဝစီဝိညတ် နှုတ်ကနေ ပြောဆိုပြီးတော့ ပြုလုပ်တာ၊ **စိတ္တသင်္ခါရ** - စိတ်ထဲသက်သက် ဖြစ်တာ။

ကာယသင်္ခါရဆိုတာ ခန္ဓာကိုယ်ကို လှုပ်ရှားပြီးတော့ ပြုလုပ်တဲ့ အကုသိုလ်စေတနာ ၁၂-ခုနဲ့ ကာမာဝစရကုသိုလ်စေတနာ ၈-ခု၊ အဲဒီ ၂၀-ကို ကာယသင်္ခါရလို့ ခေါ်တယ်၊ နှုတ်မှာ ဖြစ်ပေါ်လာတဲ့ အကုသိုလ်စေတနာ ၁၂-ခု နဲ့ ကာမာဝစရကုသိုလ်စေတနာ ၈-ခု - အဲဒီ ၂၀-ကို ဝစီသင်္ခါရလို့ ခေါ်တယ်။

## "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်" ဟူသည် -

**"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"** လို့ ဆိုတဲ့နေရာမှာ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်၊ ဒါ ပဋိစ္စသမုပ္ပါဒ်အနေနဲ့ကတော့ ဒီလောက်ပဲ ပြောတယ်၊ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်" ဆိုတာ "အဝိဇ္ဇာက သင်္ခါရကို ထုတ်လုပ်နေတာလား" လို့ မေးရင် အဲဒီအဓိပ္ပါယ်မျိုးကို ပြောတာ မဟုတ်ဘူး၊ ဆိုလိုတာက အဝိဇ္ဇာရှိနေလို့ သင်္ခါရ ရှိနေရတယ်လို့ ပြောတာနော်၊ **"အဝိဇ္ဇာဘာဝေ သင်္ခါရဘာဝတော"** တဲ့၊ ခုန **"ဣမသ္မိံ သတိ ဣဒံ ဟောတိ"** - "ဒါရှိလို့ ဒါ ရှိတယ်"၊ "အဝိဇ္ဇာရှိနေတဲ့အတွက်ကြောင့် သင်္ခါရဆိုတဲ့ ကံတရားတွေ ရှိနေရတယ်" လို့ ဒီလို ဆိုလိုတယ်။

http://www.dhammadownload.com



အဲဒီလိုအဓိပ္ပါယ် မယူဘဲနဲ့ ပြောမယ်ဆိုရင် . . . အဝိဇ္ဇာဆိုတာ မသိတာ၊ သင်္ခါရဆိုတာ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ ဆိုပြီး ကုသိုလ်အကုသိုလ် နှစ်မျိုးစလုံးပါတယ်၊ အဲဒီတော့ တချို့က ပြောကြတယ် - "မသိလို့ အကုသိုလ်ဖြစ်တယ်"၊ "မသိလို့ ကုသိုလ်ဖြစ်တယ်" လို့၊ အေး - "မသိလို့ အကုသိုလ်ဖြစ်တယ်" ဆိုတာ လူကြားကောင်းသေးတယ်-ဟုတ်လား၊ "မသိလို့ ကုသိုလ်တွေ ပြုလုပ်နေကြတယ်"လို့ ပြောတော့ ဆန့်ကျင်ဘက် ဖြစ်သွားတယ်၊ "မင်း- ဒါနကောင်းမှုပြုနေတာလည်း မသိလို့လုပ်တာ၊ မိုက်လို့ လုပ်တာ" လို့ ပြောလို့ ရတယ်နော်၊ စျာန်တရားတွေ အားထုတ်ပြီးတော့ အောင်မြင်ပေါက်ရောက်နေတာ - ဒါတွေလည်းပဲ မသိလို့ လုပ်နေတာလား၊ အဝိဇ္ဇာကြောင့် လုပ်နေတာလို့ တချို့က ဒီလို ကောက်ချက်ဆွဲတယ်။

အဲဒီ အဓိပ္ပါယ်မျိုးကို ပြောတာ မဟုတ်ဘူး၊ "ဒါရှိလို့ ဒါရှိနေရတယ်" လို့ ပြောတာနော်၊ ကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်ပဲဖြစ်ဖြစ် ကံအရာမြောက်နေကြရတာ ဟောဒီ အဝိဇ္ဇာရှိလို့၊ အဲဒီလို မဟုတ်ဘူးဆိုလို့ရှိရင် "အဝိဇ္ဇာကြောင့် ကုသိုလ်ဖြစ်တယ်, အဝိဇ္ဇာကြောင့် အကုသိုလ်ဖြစ်တယ်" ဆိုရင်- "အဝိဇ္ဇာကြောင့် အကုသိုလ် ဖြစ်တယ်" ဆိုတာ ထားတော့၊ "အဝိဇ္ဇာကြောင့် အကုသိုလ်ဖြစ်တယ်" ဆိုတာကို ဒါ လူတိုင်းလက်ခံတယ်။

"အဝိဇ္ဇာကြောင့် ကုသိုလ်ဖြစ်တယ်" ဆိုရင် ကုသိုလ်လည်း မလုပ်ရဘူးလို့ ကောက်ချက်ဆွဲပြီး misunderstand ဖြစ်နိုင်တယ်၊ အဲဒီလို ဆိုလိုတာ မဟုတ်ဘူး၊ အဝိဇ္ဇာရှိနေသေးသည့်အတွက်ကြောင့် ကံတရားတွေဟာ စုမိဆောင်းမိဖြစ်နေတာ၊ အဝိဇ္ဇာက

http://www.dhammadownload.com



ကိလေသာ၊ ဒါကြောင့်မို့ အဝိဇ္ဇာကို ပယ်လိုက်တာနဲ့ တစ်ပြိုင်နက် ကံတွေဟာ မစုနိုင်တော့ဘူး၊ ဆိုပါစို့ - ရဟန္တာတွေရဲ့သန္တာန်မှာ ဈာန်တရားတွေ ရှိတယ်၊ သို့သော် အဝိဇ္ဇာမရှိတာနဲ့ တစ်ပြိုင်နက် ကံအရာ မမြောက်တော့ဘူးလို့ ဒီလိုပြောတာ။

ဒီတော့ အကုသိုလ်ဆိုတာက ကိလေသာပဲလေ၊ စိတ်ရဲ့ အညစ်အကြေးတွေပဲ၊ အကုသိုလ်ဆိုတဲ့ ကိလေသာတွေကို ပယ်လိုက်တာနဲ့ တစ်ပြိုင်နက်- (အကုသိုလ်ကို တွန်းလှန်ဖို့ ဆိုတာ ကုသိုလ် ရှိရတာကိုး)၊ အကုသိုလ်တွေ အားလုံးဖယ်ရှားပြီးပြီဆိုရင် ကုသိုလ်ဆိုတာ လိုမှ မလိုတော့တာ၊ မလိုတော့လို့ ရဟန္တာပုဂ္ဂိုလ်တွေကျတော့ "ကုသိုလ်" လို့ မပြောတော့ဘူး၊ "ကြိယာ" လို့ ပြောတယ်နော်၊ ဒီအဓိပ္ပါယ်မျိုးကို ဆိုလိုတာပေါ့၊ အဝိဇ္ဇာရှိနေသည့် အတွက်ကြောင့် ဒီကံတရားတွေဟာ ဖြစ်ပေါ်ပြီး နေရတယ်။

**မျက်မမြင် လမ်းသွားတာနဲ့ တူပုံ**

နောက်တစ်နည်း အဓိပ္ပါယ်ပြောတာတော့ ရှိသေးတယ်၊ အဝိဇ္ဇာဆိုတာ အမှန်မသိတာ၊ အမှန်မသိသည့်အတွက်ကြောင့် သတ္တဝါတွေဟာ မျက်မမြင်လမ်းသွားတာနဲ့ အတူတူပဲပေါ့၊ မျက်စိနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ်ဟာ လမ်းခရီးကို ဦးဆောင်သူ မပါဘဲနဲ့ လျှောက်လှမ်းလို့ရှိရင် တစ်ခါတလေလည်း ဖြောင့်ချင်ရင် ဖြောင့်သွားမယ်၊ လိုရာစခန်း ရောက်မယ်၊ တစ်ခါတလေလည်း မရောက်ဘူးတဲ့။

ထို့အတူပဲ အဝိဇ္ဇာမကင်းသေးတဲ့ ပုဂ္ဂိုလ်တွေ သံသရာခရီးကို သွားတဲ့အခါမှာ တစ်ခါတစ်ရံ ကောင်းတာလည်း လုပ်မိတယ်၊

http://www.dhammadownload.com



တစ်ခါတစ်ရံ မကောင်းတာလည်း လုပ်မိတယ်၊ ကောင်းတာ လုပ်မိရင် ကုသိုလ်, မကောင်းတာ လုပ်မိရင် အကုသိုလ်ပေါ့၊ အဲဒီ အမိပ္ပါယ်မျိုးနဲ့ ရှင်းတာလည်း ရှိတယ်ပေါ့။

အမှန်မသိမှုကြောင့်မို့လို့ လုပ်မိလုပ်ရာ လုပ်တယ်၊ လုပ်မိလုပ်ရာ လုပ်တဲ့အထဲမှာ ကိုယ်ထင်တာ ကိုယ်လုပ်တယ်၊ ကိုယ်ထင်တာ ကိုယ်စွတ်လုပ်ပေမယ့် ကောင်းတာ လုပ်မိတဲ့အခါလည်း ရှိတယ်၊ မကောင်းတာ လုပ်မိတဲ့အခါလည်း ရှိတယ်ပေါ့။

လူတွေဟာ ကောင်းတာလုပ်မိလို့ ကောင်းတာတွေ ရလာရင် မသိဘဲနဲ့ ဘာပြောလဲ? ကြက်ကန်းဆန်အိုး တိုးတယ်လို့ ပြောကြတယ်နော်၊ ဒါမျိုးကလည်း ရှိသေးတာပဲလေ၊ ကိုယ်ကိုယ်တိုင် ရွေးချယ်နိုင်တဲ့ အစွမ်းသတ္တိ မရှိပေမယ့်လို့ တစ်ခါတစ်ရံ အကောင်းနဲ့ စွတ်တွေ့သွားတာလည်း ရှိသေးတယ်။

အဲဒါလိုပဲ သံသရာကျင်လည်တဲ့အခါ အဝိဇ္ဇာရှိနေသေးတဲ့ ပုဂ္ဂိုလ်တွေဟာ ကောင်းတာလည်း လုပ်မိတယ်၊ မကောင်းတာလည်း လုပ်မိတယ်လို့ ဒီလိုပြောတာ၊ အဲဒီနည်းနဲ့လည်း ပြောလို့ရတယ်ပေါ့။

**သစ္စာလေးပါးကို မသိ၍ သင်္ခါရပြုပုံ**

နောက်တစ်ခါ "အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်" ဆိုတဲ့ နေရာမှာ သစ္စာလေးပါးထဲက ဒုက္ခ **ဆိုတာကို တကယ်မသိဘူး၊** မသိသည့်အတွက်ကြောင့် ဒုက္ခကို သုခလို့ ထင်တယ်၊ သုခလို့ ထင်ပြီးတော့ ကောင်းမှုတွေ လုပ်တယ်၊ လုပ်လိုက်သည့်အတွက်ကြောင့် ရလာတော့ ဘာရတုန်းဆိုတော့ ဒုက္ခပဲ ပြန်ရတယ်။

http://www.dhammadownload.com



ဆိုပါစို့ - လူ့ဘဝကို ချမ်းသာတယ်လို့ ထင်တယ်, နတ်ဘဝကို ချမ်းသာတယ်လို့ ထင်တယ်, ဗြဟ္မာဘဝကိုလည်း ချမ်းသာတယ်လို့ ထင်တယ်၊ ထင်သည့်အတွက်ကြောင့် ကုသိုလ်ကောင်းမှုတွေ လုပ်ပြီးတော့ လူ့ချမ်းသာ ခံစားရပါလို၏, နတ်ချမ်းသာ ခံစားရပါလို၏, ဗြဟ္မာချမ်းသာ ခံစားရပါလို၏ လို့ ဆုတောင်းတယ်၊ ရလာတော့ ဘာရလဲဆိုရင် ဇာတိ ဇရာ ဗျာဓိ မရဏ - ဒုက္ခတွေ ပြန်ရတယ်ပေါ့။

အိမ်ထောင်ပြုတဲ့သူတွေလိုပဲ- ဘယ်သူပဲဖြစ်ဖြစ် တော်တော်များများ ငယ်ရွယ်သူတွေ အိမ်ထောင်ပြုပြီလို့ ဆိုလို့ရှိရင် စိတ်ထဲမှာ ပျော်မယ်ဆိုတဲ့ အရာလေးတစ်ခုပဲ စဉ်းစားပြီးတော့ ဘဝကြင်ဖော်အဖြစ် ရွေးချယ်ကြတယ်၊ နောက်ပိုင်းလာမယ့် ပြဿနာတွေကို စဉ်းစားမိတဲ့သူက အလွန်ရှားတယ်၊ ပျော်ရွှင်မှုဆိုတာလေး တစ်ခုကို အကြောင်းပြုပြီးတော့ အိမ်ထောင်ကျကြတယ်၊ အဲဒါလိုပဲ ဒီဒုက္ခနဲ့ သုခ ယှဉ်တွဲလာတဲ့အခါမှာ သုခလေးတစ်ခုကို တစ်ဖက်သပ်ကြည့်ပြီးတော့ သုခရနိုးနဲ့ လုပ်ရင်း, ဒုက္ခတွေနဲ့ တိုးကြတာ - အဲဒီအဓိပ္ပါယ်ကို ပြောတာနော်။

**ဒုက္ခသမုဒယကို အမှန်မသိသည့်အတွက်ကြောင့်** သုခရဲ့ အကြောင်းလို့ ထင်တယ်၊ သုခဖြစ်စေတတ်တဲ့ အကြောင်းလို့ ထင်တယ်၊ ဒါကြောင့်မို့ ကုသိုလ်ကောင်းမှုပြုတယ်၊ ရလာပြန်တော့ ဒုက္ခတွေပဲ ရလာပြန်တယ်။

**ဒုက္ခနိရောဓ - အစစ်အမှန် နိဗ္ဗာန်ဆိုတာကို မသိသည့်အတွက်ကြောင့်** နိဗ္ဗာန်လို့ ထင်တဲ့အရာတွေကို မှန်းဆပြီးတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သို့မဟုတ် ကိုယ့်ဘာသာတရားက သင်တဲ့

http://www.dhammadownload.com



အတိုင်း ကြိုးစားကြတယ်၊ ကြိုးစားတဲ့အတိုင်း ရလား ဆိုတော့ မရဘူးလေ၊ ဒုက္ခနိရောဓအစစ် မဟုတ်ဘူးလေ။

ဘာသာတိုင်းမှာ "မောက်ခ်ရှ" ဆိုတဲ့ လွတ်မြောက်မှုလေးတွေ ရှိတယ်ပေါ့၊ ထာဝရဘုံလေးတွေ ရှိတယ်ပေါ့၊ ထာဝရကောင်းကင်ဘုံလို့ ပြောလို ပြောနော်၊ အမည်နာမလေးတွေသာ ကွဲနေတာ၊ ထာဝရဘုံလေးတွေကို သူတို့သတ်မှတ်ပြီးတော့- ဗုဒ္ဓဘာသာက သတ်မှတ်တဲ့ နိဗ္ဗာန်လိုပဲ ဒုက္ခနိရောဓလို့ သတ်မှတ်ပြီးတော့ ကြိုးပမ်းအားထုတ်ကြတယ်၊ သို့သော် ဒုက္ခနိရောဓအစစ်ကို ရလား ဆိုတော့ မရဘူး။

**ဒုက္ခနိရောဓဂါမိနိပဋိပဒါကို မသိသည့်အတွက်ကြောင့်** မှားမှားယွင်းယွင်းအကျင့်တွေ ကျင့်ပြီးတော့ တကယ့် ဒုက္ခနိရောဓကို ရောက်စေတတ်တဲ့ အရာမျိုးကို မရောက်ဘူးတဲ့၊ ဒါ သစ္စာလေးပါးကို မသိသည့်အတွက်ကြောင့် မှားယွင်းချွတ်ချော်မှုတွေနဲ့ ပတ်သက်ပြီးတော့ ပြောတာ။

ကောင်းပြီ- အဝိဇ္ဇာက အခုလို သင်္ခါရတရားတွေကို ဖြစ်ပေါ်စေတာဟာ အဝိဇ္ဇာသည် သင်္ခါရတရားတွေ ဖြစ်ပေါ်ဖို့ရာအတွက် chance ပေးတဲ့သဘောပဲ၊ အဝိဇ္ဇာရှိနေသည့်အတွက်ကြောင့် သင်္ခါရတရားတွေဟာ ဖြစ်ပေါ်လာရတယ်၊ အဝိဇ္ဇာက သင်္ခါရတရားတွေကို ထုတ်လုပ်တာ မဟုတ်ဘူး၊ သူရှိနေသည့်အတွက်ကြောင့် ဒီကံတရားတွေဟာ ရှိလာရတယ်။

http://www.dhammadownload.com



**အကုသိုလ်အဝိဇ္ဇာသည် ကုသိုလ်သင်္ခါရကို ကျေးဇူးပြုပုံ**

ကဲ ကောင်းပြီ - အဲဒီလို ကံတရားတွေ ရှိလာရတဲ့အခါမှာ အဝိဇ္ဇာက အကုသိုလ်ဖြစ်လျက်သားနဲ့ ကုသိုလ်ဖြစ်တဲ့ ပုညာဘိ-သင်္ခါရကို ဘယ်လိုနည်းနဲ့ ကျေးဇူးပြုတာလဲ? မတူညီတဲ့အကြောင်းတရားက မတူညီတဲ့အကျိုးတရားတွေကို ဖြစ်ပေါ်စေတာများ ရှိသလား၊ ဆိုပါစို့- တမာစေ့စိုက်ပြီးတော့ သရက်ပင်ပေါက်တာများ တွေ့ဖူးသလား၊ မတွေ့ဖူးဘူးနော်၊ ဒါဖြင့် အဝိဇ္ဇာဆိုတဲ့ တမာစေ့ စိုက်ပြီး ပုညာဘိသင်္ခါရဆိုတဲ့ သရက်ပင်ပေါက်နေတာကျတော့ ဘယ်လိုပြောမလဲ၊ အဲဒါကို ဘယ်လိုရှင်းသလဲဆိုလို့ရှိရင် မတူညီတဲ့ အကျိုးတွေကိုလည်း ပေးတတ်တဲ့သဘာဝ ရှိတယ်။

သစ်ပင်လေးတစ်ပင်က မျိုးစေ့လေးတစ်ခုကိုကြည့် - သရက်စေ့လေးကို စိုက်လိုက်တဲ့အခါမှာ ဘယ်နှစ်မျိုးထွက်လာသလဲဆိုလို့ရှိရင် သရက်စေ့က အမြစ်ထွက်လာတယ်၊ အညှောက်ထွက်လာတယ်၊ အဲဒီအညှောက်က ပင်စည်ဖြစ်တယ်၊ နောက် အကိုင်းတွေ ဖြစ်တယ်၊ အရွက်တွေ ဖြစ်တယ်၊ အသီးတွေ ပေါ်လာတယ်၊ အပွင့်တွေပေါ်လာတယ်၊ အဲဒီထဲမှာ သရက်စေ့နဲ့ တူတာဆိုလို့ရှိရင် သရက်သီးပဲရှိတယ်၊ ဟုတ်ကဲ့လား၊ အမြစ်ကလည်း သရက်စေ့နဲ့ တူရဲ့လား၊ မတူဘူး၊ ဟော- မတူတာတွေ ဖြစ်တယ် ဆိုတာ လက်တွေ့ပြတယ်ပေါ့။

အဝိဇ္ဇာက အကုသိုလ်ဖြစ်ပေမယ့်လို့ သူနဲ့ပတ်သက်ပြီး ဖြစ်လာတာက ကုသိုလ်ဖြစ်ချင် ဖြစ်မှာပဲ၊ ဒါက ဖြစ်နိုင်တယ်ဆိုတာ ကို ပြောတာနော်၊ အေး - မျိုးစေ့နဲ့ မတူတာ အမြစ်, မျိုးစေ့နဲ့ မတူတာ အပင်, မျိုးစေ့နဲ့ မတူတာ ပင်စည်, မျိုးစေ့နဲ့ မတူတာ အကိုင်း

http://www.dhammadownload.com



အခက်, မျိုးစေ့နဲ့ မတူတာ အရွက်, မျိုးစေ့နဲ့ မတူတာ အပွင့်၊ မျိုးစေ့နဲ့တူတာကျတော့ အသီး - ဒီတစ်ခုပဲ ရှိတယ်၊ တူတာလည်း ထုတ်တယ်၊ မတူတာလည်း ထုတ်တယ်လို့ ဒီလို နားလည်ရမယ်ပေါ့။

အဲဒီတော့ အဝိဇ္ဇာသည် အကုသိုလ်စစ်စစ်ဖြစ်လျက်သားနဲ့ ပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ်ကိုဖြစ်စေတယ် chance ပေးတယ်၊ အဲဒီလို ပေးတဲ့အခါမှာ ပဋ္ဌာန်းပစ္စည်းအနေနဲ့ ဘာကို အကြောင်းပြုပြီးတော့ ပေးသလဲ?

**ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ပုံ**

ပဋ္ဌာန်းနည်းဖြင့် လေ့လာကြည့်မယ် ဆိုလို့ရှိရင် - အဝိဇ္ဇာက ကုသိုလ်ဖြစ်ဖို့ အကြောင်းပြုတဲ့အခါ **"အာရမ္မဏပစ္စည်း" "ဥပနိဿယပစ္စည်း"** ဒီ ၂-ပစ္စည်းဖြင့် ကျေးဇူးပြုတယ်။

"အဝိဇ္ဇာ"ကို ဝိပဿနာရှုမယ်၊ ကိုယ့်သန္တာန်မှာ အဝိဇ္ဇာဖြစ်လာပြီ၊ ဓမ္မာနုပဿနာထဲပါတဲ့ နီဝရဏတရားတွေကို ရှုတဲ့အခါမှာ အဝိဇ္ဇာနီဝရဏ၊ သို့မဟုတ် စိတ္တာနုပဿနာကျတော့ အဝိဇ္ဇာကို တိုက်ရိုက်ရှုတာ မဟုတ်ဘူး - **"သမောဟံ ဝါ စိတ္တံ သမောဟံ စိတ္တန္တိ ပဇာနာတိ"** မောဟနဲ့ယှဉ်တဲ့စိတ်ကို ရှုတာကို ပြောတာနော်။

ဓမ္မအနေနဲ့ အဝိဇ္ဇာကို ဝိပဿနာရှုလို့ ရတယ်ပေါ့၊ ကိုယ့်သန္တာန်မှာဖြစ်တဲ့ အဝိဇ္ဇာကို ဝိပဿနာရှုတဲ့အခါမှာ အဝိဇ္ဇာသည် အာရုံအကြောင်းတရား မဖြစ်ဘူးလား၊ ရှုတဲ့စိတ် ဝိပဿနာဉာဏ်က မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ဖြစ်တယ်။

ဒီနေရာမှာ အဝိဇ္ဇာဆိုတဲ့ အာရုံအကြောင်းတရားသည် မဟာကုသိုလ်ဆိုတဲ့ သင်္ခါရတရားကို ပဋ္ဌာန်းနည်းအရ အာရမ္မဏ

http://www.dhammadownload.com



သတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဒီလိုပြောတာ၊ ပဋ္ဌာန်းကျတော့ အဝိဇ္ဇာသည် ကာမာဝစရကုသိုလ်စိတ်ရဲ့အာရုံ ဖြစ်နိုင်တယ်လို့ ပြောတာ။

ဒီကာမာဝစရကုသိုလ်စိတ်ဟာ အဝိဇ္ဇာကို အကြောင်းပြုပြီးတော့ ဖြစ်တာ၊ အဝိဇ္ဇာကို အာရုံပြုပြီးတော့ ဖြစ်တာ၊ ဒါ့ကြောင့်မို့ ဒီနေရာမှာ အဝိဇ္ဇာက ကာမာဝစရကုသိုလ်ကို **အာရမ္မဏသတ္တိနဲ့** ကျေးဇူးပြုတယ်။

တစ်ခါ ရူပါဝစရစျာန် ရ,ထားပြီးတော့ အဘိညာဉ်စိတ်ဖြစ်တယ်၊ အဘိညာဉ်တန်ခိုးတွေ ရတယ်၊ စေတောပရိယအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ် စသည်ဖြင့် အဘိညာဉ်တွေ ရထားတယ်၊ အဲဒီအဘိညာဉ်စိတ်နဲ့ အဝိဇ္ဇာကို ကြည့်လို့ ရတယ်၊ ကိုယ့်သန္တာန်မှာဖြစ်တဲ့အဝိဇ္ဇာကိုဖြစ်စေ, သူများသန္တာန်မှာဖြစ်တဲ့ အဝိဇ္ဇာကိုဖြစ်စေ၊ အဲဒီလို ရှုတဲ့အခါမှာလည်းပဲ အဝိဇ္ဇာသည် အဘိညာဉ်ကုသိုလ်စိတ်အား **အာရမ္မဏသတ္တိနဲ့** ကျေးဇူးပြုတယ်၊ အဝိဇ္ဇာကို အာရုံပြုပြီးတော့ အဘိညာဉ်စိတ်တွေ ဖြစ်တယ်၊ ဒီလို ဆိုလိုတာနော်။

ကဲ နောက်တစ်ခု - ဘုန်းကြီးတို့တစ်တွေ တရားနာရလို့ အသိတရားတွေ ရလာတဲ့အခါကျတော့ "အဝိဇ္ဇာဆိုတာ မကောင်းဘူး၊ အကုသိုလ်တရားပဲ၊ သစ္စာလေးပါးကို အမှန်မသိတဲ့ အဝိဇ္ဇာကို တို့-ဖယ်ရှားပစ်မှဖြစ်မယ်" ဆိုပြီး အဝိဇ္ဇာက လွတ်မြောက်ဖို့အတွက် ဒါနကောင်းမှုတွေ လုပ်မယ်၊ သီလတွေ ဆောက်တည်မယ်၊ ဘာဝနာတွေ ပွားမယ်၊ ဒီလိုရော မလုပ်ဘူးလား၊ အဝိဇ္ဇာကို ဖယ်ရှားဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုရင် အဲဒီအဝိဇ္ဇာဟာ

http://www.dhammadownload.com



ဖြစ်ပေါ်လာတဲ့ ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ်တွေကို **ဥပနိဿယသတ္တိနဲ့** ကျေးဇူးပြုတယ်။

အဝိဇ္ဇာကို ဖယ်ရှားဖို့ ဈာန်တရားကို အားထုတ်တယ်၊ ဈာန်ရလာတယ်၊ အဲဒီဈာန်ကုသိုလ်စိတ်ကို အဝိဇ္ဇာက **ဥပနိဿယသတ္တိနဲ့** ကျေးဇူးပြုတယ်။

နောက်တစ်ခု - လူတွေဟာ အမှန်တရားကို မသိသည့်အတွက်ကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်ကြတယ်၊ ကာမဘုံကို တောင့်တပြီးတော့ ပြုကြတယ်၊ ရူပဘုံကို တောင့်တပြီးတော့ ပြုကြတယ်၊ ကုသိုလ်ကောင်းမှုလုပ်တာ ကာမဘဝ, ရူပဘဝ ရလိုစိတ်နဲ့ ပြုလုပ်တယ်၊ အဲဒီကုသိုလ်စိတ်တွေကို အဝိဇ္ဇာက **ဥပနိဿယသတ္တိနဲ့** အထောက်အကူပြုတယ်။

ဒါကြောင့်မို့ အဝိဇ္ဇာက ပုညာဘိသင်္ခါရကို ကျေးဇူးပြုတာ ပဋ္ဌာန်းနည်းနဲ့ပြောမယ်ဆိုလို့ရှိရင် **အာရမ္မဏပစ္စည်းနဲ့ ဥပနိဿယပစ္စည်း** ဒီလို ၂-ပစ္စည်း ဖြစ်တယ်။

တစ်ခါ အဝိဇ္ဇာက အာနေဉ္ဇာဘိသင်္ခါရဆိုတဲ့ အရူပါဝစရဈာန်ကုသိုလ်စိတ်ကို ဥပနိဿယပစ္စည်းတစ်မျိုးတည်းနဲ့ပဲ ကျေးဇူးပြုတယ်၊ အဝိဇ္ဇာကို လွန်မြောက်ဖို့ရန် ရည်ရွယ်ချက်နဲ့ အရူပဈာန်ကို အားထုတ်တယ်၊ အဲဒီလို အားထုတ်လို့ရှိရင် အဝိဇ္ဇာက အာနေဉ္ဇာဘိသင်္ခါရကုသိုလ်ကို **ဥပနိဿယသတ္တိနဲ့** ကျေးဇူးပြုတယ်။

နောက် အရူပဘုံကို တောင့်တပြီးတော့ အရူပဈာန်ကို အားထုတ်တယ်၊ အဝိဇ္ဇာဖြင့် အမှန်မသိသည့်အတွက်ကြောင့် အရူပဘုံဟာ သံသရာက လွတ်တဲ့ဘုံပဲ, ဒုက္ခတွေအားလုံး ချုပ်ငြိမ်းတဲ့ဘုံပဲ

http://www.dhammadownload.com



လို့- ဒီလို အထင်မှားပြီးတော့ အရှုပဘုံကို တောင့်တပြီး လုပ်လို့ရှိရင်လည်း အဝိဇ္ဇာက အာနေဉ္ဇာဘိသင်္ခါရကို **ဥပနိဿယသတ္တိနဲ့** ကျေးဇူးပြုတယ်လို့ ဒီလိုပြောတယ်။

## အကုသိုလ်အဝိဇ္ဇာသည် အကုသိုလ်သင်္ခါရကို ကျေးဇူးပြုပုံ

အဝိဇ္ဇာက အကုသိုလ်၊ အဲဒီအကုသိုလ်တရားက အပုညာဘိသင်္ခါရကို ကျေးဇူးပြုတယ်ဆိုတာကတော့ အင်မတန်မှ ရှင်းပါတယ်၊ ဒါက အဝိဇ္ဇာကို သာယာတဲ့တဏှာရာဂ ဖြစ်နိုင်တယ်၊ ဒိဋ္ဌိ ဖြစ်နိုင်တယ်၊ အဝိဇ္ဇာကို မုန်းတီးတဲ့ဒေါသ ဖြစ်နိုင်တယ်၊ ပုထုဇဉ်တွေမှာလေ။

အဝိဇ္ဇာနဲ့ပတ်သက်ပြီးတော့ ဒေါသဖြစ်တယ်၊ အယူမှားမှုတွေ ဖြစ်လာမယ် ဆိုလို့ရှိရင် အဝိဇ္ဇာက အပုညာဘိသင်္ခါရကို အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အဝိဇ္ဇာက အာရုံအကြောင်းတရားပစ္စည်း, ဖြစ်ပေါ်လာတဲ့အကုသိုလ်တွေက အာရမ္မဏိက ပစ္စယုပ္ပန်၊ **အာရမ္မဏသတ္တိနဲ့** ကျေးဇူးပြုတယ်လို့ ပြောတာနော်။

တစ်ခါ အဝိဇ္ဇာကို အလေးအနက်ထားပြီးတော့ အာရုံပြုတယ်, စွဲလမ်းတယ် ဆိုလို့ရှိရင်တော့ **အာရမ္မဏာဓိပတိ** ဖြစ်နိုင်တယ်၊ **အာရမ္မဏူပနိဿယ** ဖြစ်နိုင်တယ်၊ ဒါကြောင့် ဖြစ်နိုင်တဲ့ ပစ္စည်းတွေက **အာရမ္မဏ** ဖြစ်နိုင်တယ်၊ **အာရမ္မဏာဓိပတိ** ဖြစ်နိုင်တယ်၊ **အာရမ္မဏူပနိဿယ** ဖြစ်နိုင်တယ်။

တစ်ဖန် အဝိဇ္ဇာနဲ့ အပြစ်မမြင်လို့ အကောင်းထင်ပြီးတော့ အကုသိုလ်တွေ လုပ်တယ်၊ အဲဒီလို အဝိဇ္ဇာဖြင့် အပြစ်မမြင်ဘဲနဲ့

http://www.dhammadownload.com



အကုသိုလ်လုပ်လို့ရှိရင် အဝိဇ္ဇာသည် အကုသိုလ်ကို ဥပနိဿယ **သတ္တိနဲ့** ကျေးဇူးပြုတယ်လို့ ဒီလိုပြောတာ။

ဒါ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းနဲ့တွဲစပ်ပြီး လေ့လာတာပဲ နော်၊ အဲဒီလို ဆက်သွယ်မှု ရှိတယ်ပေါ့။

နောက်တစ်ခု အကုသိုလ်စိတ်ဖြစ်တဲ့အခါမှာ အဝိဇ္ဇာဟာ လောဘနဲ့ တွဲဖြစ်တာ ရှိတယ်၊ ဒေါသနဲ့ တွဲဖြစ်တာ ရှိတယ်၊ အကုသိုလ်ဇောစိတ်တွေဖြစ်ရင် ပထမဇောကနေ ဒုတိယဇော၊ ဒုတိယဇောကနေ တတိယဇော၊ ဇောအချင်းချင်း တစ်ခုနဲ့ တစ်ခု ဆက်သွယ်ပြီးတော့ ဖြစ်သွားတာတွေ ရှိတယ်၊ အဲဒီလို ပထမဇော ကနေ ဒုတိယဇောဆိုတာမျိုးကျတော့ **အနန္တရသတ္တိ, သမနန္တရ သတ္တိ, အာသေဝနသတ္တိ, ဥပနိဿယသတ္တိ, နတ္ထိသတ္တိ, ဝိဂတ သတ္တိတွေနဲ့** ကျေးဇူးပြုတယ်လို့ ဒီလိုပြောတာနော်၊ ရှေ့နဲ့ နောက် ကျတော့ အနန္တရမျိုး ဖြစ်သွားတယ်။

တစ်ခါ- အဝိဇ္ဇာဟာ လောဘမူစိတ်ထဲမှာ ယှဉ်တွဲပြီးတော့ ဖြစ်နေတယ်ဆိုရင် ဘာသတ္တိတွေနဲ့ ကျေးဇူးပြုတုန်း? အဝိဇ္ဇာနဲ့ အကုသိုလ်စိတ်ဆိုတာ တစ်ပြိုင်နက်ယှဉ်တွဲပြီး ဖြစ်လာတာ ဖြစ် တယ်, born together သဟဇာတ အတူတကွ ဖြစ်လာကြတာ၊ အဝိဇ္ဇာက ဟိတ် ၆-မျိုးထဲမှာ မောဟဟိတ်အနေနဲ့ပါတာ ဖြစ်သော ကြောင့် **ဟေတုပစ္စည်းနဲ့** ကျေးဇူးပြုတယ်၊ အတူတကွဖြစ်တာ ဖြစ် သောကြောင့် **သဟဇာတပစ္စည်းနဲ့**လည်း ကျေးဇူးပြုတယ်၊ အပြန် အလှန်ရလို့ **အညမညပစ္စည်းနဲ့**လည်း ကျေးဇူးပြုတယ်၊ အဝိဇ္ဇာကို အမှီပြုပြီးတော့ ကျန်တဲ့တရားတွေဟာ အပြန်အလှန်မှီခိုပြီး ဖြစ်ကြ တာ ဖြစ်သောကြောင့် **နိဿယသတ္တိနဲ့**လည်း ကျေးဇူးပြုတယ်။

http://www.dhammadownload.com



အဝိဇ္ဇာနဲ့ လောဘမူစိတ်တွေဟာ ဖြစ်တာလည်း အတူတူ၊ ချုပ်တာလည်း အတူတူ၊ အာရုံလည်း တူတယ်၊ မှီရာလည်း တူတယ် ဆိုတဲ့ စိတ်တစ်ခုတည်းမှာ ဖြစ်ကြတာ ဖြစ်သောကြောင့် **သမ္ပယုတ္တ သတ္တိနဲ့**လည်း ကျေးဇူးပြုတယ်။

ရှိနေတုန်း ကျေးဇူးပြုတာဖြစ်သောကြောင့် **အတ္ထိသတ္တိနဲ့**လည်း ကျေးဇူးပြုတယ်၊ မကင်းကွာခင် ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အဝိဂတသတ္တိနဲ့**လည်း ကျေးဇူးပြုတယ်လို့ - အဝိဇ္ဇာက အကုသိုလ်ကျတော့ ပစ္စယသတ္တိတွေ မြောက်မြားစွာပါဝင်နိုင်တယ်လို့ ဒီလိုပြောတာနော်၊ ဒါပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်တဲ့ နည်းစနစ်တစ်ခုပါပဲ။

ဒါကြောင့်မို့ တရားချစ်ခင်သူတော်စင်ပရိသတ်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာရဲ့ အင်မတန်လေးနက်တဲ့ ဒေသနာတော်နှစ်ရပ်ကို မိမိတို့ဘဝနဲ့စပ်ဟပ်ပြီးတော့ သိအောင် ကြိုးစားရမယ်၊ မြတ်စွာဘုရားရဲ့ဒေသနာတော်တွေကို ကြိုးစားပြီးတော့ လေ့လာလိုက်စားခြင်းဖြင့် မှန်ကန်တဲ့အသိဉာဏ်တွေကို ရပြီး မိမိတို့ရဲ့သံသရာက လွတ်ကြောင်းဖြစ်တဲ့ အသိဉာဏ်ထူးတွေကို ကိုယ်စီကိုယ်ငှ ရအောင် အားထုတ်နိုင်ကြပါကုန်စေသတည်း။

ဖ ဖ ဿ ဿ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"

## အပိုင်း (၂)

**သာသနာတော်နှစ် ၂၅၅၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ တပေါင်းလဆန်း ၅-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဖေဖော်ဝါရီလ ၁၇-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိပိမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး၊ အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမဝတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။**

ဒီကနေ့ **"သင်္ခါရပစ္စယာ ဝိညာဏံ"** ကို ပဋ္ဌာန်းနည်းအရ ရှင်းပြမယ်၊ မနေ့က **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"** - အဝိဇ္ဇာဆိုတဲ့ ကိလေသာကို အကြောင်းပြုပြီးတော့ သင်္ခါရဆိုတဲ့ ကုသိုလ်အကုသိုလ် ကံတရားတွေ ဖြစ်ပေါ်တည်ရှိနေပုံကို ပြောခဲ့ပြီ၊ ဒီနေရာမှာ အဝိဇ္ဇာ နဲ့ အကုသိုလ်က သဘောတူညီမှုရှိသော်လည်းပဲ အဝိဇ္ဇာနဲ့ ကုသိုလ်

http://www.dhammadownload.com



ကျတော့ သဘောမတူဘူး, သဘာဝချင်း ကွဲပြားခြားနားပြီးတော့ ဒီလိုအကျိုး ပြုနိုင်သလားလို့ မေးစရာ ရှိတယ်။

လောကမှာ သဘာဝချင်းမတူဘဲနဲ့ အကျိုးပေးတာတွေ အများကြီးရှိတယ်၊ ဥပမာ- မျိုးစေ့လေးတစ်ခုက အပင်ပေါက်လာအောင် လုပ်ရာမှာ ထိုမျိုးစေ့နဲ့ အလားသဏ္ဌာန်မတူတဲ့ ရေကလည်း အကျိုးပြုတာ ရှိတယ်, ထိုမျိုးစေ့နဲ့ အလားသဏ္ဌာန်မတူတဲ့ မြေကြီးကလည်းပဲ အကျိုးပြုတယ်ပေါ့။

နောက်တစ်ခု ကြည့်မယ်ဆိုလို့ရှိရင် စက္ခုဝိညာဏ်ဆိုတဲ့ မြင်သိစိတ်ကလေး ဖြစ်ပေါ်ဖို့ရာအတွက် အလင်းရောင်လေးက ကျေးဇူးပြုတယ်၊ အဲဒီအလင်းရောင်လေးနဲ့ စက္ခုဝိညာဏ်စိတ်ဆိုတာ သဘာဝအားဖြင့် တူညီမှု မရှိဘူး၊ အဲဒီလို တူညီမှုမရှိတာတွေက အကျိုးပြုတယ်ဆိုတာ လောကမှာ အထင်အရှားရှိတယ်။

ဒါကြောင့်မို့ မတူညီတဲ့အကုသိုလ်တရားက ဘယ်လိုလုပ်ပြီးတော့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ကုသိုလ်တရားမျိုးကို ဖြစ်ပေါ်စေနိုင်သလဲဆိုတာကို ပဋ္ဌာန်းနည်းနဲ့ နားလည်သဘောပေါက်ကြရမယ်။

## “သင်္ခါရပစ္စယာ ဝိညာဏံ”

## သင်္ခါရဆိုင်ရာ သိဖွယ်

ဒီကနေ့ **“သင်္ခါရပစ္စယာ ဝိညာဏံ”** လို့ ကံကို ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားက **သင်္ခါရ** ဆိုတဲ့ အမည်နဲ့ ဟောထားတယ်၊ ပဋိစ္စသမုပ္ပါဒ်ရှေ့ပိုင်းမှာ သင်္ခါရအမည်နဲ့ ဟောထားသော်လည်း

http://www.dhammadownload.com



နောက်ပိုင်းမှာ **"ဘဝပစ္စယာ ဇာတိ"** ဆိုပြီးတော့ **ဘဝ**ဆိုတဲ့နာမည်နဲ့လည်း ဟောပြန်တယ်ပေါ့။

ဒါ လောကမှာ သတ္တဝါတွေအဖို့ ကံတရားဟာ ဘယ်လောက်အရေးပါတယ်ဆိုတာကို ထင်ရှားသိစေတယ်၊ ကံတရားနဲ့ ကိလေသာဟာ တွဲဖက်ပြီးတော့ သတ္တလောကကြီး တစ်ခုလုံးကို ခြယ်လှယ်မွှမ်းမံနေတယ်ဆိုတာကို ထင်ရှားသိစေလိုတဲ့အတွက် မြတ်စွာဘုရားက ကိလေသာနှင့် ကံကို နှစ်မျိုး နှစ်မျိုး တွဲဖက်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်မှာ ဟောထားတာ။

**ကံ - သင်္ခါရ - ဘဝ**

ကံကို **သင်္ခါရ**လို့ ဟောတယ်၊ ကံကိုပဲ **ဘဝ**လို့ ဟောတယ်၊ အဲဒီတော့ ဘဝဟာ ၂-မျိုးရှိသည့် အတွက်ကြောင့် ဥပပတ္တိဘဝနဲ့ ကမ္မဘဝ၊ ကံက ထုတ်လုပ်လိုက်တဲ့ခန္ဓာကို **ဥပပတ္တိဘဝ**လို့ ခေါ်ပြီး ကံတရားကိုတော့ **ကမ္မဘဝ**လို့ ဒီလို ခွဲခြားပြီး ကြည့်ကြရတယ်။

သို့သော် **"ဘဝပစ္စယာ ဇာတိ"** ဆိုတဲ့ စကားလုံးမှာ ဘဝဆိုတာ **ဥပပတ္တိဘဝ**ကို ဆိုလိုတာ မဟုတ်ဘဲနဲ့ **ကံ**ကိုပဲ ဆိုလိုတယ်ဆိုတာ အဋ္ဌကထာကျမ်းဂန်တွေမှာ ရှင်းလင်းဖော်ပြထားတာ ရှိတယ်၊ **ဘဝဂါမိကမ္မ** - ဘဝကိုပို့ဆောင်ပေးတဲ့ကံ -သို့မဟုတ်- ဘဝကို ပစ်ချပေးတဲ့ကံမျိုးကို ဒီနေရာမှာ **ဘဝ**လို့ပဲ သုံးလိုက်တယ်ပေါ့။

ဗုဒ္ဓဘာသာဖြစ်ဖို့ရာအတွက် အခြေခံအားဖြင့် ဘာလိုအပ်သလဲဆိုတာကို ဒါနဲ့ ဆက်စပ်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် ကံနဲ့ ကံရဲ့အကျိုးကို လက်ခံဖို့ လိုအပ်တယ်၊ ကံတရားကို လက်ခံလိုက်တာနဲ့ တစ်ပြိုင်နက် ကံရဲ့အကျိုးဆက်ကိုလည်း လက်ခံပြီးသားဖြစ်

http://www.dhammadownload.com



တယ်၊ ကံတရားကို လက်မခံဘူး, ကံရဲ့အကျိုးကို လက်မခံဘူး ဆို လို့ရှိရင် ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံမရှိဘူးလို့ ပြောလို့ ရတယ်။

ပဋိစ္စသမုပ္ပါဒ်မှာ ကံတရားရဲ့ အရေးပါမှုကြောင့် မြတ်စွာ ဘုရားက **"သင်္ခါရပစ္စယာ ဝိညာဏံ" "ဘဝပစ္စယာ ဇာတိ"** လို့ ဒီလို ၂-ဌာန ဟောထားတယ်။

ဒုစရိုက်၁၀-ပါးကို ပြတဲ့အခါမှာ မနောကံမှာ မိစ္ဆာဒိဋ္ဌိဆိုတာ ပါတယ်၊ သုစရိုက် ၁၀-ပါး မနောကံအရာမှာ သမ္မာဒိဋ္ဌိလို့ ပါတယ်၊ အဲဒီမှာ ကံကိုငြင်းပယ်တဲ့ အယူအဆတစ်ရပ်ကို မိစ္ဆာဒိဋ္ဌိလို့ ပြော တာ၊ ဒါကြောင့်မို့ "နတ္ထိကဒိဋ္ဌိ"ဆိုတာ တိုက်ရိုက်အားဖြင့် ကံရဲ့ အကျိုးကို ငြင်းပယ်တာ။

**နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ-** လှူတာ ပူဇော်တာ ပသ တာ လက်ဆောင်ပေးတာ ဆိုတဲ့ ဒါနကောင်းမှုရဲ့ အကျိုးတွေကို လက်မခံတာ၊ အဲဒါလည်း ကံကိုလက်မခံတဲ့ သဘောပဲ။

**နတ္ထိ သုကဋ ဒုက္ကဋာနံ ကမ္မာနံ ဖလာနံ ဝိပါကော** - ကောင်းစွာပြုအပ် မကောင်းသဖြင့်ပြုအပ်တဲ့ ကုသိုလ်ကံအကုသိုလ် ကံတွေရဲ့ အကျိုးဆိုတာ မရှိဘူးလို့ ကံကို ငြင်းပယ်တယ်။

အဲဒီကံကို ငြင်းပယ်တဲ့ မိစ္ဆာဒိဋ္ဌိရှိနေလို့ဆိုရင် ကံကို ငြင်း ပယ်တဲ့အတွေးရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ကောင်းရာသုဂတိကို မရောက်နိုင်ဘူးတဲ့၊ ဒါကြောင့်မို့ အဲဒီမိစ္ဆာဒိဋ္ဌိကို **"သဂ္ဂါဝရဏ"** ကောင်းရာသုဂတိကို တားမြစ်နိုင်တဲ့အပြစ်လို့ စာပေကျမ်းဂန်မှာ ဆို တယ်။

ဒီမနောကံအရာ မိစ္ဆာဒိဋ္ဌိဆိုတာ သက္ကာယဒိဋ္ဌိကို ပြောတာ မဟုတ်ဘူး၊ သက္ကာယဒိဋ္ဌိဆိုတာ သောတာပန်ဖြစ်မှ ဖယ်ရှားလို့ ရ

http://www.dhammadownload.com



မယ်၊ သက္ကာယဒိဋ္ဌိ ရှိနေပေမယ်လို့ ကံ, ကံ၏အကျိုးကို လက်ခံတဲ့ ပုဂ္ဂိုလ်ဆိုရင် ကောင်းရာသုဂတိကို ရောက်နိုင်တယ်၊ သက္ကာယဒိဋ္ဌိကို တဒင်္ဂအနေနဲ့ **နာမရူပပရိစ္ဆေဒဉာဏ်**နဲ့ ဖယ်ရှားနိုင်တယ်၊ အကြွင်းမဲ့ဖယ်ရှားတာကျတော့ **သောတာပတ္တိမဂ်ဉာဏ်**နဲ့မှ ဖယ်ရှားလို့ ရတယ်။

ဒီတော့ ဗုဒ္ဓဘာသာဖြစ်ဖို့ အရေးကြီးတာဘာတုန်းဆိုရင် ကံကို လက်ခံဖို့ အရေးကြီးတယ်၊ ကံကို ငြင်းပယ်တယ်, ကံရဲ့အကျိုးကို ငြင်းပယ်ပြီ ဆိုလို့ရှိရင် ဘယ်လိုနည်းနဲ့မှ ဗုဒ္ဓဘာသာ မဖြစ်နိုင်ဘူး၊ ဒါအခြေခံအားဖြင့် ဆိုလိုတာ။

ဝိနည်းကျမ်းဂန်ထဲမှာ မြတ်စွာဘုရားက ဘာသာအယူဝါဒကွဲပြားတဲ့ သာသနာတစ်ခုမှာ ဝင်ရောက်ပြီး သာသနာ့ဝန်ထမ်း လုပ်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဗုဒ္ဓမြတ်စွာရဲ့သာသနာတော်အတွင်း ရဟန်းအဖြစ် ဝင်ရောက်ချင်တယ်ဆိုရင် ၄-လစောင့်ဆိုင်းပြီး အကဲခတ်ခြင်းကို ခံရမယ်၊ ၄-လတိုင်တိုင် ချမှတ်ထားတဲ့ ကျင့်ဝတ်စည်းကမ်းကို လိုက်နာပြီးတော့ စောင့်ကြည့်တာကို ခံရမယ်၊ ဆိုလိုတာ ၄-လ ဆိုင်းရမယ်၊ **အညတိတ္ထိယ ပရိဝါသ** လို့ ခေါ်တယ်၊ သင်တန်းပေးထားတဲ့ အပိုင်းပေါ့၊ ၄-လဆိုင်းငံ့ထားပြီး အယူဝါဒတွေနဲ့ပတ်သက်ပြီးတော့ အကဲခတ်စမ်းသပ်လေ့ကျင့်လို့ ၄-လပြည့်တဲ့အခါကျမှ ကျေနပ်ပြီဆိုရင် ရဟန်းပြုပေးနိုင်တယ်လို့ ဒီလိုဆိုထားတယ်။

အဲဒီပညတ်ချက်ဟာ ကံနဲ့ကံရဲ့အကျိုးကိုလက်ခံတဲ့ ကမ္မဝါဒီပုဂ္ဂိုလ်တွေ ဆိုလို့ရှိရင် အဲဒီလို ၄-လ စောင့်ဆိုင်းပြီးတော့ စမ်းသပ်ခံတဲ့အတိုင်းအတာတစ်ခု လုပ်စရာမလိုဘူးတဲ့၊ ချက်ချင်း သာသနာ့

http://www.dhammadownload.com



ဘောင် ဝင်ခွင့်ပြုတယ်, ရဟန်းခံခွင့် ပြုတယ်၊ အဲဒါကို ထောက်ထားမယ် ဆိုလို့ရှိရင် ကံကို လက်ခံခြင်းဟာ ဗုဒ္ဓဘာသာဖြစ်ဖို့အတွက် တကယ့်အခြေခံကောင်းကြီးလို့ ယူဆရတယ်။

ဒီတော့ မြတ်စွာဘုရားဟောတဲ့ တရားတော်တွေဟာလည်းပဲ အကြောင်းနဲ့ အကျိုးကို ဟောတယ်၊ အဲဒီအကြောင်းနဲ့ အကျိုးဆိုတဲ့အထဲမယ် ကိလေသာဆိုတာလည်း အကြောင်းတစ်ခုပဲ၊ ကံဆိုတာလည်း အကြောင်းတစ်ခုပဲ။

## ကံနှင့် ကိလေသာ အရေးကြီးပုံ

အကြောင်းတွေက တစ်ခုတည်း မဟုတ်ဘူး၊ အကြောင်းပေါင်း မြောက်မြားစွာ ဟောကြားထားတာ ဖြစ်တယ်၊ အဲဒီအကြောင်းတွေထဲမှာ အရေးပါတဲ့အကြောင်းကတော့ ကိလေသာနဲ့ ကံပဲ ဖြစ်တယ်၊ သံသရာဝဋ်က လွတ်ဖို့ ဆိုတာလည်းပဲ ဒီအကြောင်းနှစ်ပါးထဲက ကိလေသာကို ပယ်ဖျက်ဖို့က အင်မတန်မှ အရေးကြီးတယ်၊ ကိလေသာဆိုတဲ့အဖော်သဟဲရမှ ကံဆိုတာ အကျိုးပေးလို့ ရတယ်၊ ကိလေသာရဲ့အကူအညီမရဘဲနဲ့ ကံတစ်ခုတည်းကနေ မထုတ်လုပ်နိုင်ဘူးတဲ့၊ ဟုတ်တာပေါ့- မျိုးစေ့ကလေးက သူ့ဖာသာသူ နေရင် အပင် မပေါက်ဘူးလေ၊ မြေနဲ့ရေနဲ့ ထိတွေ့ပေးလိုက်မှ မြေရဲ့အကူအညီ ရေရဲ့အကူအညီ ရပါမှ မျိုးစေ့က အပင်ကို ဖြစ်ပေါ်စေတာ။

ထို့အတူပဲ ကံတရားဟာ သီးသီးသန့်သန့် ကံချည်း ရှိနေမယ်, ကိလေသာအကူအညီ မပါဘူးဆိုရင် ထိုကံတရားသည် အကျိုးတစ်စုံတစ်ရာကို ပေးစွမ်းနိုင်ခြင်း မရှိဘူးတဲ့၊ ဒီသဘောကို သိဖို့ အင်မတန်မှ အရေးကြီးတယ်။

http://www.dhammadownload.com



## ကံဆိုတာ ဖယ်ရှားလို့ မရ

ဒါကြောင့်မို့ ဝဋ်သုံးပါး - ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ် လို့ဆိုတဲ့အထဲမယ် ဘယ်ဝဋ်ကို ဖယ်ရှားရမှာလဲလို့ဆိုရင် ကိလေသာကို ဖယ်ရှားရမယ်၊ ကိလေသာကို ဖယ်ရှားလိုက်တာနဲ့ တစ်ပြိုင်နက် ရှိနေတဲ့ ကံတရားတွေဟာ အလုပ်မဖြစ်တော့ဘူး, စွမ်းဆောင်နိုင်မှု မရှိတော့ဘူး၊ ကံတွေက အကျိုးမပေးလို့သာ ကံကို ဖယ်ရှားတယ်လို့ ပြောနေကြတာ၊ တကယ်တော့ ကံဆိုတာ ဖယ်ရှားလို့ မရဘူး။

ဘာဖြစ်လို့တုန်းဆိုတော့ လုပ်ထားပြီးသား ကိစ္စတစ်ခုကို မလုပ်ဘူးလို့ ပြောလို့မှ မရတော့ဘဲ၊ လုပ်ပြီးသားဆိုတာ ပြီးခဲ့ပြီလေ၊ ပြီးခဲ့တဲ့အရာတစ်ခုကို ဘယ်သူက ပြင်လို့ ရမလဲ၊ ရှိမှ မရှိတော့တာ၊ လုပ်ပြီး ဖြစ်နေပြီ, ပြီးပြီးသား ဖြစ်နေပြီ၊ ပြီးပြီးသား ဖြစ်နေတဲ့ အရာကို ဘယ်လိုမှ ပြန်ယူလို့ရတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ ကံဆိုတာ ဖယ်ရှားပစ်လို့ မရဘူး။

ဖယ်ရှားပစ်လို့ရတာက ကိလေသာ၊ ကိလေသာကုန်လို့ရှိရင် ကံကုန်တယ်၊ ဒါကြောင့်မို့ **"ကိလေသနိရောဓာ ကမ္မနိရောဓော"** တဲ့၊ ကိလေသာတွေ ချုပ်ငြိမ်းသွားမှ ကံတရားဟာ အလုပ်မဖြစ်တော့ဘဲ ငြိမ်းသွားမှာ၊ ကံတရားကို သိရှိနားလည်ဖို့ အလွန်တရာ အရေးပါတယ်။

## အစွန်းရောက် ကမ္မဝါဒ

သို့သော် အရာရာဟာ အတိတ်ကလုပ်ခဲ့တဲ့ ကံကြောင့်ပဲလို့ အစွန်းရောက်ကမ္မဝါဒမျိုးကျတော့ မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်၊ အဲဒါက **ပုဗ္ဗေကတဟေတုဒိဋ္ဌိ** တဲ့၊ အခုဘဝဖြစ်နေတဲ့ သုခဒုက္ခ ဆင်းရဲ

http://www.dhammadownload.com



ချမ်းသာခံစားရမှု ဘဝအတွေ့အကြုံ မှန်သမျှဟာ အရင်ကလုပ်ခဲ့တဲ့ကံကြောင့်လို့ တသမတ်တည်းစွဲယူခြင်းကို **ပုဗ္ဗေကတဟေတုဒိဋ္ဌိ** လို့ ခေါ်တယ်၊ အဲဒါ ကမ္မဝါဒအစွန်းရောက်သွားတဲ့ သဘောပဲ။

မြတ်စွာဘုရားက ဘယ်အရာမှ အစွန်းရောက်တာကို လက်မခံဘူး၊ မဇ္ဈိမပဋိပဒါပဲ၊ အကောင်းပဲဖြစ်စေ လွန်သွားရင် အဆိုးဖြစ်တာပဲ၊ အဲဒီတော့ အရာရာ ကံကြောင့်သာလို့ ဒီလိုပြောလိုက်မယ်ဆိုရင် အခြားအကြောင်းတရားတွေကို ငြင်းပယ်ရာ ရောက်တယ်၊ အခြားတရားတွေကို ငြင်းပယ်လိုက်တာနဲ့ တစ်ပြိုင်နက် မှန်ကန်တဲ့အတွေး မဟုတ်တော့ဘူး၊ မှားယွင်းတဲ့အတွေးတွေ ဖြစ်သွားတယ်။

ဆိုပါစို့ - လောကမှာ လူတွေရောဂါဖြစ်တယ်၊ နာစေးချောင်းဆိုးဖြစ်တယ်၊ အစွန်းရောက် ကမ္မဝါဒီသမားက အဲဒီနာစေးချောင်းဆိုးဖြစ်ရတာဟာ အတိတ်က အကုသိုလ်ကံကြောင့် ငါ နာစေးရတယ် ချောင်းဆိုးရတယ်လို့ ဒီလိုယူလို့ရှိရင် ပစ္စုပ္ပန်အကြောင်းတရားကို သူ မျက်ကွယ်ပြုရာရောက်တယ်၊ တကယ်တော့ သူ နာစေးတာ ချောင်းဆိုးတာက အအေးမိလို့၊ ပစ္စုပ္ပန်အကြောင်းတရားက ဆန့်ကျင်ဘက်အအေးဒဏ်ကို မခံနိုင်လို့၊ ခန္ဓာကိုယ်ရဲ့ ရာသီဥတုကို ခုခံနိုင်တဲ့စွမ်းအား လျော့ကျနေလို့၊ မတည့်တဲ့ရာသီဥတုကြောင့် မိမိမှာ ရောဂါတစ်ခုဖြစ်တယ်၊ ဒါဟာ အကြောင်းပဲ၊ ဒီအကြောင်းကိုလည်း လက်ခံရမယ်လို့ ပြောတယ်၊ အဲဒါကို လက်မခံဘဲနဲ့နေမယ်ဆိုလို့ရှိရင် အစွန်းရောက်ကမ္မဝါဒ ဖြစ်သွားလိမ့်မယ်။

သို့သော် ဘဝတစ်ခုမှာ ကံက အရေးပါတယ်ဆိုတာတော့ သေချာတယ်၊ **"ကံဟု မူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာတည့်"**၊ အဓိကအကြောင်းတရားအနေနဲ့ ကံကိုတော့ လက်ခံရ

http://www.dhammadownload.com



မယ်၊ သို့သော် "ကံ - ဉာဏ် - ဝီရိယ" လို့ ဆိုတဲ့အတိုင်း ဉာဏ်ရည်ဉာဏ်သွေးရှိလို့ လုံ့လဝီရိယရှိလို့ ကောင်းကျိုးချမ်းသာတွေ ရနိုင်တာ၊ ကံရဲ့ အကျိုးတရားသက်သက် မဟုတ်ဘူး၊ ဉာဏ်ရဲ့ စွမ်းဆောင်မှုကိုလည်း အသိအမှတ်ပြုရမယ်၊ ဝီရိယရဲ့စွမ်းဆောင်မှုကိုလည်း အသိအမှတ်ပြုရမယ်၊ ဒီလိုဆိုတယ်။

ဒါကြောင့် **ကံတရားနဲ့ ပတ်သက်ပြီးတော့ ကျကျနန နားလည်ဖို့ လိုတယ်**၊ အခြေခံအားဖြင့် ဘုန်းကြီးတို့တစ်တွေ ဘဝ တစ်ခု စ,လာရတာ ကံတရားကြောင့်ဆိုတာ သေချာတယ်၊ အခြား ဘယ်အရာကမှ မလုပ်နိုင်တာကို ကံက အဓိကစွမ်းဆောင်မှု ပေး သွားတယ်၊ အဲဒါကို **"သင်္ခါရပစ္စယာ ဝိညာဏံ"** သို့မဟုတ် **"ဘဝ-ပစ္စယာ ဇာတိ"**၊ ဘယ်နေရာမှာ ဟောဟော မြတ်စွာဘုရားဟောတဲ့ တရားတွေဟာ တစ်ခုနဲ့တစ်ခု ဆန့်ကျင်မှု မရှိဘူး၊ သတ္တဝါတို့ရဲ့ အကြိုက်အဇ္ဈာသယကိုလိုက်ပြီးတော့ စကားလုံးလေးတွေ ပြောင်း လဲပေးတာမျိုးတော့ ရှိတာပေါ့။

## ဘဝသုတ္တန်

အင်္ဂုတ္တရနိကာယ် တိကနိပါတ်မှာ **ဘဝသုတ္တန်**ဆိုတဲ့ သုတ် ၂-သုတ် ရှိတယ်၊ ပထမဘဝသုတ်နဲ့ ဒုတိယဘဝသုတ်၊ အဲဒီသုတ် မှာ ဘဝနဲ့ ပတ်သက်ပြီးတော့ ရှင်အာနန္ဒက မေးခွန်းထုတ်ထား တယ်၊ "အရှင်ဘုရား - အများက ဘဝ, ဘဝနဲ့ ပြောနေကြတာ ဘယ်လို အတိုင်းအတာကြောင့် ဘဝတစ်ခု ရရှိနိုင်လာပါသလဲ" ဆိုတဲ့ မေးခွန်းတစ်ခု မေးထားတာ ရှိတယ်၊ အဲဒီမေးခွန်းရဲ့ အဖြေ

http://www.dhammadownload.com



အချုပ်က မြတ်စွာဘုရားက ကံကိုပဲ ဟောထားတယ်၊ "အကျိုးတရားကို ရင့်ကျက်စေတတ်တဲ့ကံတရား မရှိဘူးဆိုရင် ဘဝဆိုတာ မဖြစ်နိုင်ဘူး" တဲ့၊ အကျိုးပေးဖို့ ရင့်ကျက်လာတဲ့ ကံတရားကို အမှီပြုမှသာလျှင် ဘဝဆိုတာ ဖြစ်လာတယ်။

အဲဒီသုတ္တန်မှာ မြတ်စွာဘုရားက ဘဝတစ်ခု အစပြုလာတဲ့ အခါမှာ ကံရဲ့စွမ်းဆောင်မှုကို ဘယ်လို ဥပမာပေးထားလဲဆိုရင် **"ကမ္မံ ခေတ္တံ"** - ကံဟာ မြေလွှာနဲ့ အလားသဏ္ဌာန် တူတယ်၊ **"ဝိညာဏံ ဗီဇံ"** - ပဋိသန္ဓေဝိညာဏ်စိတ်ကလေးဟာ မျိုးစေ့နဲ့ အလားသဏ္ဌာန် တူတယ်၊ **"တဏှာ သ္နေဟော"**- တွယ်တာမှု တဏှာလေးဟာ ရေနဲ့ အလားသဏ္ဌာန် တူတယ်၊ အစေးဓာတ်နဲ့ အလားသဏ္ဌာန် တူတယ်၊ moisture ပေါ့။

အပင်တစ်ခု ပေါက်လာတယ် ဆိုလို့ရှိရင် ဘာရှိရမလဲ၊ မြေရှိရမယ်, ရေရှိရမယ်, မျိုးစေ့ရှိရမယ်၊ ဒီ ၃-မျိုးပဲ၊ အဲဒီ ၃-မျိုး ပေါင်းဆုံလာလို့ရှိရင် အပင်ပေါက်တာပဲ၊ ဒါ မှန်တယ်၊ ဘဝတစ်ခုမှာလည်းပဲ ထို့အတူပဲ၊ မြေနဲ့ အလားသဏ္ဌာန်တူတဲ့ ကံဆိုတာ ရှိရမယ်၊ မျိုးစေ့နဲ့ အလားသဏ္ဌာန်တူတဲ့ ပဋိသန္ဓေစိတ်၊ ရေအစေးနဲ့ အလားသဏ္ဌာန်တူတဲ့ အတွယ်အတာ၊ ဒါတွေ ပေါင်းစပ်ပြီးတော့ ဘဝတစ်ခုဟာ ရရှိလာတယ်လို့ ပြောတယ်။

ဒီနေရာမှာ စဉ်းစားစရာက **"ကမ္မံ ခေတ္တံ"** - ကံကို မြေလွှာ သဖွယ်ထားတာဟာ အကယ်၍ ကံမရှိဘူးဆိုလို့ရှိရင် ဝိညာဏ်လို့ ဆိုတဲ့ သန္ဓေမျိုးစေ့လေးဟာ ပေါက်လာနိုင်စရာ မရှိဘူး၊ ကံပေါ်မှာ အမှီပြုပြီးတော့ ဘဝတစ်ခုကို အစပြုတယ်ဆိုတာ ဘာမှ အခြေပြုစရာ မရှိသေးဘူး၊ အခြေပြုစရာ မရှိတဲ့အချိန်မှာ ကံသက်သက်

http://www.dhammadownload.com



ကိုသာ အမှီပြုကြရတာ၊ ဒါ့ကြောင့်မို့ ကံဟာ မြေလွှာနဲ့ အလား သဏ္ဍာန် တူတယ်လို့ ဒီလိုဟောတာ၊ **"ကမ္မံ ခေတ္တံ"** - ကံဆိုတဲ့ မြေလွှာပေါ်မှာ သန္ဓေဆိုတဲ့ ဝိညာဏ်မျိုးစေ့လေး ပေါ်လာတယ်၊ အဲဒီမျိုးစေ့လေး ရှင်သန်လာအောင် တွယ်တာမှုလေးကနေပြီးတော့ ရေဆွတ်ဖျန်းပေးတယ်၊ အစိုဓာတ်ကလေး ပေးတယ်၊ အင်မတန် ထင်ရှားတဲ့ဥပမာနဲ့ မြတ်စွာဘုရားက အဲဒီသုတ္တန်မှာဟောထားတယ်။

ပဋိသမုပ္ပါဒ်မှာ လူတွေရဲ့ပဋိသန္ဓေစိတ်လေးဟာ ကံနဲ့ ဆက် သွယ်ပြီးတော့မှ ဖြစ်ပေါ်လာတယ်၊ **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ ဒီလိုဟောတယ်၊ ကဲ ဒီနေရာမှာ စကားလုံးတွေရဲ့အဓိပ္ပါယ်ကို ကြည့်ကြရအောင်၊ မနေ့က အကျဉ်းအားဖြင့် ပြောထားခဲ့တယ်။

## သင်္ခါရ မည်ပုံနှင့် အရ

**သင်္ခါရ** ဆိုတာ ဒီနေရာမှာ ကံကိုပြောတာ၊ ဘာဖြစ်လို့ ကံကို သင်္ခါရလို့ ခေါ်သလဲဆိုရင် ဖန်တီးတတ်လို့, ဖြစ်ပေါ်စေတတ်လို့၊ **"သင်္ခတံ အဘိသင်္ခရောန္တီတိ သင်္ခါရာ"**- ရုပ်တွေ နာမ်တွေကို ဖန်ဆင်းပေးတယ်၊ ဖန်ဆင်းတယ်ဆိုတာ ဆောက်လုပ်ပေးတာ, ဖြစ် ပေါ်စေတာ, ထုတ်လုပ်တာ- ဒီလိုဆိုလိုတယ်၊ ဒီနေရာမှာ သင်္ခါရ ဆိုတာ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ ဒီ ၂-ခုကို ရည်ညွှန်းပြီးတော့ ပြောတယ်။

အကုသိုလ်ကံက ၁၂-မျိုး ရှိတယ်၊ ကုသိုလ်ကံဆိုတဲ့နေရာ မှာ ပဋိစ္စသမုပ္ပါဒ်က သံသရာအကြောင်းရှင်းပြတာ ဖြစ်သောကြောင့် လက်လှမ်းမမှီတဲ့ လောကုတ္တရာကုသိုလ်တွေကို ထည့်မပြောဘူး၊ လောကီကုသိုလ်ကိုပဲ ထည့်ပြောလို့ ရတယ်၊ ဒါကြောင့်မို့ ကာမာ-

http://www.dhammadownload.com



ဝစရကုသိုလ်စိတ် ၈-ခု၊ ရူပဈာန်တရားနဲ့ ပတ်သက်လာတဲ့ ရူပါ-ဝစရကုသိုလ်စိတ်က ၅-ခု၊ အရူပဈာန်နဲ့ ပတ်သက်ပြီးတော့ အရူပါ-ဝစရကုသိုလ်စိတ်က ၄-ခု၊ လောကီကုသိုလ် ၁၇-ခု ပေါ့၊ အဲဒီ ၁၇-ခုမှာ ယှဉ်တွဲတဲ့စေတနာတွေနဲ့ အကုသိုလ်စိတ် ၁၂-ခုနဲ့ ယှဉ်ပြီးတော့ ဖြစ်ပေါ်လာတဲ့စေတနာတွေကို ဒီနေရာမှာ သင်္ခါရလို့ ပြောတယ်။

## ကံ မည်ပုံ

စေတနာကို ဘာကြောင့် ကံလို့ ခေါ်င်းစဉ်တပ်ရသလဲဆိုတော့ စေတနာတွေက အားလုံးကို စုပေးတဲ့သဘော ရှိတယ်၊ အခုခေတ်စကားနဲ့ ပြောရမယ်ဆိုလို့ရှိရင် organizer ပေါ့၊ သဘာဝတရားတွေကို စုစည်းပေးတာ၊ စုစည်းပေးလိုက်လို့ရှိရင် energy စွမ်းအင်သတ္တိ ရမယ်၊ သူကိုယ်တိုင်ကလည်း စွမ်းဆောင်မှု ရှိတယ်၊ အခြားသဘာဝတရားတွေကိုလည်း စွမ်းဆောင်မှု ရှိလာအောင် စွမ်းအားတွေ ပေးတယ်၊ ဒါကြောင့်မို့ စေတနာကို အင်္ဂလိပ်လို ပြန်တဲ့အခါမှာ volition လို့ ပြန်လေ့ရှိသော်လည်း တကယ်ပြန်သင့်တာက stimulation ဖြစ်တယ်၊ အားလုံးရဲ့စွမ်းအားတွေ ထက်လာအောင် စုစည်းပေးတဲ့ သဘော၊ အဲဒီလို စွမ်းအားတွေ စုမိသွားတာကြောင့် ဘာတွေ ပေါ်လာတုန်းဆိုလို့ရှိရင် စိတ်ကတွေးမှု မနောကံ၊ နှုတ်က ထုတ်ပြောမှု ဝစီကံ၊ ကိုယ်ထိလက်ရောက်ပြုမှု ကာယကံ သဘောတရားတွေ ပေါ်လာတယ်။

အဲဒီလို **ကမ္မ** ဆိုတဲ့ ပြုလုပ်မှုတွေ ပေါ်လာစေတတ်လို့ စေတနာကို ကမ္မလို့ ခေါ်လိုက်တာ၊ အားလုံး စိတ်ရဲ့တွေးခေါ်မှု,

http://www.dhammadownload.com



နှုတ်ရဲ့ပြောဆိုမှု, ကိုယ်ထိလက်ရောက် ဆောင်ရွက်လုပ်ကိုင်မှု ဆိုတဲ့ အဲဒီအမှုတွေက ကမ္မပဲ၊ ကမ္မဆိုတဲ့ စကားလုံးက အမှုပဲ၊ အဲဒီပြုလုပ်မှုတွေ သက်သက်ကို မဆိုလိုဘဲနဲ့ အဲဒီပြုလုပ်မှုတွေရဲ့ နောက်ကွယ်ကနေပြီး ဒီလိုပြုလုပ်မှုတွေကို ဖြစ်ပေါ်စေအောင် ဘယ်သူက စွမ်းဆောင်နေသလဲဆိုရင် စေတနာက စွမ်းဆောင်နေတာ၊ ဒါကြောင့်မို့လို့ ဒီစေတနာလေးကို ကမ္မလို့လည်း ခေါ်တယ်၊ ဖန်တီးတတ်လို့ သင်္ခါရလို့လည်း ခေါ်တယ်၊ ဘဝတစ်ခုကို သယ်ဆောင်သွားတတ်လို့ ဘဝလို့လည်း ခေါ်တယ်ပေါ့။

လောကမှာ လူတွေ နေ့စဉ်နဲ့အမျှ ကြံတွေးနေတဲ့ကိစ္စတွေ, နှုတ်ကထုတ်ပြောနေတဲ့ ကိစ္စတွေ, ကိုယ်ထိလက်ရောက်လုပ်ကိုင်နေတဲ့ကိစ္စတွေက ဘယ်သူရဲ့တွန်းအားလဲဆိုရင် ဟောဒီစေတနာရဲ့ တွန်းအားတွေပဲ၊ သဘာဝတရားတွေကို တွန်းအားပေးလိုက်တဲ့အခါကျတော့ အင်အားတွေ တက်လာတယ်၊ အင်အားတွေ တက်လာလို့ လုပ်ဆောင်မှုတွေက ထင်ရှားလာတာပေါ့၊ ထင်ရှားလာသည့်အတွက်ကြောင့် ဒီလုပ်ရပ်ကို အမှီပြုပြီး ကောင်းကျိုးဆိုးကျိုးဆိုတာ ဖြစ်ပေါ်လာတယ်။

ဒီသင်္ခါရဆိုတဲ့ ကံတရားတွေဟာ လောဘ ဒေါသ မောဟ ဆိုတာတွေက ဦးဆောင်သွားလို့ရှိရင် မကောင်းတဲ့ကံ ဖြစ်တယ်၊ အလောဘ အဒေါသ အမောဟ စတဲ့တရားတွေက ဦးဆောင်သွားလို့ ရှိရင် ကောင်းတဲ့စေတနာ, ကောင်းတဲ့ကံ ဖြစ်လာတယ်၊ ကုသိုလ်ကံ အကုသိုလ်ကံလို့ ကံနှစ်မျိုးနှစ်စား ကွဲပြားခြားနားလာတယ်ပေါ့။

http://www.dhammadownload.com



## ဝိညာဏ မည်ပုံနှင့် အရ

အဲဒီ ကွဲပြားခြားနားလာတဲ့ ကံတရားတွေဟာ သူ့တို့ရဲ့ စွမ်းအားသတ္တိအလိုက် ဝိညာဏ်စိတ်တွေကို ဖြစ်ပေါ်စေတယ်၊ ဒီနေရာမှာ **ဝိညာဏ** ဆိုတာကို - မြန်မာပြည်မှာ သာမန်အရပ်သားတွေက ဝိညာဏ်ဆိုရင် ဝိညာဉ်ကောင်တို့ လိပ်ပြာကောင်တို့ သွား သတိရတယ်၊ လူတွေမမြင်ရတဲ့ လောကကိုလည်း ဝိညာဉ်လောကလို့ တချို့က ပြောတယ်၊ အဲဒါတွေနဲ့ ရောထွေးပြီးတော့ မျက်စိလည်စရာ ရှိတယ်။

ဒီနေရာမှာ **ဝိညာဏဆိုတာ** ဘာကိုပြောတာလဲဆိုတော့ အသိစိတ်လေးကို ပြောတာ၊ အဲဒီစိတ်ကလေးဟာ **စိတ္တဆိုတဲ့** အသုံးလိုပဲ၊ **စိတ္တနဲ့**တူတဲ့ အသုံးတစ်ခုက **ဝိညာဏပဲ**၊ တစ်ခါတစ်ရံ **မန**လို့ သုံးတာရှိတယ်၊ ဒါကြောင့်မို့ သုတ္တန်တစ်ခုမှာ ဒါအတူတူပဲလို့ မြတ်စွာဘုရားက **"ယံ စိတ္တံ တံ မနော၊ ယံ မနော တံ ဝိညာဏံ"** လို့ ဒီလို သုံးထားတာ ရှိတယ်၊ စိတ္တရယ် မနရယ် ဝိညာဏရယ် အတူတူပဲ။

အဲဒီတော့ **ဝိညာဏ** ဆိုတဲ့ စကားလုံးမှာ **ဝိ** ဆိုတာ မတူထူးခြားတဲ့အနေအားဖြင့် **ဉာဏ** က သိတာ၊ ဘယ်သူနဲ့ မတူတာတုန်းဆိုရင် ပညာသိတဲ့ အသိနဲ့လည်း မတူဘူး၊ စိတ်ထဲကမှတ်ပြီးတော့သိတဲ့ သညာသိနဲ့လည်း မတူဘူးတဲ့၊ ပညာသိ သညာသိတွေနဲ့ မတူ, ထူးခြားတဲ့အသိရှိတဲ့ သဘောတရားလို့ ဒီလိုဆိုလိုတယ်။

စိတ်ထဲကသိတဲ့ အသိဟာ **"အာရမ္မဏံ ဝိဇာနာတိ"** ဆိုတဲ့ ဝိဂြိုဟ်စကားအရ **"ဝိဇာနာတိ** - မတူ ထူးခြားစွာသိတယ်" ဆိုတာကောက်ချက်ချတော့ ဘာတုန်းဆိုရင် "အာရုံကို ရယူတာ" ဒီလိုဆိုလိုတယ်၊ ပညာအနေနဲ့ သိတာလည်း မဟုတ်ဘူး၊ စိတ်ထဲက

http://www.dhammadownload.com



မှတ်ထားတဲ့ သညာသိအနေနဲ့ သိတာလည်း မဟုတ်ဘူးတဲ့၊ ပညာသိ သညာသိတို့နဲ့ မတူ ထူးခြားတဲ့ အသိရှိတဲ့ သဘာဝတရားတစ်မျိုးကို **ဝိညာဏ**လို့ ခေါ်တယ်။

**"ဝိညာဏ"**ဆိုတဲ့ တရားတစ်ခုဟာ နေရာလိုက်လို့ ကောက်ယူတဲ့ တရားဓမ္မအနေထားချင်း မတူဘူး၊ **"ဝိညာဏက္ခန္ဓာ"** ဆိုတဲ့ ခန္ဓာနဲ့ ဆက်စပ်ပြီးပြောတဲ့ ဝိညာဏ်ကျတော့ စိတ်မှန်သမျှကို ဝိညာဏ် လို့ ခေါ်တယ်၊ classified လုပ်ထားတာ ရှိတယ် - စိတ်အကျဉ်း ၈၉-ပါး, အကျယ် ၁၂၁-ပါး ရှိတယ်၊ အဲဒီ စိတ်အမျိုးအစားအားလုံးကို ခြုံငုံပြီးတော့ ဝိညာဏက္ခန္ဓာလို့ ခေါ်တာ။

သို့သော် **"သင်္ခါရပစ္စယာ ဝိညာဏံ"** ကျတော့ အဲဒီ ၈၉-မျိုးလုံးကို ဆိုလိုတာ မဟုတ်တော့ဘူး၊ သူ့နေရာနဲ့သူ စကားလုံးအဓိပ္ပါယ်က ယူရတယ်နော်၊ ဒါ လူတွေပြောတဲ့ စကားလုံးတွေရဲ့အားနည်းချက်လို့ ပြောရမယ်၊ စကားလုံးတွေ ထပ်မထွင်တော့ဘူး၊ **"ဝိညာဏ"**ဆိုတဲ့ စကားလုံးက တစ်နေရာမှာယူဆတဲ့ အနေအထားတစ်မျိုး ရှိသော်လည်း နောက်တစ်နေရာမှာ တစ်မျိုးရှိတယ်ပေါ့။

ဒီနေရာမှာ **"ဝိညာဏ"** လို့ ဆိုတာကျတော့ ဘာကို ပြောတာတုန်းဆို ကံရဲ့အကျိုးတရားဖြစ်တဲ့ ဝိညာဏတွေကိုသာ ယူရမယ်၊ ကျန်တာတွေ မယူရဘူးလို့ ပြောတယ်။

ဒါကြောင့်မို့ **"ဝိပါကဝိညာဏ"** ကိုသာ ယူရတယ်၊ **ဝိပါက** ဆိုတာ အကျိုးတရားတဲ့၊ မြန်မာလို ဝိပါက်, ဝိပါက်နဲ့ ခေါ်ကြတာ၊ ကာလဝိပါက် နောက်ပိုးတက်လို့ဆိုတာ **ဝိပါက** ဆိုတဲ့ အဓိပ္ပါယ်က ဒီနေရာမှာ ဘာကိုပြောတာလဲဆိုရင် **ဝိ** ဆိုတာ သဘာဝချင်း မတူတဲ့ ကုသိုလ်နဲ့ အကုသိုလ်ကို ပြောတာ၊ သဘာဝချင်းမတူတဲ့

http://www.dhammadownload.com



ကုသိုလ်,အကုသိုလ်တို့ရဲ့ **"ပါက"** "ရင့်ကျက်ဖြစ်ပေါ်လာတဲ့" အကျိုးတရား၊ ကုသိုလ်,အကုသိုလ်တို့ရဲ့အကျိုးကို **ဝိပါက** လို့ ခေါ်တယ်။

အဲဒီ **ဝိပါက**ကို အမျိုးအစားအလိုက် ခွဲခြားလိုက်တဲ့အခါ သံသရာဝဋ်နဲ့ပတ်သက်တဲ့ ပဋိစ္စသမုပ္ပါဒ်အရာမှာ လောကီဝိပါက် ၃၂-မျိုးကို ယူရတယ်၊ အဲဒီ ၃၂-မျိုးကိုသာလျှင် **"သင်္ခါရပစ္စယာ ဝိညာဏံ"** ဆိုတဲ့နေရာမှာ ဆိုလိုတယ်လို့ ဒီလို မှတ်ရမယ်နော်၊ ဒီ ဝိပါက်စိတ် ၃၂-မျိုးဟာ ကံတရားရှိမှ ဖြစ်ပေါ်လာပါတယ်။

**ဥပစိတကမ္မ**

ကံဆိုတဲ့နေရာမှာလည်းပဲ ဝိသုဒ္ဓိမဂ်မှာ ပြောထားတယ် - **"ဥပစိတကမ္မဘာဝေ ဝိပါကဘာဝတော"** တဲ့၊ **ဥပစိတကမ္မ** ဆိုတာ အကျိုးပေးဖို့ အနေအထားအထိ အင်အားရှိနေတဲ့ ကံမျိုးကို ခေါ်တာ၊ ကံကလည်းပဲ တချို့ကံက အကျိုးပေးနိုင်လောက်အောင် စွမ်းဆောင်မှုမရှိဘူးပေါ့၊ သတ္တိမရှိဘူး၊ ဒါကတော့ ထင်ရှားပါတယ်၊ သစ်ပင်ကနေပြီးတော့ အသီးလေးတွေသီးတဲ့အခါ တချို့အသီးလေးတွေက နုနုနဲ့ ကြွေကျသွားတယ်၊ အစေ့က မရင့်သေးဘူး၊ အစေ့ မရင့်သေးလို့ရှိရင် အပင်မပေါက်နိုင်ဘူးပေါ့။

ကံတရားတွေမှာလည်းပဲ ထို့အတူပဲ - ရင့်ကျက်မှုမရသေးတဲ့ မပြည့်မစုံမလုံလောက်သေးတဲ့ ကံတွေကျတော့ **ဥပစိတကမ္မ** လို့ မခေါ်ဘူးတဲ့၊ အကျိုးပေးနိုင်လောက်အောင် အင်အားမရှိတဲ့ ကံတွေကလည်းပဲ အများကြီးပဲတဲ့၊ သစ်ပင်ကသီးတဲ့ အသီးတွေထဲမှာ အစေ့တိုင်း အပင်ပေါက်နိုင်တာ မဟုတ်ဘူး။

http://www.dhammadownload.com



ကံတွေထဲမှာလည်းပဲ ကံတိုင်းဟာ အကျိုးပေးနိုင်စွမ်း မရှိဘူး၊ ဆိုပါစို့ - ပဋ္ဌာန်းမှာ **ကမ္မပစ္စယော** လို့ ဟောတဲ့အခါမှာ **သဟဇာတကမ္မ**အနေနဲ့ စေတနာမှန်သမျှကို ကမ္မလို့ပဲ ဟောတယ်၊ ဘာဖြစ်လို့လဲဆိုရင် စေတနာမှန်သမျှ စွမ်းဆောင်မှုကို ပေးတယ်, တွန်းအားတွေ ပေးတယ်။

အခု ဒီနေရာမှာ ဆိုလိုတဲ့ ကံကျတော့ အဲဒီကံမျိုး မဟုတ်ဘူး၊ ကုသိုလ်စိတ်တွေနဲ့ယှဉ်တွဲဖြစ်ပေါ်လာတဲ့စေတနာ, အကုသိုလ်စိတ်တွေနဲ့ ယှဉ်တွဲဖြစ်ပေါ်လာတဲ့စေတနာ၊ **ဒီစေတနာမျိုးကိုသာလျှင် ဒီနေရာမှာ ကမ္မလို့ ပြောတာ၊** အခြား ဝိပါက်စိတ်တွေနဲ့ ယှဉ်တွဲလာတဲ့စေတနာတွေ, ကြိယာစိတ်တွေနဲ့ ယှဉ်တွဲလာတဲ့ စေတနာတွေ ရှိသေးတယ်၊ အဲဒီစေတနာတွေကိုတော့ အခု ဒီနေရာမှာ ဆိုလိုတဲ့ **"သင်္ခါရပစ္စယာ ဝိညာဏံ"** က သင်္ခါရဆိုတဲ့ ကံထဲမှာ မပါဘူးလို့ ဒီလို မှတ်ယူရမှာပေါ့။

ဘုန်းကြီးတို့တစ်တွေဟာ နေ့စဉ်နှင့်အမျှ လောဘအခြေခံတဲ့စိတ်, ဒေါသအခြေခံတဲ့စိတ်, မောဟအခြေခံတဲ့စိတ် -သို့မဟုတ်- အလောဘအခြေခံတဲ့စိတ်, အဒေါသအခြေခံတဲ့စိတ်, အမောဟအခြေခံတဲ့စိတ်တွေနဲ့ ကြံတွေးကြတယ်၊ နှုတ်က ပြောဆိုကြတယ်၊ ကိုယ်ထိလက်ရောက် လုပ်ကြတယ်၊ အဲဒီလို ဖြစ်ပေါ်နေဖို့စေတနာဆိုတဲ့ တွန်းအားတွေက ဖြစ်နေတယ်၊ အဲဒီတွန်းအားတွေဟာ စိတ်စွမ်းဆောင်ဖို့ အောင်အောင်မြင်မြင်ကြီး ဖြစ်ပေါ်ပြီးရင်တော့ ရပ်တည်နိုင်တဲ့ အတိုင်းအတာတစ်ခုအတွင်းမှာ အားလုံးဟာ ပျက်စီးသွားတာပဲ။

http://www.dhammadownload.com



**စိတ်တစ်ခုရဲ့ သက်တမ်းဟာ** အင်မတန်မှ တိုတယ်၊ ဖြစ်, တည်, ပျက် (ဥပါဒ်, ဌီ, ဘင်) ဆိုတဲ့ ခဏငယ်သုံးခုပဲ ရှိတယ်၊ ဖြစ်ခိုက်အချိန်ပိုင်းလေးရယ်, ပျက်သွားတဲ့အချိန်ပိုင်းလေးရယ်, ဖြစ်မှု ပျက်မှုရဲ့ ကြားထဲမှာရှိတဲ့ အချိန်ပိုင်းလေးရယ်၊ စဖြစ်တဲ့အချိန်ပိုင်း လေးကို **ဥပါဒ်** လို့ ခေါ်တယ်၊ ပျက်သွားတဲ့အချိန်ပိုင်းလေးကို **ဘင်** လို့ ခေါ်တယ်၊ အဲဒီနှစ်ခုကြား အချိန်ပိုင်းလေးကို **ဌီ** လို့ ခေါ်တယ်။

စိတ်ဟာ အင်မတန်မှ တိုတောင်းသည့်အတွက်ကြောင့် မြတ်စွာဘုရားက စိတ္တယမိုက်ကို ဟောတဲ့အခါမှာ ဌီခဏကို ထည့်တောင် မဟောဘူး၊ ဘာဖြစ်လို့လဲ သိပ်တိုလွန်းအားကြီးလို့။

ဒါကြောင့်မို့ ဘုန်းကြီးတို့တစ်တွေရဲ့သန္တာန်မှာ စိတ်ကလေးဟာ ဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် အကျိုးတရားတွေကို ထုတ်လုပ်လိုက်တယ်၊ စိတ်ဖြစ်တာနဲ့ တစ်ပြိုင်နက် စိတ္တဇရုပ်က တစ်ခါတည်း မွေးဖွားပြီးသား ဖြစ်တယ်၊ ပြိုင်တူဖြစ်စေတယ်၊ အဲဒီလောက်ထိ အောင် စွမ်းအားထက်တယ်၊ ဖြစ်တဲ့အခိုက်ဥပါဒ်ခဏမှာ စွမ်းအား တွေ ထက်တယ်ပေ့ါ၊ ဒါကြောင့်မို့ စိတ်ဖြစ်လိုက်တာနဲ့ တစ်ပြိုင် နက် ဆိုင်ရာအကျိုးရုပ်တရားကို သူကထုတ်လုပ်ပြီးသား ဖြစ်သွား တယ်၊ ထုတ်လုပ်လို့ရတဲ့စိတ်က အဲဒီလိုပဲ ထုတ်လုပ်နေတယ်။

အဲဒီတော့ ကောင်းပြီ- ခုနက စေတနာဆိုတာလည်း စိတ် နဲ့ယှဉ်တွဲပြီးတော့ ဖြစ်ရတာ၊ ဖြစ်တော့ စိတ်တစ်ခုမှာ စေတနာ တစ်ခု၊ သာမန်စိတ်တွေမှာရှိတဲ့ စေတနာကျတော့ စွမ်းအား ဒီ လောက် မရှိဘူး၊ ကုသိုလ်စိတ်, အကုသိုလ်စိတ်တွေမှာ ဖြစ်ပေါ်လာ တဲ့စေတနာကျတော့ စွမ်းအားတွေ တက်လာတယ်၊ အရှိန်အဟုန် တွေ energy တွေ ရှိလာတယ်၊ အဲဒီအရှိန်အဟုန်တွေက ကံ

http://www.dhammadownload.com



တရားအနေနဲ့ ဘုန်းကြီးတို့တစ်တွေရဲ့သန္တာန်မှာ accumulate ဖြစ်လာတယ်၊ accumulate ဖြစ်တယ်ဆိုတာ စုမိသွားတယ်၊ ကံတရားတွေဟာ ဥပစိတံ - စုဆောင်းမိသွားပြီ။

**ကံတရားတွေက ဖြစ်ပြီး ဘယ်နေရာမှာ စုနေလဲ?**

ဒါဖြင့် ကံတရားတွေ ဖြစ်ပြီး ဘယ်နေရာမှာ စုနေသလဲ? - စဉ်းစားကြည့်မယ်ဆိုရင် ဦးနှောက်ထဲမှာ စုတာလား၊ နှလုံးသားထဲမှာ စုတာလား၊ တစ်နေရာမှာ စုနေသလားလို့၊ ဖြစ်သွားတဲ့ကံတရားတွေဟာ ဘယ်နေရာမှာ တည်ရှိသလဲဆိုတာ စဉ်းစားရမယ်၊ အကယ်၍ ဦးနှောက်ထဲမှာ စုတယ်ဆိုရင် - ဦးနှောက်ဟာ ရုပ်တရားပဲ၊ လူသေရင် ဦးနှောက်သေသွားမှာ၊ တချို့ဆိုရင် လူမသေခင် ဦးနှောက်သေသွားတာ ရှိသေးတယ်၊ အကယ်၍ နှလုံးသားထဲမှာ စုနေတယ် ဆိုရင်လည်း - နှလုံးသားအစားထိုး လဲလှယ်လိုက်လို့ရှိရင် ကံတရားတွေဟာ အခြေအနေဆိုးသွားနိုင်တာပေါ့၊ အဲဒီတော့ နှလုံးသားထဲမှာလည်းပဲ ဒီကံတရားတွေဟာ စုနေတာမဟုတ်ဘူး၊ ကံတရားတွေရဲ့စွမ်းရည်သတ္တိဟာ နှလုံးသားထဲမှာ ရှိတာ မဟုတ်ဘူး၊ ဦးနှောက်ထဲမှာ ရှိတာလည်း မဟုတ်ဘူး၊ ဘယ်မှာ ရှိတာလဲလို့ မေးမယ်ဆိုလို့ရှိရင် **"စိတ္တသန္တတိ"** လို့ ခေါ်တဲ့ စိတ်ဖြစ်စဉ်လေးတစ်ခုမှာ ရှိတယ်ပေါ့။

စိတ်ဖြစ်စဉ်ဆိုတာ non stop ဘယ်တော့မှ မရပ်ဘူး၊ စိတ်တစ်ခုပြီးရင် နောက်တစ်ခု၊ နောက်တစ်ခုပြီးရင် နောက်တစ်ခု၊ စိတ်ဖြစ်စဉ်ရပ်ဆိုင်းသွားတာ ၂-နေရာပဲရှိတယ် - နိရောဓသမာပတ်ဝင်စားခိုက်မှာ ခေတ္တခဏရပ်သွားတာ ရှိတယ်၊ အသညသတ်ဘုံ

http://www.dhammadownload.com



ရောက်သွားလို့ ရှိရင်လည်းပဲ ရပ်ဆိုင်းသွားတာ ရှိတယ်၊ ကျန်တဲ့ အချိန်မှာဆိုရင် စိတ်ဖြစ်စဉ်ဟာ ဘယ်တော့မှ မရပ်ဆိုင်းဘူးတဲ့။

ဒါကြောင့်မို့ ကံတရားတွေဟာ accumulate ဖြစ်တယ်ဆိုတာ ဘယ်မှာ စုမိဆောင်းမိတာတုန်းဆို ကိုယ့်ရဲ့စိတ်ဖြစ်စဉ်ထဲမှာ စုမိဆောင်းတယ်လို့ ဒီလိုပြောရမှာ၊ စိတ်အစဉ်ဆိုတာ တွန်းအားပေးသွားတာ၊ ပထမစိတ်မှာရှိတဲ့ စေတနာရဲ့စွမ်းအင်တွေဟာ ပထမစိတ်ချုပ်တာနဲ့ တစ်ပြိုင်နက် ဒုတိယစိတ်၊ ဒုတိယစိတ်ချုပ်သွားရင် တတိယစိတ်၊ တတိယစိတ်ချုပ်သွားရင် စတုတ္ထစိတ်ဖြစ်တယ်၊ အဲဒီလိုနဲ့ အခုခေတ်စကားနဲ့ ပြောရရင် ဒါ on line ပေါ့နော်၊ ကိုယ့် line ထဲမှာ ဒီစေတနာကံတရားတွေဟာ ဖြစ်နေတာလို့ ပြောရတယ်။

အဲဒီလို on line အနေနဲ့ ကိုယ့်ရဲ့စိတ်ဖြစ်စဉ်ကြီးတစ်ခုတည်းမှာတည်ရှိနေတဲ့ သင်္ခါရလို့ဆိုတဲ့ ကံတရားတွေဟာ ဘဝသစ်တစ်ခုကို အစပြုပြီးတော့ ထုတ်လုပ်ပေးနိုင်တာကို မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က **"သင်္ခါရပစ္စယာ ဝိညာဏံ"**လို့ ဒီလို ဟောတာနော်။

ဒီတော့ ဘဝသစ်ကို ကံတရားက ဘယ်ပုံထုတ်လုပ်တာလဲ၊ သူ့ချည်း စွမ်းဆောင်နိုင်မှု ရှိရဲ့လားလို့ - ကံတရားအကြောင်းကို သေသေချာချာ လေ့လာလို့ရှိရင် ကံတရားတွေက မြောက်မြားစွာ စုမိကြတယ်၊ ဘုန်းကြီးတို့တစ်တွေ လွန်ခဲ့တဲ့ အတိတ်ဘဝတွေကလည်း မြောက်မြားစွာသော ကံတရားတွေ စုထားကြတယ်၊ ဒီဘဝမှာလည်းပဲ မြောက်မြားစွာသောကံတရားတွေ စုမိကြတယ်၊ မိမိတို့ရဲ့ စိတ်အစဉ်ထဲမှာ ကံတရားတွေဟာ ဖြစ်နေတယ်၊ ပျောက်သွား

http://www.dhammadownload.com



တာ မရှိဘူး၊ ပြောဆိုစရာလေး တစ်ခုတော့ ရှိတာပေါ့၊ ကံတွေမှာလည်း စွမ်းရည်သတ္တိချင်း မတူသည့်အတွက်ကြောင့် သူတို့ရဲ့ အတိုင်းအတာတွေကလည်း မတူကြဘူးလို့ ပြောတယ်။

## ကံတို့ စွမ်းရည်သတ္တိချင်း မတူပုံ

တချို့ကံတရားက စွမ်းရည်သတ္တိ မပြည့်သည့်အတွက်ကြောင့် အကျိုးပေးချင်းပေးရင် ဒီဘဝမှာပဲ ပေးတယ်၊ နောက်ဘဝထိအောင်မလိုက်နိုင်တဲ့ ကံတရား ရှိသေးတယ်၊ အဲဒါကို **ဒိဋ္ဌဓမ္မ-ဝေဒနီယကံ**လို့ ခေါ်တယ်၊ အကျိုးပေးစရာရှိရင် ဒီဘဝတင်ပဲ အကျိုးပေးတယ်၊ အကယ်၍ ဒီဘဝအဆုံးသတ်သွားပြီဆိုရင် သူလည်း အဆုံးသတ်သွားတာပဲ၊ expired ဖြစ်သွားပြီလို့ ပြောရမယ်၊ expired ကိုပဲ **အဟောသိကံ**လို့ ပြောတာနော်၊ အဟောသိကံဆိုတာ ကံအနေနဲ့သာ ဖြစ်ခဲ့တာ၊ သို့သော် အကျိုးတရားအနေနဲ့ လာမှာ မဟုတ်တော့ဘူးတဲ့၊ အခုခေတ်စကားနဲ့ ပြောရင်တော့ expired ဖြစ်သွားပြီပေါ့၊ ဒိဋ္ဌဓမ္မဝေဒနီယကံသည် မျက်မှောက်ဘဝမှာ အကျိုးပေးနိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်၊ နောက်ဘဝအထိအောင် သူက မပါနိုင်ဘူး၊ မပါနိုင်သည့်အတွက်ကြောင့် ဒီဘဝအဆုံးသတ်တာနဲ့ တစ်ပြိုင်နက် သူက အဟောသိကံဖြစ်သွားတယ်လို့ ခေါ်တယ်။

တစ်ခါ **ဥပပဇ္ဇဝေဒနီယကံ** ဆိုတာက သူ့ရဲ့အကျိုးပေးနိုင်စွမ်းသတ္တိက ဒီဘဝကသေပြီး နောက်ဘဝမှာ ရှိတယ်၊ သူအကျိုးပေးရမယ့်အချိန်က ဒုတိယဘဝဖြစ်တယ်၊ သို့သော် ကံမကောင်းအကြောင်းမလှလို့ သူ့ထက်ဦးတဲ့ ကံကအကျိုးပေးသွားရင် သူက အကျိုးမပေးနိုင်တော့ဘူးပေါ့။

http://www.dhammadownload.com



ဘောလုံးလေးတွေမှာ ဂဏန်းရေးပြီးတော့ ထီဖွင့်တာ တွေ့ဖူးကြပါလိမ့်မယ်၊ အပေါက်ကလေးကျဉ်းကျဉ်းတစ်ခုတည်း ဖွင့်ထားပြီးတော့ ဂဏန်းမျိုးစုံရေးထားတဲ့ဘောလုံးလေးတွေ လှည့်ပြီးတော့ ထုတ်လိုက်တဲ့အခါ ဘယ်နံပါတ်ထွက်မယ်ဆိုတာ မသိနိုင်ဘူး၊ အဲဒါလိုပဲ ကံတွေမြောက်မြားစွာထဲက ဒီဘဝအဆုံးသတ်သွားတဲ့အခါမှာ ဒုတိယဘဝမှာ ဘယ်ကံက အခွင့်အရေးရသွားမယ်ဆိုတာမသိဘူး၊ အဲဒီတော့ ကံတစ်ခုက အခွင့်အရေးရသွားရင် ကျန်တဲ့ ဥပပဇ္ဇဝေဒနီယကံတွေက အခွင့်အရေးမရမှုတွေ အများကြီး ဖြစ်သွားမယ်၊ အခွင့်အရေး မရတော့ဘူးဆိုရင် အခွင့်အရေးရတဲ့ကံက ဒုတိယဘဝမှာ ဝိညာဏဆိုတဲ့ အကျိုးကို ထုတ်လုပ်ပြီးတော့ ကျန်တဲ့ကံတွေကတော့ expire ဖြစ်သွားတယ်၊ မလာတော့ဘူး။

**အပရာပရိယဝေဒနီယကံ** ဆိုတဲ့ နောက်တစ်မျိုးရှိသေးတယ်၊ ဇောနဲ့ သတ်မှတ်ပြီးတော့ ပြောတာပေါ့။ အပရာပရိယဝေဒနီယကံဆိုတာကျတော့ သူက တတိယဘဝကနေပြီး ဘဝသံသရာ အဆုံးသတ်ထိအောင်၊ ဆိုလိုတာက သံသရာထဲရှိနေသမျှ ဒီကံကတော့ ဘယ်တော့မှ expire မဖြစ်ဘူး၊ သူ expire ဖြစ်တာက ရဟန္တာဖြစ်ပြီး ဘဝအဆုံးသတ်သွားပြီဆိုရင်တော့ expire ဖြစ်တယ်။

ပါဠိတော်လာ စကားနဲ့ ပြောမယ်ဆိုရင် **အပရပရိယာယ**၊ **အပရ** ဆိုတာ နောက်တစ်ခု ဖြစ်တဲ့, **ပရိယာယ** အလှည့်အကြိမ်အခွင့်အလှည့်၊ ဒီဘဝဆိုတဲ့ အလှည့်လည်း မဟုတ်ဘူး၊ ဒုတိယဘဝဆိုတဲ့အလှည့်လည်း မဟုတ်ဘူး၊ သင့်လျော်တဲ့အချိန်အလှည့်ကို ပြောတာ- သူ့အလှည့်က၊ သူက waiting list သဘောမျိုးပဲ၊ အမြဲတမ်းစောင့်ဆိုင်းနေမှာပဲ, သူကတော့ ready ပဲ၊ အကြောင်းတရား

http://www.dhammadownload.com



တွေနဲ့ ပေါင်းဆုံမိတာနဲ့ တစ်ပြိုင်နက် အကျိုးတရားကို ထုတ်လုပ်ပေးတယ်၊ ကံတရားက သူ့ချည်းတော့ ထုတ်လုပ်လို့ မရဘူးတဲ့။

ဒါ့ကြောင့် အချိန်အကန့်အသတ်နဲ့ ပြောမယ်ဆိုရင် ဒိဋ္ဌဓမ္မဝေဒနီယကံကလည်းပဲ ဒီဘဝအဆုံးသတ်သွားရင် expire ဖြစ်သွားတယ်၊ အဟောသိကံ ဖြစ်သွားတယ်၊ ဥပပဇ္ဇဝေဒနီယကံကလည်းပဲ ဒုတိယဘဝရောက်သွားတာနဲ့ အဟောသိကံ ဖြစ်သွားတယ်။

အပရာပရိယဝေဒနီယကံက ရဟန္တာဖြစ်ပြီး **ပရိနိဗ္ဗာနစုတိ** ပရိနိဗ္ဗာန်စံလိုက်တာနဲ့ တစ်ပြိုင်နက် ဘဝအဆုံးသတ်သွားသည့်အတွက်ကြောင့် သူလည်း အဲဒီကျတော့မှ expire ဖြစ်သွားတော့တယ်၊ ဒါက အတိုင်းအတာတစ်ခုနဲ့ ပြောပြတဲ့ ကံတရားတွေပေါ့။

## ကံတို့ အကျိုးပေးရာအခါ

အဲဒီကံတရားတွေက ဝိညာဏဆိုတဲ့အကျိုးတရားကို အခွင့်အခါသင့်တိုင်း ထုတ်လုပ်တယ်၊ အဲဒီလို အကျိုးထုတ်လုပ်တဲ့အခါမှာ ထုတ်လုပ်တဲ့အချိန်က ၂-ချိန် ရှိတယ်တဲ့၊ ဘယ်အချိန်မှာ ထုတ်လုပ်တုန်းဆိုရင် ဘဝတစ်ခုအစပြုတဲ့ ပဋိသန္ဓေကာလမှာ ထုတ်လုပ်တာက တစ်ခု၊ ပဋိသန္ဓေနေပြီးတဲ့နောက် ဘဝဆက်လက်တည်ရှိနေတဲ့အချိန် အသက်ရှင်နေသမျှ ကာလပတ်လုံး ပဝတ္တိ ဆိုတဲ့ ဆက်လက်ဖြစ်ပေါ်နေတဲ့ အချိန်ပိုင်းမှာ ထုတ်လုပ်တာက တစ်ခု၊ စာလိုပြောရင် **ပဋိသန္ဓေအခါနဲ့ ပဝတ္တိအခါ**။

**"ပဋိသန္ဓေအခါ"** ဆိုတာ ဘဝတစ်ခုအစပြုတဲ့ အချိန်ပိုင်းဖြစ်တယ်၊ **"ပဝတ္တိအခါ"**ဆိုတာ ဘဝတစ်ခု အစပြုပြီးတဲ့နောက် သေဆုံးသည်အထိ အချိန်ပိုင်းပဲ၊ အဲဒီနှစ်ခုမှာ သင်္ခါရဆိုတဲ့ ကံတရား

http://www.dhammadownload.com



က ဝိညာဏလို့ဆိုတဲ့ အကျိုးစိတ်တွေကို ဖြစ်ပေါ်စေတယ်တဲ့၊ ဒီလို ပြောတာ။

## နည်းနှစ်နည်း၌ ဟောပုံ

ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားက **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ ဒီလို ဟောထားတာ။

ပဋ္ဌာန်းနည်းနဲ့သုံးသပ်ပြီးတော့ ကြည့်မယ်ဆိုရင် မြတ်စွာဘုရားက ဥပနိဿယပစ္စည်းမှာ ဘယ်လိုဟောထားလဲဆိုတော့ **"ကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော" "အကုသလံ ကမ္မံ ဝိပါကဿ ဥပနိဿယပစ္စယေန ပစ္စယော"** တဲ့၊ ကုသိုလ်ကံ ကုသိုလ်ကံသည် ဝိပါကဆိုတဲ့ အကျိုးတရားကို ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အင်အားကောင်းတဲ့ ပကတူပသတ္တိနဲ့ ကျေးဇူးပြု တယ်၊ အင်အားကောင်းတဲ့ မှီရာတစ်ခုအနေနဲ့ ကျေးဇူးပြုတယ်လို့ ပေါ့၊ ကံကနေပြီး ဝိပါက်စိတ်ကို ဖြစ်ပေါ်စေတာဟာ ဘယ်စွမ်းရည် သတ္တိကို ကျေးဇူးပြုသလဲဆိုတာ ပဋ္ဌာန်းမှာ သတ္တိပါ ထည့်ဟောတယ်၊ ပဋိစ္စသမုပ္ပါဒ်ကျတော့ **"သင်္ခါရပစ္စယာ ဝိညာဏံ"**၊ **"ဘဝပစ္စယာ ဇာတိ"** လို့ ဒီလောက်ပဲ ဟောတယ်။

ပဋ္ဌာန်းမှာကတော့ ကုသိုလ်ကံကပဲဖြစ်ဖြစ်, အကုသိုလ်ကံ ကပဲ ဖြစ်ဖြစ် အကျိုးတရားတွေကို ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြု တယ်၊ ကံတရားရှိလို့ အကျိုးတရားတွေ ရှိနေရတယ်လို့ ဒီလို ဆိုလိုတာ၊ ထို့အတူပဲ ကမ္မပစ္စည်းမှာ မြတ်စွာဘုရားက ဘယ်လို ဟောတုန်းဆိုတော့ **"ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"** - "ကုသိုလ်

http://www.dhammadownload.com



အကုသိုလ်ကံဟာ ဝိပါက်နာမ်ခန္ဓာတွေအား ကမ္မသတ္တိနဲ့ ကျေးဇူးပြုပါတယ်" လို့ ဒီလို ဟောတယ်။

ဒီတော့ ကုသိုလ် အကုသိုလ်ကံဟာ ဝိပါကလို့ ဆိုတဲ့ ဝိညာဏကိုသာ ကျေးဇူးပြုတာ မဟုတ်ဘူး၊ **"ကဋတ္တာ စ ရူပါနံ"** လို့ ကမ္မဇရုပ်တွေကိုလည်း ထုတ်လုပ်ပေးသေးတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာတော့ မြတ်စွာဘုရားက **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ပဲ ဟောထားတယ်၊ ရုပ်တွေကို ထုတ်လုပ်တဲ့အကြောင်းကို ဒီနေရာမှာ မဟောဘူးနော်၊ ဘာဖြစ်လို့ မဟောတာတုန်းဆိုလို့ရှိရင် ဝိညာဏကို ဦးတည်ထားတာ၊ **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ဟောတဲ့အခါကျတော့ အဲဒါ ပါလာတယ်၊ **ဝိညာဏ** ရှိလာတာနဲ့ တစ်ပြိုင်နက် **နာမရူပ**တွေ ဖြစ်လာတယ်ဆိုတဲ့အထဲမယ် ပါတယ်။

ပဋ္ဌာန်းနဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အခြေခံအားဖြင့် တစ်ထပ်တည်းပါပဲ၊ ပဋ္ဌာန်းက စွမ်းရည်သတ္တိမွေသတ္တိကို ဖော်ပြတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ အကြောင်းတရားနဲ့ အကျိုးတရားနှစ်မျိုးကိုပဲ ရှင်းတယ်၊ တစ်ခုနဲ့ တစ်ခု ဆက်သွယ်မှုရှိတာတွေလောက်ပဲ ရှင်းတယ်ပေ့ါ။

## ကံက ဘဝတစ်ခုကို ထုတ်လုပ်ပုံ

အဲဒီတော့ ကုသိုလ်ကံ အကုသိုလ်ကံတရားတွေက အကျိုးတရားတွေကို ထုတ်လုပ်ပြီဆိုတဲ့အခါမှာ ဘုန်းကြီးတို့ဘဝမှာ ဘယ်လိုနည်းနဲ့ ထုတ်လုပ်သလဲ?

လူတွေဟာ ဘဝတစ်ခုအဆုံးသတ်တော့မယ်ဆိုရင် ကိုယ်ဖြတ်သန်းလာတဲ့ဘဝမှာ ကောင်းတာတွေလည်း လုပ်ကြတယ်, ဆိုးတာတွေလည်း လုပ်ကြတယ်၊ နောက်ဆုံးအချိန် ရောက်လာပြီဆို

http://www.dhammadownload.com



လို့ရှိရင် အဲဒီ ကိုယ်လုပ်ခဲ့တဲ့ အကောင်းအဆိုးတွေဟာ အရိပ်သဖွယ် မိမိရဲ့စိတ်ကို လွှမ်းမိုးပြီး ပေါ်လာတတ်တယ်၊ ဒါ သေချာပေါက်ပဲ။

သေအံ့မူးမူးအချိန် ကိုယ်လုပ်ခဲ့တဲ့လုပ်ရပ်တွေဟာ အိပ်မက်ထဲမှာလိုလို တကယ်ပဲမြင်ရတာလိုလို စိတ်အစဉ်မှာ လွှမ်းမိုးပြီး ပေါ်လာလိမ့်မယ်၊ အဲဒီလို လွှမ်းမိုးပြီးတော့ ပေါ်လာတတ်တာ ၃-မျိုး ရှိတယ်ပေါ့။

- ကိုယ်လုပ်ခဲ့တဲ့ ကံအာရုံက တစ်ခု၊
- ကမ္မနိမိတ်ဆိုတဲ့ ကုသိုလ်ကံ အကုသိုလ်ကံကို လုပ်တဲ့အချိန်တုန်းက ပတ်ဝန်းကျင်အခြေအနေတွေက တစ်ခု၊
- ဂတိနိမိတ်ဆိုတာ နောင်ဘဝမှာဖြစ်ပေါ်လာမယ့် အရိပ်နိမိတ်တွေက တစ်ခု ဆိုပြီး - သုံးခုရှိတယ်။

အဲဒီ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတစ်မျိုးမျိုးဟာ သေခါနီးပုဂ္ဂိုလ်မှာ ပေါ်လာတတ်တယ်ပေါ့။

**ကံအာရုံ**

ကံဆိုတာ ဘယ်လိုကံမျိုးပေါ်လာသလဲဆိုရင် ဘဝတစ်ခုကို ထုတ်လုပ်တော့မယ့် စွမ်းအားပြည့်တဲ့ အခွင့်ရလာတဲ့ ကံတရားတစ်ခုဟာ စိတ်အစဉ်ကို လွှမ်းမိုးပြီး အဲဒီအချိန်မှာ ပေါ်နေတတ်တယ်၊ အဲဒီလို ဘာ့ကြောင့်ပေါ်တာတုန်းဆိုရင် ကံတရားရဲ့စွမ်းရည်သတ္တိကြောင့်ပဲ ပေါ်တာ၊ ဘယ်သူကမှ လာလုပ်ပေးတာ မဟုတ်ဘူး၊ ကံတရားရဲ့စွမ်းရည်သတ္တိနဲ့ စိတ်အစဉ်ထဲမှာ ဒါတွေ လာပေါ်တယ်။

http://www.dhammadownload.com



အဲဒီကံ ပေါ်နေတယ်ဆိုလို့ရှိရင် ဥပမာ- လူတစ်ယောက်ဟာ စိတ်ဆိုးခဲ့တဲ့ဒေါသနဲ့ ပတ်သက်တဲ့ကံ ဆိုလို့ရှိရင် အဲဒီအချိန်မှာ အဲဒီစိတ်မျိုးတွေ ပေါ်လာတယ်၊ စိတ်တွေ တိုနေတယ်၊ စိတ်တွေ ဆိုးနေတယ်၊ အရင်တုန်းက ခံစားမှုမျိုးတွေ ခံစားနေရတယ်၊ ဒါမျိုး ဖြစ်လာတယ်၊ ဒီလိုပဲ ကောင်းတာတွေ လုပ်နေတဲ့ပုဂ္ဂိုလ်မှာ အရင်တုန်းက ကမ္မဋ္ဌာန်းထိုင်နေတယ်, ဘုရားကို အာရုံပြုနေတယ် ဆိုရင် အဲဒီအခြေအနေတွေ လာပေါ်တာပဲ၊ စိတ်အစဉ်ထဲမှာ အဲဒီလို ကံအာရုံ ပေါ်လာတတ်တယ်။

**ကမ္မနိမိတ်**

ကမ္မနိမိတ်ဆိုတာ ကံပြုစဉ်က အခြေအနေ (condition of kamma) ကို ပြောတာ၊ ဘုရားခန်းမှာ တရားထိုင်တယ်ဆိုရင် ဘုရားရုပ်ပွားတော် ပေါ်နေတယ်၊ ဘုရားကို ဆီမီး ပန်း ရေချမ်းတွေ ဆက်ကပ်ထားတာတွေ ပတ်ဝန်းကျင်အခြေအနေတွေ အကုန်လုံး စိတ်ထဲမှာ အိပ်မက်မက်သလို ပေါ်နေတတ်တယ်။

မကောင်းတာလုပ်ထားတဲ့ပုဂ္ဂိုလ်မှာ မကောင်းတဲ့အခြေအနေမျိုးတွေ လာပေါ်တတ်တယ်၊ ဆိုပါစို့ - တိရစ္ဆာန်တွေကို သတ်ဖြတ်နေတယ်ဆိုရင် အခုပဲ တိရစ္ဆာန်တွေကို သတ်နေရသလို ဒေါသဖြစ်တယ်၊ တိရစ္ဆာန်က ကိုယ့်ကို ရန်လုပ်တယ်၊ ကိုယ်က တိရစ္ဆာန်ကို သတ်နေတယ်၊ အဲဒီပုံစံမျိုးတွေ လာပေါ်တတ်တယ်ပေ့ါ၊ ပတ်ဝန်းကျင်အခြေအနေတွေ အကုန်လာပေါ်တယ်၊ အဲဒါကို ကမ္မနိမိတ်ပေါ်တယ်လို့ ခေါ်တယ်။

http://www.dhammadownload.com



**ဂတိနိမိတ်**

ဂတိနိမိတ် ဆိုတာကျတော့ ပေါ်ပုံပေါ်နည်း အမျိုးမျိုးပေါ့၊ သို့သော် စာပေကျမ်းဂန်မှာ ရေးထားတာကတော့ လူ့ပြည် ပြန်ရောက်မယ့် ပုဂ္ဂိုလ်တစ်ယောက်ဟာ "အမိဝမ်းရေ" ပေါ်တယ်၊ ဒါ ပေါ်နိုင်တာတစ်ခုကို ပြောတဲ့သဘောပါ၊ တခြားနည်းနဲ့လည်း ဂတိနိမိတ်ပေါ်တယ်လို့ ပြောနိုင်တယ်။

အဲဒီဂတိနိမိတ်ပေါ်တာ ဘာလဲဆိုရင် သေခါနီးအချိန်မှာ ကုသိုလ်ကောင်းမှုလုပ်ထားတဲ့ပုဂ္ဂိုလ်ဟာ သေငယ်ဇောနဲ့ မျောသွားပြီဆိုတဲ့ အချိန်လေးမှာ အိပ်မက်ထဲမှာလိုလို ဘာတွေ ပေါ်တတ်တုန်း၊ လူ့ပြည်ပြန်ရောက်မယ့်ပုဂ္ဂိုလ်ဟာ မြို့တစ်မြို့ ရောက်သွားတယ်, အိမ်တစ်အိမ် တွေ့တယ်, အဲဒီအိမ်ပေါ် တက်သွားတယ်၊ ဒါလည်း ဂတိနိမိတ်ပဲပေါ့၊ အဲဒီအိမ်ပေါ် သူတက်နေရတယ်လို့ ပေါ်တယ်၊ အဲဒီအိမ်ကလူတွေက သူ့ကို ခေါ်သွားတယ်တို့ ဒီလို ပေါ်တာမျိုးတွေပေါ့။

နတ်ပြည်ရောက်တော့မယ်ဆိုတဲ့ပုဂ္ဂိုလ်ကလည်းပဲ နတ်ပြည်က နတ်သားတွေက သူ့ကို လာခေါ်နေကြတယ်, ရထားကြီးနဲ့ တင် ခေါ်သွားတယ်, ဥယျာဉ်ဗိမာန်တွေထဲ သူရောက်သွားတယ် ဆိုတဲ့ အနေအထားမျိုးတွေ ပေါ်လာတယ်ပေါ့၊ ကိုယ်ရောက်မယ့် နေရာတွေကို ကြိုတင်ပြီးတော့ ထင်ယောင်မြင်ယောင် ဖြစ်လာတယ်၊ ဒါ ဂတိနိမိတ်လို့ ခေါ်တယ်။

တကယ့်ကို မြင်ရတဲ့ ဂတိနိမိတ်ကလည်း ရှိသေးတယ်ပေါ့၊ ဒီပြင်ပုဂ္ဂိုလ်တွေက မမြင်ရဘူး၊ ကာယကံရှင်ကိုယ်တိုင်ကတော့ တကယ့်မျက်စိနဲ့ မြင်ရတဲ့ ဂတိနိမိတ်မျိုး ရှိတတ်တယ်ပေါ့။

http://www.dhammadownload.com



**ဓမ္မိကဉပါသကာဝတ္ထု**

ဓမ္မိကဉပါသကာရဲ့ဝတ္ထုမှာ ဆိုထားတယ်၊ ဓမ္မိကဉပါသကာကြီးက ရောဂါဝေဒနာ အကြီးအကျယ်ဖြစ်ပြီး သေခါနီးဆဲဆဲ ရောက်နေတဲ့အချိန်မှာ ရဟန်းတွေ ပင့်ပြီး မဟာသတိပဋ္ဌာန်သုတ်ကို နာနေတယ်။

အဲဒီလို တရားနာနေတဲ့အချိန်မှာ နတ်ပြည်ခြောက်ထပ်က နတ်ရထားတွေ သူ့အိမ်ဝရောက်လာပြီး ခေါ်ကြတယ်၊ "ကျွန်တော်တို့ဘုံကို လိုက်ခဲ့ပါ" ဆိုပြီး အလုအယက် ခေါ်ကြတယ်၊ အခုခေတ် ဆိုက်ကားသမား မြင်းလှည်းသမားတွေ ရထားဆိပ်တို့ သင်္ဘောဆိပ်တို့မှာ အလုအယက်ခေါ်သလိုပဲ သူတို့ကခေါ်တဲ့အခါ ရဟန်းတွေရွတ်နေတဲ့ မဟာသတိပဋ္ဌာန်သုတ်ကို နာနေတဲ့ ဒကာကြီးက ဘာပြောတုန်းဆို "နေကြပါဦး၊ ဆိုင်းကြပါဦး" လို့ ပြောတယ်၊ သူက တကယ်မြင်နေတာ၊ တရားနာရင်း သူ့ကို လာခေါ်နေတဲ့အသံတွေလည်း ကြားတယ်၊ "ဆိုင်းကြပါဦး၊ ဆိုင်းကြပါဦး" ဆိုတော့ ရဟန်းတော်တွေက "တို့ကို ရပ်ခိုင်းတာ ဖြစ်မယ်" ဆိုပြီးတော့ ဆက်မရွတ်တော့ဘူး၊ ရပ်လိုက်ကြတယ်။

အဲဒီအချိန်မှာ သူက မေ့မျောသွားတယ်၊ ရဟန်းတော်တွေ ပြန်သွားမှ သတိပြန်ရလာတဲ့အခါ မိသားစုတွေက ငိုနေကြတယ်၊ "ဘာဖြစ်လို့ ငိုနေကြတာလဲ"၊ သူ သတိပြန်လည်တော့ မေးတယ်၊ "ခုနက အဖေပဲ သံဃာတော်တွေပင့် တရားနာနေတာကို ရပ်ပါဦး၊ ဆိုင်းပါဦးဆိုလို့ ကိုယ်တော်တွေ ပြန်ကြွကုန်ပြီ" ဆိုတော့ "ငါ ကိုယ်တော်တွေကို ပြောတာ မဟုတ်ဘူး" တဲ့၊ "ဟိုမှာ နတ်ပြည်ကရထားတွေနဲ့ လာခေါ်နေပြီ၊ မမြင်ကြဘူးလား" လို့ ဆိုတော့ ဘယ်သူကမှ

http://www.dhammadownload.com



မမြင်ဘူး၊ သူတို့အဖေ ကယောင်ကတမ်းနဲ့ ပြောတယ်ပဲ ထင်နေကြတာ။

တကယ်တော့ သူ့မျက်စိနဲ့ သေချာမြင်နေတာ၊ ဘုရားလောင်းတွေနေတဲ့ တုသိတာဘုံက အကောင်းဆုံးဆိုတာ သိရလို့ ပန်းကုံးတစ်ကုံးတောင်းပြီး အဲဒီတုသိတာဘုံက နတ်ရထားဆီ လှမ်းပစ်ပြီး ချိတ်လိုက်တဲ့အခါ ပန်းကုံးကိုတော့ မြင်ရတယ်တဲ့၊ ရထားကိုတော့ မမြင်ရဘူးတဲ့ - ဒါဂတိနိမိတ်ပဲပေ့ါ၊ တကယ်မြင်ရတဲ့ အနေအထား တစ်ခုပဲပေ့ါ။

## စိတ္တသူကြွယ်ဝတ္ထု

ထို့အတူပဲ **အနာဂါမ်ဥပါသကာ စိတ္တသူကြွယ်** ဟာလည်းပဲ သေအံ့မူးမူးအချိန် မိသားစုအားလုံး ဝိုင်းပြီးနေတဲ့အချိန်မှာ နှုတ်က ပြောတာ၊ ဘာတွေ ပြောတုန်း၊ "ဒါလည်း မမြဲပါဘူး၊ ဒါလည်း မခိုင်မာပါဘူး၊ အမြဲရှိတဲ့အရာ မဟုတ်ပါဘူး" အဲဒီလိုပြောတယ်၊ မိသားစုက "ဪ- သေခါနီးကြောက်လို့ ယောင်နေတာပဲ" ဒီလို ထင်တယ်နော်၊ အဲဒါမျိုးတွေက သေခါနီးမှာ ပြောတတ်ကြတယ်။

သတိလည်လာတဲ့အခါ ပြန်မေးကြတယ် - "ဘာဖြစ်လို့ အဲဒီလို ပြောတာတုန်း" "တစ်ယောက်တည်း စကားပြောနေလား" ဆိုတော့ "မဟုတ်ဘူး" တဲ့၊ "ငါ့ဆီ နတ်တွေလာတယ်" တဲ့၊ "လာပြီးတဲ့အခါ နတ်တွေက ပြောတာ "သူဌေး စိတ်ကူးမလွဲနဲ့၊ သူတို့နတ်ဘုံက ပျော်စရာကောင်းတယ်၊ အဲဒီကို စိတ်ညွှတ်လိုက်၊ အဲဒီလို စိတ်ညွှတ်လိုက်ရင် အဲဒီနတ်ပြည်ကို ရောက်မှာ"- အဲဒီလို လာ

http://www.dhammadownload.com



ပြောကြတယ်၊ "အေး - မင်းတို့ဘုံလည်း မမြဲပါဘူး၊ ထာဝရဘုံမဟုတ်ပါဘူး"လို့ ငါက ပြောတာ"တဲ့၊ "သူတို့နဲ့ စကားပြောနေတာ" တဲ့။

ဒီလို ဂတိနိမိတ် ထင်ပုံထင်နည်းတွေကတော့ အများကြီးပဲ၊ ငရဲကျမယ့် ပုဂ္ဂိုလ်ဆိုလို့ရှိရင် ငရဲမီးတွေ ထင်တတ်တယ်၊ ခွေးနက်ကြီးတွေ ထင်တတ်တယ်၊ ကြောက်စရာကောင်းတဲ့လူကြီးတွေက လာပြီး ဆွဲခေါ်တာတို့ ဒါမျိုးတွေ ထင်တတ်တယ်တဲ့၊ ဒါကြောင့်မို့ မျက်လုံးကြီးပြူးပြီး ရုန်းကန်သေရင်တော့ သေချာတာပဲ၊ အဲဒါ သူ့ကို လာဆွဲခေါ်နေလို့ သူလန့်တဲ့သဘောပေါ့နော်၊ အဲဒီလို သေခါနီး အချိန်မှာဆိုရင် အာရုံနိမိတ်တွေ အမျိုးမျိုးရှိကြတယ်။

## ပြုံးသေ မဲ့သေ

မနှစ်တုန်းက အမေရိကန်နိုင်ငံက လာတဲ့ အမျိုးသမီးတစ်ယောက်- သူက ဆေးရုံကြီးတွေမှာ သေခါနီး အခြေအနေမကောင်းတဲ့လူနာတွေကို ပြုစုစောင့်ရှောက်ရတဲ့ nurse လုပ်တယ်၊ အဲဒီတော့ လူတွေ သေသွားတဲ့အခါမှာ သူက အမျိုးစုံမြင်ဖူးတယ်၊ တချို့လူတွေက ရုန်းကန်ပြီးတော့ သေသွားတယ်၊ တချို့လူတွေက ပြန်လည်တိုက်ခိုက်ပြီးတော့ သေသွားတယ်၊ တချို့လူတွေက မျက်လုံးကြီးပြူးပြီးတော့ သေသွားတယ်၊ ကြောက်စရာလန့်စရာ မြင်လို့ ကြောက်ပြီးတော့ သေသွားတဲ့လူ၊ တချို့လူတွေကျတော့ ပြုံးပြုံးကလေးနဲ့ သေသွားတဲ့လူ စသည်ဖြင့် - လူမျိုးစုံသေတာတွေကို သူက အနီးကပ်ပြီးတော့ ကြည့်ရတယ်၊ အဲဒါတွေဟာ ဘာကြောင့်တုန်းလို့ မေးဖူးတယ်။

http://www.dhammadownload.com



အဲဒီတော့ ဗုဒ္ဓဘာသာတရားတော်အရတော့ ခုနပြောတဲ့ ကံ ကမ္မနိမိတ် ဂတိနိမိတ်တွေ တွေ့နေတဲ့အခါမှာ လူတွေရဲ့မျက်နှာ အခြေအနေမှာ ပျော်စရာတွေ တွေ့တဲ့အခါကျတော့ ပြုံးသေတာ ပေါ့နော်၊ ကြောက်စရာတွေ တွေ့တဲ့အခါကျတော့ မဲ့သေတာပေါ့၊ ရှုန်းတာကန်တာပေါ့၊ အဲဒီတော့ ကြောက်စရာလန့်စရာတွေ တွေ့ တယ်ဆိုရင် မကောင်းတဲ့နိမိတ်တစ်ခုပဲပေါ့၊ ပျော်စရာတွေတွေ့လို့ ပြုံးပြီဆိုလို့ရှိရင် အဲဒီလူဟာ ကောင်းတဲ့ဘုံရောက်တာ သေချာတယ်၊ ဒါ့ကြောင့်မို့လို့ အဲဒီအချိန်မှာ ကိုယ်လုပ်ခဲ့တဲ့ကံ တရားတွေဟာ အရိပ်သဖွယ် မိမိရဲ့စိတ်ကို လွှမ်းမိုးပြီးတော့ လာတတ်တယ်တဲ့။

## အဝိဇ္ဇာ - တဏှာ - ကံ ၃-ဦးပေါင်း၍ အလုပ်လုပ်ပုံ

အဲဒီလို လွှမ်းမိုးလာပြီဆိုလို့ရှိရင် နောက်ဆုံးစိတ်ကလေး တွေ ဖြစ်လာတယ်၊ အဲဒီအာရုံလေးပေါ်မှာ စိတ်ကလေးဟာ ကိုင်း ညွတ်နေပြီးတော့ အဲဒီစိတ်ထဲမှာ ပေါ်လာတဲ့အာရုံကို ခွာလို့ မရဘူး၊ ဖယ်ပစ်လို့ မရဘူး၊ ဘာဖြစ်လို့ မရလဲဆိုလို့ရှိရင် အဝိဇ္ဇာက အဲဒီ အချိန်မှာ စိတ်ကို လွှမ်းမိုးထားတယ်။

အဝိဇ္ဇာက လွှမ်းမိုးထားနေတဲ့အချိန်မှာ တဏှာဆိုတဲ့ အတွယ် အတာက နေပြီးတော့ သဘောကျအောင် - ဥပမာဆိုပါတော့- မကောင်းတဲ့ ဘဝတောင်မှပဲ တွယ်တာအောင် တဏှာကနေပြီး တွယ်တာမှုကို ပေးထားတယ်၊ အဲဒီလို တွယ်တာမှုပေးထားလို့ ဒီ စိတ်အစဉ်လေးဟာ ဒီအာရုံပေါ်မှာ ညွတ်နေတယ်ဆိုတဲ့အချိန်လေး မှာ ကံတရားကနေ ဘဝသစ်တစ်ခုကို ပစ်ချလိုက်တယ်တဲ့၊ သုံးဦး ပေါင်းပြီးတော့ အလုပ်လုပ်တဲ့သဘောပေါ့၊ အဝိဇ္ဇာက အာရုံရဲ့အပြစ်

http://www.dhammadownload.com



တွေကို မမြင်အောင်, အမှန်မမြင်နိုင်အောင် ကွယ်ပေးထားတယ်၊ မဟုတ်တာတွေ မြင်နေတယ်နော်၊ မရှိတာတွေကို မြင်နေတယ်။

အဲဒီ မြင်နေတဲ့အပေါ်မှာ တဏှာက ညွတ်ကိုင်းစေတယ်၊ တဏှာက ညွတ်နေတဲ့အပေါ်မှာ ကံတရားကနေ စီမံပြီးတော့ ပစ်ချပေးလိုက်တယ်တဲ့၊ ဒါနဲ့ ဒီဘဝလည်း အဆုံးသတ်ရော နောက်ဘဝတစ်ခု ရောက်သွားတယ်ပေါ့။

ဒီတော့ ရောက်သွားတယ်ဆိုတာ ဘယ်သူရောက်သွားတာတုန်းဆိုတော့ ဘယ်သူမှ ရောက်သွားတာတော့ မဟုတ်ဘူး၊ အကြောင်းနဲ့ အကျိုးပဲနော်၊ ဒီဘဝစိတ်အစဉ်တစ်ခု အဆုံးသတ်သွားတာနဲ့ တစ်ပြိုင်နက် ကံတရားကြောင့် ဘဝသစ်တစ်ခုမှာ ဝိညာဏ်လို့ဆိုတဲ့ ဝိပါက်စိတ်ကလေးပေါ်လာတာကို ပြောတာ၊ အဲဒီဝိပါက်စိတ်ကလေးဟာ မသေခင်ကယူထားတဲ့ အာရုံနဲ့ ကံဆိုတဲ့ မြေလွှာပေါ်မှာ ပေါက်ဖွားလာတာဖြစ်လို့ **ကမ္မံ ခေတ္တံ** လို့ မြတ်စွာဘုရားက ဟောထားတယ်။

အဲဒီမှာ တဏှာကနေ အကောက်အကူပြုတာ ဖြစ်သောကြောင့် **တဏှာ သ္နေဟော**၊ ဘဝသစ်တစ်ခုမှာ ဝိညာဏ်ဆိုတဲ့ မျိုးစေ့လေးဟာ ကံဆိုတဲ့ မြေလွှာပေါ်မှာ တဏှာဆိုတဲ့ရေ လောင်းထည့်လိုက်သည့်အခါ အမြစ်ကလေးဆင်း အညှောင့်လေးပေါက်လာပြီး ဘဝတစ်ခု အသစ်ရကြပြန်တာပေါ့၊ အဲဒီသဘောကို မြတ်စွာဘုရားက **"သင်္ခါရပစ္စယာ ဝိညာဏံ"** ကံတရားက ဖန်တီးလို့ ဘဝတစ်ခု ချက်ချင်းရောက်သွားတာ၊ ကြားထဲမှာ ဘဝမရှိဘူး။

သို့သော် ဒီနေရာမှာ အယူအဆ မတူညီတာတွေ ရှိတယ်ပေါ့၊ ကံဆိုတဲ့မြေလွှာပေါ်မှာ ဝိညာဏ်ဆိုတဲ့မျိုးစေ့လေးကို တဏှာ

http://www.dhammadownload.com



ဆိုတဲ့ ရေလေး လောင်းထည့်လိုက်တဲ့အခါ ဘဝသစ်တစ်ခု ပြန်ပြီး တော့ အစပြုလာရတယ်၊ အဲဒီအဓိပ္ပါယ်ကို ဖော်ပြချင်လို့ တစ်လောကလုံး သက်ရှိသတ္တဝါတွေ မှန်သမျှ **"သင်္ခါရပစ္စယာ ဝိညာဏံ" "ဘဝပစ္စယာ ဇာတိ"** လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဆိုတယ်။

**"ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကမ္မပစ္စယေန ပစ္စယော" "ကုသလံ အကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ဥပနိဿယပစ္စယေန ပစ္စယော"**လို့ ပဋ္ဌာန်းဒေသနာတော်မှာ ဟော တယ်၊ ဘဝတစ်ခုကို ကိလေသာရယ် ကံရယ် ၂-ခု ပေါင်းစပ်ပြီး တော့ ထုတ်လုပ်တာ ဖြစ်တယ်၊ အဝိဇ္ဇာက အမှန်မသိရအောင်, အာရုံရဲ့အပြစ်ကို မမြင်အောင် ဖုံးကွယ်ထားတယ်၊ တဏှာက ညွှတ် ကိုင်းပေးလိုက်တယ်၊ ကံက ပစ်ချပေးလိုက်သည့်အတွက်ကြောင့် ဘဝတစ်ခု အစပြုလာခဲ့ကြရတယ်။

## လိပ်ပြာကောင် အယူအဆ

ဒီနေရာမှာ တချို့ရဲ့အယူအဆ ရှိတယ် - လူတစ်ယောက် သေဆုံးသွားပြီဆိုရင် ဝိညာဉ်လေးက အိမ်ပေါ်က ၇-ရက် မဆင်း ဘူးလို့ ပြောကြတာ ရှိသေးတယ်နော်၊ တိဘက်လူမျိုးတွေ ယုံကြည် တာကတော့ ၄၉-ရက်၊ ဂျပန်လူမျိုးတွေလည်း spirit ဆိုတာ ယုံ ကြည်ကြတယ်၊ ဒါ လူမျိုးတိုင်း လူမျိုးတိုင်း ဒီလိုသဘော ရှိကြတယ်၊ အတ္တ အသက် လိပ်ပြာ ဝိညာဉ်ကောင်၊ မြန်မာတွေကျတော့ လိပ်ပြာလို့ ခေါ်တယ်၊ လူ့အသက်ကလေးဟာ ဘဝတစ်ခုအစပြုဖို့ အတွက် နေရာတစ်ခုကို ရှာရတယ်၊ ရှာမတွေ့သေးလို့ ခေတ္တခဏ

http://www.dhammadownload.com



နားခိုတဲ့ **အန္တရာဘဝ** ဆိုတဲ့ ကြားဘဝကလေးတစ်ခု ရှိသေးတယ်လို့ ယူဆကြတယ်။

သို့သော်လည်း ဗုဒ္ဓမြတ်စွာဒေသနာဟော်အရ မသေခင်ကတည်းက ကြိုတင်ပြင်ဆင်ပြီးသား ဖြစ်နေပြီ၊ မှတ်ပုံတင်လိုက်ပြီ၊ သေခါနီးအချိန်မှာ ကံတရားက ဘယ်ဘုံကို ပို့မယ်ဆိုတာ မှတ်ပုံတင်ထားပြီးသားပဲ၊ အဲဒီပေါ်မှာ လွဲချော်မှုမရှိဘဲနဲ့ ရောက်သွားမှာသေချာပါတယ်၊ "ကြားဘဝ" ဆိုတာ မရှိပါဘူး။

လူ့ဘဝက သေသွားလို့ ပြိတ္တာဖြစ်ရင်လည်း ပြိတ္တာဘဝ၊ အဲဒီပြိတ္တာတို့ တစ္ဆေတို့ သရဲတို့ကိုပဲ လူတွေက မကျွတ်ဘူးလို့ ပြောနေကြတာ၊ "သံသရာက မကျွတ်ဘူး" လို့ပြောရင် ကိုယ်လည်း မကျွတ်သေးဘူးပဲနော်၊ တစ္ဆေ သရဲဆိုမှ မကျွတ်တဲ့သတ္တဝါ မဟုတ်ဘူး၊ အားလုံးဟာ မကျွတ်တဲ့ပုဂ္ဂိုလ်တွေချည်းပဲ။

သို့သော် အစွဲအလမ်းတစ်ခုကြောင့် ကိုယ်မမြင်ရတဲ့ဘုံဘဝ ရောက်နေတာကျတော့ ဝိညာဉ်လောကလို့ လူတွေက ခေါ်ကြတယ်၊ မမြင်ရလို့ ခေါ်တာပေ့ါ၊ လူတွေ မျက်စိနဲ့ မမြင်ရတာတွေ အများကြီးပဲ ရှိတယ်၊ တကယ်တော့ ကံတရားကနေ စီမံဖန်တီးပေးလိုက်လို့ ၃၁-ဘုံထဲက ဘုံတစ်ခုကို ရောက်ရှိသွားတာပဲ၊ လူတွေနဲ့ အနီးဆုံးဘုံကတော့ ပြိတ္တာဘုံပေ့ါ၊ ပြိတ္တာဘဝ ရောက်နေပြီဆိုရင်တော့ နေစရာမရှိ စားစရာမရှိ ဖြစ်တတ်တယ်။

ပြိတ္တာဘုံရောက်တယ်ဆိုရင် နည်းနည်းတော်သေးတယ် လို့ခေါ်ရမယ်၊ သူ့ထက်ဆိုးတာ နှစ်ဘုံကျန်သေးတယ်၊ ငရဲနဲ့ တိရစ္ဆာန်နော်၊ ပြိတ္တာဘုံရောက်တဲ့ပုဂ္ဂိုလ်က အမျှဝေလို့ သာဓုခေါ်လိုက်ရင်

http://www.dhammadownload.com



ကောင်းကောင်းမွန်မွန်နေလို့ ရသေးတယ်ပေါ့၊ တိရစ္ဆာန်တို့ ငရဲတို့ ဆိုတာတော့ ကံမကုန်မချင်း သွားရော၊ ဒီတိုင်းပဲ ဒုက္ခခံရမယ်။

**တိုက်တွန်းချက်**

ဒါကြောင့်မို့လို့ **"သင်္ခါရပစ္စယာ ဝိညာဏံ"** "ကံတရားတွေ ဖန်တီးလို့ ပဋိသန္ဓေစိတ်နဲ့ အကျိုးဝိပါက်စိတ်တွေဟာ ဖြစ်ပေါ်လာ ရတယ်"ဆိုတဲ့ မြတ်စွာဘုရားရဲ့ဒေသနာတော်ကို မှတ်သားနာလည် ပြီး ပဋ္ဌာန်းဒေသနာတော်မှာပါတဲ့အတိုင်း ကုသိုလ်ကံ အကုသိုလ်ကံ တွေက အကျိုးတရားကို ကမ္မပစ္စည်း ဥပနိဿယပစ္စည်းနဲ့ ကျေးဇူး ပြုတယ်၊ အဲဒီစွမ်းရည်တွေကို အသုံးပြုပြီး ဝိညာဏဆိုတဲ့ အကျိုး တရားကို ဖန်တီးပေးနေတာပါလားလို့ အကြောင်းနဲ့ အကျိုးကို ဆင်ခြင်သိမြင်ကြပြီးတဲ့အခါမှာ "တို့တစ်တွေ မကောင်းတဲ့အကြောင်း တရားကို လုပ်မိလို့ရှိရင် မကောင်းတဲ့အကျိုးတရားတွေရမှာ ဖြစ် တယ်၊ မကောင်းတဲ့အကြောင်းတရားတွေကို ရှောင်ရှားလို့ ကောင်း တဲ့ အကြောင်းတရားတွေကို ရအောင် ကြိုးစားမှ တော်မယ်" လို့ ကိုယ်စီ ကိုယ်စီ သိမြင်တဲ့ဉာဏ်နဲ့ ကောင်းတဲ့အကျိုးတရားတွေကို ရစေနိုင်တဲ့ ကောင်းတဲ့အကြောင်းတရားတွေကို ကြိုးစားအားထုတ် နိုင်ကြပါစေကုန်သတည်း။

ဖ ဖ ဆ ဆ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"

## အပိုင်း (၃)

သာသနာတော်နှစ် ၂၅၅၁-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၁-ခုနှစ်၊ တပေါင်းလဆန်း ၆-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဖေဖေါ်ဝါရီလ ၁၈-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဗုဒ္ဓသီရိပိမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု တိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။

### ကံတရားနှင့် ပတ်သက်၍ နည်းနှစ်နည်း၌ ဟောပုံ

မြတ်စွာဘုရားက ကံတရားနှင့်ပတ်သက်ပြီး "သင်္ခါရပစ္စယာ ဝိညာဏံ" "ဘဝပစ္စယာ ဇာတိ"လို့ ပဋိစ္စသမုပ္ပါဒ်မှာ နှစ်ဌာန ဟော ကြားခဲ့တယ်၊ ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ ကမ္မပစ္စည်းမှာတော့ "ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော" - ဒီလိုဟောတယ်။

http://www.dhammadownload.com



ဒီတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋ္ဌာန်းပါဠိတော်ရဲ့ ထူးခြားချက်က ဘာလဲလို့ ဆိုရင် **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ ဟောလိုက်တာက ကံကြောင့် ပဋိသန္ဓေဝိညာဏ်စိတ် ဝိပါက်စိတ်တွေ ဖြစ်တယ်လို့ ဒီ အချက်တစ်ချက်ကိုပဲ ဦးတည်ပြီး ဟောလိုက်တယ်၊ ကံကြောင့်ဖြစ် တဲ့ရုပ်တွေ ဖြစ်ပေါ်လာပုံကို **"သင်္ခါရပစ္စယာ ဝိညာဏံ"** ဆိုတဲ့ စကားအရ ဖော်ပြထားခြင်း မရှိဘူး၊ သို့သော် **"ဝိညာဏပစ္စယာ နာမရူပံ"** ဆိုတာ လာတဲ့အခါကျတော့ ဝိညာဏကို ဦးတည်ပြီး တော့ ကံကြောင့်ဖြစ်တဲ့ ရုပ်တရားတွေ ပေါ်လာပုံကို ဆက်ပြီးတော့ ဟောထားတယ်၊ အဲဒီ **"သင်္ခါရပစ္စယာ ဝိညာဏံ"** ဆိုတဲ့ စကားရယ်, **"ဝိညာဏပစ္စယာ နာမရူပံ"** ဆိုတဲ့ စကားရပ်ရယ် - အဲဒါ နှစ်ခု။

ပဋ္ဌာန်းပါဠိတော်မှာ **"ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ"**လို့ ဆိုတယ်၊ **"ကုသလာကုသလံ ကမ္မံ"** ဆိုတဲ့ စကားနဲ့ **"သင်္ခါရပစ္စယာ"** ဆိုတာ တူတယ်၊ **"ဝိပါကာနံ ခန္ဓာနံ"** ဆိုတာနဲ့ **"ဝိညာဏံ"** ဆိုတဲ့စကား တူတယ်၊ **"ကဋတ္တာ စ ရူပါနံ"** ဆိုတာကျတော့ **"ဝိညာဏပစ္စယာ နာမရူပံ"** ထဲမှာ ထည့်ဟော တယ်၊ အမည်မျှလောက်သာ ကွာခြားတာ ဖြစ်တယ်။

ဆိုလိုတာက ...

အဓိကကျတဲ့ ပဋိသန္ဓေစိတ် ဝိပါက်စိတ်တွေ ကံရဲ့အကျိုး စိတ်တွေကို ရှေးဦးစွာဖော်ပြချင်လို့ ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရား က **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ စိတ်ကို ဦးတည်ပြီးတော့ ဟော လိုက်တာ၊ ကမ္မဇရုပ်ကိုတော့ ဝိညာဏ်ပေါ်လာမှ ပေါ်ရတာ ဖြစ် သည့်အတွက်ကြောင့် **"ဝိညာဏပစ္စယာ နာမရူပံ"** ဆိုတဲ့ အထဲမှာ ထည့်ဟောထားတယ်၊

http://www.dhammadownload.com



ပဋ္ဌာန်းမှာ ကံရဲ့အကျိုး နှစ်မျိုးစလုံးကို တစ်ပေါင်းတည်း ဟောတယ်၊ **"ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ"** တဲ့၊ **"ဝိပါကာနံ ခန္ဓာနံ"** ဆိုတာ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးဖြစ်တဲ့ ဝိပါက် စိတ်စေတသိက်ကို ရည်ညွှန်းတယ်၊ **"ကဋတ္တာ စ ရူပါနံ"** ဆိုတာ ကတော့ ကံကြောင့်ဖြစ်တဲ့ ရုပ်တရားတွေကို ရည်ညွှန်းတယ်၊ ဒီတော့ ကံတရားက ထုတ်လုပ်တာ နှစ်မျိုးလို့ မှတ်ရမယ်။

ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋ္ဌာန်းကို ပေါင်းစပ်ပြီးတော့ မှတ်တဲ့အခါ မှာ စေတနာလို့ ခေါ်ရတဲ့ ကံတရား၊ ဒီနေရာမှာ သင်္ခါရလို့ ခေါ်တဲ့ ကံတရား၊ တခြားနေရာမှာ ဘဝလို့ခေါ်တဲ့ ကံတရား၊ အဲဒီကံတရား က အကျိုးနှစ်မျိုးကို ထုတ်တယ်၊ ပထမအကျိုးက မိမိနှင့် အလား တူတဲ့ ဝိပါကဆိုတဲ့ နာမ်အကျိုးတရားကို ထုတ်တယ်၊ ဒုတိယက မိမိနဲ့ သဘာဝချင်းမတူတဲ့ ကမ္မဇရုပ် -သို့မဟုတ်- ကဋတ္တာရုပ်ဆိုတဲ့ အကျိုးတရားကို ထုတ်လုပ်တယ်၊ ဒါကြောင့် ကံတရားက နာမ် တရားကိုလည်း ဖြစ်စေတယ်, ရုပ်တရားကိုလည်း ဖြစ်စေတယ်၊ ဒါ အားလုံးကို ခြုံပြီး ပြောတာ။

ဘုံဘဝနဲ့ ထပ်ပြီးတော့ ခွဲပြောမယ်ဆိုရင် **အသညသတ်ဘုံ** မှာဆိုရင် ကံတရားက ကဋတ္တာရုပ်လို့ခေါ်တဲ့ ဇီဝိတနဝကကလာပ် ကမ္မဇရုပ်တစ်မျိုးကိုသာ ထုတ်လုပ်ပေးတယ်၊ နာမ်တရားကို ထုတ် လုပ်ပေးခြင်း မရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နာမ်တရားဖြစ်မှု မရှိတဲ့ ဘုံဖြစ်လို့၊ **အရူပဘုံ**ကျတော့ ကံတရားက **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ဆိုတဲ့အတိုင်းပဲ ရုပ်တရားပါဝင်ခြင်း မရှိဘူး၊ နာမ်တရားသက်သက် ကိုသာ ထုတ်တယ်၊ အရူပ ၄-ဘုံ, အသညသတ်ဘုံမှတစ်ပါး ကျန် တဲ့ **ပဉ္စဝေါကာရ ၂၆-ဘုံဆိုတဲ့ ခန္ဓာ ၅-ပါးရှိတဲ့ဘုံ**မှာတော့ နာမ်

http://www.dhammadownload.com



ဖြစ်တဲ့ အကျိုးဝိပါက်ကိုလည်း ထုတ်လုပ်တယ်, ရုပ်ဖြစ်တဲ့ကမ္မဇရုပ်ကိုလည်း ထုတ်လုပ်တယ်။

**ကံက ထုတ်လုပ်တာချင်း တူသော်လည်း အမည်အားဖြင့် မတူရခြင်း**

စေတနာဆိုတဲ့ ကံတရားက ဒီလိုအကျိုးနှစ်မျိုး ထုတ်လုပ်တဲ့အခါမှာ အမည်နှစ်မျိုး ခွဲခြားပြီးတော့ ဖော်ပြထားတယ်၊ နာမ်တရားကိုတော့ **ဝိပါက** - အကျိုးတရားလို့ သုံးထားပြီးတော့ ရုပ်တရားကိုတော့ **"ကဋတ္တာရူပ" "ကမ္မဇရူပ"** "ကံကြောင့် ဖြစ်တဲ့ရုပ်" လို့ ဖေါ်ပြထားတယ်၊ ဒီလိုခွဲခြားဖော်ပြတာဟာ အကြောင်းရှိသလားလို့ဆိုတော့ အကြောင်းရှိပါတယ်။

ကံဆိုတဲ့ စေတနာတရားဟာ နာမ်တရားဖြစ်တယ်၊ ထိုနာမ်တရားနဲ့ သဘာဝချင်းတူတဲ့ ဝိပါက်စိတ် နာမ်တရားတွေကို ထုတ်လုပ်တဲ့အခါ ကံတရားရဲ့အကျိုးဖြစ်တဲ့ နာမ်တရားကိုတော့ **"ဝိပါက"** လို့ ခေါ်တယ်၊ ရုပ်တရားတွေကိုတော့ ကံတရားရဲ့အကျိုး ဖြစ်ပေမယ့်လို့ **ဝိပါက** လို့ မသုံးဘူး၊ ဒီလို ဆိုလိုတယ်။

ဘာဖြစ်လို့ မသုံးတာတုန်းဆိုတော့ . . . သစ်ပင်တစ်ပင်မှာကြည့် - အသီးဆိုတဲ့စကားလုံးကို **ဖလ**၊ သစ်ပင်တစ်ပင်ဟာ ဘယ်ကနေ စပြီး,ပေါက်ဖွားလာသလဲ၊ အကြောင်းရှာရင် မျိုးစေ့က စတင်ပေါက်ဖွားလာတယ်၊ မျိုးစေ့လေးတစ်စေ့ စိုက်လိုက်တဲ့အခါ ထိုမျိုးစေ့လေးက အမြစ်ကို ထုတ်လုပ်ပေးတယ်၊ ပင်စည်ကို ထုတ်လုပ်ပေးတယ်၊ အကိုင်းအခက်တွေကို ထုတ်လုပ်ပေးတယ်၊ အရွက်တွေကို ထုတ်လုပ်ပေးတယ်၊ အပွင့်တွေကို ထုတ်လုပ်ပေးတယ်၊ အသီးကို ထုတ်လုပ်ပေးတယ်၊ အဲဒီလို ထုတ်လုပ်ပေးတဲ့အထဲမှာ မျိုးစေ့နဲ့

http://www.dhammadownload.com



အလားတူတာက အသီးတစ်ခုတည်းပဲ၊ အသီးကိုသာ မျိုးစေ့နဲ့အလား တူလို့ **ဖလ** လို့ ခေါ်တယ်၊ ကျန်တာတွေကျတော့ သူ့နာမည်နဲ့သူ ထားတယ်။

အဲဒီသဘောလိုပဲ စေတနာဆိုတဲ့ ကံတရားက မိမိနှင့် သဘာဝချင်းတူတဲ့နာမ်တရားတွေကို ထုတ်လုပ်တဲ့အခါ အဲဒီနာမ် တရားတွေကို **ဝိပါက** လို့ ခေါ်တယ်၊ ဒါကို စာပေကျမ်းဂန်မှာ ရုဠ္ဟီ လို့ခေါ်တယ်၊ ရုဠ္ဟီဆိုတဲ့ သဘောတရားက ဒီပေါ်မှာ တက်ရောက် ထင်ရှားတဲ့သဘော ရှိတယ်။

ဆိုပါစို့ - **ပင်္ကဇ** ဆိုတဲ့ စကားလုံးမှာ **ပင်္က** ဆိုတာ ရွှံ့ညွှန်၊ **ဇ** ဆိုတာ ပေါက်တာ၊ ရွှံ့ညွှန်ထဲမှာ ပေါက်တယ်လို့ နာမည်ပေးလိုက် တာ၊ ရွှံ့ညွှန်ထဲမှာ ပေါက်တဲ့ အပင်တွေက အမျိုးအစားတော်တော် များလိမ့်မယ်၊ ကန်စွန်းပင်တွေလည်း ရွှံ့ညွှန်ထဲ ပေါက်တာ ရှိတယ်၊ ကြာလည်း ပေါက်တာ ရှိတယ်၊ သို့သော်လည်း **ပင်္ကဇ** ဆိုတဲ့စကား လုံးက ကြာတစ်မျိုးတည်းကိုသာ ရည်ညွှန်းပြီးတော့ပြောဆိုတာ၊ ကျန် တဲ့ ကန်စွန်းစတဲ့အပင်တွေကို မရည်ညွှန်းဘူးတဲ့၊ **ပင်္ကဇ** လို့ ဆိုရင် "ကြာ" လို့ပဲ သိရတယ်ပေါ့။

ထို့အတူပဲ **ဝိပါက** ဆိုတဲ့ စကားလုံးလေးက အကျိုးလို့ အဓိပ္ပါယ်ရပေမယ့်လို့ ကံရဲ့အကျိုးဖြစ်တဲ့ ရုပ်တရားကို **ဝိပါက** လို့ မခေါ်ဘူးတဲ့၊ ကံတရားနဲ့ နာမ်တရားချင်းတူတဲ့ ဝိပါက်စိတ်စေတသိက် ဆိုတဲ့ အကျိုးတရားမျိုးကိုသာလျှင် ဝိပါက လို့ ခေါ်တာပါတဲ့၊ ကျန် တာတွေကို မခေါ်ဘူးလို့ ဆိုလိုတာ။

ဒါ့ကြောင့်မို့ ကံတရားကထုတ်လုပ်တဲ့ ရုပ်ကို ခေါ်ဖို့ရာ အတွက် စကားလုံးတစ်လုံး ထပ်ရှာရတယ်၊ ကမ္မဇရုပ် (သို့မဟုတ်)

http://www.dhammadownload.com



ကင္ဍတ္တာရုပ် (သို့မဟုတ်) ကမ္မသမုဋ္ဌာနရုပ် ဆိုတဲ့ အသုံးအနှုန်းတွေ သုံးထားတယ်ပေါ့။ ပဋ္ဌာန်းပါဠိတော်မှာ ကဋတ္တာရုပ်လို့ သုံးထားတယ်၊ ကံတရားကြောင့် ဖြစ်ပေါ်လာတဲ့ရုပ်တွေလို့ သုံးတယ်။

## နည်းနှစ်နည်း အထူး

ဒီတော့ ပဋ္ဌာန်းနဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ အကြောင်းတရား အကျိုးတရား ဟောတာချင်း အတူတူပဲ၊ သို့သော် ဟောပုံဟောနည်း ကွဲပြားခြားနားတယ်၊ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်း ထူးခြားချက်က ဘာတုန်း? -

**ပဋိစ္စသမုပ္ပါဒ်**က အကြောင်းတရားနဲ့ အကျိုးတရားကိုပဲ ဟောတယ်၊ အကြောင်းတရားရဲ့ စွမ်းရည်သတ္တိတွေကို ဖော်မပြဘူးတဲ့၊ ဒါက အကြောင်းတရား, ဒါက အကျိုးတရား- အဲဒီလောက်ပဲ ပြတယ်၊ ဒီအကြောင်းတရားတွေ ရှိနေလို့ ဒီအကျိုးတရားတွေ ဖြစ်ရတယ် ဆိုတဲ့သဘောလောက်ပဲ ဟောတယ်။

**ပဋ္ဌာန်း**ကျတော့ ဒီထက် ပိုလာတယ်၊ ဒီအကြောင်းတရားကြောင့် ဒီအကျိုးတရားတွေ ဖြစ်ရတယ်, ဒီအကြောင်းတရားက ဒီလို စွမ်းရည်သတ္တိတွေကို အသုံးပြုတယ်ဆိုပြီး ဓမ္မတင်,မကဘူး, ဓမ္မရဲ့ သတ္တိကိုပါ ဖော်ညွှန်းပြတယ်။

ဒီလို ဖော်ညွှန်းပြပေမယ့်လို့ **ဓမ္မနဲ့ ဓမ္မသတ္တိဆိုတာ** ခွဲခြားလို့ ရကောင်းတဲ့အရာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် စကားပြောတဲ့အခါမှာ ခွဲပြောလို့ ရတယ်၊ လူနဲ့ လူ့ရဲ့သတ္တိ ခွဲပြောသလိုပဲ၊ ဓမ္မနဲ့ ဓမ္မရဲ့သတ္တိ ကွဲပြားခြားနားမှု မရှိပေမယ့်လို့ ခွဲပြီးတော့ ပြောတာမျိုး ရှိတယ်၊ ဥပစာစကားနဲ့ ပြောလို့ရှိရင် **အဘေဒဘေဒူပစာ**

http://www.dhammadownload.com



လို့ ပြောတယ်၊ **"အဘေဒ"**ဆိုတာ တကယ်ကွဲပြားခြားနားနေတာ မဟုတ်ဘဲနဲ့ **"ဘေဒ"** ကွဲပြားခြားနားသယောင် ပြောကြတဲ့စကား တွေကို အဘေဒဘေဒူပစာလို့ ခေါ်တယ်၊ ဒီစကားမျိုးကို လူတွေ လည်း သုံးနေတာပဲ၊ သတ္တိနဲ့ သတ္တိမန္တ ခွဲပြီး ပြောတဲ့သဘော၊ ဓမ္မနဲ့ ဓမ္မသတ္တိကို ခွဲပြီးတော့ ပြောတဲ့သဘော၊ ဓမ္မဖြင့် ဓမ္မသတ္တိကို ခွဲခြား ပြီး ဖော်ပြလိုက်တာ။

**"သင်္ခါရပစ္စယာ ဝိညာဏံ" "ဝိညာဏပစ္စယာ နာမရူပံ"**- ဒီ နှစ်ခု ဆက်စပ်ပြီး ကြည့်လိုက်တဲ့အခါ ပဋ္ဌာန်းပါဠိတော်မှာ ဟော ထားတဲ့ **"ကုသလာကုသလံ ကမ္မံ"** - ကုသိုလ်အကုသိုလ်ကံဆိုတာ, **"ဝိပါကာနံ ခန္ဓာနံ"**- ဝိပါက်နာမက္ခန္ဓာတွေကိုလည်း ကျေးဇူးပြုတယ်၊ **"ကဋတ္တာ စ ရူပါနံ"**-ကဋတ္တာရုပ်လို့ခေါ်တဲ့ ကမ္မဇရုပ်တွေကိုလည်း ကျေးဇူးပြုတယ် ဆိုတဲ့အဓိပ္ပါယ်ဟာ ပေါင်းစပ်မိသွားပါတယ်။

## ဗုဒ္ဓဟောပြောချက်နှင့် ဘာသာရေးဆရာအချို့ ဟောပြောချက်

ဗုဒ္ဓရဲ့ဟောပြောချက်ထဲမှာ ကံတရားဟာ အင်မတန်မှ အရေးကြီးတယ်၊ မြတ်စွာဘုရားမပွင့်မီကနဲ့ ပွင့်တော်မူတဲ့အချိန်မှာ ကံတရားနဲ့ ပတ်သက်တဲ့ အယူအဆတွေဟာ အင်မတန်မှ ကွဲပြား ခြားနားတယ်။

မြတ်စွာဘုရားပွင့်တဲ့အချိန်မှာ ထင်ရှားရှိနေတဲ့ ဘာသာ တရားအမျိုးမျိုးကို ဟောပြောနေကြတဲ့ ဘာသာရေးဆရာကြီးတွေ ကလည်း ကံတရားကို ဟောပြောကြတာပဲ၊ သူတို့က ကံအကြောင်း ကို ဟောပြောတဲ့အခါ ဘာကို အခြေပြုပြီးတော့ ဟောပြောသလဲ ဆိုရင် အတ္တ ဇီဝကို အခြေပြုပြီး ဟောပြောကြတယ်၊ အရာရာကို

http://www.dhammadownload.com



အတ္တက ခံစားတယ်လို့ ဆိုတယ်၊ ခံစားတတ်တဲ့ အစဉ်ထာဝရရှိတဲ့ အရာတစ်ခုကို ဖန်တီးပြီး ကံအကြောင်းကို ရှင်းပြတယ်။

ပြုလုပ်သူနဲ့ ခံစားသူ - ဒါက သာမန်ပုဂ္ဂိုလ်တွေအနေနဲ့ ပြုလုပ်သူနဲ့ ခံစားသူဟာ ရှိနေတာပဲ၊ "ငါလုပ်တယ်, ငါခံစားရတယ်၊" "ငါ" ဆိုတာ ဘယ်သူလဲလို့ လိုက်ရှာတဲ့အခါမှာ အမျိုးမျိုး ရှိတယ်၊ **ငါ** ဆိုတဲ့ သတ်မှတ်ချက်ကလေးက **အတ္တ**ကို ပြောတာ ရှိတယ်၊ **ဇီဝ** ကို ပြောတာ ရှိတယ်၊ **ခန္ဓာငါးပါး**ထဲက တစ်ခုခုကို လက်ညှိုးထိုးပြီးတော့ **ငါ** လို့ ပြောကြတာ ရှိတယ်။

မြတ်စွာဘုရားက "ငါဆိုတာ တကယ်ရှိလား" ဆိုတော့ "မရှိဘူး၊ ခန္ဓာ ၅-ပါးပဲ ရှိတယ်" တဲ့၊ "ခန္ဓာ ၅-ပါးပဲ ရှိသည့်အတွက်ကြောင့် ပြုလုပ်သူဆိုတာကို ရှာလို့ မရဘူး၊ သဘာဝတရားတွေဟာ အကြောင်းတရားကြောင့် ဖြစ်တာသာ ဖြစ်တယ်၊ အဲဒီအကြောင်းတရားတွေကို ငါလို့ ပြောမယ် ဆိုရင် မမှန်ဘူး၊ ငါလို့ ပြောစရာ အကြောင်းတစ်ခုမှ မရှိဘူး" တဲ့၊ ဘာဖြစ်လို့တုန်း? "သူ့သဘာဝအတိုင်း သူဖြစ်နေတာမို့ ငါလို့ ပြောစရာ မရှိဘူး၊ ငါလို့ သတ်မှတ်စရာ မရှိသည့်အတွက်ကြောင့် ငါ့ဟာလို့လည်း ပြောစရာ မရှိဘူး၊ ငါ ခံစားရတာလို့လည်း ပြောစရာ မရှိဘူး" တဲ့။

## ပြုလုပ်သူနဲ့ ခံစားသူ ဆိုတာ မရှိပုံ

ဒီနေရာမှာ ဓမ္မသဘာဝက အလွန်နက်နဲသည့်အတွက်ကြောင့် သာမန်ပုဂ္ဂိုလ်တွေမှာ ထိုးထွင်းသိနိုင်တဲ့အသိဉာဏ် မရှိကြဘူးပေါ့၊ မရှိသည့်အတွက်ကြောင့် "ငါလုပ်တယ် ငါခံစားတယ်" ထင်ပြီး လုပ်သူကိုလည်း အသိအမှတ်ပြုတယ်၊ ခံစားသူကိုလည်း အသိ

http://www.dhammadownload.com



အမှတ်ပြုတယ်၊ စကားအနေနဲ့ ပြောရုံတင်,မကဘူး၊ တကယ်လည်း ရှိတယ်လို့ ယူဆတယ်၊ "ဒီဘဝ ငါကုသိုလ်ကောင်းမှုတွေ လုပ်တယ်၊ နောက်ဘဝ ငါခံစားရမယ်၊ ငါလုပ်လို့ ငါခံစားရတယ်၊ သူလုပ်တော့ သူခံစားရတယ်၊ ဒီဘဝ မကောင်းမှုအကုသိုလ်တွေ လုပ်တယ်၊ နောင်ဘဝ ခံရမယ်" လို့ - လုပ်သူနဲ့ ခံရသူ ဒီနှစ်ခုဟာ ရှိနေတဲ့ အနေအထားတစ်ခုအနေနဲ့ သတ္တဝါတွေရဲ့ စိတ်ထဲမှာ အထင်မှား အမြင်မှားအနေနဲ့ စွဲနေတယ်။

အဲဒါ မြတ်စွာဘုရားရဲ့ တရားတော်အရ "လုပ်သူ" ဆိုတာ ဘာလဲ၊ လုပ်သူဆိုတာ တကယ်တော့ မရှိဘူး၊ သဘာဝတရား အကြောင်းတရားဖြစ်ပေါ်လာမှုကို "လုပ်သူ"လို့ ပြောတာ၊ ဒါကြောင့် မို့ ဝိသုဒ္ဓိမဂ်မှာ ရေးထားတဲ့ စကားလုံးလေးတစ်ခုက - **"ကမ္မဿ ကာရကော နတ္ထိ"** တဲ့၊ ကံကို ပြုလုပ်တဲ့ပုဂ္ဂိုလ်ဆိုတာ မရှိဘူး၊ ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်မှာ **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့သာ ပြောတာ၊ သတ္တဝါကို ထည့်မဟောဘူးနော်၊ ကံကြောင့် အကျိုးဖြစ်တယ် လို့ပဲ ပြောတယ်၊ ကံလုပ်တဲ့သူကို ထည့်မဟောဘူး၊ ပဋ္ဌာန်းမှာ လည်းပဲ **"ကုသလာကုသလံ ကမ္မံ"** - ကုသိုလ်အကုသိုလ်ကံဟာ, **"ဝိပါကာနံ ခန္ဓာနံ"** - အကျိုးဝိပါက်စိတ်စေတသိက်တွေကို ဝိပါက် ခန္ဓာတွေကို၊ **"ကဋတ္တာ စ ရူပါနံ"** - ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ် တွေကို, **"ကမ္မပစ္စယေန"**- ကမ္မပစ္စယသတ္တိဖြင့်, **"ပစ္စယော ဥပကာရကော"** - ကျေးဇူးပြုတယ်လို့ပဲ ဟောထားတယ်၊ ပြုလုပ်သူ ကို ဖော်ပြထားတာ မရှိဘူး၊ ဒါဟာ အင်မတန်မှ အဓိပ္ပါယ်ရှိတယ်ပေါ့။

**"ကမ္မဿ ကာရကော နတ္ထိ** - ကံကိုပြုလုပ်တဲ့ ပုဂ္ဂိုလ် မရှိ ဘူး"၊ ဒါဖြင့် ဘာရှိတုန်းဆိုတော့ အကြောင်းတရားပဲ ရှိတယ်၊ ကံ

http://www.dhammadownload.com



ကို လုပ်သူ မရှိဘူး၊ အကြောင်းတရားပဲ ရှိတယ်၊ အကြောင်းတရား ဖြစ်ပေါ်လာတာကို မျက်စိမှားပြီးတော့ လုပ်သူအဖြစ် သတ်မှတ်နေကြတယ်၊ တကယ်က လုပ်တဲ့ပုဂ္ဂိုလ် မရှိဘူး၊ သဘာဝတရား အကြောင်းတရားအနေနဲ့ ဖြစ်ပေါ်လာတာကိုပဲ ပြုလုပ်သူလို့ ပုဂ္ဂိုလ်နဲ့ ဆက်စပ်ပြီးတော့ မှတ်ယူနေကြတယ်။

**"ဝိပါကဿ စ ဝေဒကော** - ကံရဲ့အကျိုးတရားကို ခံစားသူဆိုတာလည်း မရှိဘူး" တဲ့၊ ဒါဖြင့် ဘာရှိတုန်းဆိုရင် အကျိုးတရား ဖြစ်ပေါ်လာမှုသာ ရှိတာ၊ အကြောင်းတရားရှိလို့ အကျိုးတရားပေါ်တာ၊ အဲဒါကိုပဲ အကြောင်းတရားကို လုပ်သူ, အကျိုးတရားကို ခံစားသူလို့ ဒီလို အထင်မှားနေကြတာပေါ့။

အဲဒီလို အထင်မှားမှု ရှိနေသည့် အတွက်ကြောင့် သံသရာမှာ လည်နေရတာ၊ အမှန်မတွေ့သေးတာ၊ အဝိဇ္ဇာက ဖုံးထားသည့် အတွက်ကြောင့် အမှန်ကို မမြင်နိုင်ဘူး၊ မမြင်နိုင်သည့်အတွက် ကြောင့် သံသရာထဲက ထွက်ပေါက်ကို ရှာမရဘူး။

အေး အမြင်မှန်ပြီ ဆိုတဲ့အခါကျတော့ ဘယ်လိုမြင်တုန်း၊ **"သုဒ္ဓဓမ္မာ ပဝတ္တန္တိ"** တဲ့ - သဘာဝတရားသက်သက်ပဲ ဖြစ်နေတယ်၊ ကုသိုလ်ကံအကုသိုလ်ကံတွေ ဖြစ်လာတယ်၊ ထိုဖြစ်လာတဲ့ ကုသိုလ်ကံ အကုသိုလ်ကံက ဝိပါကဆိုတဲ့ အကျိုးတရားတွေကို ထုတ်လုပ်တယ်၊ ကဋတ္တာရူပလို့ ဆိုတဲ့ အကျိုးတရားတွေကို ထုတ်လုပ်တယ်၊ ဒါပဲ ရှိတယ်၊ အကြောင်းကြောင့် အကျိုးပေါ်တာပဲ ရှိတယ်၊ **"သုဒ္ဓဓမ္မာ ပဝတ္တန္တိ ဧဝေတံ သမ္မဒဿနံ"**- အဲဒါမှ မှန်ကန်တဲ့ အမြင်တဲ့၊ ဒီလိုဆိုထားတယ်။

http://www.dhammadownload.com



ဒီတော့ မြတ်စွာဘုရားရဲ့ ဒေသနာတော်အရ ကံဆိုတာ ရှိတယ်၊ ကံကို ပြုလုပ်သူ မရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိဘူး၊ သဘာဝတရားပဲ ဖြစ်ပေါ်နေတာ၊ ဆိုင်ရာ ဆိုင်ရာ အကြောင်းတွေကြောင့် အကျိုးတရားတွေ ဖြစ်ပေါ်လာရတယ်ပေါ့။

ကံတရားတွေ ဖြစ်ပေါ်လာပုံကို ကြည့်လေ၊ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"**၊ ကံကို ဘယ်သူကလုပ်တာတုန်း၊ ဘယ်သူ့ကြောင့် ဒီကံတရားတွေက ဖြစ်ပေါ်လာတာတုန်းဆိုတော့ အဝိဇ္ဇာကြောင့် ဖြစ်တယ်လို့ပဲ ဟောတယ်၊ ပုဂ္ဂိုလ်ကလုပ်လို့ ဖြစ်တယ်လို့ ဟောတာ မဟုတ်ဘူးနော်၊ ဒီလို သဘာဝဆိုက်ထိမှ မှန်တယ်၊ သဘာဝဆိုက်ထိအောင် မမြင်နိုင်သေးဘူးဆိုရင် သံသရာက လွတ်လမ်းကို မတွေ့နိုင်သေးဘူးတဲ့။

ဒါကြောင့်မို့ မြတ်စွာဘုရားက အကြောင်းတရားနဲ့ အကျိုးတရား ဒီနှစ်ခုကို ရှင်းပြတယ်၊ ကုသိုလ်ကံ အကုသိုလ်ကံတွေက ဝိပါက်နာမက္ခန္ဓာဆိုတဲ့ နာမ်အကျိုးတရားကို ထုတ်လုပ်တယ်၊ ကဋတ္တာရုပ်လို့ဆိုတဲ့ ရုပ်အကျိုးတရားတွေကို ထုတ်လုပ်တယ်၊ အဲဒီလို ထုတ်လုပ်တဲ့အခါမှာ ဘယ်သူတွေရဲ့ အကူအညီနဲ့ ထုတ်လုပ်ရတုန်းဆိုလို့ရှိရင် အဝိဇ္ဇာဆိုတဲ့ ကိလေသာ, တဏှာဆိုတဲ့ ကိလေသာ - ဒီစွမ်းအားထက်တဲ့ ကိလေသာနှစ်မျိုးရဲ့ အကူအညီနဲ့ ထုတ်လုပ်တာ။

အဝိဇ္ဇာက အမှောင်ချပေးလိုက်တယ် - သို့မဟုတ် - အမှန်မမြင်ရအောင် ဖုံးကွယ်ပေးထားတယ်၊ ဖုံးကွယ်ပေးထားလိုက်တဲ့အခါ တဏှာက တွယ်တာလာတယ်၊ အဲဒီတွယ်တာလာတဲ့အချိန်မှာ ထို

http://www.dhammadownload.com



တွယ်တာမှုဆိုတာကို အခြေပြုပြီးတော့ ကံတရားက ဖန်တီးပေး လိုက်တယ်တဲ့၊ ဒါနဲ့ပဲ ဘဝတစ်ခုဟာ အစပြုလာကြတယ်။

## ဘဝတစ်ခု၌ အစပြုလာသော ဝိညာဏ်

အဲဒီသဘောကို မြတ်စွာဘုရားက **"သင်္ခါရပစ္စယာ ဝိညာဏံ"**၊ ပဋိစ္စသမုပ္ပါဒ်မှာ ပဋိသန္ဓေဝိညာဏ်စိတ် အကျိုးစိတ်တွေ ပေါ်လာ တယ်တဲ့၊ ဒီလိုပေါ်လာတဲ့အခါမှာ ပထမစတင်ပေါ်တာကို ပဋိသန္ဓေစိတ် လို့ ခေါ်တယ်၊ **ပဋိသန္ဓိ** ဆိုတာ **ပဋိ** - တစ်ဖန်, **သန္ဓိ** - ပြန်ဆက်တာ၊ ဘဝနှစ်ခု ဆက်စပ်ပေးတဲ့သဘော၊ ဟိုဘဝက စုတိ စိတ်ကျလိုက်တာနဲ့ တစ်ပြိုင်နက် ပြတ်စဲမသွားအောင် ပဋိသန္ဓေစိတ် ကလေးက ပေါ်လာတာ၊ ဒါကြောင့်မို့ ဘဝနှစ်ခုကို ဆက်စပ်ပေးတဲ့ စိတ်ဖြစ်လို့ သူ့ကို ပဋိသန္ဓေစိတ်လို့ ခေါ်တာ၊ သူ့ဆောင်ရွက်မှု ကိစ္စက ရှေးဘဝနဲ့ နောက်ဘဝနှစ်ခုကို ဆက်ပေးလိုက်တာ၊ ကြား ထဲမှာ အဆက်မပြတ်ရအောင် ဆက်ပေးလိုက်တာ၊ စိတ်အစဉ် ဆိုတာ ဘယ်တော့မှ အဆက်မပြတ်ဘူး၊ အဲဒီနှစ်ခုဟာ အမြဲတမ်း on line ဖြစ်နေတာ၊ စုတိစိတ်ဆိုတာ ချုပ်သွားတာနဲ့ တစ်ပြိုင်နက် ပဋိသန္ဓေစိတ်ဆိုတာ ပေါ်လာတာ။

အဲဒါကိုပဲ ပဋ္ဌာန်းပါဠိတော်မှာ စုတိစိတ် ချုပ်သွားပြီး ပဋိသန္ဓေစိတ် ပေါ်လာတာကိုပဲ "စုတိစိတ်က ချုပ်ပေးသွားခြင်းဖြင့် ပဋိသန္ဓေစိတ် ပေါ်လာဖို့ရန် အထောက်အကူပြုတယ်"လို့ အနန္တရ ပစ္စယော, သမနန္တရပစ္စယော, ဥပနိဿယပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယောလို့ ဟောတာ၊ မရှိတော့မှ ကျေးဇူးပြုလိုက်တာ၊ ဖယ်

http://www.dhammadownload.com



ပေးလိုက်တာကလည်း နောက်တစ်ခု ဖြစ်လာဖို့ရန်အတွက် ကျေးဇူး ပြုလိုက်တာပဲ။

**ကျေးဇူးပြုတယ်ဆိုတဲ့ ပစ္စယအဓိပ္ပါယ်**

ကျေးဇူးပြုတယ်ဆိုတဲ့ **ပစ္စယ**ရဲ့ အဓိပ္ပါယ်က ဖြစ်အောင် လုပ်တာကလည်း ကျေးဇူးပြုတာပဲ၊ ရပ်တည်နေနိုင်အောင် လုပ်ထားတာကိုလည်း ကျေးဇူးပြုတယ်လို့ ခေါ်တယ်။

ပန်းပွင့်လေးတွေ လှလှပပစုပြီးတော့ ရပ်တည်နေနိုင်အောင် ပန်းအိုးကနေ အထောက်အကူပြုထားတယ်, ကျေးဇူးပြုတယ် ခေါ်တာပေါ့။ ဒီလိုပဲ အကြောင်းနဲ့ အကျိုး ဆိုတာ ဆက်စပ်ပြီးတော့ ကျေးဇူးပြုနေတာ၊ ဒါတွေကို ရည်ညွှန်းပြီးတော့ မြတ်စွာဘုရားက **ပစ္စယ** လို့ ပြောတယ်၊ **ပစ္စယ** ဆိုတာ ဖြစ်စေတာရယ်, ရပ်တည်စေတာရယ်၊ ဒီနှစ်ခုနဲ့ ကျေးဇူးပြုတဲ့သဘောပဲ။

ကံနဲ့ ကမ္မဝိပါက - ဘဝတစ်ခုမှာ ကံတရားကြောင့် ကံရဲ့ အကျိုးတရားဖြစ်တဲ့ ပဋိသန္ဓေစိတ်ဟာ ပေါ်လာရတယ်၊ ပဋိသန္ဓေစိတ်ပေါ်လာတဲ့အခါမှာ ထိုပဋိသန္ဓေစိတ်နဲ့တွဲဖက်ပြီးတော့ ကံကြောင့်ဖြစ်တဲ့ ရုပ်တရားတွေလည်း ပေါ်လာတယ်၊ **"ဝိညာဏပစ္စယာ နာမရူပံ"** နဲ့ ဒီသဘောကို ဆက်ပြီး ပြောရမယ်။

## "ကံ၏ သဘောတရားများ"

ဒီကနေ့တော့ ကံတရားနဲ့ ပတ်သက်ပြီးတော့ မြတ်စွာဘုရား ထိုထိုသုတ္တန်မှာ ဟောထားတဲ့ အချက်အလက်ကလေးတွေ၊ ပဋိစ္စ-

http://www.dhammadownload.com



သမုပ္ပါဒ်နဲ့ ပဋ္ဌာန်းကို ပိုပြီး နားလည်သဘောပေါက်ရအောင် ထိုထို သုတ္တန်တွေမှာပါတဲ့ ကံရဲ့သဘာဝတရားတွေကို ဆက်စပ်ပြီး မှတ်သားဖို့ လိုအပ်တယ်။

ကံတရားက မိမိရဲ့အကျိုးဝိပါက်စိတ်ကို ထုတ်လုပ်တဲ့အခါ အချိန်အခါ ၂-ခုမှာ ထုတ်လုပ်တယ်၊ ပထမအချိန်အခါက ပဋိသန္ဓေလို့ခေါ်တဲ့ ဘဝအစမှာ တစ်ခါထုတ်လုပ်တယ်၊ နောက်ဘဝတစ်ခု စတင်ပြီးတဲ့နောက် ဆက်လက်ဖြစ်ပေါ်နေတဲ့ တစ်သက်တာကာလလို့ခေါ်တဲ့ ပဝတ္တိအချိန်ပိုင်းမှာလည်းပဲ ကံတရားက ဆက်လက်ပြီးတော့ အကျိုးဝိပါက်စိတ်တွေကို ဖြစ်ပေါ်စေတယ်၊ အဲဒီလို ကံတရားက ထုတ်လုပ်ပေးလိုက်တဲ့ ဒီအကျိုးဝိပါက်စိတ်တွေဟာ တကယ်ကတော့ ကံတရားဆိုတာ ဘယ်ကံက ထုတ်လုပ်တာတုန်းလို့ဆိုရင် သေခါနီးမှာဖြစ်လာတဲ့ မရဏာသန္နဇောက အာရုံတစ်ခုအနေနဲ့ ရယူလိုက်တဲ့ အကျိုးပေးခွင့် အလှည့်အကြိမ် ကျလာတဲ့ အင်အားကောင်းတဲ့ ကံတစ်ခုက ထုတ်လုပ်ပေးလိုက်တာ၊ ဒီတော့ ကံဟာ အတိတ်နဲ့ပဲ သက်ဆိုင်တယ်ပေါ့။

## ကံနှင့် စိတ်-ဥတု-အာဟာရ

အတိတ်ဘဝ ကံကြောင့် ဖြစ်ပေါ်လာတဲ့ နာမ်တရား၊ ကံကြောင့်ဖြစ်ပေါ်လာတဲ့ ရုပ်တရားတွေဟာ ဘယ်လိုနည်းနဲ့ စဉ်ဆက်မပြတ် ဒီဘဝမှာ ဆက်လက်ပြီးတော့ သွားနေကြသလဲ ဆိုလို့ ရှိရင် ပစ္စုပ္ပန်ဘဝမှာရှိနေတဲ့ ဥတုကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တရားတွေ၊ အာဟာရကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တရားတွေ၊ စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်တရားတွေ၊ အဲဒါတွေနဲ့ ဆက်စပ်ပြီးတော့ ကံကြောင့်

http://www.dhammadownload.com



ဖြစ်တဲ့ရုပ်တရားဟာ ကံဆိုတဲ့ သဘာဝတရားက ထပ်ဆင့်ပြီးတော့ ထုတ်နေတာ မရှိတော့သော်လည်း သူဟာ အခြားအကြောင်းတရား တွေရဲ့ အထောက်အကူတွေနဲ့ ဆက်လက်ပြီးတော့ သွားနေတယ် လို့ ဆိုတယ်။

ဥပမာ - မျိုးစေ့လေးတစ်ခုကို မြေထဲမှာချပြီးတော့ စိုက် လိုက်ရင် အဲဒီမျိုးစေ့က အမြစ်ကလေး သက်ဆင်းလာတယ်၊ အ ညှောက်ကလေး ပေါက်လာတယ်၊ ပြီးတာနဲ့ တစ်ပြိုင်နက် ဒီမျိုးစေ့ လေးဟာ ဆွေးသွားတယ်၊ ချစိုက်လိုက်တဲ့ မျိုးစေ့လေးက မရှိတော့ ဘူး၊ ဒီအပင်ကလေး သူချထားတဲ့ အမြစ်ကလေးနဲ့ အညှောက် ကလေး ဆက်လက်ရှင်သန်နေဖို့ ဘယ်သူက ထိန်းသွားတုန်းဆိုရင် မြေတို့ ရေတို့ လေတို့ အပူငွေ့တို့ ဆိုတာတွေက ထိန်းသွားတာ။

အဲဒါလိုပဲ ကံမျိုးစေ့ကနေ ချပေးလိုက်တဲ့ သန္ဓေစိတ်နဲ့ ထို သန္ဓေစိတ်နှင့် အတူတကွ ဖြစ်ပေါ်လာတဲ့ ကမ္မဇရုပ်ကလေးတွေ တစ်ဘဝတာကာလမှာ ရှင်သန်ရပ်တည်နေအောင် ဥတုကြောင့် ဖြစ်တဲ့ ရုပ်တွေ, အာဟာရကြောင့် ဖြစ်တဲ့ ရုပ်တွေ, စိတ်ကြောင့်ဖြစ် တဲ့ ရုပ်တွေက အထောက်အကူပေးပြီးတော့ သွားကြတာပဲ၊ အားလုံး ကနေ သယ်ဆောင်ပြီးတော့ သွားကြတာ၊ ဒါကြောင့်မို့လို့ ကံက ထုတ်လိုက်တဲ့ ရုပ်ဟာ အနှစ်- ၅၀, ၆၀, ၇၀, ၈၀, ၁၀၀၊ ကံရဲ့ အရှိန် ကောင်းရင် ကောင်းသလောက် ဥတု အာဟာရ စွမ်းရည် သတ္တိတွေ ဖြစ်ရင် ဖြစ်သလောက် ကံကနေ ထုတ်လုပ်ပေးထားတဲ့ ကမ္မဇရုပ်နဲ့ ဒီဝိပါက်စိတ်တွေဟာ ရှင်သန်နေကြတယ်၊ အဲဒီလို ရှင် သန်နေဖို့ ဆိုတာ ကံရဲ့စွမ်းအား တစ်ခုတည်းနဲ့ဖြစ်တာ မဟုတ်ဘူး၊ အထောက်အကူတွေရဲ့ စွမ်းအားတွေ အများကြီး ပါတယ်ပေါ့။

http://www.dhammadownload.com



ဒါကို စဉ်းစားကြည့်ဖို့က - စထုတ်လိုက်တဲ့ ကံက အင်မတန်မှ အရှိန်ပြင်းတဲ့ကံဆိုရင် အထောက်အကူပြုတဲ့ ဥတုတို့ အာဟာရတို့ကလည်းပဲ စွမ်းအားထက်တယ်ဆိုလို့ရှိရင် ဒီပုဂ္ဂိုလ်တစ်ယောက်ဟာ အသက်ရှည်တယ်လို့ ပြောကြတာပဲ၊ အသက် ၁၀၀, ၁၂၀ စသဖြင့် ရှည်သွားတယ်၊ ကံက ထုတ်လုပ်တုန်းကလည်း ခပ်ညံ့ညံ့၊ အထောက်အကူပြုတဲ့ ဥတုတို့ အာဟာရတို့ကလည်း ညံ့လာတယ်ဆိုရင် သိပ်အသက်မရှည်ဘူး။

## ဘုရားနှစ်ဆူတို့၏ သက်တမ်း

ဒီသဘောကို ဘာနဲ့ စဉ်းစားလို့ရလဲလို့ ဆိုတော့ ဘုန်းကြီးတို့တစ်တွေ ဆက်စပ်ပြီး စဉ်းစားရမှာက ကဿပမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရားကို ယှဉ်ကြည့် - ကဿပမြတ်စွာဘုရားက လူတွေရဲ့သက်တမ်း နှစ်သောင်းတမ်းမှာပွင့်လို့ အသက်နှစ်သောင်းနေရတယ်၊ ဂေါတမမြတ်စွာဘုရားကျတော့ အသက် ၁၀၀-တမ်းမှာ ပွင့်လို့ အသက်-၈၀ ပဲ နေရတယ်၊ ဒါ ကံကို ပုံချလို့ ရမလား။

ဘုရားဖြစ်အောင် ကျင့်ရတဲ့ကံဟာ ကဿပဘုရား ဖြစ်အောင် ဖြည့်ကျင့်ရတဲ့ကံနဲ့ ဂေါတမမြတ်စွာဘုရား ဖြစ်အောင် ဖြည့်ကျင့်ခဲ့ရတဲ့ ပါရမီကံတရားတွေဟာ အတူတူပါပဲ၊ ဘုရားတိုင်း ဘုရားတိုင်းဟာ အနည်းဆုံး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ၁၀-ပါး အပြား-၃၀, စွန့်ခြင်းကြီး ၅-ပါး ဆိုတာတွေကို ဖြည့်ကျင့်ပြီးတော့ လာကြရတာချည်းပဲ၊ ဒီတော့ ကံနဲ့ ကြည့်မယ်ဆိုလို့ရှိရင် ဘာမှပြောစရာ အကြောင်းမရှိဘူး၊ တူညီတဲ့ ကံတရားတွေကို ဖြည့်ကျင့်လာခဲ့တာပဲ၊ ကဿပမြတ်စွာဘုရားက ပိုကံကောင်းလို့

http://www.dhammadownload.com



အသက်ရှည်တာ မဟုတ်ဘူး၊ ဂေါတမမြတ်စွာဘုရားက ကံညံ့လို့ အသက်တိုတာ မဟုတ်ဘူး။

ဘာအကြောင်းတရားလဲ ဆိုတာကို အဋ္ဌကထာက ထောက်ပြထားတယ်- **"ဥတုနာ ဘောဇနေန အာယု ဟာယတိပိ ဝဍ္ဎတိပိ"** တဲ့၊ ခုနကပြောတဲ့ ထိန်းတဲ့ဟာ လိုတယ်ပေါ့၊ ကံက သူ့လုပ်ငန်း လုပ်ပြီးသွားပြီ၊ ခုနက မျိုးစေ့လေးက မျိုးစေ့ချပြီးသွားပြီ၊ သူ့လုပ်ငန်း သူလုပ်တာ ပြီးသွားပြီ၊ လုပ်ပြီးသွားတာနဲ့တစ်ပြိုင်နက် သူက မရှိတော့ဘူး၊ ဆက်လက်ထိန်းသိမ်းရမှာက ဘယ်သူက ထိန်းသိမ်းတာတုန်း ဆိုတော့ - မျိုးစေ့ကို ဥတုတို့ အာဟာရတို့က ထိန်းသိမ်းသွားတာ။

ထို့အတူပဲ လူ့ရဲ့သက်တမ်းဟာ ကဿပမြတ်စွာဘုရားရှင် ပွင့်တော်မူရာ သက်တမ်းကာလမှာ ရှိကြတဲ့ ရာသီဥတုတို့ အာဟာရတို့ ဆိုတာဟာ ဥတုက အလွန်ကောင်းသည့် အတွက်ကြောင့် ထိုဥတုကို မှီပြီးတော့ စိုက်ပျိုးရတဲ့ သီးနှံတွေဟာလည်း အဆီသြဇာပြည့်တယ်၊ ဒီလို ဥတုကောင်းခြင်း, ဥတုကို မှီပြီး ဖြစ်ပေါ်လာတဲ့ သီးနှံတွေကလည်း အာဟာရဓာတ် ကြွယ်ဝခြင်းတို့ကြောင့် အဲဒီ အာဟာရဓာတ်တွေကို စားသုံးနေရတဲ့ ကဿပမြတ်စွာဘုရားရဲ့ ရုပ်ခန္ဓာကိုယ်တော်ကို အဲဒီဥတုနဲ့ စားသုံးရတဲ့အာဟာရဓာတ်က အနှစ်နှစ်သောင်း တိုင်အောင် ရှည်ကြာစေနိုင်တယ်ပေါ့။

ဂေါတမဘုရားလက်ထက် ရောက်တဲ့အခါကျတော့ ဥတုကလည်း ညံ့သွားတယ်၊ ညံ့တဲ့ဥတုမှာ စိုက်ထားတဲ့ အသီးအနှံတွေကလည်း အဆီသြဇာ ညံ့လာတယ်၊ ညံ့တဲ့အာဟာရတွေကို စားသုံးရတဲ့အခါ ဂေါတမမြတ်စွာဘုရားရဲ့ ကံတရားဟာ ဘယ်လောက်ပဲ ကောင်းကောင်း, ဘယ်လောက်ပဲ အရှိန်အဝါရှိရှိ အထောက်အကူ

http://www.dhammadownload.com



ပြုတဲ့ အာဟာရဓာတ်တွေတို့ ဥတုတို့က ညှိုသွားတယ်၊ ညှိုသွားသည့်အတွက်ကြောင့် အနှစ်-၁၀၀ ထက် ပိုပြီးတော့ ထိန်းထားနိုင်စွမ်း မရှိဘူးတဲ့၊ ဒီသဘောကို ပြောတာနော်၊ ဒီတော့ ကံနဲ့ ပတ်သက်လာလို့ရှိရင် သူ့အတိုင်းအတာတစ်ခုအရ, သာ မှတ်သားကြရမှာ ဖြစ်တယ်။

**ပဋိသန္ဓေစိတ်ဖြစ်ရန် အခြားအထောက်အကူများ**

ဘုန်းကြီးတို့တစ်တွေ ဘဝတစ်ခု အခုရလာတော့ စွမ်းအားရှိတဲ့ ကံတစ်ခုကနေ ကိုယ့်ကို ပစ်ချပေးလိုက်တယ်၊ မနေ့က ပြောတဲ့အတိုင်း **"ကမ္မံ ခေတ္တံ၊ ဝိညာဏံ ဗီဇံ၊ တဏှာ သ္နေဟော"** ပေါင်းစပ်ပြီးတော့ အလုပ်လုပ်လိုက်တယ်၊ အဲဒီ အလုပ်လုပ်လိုက်တဲ့အခါမှာ ဝိပါကလို့ ဆိုတဲ့ ဒီသန္ဓေစိတ်ကလေး ဖြစ်ပေါ်လာတာဟာ ကံက ဖန်တီးပေးလိုက်တာတော့ မှန်တယ်၊ သို့သော် ဒီ ပဋိသန္ဓေစိတ်ကလေးဟာ အခြားအထောက်အကူတွေ သူ့မှာ ရှိနေသေးတယ်။

ဘာအထောက်အကူတွေလဲ လို့ဆိုရင် ကံ ကမ္မနိမိတ် ဂတိနိမိတ်ဆိုတဲ့ **အာရုံအထောက်အကူတွေ** သူ့မှာ ရှိနေသေးတယ်၊ အဲဒီအာရုံလေးပေါ်မှာ မှီပြီးတော့မှ ဒီသန္ဓေစိတ်ကလေးဟာ ပေါ်လို့ ရတယ်၊ မှီစရာအာရုံ မရှိလို့ရှိရင် စိတ်ဆိုတာ မဖြစ်နိုင်ဘူး၊ **"အာရမ္မဏ ဝိဇာနန လက္ခဏာ** - အာရုံကိုသိတဲ့ သဘောတရား" လို့ဆိုတဲ့နေရာမှာ အာရုံနဲ့ကင်းပြီး ဖြစ်တဲ့စိတ်ဆိုတာ မရှိဘူး၊ အာရုံမပါဘဲနဲ့ စိတ်ဆိုတာ ဘယ်တော့မှ မဖြစ်ဘူးတဲ့၊ အာရုံကို မှီပြီးတော့မှသာ ဖြစ်ပေါ်လာနိုင်တယ်လို့ ဒီလိုပြောတယ်၊ ဒီပဋိသန္ဓေစိတ်

http://www.dhammadownload.com



ကို ကံက ဖန်တီးတာ မှန်တယ်၊ သို့သော် အာရုံဆိုတဲ့ ကြိုးတန်းကလေးကို ကိုင်ပြီးမှ သူဟာ ဖြစ်ပေါ်လို့ ရတယ်၊ နို့မို့ဆိုရင် ဒီ သန္ဓေစိတ်ကလေးဟာ ပေါ်ပေါက်လာခြင်း မရှိနိုင်ဘူး။

စိတ်ဆိုတာ ခန္ဓာ ၅-ပါး ရှိတဲ့ ဘုံတွေမှာဆိုရင် အာရုံတင်မကဘူး, **မှီရာဝတ္ထုရုပ်ကလေးကလည်း ရှိရသေးတယ်၊** ဆိုလိုတာက အောက်က မှီစရာလည်း ရှိရမယ်၊ အပေါ်က ဆွဲကိုင်စရာလည်း ရှိရမယ်၊ အာရုံက ကြိုးတန်းလေးနဲ့ အလားသဏ္ဌာန် တူတယ်၊ အာရုံကြိုးတန်းလေးကို ဆွဲကိုင်ပြီး အောက်က ထိုင်စရာ ဆိုတဲ့ ဝတ္ထုရုပ်လေးလည်း ရှိရတယ်၊ ဒီနှစ်ခုရှိမှာ သူက ရပ်တည်နိုင်စွမ်းရှိတယ်ပေါ့၊ (သို့သော် မှီစရာဝတ္ထုရုပ် ဆိုတာတော့ ဘုံတိုင်းမှာ မရှိဘူး၊ အရူပဘုံကျတော့ ရုပ်မရှိသည့်အတွက်ကြောင့် သူ့ကို အထူးမပြောတော့ဘူး)။

## ပဋ္ဌာန်းသတ္တိများ

ကောင်းပြီ - ကံဆိုတာ အဓိကအကြောင်းတစ်ခုကို ဦးတည်ပြီးတော့ ပြောလိုက်တာ၊ သန္ဓေစိတ်ကလေး ပေါ်ဖို့ရန်အတွက် ကံဆိုတဲ့ အကြောင်းအပြင် အာရုံဆိုတဲ့ အကြောင်းတရားလေးလည်း ပါသေးတယ်၊ အဲဒီအာရုံဆိုတဲ့ အကြောင်းတရားကို ပဋ္ဌာန်းကျတော့ **"အာရမ္မဏပစ္စယော"** လို့ ဒီလို ဟောထားတယ်။

စုတိစိတ်ကလေး ချုပ်ပေးတာကိုက ပဋိသန္ဓေစိတ်ကလေး ဖြစ်ဖို့အထောက်အကူပြုတာပဲ၊ အဲဒါကို စုတိစိတ်ကလေးရဲ့ အခြားမဲ့မှာ ဒီပဋိသန္ဓေစိတ်ကလေးပေါ်ရတာ ဖြစ်သောကြောင့် **အနန္တရပစ္စယော, သမနန္တရပစ္စယော၊** အဲဒီစုတိစိတ်ကလေး လုံးဝပျောက်

http://www.dhammadownload.com



ကွယ်သွားမှ ပဋိသန္ဓေစိတ်ကလေး ပေါ်လာခွင့်ရှိတာ ဖြစ်သောကြောင့် **နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊** ပဋ္ဌာန်းရဲ့စွမ်းရည်သတ္တိတွေနဲ့ ဒီလို အထောက်အကူပြုကြတာပေ့ါ၊ ရှေ့စိတ်ကနေပြီးတော့ အထောက်အကူပြုတာ။

ဒါကြောင့်မို့ ပဋ္ဌာန်းကို လေ့လာတဲ့အခါ မှာ Four points of view ဆိုတဲ့ လေးဘက်လေးတန်ကနေပြီးတော့ အကြောင်းတရား တွေဟာ အထောက်အကူပြုကြပုံကို ရှုမြင်နိုင်တယ်။

ပဋိသန္ဓေစိတ်ကလေးကို လေးဘက်လေးတန် အကြောင်းတရားတွေက ဘယ်လိုအထောက်အကူပြုသလဲ ဆိုတော့ ပဋိသန္ဓေစိတ်ကလေးရဲ့ အရင်ဖြစ်ပြီးတော့ ချုပ်သွားတဲ့ စုတိစိတ်- (ဟိုဘဝက နောက်ဆုံးစိတ်ကလေး)- အဲဒီနောက်ဆုံးစိတ်ကလေးသည် သူကိုယ်တိုင်ချုပ်ငြိမ်းပေးခြင်းဖြင့် ပဋိသန္ဓေစိတ်ကလေး ဖြစ်ပေါ်ခွင့်ကို ပြုလိုက်တာ၊ ဒါက အကြောင်းတစ်ခုပဲ၊ အဲဒီအကြောင်းကို ပဋ္ဌာန်းမှာ အနန္တရပစ္စယော, သမနန္တရပစ္စယော, နတ္ထိပစ္စယော, ဝိဂတပစ္စယောလို့ ဒီလိုဟောလိုက်တယ်၊ အဲဒါက point တစ်ခုပဲ။

ဟောဒီ ပဋိသန္ဓေစိတ်ကလေးဟာ ကံကြောင့်ဖြစ်တာ ဖြစ်ပေမယ့်လို့ အာရုံနဲ့ ကင်းပြီးတော့ မဖြစ်နိုင်ဘူး၊ ဒါကြောင့်မို့လို့ ကံ ကမ္မနိမိတ် ဂတိနိမိတ်လို့ ဆိုတဲ့ သေခါနီးမှာ ကံကြောင့် ပေါ်လာပြီးတော့ မရဏာသန္နဇောက ရယူဖော်ပြပေးတဲ့ အာရုံလေးကို အမှီပြုပြီးတော့ ဖြစ်ပေါ်ရတာ ဖြစ်သောကြောင့် အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အဲဒါ point တစ်ခုပဲ။

နောက်တစ်ခုက ဒီသန္ဓေစိတ်ကလေးဟာ လူ့ဘုံဘဝနဲ့ ပြောမယ်ဆိုရင် သူ့မှာ အမှီ မရှိဘဲနဲ့ မဖြစ်နိုင်ဘူး၊ သူ့အမှီလေးက ဘာ

http://www.dhammadownload.com



တုန်းဆိုရင် သူနဲ့ပြိုင်တူ ဖြစ်ပေါ်လာတဲ့ ဟဒယဝတ္ထုရုပ်ကလေးကို သူက မှီရတယ်၊ ဒါကြောင့်မို့လို့ ဒီအခိုက်ကလေးမှာ ပဋိသန္ဓေစိတ် နဲ့ ဟဒယဝတ္ထုကို **"ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော"** လို့ ဒီလိုဟောတာ၊ အပြန်အလှန် ပြိုင်တူဖြစ်လာတာ။

ဒီသန္ဓေစိတ်ကလေးနဲ့ ဟဒယဝတ္ထုဆိုတဲ့ ကံကြောင့်ဖြစ်လာတဲ့ ရုပ်ကလေး - ပဋိသန္ဓေစိတ်ကလေးကလည်းပဲ ကံက ထုတ်လုပ်လိုက်တာ၊ ဟဒယဝတ္ထုရုပ်ကလေးကလည်း ကမ္မဇရုပ်- ကံက ထုတ်လုပ်လိုက်တာပဲ၊ နှစ်ခုစလုံးကို တစ်ပြိုင်နက် ထုတ်ပေးလိုက်တာ၊ ထုတ်ပေးလိုက်တဲ့ ပဋိသန္ဓေစိတ်ကလေးနဲ့ ဟဒယဝတ္ထုရုပ်တို့သည် အပြန်အလှန် အားပြုပြီး နေကြရတယ်၊ အဲဒါကို **သဟဇာတပစ္စယော, အညမညပစ္စယော**လို့ ဟောတာ၊ ရှိနေခိုက်မှာ ကျေးဇူးပြုတာဖြစ်သောကြောင့် **အတ္ထိပစ္စယော**၊ ကင်းကွာပြီးတော့ မသွားခင် ကျေးဇူးပြုတာဖြစ်သောကြောင့် **အဝိဂတပစ္စယော**လို့ ဒီလိုဟောတာ။

ဒီပဋိသန္ဓေစိတ်ကလေးကို ဧရှေးစိတ်ကလည်း အထောက်အကူပြုတယ်၊ အာရုံကလည်း အထောက်အကူပြုတယ်၊ မှီရာဝတ္ထုရုပ်ကလည်း အထောက်အကူပြုတယ်။

တစ်ခါ internal condition- ပဋိသန္ဓေစိတ်ကလေးက သူတစ်ခုတည်း ရပ်တည်တာလားလို့ ဆိုရင် သူတစ်ခုတည်း မရပ်တည်နိုင်ဘူး၊ ပဋိသန္ဓေစိတ်ကလေးဟာ သူ့ရဲ့ စိတ်အမျိုးအစားအားလျော်စွာ ယှဉ်ဘက်စေတသိက်ကလေးတွေနဲ့ unity ဖွဲ့ထားတယ်၊ ဥပေက္ခာသန္တီရဏစိတ် ဆိုလို့ရှိရင် စေတသိက်က ၁၀-ခု၊ အားလုံးပေါင်းလိုက်တဲ့အခါ unity of eleven ပေါ့၊ သဘာဝ

http://www.dhammadownload.com



တရား ၁၁-ခုကို ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းလေးတစ်ခု၊ molecule လေးတစ်ခု၊ အဲဒီ unit ကလေးတစ်ခု ဖွဲ့တာက ပဋိသန္ဓေစိတ်ကလေး တစ်ခုတည်းတင် မဖြစ်နိုင်ဘူး၊ ကျန်တဲ့ယှဉ်ဘက် စေတသိက်ကလေးတွေလည်း ပါတယ်။

မဟာဝိပါက်စိတ် ဆိုလို့ရှိရင် သူ့အတိုင်းအတာက ယှဉ်ဘက် စေတသိက် ၃၅-ခု ပါဝင်ပြီးတော့ ဖွဲ့စည်းထားတယ်၊ ၃၆-မျိုး ပါဝင်တဲ့ unity လေးတစ်ခုပဲ၊ အဲဒီ unity လေးဟာ အပြန်အလှန် အထောက်အကူပြုနေကြတယ်၊ ဒီလို အပြန်အလှန် အထောက်အကူပြုတာတွေဟာ အတူတကွဖြစ်နေတာ ဖြစ်သောကြောင့် **သဟဇာတပစ္စည်း**၊ အပြန်အလှန် အထောက်အကူပြုနေကြတယ် - **အညမညပစ္စည်း**၊ ဟိုတစ်ခုရှိလို့ ဒီတစ်ခုရှိလို့ ရတယ်၊ ဟိုတစ်ခုနဲ့ ဒီတစ်ခုဟာ အပြန်အလှန် မှီတွယ်ပြီးတော့ နေကြရတယ်၊ တစ်ခုပျက်သွားရင် ကျန်တာတွေ အကုန်ပျက်သွားတယ်၊ ဒီလိုသဘောကို ပြောတာ။

ဒီတော့ ပဋိသန္ဓေစိတ်ကလေးဟာ သာမန်အားဖြင့် ပြောမယ်ဆိုရင် ကံတည်းဟူသော အကြောင်းကြောင့် ဖြစ်တယ် - **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ မြတ်စွာဘုရားက ဒီတစ်ခုတည်းကို ပဋိစ္စသမုပ္ပါဒ်မှာ ဟောလိုက်တာနော်၊ ပဓာနအကြောင်းကတော့ ကံဆိုတာ မှန်တယ်၊ သို့သော် ဒါတစ်ခုတည်း လုံလောက်သလားဆိုတော့ မလုံလောက်ဘူး၊ ပဋ္ဌာန်းကျတော့ လေးဘက်လေးတန်က ဟောထားတယ်၊ ဒါကြောင့်မို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋ္ဌာန်းကို တွဲဖက်လေ့လာတဲ့ အခါမှာ ဒီသဘောတွေကို တွေ့ရတယ်ပေါ့။

http://www.dhammadownload.com



အဓိက ကံအကြောင်းကို ရည်ညွှန်းပြီးတော့ မြတ်စွာဘုရားက **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ ဟောတာ၊ ပဋ္ဌာန်းကျတော့ လေးဘက်လေးတန် အကြောင်းတရားတွေက စုပေါင်းပြီးတော့ ဖန်တီးလိုက်တာတဲ့၊ အဲဒါသဘောကို ရည်ညွှန်းပြီးတော့ **သင်္ခတ အသင်္ခတ** ဆိုတဲ့ အသုံးကို သုံးတာ၊ **သင်္ခတဆိုတာ** အကြောင်းတရားတွေက စုပေါင်းပြီးတော့ ပြုလုပ်ထားတဲ့အရာကို သင်္ခတ၊ **အသင်္ခတ** ဆိုတာ အကြောင်းတရားတွေက စုပေါင်းလုပ်ထားတာ မဟုတ်ဘူးလို့ ပြောတာ။

ကောင်းပြီ- ဒီကံတရားလေးက သတ္တဝါတွေအားလုံး, ကမ္ဘာလောကကြီးတစ်ခုလုံးကိုခြုံပြီးတော့ ပြောမယ်ဆိုလို့ရှိရင် ဘဝတစ်ခုကို ဆက်စပ်မှုပေးတဲ့ အနေနဲ့ သူထုတ်လုပ်လိုက်တဲ့ ပဋိသန္ဓေစိတ် အမျိုးအစားပေါင်းက ၁၉-မျိုး ရှိတယ်။

## အကုသိုလ်ကံက ထုတ်လုပ်သော ပဋိသန္ဓေစိတ်

ဆိုပါစို့- အကုသိုလ်ကံက ထုတ်တဲ့ ဝိပါက်စိတ်က တစ်ခုရှိတယ်၊ အကုသိုလ်ကံကြောင့်ဖြစ်လာတဲ့ ဝိပါက်စိတ်က "ဥပေက္ခာသန္တီရဏ အကုသလဝိပါက်စိတ်"၊ **ဥပေက္ခာသန္တီရဏ** - သန္တီရဏထဲမှာ ခံစားမှု မထင်ရှားတဲ့ဟာ၊ သန္တီရဏဆိုတဲ့ နာမည်ကတော့ ခေါ်လို့ရအောင် ပေးထားတဲ့နာမည်ပဲ၊ သူ့ရဲ့ function က ဒီနေရာမှာ သန္တီရဏဆိုတဲ့ အလုပ်ကို လုပ်တာ မဟုတ်ဘူး၊ သန္တီရဏဆိုတာ inquire ပေါ်လာတဲ့ အာရုံတစ်ခုကို စူးစမ်းတဲ့သဘောကို ပြောတာ။

http://www.dhammadownload.com



ဒီနေရာမှာ သူလုပ်တဲ့ကိစ္စက ဘဝတစ်ခုကို ဆက်စပ်ပေးတဲ့ အလုပ်ကို လုပ်တာ၊ သန္တီရဏဆိုတဲ့ အသုံးကို မသုံးဘဲနဲ့ "အဟိတ် မနောဝိညာဏဓာတ်" လို့ ခေါ်တယ်၊ ဝိညာဏထဲမှာ သူက **မနော-ဝိညာဏ**၊ ဝိညာဏထက်ပိုပြီး သူက အစွမ်းထက်လို့ မနောဝိညာဏ လို့ သုံးတာ၊ အဲဒီ အဟေတုကမနောဝိညာဏ - အကုသိုလ်ရဲ့ အကျိုးဖြစ်တဲ့ ဒီစိတ်ကလေးကို အကုသိုလ်တရားတွေက ထုတ် လုပ်လိုက်တာ။

အကုသိုလ်တရားလို့ဆိုရာမှာ အကုသိုလ်စိတ်ဟာ ၁၂-ခု ရှိ တယ် - လောဘကို အခြေခံတာက ၈-ခု၊ ဒေါသကို အခြေခံတာ က၂-ခု၊ မောဟသက်သက်ကို အခြေခံတာက ဥဒ္ဓစ္စတို့ ဝိစိကိစ္ဆာ တို့ဆိုတဲ့ ပျံ့လွင့်မှုနဲ့ သံသယဖြစ်မှုကို အခြေခံဖြစ်တာက ၂-ခု၊ အဲ ဒီ ၁၂-ခုထဲက လောဘကို အခြေခံတဲ့ ကံစေတနာ ၈-ခု၊ ဒေါသကို အခြေခံတဲ့ ကံစေတနာ ၂-ခု၊ အဲဒါတွေက ပဋိသန္ဓေအကျိုးကို ထုတ်လုပ်တယ်၊ သို့သော် **ဥဒ္ဓစ္စ** - ပျံ့လွင့်မှု ဆိုတာနဲ့ ယှဉ်တွဲလာတဲ့ စေတနာလေးကျတော့ ပဋိသန္ဓေအကျိုးကို မထုတ်လုပ်ဘူးတဲ့၊ **ဝိစိကိစ္ဆာ** ဆိုတဲ့ သံသယဖြစ်မှုနဲ့ ယှဉ်တွဲလာတဲ့ စေတနာလေးကျ တော့ ပဋိသန္ဓေအကျိုးကို ထုတ်လုပ်တယ်တဲ့။

## ဥဒ္ဓစ္စစေတနာ ပဋိသန္ဓေအကျိုး မပေးခြင်းအကြောင်း

ဒီနေရာမှာ ဥဒ္ဓစ္စနဲ့ ယှဉ်တွဲလာတဲ့ စေတနာက ဘာဖြစ်လို့ ပဋိသန္ဓေအကျိုးကို မထုတ်သလဲဆိုတဲ့ မေးခွန်းလေးတစ်ခု ပေါ်လာ တယ်၊ အဋ္ဌကထာဆရာက အဖြေပေးတာကတော့ "သောတာပတ္တိ-မဂ်နဲ့ပယ်တဲ့တရားတွေထဲမှာ ဥဒ္ဓစ္စ မပါလို့" လို့ဆိုတဲ့အဖြေကို ဖြေ

http://www.dhammadownload.com



တယ်၊ အဲဒီအဖြေက secondary အဖြေမျိုး ဖြစ်တယ်၊ တကယ့် အခြေခံကျတဲ့ အဖြေမျိုး မဟုတ်ဘူး၊ သို့သော် အဋ္ဌကထာမှာ ဒီလို ရေးထားတော့ ဒီလိုပဲ မှတ်ထားရမှာပေါ့။

**ဒဿနေန ပဟာတဗ္ဗတရား** လို့ ဆိုတာ သောတာပတ္တိမဂ် နဲ့ ပယ်တဲ့အထဲမှာ ဝိစိကိစ္ဆာသာ ပါတယ်၊ ဥဒ္ဓစ္စ မပါဘူး၊ ဥဒ္ဓစ္စကာ အရဟတ္တမဂ်နဲ့မှ ပယ်လို့ ရတယ်၊ သူဆိုလိုတာက - ဥဒ္ဓစ္စကို ပယ် နိုင်တာက အရဟတ္တမဂ်တဲ့၊ သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ်တွေက မပယ်သေးသည့်အတွက်ကြောင့် အကယ်၍ ဥဒ္ဓစ္စစေတနာကသာ ပဋိသန္ဓေအကျိုးပေးမယ်ဆိုရင် သောတာပန် သကဒါဂါမ် အနာဂါမ်တွေဟာ အပါယ်ကျဦးမယ့်သဘော ဖြစ်နေ တယ်။

ဒီနေရာမှာ နောက်အကြောင်းတစ်ခုကို ရှာကြည့်မယ် ဆိုရင် ဝိစိကိစ္ဆာနဲ့ ဥဒ္ဓစ္စ- သူတို့ဟာ ငြိမ်သက်မှုမရှိတဲ့ လှုပ်ရှားတဲ့ စိတ်နှစ်ခု၊ သူတို့က "**ပဝတ္တကသဘာဝ**"၊ ဒီစေတသိက်တရားနှစ်ခု ကို အာရုံပေါ်မှာ လိမ့်ဆင်းနေတဲ့သဘောတရားတွေလို့ ပြောတယ်၊ အာရုံတစ်ခုတည်းမှာ ငြိမ်ငြိမ်သက်သက်နေနိုင်တဲ့အရာတွေ မဟုတ် ဘူး၊ ဥဒ္ဓစ္စက အာရုံတစ်ခုတည်းမှာပဲ လွင့်ပျံ့နေတယ်၊ ဝိစိကိစ္ဆာ ကျတော့ အာရုံအမျိုးမျိုးပေါ်မှာ လွင့်ပျံလှုပ်ရှားနေတယ်။

ဒီတော့ ဥဒ္ဓစ္စဟာ တည်ငြိမ်မှု အားနည်းနေသည့် အတွက် ကြောင့် ဥဒ္ဓစ္စနဲ့ ယှဉ်လာတဲ့ စေတနာကလည်းပဲ တည်ငြိမ်မှု အားနည်းတယ်လို့ ပြောနိုင်တယ်၊ ဘာဖြစ်လို့တုန်းဆို မငြိမ်သက် တဲ့အရာနဲ့ တွဲနေလို့ရှိရင် အားလုံးသဘာဝတရားတွေဟာ မငြိမ် မသက်တွေပဲ ဖြစ်မှာပေါ့၊ ဥဒ္ဓစ္စက စိတ်ကိုစုပေးနိုင်တဲ့ သမာဓိနဲ့

http://www.dhammadownload.com



လည်း ဆန့်ကျင်တဲ့သဘော ရှိတယ်၊ အာရုံတစ်ခုတည်းမှာ မငြိမ်မသက်လှုပ်ရှားနေတယ်၊ အာရုံတစ်ခုတည်းမှာ စုလို့ မရတဲ့သဘာဝတရားဖြစ်သည့်အတွက် သူနဲ့ယှဉ်လာသည့် စေတနာသည် ဘဝတစ်ခုကို ထုတ်လုပ်ဖို့ရန် စွမ်းအားမပြည့်ဘူးလို့ ပြောလို့ ရတယ်ပေါ့၊ အဲဒီလို စွမ်းအားပြည့်အောင် မရှိသည့်အတွက် ပဋိသန္ဓေအကျိုးကို မပေးနိုင်ဘူး၊ ပဋိသန္ဓေအကျိုး မပေးနိုင်သည့်အတွက်ကြောင့် သူဟာ **ဒဿနေန ပဟာတဗ္ဗ** - သောတာပတ္တိမဂ် ပယ်တဲ့တရားထဲမှာ မပါဘူးတဲ့၊ ဒါကြောင့် ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို မပေးဘူးလို့ ဆိုရရင် သင့်လျော်မယ်လို့ ထင်တယ်။

ပဋိသန္ဓေအကျိုးပေးတာက ဥဒ္ဓစ္စစေတနာမပါတဲ့ အကုသိုလ်စေတနာ ၁၁-ခု၊ သူတို့က ပဋိသန္ဓေစိတ်ကို အပါယ် ၄-ဘုံမှာ ထုတ်လုပ်တယ်၊ ငရဲဘုံက သတ္တဝါတွေလည်းပဲ ဒီသန္ဓေစိတ်ပဲ၊ တိရစ္ဆာန်ဘုံက သတ္တဝါတွေလည်းပဲ ဒီသန္ဓေစိတ်ပဲ၊ ပြိတ္တာတို့ အသူရကာယ်တို့က သတ္တဝါတွေလည်းပဲ ဒီသန္ဓေစိတ်ပဲ၊ အကုသိုလ်က ထုတ်လုပ်လိုက်တာ၊ ဒီတော့ ထုတ်လုပ်တာချင်း တူပြီးတော့ ဘာဖြစ်လို့ ဒုက္ခချင်း မတူရတာလဲ။

## သန္ဓေစိတ်ချင်း တူသော်လည်း ဒုက္ခချင်း မတူပုံ

သန္ဓေစိတ်ချင်းတော့ တူတယ်၊ သို့သော် ငရဲဘုံရောက်တဲ့သတ္တဝါတွေက ပိုပြီးတော့ ဒုက္ခပြင်းထန်တယ်၊ ငရဲထက် သက်သာတာက တိရစ္ဆာန်၊ တိရစ္ဆာန်ထက် သက်သာတာ ပြိတ္တာလို့ ပြောရမယ်၊ အဆိုးဆုံးကတော့ ငရဲပဲ၊ ငရဲပြီးရင် တိရစ္ဆာန်ပဲ၊ တိရစ္ဆာန်ပြီးရင် ပြိတ္တာက အဆိုးဆုံးတဲ့၊ ဒီလိုပြောရမှာပေါ့၊ ဒီတော့ သန္ဓေစိတ်

http://www.dhammadownload.com



ချင်း တူလျက်သားနဲ့ ဘာဖြစ်လို့ ဒီလိုကွဲပြားခြားနားမှုရှိသလဲလို့ ဆိုလို့ရှိရင် တခြားအကြောင်းတရားတွေ ရှိသေးတယ်လို့ ပြောရမယ်။

ကံတစ်ခု ဆောင်ရွက်တဲ့အခါမှာ ထိုကံရဲ့ စွမ်းအားပြည့်မှု, စွမ်းအားလျော့ကျမှု ဒါမျိုးလေးတွေ ရှိသေးတယ်၊ အဲဒီ ကံတရားနဲ့ ပတ်သက်လာလို့ရှိရင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က လွဲလို့ ဘယ်သူမှ မသိနိုင်ဘူးတဲ့၊ ဒီကံက အကုသလဝိပါက်သန္တိရဏစိတ်ကို ငရဲဘုံမှာ ထုတ်လုပ်မှာလား၊ တိရစ္ဆာန်ဘုံမှာ ထုတ်လုပ်ပေးမှာလား၊ ပြိတ္တာဖြစ်အောင် ထုတ်လုပ်မှာလားဆိုတာ ဘုရားက လွဲပြီး ဒီစွမ်းအားတွေကို ခွဲခြားပြနိုင်တဲ့ပုဂ္ဂိုလ် မရှိဘူးလို့ ဆိုလိုတယ်။

## မြတ်စွာဘုရားရှင်သာ သိနိုင်၏

**"သဗ္ဗတ္ထဂါမိနိ ပဋိပဒံ"**- တထာဂတဗလ လို့ခေါ်တဲ့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်သာ ရနိုင်တဲ့စွမ်းအားဆိုတာ ရှိတယ်၊ မြတ်စွာဘုရားသာ ရနိုင်တယ်, ကျန်တဲ့ပုဂ္ဂိုလ်တွေ မရနိုင်တဲ့ စွမ်းအား၊ အဲဒီစွမ်းအားထဲမှာ **"သဗ္ဗတ္ထဂါမိနိ ပဋိပဒံ ယထာဘူတံ ပဇာနာတိ"** တဲ့ - မြတ်စွာဘုရားဟာ ဘယ်ဘုံဘယ်ဘဝ ရောက်မယ်ဆိုတဲ့ ကံတရားတွေကို ကြိုတင်ပြီး အကုန်လုံးသိတယ်။

ဆိုပါစို့ - လူ-၁၀၀ ပါတဲ့ အဖွဲ့အစည်းတစ်ခု ဒါနကောင်းမှုပြုကြတဲ့အခါမှာ ပုဂ္ဂိုလ်တွေရဲ့ အသေးစိတ် အနေအထားတွေကို ကြည့်ပြီး မြတ်စွာဘုရားက "ဒီလူကတော့ လူ့ပြည်ဖြစ်မှာ၊ ဟိုလူကတော့ တာဝတိံသာနတ်ပြည်ဖြစ်မှာ၊ ဟိုလူကတော့ တုသိတာနတ်ပြည်ဖြစ်မှာ" ဆိုပြီးတော့ ပြောလို့ အကုန်လုံးရတယ်၊ လုပ်နေတဲ့ အချိန်အခါမှာ ကြည့်ပြီး မြတ်စွာဘုရားက ဒါကို ကြိုတင်ပြီးတော့

http://www.dhammadownload.com



ပြောလို့ ရတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် စုပေါင်းပြီးတော့ လုပ်ပေမယ့်လို့ တစ်ယောက်နဲ့တစ်ယောက် စိတ်ဓာတ်တွေ တူနိုင်ပါ့မလား? မတူနိုင်ဘူး၊ မတူညီတဲ့ အနေအထားတွေ အများကြီး ရှိတယ်။

အေး - ဝိပဿနာတရားကို ကျင့်တယ်ဆိုလို့ရှိရင်လည်း ဆိုပါစို့ - ယောဂီ- ၁၀၀ ကမ္မဋ္ဌာန်း စုပြီးတော့ ထိုင်နေကြတယ်၊ အားလုံးဝိပဿနာဉာဏ်စဉ်တွေ တက်အောင် ကြိုးစားနေကြတယ်၊ အဲဒီကြိုးစားနေတဲ့ပုဂ္ဂိုလ်တွေရဲ့ ဝိပဿနာဉာဏ်တွေကို မြတ်စွာဘုရားက ကြည့်ပြီးတဲ့အခါ "ဒီပုဂ္ဂိုလ်ကတော့ သင်္ခါရုပေက္ခာဉာဏ်လောက်ပဲ ရောက်မယ်၊ ဟိုပုဂ္ဂိုလ်ကတော့ သောတာပန်ဖြစ်မယ်၊ ဟိုပုဂ္ဂိုလ်ကတော့ သကဒါဂါမ်အဆင့်ထိ ရောက်မယ်၊ ဟိုပုဂ္ဂိုလ်ကတော့ အနာဂါမ်၊ ဟိုပုဂ္ဂိုလ်ကတော့ ရဟန္တာထိအောင် ဖြစ်နိုင်တယ်" ဆိုတာကို အတိအကျ ပြောနိုင်တယ်၊ level တွေ degree တွေ မတူညီဘူးဆိုတာ သာမန်ပုဂ္ဂိုလ်တွေ မသိနိုင်ဘူး။

ဒါကြောင့်မို့လို့ **"ကမ္မဝိပါကော အစိန္တေယျော"** တဲ့- **"ကမ္မဝိပါကော"** - ကံရဲ့အကျိုးတရားဆိုတာကို, **"အစိန္တေယျော"**- ကြံစည်လို့ မရနိုင်ဘူးတဲ့၊ ဉာဏ်မမှီဘူးလို့ ပြောတာ၊ ဉာဏ်မမှီလို့ မြတ်စွာဘု ားက **"န စိန္တိတဗ္ဗော"**- မကြံနဲ့တဲ့၊ ကြံရင် ဘာဖြစ်မလဲ၊ **"ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ"** တဲ့ - ရူးသွားလိမ့်မယ်တဲ့၊ ဒါပဲ၊ ရူးချင်ရင်တော့ ကြံပေါ့လို့ ဆိုလိုတာနော်၊ ဘာဖြစ်လို့တုန်းဆို မမှီတဲ့ အရာတစ်ခု သွားတွေးလို့ရှိရင် ရူးဖို့ပဲ ရှိတယ်ပေါ့၊ အစိန္တေယျ ၄-ပါး ဆိုတဲ့အထဲမှာ **ကမ္မဝိပါကော အစိန္တေယျော**။

တချို့က "မကြံနဲ့" လို့ ပြောတာကို သဘောမပေါက်ဘူး၊ သဘောမပေါက်တော့ "မကြံရဘူး" လို့ ပြောတာကို ပိတ်ပင်တယ်

http://www.dhammadownload.com



လို့ ထင်တယ်၊ အလှမ်းမမှီတဲ့ အရာတစ်ခုကို လုပ်မယ်ဆိုရင် မနိုင်ဝန် ထမ်းတာနဲ့ အတူတူပဲပေါ့၊ "ဘာဖြစ်ဖြစ် ကြံလို့ ရတယ်" ဆိုတဲ့ လူတွေကို သူမနိုင်တဲ့ အလေးချိန်ကြီးတစ်ခု ထမ်းခိုင်းရင် ဘယ်လိုနေမလဲ၊ စူဠကမ္မဝိဘင်္ဂသုတ်နဲ့ မဟာကမ္မဝိဘင်္ဂသုတ်ဆိုပြီး တော့ ဟောထားတာ ရှိတယ်၊ အဲဒီကမ္မဝိဘင်္ဂသုတ်တွေကို လေ့လာကြည့်မယ်ဆိုလို့ရှိရင် ကံနဲ့ ပတ်သက်ပြီး လူတွေ မျက်စိလည်စရာတွေ အများကြီးရှိတယ်။

မြတ်စွာဘုရားကိုယ်တိုင်သာလျှင် ကံနဲ့ ပတ်သက်ပြီးတော့ အဆုံးအဖြတ် ပေးနိုင်တယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေ အဆုံးအဖြတ် မပေးနိုင်ဘူး၊ ဘာဖြစ်လို့တုန်း? ဖြစ်လာတဲ့စေတနာဟာ အခြေခံအားဖြင့် တူသော်လည်းပဲ တစ်ယောက်နဲ့ တစ်ယောက် စွမ်းအင်သတ္တိချင်း မတူဘူး၊ အဲဒါကြောင့် မြတ်စွာဘုရားရဲ့ဒသဗလ နံပါတ် (၃) **"သဗ္ဗတ္ထဂါမိံ ပဋိပဒံ ပဇာနာတိ"** လို့ ပြောတာ၊ တကယ့် တထာဂတဗလ- မြတ်စွာဘုရားကိုယ်တော်မြတ်များသာ ရနိုင်တဲ့ စွမ်းအားတစ်မျိုးလို့ ဒီလိုခေါ်တာနော်။

ဒုတိယ တထာဂတဗလကလည်းပဲ ကံနဲ့ ပတ်သက်တယ်၊ **"ကမ္မသမာဒါနံ ဌာနသော ဟေတုသော ဝိပါကံ ယထာဘူတံ ပဇာနာတိ"** တဲ့၊ အကျိုးတရားတွေနဲ့ ပတ်သက်လာလို့ ရှိရင်လည်း ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေနဲ့ မြတ်စွာဘုရားက ခွဲခြားပြီးတော့ သိနိုင်တယ်ဆိုတာ - မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သာ သိနိုင်တယ်၊ ကျန်တဲ့ပုဂ္ဂိုလ်တွေ သိဖို့ မလွယ်ဘူး၊ ဒါကြောင့် မြတ်စွာဘုရား ဟောတဲ့ **"သင်္ခါရပစ္စယာ ဝိညာဏံ"** - "စေတနာကြောင့်

http://www.dhammadownload.com



ပဋိသန္ဓေစိတ်ဖြစ်တယ်"ဆိုတာကို ဘုန်းကြီးတို့တစ်တွေ မှတ်သားရတယ်။

ကဲ ပဋိသန္ဓေစိတ်ဖြစ်တယ် ဆိုတာကို ပြောမယ်ဆိုရင် အပါယ်ဘုံမှာဖြစ်တဲ့ ပဋိသန္ဓေစိတ်က "အဟိတ်မနောဝိညာဏဓာတ် ဥပေက္ခာသန္တီရဏ" ပေါ့။ အဲဒီဥပေက္ခာသန္တီရဏစိတ်လေးက ပဋိသန္ဓေအခါမှာဆိုရင် ဘဝတစ်ခုနဲ့ တစ်ခု ဆက်စပ်မှုကို ဆောင်ရွက်ပေးတယ်၊ ကံရဲ့စွမ်းအားကြောင့် သူပေါ်လာတယ်၊ နောက်လည်းပဲ ကံရဲ့စွမ်းအားကြောင့် ပေါ်ဦးမယ်၊ ဘယ်အချိန်ပေါ်မှာတုန်းဆိုရင် သေတဲ့အချိန်မှာ အဲဒီစိတ်နဲ့ပဲ သေတယ်၊ စုတိစိတ်ရဲ့အာရုံက ပြောင်းလို့ မရဘူး၊ ဒီစုတိစိတ်ရဲ့အာရုံက ပဋိသန္ဓေစိတ်ရဲ့အာရုံပဲ၊ ဒါ ပုံသေကားချပ်ပဲ၊ ပဋိသန္ဓေနဲ့ စုတိကြားမှာ ဖြစ်လာသမျှဘဝင်စိတ်တွေ အားလုံးဟာလည်း ဒီစိတ်ပဲတဲ့၊ ကျန်တဲ့စိတ် မဖြစ်ဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ ဘဝတစ်ခုဆိုတာကို ဒါနဲ့ ကန့်သတ်ထားလို့ပဲ။

ကံတရားက အရှိန်နဲ့ စွမ်းအားတွေ ထည့်ပြီးတော့ ပေးလိုက်တဲ့အကျိုးတရားဟာ သူ့စွမ်းအားရှိသလောက် သွားနေမှာ၊ ဥပမာ-အခုခေတ်စကားနဲ့ပြောရင် ပစ်စင်တစ်ခုက နေပြီးတော့ လောင်ချာနဲ့ ဒုံးပျံကြီးတစ်ခု ပစ်လိုက်တယ်ပေါ့၊ ပစ်လိုက်တဲ့နေရာက သူ့ဟာသူ နေရာမှာပဲ ကျန်ရစ်တယ်၊ ဒုံးပျံကြီးက ရှေ့ဆက်ပြီး အရှိန်နဲ့ သွားနေတာ၊ အရှိန်မကုန်မချင်း သူကဆက်လက်ပြီးတော့ သွားနေမှာပဲ၊ အရှိန်ကုန်တဲ့နေရာမှာ ထိုးကျတယ်။

ကံကနေ ဘဝတစ်ခု ဖန်တီးလိုက်တယ်ဆိုတာလည်း အဲဒီသဘောပဲ၊ ကံစွမ်းအားနဲ့ ဘဝတစ်သက်တာလုံး အရှိန်နဲ့ သွားနေ

http://www.dhammadownload.com



တာ၊ အဲဒီလို အရှိန်နဲ့သွားနေတဲ့ ဒုံးပျံကြီးကို ဒုံးခွင်းဒုံး ပစ်လိုက်ရင်လည်း ဒီဒုံးပျံကြီးဟာ ပျက်ကျသွားနိုင်သေးတယ်၊ အရှိန်မကုန်ခင် ပျက်ကျသွားနိုင်တယ်၊ အဲဒါမျိုးလိုပဲ အခြားကံဆိုးတစ်ခုက ဝင်ပြီးတော့ အနှောင့်အယှက်ပြုလိုက်လို့ရှိရင်လည်းပဲ လူတွေရဲ့ကံကြမ္မာဟာ အဆုံးသတ်သွားနိုင်သေးတာပဲ။

ကံနဲ့ ပတ်သက်လာလို့ရှိရင် စတင်ပြီးတော့ ဖြစ်ပေါ်စေတဲ့ ကံကို **ဇနကကံ** လို့ ခေါ်လိုက်တယ်၊ သူက အကျိုးတရားကို ထုတ်လုပ်ပေးလိုက်တယ်၊ သူ ထုတ်လုပ်ပေးလိုက်တာကို အထောက်အကူပြုလို့ရှိရင် **ဥပတ္ထမ္ဘကကံ**လို့ ခေါ်တယ်၊ အထောက်အကူ မပြုဘဲနဲ့ သူ့ကို ဖျက်ဆီးပစ်မယ် ဆိုလို့ရှိရင် **ဥပစ္ဆေဒကကံ**လို့ ခေါ်တယ်၊ ဒုံးခွင်းဒုံးစနစ်လိုပဲ ကံမှာလည်းပဲ ကံနဲ့ ကံကို ဖျက်ဆီးနေတာ ရှိတယ်။

ဘာဖြစ်လို့တုန်း? လူတွေမှာ လုပ်ထားတာတွေက ကောင်းတာတွေလည်း ရှိတယ်, ဆိုးတာတွေလည်း ရှိတယ်၊ စွမ်းအားပြည့်ပြီးတော့ အခွင့်အရေးရလာတဲ့ ကံတစ်ခုကနေ ဝင်ရောက်ပြီးတော့ နှောင့်ယှက်လို့ ရတယ်။

ဆိုပါစို့ - လူတစ်ယောက်ဟာ အတိတ်ဘဝမှာ ကုသိုလ်ကံတွေလည်း လုပ်ခဲ့တယ်၊ အကုသိုလ်ကံတွေလည်း လုပ်ခဲ့တယ်၊ အဲဒီထဲမှာ ကုသိုလ်ကံလေးတစ်ခုကနေ ဝင်ပြီးတော့ အကျိုးပေးလိုက်လို့ လူ့ဘဝရောက်လာတယ်၊ သို့သော် သူလုပ်ထားတဲ့ အကုသိုလ်ကံတွေက "အေး- ကုသိုလ်ကံက လက်ဦးသွားတယ်၊ နေနှင့်ဦး" ဆိုပြီးတော့ အကွက်ကောင်းကို လိုက်ချောင်းနေတယ်၊ ကုသိုလ်ကံက လူ့ဘဝကို ပို့လိုက်တာ၊ ပို့လိုက်တော့ အကွက်ကောင်းကို လိုက်

http://www.dhammadownload.com



ချောင်းပြီးတော့ လူ့ဘဝမှာ အနှောင့်အယှက်တွေ ပေးတယ်၊ အဲဒီလူ ခဏခဏ ရောဂါဖြစ်အောင် လုပ်တယ်၊ ဆေးရုံ ခဏခဏ တက်ရအောင် လုပ်တယ်၊ မတရားအစွပ်အစွဲ ခံရအောင်တွေ လုပ်တယ်၊ ဒုက္ခအမျိုးမျိုးတွေ့အောင် လုပ်တယ်၊ သူပိုင်တဲ့ပစ္စည်းတွေ ပျက်စီးအောင် လုပ်တယ်၊ အကုသိုလ်ကံက ဒုက္ခလိုက်ပေးတာတွေပေါ့၊ နောက်ဆုံး သူက စွမ်းရည်သတ္တိမြင့်လာလို့ရှိရင်လည်း ဘဝတစ်ခု အဆုံးသတ်အောင် လုပ်လိုက်တယ်၊ accident နဲ့ သေသွားတယ်ပေါ့။

ထို့အတူပဲ ကုသိုလ်ကံ အကုသိုလ်ကံတွေ လုပ်တဲ့အထဲမယ် အကုသိုလ်ကံက အခွင့်အရေးရလို့ လက်ဦးသွားတယ်၊ ခွေးသွားဖြစ်ရတယ်၊ ဒီလို အကုသိုလ်က လက်ဦးသွားသည့်အတွက်ကြောင့် ကုသိုလ်က "အေး ငါကသာ အကျိုးပေးရရင် လူ့ဘုံတို့ နတ်ဘုံတို့ ပို့မှာ၊ ငါက နောက်ကျသွားတယ်၊ အကုသိုလ်ကံက လက်ဦးသွားလို့ ခွေးဘဝရောက်သွားတယ်၊ ဒါပေမယ့် ငါတတ်နိုင်သမျှ မင်းကို စောင့်ရှောက်မယ်" ဆိုပြီး သူဌေးအိမ် ပို့ထားတယ်၊ အဲဒီခွေးဟာ လူ့အဆင့်အတန်းနဲ့ နေရထိုင်ရတယ်၊ model မြင့်တဲ့ကားကြီး စီးလို့၊ တချို့အိမ်မှာဆိုရင် ရွှေပန်းကန်နဲ့ ထမင်းကျွေးတယ်လို့တောင် ကြားဖူးတယ်၊ ခွေးစာက သပ်သပ်၊ လူထက်တောင်မှ ခမ်းနားနေသေးတယ်၊ သူ့ဖို့က ကြက်ဥက ဘယ်နှစ်လုံးဆိုတာ ပါသေးတယ်၊ အဲဒါ ကုသိုလ်ကံတွေရဲ့ အကျိုးတရားလို့ ဒီလိုပြောတာနော်၊ အကုသိုလ်ကံက လက်ဦးသွားလို့ ခွေးဖြစ်ပေမယ့် ကုသိုလ်ကံက လိုက်ပြီးတော့ စောင့်ရှောက်တဲ့ သဘောတရားတဲ့၊ ဒါမျိုးတွေလည်း လောကမှာ ရှိတယ်။

http://www.dhammadownload.com



**သမ္ပတ္တိနဲ့ ဝိပတ္တိ**

ကံတရားနဲ့ ပတ်သက်လာလို့ရှိရင် ကံသက်သက် မဟုတ်ဘူး၊ အခြေအနေတွေကိုပါ ကြည့်ရတယ်၊ သမ္ပတ္တိနဲ့ ဝိပတ္တိ ဆိုတာ ရှိတယ်၊ "ဩကာသ" ဆိုတဲ့အထဲမှာ ဝိပတ္တိတရား ၄-ပါး ဆိုပြီးတော့ လူတွေဟာ ဝိပတ္တိတရား ၄-ပါးကို ကြောက်ပြီးတော့ အမြဲတမ်း လွတ်မြောက်ဖို့ရန်အတွက် ဆုတောင်းနေကြတယ်။

ဝိပ္ပတ္တိတရား ၄-ပါးဆိုတာ **ဂတိဝိပတ္တိ** - ချို့ငဲ့တဲ့ မကောင်းတဲ့ဘဝမျိုး၊ ဘယ်လိုဟာမျိုးလဲဆိုရင် ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဘဝဟာ ဂတိဝိပတ္တိ၊ အဲဒီဘဝ ရောက်သွားလို့ရှိရင် ကုသိုလ်ကံတွေက အကျိုးပေးချင်သော်လည်းပဲ အကျိုးပေးလို့ မရဘူးတဲ့၊ ဝဝလင်လင် စားရုံလောက်ပဲ သူလုပ်နိုင်တယ်၊ ဒါပေမယ့် လူ့အဆင့် မပေးနိုင်ဘူး၊ လူ့အဆင့်ရောက်အောင် ဘယ်လိုမှ မလုပ်နိုင်ဘူး၊ ဂတိဝိပတ္တိလို့ ခေါ်တယ်၊ လူ့ဘုံလူ့ဘဝ နတ်ဘုံ နတ်ဘဝကို ဂတိသမ္ပတ္တိ လို့ ခေါ်တယ်၊ သမ္ပတ္တိနဲ့ ဝိပတ္တိ ၂-ခု မှတ်ထားရမယ်၊ **ဂတိသမ္ပတ္တိ**ဆိုတာ ပြည့်စုံတဲ့ဂတိ၊ ဂတိဝိပတ္တိဆိုတာ ချို့ငဲ့တဲ့ဂတိ။

အဲဒီဘဝတွေ ရောက်လာပြီးတဲ့အခါမှာ နောက်တစ်ခုက **ဥပဓိဝိပတ္တိနဲ့ ဥပဓိသမ္ပတ္တိ**တဲ့၊ ဥပဓိသမ္ပတ္တိဆိုတာ ရုပ်ရည်ချော မော လှပတင့်တယ်တာ၊ ဥပဓိဝိပတ္တိဆိုတာ အရုပ်ဆိုး အကျည်း တန်တာ၊ ခွေးတောင်မှပဲ ချောလို့ရှိရင် "ခွေးကလေးက လှလိုက်တာ" ဆိုပြီးတော့ လူတကာ မွေးချင်တယ်၊ အဲဒါ ဥပဓိသမ္ပတ္တိလို့ ခေါ်တယ်၊ ခွေးဝဲစားဆိုရင် ဟိုလူက ခဲနဲ့ ပေါက်ထုတ်လိုက်, ဒီလူက ခဲနဲ့ ပေါက်ထုတ်လိုက်နဲ့ ဥပဓိဝိပတ္တိ ဖြစ်သွားတယ်။

http://www.dhammadownload.com



လူဆိုလည်း အတူတူပဲ၊ ဥပဓိဝိပတ္တိ ဖြစ်လာပြီ ဆိုလို့ရှိရင် ဘုရင့်သားတောင် ဘုရင် မဖြစ်ဘူး၊ **သီဟိုဠ်ကျွန်းမှာ ဘုရင့်သား တစ်ဦး** - ငယ်ငယ်ကတည်းက ကြက်တိုက်ဝါသနာပါတယ်၊ ကြက် တိုက်ရင်း ကြက်အတက်နဲ့ ထိုးမိတဲ့အခါကျတော့ အဲဒီမင်းသားလေး ဟာ မျက်လုံးတစ်ဖက် ပျက်သွားတယ်၊ အရွယ်ရောက်တဲ့အခါကျ တော့ သူ့အမေမိဖုရားကြီးက ဘုရင်ကြီးဆီ သူ့သားကို မင်း မြှောက်ဖို့ ပြောတယ်၊ ဘုရင်ကြီးက ဘာပြောတုန်း။

"မင့်သားက အင်္ဂါချို့တဲ့နေတယ်၊ ဘုရင်မဖြစ်နိုင်ဘူး၊ တော် ကြာကျတော့ တစ်ဖက်ကန်းဘုရင်ကြီး ဖြစ်နေမှာစိုးလို့" တဲ့၊ ဒီ တော့ သီဟိုဠ်ကျွန်းတစ်ကျွန်းလုံးကို အစိုးရတဲ့ မင်းရဲ့ရာထူး မပေး ဘူး၊ ကျွန်းသေးသေးလေးမှာ အရာခံဘုရင်လေး တစ်ဦးလောက်ပဲ သူဖြစ်တယ်၊ အကယ်၍သာ မျက်လုံးပျက် မသွားဘူး ဥပဓိဝိပတ္တိ မဖြစ်ဘူးဆိုရင် သူဘုရင်ဖြစ်မှာ သေချာတယ်၊ ကုသိုလ်ကံက အကျိုး ပေးချင်ပေမယ့်လို့ ခုနကလို တစ်ခုခုပျက်စီးသွားလို့ရှိရင် အကျိုး ပေးလို့ မရဘူးတဲ့။

ခြုံငုံပြီးတော့ ပြောရမယ်ဆိုလို့ရှိရင် ကုသိုလ်ကံတွေ ဘယ် လောက်ကောင်းကောင်း ဝိပတ္တိနဲ့ ကြုံနေလို့ရှိရင် အလုပ်မဖြစ်ဘူး တဲ့၊ အကုသိုလ်ကံတွေက ဘယ်လောက်ကြီးကြီး သမ္ပတ္တိနဲ့ ပြည့်စုံ နေရင် အလုပ်မဖြစ်ဘူး၊ ဒုက္ခသိပ်ပြီးတော့ မပေးနိုင်ဘူး၊ ဒီလို ဆိုလိုတယ်ပေါ့၊ ကုသိုလ်ကံတွေကလည်း သမ္ပတ္တိနဲ့တွေ့မှ အပြည့် အဝ အကျိုးပေးတယ်၊ သူတို့နဲ့ ဆန့်ကျင်ဘက် ဖြစ်လာလို့ရှိရင် အကျိုးမပေးဘူးတဲ့၊ ဒီသဘောတရားတွေကိုလည်းပဲ ကံနဲ့ ဆက်စပ် ပြီးတော့ နားလည်ရမယ်ပေါ့။

http://www.dhammadownload.com



ဘယ်လောက်ဆင်းရဲတဲ့ဘဝ ရောက်ရောက် - ဟိုးရှေးတုန်းကဆို ကျွန်စနစ်တွေ ရှိတော့ ကျွန်မရဲ့သားသမီးပဲဖြစ်စေ ရုပ်အဆင်း လှတယ်ဆိုရင် ရာထူးကောင်းကောင်း ရတယ်၊ ဘယ်လောက်ပဲ ချမ်းသာတဲ့လူပဲဖြစ်ဖြစ် ရုပ်ဆိုးအကျည်းတန်လာလို့ရှိရင် သိပ်ပြီးတော့ လူရာမသွင်းချင်ဘူး။

**သီဟိုဠ်ကျွန်းမှာ အမတ်ကြီးတစ်ဦးရဲ့ဇနီးက** အတော်အရုပ်ဆိုးတာ၊ ပွဲနေထိုင်နေသွားလို့ရှိရင် သူ့ကို အိမ်ကျွန်မပဲ မှတ်နေကြတာ၊ ဘယ်သူကမှ အရေးမလုပ်ဘူးနော်၊ ဥပမိဝိပတ္တိဖြစ်လို့ သူ့ကို အမတ်ကတော်လို့ ဘယ်သူမှ မထင်ဘူး။

**ဘုရားအလောင်း ကုသမင်း** ကြည့်လေ- တိုင်းခန်းလှည့်တဲ့ အခါကျတော့ သူ့ညီလေးကို ရှေ့ကတင်ပြီးတော့ သွားရတယ်၊ သူက အရုပ်ဆိုးလွန်းအားကြီးလို့၊ သူ့ရဲ့နေရာက ဘယ်နေရာတုန်း ဆိုလို့ရှိရင် ဆင်ထိန်းတို့ မြင်းထိန်းတို့ လုပ်နေရဟာ၊ အဲဒါ ဥပမိဝိပတ္တိလို့ ခေါ်တယ်။

**ဘီမသေနစစ်သူကြီး** ကြည့် - လူက ပုပုလေး၊ ပုကွနေဟယ်၊ ဒါပေမယ့် လေးပစ် အင်မတန်မှ တော်တယ်၊ အဲဒီတော့ ဒီမယောက်ျား အရုပ်ဆိုးအကျည်းတန်နေပဲ့ ယူတစ်ယောက်က ဘုရင်ဆီမှာ လေးသည်တော်အနေနဲ့ အမှုထမ်းဖို့ ဘုရင်က မကြိုက်ဘူး၊ ဒီလို ပုပုကွကွ အရုပ်ဆိုးအကျည်းတန်တဲ့သူက ဘုရင့်ရဲ့လေးသည်တော်ဆိုရင် လူတကာမြင်ရင် ရယ်စရာကြီး ဖြစ်နေမှာစိုးလို့ ရုပ်ဖြောင့်တဲ့ လူတစ်ယောက်ကို ရှေ့တန်းတင်ပြီးတော့ သူက ခစားရတယ်၊ အလုပ်လုပ်စရာရှိရင် နောက်ကွယ်က သူက လုပ်ပေးရတယ်၊ ဥပမိသမ္ပတ္တိနဲ့ ဥပမိဝိပတ္တိဟာလည်းပဲ ရာထူးရဖို့ထိ အရေး

http://www.dhammadownload.com



ပါတယ်၊ ဒါကို သတိထားရတယ်ပေါ့၊ ဒါလည်း ကံတွေနဲ့ ပတ်သက်လာတာပဲ။

နောက် **ကာလဝိပတ္တိနဲ့ ကာလသမ္ပတ္တိ၊** လူတွေ အကျင့်စာရိတ္တကောင်းတဲ့ အခါမျိုးက ကာလသမ္ပတ္တိ၊ လူတွေ အကျင့်စာရိတ္တပျက်တဲ့ အခါမျိုးက ကာလဝိပတ္တိတဲ့၊ အဲဒီကာလဝိပတ္တိ ဖြစ်နေလို့ရှိရင်လည်း အကုသိုလ်ကံတွေချည်းပဲ လာတာ၊ အကျင့်ပျက်တဲ့ အနေအထားတစ်ခု ခေတ်တစ်ခေတ်မှာ ဆိုလို့ရှိရင် ဘယ်သူမှ မငြိမ်းချမ်းဘူးပေါ့၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းဆိုရင် ဒါ ကာလဝိပတ္တိ ဖြစ်နေတာ၊ ကာလဝိပတ္တိ ဖြစ်နေတဲ့အခါကျတော့ ငြိမ်းချမ်းမှုကို လူတွေ မရနိုင်ကြဘူးတဲ့၊ ကောင်းကျိုးချမ်းသာတွေ မရနိုင်ဘူး၊ ကာလသမ္ပတ္တိဖြစ်ပြီဆိုရင်တော့ စီးပွားရေးတွေလည်း တိုးတက်ကြတယ်၊ ပညာရေးတွေလည်း တိုးတက်လာကြတယ်၊ အစစအရာရာ ပိုးတက်လာတယ်လို့ ဗိုလ်ပြောပဲ။

ဒါကြောင့်မို့လို့ ကံတရားဟာလည်းပဲ သမ္ပတ္တိနဲ့ ဝိပတ္တိပေါ်မှာ မှီပြီးတော့ အကျိုးဖြစ်ထွန်းမှုကို ဖော်ဆောင်ကြရတယ်တဲ့၊ ကံတရားသက်သက်တင် မဟုတ်ဘူး၊ အထောက်အကူတွေ အများကြီး လိုအပ်တယ်လို့ ဒါ ပြောတာနော်။

**လောဏကပလ္လသုတ်ကို** ဒီနေရာမှာ မှတ်သားသင့်တယ်ပေါ့၊ ကံနဲ့ပတ်သက်လာလို့ရှိရင် လောဏကပလ္လသုတ်မှာ လူနှစ်ယောက် အကုသိုလ်လုပ်တာချင်း အတူတူ တစ်ယောက်က လုံးဝမခံရဘူး၊ တစ်ယောက်က အပြင်းအထန် ငရဲခံရတယ်၊ လုပ်တာချင်း အတူတူပဲ၊ ဘာဖြစ်လို့ဟိုတစ်ယောက်က ခံရပြီးတော့ ဒီတစ်ယောက်က မခံ

http://www.dhammadownload.com



ရသလဲလို့ ဆိုလို့ရှိရင် ပုဂ္ဂိုလ်၂-ယောက်ရဲ့ အခြေအနေချင်း မတူဘူးတဲ့၊ ပုဂ္ဂိုလ်တစ်ယောက်က သီလ သမာဓိ ပညာဆိုတဲ့ စွမ်းရည်သတ္တိတွေ သူ့မှာရှိတယ်တဲ့၊ ဘာဝိတသီလ, ဘာဝိတစိတ္တ, ဘာဝိတပညာတဲ့၊ စိတ်ဓာတ်ရေးရာကအစ ဒီပုဂ္ဂိုလ်က ကောင်းတဲ့စိတ်ဓာတ်တွေ, ကောင်းတဲ့ကိုယ်ကျင့်တရားတွေ, ကောင်းတဲ့အသိဉာဏ်တွေ ရှိတယ်၊ ဟိုတစ်ယောက်က လုံးဝမရှိဘူး၊ မရှိသည့်အတွက်ကြောင့် အကုသိုလ်ကံ လုပ်တဲ့အခါမှာ ဟိုလူက ပြည့်ပြည့်ဝဝခံရပြီး ဒီလူကတော့ မခံရဘဲနဲ့ ပျောက်သွားတယ်၊ ဒါလည်း ဟုတ်တာပဲ။

ဒီခေတ်ထဲမှာရော မရှိဘူးလား၊ ဒါမျိုးတွေ ရှိတယ်လေ - ပိုက်ဆံချမ်းသာတဲ့လူ ရာဇဝတ်မှုကျူးလွန်ရင် ပျောက်သွားတာပဲ၊ ဘာမှမရှိတော့ဘူး၊ ဆင်းရဲတဲ့လူ ရာဇဝတ်မှုမကျူးလွန်နဲ့၊ ကျူးလွန်တာနဲ့ အပြည့်အဝခံရမယ်၊ ဒါ မတရားဘူးလို့ ပြောလို့ မရဘူး၊ အခြေအနေချင်း မတူဘူးလို့ ပြောရမယ်၊ ကံမှာလည်းပဲ ဒီသဘောရှိတာပဲ၊ ရာထူးရှိတဲ့လူ အာဏာရှိတဲ့လူ ဆိုရင် ပျောက်သွားတာပဲ၊ ရာထူးအာဏာ မရှိတဲ့လူဆို ပိုခံရတယ်။

အဲဒါကို မြတ်စွာဘုရားက လောဏကပလ္လသုတ်မှာ ဆားခဲလေးနဲ့ ဥပမာပေးထားတယ်၊ ဆားခဲတစ်ခဲကို သောက်ရေတစ်ဖန်ခွက်ထဲ ထည့်လိုက်လို့ရှိရင် အဲဒီရေဟာ သောက်မရလောက်အောင် ငန်သွားနိုင်တယ်ပေါ့၊ ဘာဖြစ်လို့တုန်း? ရေက နည်းတာကိုး၊ အဲဒီဆားခဲကို ကန်ထဲမှာ ထည့်လိုက်မယ်, မြစ်ထဲမှာ ထည့်လိုက်မယ်ဆိုရင် အငန်ဓာတ်က ပျောက်သွားတယ်၊ ဘာဖြစ်လို့တုန်း? ရေက များလို့၊ အဲဒါကြောင့်မို့လို့ ကံဆိုတာလည်း သိပ်ကြောက်ဖို့ မလိုဘူး၊ ကောင်းတာတွေ လုပ်ဖို့တော့ လိုတယ်ပေါ့၊

http://www.dhammadownload.com



မကောင်းတာတွေ လုပ်ပြီး မကောင်းတာတွေ များရင်တော့ ခံရမှာပဲ၊ ဆားတွေ သိပ်များရင်တော့ ငန်မှာပဲလေ - သေချာတယ်၊ ရေနည်းရင်တော့ ဆားငန်မှာပဲ၊ ရေနဲ့ အလားသဏ္ဍာန်တူတဲ့ ကိုယ့်ရဲ့ အရည်အသွေးတွေ များအောင်လုပ်ဖို့ လိုအပ်တယ်၊ ကောင်းကံ မကောင်းကံ ဆိုတာတော့ ရှိတယ်။

အေး-ဒါကြောင့်မို့လို့ ကံနဲ့ ပတ်သက်လာတဲ့ အချက်အလက်တွေဟာ ထိုထိုသုတ္တန်တွေမှာ မြောက်မြားစွာရှိတယ်၊ မြတ်စွာဘုရားက **သဉ္စေတနိကသုတ်**မှာ ကံနဲ့ပတ်သက်တဲ့ စေတနာနဲ့ လှုံ့ဆော်ပြီးတော့ ဖြစ်ပေါ်လာတဲ့ စုမိဆောင်းမိဖြစ်တဲ့ (စုစည်းပြီးသား ကံဆိုတာ အကျိုးပေးဖို့ အဆင်သင့်ဖြစ်နေတဲ့ကံကို ပြောတာ၊) ကံတစ်ခုဟာ သူ့ရဲ့အကျိုးတရားကို မခံစားရဘဲနဲ့ ပျောက်ကွယ်သွားတယ်ဆိုတာ မရှိဘူးတဲ့။

ဒါတော့ သေချာတယ်နော်၊ မြတ်စွာဘုရားက **"သဉ္စေတနိကာနံ ကမ္မာနံ ကဋတ္တာနံ ဥပစိတာနံ"** ဆိုတာ - **ဥပစိတ** ဆိုတာ အကျိုးပေးဖို့ အနေအထားထိအောင် အင်အားတွေ ပြည့်နေတဲ့ ကံမျိုးကို ပြောတာ၊ **ဥပစိတ** - လုပ်ရုံတင် မဟုတ်ဘူး, လုပ်ပြီးတော့ အင်အားပြည့်နေတဲ့ ကံတစ်ခု၊ အဲဒီကံကို အကျိုးတရား မခံစားရဘဲနဲ့ ပျောက်သွားတယ်ဆိုတာ မရှိဘူးတဲ့။

မြတ်စွာဘုရားက ကံရဲ့အကျိုးတရားဟာ **ဒိဋ္ဌဓမ္မ** လို့ခေါ်တဲ့ ဒီဘဝမှာ ပေါ်ချင်လည်း ပေါ်မယ်၊ **ဥပပဇ္ဇ** လို့ ခေါ်တဲ့ ဒုတိယဘဝမှာ ပေါ်ချင်လည်း ပေါ်မယ်၊ **အပရပရိယာယ** လို့ခေါ်တဲ့ တတိယဘဝက စပြီးတော့ သံသရာထဲမှာရှိနေသမျှ ကာလပတ်လုံး ပေါ်ချင်လည်း ပေါ်မယ်တဲ့၊ အဲဒီကံတရားဟာ ဘယ်တော့မှ ပျောက်

http://www.dhammadownload.com



မသွားဘူး၊ on line ဖြစ်နေမယ် ဒီလိုပြောတာ၊ မနေ့က ပြောခဲ့သလို ဒိဋ္ဌဓမ္မကလည်း အချိန်ကုန်ရင်တော့ expire ဖြစ်မှာပဲ၊ ဒါတွေကတော့။

မြတ်စွာဘုရားက နောက်တစ်ခု ဆက်ပြီးတော့ ဟောတာကတော့ အဲဒီလို စေတနာနဲ့ လှုံ့ဆော်ပြီးတော့ စုမိဆောင်းမိဖြစ်နေတဲ့ ကုသိုလ်ကံပဲဖြစ်ဖြစ် အကုသိုလ်ကံပဲဖြစ်ဖြစ် အဲဒီကံတရားတွေကို မခံစားရဘဲနဲ့ ဒုက္ခတစ်ခု အဆုံးသတ်သွားတယ်, နိဗ္ဗာန်ရသွားတယ်ဆိုတာလည်း မရှိဘူးတဲ့၊ ဒီကံတရားတွေကို မဖယ်ရှားဘဲနဲ့ ဒုက္ခတစ်ခု အဆုံးမသတ်နိုင်ဘူးတဲ့ ဒီလိုပြောတာ၊ ဒါ ကံတရားနဲ့ ပတ်သက်လာလို့ရှိရင် အင်္ဂုတ္တရနိကာယ်မှာ သဉ္စေတနိကသုတ်ဆိုတာ ဟောထားတာ ရှိတယ်။

နောက် **နိဒါနသုတ်** ဆိုတာလည်း ဟောထားတာ ရှိတယ်၊ မြတ်စွာဘုရားက လောဘဦးတည်ပြီးတော့ လုပ်တဲ့ကံ, ဒေါသဦးတည်ပြီးတော့ လုပ်တဲ့ကံ, မောဟဦးတည်ပြီးတော့ လုပ်တဲ့ကံ၊ အဲဒီကံတရားတွေဟာ သူတို့က အကျိုးပေးလာတဲ့အခါမှာဆိုရင် အဲဒီကံရဲ့ အကျိုးတရားတွေက ပေါ်လာတယ်၊ ပေါ်လာတဲ့အခါမှာ မျက်မှောက်ဘဝမှာ ခံစားရတာ ရှိတယ်၊ ဒုတိယဘဝမှာ ခံစားရတာ ရှိတယ်၊ သံသရာမဆုံးခင်အထိ ခံစားရတာ ရှိတယ်လို့ မြတ်စွာဘုရားက ဒီလို ဟောထားတယ်။

အခုက ပဋိသန္ဓေစိတ်ကို ဦးတည်ပြီးတော့ ပြောတာ၊ ပဝတ္တိအခါမှာ ကံကြောင့်ဖြစ်တဲ့ ဝိပါက်စိတ်တွေဟာ ဘယ်လိုဘယ်ပုံနည်းနဲ့ လူတွေရဲ့သန္တာန်မှာ ပေါ်ပေါ်လာတတ်တာလဲ၊ သို့မဟုတ် ဘဝတစ်ခုတည်းမှာ အကုသိုလ်ကံတွေက ဘယ်လိုဝင်ပြီးတော့

http://www.dhammadownload.com



အကျိုးပေးတတ်တာလဲ၊ ကုသိုလ်ကံတွေကလည်း ဘယ်လိုဝင်ပြီး တော့ အကျိုးပေးတတ်တာလဲဆိုတာ ပဝတ္တိအခါနဲ့ ပတ်သက်ပြီး နောက်ရက်ကျမှ **"သန္ဓိရပစ္စယာ ဝိညာဏံ"**နဲ့ ဆက်ပြီးတော့ ဟောပါမယ်။

ဒါကြောင့်မို့လို့ တရားချစ်ခင် သူတော်စင်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာရဲ့ ကံတရားနဲ့ ပတ်သက်တဲ့ ဒေသနာအရပ်ရပ်ကို ပဋိစ္စသမုပ္ပါဒ်နည်း ပဋ္ဌာန်းနည်းတို့နဲ့ ဆက်စပ်ပြီး လေ့လာကြည့်ပြီး မယ် ဆိုလို့ရှိရင် ဘုန်းကြီးတို့တစ်တွေဟာ ကံတရားနဲ့ ပတ်သက် လာလို့ရှိရင် မကောင်းတဲ့ကံတွေကို ရှောင်မိဖို့၊ ကောင်းတဲ့ကံတွေ ကို လုပ်မိဖို့၊ လုပ်မိထားတဲ့ မကောင်းတဲ့ကံကိုလည်း စိုးရိမ်ပြီးတော့ မနေဘဲနဲ့ ကံတွေပျောက်သည့် နည်းလမ်းတွေ ရှိသည့်အတိုင်း မကောင်းတဲ့ကံကို မကောင်းဘူးလို့ သိပြီး ထိုကံတွေရဲ့ ပျောက်ရာ ပျောက်ကြောင်း ကောင်းတဲ့ကံတွေကို များစွာပြုလုပ်ခြင်းဖြင့် **ကမ္မက္ခယ** လို့ ဆိုတဲ့ ကံကုန်မှုကို ရရှိနိုင်တယ်၊ ကိလေသာတွေကို ကုန်အောင် လုပ်ခြင်းဖြင့် ကံတရားတွေက လွတ်မြောက်နိုင်တယ် ဆိုတာကို ကိုယ်စီ ကိုယ်စီ သဘောကျပြီးတော့ နောက်ဆုံးမှာ ကိလေသာတွေ ကုန်အောင် အားထုတ်ခြင်းဖြင့် ကံတရားတွေက အားလုံး လွတ်မြောက်နိုင်ကြပါစေကုန်သတည်း။

ဖ ဖ ဆ ဆ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"

## အပိုင်း (၄)

**သာသနာတော်နှစ် ၂၅၅၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ တပေါင်းလဆန်း ၇-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဖေဖော်ဝါရီလ ၁၉-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဓမ္မသီရိပိမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။**

"သင်္ခါရပစ္စယာ ဝိညာဏံ" - ကံတရားက ပဋိသန္ဓေအခါ မှာ အကျိုးဝိပါက်စိတ်ကို ထုတ်လုပ်ပုံ၊ ပဝတ္တိအခါမှာ အကျိုးဝိပါက် စိတ်ကို ဖြစ်စေပုံတွေဟာ ကမ္မဝိပါကော အစိန္တေယျော လို့ ဆိုတဲ့ အတိုင်း နားလည်သဘောပေါက်ဖို့ အင်မတန်မှ ခဲယဉ်းတယ်၊ ကံ ဆိုတဲ့နေရာမှာ ပဓာနအကြောင်းတစ်ခုကိုသာ ဦးတည်ပြီးတော့ ပြော ရတာ၊ တခြားအကြောင်းတွေလည်း ပါနေသေးတယ်၊ ဒ့ါကြောင့်မို့

http://www.dhammadownload.com



ထည့်တွက်ရမည့် အကြောင်းပေါင်းမြောက်မြားစွာကို ထည့်သွင်း စဉ်းစားမှသာလျှင် အဓိကထားတဲ့ကံတရားရဲ့ထုတ်လုပ်မှုကို သဘော ပေါက်နားလည်မှာ ဖြစ်တယ်။

အကုသိုလ်ကံတွေထဲမှာ ဥဒ္ဓစ္စစေတနာ မပါတဲ့ ကျန်တဲ့ အကုသိုလ်စေတနာ ၁၁-ခုက ပဋိသန္ဓေအခါမှာ အကျိုးတရားတစ် ခုကို ထုတ်လုပ်တယ်၊ အကျိုးထုတ်လုပ်တယ်ဆိုတာ တခြားစကား နဲ့ ပြောမယ်ဆိုလို့ရှိရင် ဘဝတစ်ခုကို ဖန်တီးတဲ့အခါမှာ အပါယ်ဘုံ မှာသာ ဖန်တီးပေးလေ့ ရှိတယ်ပေါ့။

အဲဒီကံက ထုတ်လုပ်တဲ့ ဘဝတစ်ခုကို အစပြုတဲ့ သန္ဓေစိတ် လေးဟာ ဥပေက္ခာသန္တီရဏလို့ဆိုတဲ့ အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့စိတ်, အင်မတန်မှ အင်အားနည်းတယ်၊ ကောင်းတဲ့အခြေအနေတွေ တစ်ခုမှ မပါဘူး၊ ခိုင်မြဲအောင်ဆောက်တည်ထားနိုင်တဲ့ အလောဘ အဒေါသ အမောဟ ဆိုတဲ့ ခိုင်မာစေနိုင်တဲ့ သဘာဝစွမ်းအားတွေ လည်း တစ်ခုမှမပါဘူး၊ မပါသည့်အတွက်ကြောင့် အဟေတုကစိတ် - အဟိတ်စိတ်လို့ခေါ်တယ်၊ ငရဲဘုံက သတ္တဝါတွေ, တိရစ္ဆာန်ဘုံ က သတ္တဝါတွေ, ပြိတ္တာဘုံက သတ္တဝါတွေဟာ ဒီဥပေက္ခာသန္တီရဏ စိတ်နဲ့ ပဋိသန္ဓေနေကြရတယ်၊ ဒီလို အဟိတ်ပဋိသန္ဓေနေသော သတ္တဝါတွေ ဖြစ်သောကြောင့် လူတွေက တိရစ္ဆာန်တွေကို အဟိတ် တိရစ္ဆာန်တွေလို့ ဒီလိုခေါ်ကြတာ။

## လူတို့၏ ပဋိသန္ဓေစိတ်

လူတွေအနေနဲ့ ပြောမယ်ဆိုရင် ကုသိုလ်ကောင်းမှုကြောင့် လူ့ဘဝရလာကြတယ်၊ ကုသိုလ်ကောင်းမှုလို့ ဆိုတဲ့နေရာမှာ ဒါန

http://www.dhammadownload.com



ကို အကြောင်းပြုပြီးရတဲ့ ကုသိုလ်, သီလဆောက်တည်မှုကို အကြောင်းပြုပြီးတော့ရတဲ့ ကုသိုလ်, ကမ္မဋ္ဌာန်းဘာဝနာပွားများလို့ ရှေ့ပိုင်းမှာရတဲ့ ကုသိုလ်တွေက ကာမာဝစရကုသိုလ်၊ ဒီကာမာ-ဝစရကုသိုလ်ကို ၈-မျိုး ခွဲပြီးတော့ ထားတယ်။

ဒီကာမာဝစရကုသိုလ်စေတနာက ပဋိသန္ဓေအခါမှာ အကျိုးပေးပြီလို့ ဆိုတဲ့အခါမှာ အကျိုးဝိပါက်စိတ် ၉-မျိုးကို ထုတ်လုပ်ပေးတယ်၊ ၉-မျိုး ဆိုတာ အလောဘ အဒေါသ အမောဟဆိုတဲ့ ဟိတ်နဲ့ မယှဉ်တဲ့ ဥပေက္ခာသန္တီရဏစိတ်က တစ်ခု, မဟာဝိပါက်စိတ်က ၈-ခု လို့ ပေါင်းလိုက်တော့ လူတွေမှာ ဖြစ်ပေါ်နိုင်တဲ့ ပဋိသန္ဓေစိတ်ဟာ ၉-မျိုး ရှိတယ်။

အဲဒီ ၉-မျိုးထဲမှာ ကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ **ဥပေက္ခာသန္တီရဏစိတ်နဲ့ ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်ကတော့** လူစဉ်မမှီတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်တယ်၊ ဝမ်းတွင်းက ကန်းလာတဲ့ပုဂ္ဂိုလ်, ဝမ်းတွင်းက နားမကြားတဲ့ ပုဂ္ဂိုလ်, တစ်ခုခုချို့တဲ့ပြီးတော့မှ လူ့ဘဝရောက်လာတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်တယ်၊ ဥပေက္ခာသန္တီရဏစိတ်ဟာ မဟာကုသိုလ်စိတ်က ထုတ်လုပ်တယ် ဆိုပေမယ့်လို့ ကံရဲ့စွမ်းအားက အင်မတန်မှ ပျော့ညံ့နေသည့်အတွက်ကြောင့် ဖြစ်ပေါ်လာတဲ့သန္ဓေစိတ်ကလည်းပဲ အင်အားရှိတဲ့သန္ဓေစိတ် မဟုတ်ဘူး၊ ဒါကြောင့်မို့လို့ လူ့ဘဝ ရသော်လည်းပဲ လူစဉ်မမှီတဲ့ဘဝမျိုး ဖြစ်လာတတ်တယ်။

ကျန်တဲ့ **မဟာဝိပါက်စိတ်နဲ့ ပဋိသန္ဓေနေကြရတယ် ဆိုတဲ့နေရာမှာလည်းပဲ** ဉာဏ်ရှိ ဉာဏ်မရှိ နှစ်မျိုးထပ်ပြီးတော့ ခွဲတယ်၊ စာလိုပြောရင်တော့ ဉာဏသမ္ပယုတ်က ၄-မျိုး, ဉာဏဝိပ္ပယုတ်က ၄-မျိုး။

http://www.dhammadownload.com



မဟာကုသိုလ်ကို ဆောင်ရွက်ပြုလုပ်တဲ့အချိန်မှာ အသိဉာဏ်ရှိရှိနဲ့ ရှေ့နောက်အကုသိုလ်ခြံရံခြင်း မရှိဘူး။ (အကုသိုလ် မခြံရံဘူး ဆိုတာ မိမိလုပ်ထားတဲ့ ကုသိုလ်နဲ့ ပတ်သက်ပြီးတော့ အကုသိုလ် စိတ် မဖြစ်တာကို ပြောတာ၊ ပုထုဇဉ်ဆိုတာ ကုသိုလ်ဖြစ်လိုက် အကုသိုလ်ဖြစ်လိုက်တော့ ရှိနေမှာပေါ့။ ဒါနဲ့ မပတ်သက်တဲ့ အကုသိုလ်တွေကို မဆိုလိုဘူး)၊ ဆိုပါစို့ - ဒါနကောင်းမှုလေးတစ်ခု လုပ်တယ်၊ မလုပ်ခင်ကလည်းပဲ ဒီဒါနကောင်းမှုအတွက် ကုသိုလ် စိတ်တွေ ဖြစ်တယ်၊ လုပ်ပြီးတဲ့အခါမှာလည်း ဒီဒါနကောင်းမှုနဲ့ ပတ်သက်ပြီး ကုသိုလ်ပဲ ဖြစ်တယ်, အကုသိုလ်မဖြစ်ဘူးဆိုရင် ဒါ ရှေ့နောက်အကုသိုလ် မခြံရံဘူးလို့ ပြောတာ။

အဲဒီလို မဟုတ်ဘဲနဲ့ ဒါနကောင်းမှုပြုလုပ်တဲ့အခါမှာ မပြု လုပ်ခင်ကတည်းက မှားယွင်းတဲ့အတွေးတွေ အကုသိုလ်စိတ်တွေ ခြံရံပြီး နေတယ်၊ လုပ်လိုက်တဲ့ အချိန်တော့ ကုသိုလ်ဖြစ်တယ်ပေါ့၊ လုပ်ပြီးတဲ့နောက်မှာလည်းပဲ ထိုကုသိုလ်နဲ့ ပတ်သက်ပြီးတော့ အကုသိုလ်စိတ်တွေ ဝင်ပြန်တယ်၊ အဲဒီလို ရှေ့နောက် အကုသိုလ် ခြံရံလိုက်တယ်ဆိုရင်ပဲ ဒီကုသိုလ်စိတ်ဟာ ပျော့ညံ့သွားတယ်၊ အဲဒါမျိုးကို **"ဩမက"**လို့ ခေါ်တာပေါ့။

ရှေ့နောက်အကုသိုလ် မခြံရံဘဲနဲ့ ကိုယ်လုပ်တဲ့ကုသိုလ်ဟာ ရှေ့ကလည်း ကုသိုလ်, နောက်ကလည်း ကုသိုလ်၊ ဒီကောင်းမှုနဲ့ ပတ်သက်ပြီး ကုသိုလ်စိတ်တွေချည်းပဲ ဖြစ်နေတယ်၊ ဒီလို ရှေ့နောက် အကုသိုလ်မခြံရံတဲ့ ကုသိုလ်မျိုး, အသိဉာဏ်ရှိရှိနဲ့ ဖြစ်ပေါ်လာတဲ့ စွမ်းအားကြီးတဲ့ ကုသိုလ်မျိုးကျတော့ **"တိဟိတ်ဥက္ကဋ္ဌကုသိုလ်"** လို့

http://www.dhammadownload.com



ခေါ်တာပေါ့။ ဒီလို အသိဉာဏ်ရှိတာကိုပဲ အကုသိုလ်ခြံရံ မခြံရံနဲ့ အကောင်းနဲ့ အညံ့ ထပ်ခွဲသေးတယ်။

အသိဉာဏ်မပါဘူး ဆိုလို့ရှိရင်တော့ **ဒွိဟိတ်**လို့ ခေါ်တာပေါ့။ ဒွိဟိတ်ဆိုတာ အလောဘဆိုတဲ့ဟိတ်, အဒေါသဆိုတဲ့ဟိတ်, အမောဟဆိုတဲ့ဟိတ် - ဟိတ်သုံးပါး၊ အဲဒီထဲမယ် အလောဘ အဒေါသတို့ ရှိတယ်, အမောဟ မပါဘူးဆိုလို့ရှိရင် ဒွိဟိတ်လို့ ခေါ်တယ်၊ ဆိုလိုတာက အသိဉာဏ် မပါဘူး၊ အသိဉာဏ် အမောဟ ပါလာလို့ရှိရင် **တိဟိတ်**လို့ ခေါ်တယ်၊ အမောဟပါမှတော့ ကျန်တဲ့ အလောဘ အဒေါသ ဆိုတာ မပါဘဲ မရှိဘူး၊ အမောဟဆိုတဲ့ အသိဉာဏ်သာ ပါ-မပါ နှစ်မျိုးနဲ့ ခွဲတယ်၊ ဒါကြောင့်မို့လို့ အမောဟဆိုတဲ့အသိဉာဏ် ဦးဆောင်လာပြီဆိုရင် **ဉာဏသမ္ပယုတ်ကုသိုလ်**လို့ ခေါ်တယ်၊ အမောဟဆိုတဲ့ အသိဉာဏ် ကင်းနေပြီဆိုရင်တော့ **ဉာဏဝိပ္ပယုတ်ကုသိုလ်** လို့ ခေါ်တယ်။

အဲဒီလို ကုသိုလ်ရဲ့အဆင့်အတန်းက မတူသည့်အတွက်ကြောင့် ပဋိသန္ဓေအကျိုးကို ပေးတဲ့အခါမှာလည်းပဲ အဆင့်အတန်း မတူတဲ့ ပဋိသန္ဓေအကျိုးကို ပေးတယ်၊ မိမိကံနဲ့ အလားတူတဲ့ အကျိုးတရားကို ပေးတာ နိယာမပဲ၊ ဒါကို ပြောတာ။

ဆိုပါစို့ - အသိဉာဏ်ပါတဲ့ တိဟိတ်ကုသိုလ်သည် တိဟိတ် ပဋိသန္ဓေအကျိုးကို ပေးတယ်ပေါ့၊ အသိဉာဏ်မပါတဲ့ ဒွိဟိတ် ကုသိုလ်မျိုးကျတော့ ဒွိဟိတ်ပဋိသန္ဓေတို့ အဲဒီလိုအကျိုးမျိုးကို ပေးတယ်၊ မိမိကံနဲ့ အလားသဏ္ဍာန်တူတဲ့ အကျိုးမျိုးကို ပေးတာဟာ ကမ္မနိယာမသဘောတရားတစ်ခုလို့ မှတ်ရမယ်။

http://www.dhammadownload.com



နောက်တစ်နည်းကတော့ ကမ္မနိယာမဆိုတာ ကိုယ်လုပ်ခဲ့တဲ့ကံနဲ့ အလားသဏ္ဌာန်တူတဲ့ အကျိုးတရားကို ကိုယ်ရတယ်၊ မိမိပြုမူဆောင်ရွက်ခဲ့တဲ့ လုပ်ရပ်အတိုင်း အကျိုးပေးတဲ့အခါ အဲဒီလိုအကျိုးမျိုး ပေါ်လာတာကိုလည်းပဲ **ကမ္မနိယာမ**လို့ ဒီလိုသုံးတယ်ပေ့ါ။ အဲဒီကမ္မနိယာမရဲ့ သဘာဝအတိုင်း ကံတရားတွေက ဆိုင်ရာဆိုင်ရာ အကျိုးတရားတွေကို ထုတ်လုပ်လာကြတယ်၊ လူဖြစ်လာတဲ့အခါမှာ လူ့ဘဝရောက်တဲ့ ကုသိုလ်ကံရဲ့အရည်အသွေး အားလျော်စွာ လူချင်းတူသော်လည်းပဲ ပဋိသန္ဓေစိတ်ချင်းက မတူလာကြဘူး၊ တချို့ကျတော့ အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ် ဖြစ်တယ်၊ တချို့ကျတော့ အသိဉာဏ်မရှိတဲ့ပုဂ္ဂိုလ် ဖြစ်တယ်ပေ့ါ။

အဲဒီအသိဉာဏ် ရှိမရှိဆိုတဲ့ ပုဂ္ဂိုလ်တွေမှာပဲ- တချို့ကျတော့ ဝမ်းသာမှုဆိုတဲ့ သောမနဿက လွှမ်းမိုးပြီးတော့ သန္ဓေစိတ်မှာ ပါလာလို့ ထိုပုဂ္ဂိုလ်ရဲ့စိတ်နှလုံးဟာ အမြဲတမ်းကြည်လင်ပြုံးတဲ့သဘောမျိုးတွေ အများဆုံးတွေ့ရတယ်ပေ့ါ၊ happy born ဆိုတာပေ့ါ၊ ပျော်ရွှင်နေတဲ့ သဘောတရားတွေဟာ သန္ဓေစိတ်ကနေ အခြေခံပေးလိုက်တဲ့သဘောပေ့ါ၊ သောမနဿနဲ့ ပဋိသန္ဓေနေတယ်လို့ ဒီလိုပြောတယ်။

ဥပေက္ခာလို့ဆိုတဲ့ သောမနဿလျော့နည်းသွားတဲ့ ခံစားမှုနဲ့ ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်တွေကျတော့ တော်ရုံနဲ့ ပြုံးချင်တာ မရှိဘူးပေ့ါ၊ အမြဲတမ်း သူက ခပ်တည်တည်ပုံစံမျိုး ဖြစ်နေတတ်တယ်၊ ပြုံးရွှင်မှုနည်းတယ်၊ အဲဒီလို ခံစားချက်နဲ့လည်းပဲ လူတွေဟာ ထူးခြားမှုဖြစ်ပေါ်လာတတ်တယ်၊ အသိဉာဏ်နဲ့လည်းပဲ ထူးခြားမှုဖြစ်ပေါ်လာတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရား၏ သန္ဓေစိတ်

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်လည်းပဲ ဟောဒီ မဟာဝိပါက်စိတ် ၈-ခုထဲက ၁-ခုနဲ့ ပဋိသန္ဓေနေတာပဲ၊ လူသားမှန်သမျှ မဟာဝိပါက်စိတ် ၈-ခုထဲက တစ်ခုခုနဲ့ နေရတယ်။

ဒါဖြင့် မြတ်စွာဘုရားရဲ့သန္ဓေစိတ်က ဘယ်စိတ်လဲလို့ မေးလို့ရှိရင် ပထမ မဟာဝိပါက်စိတ်လို့ ပြောတယ်၊ ပထမ မဟာဝိပါက် စိတ်ဆိုတာ **"သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက စိတ်"**၊ **သောမနဿသဟဂုတ်** ဆိုတာ- ဝမ်းသာမှုနဲ့ ယှဉ်တွဲတယ်၊ **ဉာဏသမ္ပယုတ်** ဆိုတာ - အသိဉာဏ်နဲ့ ယှဉ်တယ်၊ **အသင်္ခါရိက** ဆိုတာ- ထက်မြက်မှုရှိတဲ့ စိတ်တဲ့၊ ဒီလို အင်္ဂါ ၃-ချက်နဲ့ညီတဲ့ စိတ်ဓာတ်နဲ့ မြတ်စွာဘုရားအလောင်းတော်ဟာ ပဋိသန္ဓေတည်နေခဲ့တယ်လို့ ဒီလိုဆိုတယ်။

သို့သော် မြတ်စွာဘုရားရဲ့ ပဋိသန္ဓေနဲ့ ပတ်သက်ပြီးတော့ သီဟိုဠ်ကျွန်းမှာ အဘိဓမ္မာတတ်ကျွမ်းကြတဲ့ ဆရာတော်ကြီးတွေထဲက တချို့ပုဂ္ဂိုလ်တွေက မြတ်စွာဘုရားရဲ့ပဋိသန္ဓေစိတ်ဟာ သောမနဿ မဖြစ်နိုင်ဘူးတဲ့၊ မြတ်စွာဘုရားဟာ အရာရာ တည်ကြည်မှု ရှိတယ် ဆိုပြီးတော့ ဥပေက္ခာနဲ့ ပဋိသန္ဓေနေတယ်လို့ ဒီလိုယူဆတာလည်း ရှိတယ်ပေ့ါ။

သို့သော် အများလက်ခံထားတာတော့ သောမနဿပဲ၊ ဒါကြောင့်မို့ မြတ်စွာဘုရားကို ချီးမွမ်းတဲ့အခါမှာ ရှိတယ် . . . **ပိယမုခ** - မြတ်စွာဘုရားဟာ အမြဲတမ်းပြုံးရွှင်တဲ့ မျက်နှာရှိတယ်၊ စကားပြောတဲ့အခါမှာလည်းပဲ ပြုံးပြီးတော့ ပြောလေ့ ရှိတယ်၊ **သုခသမ္ဘာသ** - ဘုရားနှင့် စကားပြောဖို့ရန်အတွက် အင်မတန်မှ

http://www.dhammadownload.com



ဆက်ဆံရေးကောင်းတယ်လို့၊ **မိဟိတပုဗ္ဗင်္ဂမ** - စကားပြောရင် ပြုံးပြီးမှ ပြောတတ်တဲ့ပုဂ္ဂိုလ်ဖြစ်သည့်အတွက်ကြောင့် သောမနဿ ပဋိသန္ဓေနေတယ်ဆိုတာက ပိုပြီးတော့ မှန်တယ်လို့ မှတ်ယူကြတယ်ပေါ့၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ရဲ့ ပဋိသန္ဓေစိတ်ဟာ **"သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်"** လို့ ဆိုတဲ့ စွမ်းအားပြည့် အထက်မြက်ဆုံး ပဋိသန္ဓေစိတ်ဖြစ်တယ်။

**တိဟိတ်ပုဂ္ဂိုလ်တိုင်း တရားထူး ရနိုင်သလား?**

ကျန်တဲ့လူသားတွေဟာ ကိုယ့်ဆိုင်ရာဆိုင်ရာ ပဋိသန္ဓေစိတ်တွေနဲ့ လူ့ဘဝကို ရလာကြတယ်၊ အသိဉာဏ်မပါတဲ့ ပုဂ္ဂိုလ်က ဉာဏ်စွမ်းအားထက်မြက်မှု အားပျော့ပြီးတော့ အသိဉာဏ်ပါတဲ့ ပုဂ္ဂိုလ်က ထက်ထက်မြက်မြက် ရှိတယ်ပေါ့။

ဒါ့ကြောင့်မို့ အခုခေတ်မှာ အသိဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ကို bright ဖြစ်တယ်လို့ IQ မြင့်တယ်လို့ ဒီလို ပြောတာပေါ့၊ သာမန် အကြောင်းအရာလေးတစ်ခုကိုပဲ အသိဉာဏ်အားပျော့တဲ့ပုဂ္ဂိုလ်က အချိန်ကြာကြာ စဉ်းစားပြီးတော့မှသာ သိနိုင်တယ်, ရုတ်တရက် အဖြေ မထုတ်နိုင်ဘူး၊ ချက်ချင်းနားလည်ပြီးတော့ သွက်လက် ချက်ချာတဲ့ အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မျိုးကို ဉာဏသမ္ပယုတ်နဲ့ ပဋိသန္ဓေနေတယ်လို့ ဒီလို ပြောရတယ်။

မြန်မာပြည်မှာ အရင်တုန်းက တရားအားထုတ်တဲ့အခါမှာ လူတွေက စဉ်းစားလေ့ ရှိကြတယ် "တိဟိတ်ပုဂ္ဂိုလ်မှ တရားထူး တရားမြတ် ရနိုင်တယ်" လို့၊ ဆိုပါစို့ - ဉာဏသမ္ပယုတ် ပဋိသန္ဓေ နေတဲ့ပုဂ္ဂိုလ်မှ ဒီဘဝမှာ ထူးခြားတဲ့အဆင့်မြင့်တဲ့ တရားဓမ္မတွေကို

http://www.dhammadownload.com



မျက်မှောက်ပြုနိုင်တယ်ပေ့ါ၊ ဉာဏဝိပ္ပယုတ်နဲ့ ပဋိသန္ဓေနေလာလို့ ရှိရင်တော့ အဆင့်မမှီဘူး၊ အဆင့်မမှီဘူးဆိုတာ တရားထူးတရား မြတ် ရလောက်အောင်ထိကို မဖြစ်ဘူးတဲ့၊ သို့သော် အလဟဿ ဖြစ်တာတော့ မဟုတ်ဘူး၊ အတိုင်းအတာတစ်ခုအထိတော့ ရတယ် ပေ့ါ။

အဲဒီတော့ တချို့က "တို့က တိဟိတ်မဟုတ်ဘူး၊ ဒွိဟိတ်များ ဖြစ်နေမလား၊ တိဟိတ်မှ တရားထူးတရားမြတ်ရတယ် ဒွိဟိတ်က မရဘူး ဆိုလို့ရှိရင် ကိုယ့်ကိုယ်ကို တိဟိတ်လား ဒွိဟိတ်လား" လို့ စဉ်းစားတွေးခေါ်မှုတွေ ဖြစ်ပေါ်လာတတ်တယ်ပေ့ါ။

ဒီတော့ တိဟိတ်လား ဒွိဟိတ်လားလို့ ဆိုတာ ဘယ်လိုနည်း နဲ့ စမ်းသပ်ကြည့်ရမလဲလို့ဆိုရင် **အင်္ဂုတ္တိုရ်အဋ္ဌကထာသုတ္တန်**မှာ ဆိုထားတဲ့ အတိုင်း ကြည့်မယ်ဆိုရင် တစ်ဦးနဲ့ တစ်ဦး စကားပြောတဲ့အခါမှာ ကောင်းတဲ့စကားလား, ဆိုးတဲ့စကားလား ခွဲခြားသိနိုင်စွမ်းရှိပြီဆို ရင်တော့ တိဟိတ်ပုဂ္ဂိုလ်လို့ သတ်မှတ်ရမှာပဲ၊ ဒွိဟိတ်ပုဂ္ဂိုလ်ဆိုတာ ကျတော့ ကောင်းတာပြောတာလား, ဆိုးတာပြောတာလား ဆိုတာ ကိုပဲ ကောင်းကောင်းသိနိုင်တာ မဟုတ်ဘူး၊ ပြောစကားရဲ့ အနက် အဓိပ္ပါယ်ကို လွယ်လွယ်ကူကူနဲ့ သိနိုင်စွမ်း မရှိဘူးတဲ့၊ တိဟိတ် ပုဂ္ဂိုလ်ကျတော့ ဒါမျိုးတွေ သိနိုင်စွမ်းတယ်၊ ဒါ့ကြောင့်မို့လို့ ဒီလို ပြောစကားနဲ့ ပတ်သက်ပြီးတော့ ကောင်းစကားလား, ဆိုးစကား လား ခွဲခြားပြီးတော့ သိနိုင်စွမ်းရှိတဲ့အသိဉာဏ်ရှိရင်တော့ တိဟိတ် ပုဂ္ဂိုလ်ပဲ၊ ကြိုးစားရင် ကြိုးစားသလောက် ဒီဘဝမှာ အတိုင်းအတာ တစ်ခုအထိ ရလာမှာပဲ၊ အဲဒါကိုပဲ **ဥပနိဿယသမ္ပတ္တိ** လို့ ခေါ်တာ။

http://www.dhammadownload.com



ဒါပေမယ့် အဲဒီလို တိဟိတ်ပုဂ္ဂိုလ်ဖြစ်တိုင်း တရားထူးရ သလားဆိုတော့ မရဘူး၊ အခြားအကြောင်းတွေကြောင့် မရတာ၊ ဆိုပါစို့ - မလုပ်လို့ မရတာလည်း ပါတယ်၊ **အစ္ဆန္ဒိက** - စိတ်ဆန္ဒ မရှိတဲ့ ပုဂ္ဂိုလ်တွေမှာ မအောင်မြင်ဘူး၊ လုံ့လဝီရိယကင်းမဲ့တဲ့ပုဂ္ဂိုလ် ကလည်းပဲ တရားထူးတရားမြတ် မရနိုင်ဘူး၊ သန္တေစိတ်က ဘယ် လောက် ကောင်းကောင်း မကြိုးစားဘူး, ပျင်းတယ်ဆိုရင် တရားထူး တရားမြတ် မရနိုင်ဘူး။

နောက်တစ်ချက်ကလည်းပဲ နည်းလမ်းပြတဲ့ ဆရာကောင်း သမားကောင်း မတွေ့ဘူးဆိုရင်လည်း မရနိုင်ဘူး၊ ဆရာကောင်း သမားကောင်းကို ရဖို့လည်း လိုအပ်တယ်၊ မိမိကိုယ်တိုင်ကလည်းပဲ ယောနိသောမနသိကာရ ရှိဖို့ လိုတယ် - မှန်ကန်သောအမြင်တစ်ခု ရှိဖို့လည်း လိုတယ်၊ တရားမွေကိုလည်းပဲ လက်တွေ့ကျင့်သုံးဖို့ လို အပ်တယ်။

**သောတာပန်ဖြစ်ဖို့ ပညာရဖို့ အင်္ဂါရပ်**တွေထဲမှာ အပြင် အင်္ဂါ external condition က နှစ်မျိုးနဲ့ အတွင်းအင်္ဂါ internal condition က နှစ်မျိုး - အဲဒီလေးမျိုး ပေါင်းစပ်မိမှ တရားထူး တရားမြတ်ဆိုတာ ရတာ။

အပြင်အင်္ဂါရပ်နှစ်ခုဆိုတာ **သပ္ပုရိသူပနိဿယ** နဲ့ **သဒ္ဓမ္မ- သဝနံ**၊ သူတော်ကောင်းနဲ့ ဆုံဆည်းမိဖို့ဆိုတာ သူတော်ကောင်းထံ ဆည်းကပ်မှုရမယ်၊ ကြည့်လေ - ရှင်သာရိပုတ္တရာမထေရ်မြတ်ဟာ အရှင်အဿဇိနဲ့မှ မဆုံဆည်းမိဘူးဆိုရင် သူ တရားနာခွင့်ရမှာ မဟုတ်ဘူး၊ ဘယ်လိုပဲ ဥပနိဿယနဲ့ ပြည့်စုံနေပြည့်စုံနေ၊ သိဥ္စည်း ပရိဗိုဇ်ကြီးဆီ ရောက်နေတာကြာပြီပဲ၊ သို့သော် တရားထူး တရား

http://www.dhammadownload.com



မြတ်နဲ့ အလှမ်းဝေးနေသေးတယ်၊ ရှင်အဿဇိနဲ့ တွေ့လိုက်တာ တစ်ခဏပဲ ရှိသေးတယ်၊ ရှင်အဿဇိဆိုတဲ့ သပ္ပုရိသူပနိဿယ သူတော်ကောင်းနဲ့ပေါင်းမိခြင်းဆိုတဲ့ ဒီအကြောင်းတရားပြည့်စုံသွားတယ်၊ ပြည့်စုံရုံတင်, မကဘူး၊ ရှင်အဿဇိရှင်းပြတဲ့ သစ္စာ ၄-ပါးကို အတိုချုပ်ရှင်းပြတဲ့ တရားမေ့ကို နာလိုက်ရတယ် - **သဒ္ဓမ္မသဝနံ**၊ ဒါက အပြင်အကြောင်းတရားနှစ်ခု။

အဲဒီအပြင်အကြောင်းတရားနှစ်ခုအပြင် ကိုယ့်မှာရှိတဲ့ အခံတရားက ဘာတုန်းဆိုလို့ရှိရင် **ယောနိသောမနသိကာရ** - ကြားနာတဲ့တရားပေါ်မှာ မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်နိုင်တဲ့ attention ကို wise attention လို့ ခေါ်တယ်၊ မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်တဲ့ ယောနိသောမနိသိကာရကို အများအားဖြင့် ပြောကြတာကတော့ မနောဒွါရာဝဇ္ဇန်းလို့ ပြောလေ့ ရှိတယ်ပေါ့၊ အာဝဇ္ဇန်းလို့ ဆိုလေ့ ရှိတယ်၊ သို့သော် ကျမ်းဂန်များကို သေသေချာချာ လေ့လာကြည့်လို့ရှိရင် ယောနိသောမနသိကာရဆိုတဲ့ စကားလုံးက သာမန်အာဝဇ္ဇန်းမျှသာ မကဘူး၊ သတိလည်း ပါနိုင်တယ်၊ ပညာလည်း ပါနိုင်တယ်၊ ဝီရိယလည်း ပါနိုင်တယ်၊ ဒီသဘာဝတရားတွေ စုစည်းထားတဲ့ သဘောတရားတစ်ခု။

ဒါ့ကြောင့်မို့ ဝိဘင်းပါဠိတော်မှာဆိုရင် **သစ္စာနုလောမိကဉာဏ်**ထိအောင် ယောနိသောမနသိကာရကို ကောက်တယ်၊ မှန်ကန်စွာ နှလုံးသွင်းတတ်မှု၊ တစ်ခါတစ်ရံ ယောနိသောမနသိကာရလို့ဆိုတာ **ဝိပဿနာဉာဏ်**ကို ကောက်တာလည်း ရှိတယ်ပေါ့။

အဲဒီတော့ နေရာဌာနကို ကြည့်ပြီးတော့ မှန်မှန်ကန်ကန် စဉ်းစားတွေးခေါ်တတ်မှု, နှလုံးသွင်းတတ်မှု ဆင်ခြင်တတ်မှုဟာ

http://www.dhammadownload.com



ယောနိသောမနသိကာရပဲ၊ ရှင်သာရိပုတ္တရာအလောင်း ရှင်ဥပတိဿ ပရိဗိုဇ်မှာ ယောနိသောမနသိကာရ ဆိုတာ ရှိတယ်။

ဒ့ါအပြင် တရားဓမ္မပေါ်မှာ ဆင်ခြင်စဉ်းစားနိုင်မှု ရှိတယ်၊ တရားနာရင်းပဲ applied လုပ်ကြည့်တယ်လို့ ခေါ်တယ်၊ တရားနာရင်း ကျင့်တယ်ဆိုတာ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာမှာရှိတာနဲ့ စပ်ဟပ်ပြီးတော့ ကြည့်တာ၊ အချိန်တိုအတွင်းလေးမှာ တရားကျင့်တဲ့သဘော၊ အဲဒါကို **ဓမ္မာနုဓမ္မပဋိပတ္တိ** လို့ ပြောတယ်၊ **ဓမ္မ** ဆိုတာ အဆင့်မြင့်တဲ့ လောကုတ္တရာတရား၊ **အနုဓမ္မ** ဆိုတာ ထိုအဆင့်မြင့်တဲ့ လောကုတ္တရာတရားနဲ့ လျော်တဲ့, ထိုလောကုတ္တရာတရားကို ရစေနိုင်တဲ့ သီလ သမာဓိ ပညာဆိုတဲ့ ကျင့်စဉ်ကို ပြောတာ၊ ဒီတော့ ဓမ္မအတွက်သင့်လျော်တဲ့ အနုဓမ္မဆိုတဲ့ ကျင့်စဉ်တစ်ခုကို ကျင့်တာဟာ တရားထူးတရားမြတ်ရခြင်း အကြောင်းတစ်ခုပဲ၊ ဒီနှစ်ခုက internal condition အတွင်းအကြောင်းနှစ်ခု။

အတွင်းအကြောင်းနဲ့ အပြင်အကြောင်း နှစ်မျိုး ပေါင်းစပ်လိုက်တဲ့အခါမှာ ထူးခြားတဲ့ တရားထူးတရားမြတ်တွေကို ရလာတယ်လို့ ပြောတာ၊ အပြင်အကြောင်းက ချို့တဲ့နေရင်လည်း မရနိုင်ဘူး၊ အတွင်းအကြောင်းက ချို့တဲ့နေရင်လည်း မရနိုင်ဘူး။

တစ်ခါတစ်ရံမှာ အနှောင့်အယှက်ဝင်ပြီးတော့ တရားထူးတရားမြတ် မရနိုင်တာ ရှိသေးတယ်၊ ကြီးမားတဲ့ အနှောင့်အယှက်ကြီးတစ်ခုက အခြေအနေကောင်းတွေကို ဖျက်ဆီးပစ်လိုက်တာမျိုးလည်း ရှိတတ်သေးတယ်၊ အဇာတသတ်လို ပုဂ္ဂိုလ်မျိုးပေါ့။

http://www.dhammadownload.com



## ကုစားမရသော အပြစ်

တကယ်တော့ အဇာတသတ်မင်းဟာ ဥပနိဿယသမ္ပတ္တိ ရှိတယ်၊ တိဟိတ်ပဋိသန္ဓေနေတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ၊ အသိဉာဏ် ထက်မြက်တယ်၊ သို့သော် ဒေဝဒတ်ဆိုတဲ့ မိတ်ဆွေယုတ်နဲ့ မှားမှားယွင်းယွင်း ပေါင်းမိပြီး ဒေဝဒတ်ရဲ့စကားကို နားထောင်မိပြီးတော့ မိမိရဲ့ ဖခင်အရင်းကို သတ်ဖြတ်မှုလို့ဆိုတဲ့ ပိတုဃာတကကံကြီးကို ကျူးလွန်လိုက်တယ်၊ ပြင်လို့မရတဲ့ အမှားကြီးတစ်ခုကို ကျူးလွန်လိုက်တော့ အဲဒီအမှားကြီးက ကြားထဲမှာ ကန့်လန့်ပိတ်သွားတယ်၊ သူ့ရဲ့ အခွင့်အရေးတွေဟာ လုံးဝဆုံးရှုံးသွားတယ်၊ ပြင်လို့ မရဘူးဆိုတဲ့ စကားလုံးတစ်ခုကို **အတေကိစ္ဆော** လို့ ပြောတယ်၊ incurable ကုစားလို့ မရဘူးတဲ့။

တချို့ကိစ္စတွေက ပြင်လို့မရဘူး၊ ပြင်လို့မရတာကိုပဲ ကုစားလို့ မရဘူးလို့ ပြောတာ၊ ပဉ္စာနန္တရိယကံတွေထဲက ကံကြီးတစ်ခုကို ကျူးလွန်လိုက်ပြီ ဆိုလို့ရှိရင် အဲဒီအမှားဟာ ပြင်ဖို့ တော်တော်ခက်သွားတဲ့ အမှားတစ်ခု ဖြစ်သွားတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ အင်မတန်ကြီးမားတဲ့ပြစ်မှုကြီးတစ်ခုကို ကျူးလွန်လိုက်တာဖြစ်သည့်အတွက်ကြောင့် အခြေခံကောင်းတွေဟာ ပျက်ဆီးဆုံးရှုံးသွားတယ်၊ လက်လွတ်သွားတယ်လို့ ဒီလိုပြောတယ်ပေါ့၊ ဒီလိုနည်းနဲ့လည်း တရားထူးတရားမြတ်က လွဲချော်သွားနိုင်သေးတယ်တဲ့။

## တူညီသော အကျိုး

အေး ကောင်းပြီ - လူ့ဘဝရဲ့သန္ဓေစိတ်ကလေးကို ကံကပေးလိုက်တယ်၊ မဟာဝိပါက်စိတ်၈-ခု၊ အကောင်းဆုံးဆိုရင် မဟာ

http://www.dhammadownload.com



ဝိပါက်ဉာဏသမ္ပယုတ်စိတ် ၄-ခု ဆိုတဲ့ ပဋိသန္ဓေစိတ်လေးခု ပေးထားတယ်၊ အဲဒီပဋိသန္ဓေစိတ် ရ,ထားတဲ့ ပုဂ္ဂိုလ်ဟာ အခုနက internal condition တွေနဲ့ external condition တွေလို့ဆိုတဲ့ အပြင်ဘက်က ကောင်းတဲ့အကြောင်းနှစ်ခု, အတွင်းဘက်က ကောင်းတဲ့ အကြောင်းနှစ်ခုနဲ့ ပေါင်းဆုံပြီးတော့ အကြောင်းညီညွတ်သွားပြီဆိုရင် တရားထူးတရားမြတ် ရသွားနိုင်ပါတယ်၊ တခြားအကြောင်းတွေကတော့ အများကြီး ရှိသေးတာပေါ့နော်၊ အကြောင်းတရားဆိုတာ တစ်ခုတည်း မဟုတ်ဘူး၊ အကြောင်းပေါင်းမြောက်မြားစွာ ရှိတယ်။

နတ်ပြည် ၆-ထပ်မှာဖြစ်ကြတဲ့ နတ်တွေမှာလည်းပဲ ထို့အတူပဲ မဟာဝိပါက်စိတ် ၈-ခုနဲ့ပဲ သန္ဓေတည်ကြတယ်၊ ဗြဟ္မာတွေကျတော့ သူတို့ဘုံအားလျော်စွာ သမထကျင့်စဉ်တစ်ခုကိုကျင့်ပြီး ဈာန်တွေကို ရရှိသွားလို့ ထိုဈာန်ကုသိုလ်တွေက နေပြီးတော့ တူညီသောအကျိုးတစ်ခုကို ပေးကြတယ်၊ **“ဇနေတိ သဒိသံ ပါကံ”** ကုသိုလ်နဲ့ ထပ်တူထပ်မျှ အကျိုးပေးတာကတော့ ဒီဈာန်ကုသိုလ်တွေကို ပြောတာ။

ကာမာဝစရကုသိုလ်တွေက ထပ်တူညီတဲ့အကျိုး မပေးဘူး၊ ထပ်တူညီတဲ့အကျိုး မပေးဘူးဆိုတာက- တိဟိတ်ကုသိုလ်ကလည်း ညံ့သွားလို့ရှိရင် ဒွိဟိတ်ပဋိသန္ဓေအကျိုးကို ပေးသေးတယ်၊ ဒွိဟိတ်ပဋိသန္ဓေကလည်းပဲ အဟိတ်ပဋိသန္ဓေအကျိုးကို ပေးသေးတယ်၊ ထပ်တူထပ်မျှ တူညီတဲ့အကျိုးကို ကာမာဝစရကုသိုလ်တွေက မပေးနိုင်ဘူး၊ ရူပါဝစရကုသိုလ်ကကျတော့ အဲဒီလို မဟုတ်ဘူး၊ ကိုယ် ရ,ထားတဲ့ ကုသိုလ်ရဲ့စွမ်းအားအတိုင်းပဲ၊ ဆိုလိုတာက ပထမဈာန်ရရင် ပထမဈာန်ဝိပါက်ဆိုတဲ့ အကျိုးကို ပေးတယ်။

http://www.dhammadownload.com



နောက်ဆုံး အဆင့်မြင့်ဆုံး နေဝသညာနာသညာယတန ဈာန်ကုသိုလ် ရ,ထားတဲ့ပုဂ္ဂိုလ်ရဲ့ ရရှိလာတဲ့အကျိုးက နေဝသညာ-နာသညာယတနဝိပါက်၊ **ထပ်တူညီမျှတဲ့ အကျိုးပေးတယ်၊** အဲဒါကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းထဲမှာ **"ဇနေတိ သဒိသံ ပါကံ"** လို့ အဲဒီလို ပြောတာ။

အေး - လူ့လောကမှာ သူတစ်ပါးကို သတ်ခဲ့လို့ ဒီဘဝ အသတ်ခံရတယ်ဆိုတာမျိုးကျတော့ **"ကမ္မသရိက္ခက - ကံနှင့် အလား တူတဲ့အကျိုး"** လို့ ဒီလိုပြောရမယ်၊ သို့သော် ရောပြီးတော့ ပြောနေကြတယ်၊ **"ဇနေတိ သဒိသံ ပါကံ"** - "အေး - ကံတူ အကျိုးပေး တွေ" လို့ပဲ ပြောကြတာနော်၊ အဲဒီတော့ ပုံစံတူအကျိုးပေးတာက တော့ ခုနက ဈာန်ကုသိုလ်တွေကမှ ပုံစံတူအကျိုးပေးတာ သေချာ တယ်။

ကောင်းပြီ- လူ့ဘဝမှာ ပဋိသန္ဓေအခါမှာ ဘဝတစ်ခုအစပြု လာတဲ့အချိန်မှာ ဒီစိတ်ကလေးတွေက စ,တာ၊ ဒီစိတ်ကလေးတွေ က စ,တာကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်မှာ **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ ဒီလိုဟောတာ။

## "ဝိညာဏပစ္စယာ နာမရူပံ"

### သန္ဓေစိတ်နှင့်အတူ ဖြစ်လာသော "နာမ"

ဒါဖြင့် ဒီသန္ဓေစိတ်ကလေး ပေါ်လာတဲ့အခါ ဒီသန္ဓေစိတ် ကလေး တစ်မျိုးတည်းပဲ ပေါ်သလား? လူ့ဘုံလူ့ဘဝနဲ့ ပြောရမယ် ဆိုရင် ဒီသန္ဓေစိတ်ကလေး ပေါ်လာလို့ရှိရင် ထိုသန္ဓေစိတ်ကလေး

http://www.dhammadownload.com



နဲ့ယှဉ်တွဲလာတဲ့, စိတ်ရဲ့စွမ်းအားတွေ စိတ်ရဲ့လှုပ်ရှားမှုတွေလို့ ပြော ရမယ့် စေတသိက်တွေ ပါလာပြီ၊ စိတ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် အဲဒီစေတသိက်တွေကလည်း ပြိုင်တူပေါ်လာကြတယ်။

ဆိုပါစို့ - မဟာဝိပါက်စိတ် ၈-ခုထဲက ၁-ခုခု ပေါ်လာပြီ ဆိုရင် ယေဘူယျအားဖြင့် ပြောလို့ရှိရင် ၃၃-မျိုးသော စေတသိက် တွေနဲ့ ပြိုင်တူပေါ်လာတယ်။

ဆိုပါစို့ - ပထမ မဟာဝိပါက်စိတ်ဆိုရင် **သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်**၊ အဲဒီစိတ်ကလေးနဲ့ သန္ဓေတည်တဲ့ ပုဂ္ဂိုလ်မှာ စေတသိက်-၃၃ ပါလာတယ်၊ အဲဒီမှာ ပဋိသန္ဓေစိတ်ကလေးကိုတော့ **"ဝိညာဏ"** လို့ နာမည်ပေးတယ်၊ အဲဒီဝိညာဏဆိုတဲ့သန္ဓေစိတ်ကလေး ပေါ်လာတာကြောင့် သူနဲ့ အတူတကွ ယှဉ်တွဲလာတဲ့ စေတသိက်တွေကိုတော့ **"နာမ"** လို့ အမည်ပေးပြီးတော့ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်မှာ **"ဝိညာဏ- ပစ္စယာ နာမရူပံ"** ဆိုတဲ့ အထဲမှာ ထည့်ဟောလိုက်တာ။

ဒီတော့ သန္ဓေစိတ်ကလေး ပေါ်လာရင် သူနဲ့ယှဉ်တဲ့ စေတသိက်လေးတွေဟာ အတူပါလာတယ်၊ ကံတရားက ဖန်တီးတဲ့ အခါမှာ စိတ်နဲ့ စေတသိက်ကို နာမ်လို့ပဲ ဒီလိုရောပြီးတော့ မှတ် ရအောင်၊ စိတ်စေတသိက်အတိအကျကိုတော့ အဘိဓမ္မာသင်ထား တဲ့ပုဂ္ဂိုလ်တွေ ပြောနိုင်တာပေါ့၊ စိတ်အားလျော်စွာ စေတသိက်တွေ ရဲ့ပမာဏတွေကို အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ လာတဲ့အတိုင်း ဒီလို ပြောရတယ်။

http://www.dhammadownload.com



ကဲ အခု သန္ဓေစိတ်ကလေးကတစ်ခု, သန္ဓေစိတ်နဲ့ ယှဉ်တဲ့ စေတသိက်က တစ်ခု၊ အဲဒါလေးက "နာမ"၊ ကံကနေ ထုတ်လုပ် လိုက်တယ်။

**သန္ဓေစိတ်နှင့်အတူ ဖြစ်လာသော "ရူပ"**

ကံက တခြားဘာထုတ်လုပ်သေးတုန်းဆို ကမ္မဇရုပ်ကိုလည်း ထုတ်လုပ်ပေးသေးတယ်၊ လူသားတစ်ယောက်အနေနဲ့ ပြောမယ် ဆိုရင် မဟာဝိပါက်စိတ်စေတသိက် ဒါက တစ်ပိုင်း၊ နောက် ကမ္မဇ ရုပ်၊ ကမ္မဇရုပ်ထဲမှာ လူ့ဘဝအတွက် အခြေခံအကျဆုံး ကမ္မဇရုပ် ကို ဘာက စ,ပြောရမတုန်းဆိုလို့ရှိရင် body ဆိုတဲ့ လူ့ခန္ဓာကိုယ် မှာ ကာယပသာဒဟာ အရေးကြီးဆုံးပဲ၊ အဲဒီကာယပသာဒ ဦးဆောင်တဲ့ ရုပ်ပေါင်းက ၁၀-ခု။

ရုပ်ဆိုတာ ဘယ်တော့မှ တစ်ခုတည်း တည်ပြီးတော့ မနေဘူး၊ အနည်းဆုံး ၈-ခုနဲ့ ဖွဲ့စည်းတယ်၊ ထိုအနည်းဆုံး ၈-ခုကို အဋ္ဌကလာပ် ရုပ်လို့ ခေါ်တယ်၊ စုပြီးတော့ တည်တာ၊ အခြေခံအားဖြင့် အားလုံးရဲ့ တည်ရာအနေနဲ့ ပထဝီရုပ်, ထိုပထဝီဆိုတဲ့ မာမှုပျော့မှုသဘောကို စုစည်းပေးတဲ့ အာပေါ, ရင့်ကျက်စေတတ်တဲ့ တေဇောနဲ့ တွန်းကန် ထောက်ကူပြုထားတဲ့ ဝါယောဆိုတဲ့ မဟာဘုတ်၄-ပါး၊ အဲဒီ **မဟာဘုတ် ၄-ပါး** အစုအစည်းမှာ မျက်စိနဲ့ မြင်လို့ရတဲ့ **အဆင်း,** နှာခေါင်းနဲ့ နမ်းရှူလို့ရတဲ့ **အနံ့,** လျှာနဲ့ လျက်လို့ရတဲ့ **အရသာ,** အာဟာရဓာတ်သဘောဖြစ်တဲ့ **ဩဇာ**ဆိုတဲ့ ဒီမှီတွယ်ပြီးတော့ ဖြစ် လာတဲ့ ရုပ်က ၄-ခု၊ အားလုံးပေါင်းလိုက်တဲ့အခါကျတော့ ရုပ်က ၈-ခု၊ အဲဒီရုပ် ၈-ခုဟာ **အဝိနိဗ္ဘောဂ** indivisible ခွဲစိတ်လို့ မရတဲ့

http://www.dhammadownload.com



အရာတွေပဲ၊ unity of matterပေါ့၊ ၈-ခုကိုမှ ၁-ခု ဖွဲ့စည်းထားတာ၊ ဘယ်အရာပဲဖြစ်ဖြစ် မြူမှုန်လေးကအစ ဒီ ၈-ခုရဲ့အစုအဝေးလေးပဲ၊ အဲဒီ ၈-ခုက သူ့ရဲ့သဘာဝအတိုင်းအတာတွေ မပျက်စီးဘဲနဲ့ ခွဲခြားလို့ မရဘူး၊ ခွဲလိုက်ရင် ပျက်စီးသွားတယ်၊ ဒါ့ကြောင့် indivisible ခွဲလို့ မရဘူးလို့ ပြောတာ။

သက်ရှိသတ္တဝါတွေကျတော့ ဇီဝိတိန္ဒြေဆိုတာ တစ်ခုထပ်ထည့်ရတယ်၊ ဒါကြောင့်မို့ ဗုဒ္ဓစာပေအရ ဇီဝဆိုတာ ကံတရားက ထုတ်လုပ်တဲ့ အကျိုးတရားတစ်ခုသာ ဖြစ်တယ်၊ သက်ရှိသတ္တဝါတွေမှာသာလျှင် ဒီဇီဝိတိန္ဒြေဆိုတာ ဖြစ်နိုင်တယ်ပေါ့၊ Biology တို့ ဘာတို့ကပြောတဲ့ ဇီဝမျိုးက ဗုဒ္ဓဘာသာတရားတော်နှင့် မဆိုင်တဲ့ ဟာမျိုးပဲ၊ ဒီတော့ ဇီဝ ရှိနိုင်တာဟာ သက်ရှိသတ္တဝါတွေပဲ၊ ဘာဖြစ်လို့တုန်း၊ ကံက ထုတ်လုပ်တာ ဖြစ်လို့၊ ကံနှင့် သက်ဆိုင်တယ်။

ဒီတော့ ခုနရုပ်တွေထဲမှာ ဇီဝိတိန္ဒြိယဆိုတဲ့ ရုပ်ကလေး တစ်ခု ထည့်လိုက်တဲ့အခါ ၉-ခု၊ အဲဒီ ၉-ခုကို အခြေခံပြီးတော့ ဖွဲ့စည်းရမယ်၊ ဒီထဲမှာ ကာယပသာဒရုပ်ကို ထည့်လိုက်တဲ့အခါကျတော့ ရုပ် ၁၀-ခု အပေါင်း၊ ၁၀-ခုသည် ၁-ခုဖြစ်တယ်၊ 10 in one ပေါ့၊ ၁၀-ခုကို ၁-ခု လုပ်ထားတာ၊ ၁၀-ခုကို ၁-ခု unity လေး ဖွဲ့ထားတာ၊ အဲဒီရုပ်အစုလေးဟာ ခုနပဋိသန္ဓေစိတ်ကလေးနဲ့ အတူပေါ်လာတယ်၊ ကံကနေ ထုတ်လုပ်ပေးလိုက်တာ။

အဲဒါလိုပဲ နောက်ထပ်အရေးပါတာတစ်ခုက ဘာတုန်းဆိုရင် **ဝတ္ထုဒသကကလာပ်**၊ ဟဒယဝတ္ထုလို့ ပြောချင်ပြော၊ သို့မဟုတ် မြတ်စွာဘုရားဟောတဲ့အတိုင်း ဟဒယဆိုတဲ့စကားလုံး မထည့်ဘဲနဲ့ ဝတ္ထုဒသကကလာပ်၊ စိတ်ရဲ့မှီရာ ဝတ္ထုရုပ်၊ အဲဒီဝတ္ထုရုပ် ဦးဆောင်

http://www.dhammadownload.com



တဲ့ ရုပ်ကလာပ်၊ ရုပ်ပေါင်း ၁၀-ခု အဲဒါက တစ်စု၊ ခုနက ကာယ-ပသာဒဦးဆောင်တာက ၁၀-ခု၊ ဝတ္ထုရုပ်ဦးဆောင်တာက ၁၀-ခု၊ လူသားဖြစ်ဖို့ရန်အတွက် အဲဒီရုပ်ပေါင်း-၂၀။

တစ်ခါ လူသားတွေမှာ ဖို့ မဆိုတဲ့ ကွဲပြားခြားနားမှုလေးက ရှိတယ်၊ ကွဲပြားခြားနားမှု ရှိလာသည့်အတွက်ကြောင့် ဖို၊ မအတွက် **ဘာဝဒသကကလာပ်ဆိုတာ**- အမျိုးသမီးတွေကျတော့ ဣတ္ထိဘာဝ-ဒသကကလာပ်ဆိုတဲ့ ရုပ်၁၀-ခု၊ အမျိုးသားဖြစ်မည့်ပုဂ္ဂိုလ်ကျတော့ ပုမ္ဘာဝဒသကကလာပ် ဆိုပြီးတော့ ရုပ်၁၀-ခု ... ပေါင်းလိုက်တဲ့ အခါကျတော့ ရုပ်-၃၀ ရတယ်။

အဲဒီ ရုပ်ပေါင်း-၃၀ ရယ်၊ ခုနက စိတ်စေတသိက်ရယ်- အဲ ဒီအစုလေးဟာ ကံတရားကနေ ထုတ်လုပ်လိုက်လို့ လူ့ဘဝရဲ့ အစ ဆုံးပဲ၊ အဲဒီအစဆုံးကို **ကလလ** လို့ ခေါ်တယ်၊ ကလလဆိုတာ အလွန်သေးငယ်တဲ့ အစက်အပေါက်ကလေးတစ်ခုကို ပြောတာ။

**ကလလရေကြည် ပမာဏ**

ဘယ်လောက်သေးသလဲဆိုလို့ရှိရင် စာပေကျမ်းဂန်တွေမှာ ဖော်ပြတာက အပ်ကလေးကို ဆီထဲနှစ်ပြီးတော့ အကြိမ်ကြိမ် ခါလိုက် တဲ့အခါ အပ်ဖျားလေးမှာကျန်နိုင်တဲ့ ဆီပေါက်ကလေးလောက် ဖြစ် တယ်တဲ့၊ သာမန်မျက်စိနဲ့ မမြင်နိုင်ဘူး၊ microscope နဲ့ ကြည့်မှ မြင်ရတဲ့ အနေအထားမျိုးပေါ့၊ အဲဒီလောက်ထိအောင် သေးတဲ့ အဖွဲ့အစည်းလေးကို ပြောတာ။

ဒါ့ကြောင့်မို့ ကလလရေကြည်လေးက ဘယ်မှာ တည်တာ တုန်းလို့ မေးလို့ရှိရင် မြတ်စွာဘုရားက **"မာတာပေတ္တိကသမ္ဘဝေါ"**

http://www.dhammadownload.com



လို့ - မိခင်ဖခင်တို့ရဲ့ ovum လို့ ခေါ်တဲ့အရာနှင့် sperm လို့ ခေါ်တဲ့အရာ၊ မိခင်ဖခင်တို့ရဲ့မျိုးဥထဲမှာ ဒီကလလရေကြည်လေး က တည်တယ်လို့ ဆိုတယ်၊ ဒီ ကလလရေကြည်ဆိုတာ ovum နှင့် sperm ကို ခေါ်တာ မဟုတ်ဘူး၊ ကလလရေကြည်ဆိုတာ ခုနက ရုပ်နဲ့ နာမ်အစုကလေးကို ခေါ်တာ၊ ဒါကြောင့်မို့လို့ အလွန်သေး တယ်၊ အဲဒီထဲမှာ ဒီလူ့ရဲ့သန္ဓေက စတာ။

လူသားရဲ့အစဟာ အဲဒီမှာ၊ အဲဒါကို ဘယ်သူက ဖန်တီးပေး တာတုန်းဆိုတော့ ကံက ဖန်တီးပေးတာ၊ ဒါဖြင့် ကံက ဖန်တီးပေး ထားတဲ့ ဒီပဋိသန္ဓေစိတ်ကလေးရယ် စေတသိက်ကလေးတွေရယ် ခုနက ရုပ်ပေါင်း-၃၀ ရယ်. . . ဒါတွေက မိဘရဲ့သုက်သွေးလို့ ခေါ် တဲ့အရာပေါ်မှာ အခြေပြုပြီးတော့ ကြီးထွားရတယ်, အစပြုရတယ်။

ဥပမာ ဘာနဲ့တူတုန်း ဆိုလို့ရှိရင်- မိဘရဲ့သုက်သွေးက မြေ လွှာနဲ့ တူတယ်၊ အခုပြောတဲ့ ကလလလေးက မျိုးစေ့လေးနဲ့ တူတဲ့ သဘောပေ့ါ။

ဒါဖြင့် ဒီကလလလေးဟာ မိခင်ရဲ့ဝမ်းထဲက မိဘရဲ့သုက် သွေးပေါ်မှာသာ မှီတည်နိုင်သလားလို့ ဆိုတော့ ဒီကနေ့ခေတ်မှာ ဒါတွေ အမျိုးမျိုးလုပ်နေကြတာ ရှိတာပေ့ါ၊ လူတွေတီထွင်တဲ့ ဖန်ပြွန် လူသားဆိုတာ ရှိတယ်၊ မိဘရဲ့သုက်သွေးကို တစ်နေရာပြောင်းရွှေ့ ပြီးတော့ မွေးမြူကြတယ်၊ ဘာပဲဖြစ်ဖြစ် သန္ဓေတည်နိုင်လောက်တဲ့ အနေအထားတစ်ခုပေါ်မှာ သန္ဓေတည်တာကတော့ ဖြစ်နိုင်တာ ချည်းပဲ၊ ဘာဖြစ်လို့တုန်းဆိုတော့ ဒီသန္ဓေတည်ရတယ်ဆိုတာ ခုန က ကလလဆိုတဲ့ မျိုးစေ့လေးရဲ့ ပေါက်ဖွားရာ ဖြစ်တာကိုး၊ ပေါက်

http://www.dhammadownload.com



ဖွားနိုင်ဖို့ အခြေအနေပေးပြီဆိုလို့ရှိရင် ဘယ်နေရာပဲဖြစ်ဖြစ် ပေါက်ဖွားလို့ ရတယ်ပေါ့။

**သတ္တဝါတွေ မွေးဖွားလာနည်း ၄-မျိုး**

လောကမှာ အားလုံးသောသတ္တဝါတွေ မွေးဖွားလာပုံ မွေးဖွားလာနည်းက ၄-မျိုးလို့ ဆိုတာ မဇ္ဈိမနိကာယ် **မဟာသီဟနာဒသုတ်**မှာ မြတ်စွာဘုရားက ဟောထားတာ ရှိတယ်။

နံပါတ်(၁)က **အဏ္ဍဇ** - ဥထဲမှာ သန္ဓေတည်လာတာလို့ ဆိုတယ်။

နံပါတ်(၂)က **ဇလာဗုဇ**- မိခင်ရဲ့သားအိမ်ထဲမှာ သန္ဓေတည်တာ။

နံပါတ်(၃)က **သံသေဒဇ** - အညှီအဟောက် အစိုဓာတ်တွေပေါ်မှာ သန္ဓေတည်တာ။

နံပါတ်(၄)က ဥထဲမှာ ဖြစ်တာလည်း မဟုတ်ဘူး၊ မိခင်ရဲ့သားအိမ်ထဲမှာလည်း မဖြစ်ဘူး၊ အစေးအညှိမှာ စွဲပြီးတော့ ဖြစ်တာလည်း မဟုတ်ဘူး၊ ရုတ်တရက် ဘွားကနဲ ခန္ဓာကိုယ်ထင်ရှား ပေါ်လာတာမျိုးကျတော့ **ဩပပါတိက** လို့ ခေါ်တယ်။

လူသားတွေ မွေးဖွားပုံမွေးဖွားနည်းက ဒီ ၄-မျိုးနဲ့ ဆိုင်တယ်၊ ဒါကြောင့်မို့ ဥက မွေးတယ်ဆိုတဲ့ လူသားဆိုတာ ရာဇဝင်ထဲမှာ ရှိတယ်ပေါ့၊ ဒါတွေက ဖြစ်တောင့် ဖြစ်ခဲပေါ့၊ များသောအားဖြင့် လူသားတွေက ဇလာဗုဇပဲ။

http://www.dhammadownload.com



အဏ္ဍဇနဲ့ ဇလာဗုဇ နှစ်ခုပေါင်းပြီးတော့ ဂဗ္ဘသေယျက လို့ ဒီလိုလည်း ခေါ်တယ်၊ အမိဝမ်းထဲမှာ ကိန်းပြီးတော့ မွေးလာကြတာ၊ ကြက်ကလေးတွေ ငှက်ကလေးတွေက **အဏ္ဍဇ**၊ လူသားတွေ နွားတွေက **ဇလာဗုဇ**။

**သံသေဒဇ**ဆိုတာ လူသားတွေလည်းပဲ သံသေဒဇအနေနဲ့ မွေးလာတာ ရှိတယ်၊ အားလုံး ကြားဖူးကြလိမ့်မယ်- ပဒုမဒေဝီတို့ ဇာတ်လမ်းတွေနော်၊ နောက် ပေါက္ခရသာတိပုဏ္ဏားတို့ ကြာပွင့်ထဲမှာ မွေးလာတယ် ဆိုတာ၊ အစေးအညှိတစ်ခုကို စွဲပြီးတော့ သန္ဓေတည်လာတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။

**ဩပပါတိက** ဆိုတာကျတော့ ကမ္ဘာဦးမှာ ဖြစ်လေ့ရှိတဲ့ လူသားတွေပေါ့၊ အမေအဖေ မရှိသေးတဲ့ခေတ်က ကမ္ဘာဦးလူသားတွေဟာ ဩပပါတိကတဲ့၊ ကိုယ်ထင်ရှားဖြစ်ပေါ်လာတဲ့ မွေးဖွားနည်းနဲ့ မွေးဖွားလာတာ။

ဒီတော့ သတ္တလောကကြီးတစ်ခုလုံးမှာ သတ္တဝါတွေ မွေးဖွားလာမှုက ၄-မျိုး ၄-နည်း ရှိတယ်လို့ ဒီလို ပြောတယ်၊ ဒါပေမယ့် လို့ အကုန်လုံးခြုံပြီး ပြောတဲ့အခါကျတော့ ဒီလိုပြောရတယ် - ငရဲတို့ နတ်ပြည်တို့ကျတော့ ဥပပါတ်ပဋိသန္ဓေပဲ၊ ပြိတ္တာတွေလည်း ဥပပါတ်ပဋိသန္ဓေပဲ၊ ကိုယ်ထင်ရှား မွေးဖွားလာတာ၊ ငရဲမှာ သန္ဓေတည်ပြီးတော့ ၉-လ ၁၀-လလွယ်တဲ့ ငရဲသားရဲ့မိခင်ဆိုတာ မရှိဘူး၊ ငရဲရောက်တဲ့လူက ချက်ချင်းပဲ ဘွားကနဲပေါ်လာတဲ့ပုံစံနဲ့ ဖြစ်ကြရတယ်ပေါ့၊ "ဘုမ္မဇိုဝ်းဖြတ်၊ ကြွင်းနတ်-နိရ္ဍာ၊ ငရဲရွာ၊ တစ်သာ ဥပပါတ်" တဲ့၊ ဥပပါတ်တစ်မျိုးတည်းပဲ ရှိတယ်၊ "အကြွင်း ဂတိ၊ လေးယောနိ၊ ရဘိ ပုံသေမှတ်" လို့ဆိုတဲ့စကားအရ ကျန်တာ

http://www.dhammadownload.com



တွေကတော့ ဒီလူ့ဘုံအပါအဝင် ၄-မျိုးလုံး ရနိုင်တယ်လို့ ဒီလို ပြောတယ်။

## လူသားများ သန္ဓေတည်ပုံ

သို့သော် ယေဘူယျကတော့ လူတွေက ဇလာဗုဇပဲ များတယ်ပေါ့။ ဘယ်သူ့ရဲ့ စွမ်းအားနဲ့ ဒီသဘာဝတရားတွေ ပေါ်လာတုန်းဆိုလို့ရှိရင် ကံရဲ့စွမ်းအားနဲ့ ပေါ်တာ၊ ဒီကနေ့ခေတ်မှာ ovum နဲ့ sperm လို့ ခေါ်တဲ့ ဒီ ကလလရေကြည်မျိုးစေ့ ကျဖို့ရန်အတွက် လူတွေဟာ အမျိုးမျိုးကြိုးစားပြီးတော့ ပုံတူဆိုပြီးတော့ human cloning ဆိုတာတွေ လုပ်လာကြတယ်၊ clone ဆိုတဲ့ ပုံတူတွေ မွေးဖွားဖို့ ကြိုးစားလာကြတယ်။

ဟိုလူ့ဆီက cell ကလေးယူ၊ မျိုးဥနဲ့စပ်၊ စပ်ပြီးတဲ့အခါကျတော့ သန္ဓေတည်အောင် လုပ်တာမျိုးတွေ၊ တိရစ္ဆာန်တွေမှာ စမ်းသပ်ပြီး ပုံတူလုပ် ယူတာမျိုးတွေပေါ့။

တစ်ခါတုန်းက ဂျာမနီသွားတော့ အဲဒီမှာ အဘိဓမ္မာသင်တန်းလာတက်တဲ့ ဂျာမန်ကြီးတစ်ယောက်က မေးဖူးတယ်၊ "clone နဲ့ ပတ်သက်ပြီးတော့ အဘိဓမ္မာအရ ဘယ်လိုဖြေရှင်းမလဲ, ဖြစ်နိုင်သလား"တဲ့၊ ဘုန်းကြီးက ဖြေလိုက်တယ် - "ဖြစ်နိုင်တယ်"လို့၊ "ဘာဖြစ်လို့တုန်းဆို သန္ဓေတည်နိုင်တဲ့ အနေအထားဆို ဘယ်နေရာဖြစ်ဖြစ် တည်နိုင်တယ်"လို့၊ သန္ဓေတည်ဖို့ရန်အတွက် အခြေအနေ ၃-ရပ် ဟောထားတာ ရှိတယ်၊ ဒါ ယေဘူယျသဘာဝကို ကြည့်ပြီး ဟောတာ၊ လူတွေရဲ့ ဖြစ်ရိုးဖြစ်စဉ်တစ်ခုမှာ **မာတာစ ဥတုနီ** - မိခင်က ဓမ္မတာလာပြီးစ ဖြစ်ရမယ်၊ **မာတာ ပိတရော သန္နိပတိတာ**

http://www.dhammadownload.com



- ovum နဲ့ sperm ပေါင်းစပ်တာ ဖြစ်ရမယ်၊ **ဂန္ဓဗ္ဗ** လို့ဆိုတဲ့ သန္ဓေလောင်းသတ္တဝါက ရှိရမယ်။

အဲဒီ **ဂန္ဓဗ္ဗ** နဲ့ ပတ်သက်လာတဲ့ အယူအဆကျတော့ အမျိုးမျိုး ကွဲပြားခြားနားမှု ရှိတယ်၊ ဂန္ဓဗ္ဗ သန္ဓေလောင်းဆိုတာ ဘယ်သူ့ကို ခေါ်တာတုန်း၊ သေတဲ့လူကို ပြောတာနော်၊ သန္ဓေလောင်းအနေနဲ့ waiting list စောင့်နေတာမျိုးတော့ မရှိဘူးပေါ့နော်၊ ခရီးသွားတဲ့ အခါ တစ်ခါတစ်လေ လက်မှတ်မရလို့ရှိရင် waiting list နဲ့ စောင့် နေရတယ်၊ အေး လူ့ပြည်ကိုလာချင်တဲ့ လူကလည်းပဲ လက်မှတ် ကြီးကိုင်ပြီးတော့ waiting list နဲ့ စောင့်နေစရာ မလိုဘူး၊ ဒီလို တော့ မဟုတ်ဘူးပေါ့။

**ဂန္ဓဗ္ဗ**- သန္ဓေလောင်း ဆိုတာ သတ္တဝါတွေဟာ စက္ကန့်မလပ် သေဆုံးနေကြတယ်၊ အဲဒီသေဆုံးနေတဲ့အချိန်မှာ ခုနပြောတဲ့ အခြေ အနေနှစ်ရပ်က ရှိနေတယ်ဆိုရင် အဲဒီသေဆုံးတဲ့သတ္တဝါက ကံ အားလျော်စွာ ဒီနေရာမှာ ဖြစ်လာမှာပဲ၊ ဘယ်လောက်ဝေးလံတဲ့ နေရာပဲ ဖြစ်ဖြစ်။

ဆိုပါစို့- တယ်လီဗေးရှင်း လွှင့်တာလိုပေါ့၊ ဟိုး နိုင်ငံခြားက လွှင့်လိုက်ပေမယ့်လို့ ကိရိယာနဲ့ ဖမ်းယူလိုက်တဲ့အချိန်မှာ ချက်ချင်း ရောက်လာတဲ့ ရုပ်သံမျိုးပဲ၊ အဲဒါမျိုးလိုပဲ သန္ဓေသားဟာ စုတိစိတ် ကျဆဲဖြစ်တဲ့ပုဂ္ဂိုလ်တွေ၊ စုတိစိတ်ကျလို့ ဥပါဒ်-ဌီ-ဘင် စုတိစိတ် ကလေး ချုပ်သွားတာနဲ့ တစ်ပြိုင်နက် သူဟာ ဂန္ဓဗ္ဗ- သန္ဓေလောင်း ပဲ၊ အဆင်သင့်ဖြစ်နေတဲ့နေရာကို သူကျရောက်ပြီးတော့ မွေးဖွားမှာ ပဲ၊ အဲဒီလို အဆင်သင့်ဖြစ်နေတဲ့နေရာလည်း ရှိတယ်၊ ခုနက clone ဆိုတဲ့ပုံစံမျိုးနဲ့ ဖန်တီးထားတဲ့ နေရာမျိုးလည်း ဖြစ်နိုင်တယ်၊

http://www.dhammadownload.com



ဘယ်နေရာမျိုးမှာပဲဖြစ်ဖြစ် သန္ဓေတည်လို့ ရတယ်ပေ့ါ၊ သန္ဓေတည်နိုင်တဲ့ အနေအထားမျိုးတစ်ခု ဖြစ်အောင်တော့ ဖန်တီးရမှာပေ့ါ။

ဇာတ်တော်တွေထဲမှာပါတယ်- ပဒုမဒေဝီ သားငါးရာလို့ ဆိုတယ်၊ မိခင်တစ်ဦးတည်းက တစ်ချိန်တည်း သားပေါင်းငါးရာ မွေးဖွားဖို့ဆိုတာ ဖြစ်နိုင်စရာအကြောင်း မရှိဘူး၊ ငါးတစ်ကောင်ရဲ့ ဝမ်းထဲမှာတော့ အဥလေးတွေဟာ သန်းချီရှိနိုင်တာပေ့ါ၊ လူသားတစ်ယောက်ရဲ့သန္တာန်မှာ ဒါမျိုး ရှိဖို့ မဖြစ်နိုင်ဘူး၊ ဘယ်လိုနည်းနဲ့ ပဒုမဒေဝီမိဖုရားဟာ သားငါးရာရသတုန်းဆိုရင် အကြီးဆုံးသားက ရိုးရာမွေးဖွားတာ, ကျန်တဲ့သားတွေက သွေးစက်ပေါ်မှာ သန္ဓေတည်ပြီး မွေးတာ၊ ဒီတော့ အကြီးဆုံးသားက **ဇလာဗုဇ**၊ ကျန်တဲ့ သားတွေက **သံသေဒဇ** အညီမှာစွဲပြီး ဖြစ်တာပေ့ါ၊ အဲဒီလို အညီမှာတောင်မှ စွဲပြီး လူဖြစ်သေးတာပဲ၊ လူဖြစ်နိုင်တဲ့ အနေအထားတွေ ရှိပါတယ်။

လူတွေဟာ ပုံတူဆိုတဲ့ နေရာမှာ ကံကြမ္မာတူအောင်တော့ လုပ်လို့ မရဘူး၊ ရုပ်ပိုင်းဆိုင်ရာတော့ တူအောင်လုပ်လို့ ရတယ်၊ ရုပ်ပိုင်းဆိုင်ရာ တူအောင်လုပ်တာ ကံနဲ့ ချည်းလည်း မဆိုင်ဘူး၊ ဆိုပါစို့ - မြေနက်တွင်းထဲမှာအောင်းတဲ့ ဖွတ်ရဲ့အရောင်ဟာ အနက်ရောင်ပဲ ဖြစ်တယ်၊ မြေနီတွင်းထဲမှာအောင်းတဲ့ ဖွတ်ရဲ့အရောင်ဟာလည်း အနီဖြစ်တယ်ပေ့ါ၊ ဒါ ပတ်ဝန်းကျင်ရဲ့လွှမ်းမိုးမှုလို့ ဆိုလိုတာ။

အဲဒါကြောင့်မို့လို့ ခုနက clone ဆိုတာကို ဖန်တီးလိုက်တဲ့အခါကျတော့ ဆိုင်ရာဆိုင်ရာပုဂ္ဂိုလ်ရဲ့ cell လေးတွေ အပေါ်မှာ ခုနက ကလလဆိုတဲ့ မျိုးစေ့လေးက ကျလာတာ ဖြစ်သည့်အတွက်ကြောင့် အလားသဏ္ဌာန်တူတဲ့ ပုဂ္ဂိုလ် ဖြစ်သွားတယ်၊ ဒီရုပ်ပိုင်း

http://www.dhammadownload.com



ဆိုင်ရာတူညီမှုလို့ ဆိုတဲ့နေရာမှာ တစ်ခါတစ်ရံကျတော့ စိတ်ရဲ့ လွှမ်းမိုးမှုကြောင့် တူသွားတာလည်း ရှိတယ်။

## လူဖြူ ဇနီးမောင်နှံ

အားလုံးကြားဖူးကြလိမ့်မယ် - အနောက်တိုင်းမှာ လူဖြူဇနီးမောင်နှံနှစ်ယောက် ရှိတယ်၊ အဲဒီဇနီးမောင်နှံနှစ်ယောက်က မွေးလာတဲ့ သားလေးကျတော့ အမည်းဖြစ်နေတယ်၊ အမည်းဖြစ်တဲ့ အခါ ယောကျ်ားရဲ့ မသင်္ကာစိတ်တွေနဲ့ ပြဿနာဖြစ်တာပေါ့၊ လူဖြူအမျိုးသမီးက အမည်းမွေးလာတယ်ဆိုတော့ ပြဿနာဖြစ်တယ်၊ အဲဒီပြဿနာကို မဖြေရှင်းနိုင်တော့ လင်မယားချင်း ကွဲရမည့်အနေအထားမျိုး ရောက်လာတယ်၊ နောက်တော့ အဖြေရှာလို့ တွေ့သွားတယ်၊ အဖြေက ဘာလဲဆိုလို့ရှိရင် အဲဒီအမျိုးသမီးနေတဲ့အခန်းထဲမှာ ကပ္ပလီလူမည်းကြီးရဲ့ပုံ ချိတ်ထားတာ ရှိတယ်၊ အမြဲတမ်း အဲဒါချည်းပဲ မြင်နေတော့ ဒီပုံကြီးဟာ မျက်စိထဲမှာ စွဲပြီးတော့ စိတ်စွဲလမ်းမှုဆိုတာမျိုး ဖြစ်သွားတယ်ပေါ့၊ အဲဒီစိတ်စွဲလမ်းမှုကြောင့် သူ မွေးလာတဲ့ ကလေးဟာလည်းပဲ အမည်းကြီးဖြစ်သွားတယ်၊ အဲဒီရုပ်မျိုး ထွက်လာတယ်၊ ဒါက စိတ်က ဖန်တီးပေးလိုက်တဲ့ clone လို့ ပြောလို့ ရတာပေါ့၊ ဒါက တစ်ဆင့်ကြားဖူးတာ။

## ဇာတိရွာမှ ဖြစ်ရပ်

နောက်တစ်ခု တကယ်လက်တွေ့ဖြစ်ခဲ့တာ တစ်ခုရှိတယ်၊ ဘုန်းကြီးတို့ရဲ့ဇာတိရွာမှာ ဖြစ်တာ၊ အဲဒီဇာတိရွာမှာ တောသူတောင်သားတွေဆိုတာ အလွန်ရိုးသားကြတယ်၊ မြို့တောင်မှ

http://www.dhammadownload.com



ရောက်ဖူးတာ မဟုတ်ဘူး၊ အဲဒီမိသားစုက မွေးလာတဲ့သားလေး နှစ်ယောက်က ဆံပင်က ငွေရောင်ဆံပင်နဲ့ မျက်လုံးပြာနဲ့ အသားက တကယ့်ဥရောပအရောင်။

ဘယ်လိုလုပ်ဖြစ်လဲလို့ စုံစမ်းလိုက်တဲ့အခါ မြန်မာပြည်မှာ ငှက်ဖျားရောဂါအတွက် တောနယ်တွေထိအောင် သွေးစစ်တာတွေ လုပ်တယ်၊ အဲဒီလို သွေးစစ်တာတွေလုပ်တဲ့အခါ ရွာအနှံ့ မျက်နှာ ဖြူပြင်သစ်လူမျိုး နိုင်ငံခြားဆရာဝန်ကြီးတွေ လာကြတယ်၊ ရွာက အမျိုးသမီးငယ်တစ်ယောက်က အဲဒီနိုင်ငံခြားသားတွေကို မကြည့်ရဲ ဘူး ကြောက်တယ်၊ ကြောက်တော့ ပုန်းနေတာ၊ သူတို့လာပြီဆိုရင် သူထွက်ပြေးတယ်၊ ပုန်းတယ်၊ ရွာလူကြီးတွေက မရမက ပုန်းနေတဲ့ ထဲက ဆွဲထုတ်ပြီးတော့ သွေးစစ်ခိုင်းတယ်၊ ဒီလူမျိုးခြားတွေ ကြည့် ပြီးတော့ စိတ်စွဲလမ်းမှုတွေ ရှိသွားတယ်၊ ကြောက်လို့ စွဲတဲ့အစွဲ၊ အဲဒီနောက်မှာ သူမွေးလာတဲ့ကလေးတွေက အဲဒီလို ဥရောပရုပ် တွေနဲ့ မွေးတယ်၊ ဒါလည်း clone တစ်ခုပဲပေါ့နော်။

ဘာမှ ခုနကလို cell တွေ ဘာတွေ ယူတာ မဟုတ်ဘူး၊ စိတ် စွမ်းအားကြောင့် ဖြစ်သွားတာ၊ အဲဒီကလေးတွေ ဘုန်းကြီးတို့ကျောင်း တောင်မှ သက်န်းလာဝတ်သေးတယ်၊ ဒီကလေးတွေ အခုလည်း ရှိ ကောင်း ရှိပါလိမ့်မယ်၊ သက်န်းဝတ်နဲ့တော့ မရှိတော့ဘူးပေါ့၊ အဲဒီလို ထူးထူးဆန်းဆန်း စိတ်ပိုင်းဆိုင်ရာကြောင့်ဖြစ်စေ, ရုပ်ပိုင်းဆိုင်ရာ ကြောင့်ဖြစ်စေ ထူးခြားမှုလေးတွေက ဒါဖြစ်တတ်တဲ့သဘောလေး တွေပါပဲ။

http://www.dhammadownload.com



**ကံက ပေးတာ မှန်သော်လည်း**

ရုပ်ရဲ့အခြေအနေတွေဟာ အခြေခံကံက ပေးလိုက်ပေမယ့်လို့ ပတ်ဝန်းကျင်ရဲ့အနေအထားတစ်ခုပေါ်မှာ ရပ်တည်ပြီး ရုပ်တရားရဲ့ပြောင်းလဲမှုဆိုတာ ရှိပါတယ်၊ ဥတုနဲ့ အာဟာရ ထောက်ပံ့မှုကို အခြေခံပြီးတော့ ကံတရားက ဖန်တီးတဲ့ရုပ်ဟာ ရပ်တည်ရတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် ဖန်တီးလိုက်တဲ့ ကံတရားက မရှိတော့ဘူးလေ။

မနေ့က ပြောခဲ့သလိုပဲ မျိုးစေ့လေးကို မြေထဲချ စိုက်လိုက်ရင် ဒီမျိုးစေ့လေးကတော့ ပုတ်ပြီး ဆွေးသွားမယ်၊ အဲဒီမျိုးစေ့လေးက ဖြစ်ပေါ်လာတဲ့အပင်လေးကို ရှင်သန်နေအောင် မြေနဲ့ ရေတို့ အလင်းရောင်တို့ အပူတို့က စောင့်ရှောက်ထားတာ။

လူ့ဘဝမှာလည်းပဲ ထို့အတူပဲ- ကလလဆိုတဲ့ မျိုးစေ့လေး ချပြီးတော့ ကံတရားက ရုပ်တွေ ဆက်လက်ထုတ်နေပေမယ့် အဲဒီကံတရားက ထုတ်သမျှ ရုပ်တွေဟာ စိတ်တို့ ဥတုတို့ အာဟာရတို့ဆိုတဲ့ အကြောင်း ၃-ပါးက ဝိုင်းပြီး ထောက်ပံ့ကူညီထားရတာ၊ အဲဒီ စိတ်တို့ ဥတုတို့ အာဟာရတို့ ဆိုတာတွေကလည်းပဲ ဒီကံရဲ့ စွမ်းရည်သတ္တိကြောင့်မို့ သူတို့ဖြစ်ပေါ်လာတာ၊ အပြန်အလှန်ပေါ့၊ ဒီအကြောင်းတရားတွေဟာ အပြန်အလှန် အထောက်အကူပြုပြီးတော့ ဘဝတစ်ခုဟာ ရှင်သန်နေကြတာတဲ့။

ဆိုပါစို့ - လူတွေက ပြောကြတယ်၊ လူတွေ အရပ်ပုတာ အရပ်ရှည်တာ ထွားကြိုင်းတာ ပိန်လှီတာ- ဒါမျိုးတွေဟာ အာဟာရပေါ်မူတည်ပြီးတော့ ဖြစ်တယ်၊ ဥတုပေါ်မှာ မှီပြီးတော့ ဖြစ်တယ်။

ဒုတိယကမ္ဘာစစ် ကာလတုန်းက မြန်မာပြည်ကို invade လုပ်တဲ့ Japan တွေဟာ တကယ့်အပုလေးတွေ, သေနတ်လေးတွေ

http://www.dhammadownload.com



ကလည်း တစ်တောင်လောက်ပဲရှိတဲ့ သေနတ်ကလေးတွေပဲ၊ ဂျပန် ငပုလို့ ခေါ်ကြတယ်၊ အဲဒီ အချိန်တုန်းက အင်မတန်ပုတဲ့ သူတွေ၊ သို့သော် အခုအချိန်မှာ သွားကြည့်လို့ရှိရင် ဂျပန်တွေက အပုမဟုတ်တော့ဘူး၊ ဘာ့ကြောင့် မပုတာတုန်း ဆိုလို့ရှိရင် အစာအာဟာရကို သူတို့ ပြင်ပေးလိုက်တယ်ပေါ့။

မြန်မာပြည်မှာလည်းပဲ တစ်ချိန်တုန်းက ရိုးရာမောင်းထောင်းဆန် စားသည့်အတွက်ကြောင့် ရွှေဘိုနယ်က လူကြီးတွေဟာ ထွားထွားကြိုင်းကြိုင်းကြီးတွေ ရှိတယ်တဲ့၊ ယောင်တစောင်းကြီးတွေနဲ့၊ မြန်မာလူမျိုးတွေဟာ အင်မတန်မှ ထွားကြိုင်းတယ်ဆိုတာ-မှတ်တမ်းရှိတယ်ပေါ့၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ဆိုရင် အလွန်ထွားကြိုင်းတယ်လို့ ပြောတယ်၊ သန်သန်မာမာ ထွားထွားကြိုင်းကြိုင်းကြီးတွေပေါ့။

နောက်ပိုင်းကျတော့ မြန်မာတွေက ဆန်အဖြူတွေ ကြိုက်လာတော့ ဖွတ်ရင်းဖွတ်ရင်းနဲ့ ဖွဲဓာတ်တွေက မရှိ၊ ကော်တွေပဲ ကျန်တဲ့ ဆန်ဖြူတွေချည်းပဲ စားလာတဲ့အခါကျတော့ တဖြည်းဖြည်းနဲ့ ပုပုပြီးတော့ ညှက်ညှက်လာတယ်၊ မြန်မာလူမျိုးတွေဟာ ပိန်ပိန်သေးသေး ပုပုညှက်ညှက်ကလေးတွေ ဖြစ်ဖြစ်လာတယ်။

အဲဒါကြောင့်မို့လို့ အရင်တုန်းက "ဘားပလက်"ဆေးဆိုတာ တီထွင်ထားတာ၊ ဆန်လုံးညိုတွေ စားဖို့ ဆိုပြီးတော့ မြန်မာပြည်မှာ တစ်ချိန်တုန်းက ဆော်ဩခဲ့သေးတယ်၊ ဟိုးရှေးတုန်းကလူကြီးတွေက မောင်းထောင်းဆန်စားတာ၊ မောင်းထောင်းဆန်စားသည့်အတွက်ကြောင့် လူတွေမှာ အခုခေတ်လိုပြောရင် B ဓာတ်တွေပေါ့၊ B1 တို့ B2 တို့ ဆိုတာတွေ ပြည့်ပြည့်ဝဝ ရတယ်ပေါ့၊ အခုခေတ်ကျတော့

http://www.dhammadownload.com



ဆန်ကို ထပ်ပြီးတော့ ချောလိုက်သေးတယ်၊ ချောလိုက်တဲ့အခါကျ တော့ ဖွဲဓာတ်တွေက တစ်ခုမှ မကျန်တော့ဘူး၊ ကော်လောက်ပဲ ကျန်တော့တယ်၊ အဲဒါတွေ စားတဲ့အခါကျတော့ လူတွေဟာ ထွား ကြိုင်းမှု နည်းလာတယ်။

ဟော အခုတစ်ခါ အစာအာဟာရတွေ ကျွေးလိုက်တော့ ဒီကနေ့ခေတ် တချို့ကလေးတွေဟာ အမေအဖေထက် ထွားလာ တာကို ပြန်တွေ့ရတယ်၊ မိသားစုနှစ်ဦးရှိပြီ- ဘုန်းကြီးတို့ သတိထား မိတာ၊ အမေအဖေထက်ကို ကလေးတွေက ထွားထွားကြိုင်းကြိုင်း ကြီးတွေ ဖြစ်နေကြတယ်၊ ဘာဖြစ်လို့လဲဆိုရင် အစာအာဟာရ စား တာသောက်တာပေါ် မူတည်လို့ပဲ။

ဒီတော့ ရုပ်ခန္ဓာကိုယ်ဆိုတာက ကံတရားနှင့်ချည်း မဆိုင် ဘူး၊ အာဟာရဆိုတာတွေနဲ့လည်း သက်ဆိုင်မှုရှိတယ်၊ ဒါ ပြင်လို့ ရ တယ်ပေါ့။

## သန္ဓေစိတ်ကိုတော့ ပြင်မရ

အေး- အဓိကက နာမ်တရားပဲ၊ အခြေခံဖြစ်တဲ့ ကံတရားက ပေးလိုက်တဲ့ အခြေခံနာမ်တရားဆိုတာကတော့ ပြင်ဖို့ရာ မရဘူး၊ သန္ဓေစိတ်ပေါ်မှာ မှီပြီးတော့ ဖြစ်လာတဲ့အတိုင်းပဲ၊ ကံက ပေးတဲ့ အတိုင်း လူရဲ့စိတ်နေသဘောထားတွေက။

ကောင်းတဲ့ပုဂ္ဂိုလ်နှင့်ပေါင်းရင် အကောင်းဖြစ်တာမျိုးတို့ ဒီလို ပြင်လို့ ရတာမျိုးလည်း ရှိတာပေါ့၊ အခု ပြင်လို့ မရဘူးဆိုတာက ဒွိဟိတ်ပဋိသန္ဓေ- ဉာဏ်မရှိတဲ့ ပဋိသန္ဓေနဲ့ နေလာတဲ့ပုဂ္ဂိုလ်တွေကို ဉာဏ်ရှိအောင် အဆင့်မှီအောင် ပြင်လို့တော့ မရဘူးနော်၊ ဒီဘဝ

http://www.dhammadownload.com



မှာ သူ့ရဲ့အတိုင်းအတာလေး တစ်ခုလောက်သာ သူက သင်ကြားလို့ ရမယ်၊ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ကလည်းပဲ ဉာဏ်ထက်သည့်အားလျော်စွာ သူကြိုးစားရင် ကြိုးစားသလောက် ဖြစ်လာတယ်။

ကောင်းပြီ - ကံတရားက ဖန်တီးပေးလိုက်တဲ့ ဒီပဋိသန္ဓေစိတ်ကတော့ ရာသက်ပန်တစ်ခုလုံးအတွက် ဒီအတိုင်းပဲ သွားတော့မယ်၊ ပထမဆုံးစိတ်ကလေးကို **ပဋိသန္ဓေ**လို့ ခေါ်ပြီးတော့ နောက်ဆုံးစိတ်လေးကို **စုတိ**လို့ ခေါ်တယ်၊ အာရုံလည်း အတူတူပဲ၊ သေခါနီးမှာ ရယူပေးလိုက်တဲ့, ကံက ဖန်တီးပေးလိုက်တဲ့အာရုံပေါ်မှာ အမှီပြုပြီးတော့ ဒီစိတ်တွေ ဖြစ်ရတယ်၊ မသေခင်စပ်ကြား ကြားမှာ ဖြစ်ပေါ်နေတဲ့ **ဘဝင်**လို့ဆိုတဲ့ ဘဝဆက်စပ်မှုကို ဖြစ်ပေါ်စေတဲ့ စိတ်တွေကိုတော့ **ဘဝင်** လို့ ခေါ်တယ်။

### စိတ်ဖြစ်စဉ် နှစ်မျိုး

ဒီတော့ လူတွေရဲ့ စိတ်အစဉ်ကို နှစ်လိုင်းလို့ ခွဲပြီးတော့ မှတ်သင့်တယ်ပေါ့ - ငြိမ်သက်တဲ့စိတ်တွေရဲ့ဖြစ်စဉ်က တစ်ခုနဲ့ လှုပ်ရှားတဲ့စိတ်တွေရဲ့ဖြစ်စဉ်က တစ်ခုလို့ ဒီလိုပြောရမယ်၊ အရောင်နဲ့ ခွဲပြောမယ်ဆိုရင် blue line နဲ့ red line ပေါ့။ လူတွေက မွေးဖွားလာတဲ့အချိန်မှာ ငြိမ်သက်နေတာ ဖြစ်တော့ blue line ပေါ့။ Blue line ဆိုတာ ဘာလဲဆိုရင် ပဋိသန္ဓေရယ် ဘဝင်ရယ် စုတိရယ်၊ ဟော ဒါတွေက ငြိမ်သက်နေတာ၊ ငြိမ်သက်တယ်ဆိုတာ ပစ္စုပ္ပန်ဘဝမှာရှိတဲ့ အာရုံနဲ့ ဘာမှမပတ်သက်ဘူး၊ ဘဝတစ်ခုမှာ ကံက ပစ်လွှတ်လိုက်တဲ့ အရှိန်အတိုင်းပဲ သွားနေတာ၊ ကံရဲ့အရှိန်နဲ့ သွားနေတာ၊ ပစ္စုပ္ပန်အာရုံနဲ့ ဆက်သွယ်မှု ဘာတစ်ခုမှ မရှိဘူး။

http://www.dhammadownload.com



ပဉ္စဒွါရအာရုံတစ်ခု ဝင်လာပြီဆိုတဲ့အခါ အဲဒီ blue line ဟာ ပြတ်သွားပြီးတော့ red line ဖြစ်လာတယ်ပေါ့၊ အဲဒါကြောင့်မို့ ဘဝင်စိတ်ကို mind door လို့ ခေါ်တယ်၊ မနောဒွါရလို့ ခေါ်တယ်၊ အဲဒီကနေပြီးတော့ စိတ်တွေဟာ ပဉ္စဒွါရမျက်မှောက်ဘဝမှာ ရရှိတဲ့ မျက်စိက မြင်ရတဲ့ အာရုံ၊ နားက ကြားလိုက်ရတဲ့ အာရုံ၊ နှာခေါင်းက နမ်းလို့ရတဲ့ အာရုံ၊ လျှာက လျက်လို့ရတဲ့ အရသာအာရုံ၊ ခန္ဓာကိုယ်က ထိတွေ့လို့ရတဲ့ အာရုံ၊ စိတ်ထဲက စိတ်ကူးလို့ရတဲ့ အာရုံတွေဟာ ဖြစ်ပေါ်ပြီးတော့ ပဉ္စဒွါရမှာ ဖြစ်ပေါ်လာတဲ့ အာရုံတွေနဲ့ စိတ်ဟာ ဖြစ်စဉ်တစ်ခု ဝင်လာတယ်၊ အဲဒါကို **ဝီထိစိတ်**လို့ ခေါ်တာပေါ့။

ခုနတုန်းက blue line ကို **ဝီထိမုတ်စိတ်**လို့ ခေါ်တာပေါ့၊ အဲဒါကို အင်္ဂလိပ်လို ပြန်တဲ့အခါကျတော့ thought free လို့ ဒီလို ပြန်လေ့ရှိတယ်။

ဒီတော့ စိတ်ဖြစ်စဉ်ဟာ နှစ်ခုရှိတယ်လို့ ဒီလို မှတ်ရမယ်၊ သူဟာသူ ငြိမ်သက်ပြီးတော့နေတဲ့ဖြစ်စဉ်က တစ်ခု၊ လှုပ်ရှားတဲ့ဖြစ်စဉ်က တစ်ခု၊ လှုပ်ရှားတဲ့ဖြစ်စဉ်က ပဉ္စဒွါရအာရုံတစ်ခုနဲ့ပတ်သက်ပြီး လှုပ်ရှားလာတယ်၊ အဲဒီလှုပ်ရှားတဲ့ဖြစ်စဉ်တစ်ခု ဖြစ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် ငြိမ်သက်တဲ့ဖြစ်စဉ်တစ်ခုက ရပ်တန့်သွား ရမယ်၊ နှစ်ခုလုံးပြိုင်ပြီးတော့ မသွားနိုင်ဘူးတဲ့၊ စိတ်ဟာ တစ်ခုချင်းပဲ သွားလို့ ရတယ်၊ စိတ်နှစ်ခု ပြိုင်တူသွားတာမျိုး မရှိဘူး။

http://www.dhammadownload.com



## ပဝတ္တိအခါ၌ ကံတရားက အကျိုးတရားအချို့ကို ထုတ်လုပ်ပုံ

အဲဒီမှာ ပဋိသန္ဓေစိတ်တို့ ဘဝင်စိတ်တို့ စုတိစိတ်တို့ ဆိုတာ ကံကနေ အခြေခံဖန်တီးပေးလိုက်တဲ့ ကံရဲ့အကျိုးတရားများသာဖြစ်တယ်၊ အဲဒီမှာ ပဋိသန္ဓေစိတ်နောက်ပိုင်းကနေပြီး မသေမီကာလအတွင်းမှာ ပဝတ္တိဆိုတဲ့အချိန်မှာလည်းပဲ ကံတရားက အကျိုးတရားအချို့ကို ဖြစ်စေတတ်သေးတယ်။

ဆိုပါစို့ - စက္ခုဝိညာဏ်စိတ် သောတဝိညာဏ်စိတ် ဃာနဝိညာဏ်စိတ် ဇိဝှါဝိညာဏ်စိတ် ကာယဝိညာဏ်စိတ်ဆိုတဲ့ - မြင်သိစိတ် ကြားသိစိတ် နံသိစိတ် လျက်သိစိတ် ထိသိစိတ်- အဲဒီစိတ်တွေဟာ ကံရဲ့အကျိုးတရားတွေပဲ၊ သူတို့တွေကို ကံက ဖန်တီးပေးတာ၊ ဒါကြောင့်မို့လို့ ဓမ္မသင်္ဂဏီပါဠိတော်မှာ **"ကမ္မဿ ကဋတ္တာ ဥပစိတတ္တာ ဥပ္ပန္နံ ဟောတိ စက္ခုဝိညာဏံ"** ကံတရားကို လုပ်ခဲ့လို့, ကံတရားတွေ စုစည်းမိခဲ့လို့, ကံတရားတွေက ရင့်ကျက်လာသည့်အတွက်ကြောင့် ဒီစိတ်လေးပေါ်ရတယ်လို့ - ဒီလိုပြောတာ။

ဒီစိတ်ကလေးပေါ်တဲ့အခါမှာ ကံတရားသက်သက်နဲ့ ပေါ်တာလားဆိုတော့ မဟုတ်ဘူး၊ ကံတရားသက်သက်နဲ့ သူတို့မပေါ်နိုင်ဘူး၊ ဘာကြောင့်ပေါ်ရတာတုန်းဆိုလို့ရှိရင် အာရုံနဲ့ဝတ္ထု တိုက်ဆိုင်မှုကြောင့် ပေါ်ရတာ၊ တခြားအချိန်မှာဆိုရင် ပေါ်လို့ မရဘူး။

ဒါဖြင့် တခြားအချိန်မှာ ဒီစိတ်လေးတွေ ဘယ်သွားနေသလဲလို့ တချို့က စဉ်းစားကောင်း စဉ်းစားလိမ့်မယ်၊ အဲဒီလို စဉ်းစားမိလို့ရှိရင် မီးခြစ်ဘူးထဲက မီးကလေးဟာ ဘယ်နားနေသလဲလို့ ကိုယ့်ဟာကိုယ် မေးပြီး အဖြေရှာကြည့်ပေါ့၊ gas မီးခြစ်[illegible] မီးကလေးဟာ ဘယ်နားနေသလဲလို့ အဖြေရှာကြည့်လို့ရှိရင် [illegible]ဒီမြင်သိ

http://www.dhammadownload.com



စိတ်ကလေးတွေ ဘယ်နားနေသလဲဆိုတဲ့ အဖြေတွေ့မှာပေါ့။ မီးခြစ်ဘူးထဲက မီးကလေးဟာ ဘယ်မှာ နေတယ်လို့ ထင်လဲ? မေးကြည့်လိုက်ပေါ့၊ မီးခြစ်ဘူးထဲမှာ မီးရှိသလား မရှိဘူးလား၊ မရှိဘူး၊ သို့သော် ခုနက ပစ္စုပ္ပန်အကြောင်းနဲ့ တိုက်ဆိုင်တဲ့အခါကျတော့ မီးမရဘူးလား, ရတယ်။

ပြောရရင်တော့ possibility ပေါ့- ဖြစ်နိုင်တဲ့အနေအထား တစ်ခု ရှိတယ်၊ ဖြစ်နိုင်တဲ့အနေအထားက ဘာတုန်းဆိုရင် ကံတရားက ဖန်တီးပေးထားတဲ့ စက္ခုပသာဒရုပ်ရှိတယ်၊ အပြင်ဘက်က ရူပါရုံက ဒီစက္ခုပသာဒမှာ လာပြီးတော့- အရပ်ပြောပြောလို့ရှိရင် အပြင်ဘက်က မြင်စရာတစ်ခုက မျက်စိထဲမှာလာပြီးတော့ ထင်ဟပ်ပြီဆိုလို့ရှိရင် အဲဒီထင်ဟပ်မှုဟာ တိုက်ခိုက်မှုတစ်ခုပဲ၊ သာမန်အားဖြင့်တော့ ဒါ တိုက်ခိုက်မှုလို့ မသိရဘူးပေါ့။

အဲဒီလို တိုက်လိုက်တာဟာ- ဆိုပါစို့ - နှစ်ခုတိုက်လိုက်လို့ မီးပွင့်သွားသလိုမျိုးပဲ၊ အဖိုနှင့်အမ ဝါးယားကြိုးနှစ်ခုကို ထိလိုက်တာနဲ့ ဖျတ်ကနဲ မီးပွင့်သွားသလိုမျိုးပဲ၊ အဲဒီအပြင်ဘက်က မြင်စရာအာရုံဟာ စက္ခုပသာဒကို လာထိခိုက်တာနဲ့ တစ်ပြိုင်နက် ဝတ္ထုအာရုံဆုံစည်းမှုကို အကြောင်းပြုပြီးတော့ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်လာတာတဲ့။

မြတ်စွာဘုရားက သုတ္တန်တွေမှာ ဒီလိုဟောတာပဲလေ၊ **"စက္ခုံ စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"** တဲ့၊ စက္ခုပသာဒရုပ်ရယ် ရူပါရုံရယ် ဒီနှစ်ခုပေါင်းဆုံမိသည့် အတွက်ကြောင့် မြင်သိစိတ်ကလေး ဖြစ်လာရတာလို့၊ မြင်သိစိတ်ကလေးကို ရှိနေတယ်လို့ ဟောတာ မဟုတ်ဘူး၊ ဖြစ်လာရတယ်လို့ ဟောတာ၊ အဲဒီ

http://www.dhammadownload.com



ဖြစ်လာရတဲ့ မြင်သိစိတ်ဟာ ဘယ်သူ့ရဲ့အကျိုးဆက်လဲလို့ ဆိုရင် ကံရဲ့အကျိုးဆက်လို့ပဲ ဟောတယ် မြတ်စွာဘုရားက၊ သို့သော် ကံကြောင့်ဖြစ်လာတဲ့ အကျိုးဆက်သည် ဝတ္ထုအာရုံ ဆုံတဲ့အခါမှာသာ ဖြစ်တယ်၊ ကျန်တဲ့အချိန်မှာ မဖြစ်ဘူးလို့ ဒီလိုပြောတယ်၊ အဲဒီ သဘောလေးတွေကို၊ ကံတရားက ပဝတ္တိအခါမှာ အကျိုးဝိပါက်တွေကို ထုတ်လုပ်တယ်ဆိုတဲ့အချိန်မှာ ဖြစ်နိုင်ချေရှိတဲ့ အကျိုးဝိပါက်တွေကို ထုတ်လုပ်ထားတယ်။

အဲဒီ ကံတရားက အခြေခံ ထုတ်လုပ်ထားတဲ့ အပေါ်မှာ ပစ္စုပ္ပန်အာရုံနဲ့ ဝတ္ထု ဆုံစည်းမှုဟာ အကြောင်းတရားတွေ ဖြစ်ပေါ်စေတယ်၊ အဲဒါကို **သာဓာရဏပစ္စယ**နဲ့ **အသာဓာရဏပစ္စယ**လို့ ဒီလို ခွဲခြားပြီး ဟောတယ်။

**သာဓာရဏပစ္စယ**ဆိုတာ အများနဲ့သက်ဆိုင်တဲ့ အကြောင်းတစ်ခု၊ **အသာဓာရဏပစ္စယ**ဆိုတာ အများနဲ့ မသက်ဆိုင်တဲ့ အကြောင်းတစ်ခုလို့ မှတ်၊ ဒီနေရာမှာ ကံက အများနဲ့မသက်ဆိုင်ဘူး၊ မျက်စိဖြစ်ဖို့ ကံက မျက်စိဖြစ်ဖို့ ကံပဲ၊ ဒါကြောင့်မို့လို့ အသာဓာရဏပစ္စယ၊ ခုနက ဒွါရနဲ့ အာရုံ တိုက်ဆိုင်တာက အကြောင်းတရား တစ်ခုလို့ ဒီလိုသုံးတယ်၊ တခြားစိတ်တွေလည်းပဲ ဒွါရအာရုံ ဆုံပြီးတော့ ဖြစ်လာတာ ရှိတယ်ပေါ့။

အဲဒီလို ကံရဲ့ထုတ်လုပ်တဲ့ အကျိုးတရားတွေနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီးတို့တစ်တွေ ပဝတ္တိအခါမှာ ဖြစ်ပေါ်လာတဲ့ အကျိုးဝိပါက်စိတ်တွေဟာ ဆိုင်ရာဆိုင်ရာ ဝတ္ထုနဲ့ အာရုံ ဆုံဆည်းပြီးတော့ ထိခိုက်မှုရဲ့ စွမ်းအားကြောင့် ဖြစ်ပေါ်လာတယ်၊ သို့သော်

http://www.dhammadownload.com



အကြောင်းတရားအရင်းက ဘယ်သူလဲလို့ဆိုရင် ကံလို့ပဲ ပြောရမယ်။

**စက္ခုဝိညာဏ်စိတ် နှစ်မျိုး**

စက္ခုဝိညာဏ်စိတ်ကလေးဖြစ်တဲ့အခါမှာ မြင်သိစိတ်ကလေးဟာ အကောင်းမြင်တဲ့အခါ ရှိတယ်၊ အဆိုးမြင်တဲ့အခါ ရှိတယ်။

အကောင်းအဆိုးဆိုတာက တစ်ခါတစ်ရံ ခွဲရခက်တဲ့အရာမျိုးပဲ၊ ဆိုပါစို့- စာလိုပြောရင် ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံပေါ့၊ လောကလူတွေက ကိုယ်ကြိုက်ရင် ဣဋ္ဌာရုံပဲ၊ မကြိုက်ရင် အနိဋ္ဌာရုံပဲ၊ ဒီတော့ တစ်ယောက်က ကြိုက်တယ်, တစ်ယောက်က မကြိုက်ဘူးဆိုရင် ဣဋ္ဌာရုံ အနိဋ္ဌာရုံ သတ်မှတ်ဖို့ရန် ခက်တယ်၊ ဒူးရင်းသီးကြိုက်တဲ့သူက ဣဋ္ဌာရုံပဲ, မကြိုက်တဲ့လူက အနိဋ္ဌာရုံပဲ၊ အဲဒီတော့ အဲဒီစံက ဘယ်လိုသတ်မှတ်တုန်းဆိုတော့ အကောင်းနဲ့အဆိုးဆိုတဲ့နေရာမှာ ယေဘုယျနှုန်းထားနဲ့ သတ်မှတ်တဲ့ ဟာမျိုးပေါ့။

လူတကာ မကြိုက်တဲ့အရာ, လူတကာ ကြိုက်တဲ့အရာ၊ လူတကာက အကောင်းလို့သတ်မှတ်တဲ့အရာ, လူတကာက မကောင်းလို့ သတ်မှတ်တဲ့အရာပေါ့။ မျက်စိနဲ့ မြင်ပြီးတော့ ဆင်းရဲတဲ့အရာတွေဆိုရင် ဒါမကောင်းတဲ့အရာလို့ ပြောမှာပေါ့၊ မျက်စိနဲ့မြင်ပြီးတော့ ပျော်ရွှင်စရာတွေဆိုရင် ကောင်းတဲ့အရာလို့ ပြောရမှာပေါ့။

အဲဒီမှာ မကောင်းတာကို မြင်ပြီးတော့ မြင်သိစိတ်ကလေးပေါ်တယ်ဆိုရင် အကုသိုလ်ရဲ့အကျိုးလို့ သတ်မှတ်တယ်၊ ကောင်းတာကိုမြင်ပြီးတော့ မြင်သိစိတ်ကလေးပေါ်တယ်ဆိုရင် ကုသိုလ်ရဲ့

http://www.dhammadownload.com



အကျိုးလို့ သတ်မှတ်တယ်၊ စက္ခုဝိညာဏ်စိတ်ဟာ နှစ်မျိုးလို့ ဒီလို ပြောတာ။

ထို့အတူပဲ နားက ကြားတဲ့အခါမှာလည်းပဲ ကောင်းတဲ့အသံ, မကောင်းတဲ့အသံ၊ နှာခေါင်းက နံတဲ့အခါမှာလည်းပဲ ကောင်းတဲ့ အနံ့, မကောင်းတဲ့အနံ့၊ လျှာကလည်းပဲ ကောင်းတဲ့အရသာ, မကောင်းတဲ့အရသာ၊ ကိုယ်ကလည်းပဲ ကောင်းတဲ့ အထိအတွေ့, မကောင်းတဲ့ အထိအတွေ့- ကောင်း, မကောင်းဆိုတာ ရှိတယ်၊ မကောင်းတာမှန်သမျှ အကုသိုလ်ရဲ့အကျိုး, ကောင်းတာမှန်သမျှ ကုသိုလ်ရဲ့အကျိုးလို့ မှတ်ရမယ်၊ ဒီဝိပါက်စိတ်တွေဟာ ပြုပြင် ပြောင်းလဲလို့ မရဘူးတဲ့။

ဒါကြောင့်မို့ ဝိပါက်စိတ်တွေကို **ဝိပါကပစ္စယော**မှာ ဟော ထားတာ - **"နိရုဿာဟ သန္တဘာဝ"** တဲ့၊ ဝိပါက်စိတ်တွေဟာ လှုပ်ရှားမှုကင်းပြီးတော့ ငြိမ်သက်တယ်၊ ဘာမှမလှုပ်ရှားဘူး၊ ဘာမှ မလှုပ်ရှားဘူးဆိုတာ ဘာနဲ့ တူတုန်းဆိုတော့ မှန်ထဲက ပုံရိပ်လိုပဲ၊ မှန်ထဲက ပုံရိပ်ဆိုတာ အပြင်ဘက်က လူက လှုပ်မှ လှုပ်တာလေ၊ သူ့ချည်းလှုပ်လို့ ရတာလား၊ မရဘူး၊ ဝိပါက်စိတ်တွေက ကံတရား ရဲ့ ပုံရိပ်အနေနဲ့ ထင်လာတာတဲ့၊ ဒါကြောင့်မို့လို့ သူတို့မှာ ဘာ activity မှ မရှိဘူး၊ ကံကလှုပ်လို့ လှုပ်တဲ့သဘောလောက်ပဲ ရှိ တယ်၊ ကံအကျိုးပေးတဲ့အတိုင်းပဲ၊ အဲဒါက ပဝတ္တိအခါမှာ ကံတရား က ထုတ်လုပ်လိုက်တဲ့ အကျိုးတရားတွေပဲ။

http://www.dhammadownload.com



**ကံက ထုတ်လုပ်ပြီးတဲ့နောက် . . .**

ဘုန်းကြီးတို့ လူ့ဘဝရလာတဲ့အခါမှာ ကံက ပဋိသန္ဓေစိတ် စေတသိက်ဆိုတဲ့ အကျိုးတရားကို ထုတ်လုပ်တာနဲ့ တစ်ပြိုင်နက် အချို့အချို့သော ကမ္မဇရုပ်တွေကို စတင်ပြီးတော့ ထုတ်လုပ်တယ်၊ နောက်ပိုင်းကျတော့ တဖြည်းဖြည်း ကမ္မဇရုပ်တွေ ပြည့်စုံပြီးတော့ လာတယ်၊ ဒီလိုနဲ့ လူ့ဘဝဟာ ပြည့်စုံပြီးတော့ ကိုယ်အင်္ဂါတွေ တဖြည်းဖြည်း ပြည့်ပြည့်စုံစုံနဲ့ လူရယ်လို့ ဖြစ်လာတဲ့အခါမှာ **"ဝိညာဏပစ္စယာ နာမရူပံ"** - နာမ်တွေ ရုပ်တွေ ဖြစ်လာတယ်။

နာမ်တွေ ရုပ်တွေ ဖြစ်လာတဲ့အခါကျ **"နာမရူပပစ္စယာ သဠာယတနံ"**တဲ့၊ အပြင်ဘက်အာရုံတွေနဲ့ ဆက်သွယ်ဖို့ရန်အတွက် မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတာတွေ ပေါ်လာတယ်၊ ပေါ် လာတဲ့အခါ ဘာဖြစ်တုန်းဆိုတော့ ဆက်သွယ်လို့ ရတာပေါ့၊ **"သဠာယတနပစ္စယာ ဖဿော"** တဲ့၊ ဆက်သွယ်လိုက်တဲ့အခါ ဘာ တွေဖြစ်တုန်းဆိုတော့ ခံစားမှုတွေ အတွေ့အကြုံတွေ ရလာတယ်၊ ဒါမျိုး မြင်ရင် ပျော်တယ်၊ ဟိုဟာမျိုး မြင်ရင် စိတ်ညစ်တယ်ဆိုတာ မျိုးတွေပေါ့၊ အတွေ့အကြုံတွေ ခံစားမှုတွေ ပေါ်လာတယ်၊ **"ဖဿ-ပစ္စယာ ဝေဒနာ"** ဖြစ်လာတယ်၊ အဲဒီခံစားမှုပေါ်မှာ အခြေခံပြီး တော့ ကြိုက်တယ် မကြိုက်ဘူး ဖြစ်လာတယ်။

ကြိုက်တာတွေ တွေ့လာတယ် - **"ဝေဒနာပစ္စယာ တဏှာ"**၊ တွေ့လာတဲ့အခါမှာ စွဲလမ်းမှုဆိုတဲ့ တဏှာ, ထိုအာရုံပေါ်မှာ အမြင် အမျိုးမျိုးမြင်မှုဆိုတဲ့ ဒိဋ္ဌိ - ဥပါဒါန်ဆိုတာ လာပြန်တယ် **"တဏှာ-ပစ္စယာ ဥပါဒါနံ"**၊ အဲဒီဥပါဒါန်ဆိုတာ ရှိလာတာနဲ့ တစ်ပြိုင်နက် ဘဝတစ်ခုဆိုတာ ဖြစ်လာတယ် - **"ဥပါဒါနပစ္စယာ ဘဝေါ"**။

http://www.dhammadownload.com



ဘဝရှိလာသည့်အတွက်ကြောင့် ဇာတိဆိုတာ ရှိလာမယ်- **"ဘဝပစ္စယာ ဇာတိ"**၊ ဇာတိရှိလာသည့်အတွက်ကြောင့် ဇရာတို့ မရဏတို့ဆိုတာ ရှိလာမယ် - **"ဇာတိပစ္စယာ ဇရာမရဏ"**၊ ဇရာ မရဏ ရှိလာရုံတင် မကဘူး, ဘဝတစ်ခုမှာ စိုးရိမ်စရာတွေ ဖြစ်လာတဲ့အခါ သောကတွေ ဖြစ်လာမယ်၊ မထိန်းနိုင်တဲ့အခါ ငိုရတယ်၊ ဝမ်းနည်းမှုတွေ ကြုံရတယ်၊ စိတ်ဆင်းရဲမှုတွေ ကြုံရတယ်၊ အပြင်းအထန် စိတ်ပင်ပန်းမှုတွေ ခံရတယ်တဲ့။

ဘဝကြီးတစ်ခုလုံးဟာ အကောင်းနဲ့ အဆိုး ယှဉ်ကြည့်လိုက်မယ်ဆိုရင် အဆိုးတွေက များတယ်၊ မြောက်မြားစွာသော ဆိုးကျိုးတရားတွေ ထုတ်လုပ်ပေးတာကို အကြောင်းပြုပြီးတော့ ဒုက္ခသက်သက်ကို ရထားကြတာပဲလို့ မြတ်စွာဘုရားက **"ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"**- တကယ့်ဆင်းရဲဒုက္ခကြီးပဲလို့၊ အဲဒါမျိုးကို ရထားတာလို့ - ပဋိစ္စသမုပ္ပါဒ်မှာ ဒီလို ဟောထားတာ ဖြစ်ပါတယ်။

အဲဒီ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းနဲ့ ဆက်သွယ်ပြီး ကြည့်လိုက်တဲ့အခါ ပဋိသန္ဓေစိတ်ကလေးနဲ့ ခုနက ဟဒယဝတ္ထုရုပ်ကလေးတို့ဟာ အပြန်အလှန်ဖြစ်နေကြသည့် အတွက်ကြောင့် **အညမည ပစ္စယော**၊ အတူတကွဖြစ်လာကြတာ ဖြစ်သောကြောင့် **သဟဇာတ ပစ္စယော**၊ မှီရာအနေနဲ့ဖြစ်လို့ **နိဿယပစ္စယော**၊ ရှိနေတဲ့အခိုက်မှာ ကျေးဇူးပြုလို့ **အတ္ထိပစ္စယော၊ အဝိဂတပစ္စယော**လို့ ဒီလို ဟောတာပါ။

မနေ့ကပြောခဲ့တဲ့အတိုင်း four points of view လေးဘက်လေးတန်ကနေပြီး အထောက်အကူပြုတယ်ပေါ့၊ အချင်းချင်းအပြန်

http://www.dhammadownload.com



အလှုန်မှာလည်းပဲ သဟဇာတပစ္စည်းတို့ အညမညပစ္စည်းတို့ နိဿယပစ္စည်းတို့နဲ့ ဒီလိုအထောက်အကူပြုပြီးတော့ ဒီအကျိုးတရားလေးတစ်ခု ရပ်တည်ဖို့အတွက် အကြောင်းပေါင်း မြောက်မြားစွာ ဖန်တီးပြီးတော့ ဘဝဟာ ရပ်တည်နေရတာပါလားလို့ ကိုယ်စီကိုယ်စီ သဘောကျပြီးတော့ သဘာဝတရားကို ရှုမြင်သုံးသပ်ခြင်းဖြင့် မိမိတို့ဘဝပေါ်မှာ တွယ်တာမှုဆိုတဲ့ တဏှာကို ဖယ်ရှားနိုင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

ဖ ဖ ၼ ၼ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"

## အပိုင်း (၅)

**သာသနာတော်နှစ် ၂၅၅၃-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၁-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဖေဖော်ဝါရီလ ၂၀-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိပိမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုတျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။**

ဗုဒ္ဓမြတ်စွာက ပဋိစ္စသမုပ္ပါဒ်ဖြင့် သတ္တဝါအားလုံးတို့၏ ဘဝ ရုပ်ပုံသရုပ်ကို ပုံဖော်ပေးခဲ့တာ ဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကို ခြုံငုံပြီး ကြည့်မယ်ဆိုရင် မြတ်စွာဘုရားက **"သင်္ခါရပစ္စယာ ဝိညာဏံ"**ဆိုတဲ့ စကားဖြင့် သတ္တဝါတွေ ဘာကြောင့်ဖြစ်လာတယ် ဆိုတာကို ဖော်ပြ တာ ဖြစ်တယ်၊ "သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဏ်စိတ် ဖြစ်ရတယ်" လို့ သတ္တဝါတွေ စတင်လာမှုဟာ ပဋိသန္ဓေဝိညာဏ်စိတ်က စတင်

http://www.dhammadownload.com



လာတယ်၊ ထိုသတ္တဝါတွေ ဘာကြောင့်ဖြစ်ရတယ်ဆိုတာကို ဘဝကြီး တစ်ခုလုံးကို ပြုပြင်ဖန်တီးပေးတတ်တဲ့ "သင်္ခါရ" ဆိုတဲ့ "ကံတရားတွေ" ကို အကြောင်းတရားအဖြစ် မြတ်စွာဘုရားက ဟောပြတယ်။

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**

ဒါဖြင့် ကံတရားက သူ့ဟာသူ အလိုအလျောက်ဖြစ်လာတာလားဆိုတဲ့အခါ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"** လို့ အဝိဇ္ဇာဆိုတဲ့ အမှန်မသိမှု၊ အမှန်မသိမှုဆိုတာ အမှားကိုသိနေမှု၊ အမှန်တရားကို ဖုံးကွယ်ထားလို့ အမှန်ကိုမသိတဲ့ အနေအထားတစ်ခုမှာ သတ္တဝါတွေဟာ လုပ်မိလုပ်ရာ ကောင်းတဲ့အမှုဖြစ်စေ မကောင်းတဲ့ အမှုဖြစ်စေ ပြုလုပ်မိကြတယ်။

**သင်္ခါရပစ္စယာ ဝိညာဏံ**

ထိုသို့ ပြုလုပ်မိခြင်းသည်ပင် သတ္တဝါတွေ ဖြစ်ပေါ်လာခြင်းရဲ့ အကြောင်းတရားပဲလို့ ဒီစကားကို ဟောကြားခြင်းဖြင့် မြတ်စွာဘုရားဟာ ဘာကို ပယ်ဖျက်သလဲ?

သတ္တဝါတွေ ဖြစ်လာရတာ - သို့မဟုတ် - သတ္တဝါတွေ ကြုံတွေ့ရတဲ့ သုခ, ဒုက္ခတွေဟာ ဘယ်သူလုပ်တာတုန်းလို့ အဖြေထုတ်ဖို့ ကြိုးစားကြတဲ့အခါမှာ တချို့က "ဣဿရ နိမ္မာန"- လောကကြီးကို ကြီးစိုးထားတဲ့ တန်ခိုးရှင်ကြီးတစ်ဦးက ဖန်ဆင်းလို့ဖြစ်လာတာလို့ - တန်ခိုးရှင်ရဲ့ဖန်ဆင်းမှုကို အကြောင်းတစ်ခုအဖြစ်ယူဆတယ်၊ သတ္တဝါတွေ လောကမှာ ဖြစ်ပေါ်လာတာတွေဟာ "ဣဿရ နိမ္မာန"လို့ဆိုတဲ့ တန်ခိုးရှင်ကြီးရဲ့ဖန်ဆင်းမှုသည် သတ္တဝါ

http://www.dhammadownload.com



အားလုံး သတ္တလောကကြီးတစ်ခုလုံး ဖြစ်ပေါ်လာခြင်းရဲ့ အကြောင်းတရားလို့ ဒီလိုယူဆပြီးတော့ မှတ်သားထားကြတယ်။

ဗုဒ္ဓမြတ်စွာက ဒီအကြောင်းတရားကို reject လုပ်တယ်ပေါ့။ ဘာနဲ့ reject လုပ်လဲဆိုတော့ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ အကြောင်းတရားမှန်ကို ဖော်ထုတ်ခြင်းဖြင့် reject လုပ်လိုက်တယ်။

ဒီလို တန်ခိုးရှင်ကြီးရဲ့ဖန်ဆင်းမှုကြောင့် ဖြစ်တယ်လို့ ဆိုတဲ့ အယူအဆဟာ အားလုံးက လက်ခံထားတဲ့ အယူအဆမဟုတ်ဘူး၊ တချို့က တန်ခိုးရှင်ကြီးရဲ့ ဖန်ဆင်းမှုဆိုတဲ့ အကြောင်းတရားကို လက်မခံဘူး၊ ဘာပြောလဲဆိုရင် သတ္တဝါတွေ လောကမှာ ဖြစ်ပေါ်လာတာဟာ သူ့ဟာသူ သူ့အလိုအလျောက် ဖြစ်ပေါ်လာကြတာပါလို့ အကြောင်းတရားကိုငြင်းပယ်တဲ့အယူအဆနဲ့ အကြောင်းတရားကိုပယ်ဖျက်တဲ့ဝါဒ, အကြောင်းတရားကို လက်မခံတဲ့ **"အဟေတုကဝါဒ"** ဆိုတာနဲ့ အဖြေထုတ်ကြတယ်ပေါ့။

သူ့ဖြစ်ချင်လို့ ဖြစ်လာတယ်ဆိုတာ **"အဓိစ္စသမုပ္ပန္န"**- ဘာကိုမှစွဲမှီပြီး ဖြစ်လာတာမဟုတ်ဘူး, accidental မတော်တဆ သတ္တဝါဖြစ်လာတာလို့ ဒီလိုအယူအဆတစ်ခုကလည်းပဲ "ဣဿရ နိမ္မာန" ဆိုတဲ့အယူအဆတစ်ခုကို ဆန့်ကျင်ပြီးတော့ ပေါ်လာတာဖြစ်တယ်။

အဲဒီလို လောကမှာ အဖြေရှာကြတဲ့အခါမှာ အကြောင်းအမျိုးမျိုး ထုတ်ကြတယ်၊ အဲဒီအကြောင်းအမျိုးမျိုး ထုတ်ကြတဲ့အခါမှာ **ဣဿရ နိမ္မာန** ဆိုတဲ့ မမှန်ကန်တဲ့ အကြောင်းတရားတွေကို ဖော်ပြပြီး ပြောဆိုတဲ့အရာကိုလည်း မြတ်စွာဘုရားက ပယ်ဖျက်

http://www.dhammadownload.com



တယ်၊ အကြောင်းမဲ့ဖြစ်တယ်ဆိုတာကိုလည်း မြတ်စွာဘုရားက လက်မခံဘူးတဲ့။

လောကမှာ သတ္တဝါတွေဖြစ်ပေါ်လာဖို့ အကြောင်းတရား ဆိုတာ ရှိတယ်၊ အဲဒီအကြောင်းတရားဟာ "က္ကဿရ နိမ္မာန" စတဲ့ အကြောင်းတရား မဟုတ်ဘူးတဲ့၊ ဘာအကြောင်းတရားလဲ ဆိုတော့ **"အဝိဇ္ဇာနဲ့ သင်္ခါရ"** "ကိလေသာနဲ့ ကံ" ကို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ထောက်ပြတယ်၊ ပဋိစ္စသမုပ္ပါဒ်ရဲ့ အနှစ်က အဲဒါပဲ။

## ဝိညာဏပစ္စယာ နာမရူပံ

လူ့လောကမှာ ဒီဆိုင်ရာအကြောင်းတွေကြောင့် သတ္တဝါလို့ ဖြစ်လာပြီ ဆိုတဲ့အခါမှာ သတ္တဝါလို့ ခေါ်ဖို့ရာအတွက် အချက် အလက်တွေက ဘာတွေတုန်း ဆိုတာကို စုံလင်အောင် ပြတယ်၊ **"ဝိညာဏပစ္စယာ နာမရူပံ"** တဲ့၊ အာရုံရှိရာကို ကိုင်းညွတ်တတ်တဲ့ -သို့မဟုတ်- သိတတ်တဲ့ နာမ်တရားနဲ့ အာရုံကိုရယူမှု မပြုတတ်တဲ့ ရုပ်တရား၊ ဆိုလိုတာက body and mind ပေ့ါ၊ သတ္တဝါလို့ ခေါ် ဖို့ရာအတွက် ခန္ဓာကိုယ်ကြီးနဲ့ အသိစိတ်- ဒီနှစ်ခုဟာ ယေဘူယျ အားဖြင့် ရှိရတယ်၊ သို့သော် အင်မတန်ထူးဆန်းတဲ့ သတ္တဝါကြီး တွေလည်း ရှိတော့ ရှိသေးတာပေ့ါ။

Body သာ ရှိပြီး စိတ်မရှိတဲ့သတ္တဝါကျတော့ သတ္တဝါလို့ မထင်မှာစိုးလို့ သတ္တဝါဆိုတဲ့ စကားလုံးကို ထည့်သုံးထားတာ ရှိ တယ်၊ **"အသညသတ္တ"**- သညာဆိုတာ အမှတ်စိတ်, အသိစိတ် ဒီလို ဆိုတယ်၊ အသိစိတ်ကင်းမဲ့တဲ့သတ္တဝါ - အသိစိတ်မပါတဲ့သတ္တဝါ- စိတ်မဲ့သတ္တဝါ ဆိုတာလည်း ရှိတယ်ပေ့ါ၊ ထူးထူးခြားခြား ဖြစ်ပေါ်

http://www.dhammadownload.com



လာတဲ့ သတ္တဝါမျိုး၊ သူကျင့်တဲ့ သမထကျင့်စဉ်တစ်ခုကို အစွဲပြုပြီး တော့ သူ့ရဲ့ဆန္ဒအားလျော်စွာ **"စိတ်မဲ့သတ္တဝါ" "သညာမဲ့သတ္တဝါ"** အနေနဲ့ ဖြစ်လာတာလည်း ရှိတယ်။

အချို့သတ္တဝါတွေကျတော့ ရုပ်ခန္ဓာလို့ ခေါ်တဲ့ body ကြီး ပေါ်မှာ အပြစ်မြင်တယ်၊ ဒီရုပ်ခန္ဓာကြီးရှိနေလို့ ခေါင်းကိုက်ရတယ်, နားကိုက်ရတယ် စသည်ဖြင့် ဆင်းရဲဒုက္ခတွေဟာ ဒီခန္ဓာကိုယ်ကြီး ကြောင့် ဖြစ်နေတာ၊ ရုပ်မရှိရင် ကောင်းမှာပဲဆိုတဲ့ ဆန္ဒအရ သူတို့ ကျင့်ကြံအားထုတ်တဲ့တရားရဲ့ စွမ်းရည်သတ္တိ အကျိုးပေးမှုကြောင့် သူတို့ကျတော့ **"ရုပ်မဲ့သတ္တဝါ"** ဆိုပြီးတော့ ဖြစ်လာတယ်၊ ဒီလို **"အရူပသတ္တဝါ"** "ရုပ်မဲ့သတ္တဝါ" ဆိုတာလည်း ရှိသေးတယ်ပေါ့။

သို့သော် အများစုကိုကြည့်မယ်ဆိုလို့ရှိရင် အားလုံးဟာ ရုပ်နှင့် နာမ် နှစ်မျိုး တွဲဖက်ထားတဲ့ သတ္တဝါတွေတဲ့၊ ဒီတော့ သတ္တဝါလို့ ခေါ်ဖို့ရာက ဘဝတစ်ခုအစပြုလိုက်တဲ့အခါမှာ **ဝိညာဏ်** ဆိုတဲ့ အသိစိတ်လေးက စလိုက်တာ၊ အသိစိတ်လေး စလိုက်တာနဲ့ တစ်ပြိုင်နက် ထိုအသိစိတ်လေးသည် ရုပ်နဲ့နာမ်နှစ်မျိုးလုံးကို ထုတ် ပေးလိုက်တယ်၊ သတ္တဝါဆိုတာ အခြေခံအားဖြင့် ရုပ်နဲ့ နာမ်လို့ နှစ်မျိုး ရှိတယ်။

## နာမရူပပစ္စယာ သဠာယတနံ

ထိုရုပ်နာမ်နှစ်မျိုး ရှိလာတဲ့အခါမှာ ဘာဖြစ်လာလဲဆိုတော့ **"နာမရူပပစ္စယာ သဠာယတနံ"**- ပြင်ပအာရုံတွေနဲ့ ဆက်သွယ်ဖို့ရန် အတွက် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ဆိုတဲ့ ဆက်သွယ်ရေး အင်္ဂါရုပ်တွေ ပေါ်ပေါက်လာခဲ့တယ်၊ အကယ်၍ ဆက်သွယ်ရေးအင်္ဂါ

http://www.dhammadownload.com



ရုပ်တွေ မပေါ်ဘူးဆိုရင် လူဟာ သစ်တုံးကျောက်တုံးကြီးလို ဖြစ်နေမှာပေ့ါ၊ သတ္တဝါဟာ ပြင်ပနဲ့ ဆက်သွယ်မှုမရှိဘဲ ဖြစ်နေမယ်၊ ဒါကြောင့်မို့ သတ္တဝါဆိုလို့ ရှိရင်ကတော့ ပြင်ပဗဟိဒ္ဓအာရုံတွေနဲ့ ဆက်သွယ်မှု ရဖို့ရန်အတွက် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဆိုတဲ့ အာယတန ၆-ပါး- ရုပ်နာမ်တွေ ဖြစ်ပွားလာရင် ဒါတွေ ပါရှိလာတယ်လို့ သတ္တဝါတွေကို ပုံဖော်ပြီးတော့ မြတ်စွာဘုရားက ဟောတာ။

**သဠာယတနပစ္စယာ ဖဿော**

အေး - ရုပ်နဲ့ နာမ်ရှိလို့ ပြင်ပဗဟိဒ္ဓအာရုံနဲ့ ဆက်သွယ်မှုရဖို့အတွက် organ တွေပေ့ါ- sense organ လို့လည်း ခေါ်တယ်, အာရုံကို ရယူနိုင်တဲ့ အင်္ဂါရုပ်တွေ ပေါ်လာတဲ့အခါမှာ ဘာလုပ်လဲ ဆိုရင် ထိုအင်္ဂါရုပ်တွေကို အသုံးပြုပြီးတော့ သတ္တဝါတွေဟာ ပြင်ပ အာရုံတွေနဲ့ ဆက်သွယ်မှု ရလာတယ်၊ အဲဒါကို **"သဠာယတန ပစ္စယာ ဖဿော"** လို့ ဒီလိုခေါ်တာ။

**ဖဿပစ္စယာ ဝေဒနာ**

ဆက်သွယ်မှုရလာတဲ့အခါ ဘာတွေဖြစ်လာတုန်း ဆိုတော့ အဲဒီအာရုံပေါ်တွေမှာ ကောင်း, မကောင်း အတွေ့အကြုံ ခံစားမှုတွေ ပေါ်လာတယ်၊ ဆက်သွယ်မှုအနေအထားပေါ်မှာ အမှီပြုပြီးတော့ ကောင်း, မကောင်း ခံစားမှုတွေ အထင်အရှားပေါ်လာတာ ဖြစ်သောကြောင့် **"ဖဿပစ္စယာ ဝေဒနာ"** လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဒီလို သရုပ်ဖော်တယ်။

http://www.dhammadownload.com



ဒီတော့ သတ္တဝါဆိုတာ ဒီလိုအချက်အလက်တွေ ရှိရမယ်၊ mind နဲ့ body ရှိရမယ်၊ အင်္ဂါရပ်တွေ ပါရမယ်၊ အင်္ဂါရပ်တွေ ပါသည့်အတွက်ကြောင့် ပြင်ပအာရုံနဲ့ ဆက်သွယ်မယ်၊ ဆက်သွယ်တဲ့အခါမှာလည်း ကောင်း, မကောင်းဆိုတဲ့ ပြင်ပအာရုံတွေအပေါ်မှာ ခံစားမှုတွေ ပါလာမယ်၊ ဒါသတ္တလောကရဲ့အခြေခံအချက်အလက်တွေလို့ဆိုတယ်၊ လူဆိုတာ ဒါပဲလို့ ပြောရမှာပဲ။

**ဝေဒနာပစ္စယာ တဏှာ**

ကဲ - အဲဒီလိုပေါ်လာတဲ့အခါ ဒီလောက်နဲ့တင် ရပ်သွားသလား ဆိုတော့ မရပ်ဘူး၊ သတ္တဝါမှန်သမျှ ဒီအခြေအနေရှိရာက နေပြီးတော့ မျိုးဆက်မပြတ်မှုအတွက် ဘာတွေဖြစ်လာပြန်လဲ၊ နောက်ထပ် ဆက်ပြီးတော့ ထုတ်လုပ်ဖို့ တွယ်တာမှုပေါ်လာတယ်၊ အကယ်၍သာ အတွေ့အကြုံရပြီးတော့ ရပ်သွားမယ်ဆိုရင် သတ္တဝါတွေဟာ နောက်ထပ်မျိုးဆက် ဆက်ဖို့ မရှိတော့ဘူး၊ မျိုးဆက်ဆက်ဖို့အတွက် ဘာလာတုန်းဆိုရင် ရလာတဲ့ အတွေ့အကြုံခံစားမှုတွေအပေါ်မှာ ကောင်းတဲ့ခံစားမှုတွေကို တွယ်တာလာတယ်၊ မကောင်းတာ တွေ့တဲ့အခါမှာလည်း ကောင်းတာကို မျှော်လင့်လာတယ်ဆိုတဲ့ တဏှာ တွယ်တာမှု တောင့်တမှုတွေ ပေါ်လာတယ်၊ အဲဒီပေါ်လာခြင်းကို မြတ်စွာဘုရားက **"ဝေဒနာပစ္စယာ တဏှာ"** လို့ ဒီလို ဟောတယ်။

ဝေဒနာဆိုတဲ့နေရာမှာ ဒုက္ခဝေဒနာ, သုခဝေဒနာ ဆိုတာ ရှိတယ်၊ အဲဒီလို သုခ, ဒုက္ခဆိုတဲ့ ချမ်းသာ, ဆင်းရဲဝေဒနာ ရှိတဲ့အခါမှာ သာမန်စဉ်းစားကြည့်လိုက်မယ်ဆိုရင် ချမ်းသာသုခနဲ့ ခံစား

http://www.dhammadownload.com



ချက်ဆိုရင် လိုချင်တယ်, တွယ်တာတယ်, တဏှာဖြစ်တယ်၊ ဒုက္ခ ဝေဒနာနဲ့ တွေ့တဲ့အခါကျတော့ တဏှာ မဖြစ်ဘူး၊ အဲဒီအာရုံကို မုန်းတီးတဲ့ဒေါသဖြစ်တယ်၊ သို့သော် ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရား က **"ဝေဒနာပစ္စယာ ဒေါသော"** လို့ မဟောဘူး၊ ဝေဒနာမှန်သမျှ ကို ခြုံပြီး **"ဝေဒနာပစ္စယာ တဏှာ"** လို့ပဲ ဟောလိုက်တယ်။

အတွေ့အကြုံခံစားမှုကို ကြည့်ပြီး ဖြစ်ပေါ်လာတဲ့အခါမှာ ထိုအာရုံတွေပေါ်မှာ တွယ်တာစွဲလမ်းမှုတွေ ဖြစ်တယ်လို့ ဆိုတာ ဘာကြောင့် ဒီလိုဟောရသလဲ? ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ရှင်းထား တာကတော့ **"ဒုက္ခီ သုခံ ပတ္ထယတိ"** သတ္တဝါတွေရဲ့ အခြေအနေ စရိုက်စိတ်နေသဘောထားကို ကြည့်လိုက်မယ်ဆိုရင် ဒုက္ခရောက်နေ တဲ့ပုဂ္ဂိုလ်က ချမ်းသာမှုကို လိုချင်တယ်၊ လိုချင်တာကို ရှောင်တိမ်း လို့ မရဘူးလို့ ပြောတယ်၊ **"ဒုက္ခီ သုခံ ပတ္ထယတိ"** ဆင်းရဲဒုက္ခခံစား ရတဲ့ ပုဂ္ဂိုလ်က ချမ်းသာတာကို လိုလားတယ်၊ **"သုခီ ဘိယျောပိ ကာမေတိ"** ချမ်းသာတဲ့ပုဂ္ဂိုလ်ကလည်း ပိုချမ်းသာချင်တယ်ဆိုတော့ တဏှာတွေပဲ ဖြစ်ပွားတာက ယေဘုယျအားဖြင့် များပြားတယ်တဲ့။

ဒါကြောင့်မို့ ပုထုဇဉ်သတ္တဝါတွေရဲ့အနေအထားကို ကြည့် မယ်ဆိုရင် လွှမ်းမိုးနေတာက တွယ်တာမှုပဲ၊ မုန်းတီးမှု မပါဘူး လားဆိုတော့ ပါတယ်၊ သို့သော် တွယ်တာမှုရှိမှ မုန်းတီးမှု ဆိုတာ ဖြစ်တာ၊ တွယ်တာမှုကင်းနေလို့ရှိရင် မုန်းတီးမှုဆိုတာ မလာဘူး၊ နီဝရဏတရားထဲမှာ ကာမစ္ဆန္ဒနီဝရဏရှိမှ နောက်က ဗျာပါဒ နီဝရဏဆိုတာ လာတာ၊ ကာမစ္ဆန္ဒနီဝရဏ လုံးဝရှင်းလိုက်ပြီဆိုရင် ဗျာပါဒနီဝရဏ လာစရာအကြောင်း မရှိဘူး၊ ဘာဖြစ်လို့တုန်းဆို

http://www.dhammadownload.com



ကြိုက်တာရှိမှ မကြိုက်တာဆိုတာ လာတာကိုး၊ ဒီတော့ ကြိုက်တာမရှိဘဲနဲ့ မကြိုက်တာဆိုတာ လာလို့မှ မရဘဲ။

ဒါကြောင့်မို့ သုခဝေဒနာနဲ့ပဲ တွေ့တွေ့၊ ဒုက္ခဝေဒနာနဲ့ပဲ တွေ့တွေ့ သတ္တဝါတွေရဲ့စိတ်နေသဘောထားဟာ ဘာလဲဆိုရင် တွယ်တာတဲ့တဏှာပဲ၊ အကောင်းကို မျှော်လင့်တဲ့တဏှာဟာ ဖြစ်မြဲပဲ၊ ဒါကြောင့်မို့ မြတ်စွာဘုရားက **"ဝေဒနာပစ္စယာ တဏှာ"** လို့ပဲ ဒီလိုဟောလိုက်တာ။

## မြားသုံးချက် စူးခံရသည်နှင့် တူပုံ

သံယုတ်ပါဠိတော် **သလ္လသုတ်**မှာ ကြည့်မယ်ဆိုလို့ရှိရင် လောကလူတွေမှာ **ကာယိကဒုက္ခ** လို့ခေါ်တဲ့ ခေါင်းကိုက်တာတို့ သွားကိုက်တာတို့ နားကိုက်တာတို့ ခန္ဓာကိုယ်မှာ ထိခိုက်မှုကြောင့် နာကျင်တာတို့ စတာတွေ ဖြစ်ပေါ်လာတဲ့အခါမှာ ကာယိကဒုက္ခ-ဝေဒနာ ခံစားကြရတယ်၊ အဲဒီဒုက္ခဝေဒနာပေါ်မှာ **ပဋိဃာနုသယ** လို့ခေါ်တဲ့ မုန်းတီးမှုဒေါသဟာ ဖြစ်ပေါ်လာတတ်တယ်။

ထိုဖြစ်ပေါ်လာမှုသည် အကြိမ်ကြိမ်ဖြစ်ပေါ်လာမှု ဖြစ်သောကြောင့် ဒီအကြောင်းမျိုးနဲ့ ဆုံတိုင်းဆုံတိုင်း ဒီမုန်းတီးမှုဆိုတာ ပေါ်လာတယ်၊ **"အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တိ"** အထောက်အကူပြုမယ့် အကြောင်းတစ်ခု ဝင်လာပြီဆိုလို့ရှိရင် ပေါ်ပေါ်လာတတ်တယ်၊ ခေတ်စကားနဲ့ပြောလို့ရှိရင် အနုသယဆိုတာ lie latent လို့ ပြောပေမယ့် positive ဆိုတဲ့ အဓိပ္ပါယ်မျိုးပဲ၊ အကြောင်းတစ်ခု ပေါ်လာလို့ရှိရင် သူက သတ္တိပြပြလာတယ်ပေါ့၊ သင့်လျော်တဲ့ အကြောင်းနဲ့ ဆုံတိုင်း ဒါက ပေါ်လာတတ်တယ်၊ ဒုက္ခဝေဒနာနဲ့ ကြုံ

http://www.dhammadownload.com



တိုင်း ကြုံတိုင်း ဒေါသဖြစ်ဖို့ဆိုတာ အလေ့အထလေးတစ်ခု ဖြစ်သွားတယ်။

အဲဒီလို ဖြစ်လာတဲ့အခါမှာ သတ္တဝါတွေက ဒါနဲ့တင် ရပ်သလားဆိုတော့ မရပ်ဘူး၊ ဒေါသဖြစ်တဲ့အခါမှာ ဒေါမနဿဝေဒနာ ခံစားတယ်၊ စိတ်ကပါ ဒုက္ခဝေဒနာပေါ်မှာ မုန်းတီးမှုတွေ ဖြစ်လာသည့်အတွက် ဒေါမနဿဝေဒနာ ဆက်လက်ပြီး ဖြစ်ပေါ်တယ်၊ ဒုက္ခဝေဒနာဆိုတဲ့ ကာယိကဒုက္ခ ဖြစ်ပေါ်လာတာကို အကြောင်းပြုကာ စေတသိကဒုက္ခ ခေါ်တဲ့ စိတ်ဆင်းရဲမှု ဆိုတာ ထပ်ပြီး ပေါ်လာတယ်။

ဒါကြောင့်မို့လို့ **သလ္လသုတ်**မှာ ပထမ ကာယိကဒုက္ခ ခံစားရတာဟာ မြားတစ်ချက် စူးဝင်တာနဲ့ တူတယ်တဲ့၊ အဲဒီမြားတစ်ချက် စူးဝင်နေတဲ့အပေါ်မှာ စေတသိကဒုက္ခ ထပ်ဆင့်ဝင်လာတဲ့အခါကျတော့ ဒုတိယမြားတစ်ချက် စူးဝင်တာနဲ့ တူတယ်တဲ့။

ဒီတော့ သတ္တဝါတွေဟာ ကာယိကဒုက္ခ, စေတသိကဒုက္ခ ဆိုတာကို ဘာနဲ့ အစားထိုးပြီးတော့ ဖယ်ရှားချင်သလဲ၊ ကာယိကဒုက္ခ, စေတသိကဒုက္ခတို့ရဲ့လွတ်မြောက်ရာနည်းလမ်းကို မသိသည့်အတွက်ကြောင့် ဘာရှာတုန်းဆိုတော့ - သုခကို ရှာတယ်၊ သုခနဲ့ အစားထိုးချင်တယ်၊ အဲဒီသုခနဲ့ အစားထိုးလို့ရှိရင် ဘာထပ်လာပြန်တုန်းဆိုရင် **"သုခါယ ဝေဒနာယ ကာမရာဂါနုသယော အနုသေတိ"** ဆိုတဲ့ တဏှာထပ်လာတယ်။

ဩော် - ဒုက္ခဝေဒနာတုန်းက ကာယိကဒုက္ခခံစားရတာက မြားဒဏ်တစ်ချက်စူးခံရတယ်၊ အဲဒီအပေါ်မှာ စိတ်မသက်မသာဖြစ်တော့ ဒုတိယမြားဒဏ်တစ်ချက် စူးခံရပြန်တယ်၊ တစ်ခါ ချမ်းသာမှု

http://www.dhammadownload.com



ကို တောင့်တလိုချင်ပြန်တဲ့အခါကျတော့ မြားတစ်ချက် ထပ်စူးပြန်တယ်ဆိုတော့ လူတွေဟာ ဒုက္ခကြုံတိုင်း ကြုံတိုင်း မြားဒဏ်က ၃-ချက် ၃-ချက် အစူးခံရတယ်လို့ ဒီလို ဟောထားတာရှိတယ်။

အဲဒီအနေအထားကို ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က **"ဝေဒနာပစ္စယာ တဏှာ"** လို့ ဒီလို ဟောတာဖြစ်တယ်။

အဲဒါကိုပဲ ဝိသုဒ္ဓိအဋ္ဌကထာက ရှင်းလိုက်တာ - **"ဒုက္ခီ သုခံ ပတ္ထယတိ"** "ဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်က သုခကိုပဲ လိုချင်တယ်"၊ လိုချင်တယ်ဆိုကတည်းက တဏှာဖြစ်တယ်လို့ ပြောလိုတာပဲ၊ အေး ... ဒါကြောင့်မို့လို့ **"ဝေဒနာပစ္စယာ တဏှာ"** လို့ပဲ ဟောလိုက်တယ်၊ ဒါက သတ္တဝါတွေဟာ နောက်ထပ်မျိုးဆက် ဖြစ်ပေါ်ဖို့ရာအတွက် အကြောင်းတရားတစ်ခု ထပ်ဆင့်ပြီးတော့ ပေါ်လာခြင်းပဲ။

သာမန်သတ္တဝါတစ်ယောက်ဟာ ရုပ်, နာမ် ရှိမယ်၊ ထိုရုပ်နာမ်က ဆင့်ပွားပြီးတော့ ဗဟိဒ္ဓအာရုံတွေနဲ့ ဆက်သွယ်ဖို့ sense organ တွေ ဆက်သွယ်ရေးတွေ အင်္ဂါရုပ်တွေ ပါလာတယ်၊ အင်္ဂါရုပ်တွေ ပါလာသည့်အတွက်ကြောင့် ပြင်ပဗဟိဒ္ဓအာရုံတွေနဲ့ ဆက်သွယ်လိုက်တယ်၊ ဆက်သွယ်တယ်ဆိုတာ မြင်စရာတွေ မြင်လိုက်တယ်, ကြားစရာတွေ ကြားလိုက်တယ်, နှာခေါင်းက အနံ့တွေ ရတယ်, လျှာက အရသာတွေ ရတယ်, ခန္ဓာကိုယ်က အထိအတွေ့တွေ ရတယ်, စိတ်ထဲကနေပြီး စိတ်ကူးစိတ်သန်းအာရုံတွေ ရလာတယ်၊ ဒါ ဆက်သွယ်မှုတွေပဲပေါ့။

http://www.dhammadownload.com



## တဏှာပစ္စယာ ဥပါဒါနံ

အဲဒီအာရုံအပေါ်မှာ ကြိုက်မကြိုက် ဆိုတာတွေ ဖြစ်လာပြီး တော့ တဏှာဆိုတာ ပေါ်လာပြန်တယ်၊ **"ဝေဒနာပစ္စယာ တဏှာ"**၊ ဒီနေရာမှာ တဏှာဟာ ဖြစ်လာစအချိန်မှာ အင်အားသိပ်မကောင်း သေးလို့ တဏှာလို့ပဲ ခေါ်ပြီး အင်အားကောင်းလာတဲ့အခါကျတော့ **"တဏှာပစ္စယာ ဥပါဒါနံ"** လို့ ပြင်းထန်တဲ့စွဲလမ်းမှုတစ်ခု ဖြစ်လာ တယ်၊ တဏှာတင် ဖြစ်တာ မဟုတ်ဘူး၊ တဏှာကို အခြေခံပြီးတော့ ဘာလာပြန်တုန်းဆိုလို့ရှိရင် **ဒိဋ္ဌုပါဒါန** - အယူအဆရေးရာတွေပါ ဆက်ပြီးတော့ လိုက်လာတယ်။

**ဒိဋ္ဌိ** ဆိုတာက သာမန်အားဖြင့် ကြည့်မယ်ဆိုရင် အမြင်မှားမှု ပဲ၊ "ဒီလူ အသိဉာဏ်မရှိလို့ အမြင်မှားတယ်" လို့ ပြောကောင်း ပြော မယ်၊ ဒိဋ္ဌိက မောဟနဲ့ အဓိကယှဉ်တွဲတယ်လို့ ဒီလို ထင်ကောင်း ထင်လိမ့်မယ်၊ သို့သော် ဒိဋ္ဌိစေတသိက်ဟာ လောဘမူစိတ်ထဲမှာ ယှဉ် ပြီးတော့ ဖြစ်တာ၊ လောဘကို အခြေခံပြီး ဖြစ်တာမို့ လောဘမူစိတ် မှာသာ ဒိဋ္ဌိက ယှဉ်တယ်၊ မောဟကိုသာ အခြေခံမယ်ဆိုရင် မောဟမူ စိတ်မှာ ဒိဋ္ဌိဖြစ်ကောင်း ဖြစ်မယ်ပေ့ါ။

အခုတော့ အဲဒီလို မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကို တွယ်တာမှု ဆိုတာကို အခြေပြုပြီးတော့ အယူမှားမှုတွေဟာ မျိုးစုံ ပေါ်လာတာ ဖြစ်တယ်၊ တဏှာဖြစ်တာနဲ့ တစ်ပြိုင်နက် မှားယွင်းတဲ့အယူအဆ ဆိုတဲ့ ဒိဋ္ဌိဟာလည်းပဲ ကပ်ပါလာတဲ့သဘော၊ ဒါကြောင့် **"တဏှာ- ပစ္စယာ ဥပါဒါနံ"** လို့ ဘဝတစ်ခု ဖြစ်ပေါ်ရန်အတွက် ဟောဒီ အကြောင်းတရားတွေဟာ ထပ်ဆင့်ပြီးတော့ ဝင်လာတယ်။

http://www.dhammadownload.com



## ဥပါဒါနပစ္စယာ ဘဝေါ

ဒါ သတ္တဝါတွေရဲ့အခြေအနေဟာ ဒီအတိုင်းပဲနော်၊ အဲဒီလို ဥပါဒါန်ဖြစ်လာပြီး အယူအဆတွေ အမျိုးမျိုးဝင်လာမယ်၊ တွယ်တာမှုတွေ အမျိုးမျိုး ဝင်လာတယ်ဆိုရင် ဘာလုပ်လဲ? **"ဥပါဒါနပစ္စယာ ဘဝေါ"** လို့ ကိုယ်စီကိုယ်စီ ကိုယ့်ဘဝလေးတွေ ရှိလာကြပြီပေ့ါ၊ ဖန်တီးလာကြပြီ၊ ကိုယ့်ဘဝ, သူ့ဘဝဆိုပြီးတော့ ဘဝလေးတွေ ဖြစ်လာကြပြီ။

ဒီနေရာမှာ ဘဝဆိုတာ ဘာကို ပြောတာတုန်းဆိုရင် ကံကြောင့်ဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးကို ရရှိစေတတ်တဲ့ အကြောင်းကံတို့ကို ပြောတာ၊ ကံကြောင့် ဖြစ်ပေါ်လာတဲ့ခန္ဓာငါးပါးကို **ဥပပတ္တိဘဝ**လို့ သုံးပြီးတော့ ထိုခန္ဓာငါးပါးကို ရရှိစေတတ်တဲ့, ဘဝကိုဖြစ်ပေါ်စေတတ်တဲ့ ကံကိုတော့ **ကမ္မဘဝ**လို့ ဒီလို သုံးတယ်။

ဥပပတ္တိဘဝ, ကမ္မဘဝ နှစ်မျိုးလုံးကို **"ဥပါဒါနပစ္စယာ ဘဝေါ"** လို့ ပြောတယ်၊ မြတ်စွာဘုရားသုံးစွဲထားတဲ့ စကားအတိုင်း သုံးလိုက်မယ်ဆိုရင် **"ဥပါဒါနပစ္စယာ ဘဝေါ"** - စွဲလမ်းမှုကို အခြေပြုပြီးတော့ လူတိုင်းမှာ ကိုယ်စီဘဝလေးတွေ ရှိလာကြတယ်လို့ ဒါဘဝကို သရုပ်ဖော်ထားတဲ့ စကားတစ်ခုပဲပေ့ါ။

## ပယ်ဖျက်ပုံ

ဒီနေရာမှာ မြတ်စွာဘုရားက **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"** ဖြင့် မမှန်ကန်တဲ့ အကြောင်းတရားတွေ - သို့မဟုတ် - အကြောင်းမဲ့ဆိုတဲ့ စကားတွေကို ပယ်ဖျက်တာ၊

http://www.dhammadownload.com



နောက်ပြီးတော့ **“ဝိညာဏပစ္စယာ နာမရူပံ”** ဆိုတဲ့စကားနဲ့က ဘာကို ပြောတာလဲဆိုရင် “ပဋိသန္ဓေဝိညာဏ်ဆိုတာ ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် **နာမရူပ** ဆိုတဲ့ နာမ်နဲ့ရုပ် ပေါ်လာတယ်” လို့ - ဒီစကားက ဘာကို ရည်ညွှန်းတာလဲဆိုရင် အများထင်နေတာက ဒီဝိညာဏ်လေး ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် သတ္တဝါလို့ ဒီလိုသတ်မှတ်တယ်။

အဲဒီတော့ မြတ်စွာဘုရားက **“ဝိညာဏပစ္စယာ နာမရူပံ”** လို့ ဟောလိုက်သဖြင့် သတ္တဝါမဟုတ်ဘူး၊ ဇီဝမဟုတ်ဘူး၊ နာမ်နဲ့ရုပ် သက်သက်သာဖြစ်တယ်ဆိုတာကို ရှင်းပြတာပဲ။

ဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းကြီးမှာ ဒီအဓိပ္ပါယ်လေးကို ဖော်ပြထားတာ ရှိတယ်၊ **“ဝိညာဏပစ္စယာ နာမရူပံ”** လို့ ဆိုလိုက်တဲ့စကားဟာ ဘာကို ပြောတာတုန်းဆိုရင် “ပဋိသန္ဓေဝိညာဏ်စိတ်ဆိုတာလေး ပေါ်လာတာနဲ့ တစ်ပြိုင်တည်း နာမ်နဲ့ ရုပ်တွေ ဖြစ်လာတယ်၊ သတ္တဝါဖြစ်လာတာ မဟုတ်ဘူး”၊ သို့သော် လူတွေကတော့ လူကလေး မွေးလာတယ်၊ သတ္တဝါလေး မွေးလာတယ်လို့ ဒီလိုပဲ ထင်ကြတယ်၊ တကယ်တော့ လူမွေးလာတာ မဟုတ်ဘူး၊ သတ္တဝါမွေးလာတာ မဟုတ်ဘူး၊ နာမ်နဲ့ရုပ် ဒီနှစ်ခု ဖြစ်လာတာ၊ **“ဝိညာဏ-ပစ္စယာ နာမရူပံ”**- ဒီအဓိပ္ပါယ်ကို ပြောတာ။

ဒါဖြင့် “နာမ်နဲ့ ရုပ်သာ ရှိတယ်” လို့ ပြောဆိုခြင်းဖြင့် ဘာကို ဖော်ပြတာတုန်းဆိုတော့ “အေး ... သတ္တဝါဆိုတဲ့ အထင်အမြင်အယူအဆကြီးဟာ ဟောဒီနာမ်နဲ့ ရုပ်ထဲမှာ လုံးဝမပါဘူး၊ နာမ်နဲ့ ရုပ်ဟာ သတ္တ၊ ဇီဝတွေမှ ကင်းဆိတ်နေလို့ သုညသက်သက်သာ ဖြစ်တယ်” ဆိုတဲ့အဓိပ္ပါယ်ကိုလည်း မြတ်စွာဘုရားက ဖော်ပြတယ်၊ သုညဆိုတာ emptyness, ဘာတစ်ခုမှ ဒီထဲမှာ ထင်ထားတဲ့

http://www.dhammadownload.com



အတိုင်း မရှိဘူး၊ သတ္တဆိုတာလည်း မရှိဘူး, ဇီဝဆိုတာလည်း မရှိဘူး, ရုပ်နာမ်သက်သက်မျှသာ ဖြစ်တယ်။

ဒီရုပ်နာမ်တွေထဲမှာ ထိုအိန္ဒိယခေတ်က တွေးခေါ်ထားတာတွေ အများကြီးပဲ၊ ဒီဝိညာဏ်ဆိုတာလေးက ဒီဘဝကနေ ဟိုဘဝ, ဟိုဘဝကနေ ဒီဘဝ, ဒီလိုကူးပြောင်းပြီးတော့ သွားလာနေတာတဲ့၊ သူတို့က ဘာနဲ့ ဥပမာပေးထားတုန်းဆိုတော့ "အဝတ်ကလေးတစ်ခု ဝတ်ထားတယ်၊ အဲဒီဝတ်ထားတဲ့ အဝတ်ကလေးဟောင်းလို့ရှိရင် နောက်ထပ်အဝတ်တစ်ခု လဲတယ်"၊ နောက်ဥပမာတစ်ခုက "ဒီအိမ်ထဲက ထွက်ပြီး ဟိုအိမ်ထဲ ဝင်တယ်" ပေါ့။ အဲဒါကို သတ္တဝါလို့ သတ်မှတ်တယ်, ဇီဝလို့ သတ်မှတ်တယ်, ပုဂ္ဂလလို့ သတ်မှတ်တယ်, အတ္တလို့ သတ်မှတ်တယ်။

ဗုဒ္ဓမြတ်စွာရဲ့သာသနာမှာဝင်ရောက်ပြီး ရဟန်းအဖြစ် ခံယူနေတဲ့ "သာတိ" ဆိုတဲ့ ကိုယ်တော်ကတောင်မှ အဲဒီအယူအဆမျိုးကို လူ့ဘဝကတည်းက စွဲလမ်းနေတာ၊ ဘုရားဟောတဲ့တရားကို သူ သဘောမကျနိုင်ဘူး၊ "ဒီဝိညာဏ်စိတ်ကလေး - သို့မဟုတ် - ဒီ ဝိညာဏ်ကလေး သတ္တဇီဝလေးဟာ ခန္ဓာကိုယ်တစ်ခုကနေ ခန္ဓာကိုယ်တစ်ခုကို ပြောင်းရွှေ့ပြီးတော့ သံသရာလည်နေတယ်" ဆိုတဲ့ ဒီအယူအဆကို သူလက်ခံတယ်၊ မြတ်စွာဘုရားက ရှင်းလင်းပြတာကို သူသဘောမကျနိုင်ဘူး။

ဘုရားလက်ထက်မှာလည်းပဲ အမြင်တစ်ခုဟာ စောင်းသွားပြီဆိုလို့ရှိရင် **"အာဓာနဂ္ဂါဟီ"**- စွဲစွဲလမ်းလမ်းယူတာ ဖြစ်သောကြောင့် **"ဒုပ္ပဋိနိဿဂ္ဂီ"** တဲ့၊ စွန့်လွှတ်ဖို့ဆိုတာ အလွန်ခက်တယ်၊ အယူဝါဒတစ်ခုဟာ လွယ်လွယ်နဲ့ စွန့်လွှတ်နိုင်မှာ မဟုတ်ဘူးတဲ့၊

http://www.dhammadownload.com



မှားယွင်းတဲ့ အယူအဆတစ်ရပ်ကို အမြင်မှန်ရအောင် ချေဖျက်ပစ်ဖို့ဆိုတာ အလွန်တရာမှ ခဲယဉ်းတယ်တဲ့။

**မှားယွင်းသောအယူရှိတဲ့ ပုဂ္ဂိုလ်နား မကပ်သင့်ပုံ**

ဒါကြောင့်မို့ အဋ္ဌကထာဆရာကြီးတွေက တိုက်တွန်းနှိုးဆော်ထားတာ ရှိတယ်၊ အသက်ရှည်လိုတဲ့ပုဂ္ဂိုလ်ဟာ ပြင်းထန်တဲ့အဆိပ်အတောက်ရှိတဲ့ မြွေဆိုးတွေနား မကပ်သင့်ဘူးတဲ့၊ မြွေဆိုးတွေနားမှာ ကပ်လို့ မြွေကိုက်ခံရလို့ရှိရင် သေဆုံးသွားနိုင်တယ်၊ ဒါကြောင့်မို့ **မှားယွင်းတဲ့ အယူရှိတဲ့ ပုဂ္ဂိုလ်နားမှာ သူပြောမယ့် မှားယွင်းတဲ့စကားတွေ မကြားမိအောင် သူ့စကားကို နားမထောင်မိဖို့ သူ့ကို ဝေးဝေးက ရှောင်ရမယ်။**

မှားယွင်းတဲ့အယူအဆရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ သူက ယုတ္တိဆင်ပြီးတော့ ပြောလို့ ကိုယ်က နည်းနည်းသဘောကျသွားမယ်, မှားယွင်းတဲ့အယူအဆတစ်ရပ်ကို ကိုယ့်သန္တာန်မှာ လက်ခံသွားမိမယ်ဆိုရင် အလွန်အန္တရာယ်များတယ်ပေါ့၊ ဒါကြောင့်မို့ ဒီလိုပုဂ္ဂိုလ်မျိုးရဲ့စကားကိုလည်း နားမထောင်မိစေနဲ့လို့ ပြောတာ၊ နားထောင်မိရင် အယူအဆတစ်ရပ်ဟာ မှားယွင်းသွားနိုင်တယ်၊ ဒါမျိုးက ဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ အဋ္ဌကထာဆရာကြီးတွေက ဒီဂါထာလေးနဲ့ သတိပေးထားတာ ရှိတယ် . . .

**"တသ္မာ အကလျာဏဇနံ၊**
**အာသီဝိသ မိဝေါရဂံ၊**
**အာရကာ ပရိဝဇ္ဇေယျ၊**
**ဘူတိကာမော ဝိစက္ခဏော"** တဲ့။

http://www.dhammadownload.com



## သုည ဆိုတဲ့ စကားလုံး

**"ဝိညာဏပစ္စယာ နာမရူပံ"** ရုပ်နာမ်သက်သက်သာ ဖြစ်တယ်လို့ ဒီလိုဟောလိုက်ခြင်းဖြင့် သတ္တ, ဇီဝ မပါဘူးဆိုတဲ့ သုညတရားကိုလည်း မြတ်စွာဘုရားက ရှင်းပြရာ ရောက်တယ်၊ **သုည** ဆိုတဲ့စကားလုံးက ဘာပြောတာတုန်းဆိုရင် သူတို့ထင်တဲ့ အရာတွေ မပါတာကို သုညလို့ ပြောတယ်နော်။

သုညဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ဖွင့်ဆိုမှုတွေဟာ နောက်ပိုင်းမှာ ပြောင်းလဲပြီးတော့ ဖွင့်ဆိုတာတွေ ရှိတယ်၊ ထေရဝါဒဗုဒ္ဓသာသနာတော်မှာ သုညလို့ မြတ်စွာဘုရား မူလဖွင့်ဆိုချက်ကို သိရမယ်၊ ဆိုပါစို့ - ပါရာယနသုတ္တန်မှာ မောဃရာဇဆိုတဲ့ ကျောင်းသားတစ်ဦးကို မြတ်စွာဘုရားက သူ့အမေးကို ဖြေတဲ့အခါမှာ -

**"သုညတော လောကံ အဝေက္ခဿု။**
**မောဃရာဇ သဒါ သတော။"**

အစဉ်ထာဝရ သတိထားပြီးတော့ လောကကြီးကို သုညအနေနဲ့ သေသေချာချာကြည့် - တဲ့၊ လောကကြီးတစ်ခုလုံးဟာ ထင်နေတဲ့ သတ္တ ဇီဝဆိုတာ လုံးဝမပါတဲ့၊ သတ္တ ဇီဝဆိုတာ ဆိတ်သုဉ်းနေတယ် ဆိုတာ မြင်အောင်ကြည့် - တဲ့။

ဘုန်းကြီးတို့တစ်တွေရဲ့မျက်စိထဲမှာ သတ္တဝါတွေချည်းပဲ မြင်နေတယ်, ဇီဝတွေချည်းပဲ မြင်နေတယ်, ပုဂ္ဂလတွေချည်းပဲ မြင်နေတယ်၊ မြဲတဲ့အရာတွေချည်းပဲ မြင်နေတယ်၊ အဲဒါမျိုး မရှိဘူးဆိုတာကို ထင်ရှားလာအောင် **"သုညတော လောကံ အဝေက္ခဿု"** သုညအနေနဲ့ မြင်အောင်ကြည့်လို့ ဒီလို ပြောတာ။

http://www.dhammadownload.com



အဲဒီ သုညကို အဓိပ္ပါယ်ဖော်တဲ့အခါ အမျိုးမျိုးအဓိပ္ပါယ် ဖော်ကြတယ်၊ ဗုဒ္ဓဘာသာကို လေ့လာတဲ့ပုဂ္ဂိုလ်တွေကတော့ မြတ်စွာဘုရားဟောတဲ့ သုတ္တန်တွေကို Early Buddhism စော စောပိုင်းက ဗုဒ္ဓဝါဒလို့ ယူဆပြီး နောက်ပိုင်းမှာ အဓိပ္ပါယ်အမျိုးမျိုး ဖော်ဆောင်တာကိုတော့ Later Buddhism ဆိုပြီးတော့ ဒီလို ခွဲကြတယ်။

Early Buddhism ဆိုတာ အခု ထေရဝါဒ မြန်မာနိုင်ငံမှာ ထွန်းကားနေတဲ့ သံဂါယနာ ၆-တန်တင်ထားတဲ့ ပိဋကတ်မှာ လာ တဲ့အတိုင်းကို Early Buddhism လို့ သူတို့က ယူဆတယ်၊ နောက်ပိုင်းမှာ တိုးတက်ဖြစ်ပေါ်လာတဲ့ အဓိပ္ပါယ်တွေက အမျိုးမျိုး ဖြစ်ပေါ်လာတာ ရှိတယ်။

သုညဆိုတဲ့ စကားလုံးကို မြတ်စွာဘုရားက ရှင်းတဲ့အခါမှာ **"သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ"** လို့ ဒီစကားနဲ့ ရှင်းတယ်၊ အတ္တဆိုတာ မပါဘူး၊ **"အတ္တ"** ဆိုတာ မရှိသည့်အတွက်ကြောင့် အတ္တက ပိုင်ဆိုင်တယ်ဆိုတဲ့ **"အတ္တနိယ"** မရှိဘူး။

တစ်ခါ စကားနဲ့ပြောမယ်ဆိုလို့ရှိရင် **"ငါ"** ဆိုတာ မရှိဘူး၊ ငါ မရှိရင် **"ငါ့ဥစ္စာ"** ဆိုတာလည်း မရှိဘူး၊ ငါရှိမှ ငါ့ဥစ္စာဆိုတာ ဖြစ်နိုင်တာကိုး၊ ငါမှမရှိဘဲ ငါ့ဥစ္စာဆိုတာ ပြောလို့ မရဘူး၊ အဲဒီ စကားလုံးကျတော့ စာပေကျမ်းဂန်မှာ **"အဟံ မမ"** ဆိုတဲ့ စကား လုံးနဲ့ သုံးတယ်။

**အဟံ** ဆိုတာ တကယ်က **"ငါ"** လို့ ပြောတာ၊ အဲဒါ အတ္တကို ရည်ညွှန်းတာပဲ၊ သတ္တ, ပုဂ္ဂလကို ရည်ညွှန်းတာ၊ **"ငါ"** ဆိုတဲ့စကားလုံးက ကိုယ့်ကိုယ်ကို ရည်ညွှန်းတာကို ပြောတာ မဟုတ်

http://www.dhammadownload.com



ဘူး၊ အတ္တကို ပြောတာ၊ ဒါကြောင့်မို့ **"နာဟံ န အတ္တနော"** ငါ လည်း မဟုတ်ဘူး၊ ငါ့ဟာလည်း မဟုတ်ဘူး၊ **"နာဟံ န မမ"** - **အဟံ** ဆိုတာလည်း မဟုတ်ဘူး, **မမ** ဆိုတာလည်း မဟုတ်ဘူး၊ ဒီလို ဆိုလိုတယ်။

အဲဒါ **"အတ္တ အတ္တနိယ"** ဆိုတဲ့ အဓိပ္ပါယ်နဲ့ အတူတူပဲလို့ ဒီလိုမှတ်၊ ရုပ်တရားကိုဖြစ်စေ နာမ်တရားကိုဖြစ်စေ မိမိတို့တကယ် ရှိတဲ့ ရုပ်နဲ့ နာမ် တစ်ခုခုကို ငါ လို့ သတ်မှတ်လိုက်ရင် ကျန်တဲ့ ဟာ **ငါ့ဥစ္စာ**၊ ငါနဲ့ ငါ့ဥစ္စာ၊ ဆိုပါစို့ - "ငါ" ဆိုတာဟာ လူတွေဟာ ကိုယ့်ကိုယ်ကို "ငါ"လို့ ပြောနေတာ ဘာကို ပြောတာတုန်းလို့ အသေးစိတ် မေးလိုက်မယ်ဆိုရင် တစ်ခုစီကို "ငါ" လို့ ပြောစရာ တစ်ခုမှ မရှိဘူးနော်။

သို့သော် ပေါင်းပြီးတော့ အကုန်လုံးကို "ငါ"လို့ ပြောလိုက် တယ်၊ ဥပမာ- စိတ်ကလေးကို "ငါ"လို့ ပြောလိုက်လို့ရှိရင် ထိုစိတ် ကလေးနဲ့ မှီရာရုပ်တရားကြီးကို "ငါ့ဥစ္စာ"လို့ ဒီလို သတ်မှတ်တယ်၊ ဒါကြောင့်မို့ လူတွေက ပြောကြတယ်၊ ငါ့မျက်လုံးလို့ ပြောတယ်၊ ငါ့နား ငါ့စိတ် ငါ့ကိုယ် ငါ့ဘဝလို့ သုံးလာကြပြီ၊ "ငါ" ဆိုတာကို လက်ခံထားသည့် အတွက်ကြောင့် ငါ့မျက်လုံး ငါ့ကိုယ် ငါ့စိတ် ဆိုတာတွေ ပေါ်လာတာပဲ။

တကယ်တော့ ငါ့ကိုယ် ငါ့စိတ် ငါ့မျက်လုံး ဆိုတာ ရှိရဲ့လား ဆိုတော့ မရှိဘူး၊ ကံတည်းဟူသော အကြောင်းတရားကြောင့် ဖြစ် ပေါ်နေတဲ့ ရုပ်တရားသက်သက်မျှသာ ဖြစ်တယ်၊ ငါ့မျက်လုံးဆိုတာ လည်း ရုပ်တရားသက်သက်မျှသာ ဖြစ်တယ်၊ ငါ့စိတ်ဆိုတာလည်း နာမ်တရားသက်သက်မျှသာ ဖြစ်တယ်လို့၊ အဲဒီအထဲမှာ ငါလို့

http://www.dhammadownload.com



ပြောစရာလည်း တစ်ခုမှ မရှိဘူး၊ ငါ့ဥစ္စာလို့ ပြောစရာလည်း တစ်ခုမှ မရှိဘူး၊ ဒါကြောင့်မို့ **"သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ"** လို့ ဆိုတာ။

အေး . . . အသေးစိတ်ပြောတဲ့အခါကျတော့ **"စက္ခု သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ"** - မျက်လုံးလေးဟာ သုညတဲ့၊ မျက်လုံးဟာ မျက်လုံးပဲ, ရုပ်တရားပဲ၊ အဲဒီမျက်လုံးထဲမှာ အတ္တဆိုတာ မရှိဘူး၊ မျက်လုံးဟာ အတ္တရဲ့ ပိုင်ဆိုင်တဲ့အရာလည်း မဟုတ်ဘူး၊ ဒါကြောင့်မို့ သူ့ကို အင်္ဂလိပ်လို ပြောတဲ့အခါကျတော့ Eye is empty, eye ဟာ ဘာမှ မရှိဘူး၊ eye ဟာ just eye ပဲ၊ ဘာကြောင့် empty ဖြစ်လဲဆိုလို့ရှိရင် " Nither I, nor My property" အတ္တလည်း မဟုတ်ဘူး၊ အတ္တရဲ့ property ပိုင်ဆိုင်တဲ့အရာလည်း မဟုတ်ဘူးလို့ ဒီလိုပြောတာ၊ အဲဒါဟာ Early Buddhism က ဖွင့်ဆိုတဲ့ အဓိပ္ပါယ်တစ်ရပ်ပဲ။

## သုညနှင့် ပတ်သက်၍ မှားယွင်းစွာ ဖွင့်ဆိုချက်

အခုနောက်ပိုင်းမှာ တိုးတက်ဖြစ်ပေါ်လာတဲ့ ဗုဒ္ဓဘာသာလို့ ယူဆကြတဲ့ဝါဒတွေ ပေါ်လာတယ်၊ သုညနဲ့ ပတ်သက်ပြီးတော့ **Nagarjuna** ဆိုတဲ့ အိန္ဒိယက ရဟန်းတစ်ပါး၊ သူက သုညဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပါယ်ကို ချဲ့ပြတယ်၊ မြတ်စွာဘုရားဟောတာက **အတ္တနဲ့ အတ္တနိယ** မရှိတာကို သုညလို့ ပြောတာ၊ သူ့ကျတော့ အဓိပ္ပါယ်တွေ ဘာတွေထပ်ချဲ့လိုက်သလဲဆိုရင် သူက **"သဗ္ဗံ သုညံ** - all are empty" အားလုံးဟာ ဘာမှ မရှိဘူးတဲ့၊ အားလုံးလို့ ဆိုလိုက်ကတည်းက ဘာတစ်ခုမှ မကျန်တော့ဘူး။

http://www.dhammadownload.com



ဟိုတုန်းက မြတ်စွာဘုရားက **"စက္ခု သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ"** စက္ခုဆိုတာ ရုပ်တရားအနေနဲ့ ရှိတယ်၊ အဲဒီ ရုပ်တရားမှာ အတ္တဆိုတာ မရှိဘူး၊ အတ္တရဲ့ ပိုင်ဆိုင်တယ်ဆိုတာ မဟုတ်ဘူးလို့၊ အတ္တလည်း မဟုတ်ဘူး၊ အတ္တရဲ့ပိုင်ဆိုင်တဲ့ပစ္စည်း လည်း မဟုတ်ဘူးလို့ - ဒီအဓိပ္ပါယ်ကို မြတ်စွာဘုရားက ဟော တာ။

အေး - သူကျတော့ ရုပ်တရားလည်း မရှိဘူး၊ နာမ်တရား လည်း မရှိဘူး၊ **"သဗ္ဗံ သုညံ** - all are empty" ဆိုပြီး ဘာမှ မရှိတော့ဘူးဆိုတဲ့ အဓိပ္ပါယ်ကို သူက ဖွင့်တယ်၊ **Nagarjuna** ရေး တဲ့ မူလမဓျာမိကကာရိကာဆိုတဲ့ ကျမ်းတစ်ကျမ်း ရှိတယ်၊ အဲဒါ ကို မဟာယာနတွေက သူတို့ရဲ့ Philosophy အတွေးအခေါ်ကျမ်း တစ်ခုအနေနဲ့ သင်ရိုးပြုကြတယ်။

သုညအဓိပ္ပါယ်ဟာ ဗုဒ္ဓမြတ်စွာရဲ့ မူရင်းသုညအဓိပ္ပါယ် မဟုတ်ဘဲနဲ့ ကိုယ်ပိုင်အတွေးအယူအဆနဲ့ "all are empty" - "သဗ္ဗံ သုညံ" အားလုံးဟာ သုညလို့ ဆိုတာ၊ သူက ဘာနဲ့ ရှင်းပြ တုန်းဆိုတော့ သူပြောချင်တဲ့သုညဆိုတာ ဘာလဲ? ပဋိစ္စသမုပ္ပါဒ် ကို သုညလို့ ပြောချင်တာတဲ့၊ ပဋိစ္စသမုပ္ပါဒ်ကို သုညဆိုတာ သူက ဘာကို ဆိုလိုတာတုန်းဆိုတော့ **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"** ဆိုတဲ့ နေရာမှာ သင်္ခါရဆိုတာ မရှိရင် အဝိဇ္ဇာဆိုတာ မရှိနိုင်ဘူး၊ သင်္ခါရ ကို ထောက်ပြီးတော့ အဝိဇ္ဇာကို ပြောရတယ်တဲ့၊ အဝိဇ္ဇာကို ထောက်ပြီးတော့ သင်္ခါရဆိုတာ ပြောရတယ်တဲ့။

ဘာနဲ့ ဉပမာပေးတုန်းဆိုတော့ **ပိတာပုတ္တာ** - သားနဲ့ အဖေ လိုပဲ၊ သားကို ထောက်ပြီး အဖေလို့ ခေါ်တာ၊ အဖေကို ထောက်

http://www.dhammadownload.com



ပြီး သားလို့ ခေါ်တာ၊ တစ်ခုခုကို ဖယ်လိုက်မယ်ဆိုရင် - အဖေကို ဖယ်လိုက်လို့ရှိရင် သားဆိုတာ မရှိဘူး၊ သားကို ဖယ်လိုက်ရင်လည်း အဖေဆိုတာ မရှိနိုင်ဘူး၊ သူက အဲဒီဥပမာမျိုးကို ပေးပြီးတော့ ပြောတာ။

ဆိုလိုတာက အပြန်အလှန် မှီပြီး နေရတယ်၊ သားနဲ့ အဖ ဟာ အပြန်အလှန်ထောက်ထားပြီးတော့ ပြောနေတဲ့စကား၊ တစ်ခု ဖယ်လိုက်ရင် ကျန်တစ်ခုရပ်တည်နိုင်စွမ်း မရှိဘူး၊ နှစ်ခုပေါင်းမှ ရပ် တည်နိုင်တယ်ပေါ့၊ ဒါကြောင့်မို့ All are empty - သုည လို့ သူက ပြောတာ။

သို့သော် မြတ်စွာဘုရားဆိုလိုတာထက် သူ့ "သုည" က ပိုလွန်းနေတယ်၊ ရုပ်တွေနာမ်တွေပါ မရှိဘူးဆိုတဲ့အဓိပ္ပါယ် ရောက် သွားတယ်၊ All are empty အဓိပ္ပါယ်က ဘာမှ မရှိဘူးဆိုတဲ့ အဓိပ္ပါယ် ရောက်သွားတာပေါ့၊ အေး. . . နိဗ္ဗာန်ကို သုညလို့ ပြော တာတောင်မှ ရာဂရဲ့ဆိတ်သုဉ်းမှု, ဒေါသရဲ့ဆိတ်သုဉ်းမှု, မောဟ ရဲ့ဆိတ်သုဉ်းမှု ဆိုတာတွေနဲ့ တစ်ခုခုကိုင်ပြီးတော့ ပြောရတယ်။

**Nagarjuna** ဆိုတဲ့ အဲဒီသုညဝါဒီက သူလည်း ဗုဒ္ဓဘာသာ ရဟန်းတော်တစ်ပါးပဲ၊ သို့သော် သူရေးတဲ့နည်းက dialectic လို့ ခေါ်တယ်၊ ဒါပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်သွယ်နေလို့ ပြောတာ၊ dialectic ဝါဒလို့ ခေါ်တယ်၊ သူက အားလုံးကို ငြင်းပယ်တယ်၊ ငြင်းပယ်ပြီး တော့ အဖြေထုတ်သလားဆိုတော့ အဖြေမထုတ်ဘူး။

"ဘာဝ လို့ ခေါ်တဲ့ ဖြစ်ပေါ်လာတဲ့သဘာဝတရားတစ်ခု ဟာတဲ့ မိမိတည်းဟူသော အကြောင်းကြောင့် ဖြစ်တာလည်း မဟုတ်ဘူး၊ တခြားအကြောင်းကြောင့် ဖြစ်တာလည်း မဟုတ်ဘူး၊

http://www.dhammadownload.com



မိမိအကြောင်း တခြားအကြောင်းဆိုတဲ့ အကြောင်းနှစ်မျိုးကြောင့် ဖြစ်တာလည်း မဟုတ်ဘူး၊ သို့သော် အကြောင်းမဲ့ဖြစ်တာလည်း မဟုတ်ဘူး" လို့ ရေးတယ်၊ ဘာကြောင့်ဖြစ်တာလဲ ဆိုတာတော့ သူက တိုက်ရိုက် မပြောဘူး၊ အဖြေ မထုတ်ဘူး။

နောက်တစ်ခု သူက ဘာပြောသလဲဆိုတော့ "သံသရာနဲ့ နိဗ္ဗာန်ဟာ အတူတူပဲ၊ ဘယ်လိုတူတာတုန်းဆိုရင် အမှန်တရားကို မမြင်နိုင်တဲ့, အမှန်တရားကို ဖုံးကွယ်ထားတဲ့ အဝိဇ္ဇာရှိနေတဲ့အချိန်မှာ နိဗ္ဗာန်ကို သံသရာအဖြစ် မြင်နေကြတာ၊ အဲဒီအမှန်တရားကို မမြင်တဲ့အဝိဇ္ဇာကို ဖယ်ရှင်းလိုက်တာနဲ့တစ်ပြိုင်နက် နိဗ္ဗာန်ကို မြင်ရတယ်" လို့ ဒီလိုပြောတယ်၊ အဲဒီ မဓျာမိက Philosophy ကျမ်းကို သင်လို့ရှိရင်တော့ ခေါင်းတွေ ချာလပတ်ရမ်းသွားလိမ့်မယ်၊ ဘာမှ အဖြေမထုတ်နိုင်ဘူး။

သူက သံသရာနဲ့ နိဗ္ဗာန်တူတယ် ဆိုတာကို ဥပမာလေး တစ်ခုနဲ့ ပြောထားတယ်၊ ဟုတ်သယောင်ယောင်ပေါ့နော်၊ မှောင်စပျိုးချိန် လမ်းပေါ်မှာ မြွေလေးသဏ္ဌာန် ကြိုးခွေလေးတစ်ခု ကျနေတယ်၊ မှောင်ရီပျိုးနေတယ်ဆိုတော့ အဲဒီကြိုးကလေးကို ကြည့်လိုက်တဲ့အခါ အလင်းက ပြည့်ပြည့်ဝဝ မရတော့ မြွေဆိုပြီးတော့ လန့်တယ်၊ အဲဒီ မြွေလို့ထင်ရတဲ့ ကြိုးလေးကို ဓာတ်မီးနဲ့ဖြစ်စေ, အလင်းရောင်တစ်ခုခုနဲ့ဖြစ်စေ အသေအချာကြည့်လိုက်လို့ရှိရင် ကြိုးပဲ၊ အဲဒါကို သူက ဥပမာပေးထားတယ်။

"နဂိုတုန်းကလည်း ကြိုးပါပဲတဲ့နော်၊ အမှောင်ထဲတုန်းကလည်း ကြိုးပဲ, မြွေမဟုတ်ဘူး၊ အလင်းရောင်ထဲ ကြည့်လိုက်တဲ့အခါကျတော့လည်း ကြိုးပဲတဲ့၊ နဂိုက ကြိုးမို့ ကြိုးဖြစ်တယ်ပေါ့၊

http://www.dhammadownload.com



အဲဒီဥပမာနဲ့သူက နဂိုကတည်းက နိဗ္ဗာန်ပါတဲ့၊ မှောင်နေတဲ့အချိန် ကျတော့ မြွေထင်နေသလို သံသရာလို့ ထင်နေတာ" လို့ ဒီလို ပြောပြန်တယ်၊ အဲဒါ သုညဝါဒီရဲ့စကားပဲ။

မြတ်စွာဘုရားရဲ့ တရားတော်တွေကို နောက်ပိုင်း interpretation လုပ်တဲ့အခါ အစွန်းရောက်သွားတဲ့ interpretation တွေ, အမှန်တရားကနေ လွဲချော်သွားတဲ့ interpretation တွေ ပေါ်လာတယ်။

မြတ်စွာဘုရားက **မဇ္ဈိမပဋိပဒါ** - ဟိုဘက်ဒီဘက် ချိန်ခွင်လျှာမျှပြီးတော့ မှန်ကန်တဲ့လမ်းစဉ် အစွန်းမရောက်တဲ့လမ်းစဉ်နဲ့ သွားတာ၊ လွယ်လွယ်လေးနဲ့ အစွန်းရောက်သွားနိုင်တယ်၊ ဘုရားတရားတော်တွေက အလွန့်ကို သိမ်မွေ့နူးညံ့တယ်လို့ ပြောတာနော်။

သူပြောတဲ့ dialectic က မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် တစ်ခါတစ်ရံ မဖြေဘူးဆိုတဲ့ စကားတွေနဲ့လည်း သွားပြီး ဆက်စပ်နေတယ်၊ ဘုရားမဖြေတာက အဓိပ္ပါယ်ရှိတယ်လေ၊ ဖြေလို့ရှိရင် မမှန်ကန်တဲ့ဝါဒတစ်ခုကို လက်ခံရာ ရောက်သွားမှာ ဖြစ်လို့ပေါ့။

### မြတ်စွာဘုရား အဖြေမပေးသော မေးခွန်းများ

ဆိုပါစို့ - "သတ္တဝါဟာ သေပြီးတဲ့နောက် ဖြစ်သလား?" "သတ္တဝါဟာ သေပြီးတဲ့နောက် မဖြစ်ဘူးလား?" "သတ္တဝါဟာ သေပြီးတဲ့နောက် တချို့ဖြစ်တယ် တချို့မဖြစ်ဘူးလား?" "သတ္တဝါဟာ သေပြီးတဲ့နောက် လုံးဝမဖြစ်ဘူးလား၊ လုံးဝမဖြစ်တာလည်း မဟုတ်ဘူးလား?" ဆိုတဲ့ ဒီမေးခွန်း ၄-ခု။

http://www.dhammadownload.com



အဲဒီမေးခွန်း၄-ခုဟာ ဘယ်တစ်ခုကိုမှ မြတ်စွာဘုရားက အဖြေမပေးဘူး၊ ဘာဖြစ်လို့ အဖြေမပေးတာလဲဆိုတော့ ရှင်းရှင်းလေးပဲလေ၊ လူတစ်ယောက်ကို မေးကြည့်မယ်- "မင်းမှာ ကားရှိလား" လို့ မေးလိုက်တယ်၊ "မရှိဘူး"၊ "အေး အဲဒီမရှိတဲ့ကားဟာ Made in Japan လား" လို့ မေးရင် ဘယ်လိုဖြေမလဲ၊ ကိုယ့်မှာ မရှိတဲ့ကားကို မေးတာ ဆိုတော့ ဟုတ်လား၊ "အဲဒီမရှိတဲ့ကားဟာ ဂျပန်မှာ လုပ်တာလား" ဆိုတာကို ဘယ်လိုလုပ်ဖြေမလဲ၊ ဖြေလို့ မရဘူးပေါ့။

နောက်ဥပမာတစ်ခုက သားသမီးမရှိပါဘူးဆိုတဲ့ အမျိုးသမီးတစ်ဦးရဲ့သားဟာ "အရပ်ထွားသလား၊ အရပ်ပုသလား" လို့ မေးကြည့်မယ်၊ ဒီမေးခွန်းကို ဖြေလို့ ရမလား၊ မရဘူးနော်၊ အေး - အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားက မဖြေတာ - အဓိပ္ပါယ်ရှိတယ်။

တချို့ကတော့ မြတ်စွာဘုရား မဖြေတာကို မသိလို့ မဖြေသယောင်ယောင်၊ နှုတ်ဆိတ်နေသယောင်ယောင်နဲ့ ဒီလိုတွေ ဘာသာပြန်ကြတာတွေ ရှိသေးတယ်၊ အမှန်ကတော့ သတ္တဝါလို့မှ ကိုယ်ကမှ လက်မခံတဲ့အရာတစ်ခုကို သတ္တဝါအဖြစ်ကိုင်ပြီးတော့ မေးပြီဆိုရင် ဘုရားက ဘယ်တော့မှ လက်ခံမှာ ဖြေဆိုမှာ မဟုတ်ဘူး၊ ဘာဖြစ်လို့တုန်းဆို မြတ်စွာဘုရားက သတ္တဝါလို့သတ်မှတ်တာ တစ်ခုမှ မရှိဘူးလေ၊ ရုပ်နဲ့ နာမ်ပဲ ရှိတာကိုး၊ အဲဒီနေရာတွေက အလွန်သိမ်မွေ့တယ်တဲ့။

ဒါကြောင့်မို့ ဒီပဋိစ္စသမုပ္ပါဒ်ကို ဟောတဲ့အခါမှာ မြတ်စွာဘုရားက **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ဟောလိုက်တာဟာ သတ္တဝါဖြစ်တာ မဟုတ်ဘူး၊ ဇီဝဖြစ်တာ မဟုတ်ဘူး၊ နာမ်နဲ့ ရုပ်

http://www.dhammadownload.com



နှစ်ခုတည်းပဲ ဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ်ကို ဖော်ပြရုံမျှမက နာမ်ရုပ်ဆိုတာ သတ္တဝါမပါတဲ့ သုညပဲ၊ သတ္တဝါတွေက ကင်းဆိတ်နေတဲ့ သုညပဲတဲ့၊ တကယ့်သုညအစစ်၊ ငါလို့ ပြောစရာ မရှိဘူး၊ ငါ့ဥစ္စာလို့ ပြောစရာ မရှိဘူး၊ နာမ်နဲ့ ရုပ်သက်သက်ပဲလို့ ဒီအဓိပ္ပါယ်ကို ဖော်ပြတာတဲ့။

ဒါတင်မကဘူး **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ပြောလိုက်သဖြင့် **ဓမ္မစက္ကပဝတ္တနသုတ္တန်**မှာ - (ဒီသုတ္တန်ဟာ အဓိကအားဖြင့် သစ္စာလေးပါးကို ရှင်းပြတဲ့သုတ္တန်ပဲ)- အေး **နာမရူပံ** လို့ ပြောလိုက်သဖြင့် ဒုက္ခလို့ ပြောလိုက်တာပဲ၊ ဒါဖြင့် ဝိညာဏ်ကြောင့် ဖြစ်လာတဲ့အရာဟာ ဘာလဲဆိုရင် ဒုက္ခပဲတဲ့၊ အဝိဇ္ဇာတို့ သင်္ခါရတို့က ဖန်တီးပေးလိုက်သည့်အရာသည် ဘာကို ဖန်တီးပေးတာလဲဆိုတော့ ဒုက္ခကို ဖန်တီးလိုက်ပေးတာ။

## ဒုက္ခ၏ ဆိုလိုချက်

"ဒုက္ခ" ဆိုတာ ဒီနေရာမှာ ဆင်းရဲတာကို ပြောတာ မဟုတ်ဘူး၊ ဒုက္ခရဲ့အဓိပ္ပါယ်တစ်ခုကို မှတ်ရမယ်၊ စကားလုံးချင်းက အသံတူနေလို့ သူ့ရဲ့အဓိပ္ပါယ်က ဒီနေရာမှာ ဒုက္ခဆိုတာ ဒု + ခ - **"ဒု"** ဆိုတာ နှစ်သက်ကျေနပ်စရာ မကောင်းဘူး၊ စက်ဆုပ်ရွံမုန်းစရာကောင်းတယ်၊ **"ခ"** ဆိုတာ ဘာမှ မရှိဘူး, ကိုယ်ထင်တဲ့အတိုင်း တစ်ခုမှ မဟုတ်ဘူး၊ ဒီအဓိပ္ပါယ်မျိုးကို ပြောတာ၊ ထင်တဲ့အတိုင်း ဘာမှမဟုတ်သည့်အပြင် ဘေးရန်ဟူသမျှရဲ့တည်ရာကြောင့် ကျေနပ်စရာ မကောင်းဘူး၊ ကိုယ်ထင်တဲ့အရာတွေ တစ်ခုမှ မရှိဘူးဆိုတဲ့ အဲဒီအဓိပ္ပါယ်နဲ့ ဒုက္ခလို့ ပြောတာ။

http://www.dhammadownload.com



## ကိုယ်ထင်တဲ့အတိုင်း တစ်ခုမှ မဟုတ်

သံယုတ်ထဲက သုတ္တန်တစ်ခုထဲမှာလည်းပဲ မြတ်စွာဘုရား ဟောထားတယ်လေ၊ **"ယော ဘိက္ခဝေ ရူပဿ ဥပ္ပါဒေါ ဒုက္ခဿေသော ဥပ္ပါဒေါ"** ရုပ်တရားဖြစ်ပေါ်လာတာ ဘာဖြစ်ပေါ်လာတာတုန်းဆို ဒုက္ခဖြစ်ပေါ်လာတာ၊ အဲဒီဒုက္ခဟာ ကိုယ်ထင်တဲ့အတိုင်း တစ်ခုမှ မဟုတ်ဘူး၊ ရုပ်တရားဟာ ကိုယ်ထင်တဲ့အတိုင်း တစ်ခုမှ မဟုတ်ဘူး။

ဒါကြောင့်မို့ **"တဏှာသင်္ခယသုတ်"**, ရှင်မဟာမောဂ္ဂလာန်ရဲ့ မေးခွန်းကိုဖြေတဲ့ **"ပစလာယနသုတ်"** - တဏှာသင်္ခယအဓိပ္ပါယ်ကို ပြောတဲ့အခါ **"သဗ္ဗေ ဓမ္မာ နာလံအဘိနိဝေသာယ"** ဆိုတဲ့ ဒီစကား တစ်ခုဟာ အင်မတန်မှ မှတ်သားထိုက်တဲ့ စကားတစ်ခု၊ **သဗ္ဗေ ဓမ္မာ** ဆိုတာ ဘုန်းကြီးတို့တစ်တွေသန္တာန်မှာ ရှိထားတဲ့ ရုပ်တရား နာမ်တရားတွေအားလုံးဟာ **"နာလံ အဘိနိဝေသာယ"**၊ **"အဘိနိဝေသ"** ဆိုတာ စိတ်ထဲမှာ စွဲမှတ်ထားတာ၊ ငါလို့ ငါ့ဥစ္စာလို့ မြဲတယ်လို့ ချမ်းသာတယ်လို့ အများက ထင်နေကြတယ်၊ အဲဒီအထင်အမြင်တွေအတိုင်း မထင်သင့်တဲ့တရားပါလို့ - ဒီလိုပြောတာနော်။

ရုပ်တရား နာမ်တရားတွေဟာ ငါ ငါ့ဥစ္စာလို့ စိတ်ထဲမှာ စွဲလမ်းမထားသင့်တဲ့တရားတဲ့၊ မြဲတယ် ချမ်းသာတယ် ငါပိုင်တယ်လို့ မစွဲလမ်းသင့်တဲ့တရား ဖြစ်တယ်၊ ဘာ့ကြောင့် အဲဒီလို ဖြစ်တာ တုန်းဆိုတော့ ကိုယ်ထင်တဲ့အတိုင်း ဟုတ်မှ မဟုတ်တာဘဲ၊ တလွဲတွေချည်းပဲ ဖြစ်နေတယ်။

ကိုယ်ကတော့ ထာဝရလို့ ထင်တယ်, သူက တစ်ခဏပဲ ဖြစ်တယ်၊ ကိုယ်ကတော့ သုခလို့ ထင်တယ်, သူက ဒုက္ခဖြစ်တယ်၊

http://www.dhammadownload.com



ကိုယ်ကတော့ ကိုယ်ပိုင်ဆိုင်တယ် ကိုယ့်အလိုကျဖြစ်မယ် ထင်တယ်, ကိုယ့်အလိုကျ တစ်ခုမှ မဖြစ်ဘူး၊ အဲဒီသဘာဝတရားတွေက ဒီလိုအနေအထား ရှိနေသည့်အတွက်ကြောင့် **"သဗ္ဗေ ဓမ္မာ နာလံဘိနိဝေသာယ"** တဲ့၊ ဒါက နှလုံးသွင်းဖို့ကို ပြောတာနော်။

## ဝိသုဒ္ဓိမဂ်မဟာဋီကာ ဖွင့်ဆိုပုံ

ဒါကြောင့်မို့ ဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းမှာ **"ဝိညာဏ-ပစ္စယာ နာမရူပံ"** လို့ ဟောလိုက်တဲ့ဟာရဲ့ နောက်ဆက်တွဲ အကျိုးသက်ရောက်လာတဲ့ အဓိပ္ပါယ်က - "ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်ဆိုတာ သတ္တဝါပေါ်လာတာ မဟုတ်ဘူး, ဇီဝပေါ်လာတာ မဟုတ်ဘူး, ရုပ်တရားနဲ့ နာမ်တရားသက်သက် ပေါ်လာတာ၊ ရုပ်တရား နာမ်တရားသည် သတ္တ, ဇီဝ မဖက်တာဖြစ်သောကြောင့် သုညအစစ်ပဲ" တဲ့။

ရုပ်တရား နာမ်တရား မရှိလို့ သုညပြောတာ မဟုတ်ဘူး၊ ဆိုပါစို့ - အိမ်ထဲမှာ လူမရှိဘူးလို့ ပြောတာက အိမ်မရှိဘူးလို့ ပြောတာ မဟုတ်ဘူးနော်၊ အိမ်ထဲမှာလူမရှိတာကို ပြောတာ၊ အခုလည်းပဲ ရုပ်နာမ်ကို မရှိဘူးလို့ ပြောတာ မဟုတ်ဘူး၊ ရုပ်နာမ်ထဲမှာ သတ္တ, ဇီဝ မရှိဘူးလို့ ပြောတာ၊ ဗုဒ္ဓမြတ်စွာရဲ့ သုညအဓိပ္ပါယ်က ဒီလို။

အဲဒီရုပ်နာမ်တရားသည် ရုပ်နာမ်တရားကိုယ်တိုင်က အတ္တလည်း မဟုတ်ဘူး၊ အတ္တရဲ့ property အတ္တပိုင်ဆိုင်တဲ့ပစ္စည်းလည်း မဟုတ်ဘူး၊ ငါလည်း မဟုတ်ဘူး၊ ငါ့ဟာလည်း မဟုတ်ဘူး၊ ဒါကြောင့် သုညလို့ ပြောတာ။

http://www.dhammadownload.com



အေး - ရုပ်နာမ်သက်သက်သာ ဖြစ်တယ်၊ အများထင်နေသလို သတ္တ ဇီဝ မဟုတ်ဘူး၊ အဲဒီရုပ်နာမ်ဆိုတာလည်း ကြည့်လိုက်တဲ့အခါ **ဓမ္မစက္ကပဝတ္တနသုတ်**မှာ ရုပ်နာမ်ဟာ ဒုက္ခပဲ၊ အဲဒီဒုက္ခကို ဖော်ပြလိုက်ခြင်းအားဖြင့် ဒုက္ခရဲ့အကြောင်းဖြစ်တဲ့ ဒုက္ခသမုဒယကိုလည်း ဟောပြောပြီးသား ဖြစ်သွားတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဆက်နွယ်လာတာကို ဒုက္ခသမုဒယပြောခြင်းဖြင့် ဒုက္ခရှိနေရင် ဒုက္ခနိရောဓရှိရမယ်၊ ထိုဒုက္ခနိရောဓ ရှိလာဖို့အတွက် နည်းလမ်းဆိုတာလည်း ရှိရမယ်၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါလို့။

**"ဝိညာဏပစ္စယာ နာမရူပံ"** ဆိုတဲ့စကားလေးက ဆက်နွယ်လာပြီး သစ္စာလေးပါးကိုပါ ဖော်ပြရာရောက်တယ်လို့ ပဋိစ္စသမုပ္ပါဒ်က ပဌာန်းနည်းတင်မကဘူး သုတ္တန်နည်းနဲ့လည်း လှေလာသုံးသပ်လို့ ရတယ်လို့ ဒီလိုပြောရမှာပေါ့။

## "ဝိညာဏပစ္စယာ နာမရူပံ" ၌ ဝိညာဏ်အရ

ကဲ - အဲဒီမှာ ပဌာန်းနည်းနဲ့ လှေလာသုံးသပ်ကြည့်မယ်ဆိုရင် ဒီနေရာမှာ **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ပြောတဲ့အခါ ဝိညာဏ်ဘယ်နှစ်မျိုးလဲလို့ မေးမယ်ဆိုရင် အဘိဓမ္မာကို လှေလာထားတဲ့ပုဂ္ဂိုလ်တွေက ဝိညာဏ်ဆိုတာ စိတ် ၈၉-ပါးထဲက ကံတရားရဲ့အကျိုးဖြစ်တဲ့ ဝိပါက်စိတ်တွေကိုလည်း ဝိညာဏ်လို့ ခေါ်တယ်ဆိုတာ သိတယ်၊ ကုသိုလ်အကုသိုလ်စိတ်တွေကိုလည်းပဲ ဝိညာဏ်လို့ ခေါ်တယ်ဆိုတာ သိတယ်နော်။

သို့သော် **"ဝိညာဏပစ္စယာ နာမရူပံ"** ဆိုတဲ့နေရာမှာ ဝိညာဏအရ ဝိပါကဝိညာဏဆိုတဲ့ ဝိပါက်စိတ်တွေကို ဆိုလိုတယ်၊

http://www.dhammadownload.com



နောက်တစ်ခုက ကမ္မဝိညာဏ -သို့မဟုတ်- အဘိသင်္ခါရဝိညာဏ လို့ခေါ်တဲ့ ကုသိုလ်အကုသိုလ်ကိုလည်း ဒီနေရာမှာ ဝိညာဏအရ ကောက်ယူရမယ်။

**"သင်္ခါရပစ္စယာ ဝိညာဏံ"** တုန်းကတော့ အကျိုးဝိပါက်စိတ် တစ်ခုတည်းကိုသာ ကောက်ယူတယ်၊ **"ဝိညာဏပစ္စယာ နာမရူပံ"** မှာလာတဲ့ ဝိညာဏကျတော့ အကျိုးတင်, မကဘူး၊ အကြောင်း စိတ်ကိုလည်း ကောက်ယူတယ်။

ဒါ စကားလုံးလေးတွေကို define လုပ်တယ် ခေါ်တာပေါ့၊ ဒီနေရာမှာ **"သင်္ခါရပစ္စယာ ဝိညာဏံ"** တုန်းက ဝိပါက်စိတ်လောက် ပဲ ကောက်တယ်၊ **"ဝိညာဏပစ္စယာ နာမရူပံ"** ကျတော့ အဓိပ္ပါယ် တွေက ပိုပြီးကျယ်လာတယ်လို့ ဒီလို မှတ်သားရမှာပေါ့။

## "နာမ" အရနှင့် "ရူပ" အရ

ဒါဖြင့် **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ဆိုတဲ့အခါမှာ **နာမ** အရ ဘာကောက်သလဲ ဆိုလို့ရှိရင် **ဝိညာဏ** အရ စိတ်တွေကို ကောက်ထားသည့်အတွက်ကြောင့် **နာမ** အရ စေတသိက်ကို ကောက်ရတယ်၊ စိတ်နဲ့စေတသိက် နှစ်ခုကို **နာမ**လို့ ခေါ်တာ၊ သို့သော် တစ်ခါတစ်ရံကျတော့ ပြောပြီးသားကို ထပ်ပြီး မပြောရ တော့ဘူး၊ ကျန်တာကိုပဲ ယူရတယ်ဆိုတဲ့ နည်းစနစ်တစ်ခု ရှိတယ်၊ "ပါရိသေသနည်း" လို့ ခေါ်တယ်၊ **ဝိညာဏ** အရ စိတ်ကို ဖော်ပြ လိုက်သဖြင့် **နာမ**အရ စေတသိက်ကိုပဲ ကောက်ရမယ်၊ ဒါက နည်း စနစ်နဲ့ ယူရတဲ့ပုံစံ၊ ဒီတော့ **နာမ** အရ စေတသိက်ပဲ ဆိုင်တယ်လို့ မှတ်ရမယ်။

http://www.dhammadownload.com



ရူပအရကျတော့ ရုပ်တွေအားလုံးကို ယူတယ်၊ စိတ်ဖြစ်ပေါ် လာတာနဲ့ တစ်ပြိုင်နက် စေတသိက်နဲ့ ရုပ်တွေဟာ စိတ်ဖြစ်ပေါ်မှုကို အခြေပြုပြီးတော့ ဒီနေရာကနေ ဖြစ်ပေါ်လာတယ်လို့ ဒီလို ပြောတာ။

အဲဒါကို ပဋ္ဌာန်းနဲ့ လေ့လာမယ်ဆိုလို့ရှိရင် ပဋ္ဌာန်းဆိုတာ ခက်လည်း ခက်တယ်၊ အလွန်လည်း နက်နဲတယ်ပေါ့၊ ဒီလို တစ်ထိုင်တည်း ရှင်းပြဖို့ဆိုတာ အခြေခံကောင်းကောင်းမရှိဘဲနဲ့ မလွယ်ဘူး၊ ပဋ္ဌာန်းကို အပေါ်ယံ perspective ခြုံငုံပြောတာလေးပဲ ပြောနိုင်ပါတယ်၊ တကယ့်ပဋ္ဌာန်းကျမ်းကြီးအတိုင်း ပြောမယ်ဆိုရင် အင်မတန်ကျယ်လွန်းအားကြီးတယ်။

## "ဝိညာဏပစ္စယာ နာမရူပံ, - နာမံ, - ရူပံ" ဟု သုံးမျိုး ဖြစ်နိုင်ပုံ

ကောင်းပြီ - ဝိညာဏ်က နာမ်ရုပ်ကို ကျေးဇူးပြုတယ်ဆိုတဲ့ နေရာမှာ **"ဝိညာဏပစ္စယာ နာမရူပံ"** မှာ တစ်ခုစီ ခွဲလိုက်မယ်ဆိုရင် **"ဝိညာဏပစ္စယာ နာမံ"**, **"ဝိညာဏပစ္စယာ ရူပံ"**, **"ဝိညာဏပစ္စယာ နာမရူပံ"**လို့ ဒီလို ပြောလို့ ရတယ်၊ သုံးမျိုးထွက်သွားတယ်။

ဝိညာဏကြောင့် "နာမ" ဖြစ်တာ ရှိတယ်၊ ဝိညာဏကြောင့် "ရူပ" ဖြစ်တာ ရှိတယ်၊ ဝိညာဏကြောင့် "နာမရူပံ" နှစ်မျိုး ဖြစ်တာ ရှိတယ်၊ **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ဆိုတဲ့အထဲမှာ **"ဝိညာဏပစ္စယာ ရူပံ"** လို့ ယူလိုက်ရင် အသညသတ်ဘုံပါ cover ဖြစ်သွားနိုင်တယ်ပေါ့၊ ဒီနေရာမှာ 'ဝိညာဏ' အရ "အဘိသင်္ခါရ-ဝိညာဏ်"လို့ ဆိုတဲ့ ကံတရားကို ကောက်ယူပြီး 'ရူပ'ကျတော့

http://www.dhammadownload.com



ကမ္မဇရုပ်ကို ကောက်ယူတယ်၊ ဒီစနစ်နဲ့ သွားလို့ရှိရင် - အတိတ်ဘဝက ကမ္မဝိညာဏ်ကြောင့် အသညသတ်ဘုံမှာ ရုပဆိုတာ ပေါ်လာရတယ်၊ အကြောင်းမဲ့ပေါ်တာ မဟုတ်ဘူး၊ ဒီအဓိပ္ပါယ်ကိုလည်း ဖော်ပြတယ်။

**"ဝိညာဏပစ္စယာ နာမံ"** လို့ ဆိုပြန်တော့လည်း ခုနက အရူပဘုံမှာ နာမ်တရားချည်းသက်သက်ဖြစ်တယ်၊ ပဉ္စဝေါကာရဘုံ ခန္ဓာငါးပါးရှိတဲ့ဘုံမျိုး လူ့ဘုံတို့လို နတ်ဘုံတို့ကျတော့ **"ဝိညာဏ-ပစ္စယာ နာမရူပံ"** နာမ်လည်း ပါတယ်, ရုပ်လည်း ပါတယ်လို့ ဒီလို ပြောတာ။

အဲဒီလိုပြောတာကို ထပ်ပြီး ရှင်းပြရမယ်ဆိုရင် . . . ဆိုပါစို့ - "ဝိညာဏ" အရ ဝိပါက်စိတ်ကလေးကို ကောက်လိုက်တယ်၊ ဝိပါက်စိတ်ဆိုတာ သန္ဓေစိတ်ကလေးပေါ့။

လူသားတစ်ယောက်အနေနဲ့ ယေဘုယျအားဖြင့် ပြောရရင် မဟာဝိပါက်စိတ် ၈-ခုထဲက စိတ်ကလေးတစ်ခု, ယှဉ်လာတဲ့ စေတသိက်က ၃၃-ခုနဲ့ ပေါင်းလိုက်တဲ့အခါကျတော့ ၃၄-ခု၊ အဲဒီ ၃၄-ခု ဆိုတဲ့ အဖွဲ့အစည်းထဲမှာ "ဝိညာဏ" အရ ဒီမဟာဝိပါက် စိတ်ကလေးတစ်ခုကို ယူလိုက်တယ်၊ ဒီမဟာဝိပါက်စိတ်ကလေး တစ်ခု ဖြစ်ပေါ်လာသည့်အတွက်ကြောင့် စေတသိက် ၃၃-ခု ပါ လာတယ်၊ **"ဝိညာဏပစ္စယာ နာမံ"** ဒီလိုဖြစ်တယ်။

ဒီမဟာဝိပါက်စိတ်ကလေးက ခုနပြောခဲ့တဲ့ ယှဉ်ဖက်ဖြစ်တဲ့ စေတသိက်တွေကို ပဋ္ဌာန်းပစ္စည်းနဲ့ ဘယ်လိုဆက်သွယ်မလဲ? - စိတ်ကလေးနဲ့ ခုနကစေတသိက်တွေရဲ့ကြားမှာ ဆက်သွယ်မှု မရှိ

http://www.dhammadownload.com



ဘဲနဲ့ ပေါင်းစပ်လို့ မရဘူး, ဆက်သွယ်မှု ရှိတယ်၊ ဆက်သွယ်ထားလို့သာ ဒီလို unity တစ်ခု ဖွဲ့ထားနိုင်တာ။

ဆိုပါစို့ - နာရီလေးတစ်ခုကို သေသေချာချာကြည့်လိုက်လို့ရှိရင် အစိတ်အပိုင်းလေးတွေအားလုံး အချိုးကျပေါင်းစပ်ထားတယ်၊ အဲဒီပေါင်းစပ်ထားတဲ့ အစိတ်အပိုင်းလေးတွေ အကုန်လုံး မှန်မှန်ကန်ကန်ရှိနေမှ နာရီလေးဟာ အချိန်ကို ပြောပြနိုင်တယ်၊ နို့မို့ဆို အချိန်ကို မပြောပြနိုင်ဘူး။

တစ်ခုခု ချို့တဲ့လိုက်မယ်ဆိုရင် နာရီလေးမျက်နှာပြင်ပေါ်မှာ ရှိတဲ့ လက်တံအရှည်နဲ့ အတိုလေး ဆိုပါတော့ - တစ်ချောင်းကို ဖြုတ်လိုက်မယ်၊ အချိန်ကို သိပ့ါမလား၊ အရှည်ကြီးတစ်ချောင်းတည်းကလည်း အချိန်ကို မပြောနိုင်ဘူး၊ အတိုလေး မပါရင် သူပြောလို့မရဘူး၊ အတိုလေးတစ်ချောင်းထဲကလည်း အရှည်မပါဘဲဆိုရင် ပြောလို့ ရမလား၊ မရဘူးတဲ့၊ ကြားထဲမှာ ဘတ္ထရီတို့ ပင်နယ်တို့ ဆိုတာတွေကို ဖယ်လိုက်မယ်ဆိုရင်လည်း ဒီနာရီလေးက အချိန်ကို ပြောနိုင်ပ့ါမလား၊ မပြောနိုင်ဘူး။

ဒီမှာလည်းပဲ ထို့အတူပဲ၊ ဒီပဋိသန္ဓေစိတ်ကလေးရယ် ထိုစိတ်နဲ့ယှဉ်တွဲပြီး လာတဲ့စေတသိက်လေးတွေဟာ အပြန်အလှန်ဆက်သွယ်ထားတာတဲ့၊ ဒါဖြင့် အပြန်အလှန် ဆက်သွယ်ထားတယ်ဆိုတာက - သူတို့က တစ်ပြိုင်နက်ဖြစ်ကြသည့်အတွက်ကြောင့် ပဋ္ဌာန်းရှုထောင့်ကနေ ကြည့်မယ်ဆိုရင် တစ်ပြိုင်နက်ဖြစ်တာကို **သဟဇာတ** လို့ ခေါ်တယ်၊ တစ်ပြိုင်နက်ဖြစ်ခြင်းသည်ပင် သတ္တိတစ်ခုပဲ၊ ဒါကို **သဟဇာတသတ္တိ**လို့ ခေါ်တယ်၊ ပြိုင်တူမွေးလာတာက သတ္တိတစ်ခုပဲ၊ ပြိုင်တူဖြစ်လို့ ဒီလိုအထောက်အကူပေးနိုင်တယ်

http://www.dhammadownload.com



လို့ ပြောတာ၊ အဲဒါ born together ဆိုတာ သဟဇာတနဲ့ ကျေးဇူး ပြုနိုင်တယ်။

အတူတကွဖြစ်လာရုံတင် မကဘူး၊ အပြန်အလှန်ဆိုတာလေး တွေ ရှိတယ်၊ အပြန်အလှန်ဆိုတာ စိတ်ကလေးက စေတသိက် တွေကို အထောက်အကူပြုတယ်၊ စေတသိက်လေးတွေကလည်း စိတ်ကို အထောက်အကူပြုတယ်၊ တစ်ခုနဲ့ တစ်ခု အမှီပြုနေကြရ တယ်၊ **အညမညပစ္စယော** ဆိုတဲ့သတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဒီလိုပြော တာ။

အဲဒီတော့ အပြန်အလှန်အားပြုပြီး မှီနေရတာ ဖြစ်သော ကြောင့် **နိဿယသတ္တိ** လို့လည်း ပြောနိုင်တယ်၊ ဒီစိတ်နဲ့ စေတသိက်လေးတွေဟာ တစ်ခုတည်းကဲ့သို့ တစ်ပြိုင်တည်း ဖြစ် တယ်၊ တစ်ပြိုင်တည်း ချုပ်တယ်၊ မှီရာဝတ္ထုတစ်နေရာတည်းက ပေါက်ဖွားလာတယ်၊ အာရုံတစ်ခုတည်းမှာ အလုပ်လုပ်ကြတယ်၊ ဒီ အင်္ဂါ ၄-ချက်နဲ့ညီတော့ တစ်ခုတည်းကဲ့သို့ ဖြစ်နေသည့် အတွက် ကြောင့် **သမ္ပယုတ္တပစ္စယော** - အားလုံးဟာ ယှဉ်တွဲပြီးတော့ နေ တာ - သမ္ပယုတ္တပစ္စည်း။

ဝိပါက်စိတ်ဖြစ်သည့် အတွက်ကြောင့် ငြိမ်သက်တယ်တဲ့၊ လှုပ်ရှားမှုကင်းတယ်၊ စိတ်က လှုပ်ရှားမှုကင်းသည့်အတွက်ကြောင့် စေတသိက်တွေကလည်း လှုပ်ရှားမှုကင်းသွားတယ်၊ မှန်ထဲမှာ ပေါ် တဲ့ ရုပ်ပုံလိုပဲ၊ လှုပ်ရှားမှုပြုပြင်မှု မရှိတော့ဘူးတဲ့၊ ဒါကြောင့် အဲဒါ ကို **ဝိပါကသတ္တိ** လို့ ခေါ်တယ်၊ စိတ်က ငြိမ်လို့ရှိရင် သူကလည်း ငြိမ်သွားရတာပဲပေါ့၊ ရေကလေးငြိမ်နေလို့ရှိရင် ရေပေါ်မှာရှိတဲ့ မှော်ကလေးတွေကော ငြိမ်မနေဘူးလား၊ ငြိမ်နေတယ်၊ ဝိပါက်

http://www.dhammadownload.com



စိတ်ကလေး ငြိမ်နေသည့်အတွက်ကြောင့် ဝိပါက်စိတ်မှာ ယှဉ်လာတဲ့ စေတသိက်တွေရဲ့လှုပ်ရှားမှုဟာလည်း သိပ်မရှိဘူး၊ ငြိမ်သက်တယ်လို့ ဒီလို ပြောတာ၊ အဲဒါကို ဝိပါကသတ္တိလို့ ဒီလိုဆိုတယ်။

စိတ်နဲ့ စေတသိက်ဆိုတာ အပြန်အလှန် မှီတွဲနေတာ ဖြစ်သောကြောင့် အာဟာရတစ်မျိုးဖြစ်တဲ့ ဝိညာဏာဟာရအရ **အာဟာရသတ္တိ**နဲ့လည်း ကျေးဇူးပြုတယ်။

မနိန္ဒြေပါရှိနေသည့် အတွက်ကြောင့် **ဣန္ဒြိယသတ္တိ**နဲ့လည်း ကျေးဇူးပြုတယ်၊ အပြန်အလှန် ထင်ရှားရှိနေခိုက်မှာ ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အတ္ထိသတ္တိ**နဲ့လည်း ကျေးဇူးပြုတယ်၊ မကင်းကွာမီ ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အဝိဂတသတ္တိ**နဲ့လည်း ကျေးဇူးပြုတယ်။

အဲဒီပဋိသန္ဓေစိတ်ကလေးနဲ့ စေတသိက်လေးတွေဟာ အပြန်အလှန် ၉-ပစ္စယသတ္တိကို အသုံးပြုပြီးတော့ ယှဉ်တွဲနေကြတယ်တဲ့၊ ဒါက ပဋ္ဌာန်းရှုထောင့်ကနေ ကြည့်ရင် ဒီလိုပြောတာ။

ပဋိစ္စသမုပ္ပါဒ်မှာတော့ သာမန်ပဲ မြတ်စွာဘုရားက ဟောလိုက်တယ် - **"ဝိညာဏပစ္စယာ နာမရူပံ"** သန္ဓေစိတ်ကလေးဖြစ်လို့ စေတသိက်တွေ ဖြစ်လာရတယ်လို့၊ ဝိညာဏ်စိတ်ကလေးရှိနေသည့်အတွက်ကြောင့် နာမ ဆိုတာ ဖြစ်လာရတယ်လို့ ဒီလောက်လေးပဲ ပြောတယ်။

ပဋ္ဌာန်းနည်းကျတော့ သတ္တိပေါင်း ၉-မျိုး ယှဉ်တွဲပြီးတော့ ထားတယ်ဆိုတာကို သိရှိရတယ်ပေါ့၊ ဒီတော့ ပဋ္ဌာန်းနည်းနဲ့ လေ့လာကြည့်မယ်ဆိုလို့ရှိရင် ဒီထက် အသေးစိတ်တာတွေ ရှိနိုင်တယ်ပေါ့။

http://www.dhammadownload.com



ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် သုံးသပ် လေ့လာတယ်ဆိုတာ တကယ်ကတော့ အင်မတန်မှ ခဲယဉ်းပါတယ်၊ စာကိုပဲ တော်တော်မှတ်ပြီးတော့ သဘောကျအောင် တော်တော် ကြံရမှာ ဖြစ်ပါတယ်၊ ရှေးဦးစွာ ပဋ္ဌာန်းကို ကျကျနန လေ့လာထားဖို့ လိုပါတယ်၊ ပြီးတဲ့အခါမှာ ဒီသဘာဝတရားတွေကို ပဋိစ္စသမုပ္ပါဒ်နဲ့ ဆက်စပ်ပြီးတော့ လေ့လာဖို့ လိုအပ်ပါတယ်။

အခု ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း ဆိုတာ အပေါ်ယံမြင်သာရုံလေး သဘောသွားလေးလောက် ပြော တာလို့ ဒီလိုမှတ်ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာက **"ဝိညာဏပစ္စယာ နာမရူပံ" "နာမရူပပစ္စယာ သဠာယတနံ" "သဠာယတနပစ္စယာ ဖဿော" "ဖဿပစ္စယာ ဝေဒနာ"** ဆိုပြီးတော့ သတ္တဝါရဲ့သရုပ်ကို ပုံဖော်ပြ တယ်၊ သတ္တဝါရယ်လို့ ဖြစ်လာပြီဆိုတဲ့အခါမှာ ထိုသတ္တဝါတွေ ညစ်နွမ်းဖို့ ဘာတွေဖြစ်ပေါ်လာတုန်း ဆိုတော့ **"ဝေဒနာပစ္စယာ တဏှာ" "တဏှာပစ္စယာ ဥပါဒါနံ" "ဥပါဒါနပစ္စယာ ဘဝေါ"** လို့ ဆိုပြီး ဘဝတစ်ခု ဖြစ်လာကြတယ်၊ ဘဝတစ်ခုရရှိလာပြီဆိုရင်တော့ **"ဘဝပစ္စယာ ဇာတိ"** ပဲ၊ မွေးဖွားခြင်းက အစပြုတယ်၊ မွေးဖွားမှု ဆိုတာရှိလာပြီဆိုရင် **"ဇာတိပစ္စယာ ဇရာမရဏ"**ဆိုတာ လာမှာပဲ။

ဘုရားအလောင်းတော်တွေကျတော့ ပဋိစ္စသမုပ္ပါဒ်ကို ဆင် ခြင်သုံးသပ်တဲ့အခါမှာ လက်တွေ့ဘဝကနေ စပြီး ကြည့်တယ်၊ လက်တွေ့ဘဝကစပြီး ကြည့်တယ်ဆိုတာ ဘယ်ပုံကြည့်တာတုန်း ဆိုတော့ - "လောကကြီးဟာ သိပ်ပြီးစိတ်ပျက်စရာကောင်းတာပဲ" တဲ့၊ **"ကိစ္ဆံဝတာယံ လောကော အာပန္နော"** သတ္တဝါတွေဟာ

http://www.dhammadownload.com



problem တွေနဲ့ ပြဿနာတွေနဲ့ အင်မတန်မှ ဒုက္ခရောက်နေတာ ပါလားလို့ မြင်တယ်။

ဘုန်းကြီးတို့တစ်တွေကတော့ လောကကြီးဟာ ပျော်စရာ ချည်းလို့ပဲ မြင်နေတာနော်၊ မြင်ပုံမြင်နည်းကတော့ မတူဘူး၊ တို့ ဟာ ဒုက္ခရောက်နေတယ်လို့ ဘယ်သူမှ မမြင်ဘူးနော်၊ စီးပွားရေး အဆင်မပြေမှ, ဟိုဟာဒီဟာ အဆင်မပြေမှ မျက်ရည်လေးကျပြီး တော့ ဒုက္ခရောက်နေကြတယ် ထင်တာ၊ တကယ်ကတော့ သာမန် ကိုကပဲ သတ္တဝါတွေဟာ ဒုက္ခရောက်နေတယ်။

**"ကိစ္ဆံဝတာယံ လောကော အာပန္နော"** ဘုရားအလောင်း တွေဟာ ဒီလိုသုံးသပ်တယ်၊ ဘာဖြစ်လို့တုန်း- **"ဇာယတိ စဝ ဇီယတိ စ မီယတိ စ "**- "အို . . . မွေးလာရတယ်လို့ ရှိသေးတယ်၊ မွေးလာပြီးနောက် အေးအေးဆေးဆေးမွေးပြီး ပျော်ပျော်ပါးပါးနေရ မလားဆိုတော့ မနေရဘူး၊ အိုလာတယ်နော်၊ အိုလာရုံတင် ကျေနပ် လား၊ မကျေနပ်သေးဘူး၊ သေရဦးမယ်၊ သေပြီးတော့ရော ပြီးပြီ လားဆိုတော့ မပြီးသေးဘူးတဲ့၊ ဘဝတစ်ခုက ရွေ့သွားပြီး နောက် ဘဝတစ်ခုက လာဦးမယ်ဆိုတော့ ဘယ်လောက်စိတ်ပျက်စရာ ကောင်းတဲ့ အခြေအနေကြီးလဲ"၊ ဘုရားလောင်းတွေက အဲဒီလို သုံး သပ်တယ်။

ဒီလို အိုတာသေတာတွေဟာ ဘာကြောင့်များ ဖြစ်နေရတာ တုန်းလို့ ကြည့်လိုက်တော့ ဪ- မွေးလို့ဖြစ်တာပဲဆိုတာ မြင်လာ တယ်၊ ပဋိစ္စသမုပ္ပါဒ်ကို trace လိုက်လိုက်တာ အကြောင်းတရား တွေကို trace လုပ်တာ ခြေရာခံတယ်ပေါ့၊ မွေးလို့ ဖြစ်လာတယ်၊ ဒါဖြင့် ဒီလိုမွေးနေတာ ဘာဖြစ်လို့လဲ? ဘဝရှိလို့ပေါ့၊ ဘဝက ဘာ

http://www.dhammadownload.com



လို့ ရှိတာတုန်း? လိုချင်တယ် တွယ်တာတယ် စွဲလမ်းတယ်ဆိုတဲ့ ဥပါဒါန်ရှိနေလို့၊ ဒီဥပါဒါန်က ဘာဖြစ်လို့ ဖြစ်တာတုန်းဆိုတော့ လိုချင်မှုတဏှာကြောင့် ဖြစ်တယ်၊ လိုချင်မှုတဏှာက ဘာကြောင့် လာတာတုန်းဆိုတော့ ခံစားရလို့ပဲ၊ ခံစားမှုက ဘယ်နှယ့်ကြောင့် ပေါ်လာရတာတုန်းဆိုတော့ အာရုံနဲ့ ဆက်သွယ်ထိတွေ့မှုကြောင့်ပဲ။

အာရုံနဲ့ ဆက်သွယ်ထိတွေ့မှုက ဘာကြောင့်တုန်းဆိုလို့ရှိရင် organ တွေ ဝတ္ထုတွေ ဆက်သွယ်ရေးအရာတွေ ပါလာလို့ပဲ၊ အာယတန ၆-ပါး ပါလာလို့ပဲ၊ ဒါဖြင့် အာယတန ၆-ပါးက ဘာဖြစ်လို့ ဖြစ်လာရတာတုန်းဆိုတော့ ရုပ်နာမ်ကို ရ,ထားလို့ပဲ၊ ရုပ်နာမ်တွေက ဘာ့ကြောင့်ကြီးထွားလာရတာတုန်းဆို သန္ဓေစိတ်ကလေးကြောင့်ပဲ၊ သန္ဓေစိတ်ကို ဘာ့ကြောင့်ရပြန်တုန်းဆိုတော့ ဖန်တီးထားတဲ့ ကံတရားကြောင့်ပဲ၊ ဒီဖန်တီးထားတဲ့ ကံတရားကို ဘယ်သူက လုပ်နေတာတုန်းဆိုတော့ ဟော - အဝိဇ္ဇာက လုပ်နေတာပါဆိုပြီး ဒီလို နောက်ကြောင်းပြန်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်က "ဘဝသရုပ်" ကို ဖော်ပြတာ ဖြစ်လာတယ်။

ဒါကြောင့်မို့ တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့သည် အခုကဲ့သို့ ကျေနပ်စရာမကောင်းတဲ့လောကကြီးကို ချေဖျက်ချင်ပြီဆိုလို့ရှိရင် ဘာလုပ်ရမလဲ၊ **အဝိဇ္ဇာ** ဆိုတဲ့ အမှန်မသိတာကို ဖယ်ရှင်းဖို့ လိုတယ်၊ အမှန်မသိတာကို ဖယ်လိုက်နိုင်ပြီဆိုလို့ရှိရင် ဘဝတစ်ခုကို ဖန်တီးတဲ့ကံဆိုတာ ရပ်တည်နိုင်စွမ်း မရှိဘူး။

ဖန်တီးတဲ့ကံက ရပ်တည်နိုင်စွမ်း မရှိတော့ဘူးဆိုရင် ပဋိသန္ဓေဝိညာဏ်စိတ်ဆိုတာ ပေါ်လာမှာ မဟုတ်ဘူး၊ ပဋိသန္ဓေဝိညာဏ်

http://www.dhammadownload.com



စိတ် ပေါ်မလာဘူးဆိုလို့ရှိရင် ရုပ်နဲ့ နာမ်ဆိုတာ ဖြစ်လာမှာ မဟုတ်ဘူး၊ ရုပ်နာမ်မှ မဖြစ်ဘူးဆိုရင် အာရုံကိုဖမ်းယူနိုင်တဲ့ အင်္ဂါရပ်တွေ ပေါ်လာမှာ မဟုတ်ဘူး၊ အာရုံကိုဖမ်းယူနိုင်တဲ့ အင်္ဂါရပ်တွေ ပေါ် မလာဘူးဆိုရင် ဆက်သွယ်မှုတွေ လာမှာ မဟုတ်ဘူး။

ဆက်သွယ်မှုတွေ မရှိဘူးဆိုရင် ခံစားမှုပေါ်လာမှာ မဟုတ်ဘူး၊ ခံစားမှုဆိုတာ မရှိရင် တွယ်တာမှုဆိုတာလည်း လာမှာ မဟုတ်ဘူး၊ မတွယ်တာရင် စွဲလမ်းတာဆိုတာလည်း မရှိနိုင်ဘူး၊ စွဲလမ်းမှုမှ မရှိရင် ဘဝဆိုတာ အဆက်ပြတ်သွားတာပေ့ါ၊ ဘဝမှ မရှိရင် ဇာတိဆိုတာ ဘယ်လာမလဲ၊ ဇာတိ မရှိဘူးဆိုရင် အိုရမှာတို့ သေရမှာတို့ ဘာတို့ မရှိဘူးလို့ - ဒီလို ဆက်စပ်တွေးခေါ်ပြီးတော့ ဆုံးဖြတ်တာတဲ့။

ဒါ ဘုရားအလောင်းတွေရှုတဲ့ ဝိပဿနာက အဲဒီအတိုင်းပဲ နော်၊ ပဋိစ္စသမုပ္ပါဒ်ရှုထောင့်က နေပြီးတော့ ကြည့်လိုက်ရင် လူ့ဘဝကို အခုလို မြင်ရမှာ ဖြစ်တယ်။

ဒါကြောင့်မို့ တရားချစ်ခင်သူတော်စင်ပရိသတ်တို့ - ပဋိစ္စ-သမုပ္ပါဒ်ကို ဒီလိုမြင်အောင် ဘာနဲ့ ဆင်ခြင်တာတုန်းဆိုတော့ right understanding လို့ ခေါ်တဲ့ သမ္မာဒိဋ္ဌိနဲ့ပဲ၊ သံသရာဝဋ်က လွတ်ဖို့ ရန်အတွက် မြတ်စွာဘုရားက **သမ္မာဒိဋ္ဌိ**ကို ရှေ့တန်းတင်ပြီး ဟောတယ်၊ သံသရာလည်ဖို့ကျတော့ **အဝိဇ္ဇာ**ကို ရှေ့တန်းတင်ထားတယ်။

သမ္မာဒိဋ္ဌိဆိုတာ ဝိဇ္ဇာပဲ အသိဉာဏ်ပဲ၊ အဝိဇ္ဇာကြောင့် သံသရာလည်တယ်၊ ထိုသံသရာကို ရပ်တန့်ချင်လို့ရှိရင် ဒီအသိပညာကိုရအောင် ရှာရမယ်၊ အဲဒီအသိပညာရဖို့အတွက် မှန်ကန်တဲ့

http://www.dhammadownload.com



အတွေးတွေရှိဖို့ လိုတယ်၊ မှန်ကန်တဲ့အတွေးရှိဖို့အတွက် မှန်ကန်မှုတဲ့အားထုတ်မှု လိုအပ်တယ်။

အဲဒီမှန်ကန်တဲ့အားထုတ်မှုဆိုတာ ကိုယ်ကျင့်တရားကို အခြေခံရမယ်၊ အဲဒီလို ရှိလာတဲ့အခါ စိတ်လေးဟာ မှန်ကန်တဲ့ လုပ်ရပ်တစ်ခု အပေါ်မှာ စိတ်အာရုံစိုက်ထားဖို့ လိုတယ်၊ စိုက်ထားတဲ့အာရုံလေးဟာ တည်ငြိမ်သွားဖို့ လိုတယ်- လို့ဆိုတဲ့ ဒီမဂ္ဂင် ၈-ပါး သဘောတရားတွေရဲ့ မိမိစွမ်းအားတွေ ပြည့်လာပြီ ဆိုလို့ရှိရင် ခုန ကပြောတဲ့ အမှန်မသိတဲ့အဝိဇ္ဇာကို ဖယ်ရှားပစ်လိုက်နိုင်ပါတယ်။

အဝိဇ္ဇာဆိုတဲ့ ကိလေသာကို ဖယ်ရှားပစ်လိုက်တာနဲ့ တစ်ပြိုင်နက် ကံတရားတွေ မလာတော့ဘူး၊ ကံတရားတွေ မလာခဲ့လို့ ရှိရင် ခုနက နောက်ဆက်တွဲဖြစ်ပေါ်လာမယ့် ပြဿနာတွေ တစ်ခုမှ မလာတော့ဘူး၊ ပြဿနာတွေအကုန်လုံး ငြိမ်းသွားမှာ ဖြစ်တယ်။

အဲဒီ အငြိမ်းဓာတ်ရသွားတာကိုပဲ တကယ့်သန္တိသုခ ထာဝရ ငြိမ်းတဲ့ အငြိမ်းလို့ မြတ်စွာဘုရားက ဟောကြားတာ ဖြစ်လို့ - အားလုံးသော တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့သည် သမ္မာဒိဋ္ဌိလို့ဆိုတဲ့ အသိဉာဏ်ကို ခိုင်ခိုင်မာမာ ဆောက်တည်ခြင်းဖြင့် အဝိဇ္ဇာကို ဖယ်ရှားနိုင်ပြီး ပြဿနာတွေအားလုံးက သံသရာဝဋ်ဆင်းရဲက လွတ်မြောက်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

ဖ ဖ ဆ ဆ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"

## အပိုင်း (၆)

**သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဇွန်လ ၈-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိပိဋကမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနောက်အနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။**

ဗုဒ္ဓမြတ်စွာရဲ့ ကြောင်းကျိုးဖော်ပြတဲ့ ဒေသနာတော်တွေထဲမှာ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ထူးခြားတဲ့ဒေသနာတော်တစ်ရပ် ဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကို ထိုးထွင်းသိမြင်ဖို့ အင်မတန်မှခဲယဉ်းတယ်၊ မြတ်စွာဘုရားဟောကြားလို့ မြတ်စွာဘုရားရဲ့ တရားတော်နဲ့ ပတ်သက်ပြီး ကျွမ်းကျင်လိမ္မာတဲ့ အဋ္ဌကထာဆရာ ဋီကာဆရာတွေက ရှင်းလင်း

http://www.dhammadownload.com



ဖော်ပြပြီးလို့ အတော်အသင့် နားလည်နိုင်တယ်၊ ဒါတောင်မှပဲ ပဋိစ္စသမုပ္ပါဒ်ဟာ ခက်ခဲတုန်းပဲ ရှိသေးတယ်၊ အကြောင်းတရားနဲ့ အကျိုးတရားကို ရှင်းလင်းပြတဲ့ ဒေသနာတော်ဖြစ်လို့ ဗုဒ္ဓမြတ်စွာရဲ့ ဒေသနာတော်တွေထဲမှာလည်းပဲ အလွန့်အလွန်အရေးပါတဲ့ ဒေသနာ တော်တစ်ရပ် ဖြစ်တယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ် သဗ္ဗညုတဉာဏ်တော်ကို ရပြီးခါစ မိမိထိုးထွင်း၍ သိတော်မူအပ်တဲ့ ပဋိစ္စသမုပ္ပါဒ်တရား၊ ထိုပဋိစ္စသမုပ္ပါဒ်ချုပ်ငြိမ်းရာ နိဗ္ဗာန်တရား - ပဋိစ္စသမုပ္ပါဒ်နဲ့ နိဗ္ဗာန်ကို ဆင်ခြင်သုံးသပ်လိုက်တဲ့အခါ အင်မတန်မှ ခဲယဉ်းတာကို တွေ့ ရလို့ ဒီတရားတွေဟာဖြင့် အလွန့်အလွန်နက်နဲပြီး ခက်ခဲလှတယ်၊ ဒုဒ္ဒသ - သတ္တဝါတွေ မြင်ဖို့ရန် အလွန်ခဲယဉ်းမယ်၊ သတ္တဝါ တွေ အနေအထားကို ကြည့်လိုက်တဲ့အခါ ကာမဂုဏ်အာရုံတွေနဲ့ ပျော်ပါးချင်တဲ့စိတ်တွေက များနေတယ်၊ ဒီပဋိစ္စသမုပ္ပါဒ်ရဲ့သဘာဝ တရားတွေ နိဗ္ဗာန်ရဲ့သဘာဝတရားတွေကို သိဖို့ဆိုတာ အလွန့် အလွန်ခဲယဉ်းတယ်၊ တရား၏နက်နဲခက်ခဲမှု, သတ္တဝါတွေရဲ့ အသိ ဉာဏ်တိမ်ခြင်းရဲ့အကြောင်းဖြစ်တဲ့ ကာမဂုဏ်အာရုံတွေပေါ်မှာ ပျော်ပါးနေမှု - ဒီနှစ်ခု နှိုင်းယှဉ်ပြီးတော့ ကြည့်လိုက်တဲ့အခါ သိပ်အလှမ်းကွာနေလို့ မြတ်စွာဘုရားစိတ်ထဲမှာ “ငါတရားဟောရင် နားလည်တဲ့လူရှိမယ် မဟုတ်ဘူး၊ ငါပဲ ပင်ပန်းရုံ ရှိတော့မယ်” လို့ မြတ်စွာဘုရား စဉ်းစားခဲ့ဖူးတယ်ပေါ့၊ အဲဒါကြောင့်မို့လို့ ဒီပဋိစ္စ- သမုပ္ပါဒ်ဟာ အလွန်နက်နဲတဲ့တရား ဖြစ်တယ်။

တစ်ဖန် ဒီထက်ကျယ်ဝန်းတဲ့ ပဋ္ဌာန်းတရားတော်ကြီး ဆိုတာ ရှိသေးတယ်၊ ပဋိစ္စသမုပ္ပါဒ်ဟာ နက်နဲသလို ပဋ္ဌာန်းတရား

http://www.dhammadownload.com



တော်ကြီးဟာလည်းပဲ နက်လည်းနက် ကျယ်လည်း ကျယ်တယ်၊ ပဌာန်းတရားကို ဆင်ခြင်သုံးသပ်လိုက်တဲ့အခါမှာ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးဟာ ကျက်စားလို့ ရတယ်၊ အင်မတန်မှ စိတ်ဓာတ်တွေကြည်လင်ပြီး မြတ်စွာဘုရားရဲ့ခန္ဓာကိုယ်ကနေ စိတ္တဇသြဘာသ ဆိုတဲ့ ကြည်လင်တဲ့စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ ကိုယ်ရောင်ကိုယ်ဝါတွေ ထွက်ပေါ်လာစေတယ်၊ အင်မတန်နက်နဲပြီးတော့ ကျယ်ဝန်းတဲ့ ပဌာန်းတရားတော်ကြီးဟာလည်း အင်မတန်ခက်ခဲတဲ့ ဒေသနာတစ်ခုပဲ။

ဘယ်လောက်ပဲ ကျမ်းဆရာတွေ ရှင်းပြရှင်းပြ ဒီပဋိစ္စသမုပ္ပါဒ်နဲ့ ပဌာန်းဆိုတဲ့ တရားနှစ်ခုကတော့ နက်နဲခက်ခဲနေတုန်းပါပဲ၊ အင်မတန်နက်နဲခက်ခဲတာကို သဘောပေါက်ရုံ ဟောဖို့ တောင်မှပဲ အင်မတန်မှ ကြိုးစားကြရပါတယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို ပဌာန်းနည်းဖြင့် လေ့လာသုံးသပ်ကြည့်မယ်ဆိုရင် အခက်နှစ်ခုကို ဆက်စပ်ကြည့်သလို ဖြစ်တယ်၊ ဒါတောင် အသေးစိတ်အကုန်လုံးကို ကြည့်နိုင်စွမ်း မရှိပါဘူး၊ အဋ္ဌကထာဆရာတွေ ရှင်းပြထားတဲ့အထဲက သင့်တော်ရုံလောက်သာ ယူပြီး ဘုန်းကြီးတို့က ရှင်းလင်းပြတာ ဖြစ်ပါတယ်၊ "ပဋိစ္စသမုပ္ပါဒ်ကို ပဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း" အပိုင်း (၁)ကနေ (၅)အထိကို ဟောပြီးသား ဖြစ်တယ်၊ အခု ဒီကနေ့ အပိုင်း(၆)ကို ဟောပြောမှာ ဖြစ်ပါတယ်။

http://www.dhammadownload.com



## "ဝိညာဏပစ္စယာ နာမရူပံ"

**"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" "သင်္ခါရပစ္စယာ ဝိညာဏံ"** ဆိုတဲ့ ဒီအပိုဒ်နှစ်ပိုဒ်ကို ပဋိစ္စသမုပ္ပါဒ်နည်းအရရော ထိုပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် ရောနှောပြီး ပြတဲ့နည်းစနစ်အရရော ဟောကြားလို့ ပြီးဆုံးပြီ၊ ဒီကနေ့ **"ဝိညာဏပစ္စယာ နာမရူပံ"** ဆိုတာကို ပဋ္ဌာန်းနည်းနဲ့ လေ့လာသုံးသပ်ပုံလေးကို ဟောကြားပါမယ်။

ဒီတော့ ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ပုံကို ပြောမယ်ဆိုလို့ရှိရင် ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ်အရ နားလည်အောင် အရင်ကြိုးစားကြရမှာ ဖြစ်ပါတယ်။

**"ဝိညာဏပစ္စယာ နာမရူပံ"**ဆိုတော့ အင်မတန်မှ တိုတောင်းလှတဲ့ စကားလေးတစ်ခုပဲ၊ ဘုန်းကြီးတို့တစ်တွေရဲ့သန္တာန်မှာ ဖြစ်တဲ့ နာမ်နဲ့ ရုပ်ဟာ ဝိညာဏ်တည်းဟူသော အကြောင်းတရားကြောင့် -သို့မဟုတ်- "ပဋိသန္ဓေဝိညာဏ်ရှိနေသည့်အတွက်ကြောင့် ဒီနာမ်နဲ့ ရုပ်တွေ ဖြစ်ရတယ်"- လို့ အကျဉ်းချုပ် ဒီလိုပဲ မှတ်ရမှာပဲ။

အဝိဇ္ဇာကြောင့် သင်္ခါရ ဆိုတဲ့ ကံတရားတွေ ဖြစ်ခဲ့တယ်၊ သင်္ခါရ ဆိုတဲ့ ကံတရားက ထုတ်လုပ်လို့ ဘဝတစ်ခုမှာ ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ ဝိညာဏ်စိတ် စပြီးတော့ ဖြစ်လာတယ်၊ အဲဒီဝိညာဏ်စိတ်ဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် ဆိုင်ရာဆိုင်ရာ တွဲဖက်လာတဲ့ နာမ်တရားတွေ ရုပ်တရားတွေဆိုတာ ဖြစ်ပေါ်လာတယ်လို့ မှတ်ရမယ်။

http://www.dhammadownload.com



**ဝိညာဏ ဟူသည် -**

ဝိညာဏလို့ ဆိုတဲ့နေရာမှာ ဒီဝိညာဏဆိုတဲ့ စကားလုံး အဓိပ္ပါယ်ကို သိဖို့ လိုတယ်၊ မြတ်စွာဘုရားက အဘိဓမ္မာ term မှာ "ဝိညာဏ" လို့ ရည်ညွှန်းတဲ့စကားလုံးက ဘာကို ရည်ညွှန်းတာ တုန်းဆိုရင် လူတွေရဲ့သန္တာန်မှာဖြစ်တဲ့ အသိစိတ်ကလေးကို ရည် ညွှန်းတာပဲ။

သို့သော် မြန်မာလူမျိုးတွေက "ဝိညာဉ်"ဆိုလို့ရှိရင် ဘဝ တစ်ခုကနေ ဘဝတစ်ခုကို ကူးပြောင်းသွားနေတဲ့ အသက်ကောင် လိုလို လိပ်ပြာလိုလို- ဒါမျိုးတွေကို တွေးပြီးတော့ ယူကြတာလည်း ရှိသေးတယ်ပေါ့။ တကယ်ကတော့ "ဝိညာဏ - ဝိညာဉ်" လို့ ဆိုတာ အရပ်ထဲမှာပြောနေတဲ့ ဝိညာဉ်ကို ပြောတာ မဟုတ်ဘူး ဆိုတာကိုတော့ သတိထားဖို့ လိုတယ်ပေါ့။ အရပ်ထဲမှာ ပြောနေတာ က ဝိညာဉ်ကောင်လေး, လိပ်ပြာကောင်လေး, ဝိညာဉ်လောကတို့ - ဒီလို ပြောနေကြတယ်ပေါ့၊ သို့သော် အဲဒါကို ဆိုလိုတာ မဟုတ် ဘူး။

"ဝိညာဉ်"ဆိုတာ ဘုန်းကြီးတို့တစ်တွေရဲ့သန္တာန်မှာ ဖြစ်တဲ့ အာရုံကိုသိတဲ့ အသိစိတ်ကို ပြောတာ၊ အာရုံကို ရယူတဲ့သဘော လေးကို ပြောတာ၊ အဲဒီသဘောလေးဟာလည်းပဲ တကယ်တော့ သိပ်ပြီးတော့ အခြေခံကျတဲ့သဘောလေး၊ ခန္ဓာငါးပါးမှာပါတဲ့ ဝိညာဏက္ခန္ဓာဆိုတာ လူတွေရဲ့သန္တာန်မှာ အာရုံကိုသိတဲ့ ပထမ ဆုံး ဖြစ်ပေါ်လာတဲ့ သဘောတရားလေး၊ ထိုသဘောတရားလေး ဟာ စေတသိက်ဆိုတာတွေနဲ့ အမြဲတမ်းယှဉ်တွဲပြီးတော့ နေတယ်၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် စေတသိက်ဆိုတဲ့ သဘာဝတရား

http://www.dhammadownload.com



တွေဟာ "စိတ်ရဲ့လှုပ်ရှားမှုတွေ" လို့ ပြောမယ်ဆိုရင်လည်း ပြောလို့ ရတယ်ပေါ့။ ဒါကြောင့်မို့ တစ်ခါတစ်ရံ စေတသိက်ကို **စိတ္တာကိရိယာ** - စိတ်ရဲ့အမူအရာများလို့ စာပေကျမ်းဂန်များမှာ ဖွင့်ပြထားတယ်။

အဲဒီအမူအရာတွေကနေ ခွဲထုတ်ပြီး စိတ်ကလေးကို သူ့ချည်း ခွဲခြားသိဖို့ရာဆိုတာ အင်မတန်မှခဲယဉ်းတယ်၊ ဘယ်လောက်ထိ အောင် ခဲယဉ်းတုန်းဆိုလို့ရှိရင် ပင်လယ်ရေကြီးကို ခပ်ပြီးတော့ ခွာတ်ခွဲဖို့ရာ ခဲယဉ်းသလိုပဲ၊ ပင်လယ်ရေကို ခပ်လိုက်လို့ရှိရင် ဥပမာ - မြန်မာပြည်အနေနဲ့ ပြောမယ်ဆိုရင် ဒါက ဧရာဝတီမြစ်က စီးလာတဲ့ရေ, ဒါက ဒုဋ္ဌဝတီက, ဒါက ချင်းတွင်းမြစ်က ရေလို့ ခွဲဖို့ ခက်သလို၊ အိန္ဒိယနိုင်ငံအနေနဲ့ ပြောမယ်ဆိုလို့ရှိရင် ဒါက ဂင်္ဂါမြစ် ရေ, ဒါက ယမုနာမြစ်ရေ, ဒါက သရဘူ အစိရဝတီမြစ်ရေ, ဒါက မိုးပေါ်ကကျတဲ့မိုးရေ စသည်ဖြင့် ပင်လယ်ရေကို ခွဲဖို့ရန် ခက်သလို ပဲ- ဒါက စိတ်ပဲ, ဒါက စေတသိက်ပဲလို့ ပြောဖို့ရာ အင်မတန်မှ ခဲယဉ်းတယ်လို့ ပြောတယ်။

## ဝိညာဏ်သိ ဟူသည်

အဲဒီထဲမယ် ဝိညာဏ်လို့ဆိုတဲ့ စိတ်ကလေးဟာ **"ဝိဇာနာ- တီတိ ဝိညာဏံ"** လို့ ဆိုတဲ့အတိုင်း သူက **"ဝိ"** ဆိုတာ မတူထူးခြား စွာ, **"ဇာနာတိ"** သိတယ်၊ အာရုံကို သိတဲ့နေရာမှာ "သညာသိ" လို တစ်ခါမြင်ထားတာကို မှတ်ပြီးတော့သိတဲ့ အသိမျိုးလည်း မဟုတ် ဘူး၊ မှတ်ထားတဲ့ အမှတ်နဲ့ သိတာလည်း မဟုတ်ဘူး၊ "ပညာသိ" လို သဘာဝကို ကွဲကွဲပြားပြားသိတဲ့ အသိမျိုးလည်း မဟုတ်ဘူးတဲ့၊

http://www.dhammadownload.com



"သညာသိ, ပညာသိ" တို့နဲ့ မတူ, "ဝိညာဏ်သိ" ဆိုတာ ထူးခြားတဲ့ အသိတစ်မျိုးပါလို့ ဒီလို ပြောတာ။

**ဒီတော့ မတူထူးခြားတဲ့အသိဆိုတာ** ဘယ်လိုအသိတုန်း ဆိုတော့ **အာရုံကို ရယူနိုင်တဲ့ အသိ**ကို ပြောတာတဲ့၊ အာရုံဆိုတာ မျက်စိက **မြင်တဲ့ ရူပါရုံ၊ နားနဲ့ ကြား**လို့ရတဲ့ သဒ္ဒါရုံ၊ နှာခေါင်းနဲ့ နမ်းရှုလို့**ရတဲ့ ဂန္ဓာရုံ၊** လျှာနဲ့ လျက်လို့ သိရတဲ့ ရသာရုံ၊ ခန္ဓာကိုယ်နဲ့ ထိတွေ့လို့ရတဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ စိတ်ထဲမှာ ကြံတွေးသိရတဲ့ ဓမ္မာရုံလို့ အာရုံခြောက်ပါး ရှိတယ်၊ အဲဒီအာရုံခြောက်ပါးကို ရယူသိတတ်တဲ့ အသိကလေးကို ပြောတယ်။

**ယှဉ်ဘက်တရားများ**

အဲဒီအသိစိတ်ကလေး ပေါ်လာပြီးတဲ့နောက်မှာ ထိုအသိစိတ်လေးက ဆက်နွယ်ပြီး အသိစိတ်ထဲမှာ ပါလာတဲ့ သဘာဝလှုပ်ရှားမှုတွေ ဆောင်ရွက်မှုတွေကျတော့မှ စေတသိက်တွေလို့ ခေါ်တယ်၊ မတူညီတဲ့သဘာဝ ရှိပြီး function လို့ ခေါ်တဲ့ သူတို့ရဲ့ ဆောင်ရွက်မှုလေးတွေ မတူကြဘူးပေါ့။ အင်္ဂလိပ်လိုပြောတော့ သူက awareness of an object လို့ ပြောတယ်၊ အာရုံကို aware လုပ်ရုံလေးပဲ၊ သူ့မှာ ခံစားတယ်ဆိုတာ မပါဘူး၊ တွေးကြံတယ်ဆိုတာ မပါဘူး၊ အာရုံကို ရတဲ့သဘောလေးပဲ။

အဲဒီအာရုံကို ရတဲ့သဘောဟာ သူ့ချည်း ရလာတာ မဟုတ်ဘူး၊ အာရုံနဲ့ ဆက်သွယ်မိလာအောင် **ဖဿ** က လုပ်ပေးရတယ်၊ ဆက်သွယ်လာတဲ့ အာရုံပေါ်မှာ အတွေ့အကြုံ ရသွားတာက **ဝေဒနာ**၊ မှတ်တမ်းတင်လိုက်တာက **သညာ**၊ သူကိုယ်တိုင်ရဲ့

http://www.dhammadownload.com



ဆောင်ရွက်မှုရော, ကျန်တဲ့သဘာဝတရားတွေကိုရောလည်း ဆောင်ရွက်နိုင်အောင် လှုံ့ဆော်ပေးတာက **စေတနာ**၊ အာရုံလေး တစ်ခုပေါ်မှာ စိုက်ပြီးတော့ ကျသွားတာက **ဧကဂ္ဂတာ**၊ ဒီသဘာဝ တရားတွေက ပျက်သွားပြီးရင် ထပ်ဖြစ်လာဖို့ရန်အတွက် ထိန်းချုပ် ပေးထားတာက **ဇီဝိတိန္ဒြိယ**၊ အာရုံဘက်ကို အမြဲတမ်း ဦးလှည့်ပေး နေတာက **မနသိကာရ**။

ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရ - စိတ်ဟာ ဒီသဘာဝတရား ၇-မျိုးနဲ့ ကင်းပြီး ဘယ် တော့မှ မဖြစ်ဘူး၊ စိတ်ရယ် ဒီသဘာဝတရား ၇-ခုရယ်က ခွဲလို့ မရအောင် ယှဉ်တွဲပြီး နေကြတယ်၊ ခွဲလို့ မရတာကို ဘာနဲ့ ခွဲတုန်း လို့ဆိုတော့ function ချင်း မတူလို့ ခွဲတာ၊ တကယ်ကြည့်မယ် ဆိုရင်တော့ သူတို့က unity ဖြစ်နေတာ၊ အားလုံးဟာ တွဲနေတာ, တစ်ခုတည်းလို နေတာ၊ ခွဲလိုက်လို့ရှိရင် "နာမ်" လို့ ခေါ်စရာ မရှိ တော့ဘူး။

ဆိုပါစို့ - သိပ္ပံဆရာတွေပြောနေတဲ့ $H_2O$ ဆိုတာ ကြည့်၊ ရေဟာ $H_2O$ လို့ atom သုံးမျိုး ပေါင်းစပ်ထားတာ၊ ရေကို ခွဲ လိုက်လို့ရှိရင် သူ့ရဲ့ဆိုင်ရာ ဂုဏ်သတ္တိတွေ ပျက်သွားတယ်၊ စိတ် ဟာလည်းပဲ စိတ်ရယ် ခုနကပြောခဲ့တဲ့ စေတသိက် ၇-ခုရယ် ၈-ခု၊ အဲဒီ ၈-ခုကို တစ်ခုစီ ခွဲလိုက်လို့ရှိရင် ဂုဏ်သတ္တိတွေ မရှိတော့ ဘူး၊ နာမ်လို့ ခေါ်စရာ မရှိတော့ဘူး၊ သို့သော် ဒီ ၈-ခု ပေါင်းစပ် ထားလို့ ရှိရင်တော့ ခုနပြောခဲ့တဲ့ function တွေဟာ လာတယ်၊ ဆိုလိုတာက ဒီအသိဆိုတဲ့ နာမ်တရားမှာ function ၈-ခု ရှိတယ် လို့ ပြောချင်လည်း ပြောလို့ ရတယ်၊ ဆောင်ရွက်မှုကိစ္စ ၈-ခု ရှိ

http://www.dhammadownload.com



တယ်၊ အဲဒီ ၈-ခု ရှိသည့်အတွက်ကြောင့် သဘောတရား ၈-ခု လို့ ပြောတယ်။

## စိတ်က ဦးဆောင်၏

အဲဒီ ၈-ခု ထဲမှာ ဘယ်သူက ဦးဆောင်နေသလဲလို့ ဆိုရင် ဝိညာဏဆိုတဲ့ အသိစိတ်လေးက ဦးဆောင်နေတယ်၊ ကျန်တာတွေက ဝိညာဏဖြစ်လို့ ဖြစ်ကြရတာ၊ ဒါကြောင့်မို့ အဘိဓမ္မာသဘောကို သုတ္တန်မှာကျတော့ ဘယ်လိုဟောတုန်းဆိုတော့ **"မနောပုဗ္ဗင်္ဂမာ ဓမ္မာ"** လို့ ဟောထားတယ်၊ **"ဓမ္မာ** (အဋ္ဌကထာအဆိုအရဆိုရင်) - **စေတသိက်တရားတွေဟာ, မနောပုဗ္ဗင်္ဂမာ** - စိတ်ကသာ ရှေ့သွားရှိတယ်" လို့ ဆိုတယ်၊ စိတ်ဖြစ်လို့ လိုက်ပါပြီးတော့ ဖြစ်လာကြရတာ၊ ဆိုလိုတာကတော့ function တွေထဲမှာ ဒီဝိညာဏရဲ့ function က အဓိကကျတယ် ဆိုတာကို ပြောတာ၊ ရှေ့နောက် ဒီလို ခွဲဖို့ ပြောတာ မဟုတ်ဘူး၊ စိတ်က အရင်ဖြစ်ပြီးတော့ စေတသိက် ၇-ခုက နောက်မှ လိုက်လာတာလို့ ဒီလိုပြောတာလည်း မဟုတ်ဘူး။

ဒီတော့ ခွဲလို့ မရလောက်အောင် ယှဉ်တွဲနေတဲ့ သဘာဝတရားကြီးကို ဘာ့ကြောင့် ခွဲပြောနေရသလဲလို့ ဆိုရင် function လေးတွေ မတူညီတဲ့တရားလေးတွေ ရှိနေလို့ပဲလို့၊ ဒီလို ဆိုလိုတာ ပေါ့နော်။

ဒီ မတူညီတဲ့သဘောတရားလေးတွေကို အဘိဓမ္မာအဆိုအတိုင်း သုတမယညာဏ်နဲ့ ရှုရမယ်၊ သုတမယညာဏ်နဲ့ စဉ်းစားဆင်ခြင်ပြီး ဘာဝနာမယညာဏ် နောက်ကလိုက်ရမယ်ပေါ့၊ လေ့လာပွားများတဲ့အခါမှာ ဒီသဘာဝတရားတွေရဲ့ဖြစ်မှုတွေဟာ ပိုပြီးတော့

http://www.dhammadownload.com



ထင်ထင်ရှားရှားပေါ်လာနိုင်တယ်၊ ဘာဝနာမယဉာဏ်နဲ့ ကိုယ်တွေ့ သိလာနိုင်တယ်၊ စိတ်ရဲ့သဘာဝတရားလေးကို အာရုံပြုကြည့်လို့ ရှိရင် "သြော် - မတူ ထူးခြားတဲ့အာရုံကို ရယူတဲ့သဘောလေး" ပဲ၊ "ဝိညာဏ်ဆိုတာလေးက သညာနဲ့လည်း မတူဘူး၊ ပညာနဲ့လည်း မတူဘူး"။

ဖဿကို ကြည့်၊ စိတ်နဲ့ အာရုံ တွေ့ဆုံပေးတဲ့သဘောလေး ပဲ၊ ဝေဒနာကြည့်ပြန်တော့ ခံစားတဲ့သဘော၊ အတွေ့အကြုံ ရသွား တဲ့သဘောလေးပဲ၊ သညာကြည့်ပြန်တော့ စိတ်နဲ့တွေ့လိုက်တဲ့ အာရုံ ကို မှတ်တမ်းတင်တဲ့သဘောလေးပဲ၊ စေတနာကြည့်ပြန်တော့ လှုံ့ဆော်ပေးတဲ့ သဘောလေးပဲ၊ ဧကဂ္ဂတာကြည့်ပြန်တော့ အာရုံ တစ်ခုတည်းပေါ်မှာ ဒီ ၈-ခုလုံးဟာ စုစည်းသွားတဲ့သဘောလေးပဲ၊ စုကျသွားတဲ့သဘောလေးပဲ၊ မနသိကာရကြည့်ပြန်တော့ အားလုံး ကို ဦးလှည့်ပေးတဲ့ သဘောလေးပဲ၊ ဒီသဘာဝတရားလေးတွေ ဆက်လက်ပြီး ဖြစ်ပေါ်နေအောင် ထိန်းချုပ်ပေးတာ ဇီဝိတိန္ဒြေပဲ လို့ - ဒီလို သဘာဝတရားလေးတွေရဲ့ တစ်ခုစီ တစ်ခုစီသော ဆောင်ရွက်မှုကိစ္စလေးတွေကို ကြည့်ပြီးတော့ ၈-မျိုးလို့ ဒီလိုပြော တာပါ။

ဒီတော့ ဝိညာဏက္ခန္ဓာမှာ ဝိညာဏလို့ ပြောလိုက်တဲ့အခါ သဘာဝစိတ်တွေကို ပုံစံအမျိုးမျိုးနဲ့ ခွဲထားတဲ့ ၈၉ သို့မဟုတ် ၁၂၁- အားလုံး ပါဝင်တယ်လို့ ဆိုလို့ ရတယ်ပေါ့၊ ခု **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" "သင်္ခါရပစ္စယာ ဝိညာဏံ" "ဝိညာဏပစ္စယာ နာမရူပံ"** မှာလာတဲ့ ဝိညာဏကျတော့ ဒါတွေ အကုန်လုံး မပါပြန်ဘူးပေါ့၊

http://www.dhammadownload.com



ဆိုင်ရာ ဆိုင်ရာလေးတင် ပါတယ်၊ ဒီတော့ စကားလုံးလေးတွေကို သတ်မှတ်ပြီးတော့ ပေးထားရတယ်။

## "ဝိညာဏ" အရ ဝိပါကဝိညာဏ

**"ဝိညာဏပစ္စယာ နာမရူပံ"** နဲ့ ပတ်သက်ပြီး ပြောရအောင်၊ ဝိညာဏလို့ ဆိုတဲ့နေရာမှာ ဘာဝိညာဏတွေကို ယူမလဲ? ပထမ နားလည်ထားရမှာက ဝိညာဏ ဆိုတာ စိတ် ၈၉- အကျယ် ၁၂၁- လို့ ဒီလိုနားလည်ထားရမယ်၊ ဒါကတော့ အခြေခံနားလည်ထားရမှာ၊ စိတ်အားလုံးကို ဝိညာဏ၊ သို့သော် ဒီနေရာမှာ အားလုံးလား လို့ မေးတဲ့အခါကျတော့ အားလုံးမဟုတ်ဘူး၊ ဒီနေရာမှာ လိုအပ်တဲ့ ဝိညာဏတွေကို ခွဲမယ်ဆိုလို့ရှိရင် **"သင်္ခါရပစ္စယာ ဝိညာဏံ"** တုန်းက ပဋိသန္ဓေစိတ်ကလေးတင်ကို ယူရတယ်ပေါ့၊ နောက် သုတ္တန်ဒေသနာတော်နည်းအရ တခြားစိတ်တွေကိုလည်း ယူတာ ရှိတယ်ပေါ့နော်။

ကဲ ဒီနေရာမှာ ဝိညာဏကို အဋ္ဌကထာဆရာက ၃-မျိုး ခွဲပြတယ်၊ နံပါတ် ၁-က **ဝိပါကဝိညာဏ**တဲ့၊ "ဝိပါကဝိညာဏ"ဆိုတာ ဝိညာဏက ကုသိုလ် ရှိတယ်, အကုသိုလ် ရှိတယ်, ဝိပါက် ရှိတယ်, ကြိယာ ရှိတယ်ပေါ့၊ ဇာတိဘေဒဆိုတဲ့ အမျိုးအားဖြင့် ခွဲလိုက်မယ် ဆိုရင် ကောင်းကျိုးပေးတဲ့ အမျိုးအစုက **ကုသိုလ်**၊ ဆိုးကျိုးတွေကို ထုတ်လွှတ်တတ်တဲ့အမျိုးအစုက **အကုသိုလ်**၊ ထိုကုသိုလ်အကုသိုလ် နဲ့ မတူညီတဲ့, သဘာဝနှစ်ခုက ထုတ်လုပ်ထားတဲ့ အကျိုးတရားတွေ ကျတော့ **ဝိပါက**၊ အဲဒါတွေနဲ့ မသက်ဆိုင်ဘူး၊ ပြုလုပ်ရုံသက်သက်

http://www.dhammadownload.com



ဆိုတဲ့စိတ်တွေကျတော့ ကြိယာ၊ ဟော ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာလို့ အဘိဓမ္မာမှာ ဒီလို ခွဲခြားရတယ်ပေါ့။

အခုဒီနေရာမှာ ဝိညာဏအရ နံပါတ်(၁)က ဝိပါကဝိညာဏ လို့ဆိုတော့ ကုသိုလ်တွေ မပါဘူး, အကုသိုလ်လည်း မပါဘူး, ကြိယာလည်း မပါဘူး ဆိုတဲ့ အဓိပ္ပါယ်ကို ပြောတယ်၊ ဒီတော့ ဝိပါကဝိညာဏဆိုတော့ ဝိပါက်စိတ်ပေါင်းက ၃၆-မျိုး ရှိတဲ့အထဲ မယ် ပဋိစ္စသမုပ္ပါဒ်နေရာ ဖြစ်သောကြောင့် လောကုတ္တရာဝိပါက် စိတ်ကို ထည့်ပြီးတော့ မပြောဘူး။

## လောကုတ္တရာဝိပါက်စိတ် မယူခြင်းအကြောင်း

ဘာဖြစ်လို့တုန်းဆိုတော့ အပိုင်းကို နှစ်ပိုင်းခွဲထားတယ် - သံသရာပိုင်းနဲ့ နိဗ္ဗာန်ပိုင်း ဆိုပြီး၊ လောကုတ္တရာဆိုတာက ဝိပဿနာ ကျင့်ကြံကြိုးကုတ်အားထုတ်မှ ရရှိလာတဲ့သဘာဝတရား၊ အကြောင်း တရားလည်း ရှိရတယ်, အကျိုးတရားလည်း ရှိရတယ်၊ အကြောင်း တရားဆိုတာက မဂ်ပေါ့၊ အကျိုးတရားဆိုတာက ဖိုလ်ပေါ့၊ တစ်ဖက် က ပြောမယ်ဆိုရင် မဂ်စိတ်တို့ ဖိုလ်စိတ်တို့ဆိုတာ ဝိပဿနာရဲ့ အကျိုးအာနိသင်တွေပဲပေါ့၊ ဝိပဿနာတရားအားထုတ်ရင် အကျိုး အာနိသင်က ဘာရှိသလဲဆိုရင် မဂ်ဖိုလ်ပါပဲ၊ ဈာန်တရားအားထုတ် ရင်, သမထကျင့်စဉ်ကို ကျင့်ရင်တော့ သမထကျင့်စဉ်ရဲ့အာနိသင် အကျိုးက ဘာလဲဆိုရင် အဘိညာဉ်ပဲပေါ့။

မဂ်စိတ်ဖိုလ်စိတ်ဆိုတာ ဝိပဿနာဉာဏ် ရင့်သန်ထက်မြက် တဲ့ ပုဂ္ဂိုလ်တွေ ရရှိလာတဲ့, အဲဒီပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ဖြစ်ပေါ် လာတဲ့စိတ်မျိုးကို ပြောတာ၊ ဒီတော့ သာမန်နဲ့ မဖြစ်သည့်အတွက်

http://www.dhammadownload.com



ကြောင့် လောကရဲ့သဘာဝ သံသရာအကြောင်းကို ရှင်းပြတဲ့ ပဋိစ္စသမုပ္ပါဒ်မှာ သူတို့နဲ့ မသက်ဆိုင်ဘူး၊ မသက်ဆိုင်လို့ ဝိပါက ဝိညာဏ လို့ ဆိုတဲ့နေရာမှာ လောကီဝိပါက် - ၃၂ ကိုပဲ ကောက်တယ်၊ ဒါကြောင့် ဝိပါကဝိညာဏဆိုတာ လောကီဝိပါက် ၃၂-မျိုး လို့ ဒီလိုမှတ်ရမယ်။

## ပဋိသန္ဓိ နှင့် ပဝတ္တိ

ဒီ ၃၂-မျိုး ဆိုတဲ့အထဲမှာလည်းပဲ လူတွေရဲ့ဘဝမှာ အပိုင်း နှစ်ပိုင်း ခွဲပြီးတော့ မှတ်ထားရမယ်၊ ဘဝကို စတင်တဲ့အပိုင်းက တစ်ခု, ဆက်လက်သွားနေတဲ့အပိုင်းက တစ်ခု- နှစ်ခုရှိတယ်၊ ဘဝကို စတင်တဲ့အပိုင်းဟာ အတိတ်ဘဝနဲ့ ဒီဘဝကို ဆက်စပ်ပေးတာမို့ ပဋိသန္ဓိ - ပြန်လည်ဆက်စပ်တဲ့အပိုင်းကလေးတစ်ခုပဲ၊ ပဋိသန္ဓေအချိန်ဆိုတာ အင်မတန်တိုတောင်းတယ်၊ အတိတ်ဘဝပြီးဆုံးလို့ လက်ရှိဘဝ စတင်တဲ့အချိန်လေး, ပထမဆုံးအချိန်ကလေး၊ အဲဒါလေးကို ပဋိသန္ဓေအခါလို့ ဒီလို သတ်မှတ်တယ်ပေါ့၊ ပဋိသန္ဓေစိတ်လေးပေါ်နေတဲ့အချိန်လေး- ဒါလေးက very short moment အလွန့်အလွန် တိုတောင်းတဲ့ အချိန်ပိုင်းလေး၊ ခဏငယ်သုံးချက် - စိတ္တက္ခဏတစ်ချက်မျှသာ ရှိတဲ့ တိုတောင်းတဲ့အချိန်ပိုင်းလေး။

အဲဒီနောက် နောက်ဆုံး စုတိထိအောင် အသက်ရှင်သမျှကာလပတ်လုံးပေါ့၊ ၈၀, ၉၀, ၁၀၀ ထိအောင် နှစ်ပေါင်းကြာအောင် ဆက်လက်ဖြစ်ပေါ်နေတာကို ပဝတ္တိပိုင်းလို့ ဒီလိုခေါ်တယ်၊ ဒီတော့ ပဋိသန္ဓိ, ပဝတ္တိ - နှစ်ခု မှတ်ထားနော်။

http://www.dhammadownload.com



အဲဒီ ဝိပါက်စိတ်မှာလည်းပဲ ပဋိသန္ဓိ လို့ဆိုတဲ့ ဘဝတစ်ခုနဲ့ တစ်ခုကို စတင်ဆက်စပ်ပေးတဲ့ ဒီအကျိုးဝိပါက်စိတ်ဟာ ၁၉-ခုပဲ ရှိတယ်၊ ခုန လောကီဝိပါက် ၃၂-ထဲမှာ ၁၉-ခုပဲ ရှိတယ်၊ ဘဝ တစ်ခု စတင်တဲ့နေရာမှာ ဖြစ်ပေါ်လာနိုင်တာ ဒီ ၁၉-ခုပဲ၊ ဝိပါက် စိတ်အားလုံးဟာ ကံရဲ့အကျိုးတော့ မှန်တယ်၊ သို့သော် ပဋိသန္ဓေ ဖြစ်တာက ၁၉-ခုပဲတဲ့။

## အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်

အဲဒီမှာ အကုသိုလ်ရဲ့အကျိုး ပဋိသန္ဓေဆိုတာ တစ်မျိုးတည်း ပဲ ရှိတယ်၊ "အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်"၊ သူ့ကို သန္တီရဏလို့ဆိုတာ ခေါ်လို့ လွယ်အောင်သာ ခေါ်ထားတာ၊ တကယ်ကတော့ သူက ဒီအချိန်မှာ သန္တီရဏကိစ္စ (စုံစမ်းခြင်းကိစ္စ) ကို လုပ်တာ မဟုတ်ဘူး၊ သူဆောင်ရွက်တာက ပဋိသန္ဓိကိစ္စ - ဘဝ တစ်ခုနဲ့ တစ်ခု ဆက်စပ်ပေးခြင်းကိစ္စကိုသာ ဆောင်ရွက်တယ်၊ သူ့ ကို ဒီနေရာမှာ သန္တီရဏလို့ ခေါ်လို့ရှိရင် နာမည်နဲ့ ဆောင်ရွက်မှု ဟာ လွဲနေတယ်ပေါ့နော်၊ သို့သော် လွယ်အောင်လို့သာ "ဥပေက္ခာ သန္တီရဏစိတ်"လို့ ခေါ်လိုက်တာ၊ သန္တီရဏဆိုတဲ့အမည်က စုံစမ်း တဲ့အခါမှာသာ ခေါ်ရတာ။

ဥပေက္ခာသန္တီရဏစိတ်က ၅-ကိစ္စဆောင်ရွက်နိုင်တာ, ကိစ္စ ၅-မျိုး ထိအောင် ဆောင်ရွက်နိုင်တယ်ပေါ့၊ ဒီတော့ ကိစ္စအလိုက် သူ့ကို ခေါ်ရတယ်၊ လူတွေကိုလည်း ကိစ္စအလိုက် ခေါ်နေကြတာ ပဲလေ၊ ရုံးမှာတော့ မန်နေဂျာ, အိမ်ကျတော့ ထမင်းချက် ဖြစ်ချင် လည်း ဖြစ်မှာပေါ့၊ သူလုပ်တဲ့အလုပ်ကို ကြည့်တာပေါ့။

http://www.dhammadownload.com



အေး အဲဒီလိုပဲ- ဒီမှာလည်းပဲ အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ ဥပေက္ခာသန္တီရဏစိတ်လေးဟာ ဘဝတစ်ခုကို စတင်ဆက်စပ်ပေးတဲ့အချိန်လေးမှာ ဖြစ်ပေါ်လာလို့ရှိရင် "ပဋိသန္ဓေ"ပဲ၊ အဲဒီနောက်မှာ သူ ဆက်လက်ဆောင်ရွက်တာကတော့ ဘဝတစ်ခု အဆက်ပြတ်မသွားအောင် သူက အကြောင်းတစ်ခုအနေနဲ့ ဆက်လက်ဖြစ်ပေါ်နေလို့ "ဘဝင်" လို့ ခေါ်တယ်၊ နောက်ဆုံး သေတဲ့အချိန်ကျတော့လည်း ဒီစိတ်နဲ့ သေတာမို့လို့ "စုတိ" လို့ ခေါ်လိုက်ပြန်တယ်။

ဒီကြားထဲမှာ ပဝတ္တိပိုင်းမှာ ဖြစ်ပေါ်လာတဲ့အခါ သူက အာရုံတွေနဲ့ တွေ့တဲ့အခါ စုံစမ်းခြင်းကိစ္စကို ဆောင်ရွက်တယ် "သန္တီရဏ"၊ ဇောပြီးတဲ့နောက်မှာ ဖြစ်ရလို့ရှိရင် သူက **ပိဋ္ဌိဘဝင်** အနေနဲ့ ဖြစ်တယ်၊ သို့သော် "တဒါရုံ" လို့ ခေါ်တယ်၊ အဲဒီလို ဆိုင်ရာဆိုင်ရာ သူဆောင်ရွက်တဲ့ သဘောလေးတွေကို ကြည့်ပြီးတော့ စိတ်ကို နာမည်ပေးထားတာ။

ဒီအကုသိုလ်ရဲ့အကျိုးစိတ်က ဘုံဘဝနဲ့ပြောမယ် ဆိုလို့ရှိရင် ဘယ်ဘုံမျိုးမှာ ဖြစ်သလဲလို့ဆိုရင် ဆင်းရဲဒုက္ခတွေ အများဆုံးဖြစ်တဲ့ ငရဲဘုံ၊ ငရဲသူငရဲသားတွေဟာ တစ်ညီတည်း ဒီစိတ်ကလေးနဲ့ ဘဝကို စ,ကြရတယ်၊ ဥပေက္ခာသန္တီရဏစိတ်လေးနဲ့ ဘဝကို စ,တယ်၊ ငရဲလောက် မဆင်းရဲပေမယ့် ဆင်းရဲတယ်ဆိုတဲ့ဘုံဘဝက တိရစ္ဆာန်ပဲ၊ အဲဒီတိရစ္ဆာန်တွေရဲ့ဘဝကိုလည်း ဘာနဲ့ စ,တုန်း ဆိုတော့ ဥပေက္ခာသန္တီရဏစိတ်လေးနဲ့ပဲ စ,တယ်၊ တစ်ခါ အဲဒီထက် ဆင်းရဲဒုက္ခတော့ နည်းနည်းသက်သာတယ်, အပါယ်ဘုံပဲ ဖြစ်တယ် - ပြိတ္တာတို့ အသူရကာယ်တို့၊ သူတို့ရဲ့ ဘုံဘဝတွေကိုလည်း ဘာနဲ့ စ,တုန်းဆိုတော့ ဒီဥပေက္ခာသန္တီရဏနဲ့ စတယ်၊ အကုသိုလ်ရဲ့

http://www.dhammadownload.com



အကျိုးဟာ ဒီအပါယ်လေးဘုံသားတို့ရဲ့ ပဋိသန္ဓေစိတ်အနေနဲ့ ဆောင်ရွက်တယ်တဲ့၊ ဒီလို ဆိုလိုတာပေါ့။

ကဲ ကောင်းပြီ - အဲဒီပဋိသန္ဓေစိတ်လေးဟာ အပါယ်ဘုံသားတွေအနေနဲ့ ပြောမယ်ဆိုလို့ရှိရင် ဥပေက္ခာသန္တီရဏစိတ်ကလေး ပေါ်လိုက်တာနဲ့တစ်ပြိုင်နက် ယှဉ်ဘက်စေတသိက်တွေ ဆိုတာပါ ပေါ်လာတယ်၊ ယှဉ်ဘက်စေတသိက်ဆိုတာကလည်း အစကတည်းက တစ်စုတည်းတွေ လာတာပဲ၊ ပြောချင်လို့သာ ခွဲပြောနေရတာ၊ အမှန်ကတော့ တစ်စုတည်း လာတာ။

အဲဒီဥပေက္ခာသန္တီရဏနဲ့ ယှဉ်တွဲပြီးတော့လာတဲ့ စေတသိက် ပေါင်း ၁၀-ခု ရှိတယ်၊ အဲဒီ ၁၀-ခုရယ် ဥပေက္ခာသန္တီရဏရယ် ပေါင်းတော့ ၁၁-ခု ရှိတယ်၊ ဒီတော့ function တွေ ၁၁-ခု ပါဝင်တဲ့ ယူနစ်ကလေးတစ်ခုပဲ၊ သူတို့ရဲ့ဘဝပါ။

### “ ဝိညာဏပစ္စယာ နာမံ”

ဒီပဋိစ္စသမုပ္ပါဒ်မှာ အဲဒါကို ဘာပြောချင်တုန်းဆိုလို့ရှိရင် - ပဋိစ္စသမုပ္ပါဒ်မှာ အခုပြောတဲ့ ဥပေက္ခာသန္တီရဏလေးက **ဝိညာဏပစ္စယာ**၊ ကျန်တဲ့စေတသိက် ၁၀-ခုက နာမရူပံထဲက **နာမံ**၊ ဥပေက္ခာသန္တီရဏလေးက **ဝိညာဏ**၊ ကျန်တဲ့ သူနဲ့အတူ ယှဉ်တွဲပြီး ဖြစ်ပေါ်လာတဲ့စေတသိက်တွေက နာမတဲ့၊ ဟုတ်လား၊ **“ဝိညာဏပစ္စယာ နာမရူပံ”** မှာ **နာမလေးတင်ကို** ပြောတာနော်၊ စေတသိက်ကို ရည်ညွှန်းတယ်လို့ ဒီလိုဆိုလိုတယ်။

ဒီတော့ ပဋိသန္ဓေအခါမှာ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် ယှဉ်ဘက်စေတသိက်

http://www.dhammadownload.com



တွေက ပါလာတယ်တဲ့၊ အဲဒီမှာ ဥပေက္ခာသန္တီရဏစိတ်လေးသည် **ဝိညာဏ၊** ယှဉ်ဘက်စေတသိက်သည် **နာမ၊** **"ဝိညာဏပစ္စယာ နာမံ"** လို့ ဒီလိုပြောလို့ ရတယ်၊ အဲဒီလို ဖြစ်လာတဲ့ စိတ်ကလေး ဟာ ဒါက ပဋိစ္စသမုပ္ပါဒ်နည်းကနေ ပြောတာ။

## ပဋ္ဌာန်းနည်း

ပဋ္ဌာန်းနည်းကနေ ပြောမယ်ဆိုလို့ရှိရင် ပဋ္ဌာန်းက ၂၄-ပစ္စည်း ရှိတဲ့အထဲမှာ အခု ဥပေက္ခာသန္တီရဏစိတ်ကလေးကလည်း နာမ်တရားပဲ၊ သူနဲ့ ယှဉ်ပြီးတော့ ဖြစ်တဲ့စေတသိက်တွေကလည်း နာမ်တရားပဲ၊ ဒီတော့ ပဋ္ဌာန်းနည်းနဲ့ ကျေးဇူးပြုရာမှာ အဘိဓမ္မတ္ထ-သင်္ဂဟကျမ်းမှာ ၆-မျိုး ခွဲထားတယ်၊ တကယ်ခွဲမယ်ဆိုရင်တော့ ၇-မျိုး ရနိုင်တယ်။

ဘယ်လိုခွဲတာတုန်းဆိုတော့ အဲဒီခွဲခြားချက်ကလေးက -

- နံပါတ် ၁ - နာမ်ကနေ နာမ်ကို ကျေးဇူးပြုတဲ့ အုပ်စုက တစ်ခု၊
- နံပါတ် ၂ - နာမ်ကနေ ရုပ်ကို ကျေးဇူးပြုတဲ့ အုပ်စုက တစ်ခု၊
- နံပါတ် ၃ - နာမ်ကနေ နာမ်ရုပ်နှစ်မျိုးကို ကျေးဇူးပြုတာက တစ်ခု၊
- နံပါတ် ၄ - ရုပ်ကနေ ရုပ်ကို ကျေးဇူးပြုတာက တစ်ခု၊
- နံပါတ် ၅ - ရုပ်ကနေ နာမ်ကို ကျေးဇူးပြုတာက တစ်ခု၊
- နံပါတ် ၆ - နာမ်ရုပ်ကနေ နာမ်ရုပ်ကို ကျေးဇူးပြုတာက တစ်ခု၊

နောက်တစ်ခု ဘာထည့်လို့ ရတုန်းဆိုရင် နာမ်, ရုပ်, နိဗ္ဗာန်, ပညတ်က နာမ်ကို ကျေးဇူးပြုတာ တစ်ခုလို့၊ ဒါ ပဋ္ဌာန်းရှုထောင့်ကနေ ပြောလို့ရှိရင် အဲဒါလည်း ထပ်ရှာကြည့်ရမယ်ပေါ့။

http://www.dhammadownload.com



♦ **နာမ်ကနေ နာမ်ကို** ကျေးဇူးပြုတဲ့ ပစ္စည်းတွေက ၆-ခု ရှိတယ်၊ တချို့က ရှေ့နောက်သွားတာ ရှိတယ်၊ ရှေ့နောက်ကျတော့ အနန္တရပေ့ါ၊ မရှိတော့မှ ကျေးဇူးပြုတာကျတော့ နတ္ထိအုပ်စုပေ့ါ၊ ရှိနေတုန်း ကျေးဇူးပြုတာက အုပ်စုတစ်ခု၊ နာမ်ကနေ နာမ်ဆိုတဲ့ နေရာမှာ - ဒီတော့ အနန္တရ သမနန္တရ အာသေဝန သမ္ပယုတ္တ နတ္ထိ ဝိဂတ။

အခု **"ဝိညာဏပစ္စယာ နာမရူပံ"** နာမံ ဆိုတဲ့နေရာ အခု ဥပေက္ခာသန္တီရဏစိတ်ကလေးက နေပြီးတော့ စေတသိက်တွေကို ဆက်သွယ်တဲ့နေရာမှာတော့ ရှေ့နောက် မဟုတ်ဘူး၊ ဥပေက္ခာသန္တီရဏစိတ်ကလေးက ဖြစ်ပြီး ချုပ်သွားမှ စေတသိက် ၁၀-ခုက ဖြစ်လာတာ မဟုတ်ဘူး၊ ဥပေက္ခာသန္တီရဏစိတ် ဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် အတူတကွဖြစ်ခြင်း, အတူတကွချုပ်ခြင်း, တူညီသော အာရုံ ရှိခြင်း, တူညီသော မှီရာဝတ္ထု ရှိခြင်းဆိုတဲ့ တူလေးတူနဲ့ လာလိုက်တာဆိုတော့ သူက တစ်ပြိုင်နက်ဖြစ်တာ- သဟဇာတမျိုးပေ့ါ။

ဒီနေရာမှာ နာမ်က နာမ်သက်သက်ကို **သမ္ပယုတ္တ** လို့ ပြောလို့ ရတယ်၊ နောက် ရနိုင်တာတွေက **သဟဇာတ**လည်း ရတာပဲ၊ **အညမည**လည်း ရတာပဲ၊ **နိဿယ**လည်း ရတာပဲ၊ ဝိပါက်စိတ် ဖြစ်သည့်အတွက်ကြောင့် **ဝိပါက**လည်း ရတာပဲ၊ **အတ္ထိ အဝိဂတ** တို့လည်း ရတာပဲ၊ ဒီလို ခွဲသွားရမှာပေ့ါနော်။

ဒီတော့ **"နာမ်သက်သက်ကနေ နာမ်သက်သက်"ကို ကျေးဇူးပြုတာက** ၆-ပစ္စည်း —အနန္တရ, သမနန္တရ, အာသေဝန, သမ္ပယုတ္တ, နတ္ထိ, ဝိဂတ။

http://www.dhammadownload.com



♦ **နာမ်တရားသက်သက်က ရုပ်တရားသက်သက်ကို** ကျေးဇူးပြု တာတော့ တစ်ပစ္စည်းတည်းပဲ ရှိတယ်၊ ပစ္ဆာဇာတပစ္စည်းလို့ ခေါ် တယ်၊ အဲဒါကျတော့ နာမ်ကနေ ရုပ်ကို သွားတာ။

♦ တစ်ခါ **နာမ်က နေပြီးတော့ နာမ်ရောရုပ်ရော ပေါင်းပြီး** ကျေးဇူး ပြုတာက ၅-ပစ္စည်း ရှိတယ်၊ ဟေတုရယ်, ဈာနရယ်, မဂ္ဂရယ်, ကမ္မရယ်, ဝိပါကရယ်။

♦ တစ်ခါ **ရုပ်သက်သက်က ရုပ်သက်သက်ကို** ကျေးဇူးပြုတာက ရူပဇီဝိတိန္ဒြိယ၊ ရုပ်ကနေ ရုပ်ကို သွားတာ၊ ရုပ်ကို ထိန်းပေးတဲ့ရုပ် က ရူပဇီဝိတိန္ဒြိယဖြစ်တယ်၊ အဲဒီရုပ်ဇီဝတက ဆိုင်ရာကမ္မဇရုပ်တွေ ကို ထိန်းပေးသွားတာ၊ ဒါကြောင့်မို့ ရုပ်ကနေ ရုပ်ကို ကျေးဇူးပြုတယ်။

♦ တစ်ခါ **ရုပ်သက်သက်က နာမ်သက်သက်ကို** ကျေးဇူးပြုတာက ပုရေဇာတတစ်ပစ္စည်းပဲ။

♦ **နာမ်ရုပ်နှစ်ပါးက နာမ်ရုပ်နှစ်ပါးကို ရောပြီးတော့** ကျေးဇူးပြုနိုင် တဲ့ ပစ္စည်းက ၉-မျိုးရှိတယ်တဲ့ - အဓိပတိ, သဟဇာတ, အညမည, နိဿယ, အာဟာရ, ဣန္ဒြိယ, ဝိပါက, အတ္ထိ, အဝိဂတ လို့ ဒီလို အကျဉ်းချုပ်မှတ်ထားပေ့ါ၊ ဒါတွေက လေ့လာထားတော့မှ ပိုနားလည် လို့ ရမှာနော်။

တစ်ခါ နာမ်ရယ် ရုပ်ရယ် နိဗ္ဗာန်ရယ်၊ ပစ္စည်းပိုင်းက **နာမ် ရုပ် နိဗ္ဗာန် ပညတ်က နာမ်တရားကို** ကျေးဇူးပြုတယ်ဆိုတဲ့ ပစ္စည်း ကျတော့ အာရမ္မဏနဲ့ ဥပနိဿယပစ္စည်း၊ ဒါဟာ ပဋ္ဌာန်းကို ခြုံငုံပြီး တော့ ခွဲတဲ့နည်း တစ်နည်းပေ့ါ။

http://www.dhammadownload.com



အဲဒီမှာ "နာမ်က နာမ်ကို" ကျေးဇူးပြုလို့ရတဲ့ ပစ္စည်းတွေ အခုပြောလို့ ရတယ်ပေါ့၊ ဒီတော့ ပြောမယ်ဆိုလို့ရှိရင် ဘာပစ္စည်းတွေ ရနိုင်တုန်းလို့၊ အခုပြောခဲ့တဲ့ အပါယ်ဘုံသားတွေရဲ့ ဥပေက္ခာသန္တီရဏစိတ်လေး ပေါ်လာလို့ရှိရင် ဒီစိတ်နဲ့ ပြိုင်တူပေါ်လာပြီးတော့ ယှဉ်တွဲလာတဲ့စေတသိက် ၁၀-ခုကို အတူတကွဖြစ်တာ ဖြစ်သောကြောင့် **သဟဇာတ**၊ ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်လိုက်မယ်ဆိုရင် သူတို့ဟာ အတူတူဖြစ်ပြီးတော့ အကျိုးပြုတာ၊ အတူတူဖြစ်ခဲ့သားနဲ့ ဘယ်လိုအကျိုးပြုတာတုန်းလို့ မေးလို့ရှိရင် ဒီဥပေက္ခာသန္တီရဏစိတ်လေးမှမဖြစ်ရင် ကျန်တဲ့စေတသိက် ၁၀-ခုက မဖြစ်နိုင်ဘူးတဲ့၊ အဲဒါ ကျေးဇူးပြုတာပဲပေါ့၊ ဥပေက္ခာသန္တီရဏစိတ်မှ မဖြစ်ရင် ကျန်တာတွေ ဖြစ်ခွင့် မရှိဘူး၊ သူဖြစ်မှ ကျန်တာတွေ ဖြစ်လို့ ရတယ်ပေါ့၊ အဲဒါသည်ပင်လျှင် ကျေးဇူးပြုတယ်လို့ ပြောတာနော်၊ သဟဇာတ အတူတကွဖြစ်လာကြတယ်။

**အညမည** အပြန်အလှန်ဖြစ်ကြတယ်၊ အပြန်အလှန်ဆိုတာ - သူက အကြောင်းဖြစ်လိုက်, ကျန်တာက အကျိုးဖြစ်လိုက်- ဒီလို၊ အပြန်အလှန်ဆိုတာက အပြန်အလှန် ကျေးဇူးပြုတယ်၊ သူ့ကြောင့် သူရှိရတယ်၊ သူရှိလို့လည်း သူဖြစ်ရတယ်ဆိုတဲ့ အဓိပ္ပါယ်နော်၊ အပြန်အလှန် မှီတင်းပြီးတော့ နေရတယ်၊ သုံးချောင်းထောက်နဲ့ ဥပမာပေးထားတယ်၊ သုံးချောင်းထောက်ဆိုတာ တစ်ချောင်းပြုတ်ရင် ကျန်တဲ့နှစ်ချောင်းက ရပ်လို့ မရဘူးလေ၊ အဲဒီသဘောကို ပြောတာ၊ အပြန်အလှန်ရဲ့သဘောက ကြောင်းကျိုးပြန်လှန် ဆက်စပ်မှု ရှိတယ်။

http://www.dhammadownload.com



နောက် **နိဿယ** - မှီခိုပြီးတော့ ဖြစ်ကြရတယ်၊ ဝိပါက်စိတ်ဖြစ်သောကြောင့် **ဝိပါက**၊ ဝိပါကရဲ့သဘောက အင်မတန်မှ တည်ငြိမ်တယ်၊ လှုပ်ရှားမှု မရှိဘူး၊ "ဝိပါက လှုပ်ရှားမှုမရှိဘူး" ဆိုတာ "ကြိုးစားအားထုတ်မှု မရှိဘူး" ဆိုတဲ့အဓိပ္ပါယ်ကို ပြောတာ မဟုတ်ဘူးနော်၊ အကျိုးဆိုတာ ပြင်လို့ ရတဲ့အရာ မဟုတ်ဘူး၊ ဆိုပါစို့ - မှန်ရိပ်ထဲမှာပေါ်တဲ့ရုပ်ကို ပြင်လို့ ရလား၊ ကိုယ့်သန္တာန်မှာရှိတဲ့ ကိုယ့်မျက်နှာမှာ တကယ်ရှိနေတဲ့မျက်နှာရုပ်က မှန်ထဲမှာ ပေါ်မှာကိုး၊ ဒီတော့ မှန်ထဲကရုပ်ကို သွားပြင်လို့ ရမလား၊ မရဘူးနော်၊ ဝိပါက်စိတ်တွေဆိုတာ အတိတ်ကံရဲ့အကျိုးအနေနဲ့ ပေါ်လာတာမို့ ဘာမှ ပြင်လို့ရတဲ့အရာ မဟုတ်ဘူး၊ ငြိမ်သက်နေတယ်လို့ ပြောတာနော်၊ အဲဒီ ငြိမ်သက်နေတဲ့ဝိပါက်စိတ်က သူနဲ့ ယှဉ်ဖက်တွေကိုလည်း အဲဒီလို ငြိမ်သက်သွားအောင် လုပ်တယ်ပေါ့။

ဒါလည်း သဘာဝကျတယ်လေ၊ တစ်ခုက ငြိမ်ပြီး တစ်ခုက မငြိမ်ဘူး ဆိုလို့ရှိရင် ဘယ်လိုလုပ်ကြမလဲ၊ သဘာဝတရားတွေ အတူဖြစ်ရင် တစ်ခုက ငြိမ်နေရင် ကျန်တာတွေလည်း ငြိမ်နေတာတွေပဲ ဖြစ်ရမှာပေါ့နော်၊ ငြိမ်နေတဲ့ရေပြင်ပေါ်မှာ ရှိနေတဲ့ဗေဒါပင်တွေဟာလည်း ငြိမ်နေကျမှာပေါ့၊ မှော်သေးမှော်ညှင်းတွေလည်း ငြိမ်နေမှာပေါ့၊ ရေက မငြိမ်ဘူးဆိုရင် ကျန်တာတွေလည်း ဘယ်ငြိမ်ပါ့မလဲပေါ့၊ အဲဒီသဘောမျိုးပဲ၊ အဲဒါကို ဝိပါကသတ္တိလို့ ပြောတာ၊ ဒီတော့ ဝိပါကသတ္တိနဲ့လည်း ကျေးဇူးပြုနိုင်တယ်တဲ့။

နောက်တစ်ခါ ဝိညာဏလို့ ဆိုသဖြင့် မနိန္ဒြေ **ဣန္ဒြိယ**လည်းပဲ ရနိုင်တယ်၊ ဝိညာဏဟာ သိခြင်းကိစ္စမှာ ကြီးစိုးထားတာဖြစ်လို့

http://www.dhammadownload.com



သူ့ကို ဣန္ဒြိယလို့ ခေါ်တယ်၊ အသိကိစ္စမှာ ယှဉ်ဖက်သဘာဝ တရားတွေကို လွှမ်းမိုးကြီးစိုးထားတယ်။

နောက်တစ်ခုက **သမ္ပယုတ္တ**၊ အပြန်အလှန် ယှဉ်တွဲပြီးတော့ နေကြတယ်- အတူတူ ဖြစ်တယ်, အတူတူ ချုပ်တယ်၊ ဖြစ်တူတူ ချုပ်တူတူ ဆိုကတည်းက သူ့ကို ဘယ်လိုလုပ်ပြီးတော့ နှစ်ခုလို့ ပြောလို့ ရတော့မှာတုန်း၊ ဖြစ်လာတာလည်း တစ်ပြိုင်နက်ပဲ ပျက်သွားတာလည်း တစ်ပြိုင်နက်ပဲ၊ ဒါတင်လား ဆိုတော့ မက,သေးဘူး၊ ဖြစ်ပေါ်လာရာဝတ္ထုကလည်း အတူတူပဲတဲ့, မှီရာဝတ္ထုက လည်း အတူတူပဲ၊ အာရုံပြုတဲ့ အာရုံကလည်းပဲ အတူတူပဲ ဆိုတော့ ဘယ်လိုလုပ်မှ သူတို့ကို ခွဲလို့ မရတဲ့သဘောနော်၊ ခွဲလို့ မရနိုင်ဘူးလို့ ဒီလိုပြောတဲ့ သဘောပဲ၊ အဲဒါဟာ သမ္ပယုတ္တပဲ၊ ယှဉ်တွဲတယ်ဆိုတာ ဒီပုံစံနဲ့ ယှဉ်တွဲတာ။

ဒီဥပေက္ခာသန္တီရဏဆိုတဲ့ ဝိညာဏ်စိတ်လေးရှိတုန်း စေတသိက်တွေကလည်း ရှိနိုင်တာဖြစ်လို့ **အတ္ထိ**၊ ရှိနေခိုက်သာပင် ကျေးဇူးပြုလို့ အတ္ထိ၊ မကင်းကွာခင် ကျေးဇူးပြုတာဖြစ်သောကြောင့် **အဝိဂတ**လို့ - ဒီသဘောတွေကို ပြောပြတာ သူကနော်၊ အဲဒါ **"ဝိညာဏပစ္စယာ နာမံ"** ဆိုတဲ့ အဓိပ္ပါယ်နဲ့ ပြောလို့ ရတယ်။

## "ဝိညာဏပစ္စယာ ရူပံ"

တစ်ခါ **"ဝိညာဏပစ္စယာ ရူပံ"** နဲ့ ပြောမယ်ဆိုရင် အရူပဘုံက လွဲလို့ရှိရင် သန္ဓေစိတ်ပေါ်လိုက်တာနဲ့ တစ်ပြိုင်နက် ကမ္မဇရုပ်တွေ တစ်ခါတည်းပါလာတယ်၊ ဥပပါတ်ပဋိသန္ဓေဆိုလို့ရှိရင် သင်္ဂြိုဟ်ထဲမှာ ပါတဲ့ အတိုင်းနော် - ကမ္မဇရုပ် ၇-ခု၊ သံသေဒဇဆိုတဲ့ အညှီ

http://www.dhammadownload.com



အဟောက်ကို စွဲပြီးတော့ဖြစ်တဲ့ သတ္တဝါတွေဆိုလည်း ၇-ခု၊ အများဆုံးရနိုင်တာကို ပြောတာ။

ငရဲဘုံဆိုတာ ဥပပတ္တိပဲ၊ ငရဲဘုံဆိုတာ လူ့ဘုံလို ဖြည်းဖြည်းချင်း ကြီးပြီး ဖြည်းဖြည်းချင်း မွေးနေတာ မဟုတ်ဘူး၊ ဖြစ်မယ့်အတိုင်းအတာအတိုင်း သွားဖြစ်တာ၊ ထန်းပင်ကြီးလောက် ကိုယ်ကြီးဆိုလည်း ဟိုမှာ ထန်းပင်ကြီးလောက် ဖြစ်သွားတာပဲ၊ ဒီက ပျောက်ပြီး ဟိုမှာသွားပေါ်တဲ့သဘောပဲနော်၊ ဖြစ်မယ့်အနေအထားတစ်ခုအတိုင်း ငရဲဘုံမှာ ဥပပတ္တိက ရုတ်တရက် ကိုယ်ထင်ရှား ဖြစ်ပေါ်လာတယ်၊ အပေါ်ကနေ ဘွားကနဲကျလာသလို ဖြစ်တာမျိုး၊ အဲဒီငရဲတို့ နတ်ပြည်တို့ဆိုတာ မွေးဖွားနေကြတာ မဟုတ်ဘူး၊ ဖြစ်မယ့်ခန္ဓာကိုယ်အတိုင်းအတာအတိုင်း တစ်ခါတည်း သွားဖြစ်တယ်။

မြတ်စွာဘုရားကို ပြစ်မှားပြီး အာနန္တရိယကံကြီးနှစ်ခုကို ကျူးလွန်သွားတဲ့ ရှင်ဒေဝဒတ်ဟာ အဝီစိငရဲကျသွားတာနဲ့ တစ်ပြိုင်နက် ငရဲခံရမယ့် သူ့ခန္ဓာကိုယ်ပမာဏကြီးအတိုင်း တစ်ခါတည်းဖြစ်တာပဲ၊ သူ ငရဲခံရပုံကလည်း တော်တော်ကြောက်စရာ ကောင်းတယ်၊ ခေါင်းက နားရွက်ထိအောင် အဲဒါ သံအမိုးထဲမှာ စိုက်ဝင်နေတယ်၊ ခြေထောက်ကလည်း ခြေဖမျက်ထိအောင် သံမြေထဲမှာ မြုပ်နေတယ်၊ ဘယ်လိုမှ လှုပ်လို့ မရအောင် သဘောမျိုး ဖြစ်တာပေါ့၊ တစ်ခါ သံချောင်းကြီးတစ်ခုက အရှေ့နံရံကနေ ထွက်ပြီးတော့ ခန္ဓာကိုယ်ကို ဖောက်ပြီး အနောက်နံရံထိ စူးဝင်သွားသေးတယ်၊ ဘေးတစ်ဖက်ကလည်း အဲဒီအတိုင်း ဖောက်ပြီးတော့ စူးဝင်သွားသေးတယ်၊ ဘယ်လိုမှ လှုပ်မရအောင် ငရဲဒုက္ခကို ကြီးစွာခံရတယ်လို့ ဓမ္မပဒအဋ္ဌကထာကြီးကို ဖတ်ကြည့်လို့ရှိရင် တွေ့မှာပေါ့၊ အရှင်

http://www.dhammadownload.com



ဒေဝဒတ် ငရဲခံနေရတဲ့ပုံပန်းသဏ္ဌာန်ကို အဲဒီမှာ ဖေါ်ပြထားတာ ရှိတယ်။

ဒီတော့ ဖြစ်မယ့်ပုံသဏ္ဌာန်အတိုင်း သွားဖြစ်တယ်၊ ဒီကနေပြီးတော့ အကုသိုလ်ကံကနေ ဖန်တီးလိုက်တာ ရုပ်ပုံလွှာက အဲဒီမှာ ချက်ချင်းပေါ်တာပဲ။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းနဲ့ ကြည့်ပြီဆိုလို့ရှိရင် အခုပုံစံနဲ့ ကြည့်ရမှာ၊ ဘာပစ္စည်းတွေ ဆက်စပ်ပြီးတော့ ဖြစ်ပေါ်သလဲဆိုတော့ **"ဝိညာဏပစ္စယာ နာမရူပံ"**ဆိုတဲ့နေရာမှာ ဝိညာဏအရ နံပါတ် (၁)က ဝိပါကဝိညာဏ လို့ မှတ်ထား၊ အကျယ်ပြောပြထားတာက ခုနက ဥပမာအနေနဲ့ ငရဲသားတွေရဲ့ သန္ဓေစိတ်ကို ပြောတာနော်၊ နောက် လူသားတွေရဲ့သန္ဓေစိတ်, နတ်တွေရဲ့သန္ဓေစိတ်, ဗြဟ္မာတွေရဲ့သန္ဓေစိတ်ကို ကြည့်ရမှာ၊ ဒီလို အမျိုးမျိုးခွဲပြီးတော့ ကြည့်ရမယ်။

## "ဝိညာဏ" အရ အဘိသင်္ခါရဝိညာဏ်

နောက်တစ်ခု ဝိညာဏအရ နံပါတ်(၂)က **အဘိသင်္ခါရ-ဝိညာဏ်** တဲ့၊ အဘိသင်္ခါရဝိညာဏ၊ အဘိသင်္ခါရဝိညာဏဆိုတာ တခြားဟာ ပြောတာ မဟုတ်ဘူးတဲ့၊ ကံကို ပြောတာ၊ ဝိပါက-ဝိညာဏတုန်းက ဝိပါက်တစ်မျိုးတည်းကို ယူထားတယ်၊ အဘိသင်္ခါရ-ဝိညာဏကျတော့ ကုသိုလ်ကံ အကုသိုလ်ကံ, ကုသိုလ်စိတ် အကုသိုလ်စိတ်တွေကို ယူတယ်၊ အကုသိုလ်စိတ်ကတော့ ၁၂-ခုပေါ့၊ ကုသိုလ်ကျတော့ လောကီကုသိုလ်တွေ ယူတာဆိုတော့ ၁၇-

http://www.dhammadownload.com



ခု၊ အားလုံး ၂၉-ခုပေါ့၊ အဘိသင်္ခါရဝိညာဏ် ၂၉-ခု၊ တစ်လုံးတည်း မှတ်လို့ရှိရင် ဒီလို မှတ်ရတယ်။

**"ဝိညာဏ" အရ စိတ်အားလုံး**

နောက် နံပါတ်(၃)ကို ဝိညာဏအရ ဘာကောက်တုန်းဆိုလို့ ရှိရင် ကျန်တဲ့ဝိညာဏ်စိတ်တွေ အားလုံးကိုလည်း ကောက်နိုင်တယ်၊ ဘာဖြစ်လို့တုန်းဆိုရင် ဝိညာဏ်စိတ်မှန်သမျှဟာ စေတသိက်နဲ့ ယှဉ်တွဲပြီးတော့ လာတာတွေချည်းပဲ။

ဒါ့ကြောင့်မို့လို့ ဒီပစ္စယသတ္တိတွေဟာ ကျေးဇူးပြုနိုင်တယ်လို့ **"ဝိညာဏပစ္စယာ နာမရူပံ"** မှာ ဝိညာဏအရ (၁) ဝိပါကဝိညာဏ၊ (၂) အဘိသင်္ခါရဝိညာဏ၊ (၃) ကျန်တဲ့ဝိညာဏ၊ ဒီလို ကောက်ရတယ်။

တစ်ခါ နာမရူပံမှာ **"နာမ"** **အရ** ဘာကို ယူရမလဲလို့ ဆိုတော့ **နာမ**ဆိုတဲ့ စကားလုံးက စိတ်နဲ့ စေတသိက် နှစ်ခုလုံးကို ခေါ်တဲ့ အမည်နာမပဲ၊ သို့သော် ဒီနေရာမှာ ဝိညာဏက စိတ်ကို ယူထားပြီးဖြစ်သည့်အတွက်ကြောင့် နာမအရ စေတသိက်ကိုပဲ ယူရတယ်ပေါ့၊ အဲဒါကို ပါရိသေသနည်းလို့ ခေါ်တယ်၊ ယူပြီးသားကို ဖယ်ထားပြီးတော့ ကျန်တာပဲ ယူရမယ်၊ နို့မို့ဆိုရင် နှစ်ခုထပ်သွားမှာ စိုးလို့၊ အဲဒါကြောင့်မို့ **နာမ** သဒ္ဒါဟာ စိတ်နဲ့ စေတသိက် နှစ်ခုလုံးဆိုင်ပေမယ့်လို့ ဒီနေရာမှာ စေတသိက်ကိုပဲ ယူတဲ့၊ ဒီတော့ လောကီဝိပါက်စိတ်တွေနဲ့ ယှဉ်တဲ့စေတသိက်တွေကို ပထမယူမယ်၊ ဒါက နံပါတ်(၁)၊ နောက်ပြီးတဲ့အခါ အဘိသင်္ခါရဝိညာဏဆိုတော့ စေတသိက်တွေအားလုံးနဲ့ သက်ဆိုင်သွားပြန်တယ်၊

http://www.dhammadownload.com



ဒါကြောင့်မို့ နံပါတ်(၂)ကျဟော့ စေတသိက်-၅၂ အကုန်လုံး ယူပြ ထားတယ်။

ဒီတော့ အကျဉ်းချုပ်မှတ်ဖို့ရာက အားလုံးပေါင်းလိုက်တဲ့အခါ ကျတော့ ဝိညာဏကို သုံးမျိုးခွဲထားပေမယ့်လို့ ပေါင်းလိုက်တော့ **"ဝိညာဏ"အရ** လောကီစိတ်တွေ အကုန်လုံးကောက်တဲ့ သဘော ပဲ၊ **"နာမ"အရ**က စေတသိက်တွေကို အားလုံးယူတဲ့သဘောပဲ။

**"ရူပ"** အရကျတော့ ပထမ ကမ္မဇရုပ်တင်ပဲ ယူတယ်၊ ဘာ ဖြစ်လို့လဲဆိုတော့ ပဋိသန္ဓေအခါမှာ ပေါ်နိုင်တာက ကမ္မဇရုပ်ပဲ ပေါ်နိုင်သေးတယ်၊ စိတ္တဇရုပ်တွေ မပေါ်သေးဘူး၊ ဥတုဇရုပ်တို့ အာဟာရဇရုပ်တို့ မပေါ်သေးသည့်အတွက်ကြောင့် ကမ္မဇရုပ်တစ်မျိုး တည်းပဲ ယူတယ်၊ နောက် အဲဒီကနေ ဆက်နွယ်ပြီးတော့ ယူလိုက် တဲ့အခါ ရုပ်-၂၈ မျိုးလည်း ယူနိုင်တယ်လို့ ဆိုတယ်။

**"ဝိညာဏပစ္စယာ နာမရူပံ"** ဆိုတဲ့ ဒေသနာတော်ရဲ့ အောက်မှာ အားလုံးခြုံပြီးတော့ ကြည့်လိုက်တဲ့အခါကျတော့ ဝိညာဏအရ - စိတ်အားလုံးကို ယူပြီးတော့ နာမအရ - စေတသိက်အားလုံးကို ယူတယ်၊ ရူပအရ - ရုပ်အားလုံးကို ယူတယ်။

**"ဝိညာဏပစ္စယာ နာမရူပံ"** ဆိုတာကို နှစ်ပိုင်းခွဲပြီးတော့ **"ဝိညာဏပစ္စယာ နာမံ"**- "ဝိညာဏ်ကြောင့် နာမ်ဖြစ်တယ်" လို့ ဆိုတဲ့နေရာမှာ ပဋ္ဌာန်းနည်းနဲ့ ကြည့်လိုက်မယ်ဆိုရင် ပစ္စည်းဘယ် နှစ်မျိုးရှိနိုင်ဆိုတာကို ၉-မျိုးရနိုင်တယ်လို့ ထောက်ပြထားတယ် နော်၊ ဘာတွေတုန်းဆိုတော့ အခုပြောတဲ့ ဒီဝိညာဏဆိုတာ စိတ်, နာမဆိုတာ စေတသိက်ဆိုတော့ ဒီစိတ်နဲ့ စေတသိက်ဆိုတာ born together သဟဇာတ၊ အပြန်အလှန်ဖြစ်လို့ **အညမည**၊ အချင်းချင်း

http://www.dhammadownload.com



မှီတင်းတာ ဖြစ်သောကြောင့် **နိဿယ**၊ ဝိညာဏအရ ဝိပါက်ကို ယူမယ်ဆိုရင် **ဝိပါက**၊ တစ်ခါ ဝိညာဏကို သာမန်ယူမယ်ဆိုလို့ ရှိရင် ဝိညာဏာဟာရ ရှိသည့်အတွက်ကြောင့် **အာဟာရ**၊ မနိန္ဒြေ ပါတာ ဖြစ်သောကြောင့် **ဣန္ဒြိယ**၊ စိတ်နဲ့ စေတသိက်ဟာ ယှဉ်တွဲ ပြီးတော့ ဖြစ်တာ ဖြစ်သောကြောင့် **သမ္ပယုတ္တ**၊ ရှိနေတုန်း ကျေးဇူး ပြုလို့ **အတ္ထိ**၊ မကင်းကွာခင် ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အဝိဂတ** လို့ ခြုံငုံပြီးတော့ ၉-ပစ္စည်းလို့ - ဒီပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းနဲ့ ရောပြီးတော့ ဖွင့်ပြတဲ့ ဝိသုဒ္ဓိမဂ်တို့, သမ္မောဟ-ဝိနောဒနီအဋ္ဌကထာတို့မှာ ဒီလိုရေတွက်ပြီးတော့ ပြထားတယ်။

တစ်ခါ **"ဝိညာဏပစ္စယာ ရူပံ"** ဆိုတာကို ကြည့်လိုက်မယ်၊ ဝိညာဏဆိုတဲ့သန္ဓေစိတ်လေးက ရုပ်ကို ကျေးဇူးပြုတယ်ဆိုတဲ့နေရာ မှာ ဒီနေရာမှာ ရုပ်ဟာ ဘယ်ရုပ်လဲလို့ မေးရင် ပထမဆုံးစပြီးတော့ ဝိညာဏ်နဲ့ အပြန်အလှန် ရနိုင်တဲ့ရုပ်ဟာ ဟဒယဝတ္ထုရုပ်ကလေး ပေါ့၊ ဆက်စပ်ပြီးတော့ ဖြစ်ပေါ်လာတာက ဟဒယဝတ္ထု၊ အတူတူ ဖြစ်တာက လူ့ဘဝအနေနဲ့ပြောမယ်ဆိုရင် ကာယပသာဒတို့ ဘာဝ တို့ ဒါတွေလည်း ပါတယ်၊ အတူတူဖြစ်တာပဲ၊ သို့သော် ဒီနေရာမှာ ဟဒယဝတ္ထုရုပ်က သန္ဓေစိတ်ရဲ့မှီရာဖြစ်သောကြောင့် အဲဒီပဋိသန္ဓေ ဝိညာဏ်စိတ်ကလေးက ဟဒယဝတ္ထုရုပ်နဲ့ အပြန်အလှန် ဆက် သွယ်ပြီးတော့ ဖြစ်တယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ **"ဝိညာဏပစ္စယာ ရူပံ"**- ပဋိသန္ဓေဝိညာဏ်စိတ်က ရုပ်အား ကျေးဇူးပြုတယ်ဆိုတာ ဘယ် ပဋိသန္ဓေဝိညာဏ်က ဘယ်ရုပ်အားလဲလို့ မေးရင် ပဋိသန္ဓေဝိညာဏ် က ဟဒယဝတ္ထုရုပ်ဆိုတော့ အရူပဘုံက ပဋိသန္ဓေမပါနိုင်ဘူး၊ ဒါ ကိုတော့ သတိထားပေါ့၊ ကျန်တဲ့ဘုံတွေမှာ ဆိုလို့ရှိရင် ပဋိသန္ဓေ

http://www.dhammadownload.com



ဝိညာဏ်က နေပြီးတော့ ဟဒယဝတ္ထုအား ၉-ပစ္စယသတ္တိနဲ့ အကျိုးပြုနိုင်တယ်၊ ပဋ္ဌာန်းနည်းအရကျတော့ အကြောင်းတရား ၉-မျိုးနဲ့ ဆက်သွယ်ပြီးတော့ နေတယ်။

လူတွေရဲ့ ပဋိသန္ဓေစိတ်လေးက ဟဒယဝတ္ထုကို မှီပြီးတော့ ဖြစ်တာ၊ ဖြစ်တယ်ဆိုပေမယ့်လို့ သူတို့က အပြန်အလှန် ဖြစ်နေကြတာ၊ ပြိုင်တူပေါ်ကြတာ ဖြစ်တယ်၊ ဒီတော့ ပြိုင်တူပေါ်လာတာ ဖြစ်သောကြောင့် **သဟဇာတ**၊ အပြန်အလှန် အထောက်အကူပြုလို့ **အညမည**၊ မှီရာဖြစ်လို့ **နိဿယ**၊ ပဋိသန္ဓေစိတ်ဆိုတာ ဝိပါက်စိတ်ဖြစ်လို့ **ဝိပါက**၊ ဝိညာဏာဟာရဖြစ်လို့ **အာဟာရ**၊ မနိန္ဒြေဖြစ်လို့ **ဣန္ဒြိယ**၊ နောက်ပြီးတော့ စိတ်နဲ့ ရုပ်ဆိုတော့ အတူတူ ဖြစ်ကြပေမယ့်လို့ ရောလို့ မရဘူး၊ ရောမရတာ သဘာဝချင်း မတူတာ၊ ရောမရသည့်အတွက်ကြောင့် **ဝိပ္ပယုတ္တ**၊ ရှိနေတုန်း ကျေးဇူးပြုလို့ **အတ္ထိ**၊ မကင်းကွာခင် ကျေးဇူးပြုလို့ **အဝိဂတ**လို့ ဆိုတယ်။

သာမန်ကြည့်မယ်ဆိုလို့ရှိရင် ဒီနေရာမှာ ဒီလောက်စွမ်းရည်သတ္တိတွေ မရှိဘူးလို့ ထင်ကောင်း ထင်လိမ့်မယ်၊ သတ္တိတွေ အများကြီး စွမ်းဆောင်ပြီးတော့ ပေးထားရတယ်၊ အမိဝမ်းတွင်းမှာ ပဋိသန္ဓေစိတ်လေး ဖြစ်တဲ့အခါမှာ ဒီသတ္တိတွေဟာ ထောက်ပံ့ထားပြီးတော့ ဒီသန္ဓေစိတ်ကလေးနဲ့ ဒီကျန်တဲ့ သဘာဝတရားတွေဟာ ခုလို ဆက်စပ်ပြီးတော့ ဖြစ်နေတာ၊ ဒါတွေကို သာမန်ပုဂ္ဂိုလ်တွေ ဘယ်လိုလုပ် မြင်မှာလဲ၊ မြတ်စွာဘုရားဉာဏ်တော်နဲ့သာ ကြည့်လို့ရတာကိုး၊ ဒီစွမ်းရည်သတ္တိတွေ ဒီလိုရှိနေတယ် ဆိုတာ၊ အဲဒီ စွမ်းရည်သတ္တိတွေနဲ့ အထောက်အကူပြုထားလို့ ရှင်သန်လာတာပေါ့၊ အကြောင်းမဲ့ဖြစ်တာ တစ်ခုမှ မရှိဘူး၊ အဲဒါကို ပြောတာ။

http://www.dhammadownload.com



**သခ်တ** မှာ **သံ** ဆိုတာ အကြောင်းတရားတွေက ပေါင်းပြီးတော့ **ခတ** ပြုလုပ်ခံထားရတဲ့အရာ၊ သင်္ခါတ အကြောင်းတရားတွေက ပြုလုပ်ဖန်တီးထားခြင်းဆိုတဲ့ အဓိပ္ပါယ်တွေ ရတယ်၊ ဒါတွေကို သင်္ခတတရားလို့ ခေါ်တာပဲ၊ ဆိုင်ရာဆိုင်ရာအကြောင်းတရားတွေက ချုပ်ကိုင်ပြီးတော့ ဖန်တီးထားလို့ ဒါတွေဟာ ဖြစ်ပေါ်လာတာတွေ၊ ဒါ့ကြောင့်မို့လို့ **"သင်္ခတံ ပဋိစ္စသမုပ္ပန္နံ အနိစ္စံ"** ဆိုတဲ့အတိုင်း သင်္ခတတရားဟာ **ပဋိစ္စသမုပ္ပန္နံ** - ဆိုင်ရာအကြောင်းကို စွဲမှီ၍ ဖြစ်တာ၊ **သင်္ခတံ** - အကြောင်းတရားတွေက စုပေါင်းပြီးတော့ ဖန်တီးထားတာ၊ **အနိစ္စံ** - အဲဒီသဘာဝတရားတွေဟာ တစ်ခုမှ မြဲတာ မရှိဘူးတဲ့၊ ဘာဖြစ်လို့ မြဲတာ မရှိလဲဆိုတော့ ဆိုင်ရာအကြောင်းတရားတွေကလည်း အခိုက်အတန့် ဖြစ်လာတာမို့ မမြဲဘူး၊ မမြဲတဲ့အကြောင်းတရားကြောင့် ဖြစ်လာတဲ့အကျိုးတရားဟာလည်း ဘယ်မှာ မြဲမှာလဲတဲ့၊ **"အနိစ္စသမ္ဘူတံ ကုတော နိစ္စံ ဘဝိဿတိ"** တဲ့၊ ဘုရားက စဉ်းစားဖို့ ပေးထားတဲ့ စကားလေး၊ **"အနိစ္စသမ္ဘူတံ** - မမြဲတဲ့အကြောင်းတရားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားဟာ, **ကုတော နိစ္စံ ဘဝိဿတိ** - ဘယ်မှာ မြဲမှာတုန်း" တဲ့၊ ဆင်ခြင်သုံးသပ်ဖို့ကို ပြောတာနော်။

ဒီတော့ ဘုန်းကြီးတို့တစ်တွေမှာရှိတဲ့ အနုစိပ်ပြီးတော့ ကြည့်လို့ရတဲ့ အခုရုပ်နာမ်ဓမ္မတွေဟာ ဘယ်လိုလုပ်ပြီးတော့ တည်ရှိနေတယ်ဆိုတာဟာ ပဋ္ဌာန်းနည်းနဲ့ ဆက်စပ်ပြီးတော့ ကြည့်လိုက်မယ် ဆိုလို့ရှိရင် "သြော် - စွမ်းရည်သတ္တိတွေ ဒီလောက်တောင် ပါဝင်ထားလို့ ဒီသဘာဝတရားတွေဟာ ဖြစ်ပေါ်လာတာပါလား" လို့ သဘောပေါက်နားလည်နိုင်ပါတယ်။

http://www.dhammadownload.com



တစ်ခါ နောက်တစ်ခုကို ကြည့်မယ်၊ အဲဒီ "ဝိပါကဝိညာဏ က ဟဒယဝတ္ထုကို ၉-ပစ္စည်းနဲ့ ကျေးဇူးပြုတယ်" လို့ ဆိုတော့ ကျန်တဲ့ရုပ်တွေကို ကျေးဇူးမပြုဘူးလား၊ ဆိုပါစို့ - လူတွေရဲ့ သန္ဓေ စိတ်မှာ ကမ္မဇရုပ်-၃၀ ပါတယ်လို့ ဆိုတယ်၊ တစ်နည်းအားဖြင့် ကမ္မဇကလာပ် ၃-စည်းပါတယ်၊ ကာယဒသကကလာပ်ရယ် ဘာဝ ဒသကကလာပ်ရယ် ဝတ္ထုဒသကကလာပ်ရယ်၊ အဲဒီ ၃-မျိုးထဲက ပဋိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထုက ၉-ပစ္စည်း၊ ကျန်တဲ့ ကာယဒသက ကလာပ်တို့ ဘာဝဒသကကလာပ်တို့ ဒါတွေလည်း ပြောရင်ရော ဘယ်လိုပြောမတုန်း?

အဲဒီကာယဒသကကလာပ်ကျတော့ ဒီပဋိသန္ဓေစိတ်လေး က မှီတာ မဟုတ်ဘူး၊ မှီတာ မဟုတ်သည့်အတွက်ကြောင့် အပြန် အလှန် အထောက်အကူဖြစ်တာ မဟုတ်ဘူး၊ တူတူဖြစ်ရုံပဲ ဖြစ်ကြ တာ၊ တူတူဖြစ်ရုံပဲ ဖြစ်ကြတာ ဖြစ်သောကြောင့် အညမညဆိုတာ မပါဘူး၊ ကျန်တဲ့ပစ္စည်း ၈-မျိုး ရနိုင်တယ်တဲ့၊ ခုနပြောတဲ့ အညမည နှုတ်လိုက်လို့ရှိရင် **သဟဇာတ, နိဿယ, ဝိပါက, အာဟာရ, ဣန္ဒြိယ, ဝိပ္ပယုတ္တ, အတ္ထိ, ဝိဂတ**လို့ ဒီ ၈-ပစ္စယသတ္တိနဲ့ ကျေးဇူးပြု တယ်လို့ ဒီလို မှတ်ရမယ်တဲ့နော်။

တစ်ခါ "**ဝိပါကဝိညာဏပစ္စယာ နာမရူပံ**" နာမ်ရော ရုပ်ရော နှစ်ခုပေါင်းပြီးတော့ ပြောမယ်ဆိုလို့ရှိရင်လည်း ပဋ္ဌာန်းမှာ နာမ်က နေပြီးတော့ နာမ်ရုပ်ကို ကျေးဇူးပြုနိုင်တဲ့ ပစ္စည်းအားလုံးဟာ ဒီထဲ မှာ ဝင်သွားနိုင်တယ်၊ အဋ္ဌကထာဆရာကြီးက ဘာပြောထားတုန်း ဆိုရင် "ဒီဟာကို အကျယ်ချဲ့ပြောရရင်တော့ ပဋ္ဌာန်းကျမ်းကြီး ကုန် အောင် ပြောရမှာပဲ" တဲ့၊ ဟုတ်ကဲ့လား။

http://www.dhammadownload.com



ဒီတော့ ပဋ္ဌာန်းကျမ်းထဲမှာ ဖြစ်နိုင်တာတွေကို ယူလိုက်လို့ရှိရင် ဟောဒီ ဝိပါက်ဝိညာဏ်ကနေပြီးတော့ နာမ်ရုပ်ကို ကျေးဇူးပြုတယ်ဆိုတာ ပစ္စယ-သတ္တိတော်တော် များများရနိုင်တယ်လို့ ဒါ ပြောတာနော်၊ အဲဒီလို သဘာဝတရားတွေဟာ တစ်ခုနဲ့ တစ်ခု ဆက်စပ်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်အနေနဲ့ ကြည့်မယ် ဆိုလို့ရှိရင် **"ဝိညာဏပစ္စယာ နာမရူပံ"** - "ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်" လို့ ဒီလောက်ပဲ သိရတယ်၊ ဟောပဋ္ဌာန်းနည်းနဲ့ ဝင်လိုက်တဲ့အခါ ကျတော့ ဘယ်ဝိညာဏ်ကနေ ဘယ်နာမ်ရုပ်ကို ဘယ်နာမ်ကို ဘယ်ရုပ်ကို ဘာသတ္တိတွေနဲ့ ကျေးဇူးပြုလဲလို့ အသေးစိတ်လာတဲ့ အခါကျတော့ အင်မတန်မှ နက်နဲကျယ်ဝန်းသွားတယ်။

ဒီတော့ တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဒီပဋိစ္စသမုပ္ပါဒ်နည်းအရ ဘုန်းကြီးတို့တစ်တွေ လူ့ဘဝသန္ဓေစိတ်ကလေး စလာလိုက်တာနဲ့ တစ်ပြိုင်နက် ထိုသန္ဓေစိတ်ကို မှီပြီးတော့ ဖြစ်တဲ့ စေတသိက်တွေ၊ ထို့နောက်မှာ ဆက်ပြီးတော့ ဖြစ်တဲ့စိတ်တွေကို အမှီပြုပြီးတော့ စေတသိက်တွေ မိမိတို့သန္တာန်မှာ ဖြစ်ပေါ်နေရတယ် ဆိုတာရယ်၊ စိတ်ကို အကြောင်းပြုပြီးတော့ ရုပ်တရားတွေ စိတ်နဲ့ ဆက်သွယ်ပြီးတော့ ဖြစ်ပေါ်နေတယ်ဆိုတဲ့ သဘာဝတရားတွေရယ်၊ တစ်ခုနဲ့ တစ်ခုဟာ အပြန်အလှန်ဆက်စပ်နေတယ် ဆိုတာကို ပဋိစ္စသမုပ္ပါဒ် နည်းအရ သိရပြီ၊ ပဋ္ဌာန်းနည်းအရကျတော့ စွမ်းရည်သတ္တိ အမျိုးမျိုးကို အခြေအနေအရပ်ရပ်ကို ဆက်စပ်ပြီးတော့ ဖြစ်ပေါ်နေကြတယ်။

http://www.dhammadownload.com



ဒါ့ကြောင့်မို့လို့ **သခ်တ** - အကြောင်းတရားတွေက ပေါင်းစပ်ပြီးတော့ ဆောင်ရွက်ထားတဲ့ အရာဖြစ်လို့ ဘယ်အရာမှ မမြဲဘူး၊ တကယ်စဉ်းစားကြည့်မယ်ဆိုလို့ရှိရင် တို့ခန္ဓာကိုယ်ထဲမှာ ဆိုင်ရာအကြောင်းတရားကြောင့် အကျိုးတရားတွေ ပေါ်နေခြင်းမျှသာ ဖြစ်တယ်၊ ငါလို့ ခေါ်စရာ ဆိုတာလည်း တစ်ခုမှ မရှိဘူး၊ ငါလို့ ခေါ်စရာမှ မရှိလို့ရှိရင် ငါ့ဥစ္စာဆိုတာလည်း ဘာရှိမှာတုန်း၊ ဒီတော့ ငါဆိုတာလည်း မရှိဘူး၊ ငါ့ဥစ္စာဆိုတာလည်း မရှိနိုင်ဘူးတဲ့နော်၊ ဒီနေရာမှာ ငါလည်း မရှိဘူး, ငါ့ဥစ္စာလည်း မရှိဘူးလို့ - ဆိုလိုတာက သဘာဝတရား သက်သက်မျှသာ ဖြစ်တယ်၊ အဲဒီသဘာဝတရားသက်သက်ကိုသာ ငါလို့ ငါ့ဥစ္စာလို့ အထင်ရောက်နေခြင်းမျှသာ ဖြစ်တယ်။

ဆိုင်ရာအကြောင်းတရားကြောင့် ဖြစ်နေတဲ့ သဘာဝတရားသက်သက်တွေကို ရှုမြင်သုံးသပ်နိုင်မှသာလျှင် ဘုန်းကြီးတို့တစ်တွေရဲ့သန္တာန်မှာ ဖြစ်နေတဲ့ တွယ်တာတဲ့ တဏှာရာဂတွေ, အထင်ရောက်နေတဲ့မာနတွေ, အမြင်မှားနေတဲ့ ဒိဋ္ဌိတွေ, ဒါတွေကို ဖယ်ရှားပြီး နောက်ဆုံးကျတော့ သဘာဝအစစ်အမှန်ကို သိမြင်ပြီးတော့ တွယ်တာမှုတဏှာတွေ အားလုံးဖြတ်နိုင်မှ နိဗ္ဗာန်ဆိုတဲ့အငြိမ်းခာတ်ကို ရနိုင်မယ်ဆိုတာကို ကိုယ်စီ ကိုယ်ငှ သဘောကျပြီး တွယ်တာမှုတဏှာ ဖြတ်နိုင်ဖို့ သဘာဝအစစ်အမှန်တွေကို ကြည့်တတ် မြင်တတ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

ꩫ ꩫ ꩬ ꩬ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"

## အပိုင်း (၇)

**သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဇွန်လ ၉-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသိရိပိမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမဝတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။**

## ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်း တူညီမှုနှင့် ထူးခြားမှု

ဗုဒ္ဓမြတ်စွာက အကြောင်းတရားနဲ့ အကျိုးတရား မည်သို့ မည်ပုံ ဆက်သွယ်ဖြစ်ပေါ်နေတယ် ဆိုတာကို ရှင်းလင်းဖော်ပြတဲ့ ဒေသနာနည်းနှစ်မျိုး ရှိတယ်၊ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်း နည်းနှစ်မျိုး ဟောကြားတာ ဖြစ်တယ်။

http://www.dhammadownload.com



ဒီတော့ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်းနှစ်ခု ဆက်စပ်ပြီး တော့ လေ့လာရအောင်၊ တူညီချက်နဲ့ ထူးခြားချက်က ဘာလဲလို့ ပြောမယ်ဆိုရင် "ဒါက အကြောင်းတရား, ဒါက အကျိုးတရား၊ အကြောင်းတရားရှိရင် အကျိုးတရားတွေဟာ ပေါ်လာတာပဲ" လို့ အကြောင်းနဲ့ အကျိုးကို ဖေါ်ပြတာချင်းကတော့ တူတယ်၊ ထူးခြား ချက်က ဘာတုန်းဆိုလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်နည်းက အကြောင်းနဲ့ အကျိုး နှစ်မျိုးပဲ ပြောတယ်၊ ပစ္စယသတ္တိဆိုတဲ့ အကြောင်းတရားရဲ့ စွမ်းရည်သတ္တိကို ထုတ်ဖေါ်ပြောတာ မရှိဘူး၊ ပဋ္ဌာန်းကျတော့ ပစ္စယသတ္တိကိုပါ ထည့်သွင်းပြီးဖေါ်ပြတယ်၊ ပဋ္ဌာန်းက ပဋိစ္စသမုပ္ပါဒ် ထက် တစ်ခုပိုတယ်လို့ ပြောရမှာပေါ့။

ဒါကြောင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းမှာ **"တတ္ထ တဗ္ဘာဝ ဘာဝီဘာဝါကာရမတ္တော ပလက္ခိတော ပဋိစ္စသမုပ္ပါဒနယော"**- လို့ ဆိုတာ၊ **"တဗ္ဘာဝ"** ဆိုတာ အကြောင်းတရားဖြစ်လာရင် သို့မဟုတ် အကြောင်းတရားထင်ရှားရှိနေရင် **"ဘာဝီဘာဝါကာရမတ္တ"** အကျိုး တရားဆိုတာ ဖြစ်လာရတယ် -သို့မဟုတ်- အကျိုးတရား ဆိုတာ ရရှိလာရတယ်၊ အကြောင်းတရားရှိနေလို့ အကျိုးတရားဟာ ရှိလာ ရတယ်၊ အကြောင်းနဲ့ အကျိုး ဆက်စပ်မှုလေးတွေ ရှင်းလင်းဖေါ်ပြ တဲ့နည်းက ပဋိစ္စသမုပ္ပါဒ်နည်းပါတဲ့။

ပဋ္ဌာန်းနည်းကျတော့ ဒါတင်မကဘူး၊ **"ပဋ္ဌာနနယော ပန အာဟစ္စပစ္စယဋ္ဌိတိ မာရဗ္ဘ ပဝုစ္စတိ"** ဆိုတဲ့အတိုင်း အကျိုးတရား တွေကို တည်တံ့စေနိုင်တဲ့ -သို့မဟုတ်- အကျိုးတရားတွေကို ဖြစ် ပေါ်စေနိုင်တဲ့ အကြောင်းတရားရဲ့စွမ်းရည်သတ္တိကိုပါ ထည့်သွင်းပြီး ဟောကြားပါတယ်တဲ့၊ ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋ္ဌာန်းနည်းမှာ

http://www.dhammadownload.com



တူညီမှုလေးတွေ ရှိသော်လည်းပဲ ထူးခြားမှုလည်း ရှိတယ်လို့ - ဆိုလိုတာပေါ့။

ဒီတော့ ပဋိစ္စသမုပ္ပါဒ်နည်းက ပစ္စည်းနဲ့ ပစ္စယုပ္ပန်၊ အကြောင်းနဲ့ အကျိုး ဘယ်ပုံဘယ်နည်း ဆက်သွယ်တယ် - ဒီလောက်ပဲ ပြတယ်၊ ဒီအကြောင်းတရားရှိနေလို့ ဒီ အကျိုးတရားရှိတယ် - ဒါပဲ ပြတယ်၊ ပဋ္ဌာန်းနည်းကျတော့ အဲဒီနှစ်မျိုးအပြင် ဘယ်လိုစွမ်းရည်သတ္တိတွေကို အသုံးပြုထားလို့ ဒီအကျိုးတရားတွေဟာ ရှိနေတယ်ဆိုတဲ့ အကြောင်းတရားရဲ့သတ္တိ(ဓမ္မသတ္တိ)ကိုပါ ထုတ်ဖော်ပြပြီး ဟောထားတာ ဖြစ်တယ်။

## အဋ္ဌကထာဆရာကြီးတွေက နည်းနှစ်နည်းကို ပေါင်းစပ်ပြ၏

အဲဒီနှစ်ခုကို မြတ်စွာဘုရားဟောတုန်းက တစ်ခုစီ တစ်ခုစီ ပဋိစ္စသမုပ္ပါဒ်နည်းက တစ်မျိုး, ပဋ္ဌာန်းနည်းက တစ်မျိုး သပ်သပ်စီ ဟောထားပေမယ့်လို့ အဋ္ဌကထာဆရာကြီးတွေက ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်တဲ့အခါမှာ ပဋ္ဌာန်းနည်းကိုပါ ရောထည့်ပြီး ဖွင့်ကြတယ်၊ ဒါ ပေါင်းစပ်လို့ ရတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ပြောတာပေါ့၊ အကြောင်းတရားနဲ့ အကျိုးတရားကို ရှင်းလင်းပြတဲ့အခါမှာ အတူတူပဲ၊ ပဋိစ္စ-သမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းနဲ့ လေ့လာလို့ရှိရင် ဒီပုံ လေ့လာရမယ်၊ ဒီတော့ ပဋိစ္စသမုပ္ပါဒ်ထဲကို ပဋ္ဌာန်းနည်း ထည့်သွင်းပြီး ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့ သမ္မောဟဝိနောဒနီအဋ္ဌကထာတို့မှာ ယှဉ်တွဲပြီး ရေးပြထားတယ်။

အင်မတန်ခက်ခဲနက်နဲတဲ့ ကျမ်းကြီးနှစ်ကျမ်းကို သို့မဟုတ် ဒေသနာတော်နှစ်ရပ်ကို စပ်ဟပ်ပြီး ဖွင့်ဆိုတဲ့ အဋ္ဌကထာဆရာကြီး

http://www.dhammadownload.com



ဟာ လွယ်လွယ်ကူကူနဲ့ ဖွင့်ဆိုရတာ မဟုတ်ပါဘူးတဲ့၊ ပဋိစ္စသမုပ္ပါဒ်ကို ရှင်းလင်းဖော်ပြဖို့ရာ ကြိုးစားရတာဟာ "အင်မတန်နက်တဲ့ ပင်လယ်ကြီးထဲမှာ ထောက်တည်ရာ မရသလို သူ့မှာ ထောက်တည်ရာ မရနိုင်ပါဘူး" လို့ ဒီလိုပြောတယ်၊ ထောက်တည်ရာ မရလောက်အောင် ပဋိစ္စသမုပ္ပါဒ်က နက်နဲလှပါတယ်လို့ - ဒီလို ဆိုခဲ့တယ်။

ဒါဖြင့် ဒီလောက်ခက်တဲ့ကျမ်းကြီးကို ဘယ်လိုအစွမ်းသတ္တိတွေနဲ့ ဖွင့်ပြတာတုန်းဆိုရင် ဗုဒ္ဓမြတ်စွာလက်ထက်တော်အခါကာလ ရှင်သာရိပုတ္တရာ စတဲ့ တကယ့်ပညာတတ်အကျော် ပညာမှာ ဧတဒတ်ဘွဲ့ရတဲ့ ပုဂ္ဂိုလ်ကျော်တွေရဲ့ ရှင်းပြမှု, အစဉ်အလာမှတ်သားထားမှု tradition လို့ ခေါ်တဲ့ ရှေးဟောင်းအဋ္ဌကထာတွေရဲ့နည်း ရှေးဆရာတွေဖွင့်ဆိုခဲ့တဲ့ နည်းနာနိဿယတွေကို အမှီပြုပြီး ပဋိစ္စသမုပ္ပါဒ်ကို ဖွင့်ပြတာတဲ့။

## အနည်းငယ်လေး သဘောပေါက်ရုံမျှဖြင့် အကျိုးကျေးဇူး များလှ၏

ဒီတော့ ဒီလိုခက်ခဲနက်နဲတာကို အနည်းငယ်လေး သဘောပေါက်ရတယ်ဆိုရင်ပဲ အကျိုးကျေးဇူးက မနည်းလှပါဘူး၊ ပင်လယ်ကြီးကို မမြင်ဘူးတဲ့ပုဂ္ဂိုလ်ကို ပင်လယ်ပြရင် ကမ်းစပ်က ရပ်ပြီးတော့ "ပင်လယ်ဆိုတာ ဒါပဲ"- လို့ ဒီလိုပဲ ပြလို့ ရမှာပေါ့၊ ဘယ်သူမှ ပင်လယ်ကြီးထဲကို ဆင်းပြနိုင်မှာ မဟုတ်ပါဘူး၊ ပင်လယ်ကြီးကို ကြည့်တဲ့ပုဂ္ဂိုလ်ကလည်း "ဪ - ပင်လယ်ဆိုတာ ဒါပဲ" လို့ - နှစ်သိမ့်ကျေနပ်မှုတော့ ရသွားတာပဲ၊ သူ့ကိုယ်သူလည်း "ငါ ပင်လယ်မြင်ဖူး

http://www.dhammadownload.com



တယ်" လို့ပဲ ခံစားသွားရမှာပေါ့။ အဲဒီသဘောလေးလောက်တော့ ရှိမှာပေါ့။

## "ဝိညာဏပစ္စယာ နာမရူပံ"

ဒီတော့ **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဆိုထားတဲ့ စကားလေးတစ်ခု၊ မနေ့က ရှင်းပြောခဲ့ပြီ - **ဝိညာဏ** ဆိုတာ အသိစိတ်ကလေးတစ်ခု၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို သင်ထားတဲ့ ပုဂ္ဂိုလ်တွေအတွက်ဆိုရင် ဝိညာဏဆိုတာ စိတ် ၈၉-ပါး ပြောတာ၊ စိတ် ၈၉-ပါး ရှိခဲ့လို့ရှိရင် နောက်က ဘာတွေ ရှိလာနိုင်တုန်း? ပဋိစ္စသမုပ္ပါဒ်ဆိုတာ "ဒါ ရှိရင် ဟိုဟာရှိတယ်" ဆိုတာကို ပြောတာပဲ၊ **"ဣမသ္မိံ သတိ ဣဒံ ဟောတိ"**၊ "ဒါ ရှိလို့ ရှိရင် ဟိုဟာ ရှိတယ်"၊ ဆိုပါစို့ - ဝိညာဏဆိုတဲ့ စိတ်ရှိလို့ရှိရင် နာမဆိုတဲ့ စေတသိက်နဲ့ ရူပဆိုတဲ့ ရုပ်တွေလည်း ရှိလာတယ်လို့ ဒီလို ပြောလိုတဲ့သဘော။

နောက်တစ်ခုက **"ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ"** - ဒီ အကြောင်းတရား ဖြစ်ပေါ်လာလို့ရှိရင် ဒီအကျိုးတရားဖြစ်ပေါ်လာတယ်၊ ပဋိစ္စသမုပ္ပါဒ်ရဲ့ ရှုပုံရှုနည်းကတော့ အဲဒီပုံစံနဲ့ သွားတာ၊ "ဒါ ရှိလို့ ဟိုဟာ ရှိရတယ်၊ ဒါဖြစ်လို့ ဟိုဟာဖြစ်ရတယ်" လို့ ဆက်စပ်နေမှုလေးကို ဒီလောက်ပဲ ပြောတာနော်။

ဒီတော့ **"ဝိညာဏပစ္စယာ နာမရူပံ"**မှာ ဝိညာဏဆိုတဲ့ စိတ်ရှိသည့်အတွက်ကြောင့် **နာမဆိုတဲ့** စေတသိက်တွေရယ်, **ရူပဆိုတဲ့** ရုပ်တရားတွေရယ် ရှိလာရတယ်၊ သို့မဟုတ် **ဝိညာဏဆိုတဲ့စိတ်** ဖြစ်ပေါ်လာမှုကြောင့် **နာမ** ဆိုတဲ့ စေတသိက်ရယ်, **ရူပဆိုတဲ့** ရုပ်

http://www.dhammadownload.com



တရားတွေရယ် ဖြစ်ပေါ်လာရတယ်လို့ ဒါ ပဋ္ဌိစ္စသမုပ္ပါဒ်နည်းအရ ဒီလို သဘောပေါက်ထားရမယ်။

**ပဋ္ဌာန်းနည်း**

ပဋ္ဌာန်းနည်းကျတော့ ဒီ့ထက် ပိုလာတယ်၊ ဝိညာဏက သူ ရှိတာနဲ့ ဘာဖြစ်လို့ နာမဆိုတဲ့ စေတသိက်က ရှိလာရတာတုန်း၊ ဝိညာဏက သူတို့ကို ဘယ်လိုအထောက်အကူပြုလို့တုန်း, ဘယ်လို စွမ်းရည်သတ္တိတွေ အသုံးပြုထားတုန်း ဆိုတာလေးကို ပဋ္ဌာန်းကျ တော့ အဲဒါကို ထည့်ပြောထားတယ်။

ဘာဖြစ်လို့ ရှိလာတာတုန်းဆိုတာ အကြမ်းဖျင်းပြောမယ် ဆိုရင် စိတ်ရှိလာရင် စေတသိက်ရှိလာရတယ်ဆိုတဲ့သဘောက ဘာ ဖြစ်လို့တုန်း? **သဟဇာတ** born together အတူတကွ မွေးလို့ ရှိ တာပေ့ါ၊ ဒီလို ဆိုလိုတာပေ့ါ၊ အတူတကွ မွေးလာကြတာပဲ၊ အကြောင်းတရားကို ပြောတာ မဟုတ်ဘူးနော်၊ တစ်ခါတစ်ခါ ကျ တော့ အတူဖြစ်နေတဲ့သဘောကို ပြောတာ၊ အဲဒီလို အတူတကွ မွေးလာတဲ့အခါမှာ အပြန်အလှန်သဘော ရလို့ **အညမည**။

တစ်ခုနဲ့ တစ်ခု မှီခိုနေရလို့ **နိဿယ**၊ ပြိုင်တူဖြစ်တယ် ပြိုင် တူချုပ်တယ် တစ်ခုတည်းသော မှီရာဝတ္ထုရုပ်က ပေါက်ဖွားပြီးတော့ အာရုံတစ်ခုတည်းမှာ ကျက်စားပျော်မွေ့ကြတယ်ဆိုတဲ့ **"တူလေးတူ"** နဲ့ ကြည့်လိုက်တဲ့အခါ ယှဉ်တွဲနေသည့် အတွက်ကြောင့် **သမ္ပယုတ္တ**၊ ဝိညာဏဆိုတဲ့ စိတ်ကလေး ထင်ရှားရှိနေတုန်း ထိုဝိညာဏနဲ့ ယှဉ် ဘက်စေတသိက်တွေ ထင်ရှားရှိရတယ်၊ သို့မဟုတ် ဝိညာဏက ထုတ်လုပ်လိုက်တဲ့ စိတ္တဇရုပ်တွေဆိုတာ ဖြစ်ပေါ်လာရတယ်လို့

http://www.dhammadownload.com



ရှိနေတုန်း မကင်းကွာမီ ဖြစ်ပေါ်လာတာ ဖြစ်သောကြောင့် **အတ္ထိ၊ အဝိဂတ၊** ဒါလေးတွေဟာ စွမ်းရည်သတ္တိလေးတွေပဲ။

ဘယ်သူ့ရဲ့ စွမ်းရည်သတ္တိတုန်း လို့ မေးလို့ရှိရင် ဒီနေရာမှာ **"ဝိညာဏပစ္စယာ နာမရူပံ"** မှာ ဝိညာဏရဲ့စွမ်းရည်သတ္တိလို့ ပြောရမယ်၊ ပစ္စည်းတရားရဲ့ ပစ္စယသတ္တိပဲ၊ သတ္တိဆိုတာ စွမ်းဆောင်နိုင်မှု၊ အကျိုးတရား ဖြစ်ပေါ်လာအောင် - သို့မဟုတ် - အကျိုးတရား တည်တံ့လာအောင် - သို့မဟုတ် - မိမိရှိနေသည့် အတွက်ကြောင့် အကျိုးတရား ရှိလာအောင် ဒီလို စွမ်းဆောင်ပေးနေတဲ့ သတ္တိလေးတွေကို ရည်ညွှန်းပြီးတော့ ပြောတာပါ။

## ဝိညာဏဆိုတာ ၃-မျိုး ရှိတယ်

အဲဒါကို မနေ့က အဋ္ဌကထာမှာ ရှင်းထားတဲ့အတိုင်း ဝိညာဏဆိုတာ ၃-မျိုးလို့ **ဝိပါကဝိညာဏ, အဘိသင်္ခါရဝိညာဏ, ကျန်တဲ့ဝိညာဏတွေ** လို့ အဲဒါ ပြောခဲ့ပြီ၊ ဒီတော့ သာမန်အားဖြင့် ဝိညာဏဆိုတာ စိတ်အားလုံးကို ရည်ညွှန်းတယ်လို့ ဒီလို ပြောလို့ရတယ်၊ ပဋိသန္ဓေစိတ်ကတော့ အဓိကပေါ့။

ကဲ တစ်ဖန်ပြောမယ်ဆိုလို့ရှိရင် **"ဝိညာဏပစ္စယာ နာမရူပံ"** မှာ ဝိညာဏဆိုတဲ့ စိတ်ဟာ ကံတရားနဲ့ ဆက်စပ်ပြီးတော့နေတဲ့ အဘိသင်္ခါရဝိညာဏကို ရည်ညွှန်းတယ်လို့ဆိုရင် အဲဒီအဘိသင်္ခါရ ဝိညာဏလို့ဆိုတဲ့ ဝိညာဏက ဘယ်နာမ် ဘယ်ရုပ်တွေကို ဖြစ်ပေါ် စေသလဲ ဆိုတာကို- ဒါ တရားနဲ့ ပတ်သက်လာလို့ရှိရင် ကြွင်းကျန် မရှိအောင် ပြတဲ့သဘောပါ။

http://www.dhammadownload.com



ဒီတော့ ဝိညာဏအရ အဓိကအားဖြင့် ပဋိသန္ဓေ ဆိုတော့ ဝိပါက်စိတ်တွေကိုသာ ရည်ညွှန်းပြီးတော့ ကောက်ထားပေမယ့်လို့ ကုသိုလ်စိတ် အကုသိုလ်စိတ်တွေလည်း ပါနိုင်တယ်၊ ဒါ့ကြောင့်မို့ လို့ အဘိသင်္ခါရဝိညာဏ်ဆိုတာ တခြားဟာကို ပြောတာ မဟုတ်ဘူး၊ အကုသိုလ်စေတနာကံနဲ့ တွဲဖက်ပြီးတော့လာတဲ့ အကုသိုလ်စိတ် ၁၂-ခုရယ်, လောကီကုသိုလ်စေတနာကံနဲ့ တွဲဖက်လာတဲ့ လောကီကုသိုလ်စိတ် ၁၇-ခုရယ်၊ အားလုံးပေါင်းလိုက်လို့ရှိရင် ၂၉-ခု၊ အဲဒီ၂၉-ခုကို အဘိသင်္ခါရဝိညာဏ်လို့ ခေါ်တယ်။

အဲဒီအဘိသင်္ခါရဝိညာဏ်က ကံတရားပဲ၊ ကံတရားနဲ့ ဆက်စပ်ပြီးတော့ စေတနာကို ကံလို့ ကောက်ပေမယ့်လို့ စေတနာက သူ့ချည်းနေလို့ ရတာ မဟုတ်ဘူး၊ သူနဲ့ အတူတကွ ယှဉ်တွဲလာတဲ့ ကုသိုလ်အကုသိုလ်စိတ်တွေလည်း မကင်းရာ မကင်းကြောင်း ပါလာတယ်ပေါ့၊ ဒါကြောင့်မို့ စေတနာဆိုတဲ့ ကံတရားနဲ့ ယှဉ်တွဲလာတဲ့ ဝိညာဏ်စိတ်တွေက ၂၉-ခု၊ အဲဒီ၂၉-ခုကလည်းပဲ ကမ္မဇရုပ်ကို အထောက်အကူပြုတယ်တဲ့၊ ကမ္မဇရုပ်ကို ဖြစ်ပေါ်စေတယ်။

## သတ္တဝါ သုံးမျိုး

ဒီနေရာမှာ သတ္တဝါတွေကလည်း အင်မတန်အမျိုးစုံတယ်၊ အမျိုးစုံပေမယ့်လို့ ခြုံငုံပြီးတော့ ပြောလိုက်မယ်, ခန္ဓာနဲ့ သုံးသပ်ပြီးတော့ ပြောမယ်ဆိုရင် သတ္တဝါသုံးမျိုးပဲ ရှိတယ်လို့ ပြောရမယ် - (၁) ခန္ဓာငါးပါးရှိတဲ့ သတ္တဝါက တစ်မျိုး၊ (၂) ခန္ဓာလေးပါးရှိတဲ့ သတ္တဝါက တစ်မျိုး၊ (၃) ခန္ဓာတစ်ပါးတည်းသာရှိတဲ့ သတ္တဝါက

http://www.dhammadownload.com



တစ်မျိုးတဲ့၊ လောကကြီးမှာရှိတဲ့ သတ္တဝါတွေကို ခန္ဓာနဲ့ ပြောမယ်ဆို လို့ရှိရင် သုံးမျိုးလို့ ခွဲရမယ်။

## အသညသတ်သတ္တဝါ

ဒီတော့ နည်းတာက စ,ပြောမယ်၊ ခန္ဓာတစ်ပါးသာ ရှိတဲ့ သတ္တဝါဆိုတာ ရုပ်ခန္ဓာသက်သက်သာရှိတဲ့ အသညသတ်ဖြဟ္မာ ကြီးတွေ၊ ဒါကို တချို့က ရုပ်သက်သက်ရှိတဲ့ သတ္တဝါဆိုတာ ရှိနိုင် ရဲ့လားလို့ ယုံကောင်းမှ ယုံလိမ့်မယ်၊ သို့သော် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ဒိဗ္ဗစက္ခုဉာဏ်တော်ကြီးနဲ့ ကြွင်းကျန်မရှိအောင် ကြည့်ပြီးတော့ ဟောတာ၊ အစဉ်အလာ စာထဲပါလို့ ဟောတာလည်း မဟုတ်ဘူး၊ တခြားတခြားပုဂ္ဂိုလ်တွေ ပြောသွားလို့ ပြောတာလည်း မဟုတ်ဘူး၊ ရာဇဝင်သမိုင်းကို ထောက်ပြီးတော့ ပြောတာလည်း မဟုတ်ဘူး၊ သိပ္ပံဆရာတွေရဲ့တွေ့ရှိချက် သူများတွေ့ရှိချက်ကို တဆင့်ခံပြီး ပြောတာလည်း မဟုတ်ဘူး၊ ကိုယ်တိုင် ဒိဗ္ဗစက္ခုဉာဏ် နဲ့ စကြဝဠာအားလုံးကို ဖြန့်ကျက်ပြီးတော့ ကြည့်လိုက်တဲ့အခါ ဒီလို သတ္တဝါရှိတယ်ဆိုတာ ကိုယ်တိုင်သိတယ်နော်။

ဒါကြောင့်မို့ မြတ်စွာဘုရားက **"သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေမိ"** တဲ့၊ လောကကြီးကို ကိုယ်တိုင်သိပြီး ကိုယ်တိုင်လေ့လာ သိရှိပြီးမှ ဟောတာ ဖြစ်တယ်။

အဲဒီမှာ အသညသတ္တ - ခန္ဓာတစ်ပါးတည်း ရှိတယ်ဆိုတာ အဲဒီပုဂ္ဂိုလ်က ရုပ်ခန္ဓာတစ်မျိုးတည်းပဲ ရှိတယ်၊ နာမ်ခန္ဓာ မရှိဘူး၊ အသိစိတ်ကင်းမဲ့တဲ့ သတ္တဝါတစ်မျိုးပေါ့နော်၊ အသိစိတ်ကင်းမဲ့တဲ့ သတ္တဝါဆိုပေမယ့် သူက သာမန်သတ္တဝါတော့ မဟုတ်ဘူး, အလွန်

http://www.dhammadownload.com



အဆင့်မြင့်တဲ့သတ္တဝါတစ်မျိုးပဲ၊ အသညသတ်ဘုံဆိုတာ ရုပ်ဖြစ်ရှစ်ပါးထဲပါလို့ အဆင့်နိမ့်တယ်လို့တော့ မအောက်မေ့လေနဲ့၊ အခွင့်အရေး ဆုံးရှုံးလို့သာ ပြောတာ၊ သူက သနားစရာသတ္တဝါတော့ မဟုတ်ဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ သူက သမထကျင့်စဉ်တစ်ခုကို ကျင့်ပြီး ရူပဈာန်ငါးဆင့်ထိအောင် အောင်မြင်ပေါက်ရောက်သွားတာ၊ နည်းတဲ့သမာဓိ မဟုတ်ဘူး။

သူပေါက်ရောက်တဲ့သမာဓိမှာ သူ့ရဲ့စိတ်တွေဟာ တွေးတောမှုဆိုတာလည်း မပါဘူး၊ အတွေးမဲ့စိတ်တွေပေ့ါ၊ မတွေးဘဲနဲ့ အာရုံတစ်ခုကို ယူနိုင်စွမ်းရှိတဲ့စိတ်ဆိုတာ အင်မတန်အစွမ်းထက်တဲ့စိတ်ဖြစ်သွားပြီပေ့ါ၊ စာလိုပြောရင် ဝိတက်လည်း မပါဘူး၊ ဝိစာရလည်း မပါဘူးနော်၊ တွေးတောကြံစည်မှု မရှိဘဲနဲ့ အာရုံနဲ့ တွေ့နိုင်တယ်၊ အဲဒီအာရုံပေါ်မှာ ကျေနပ်နေတဲ့ ပီတိဆိုတာလည်း မရှိဘူး၊ ချမ်းသာမှုကို ခံစားနေတဲ့ခံစားမှုဆိုတဲ့ သုခဝေဒနာလည်း မရှိဘူး။

သူ့မှာရှိနေတာက ချမ်းသာခံစားမှု မထင်ရှားတဲ့ ဥပေက္ခာဝေဒနာနဲ့ တည်ငြိမ်နေတဲ့သမာဓိတရား၊ ဒီနှစ်မျိုးနဲ့ ဖွဲ့စည်းထားတဲ့ ပဥ္စမဈာန်ဆိုတဲ့ ငါးခုမြောက်အဆင့်ကို သူ ရထားတာ၊ နည်းတဲ့အဆင့် မဟုတ်ဘူး၊ ဒါ လူ့ဘဝတုန်းကပေ့ါ။

လူတိုင်း လူတိုင်းဟာ အသညသတ်ဘုံ သွားချင်လို့ ရှိရင်တော့ ဒီကျင့်စဉ်ကို ကျင့်ပြီး အဲဒီအဆင့်ရောက်ပြီးမှသာလျှင် သွားလို့ ရတယ်နော်၊ သာမန်ပုဂ္ဂိုလ်တွေက "တို့တစ်တွေ အသညသတ်ဘုံ၌ ဖြစ်ပါရစေ" လို့ ဆုတောင်းနေလို့လည်း ဖြစ်မှာ မဟုတ်ဘူးနော်။

ဒါဖြင့် အဲဒီ အသညသတ္တ - ခန္ဓာတစ်ပါးတည်း ဖြစ်တဲ့ပုဂ္ဂိုလ်၊ အဲဒီဗြဟ္မာကြီးက ဘာဖြစ်လို့ အဲဒီဘုံမှာ သွားဖြစ်ရသလဲလို့

http://www.dhammadownload.com



ဆိုရင် (စျာန်ဝင်စားတဲ့အချိန် မဟုတ်ဘူး၊) စျာန်ကနေ ထပြီးတော့ သူ တွေးလိုက်တဲ့အခါမှာ ဘာတွေ တွေးမိတုန်းဆိုတော့ စိတ်ရဲ့ အပြစ်အနာအဆာတွေကို သူသွားတွေးမိတယ်၊ "ဪ - ဒီစိတ်ရှိလို့ ဒုက္ခသုက္ခတွေ ဖြစ်နေတာ" လို့။

ဒါ ဟုတ်တော့ဟုတ်တာပဲ၊ အိပ်ပျော်နေတယ်ဆိုရင် စိတ်ဟာ အင်မတန်သိမ်မွေ့သွားတယ်၊ ဘဝင်စိတ်တော့ ရှိသေးတာပဲ၊ သို့သော်လည်းပဲ အိပ်မောကျနေတဲ့အချိန်မှာ ဘာမှ မသိတဲ့ အနေအထားမျိုး ရောက်သွားတယ်နော်၊ ဒါတောင် သိနေသေးတယ်၊ "စိတ်လုံးဝမရှိဘူးဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ စားချင်တာလည်း ဒီစိတ်ကြောင့်ပဲ၊ သွားချင်တာလည်း ဒီစိတ်ကြောင့်ပဲ၊ ချင်တာမှန်သမျှ ဒီစိတ်ကြောင့်ပဲ" လို့ စိတ်နဲ့ပတ်သက်ပြီးတော့ သူက စိတ်ပျက်ဖွယ် ငြီးငွေ့ဖွယ်တွေကို တွေးတောပြီးတော့ စိတ်ကို ရွံမုန်းတဲ့ အမြင်တွေ မြင်လာတယ်၊ မြင်လာတဲ့အခါ "စိတ်မဲ့သတ္တဝါဖြစ်ရရင် ဘယ်လောက်ကောင်းမလဲ" လို့၊ "စိတ်မပါဘူးဆိုရင် ရုပ်ချည်းက ဘာမှမသိဘူး အေးတာပဲ" လို့ တွေးမိတယ်။

တချို့လူတွေ ပြောတယ် မဟုတ်လား- "သေ အေးတာပဲ" ဆိုတာ၊ တကယ်တော့ သေရင် မအေးဘူး၊ ဒီထက်ပူတဲ့ဆီ ရောက်သွားနိုင်သေးတယ်နော်၊ ပစ္စုပ္ပန်တွေ့နေတဲ့ဆင်းရဲဒုက္ခတွေကို ကြည့်ပြီး "သေ အေးတာပဲ၊ သေ အေးတာပဲ"နဲ့ ခဏခဏ ပြောသံ ကြားနေရတယ်၊ သေလို့တော့ အေးမယ် မထင်နဲ့နော်၊ ဒီထက် ရှုပ်ထွေးတဲ့ဆီ ရောက်ချင်လည်း ရောက်သွားနိုင်တယ်။

အေး အဲဒီပြဟ္မာဖြစ်မယ့်ပုဂ္ဂိုလ်က စျာန်ရ,ထားတဲ့ ယောဂီပုဂ္ဂိုလ်ကြီးပဲ၊ သမထကျင့်စဉ်အောင်မြင်ပေါက်ရောက်နေတဲ့ ယောဂီ

http://www.dhammadownload.com



ပုဂ္ဂိုလ်ကြီးက ဒီအတွေးတွေ တွေးမိသွားတယ်၊ တွေးမိသွားသည့်အတွက်ကြောင့် "စိတ်ဆိုတာ တယ်ရွံ့မုန်းစရာကောင်းတာပဲ၊ စိတ်ပျက်စရာအကောင်းဆုံးက စိတ်ပဲ" လို့ ဆိုပြီးတော့ "စိတ်မဲ့သတ္တဝါဖြစ်ရရင် ကောင်းမှာပဲ" လို့ဆိုတဲ့ ဆန္ဒဖြစ်သွားတယ်၊ wish ဖြစ်သွားတယ်၊ သူ့ရဲ့စျာန်ကုသိုလ်ကလည်း အင်မတန်အစွမ်းထက်တယ်၊ အစွမ်းထက်တော့ သူ့ရဲ့ wishနဲ့ အကျိုးပေးမှာပဲတဲ့။

ဒါကတော့ ကံဆိုတာ လူ့ရဲ့ဆန္ဒအတိုင်း အကျိုးပေးတာလေ၊ စွမ်းရည်သတ္တိထက်တဲ့ကံဟာ သူ့ရဲ့ wishပေါ်မှာ မူတည်တယ်၊ စေတနာတို့ ပဏိဓိတို့ ပတ္ထနာတို့ ဆိုတာ ရှိတာပေါ့၊ **စေတော-ပဏိဓိ** ဆိုတာ စိတ်ရဲ့တောင့်တမှု ပြည့်စုံသွားတတ်တယ်၊ အဲဒါကြောင့် ဒီပဉ္စမစျာန်ရတဲ့ ယောဂီပုဂ္ဂိုလ်ကြီးဟာ စိတ်ရဲ့အပြစ်ကိုမြင်ပြီးတော့ "စိတ်မရှိတဲ့သတ္တဝါ ဖြစ်ရင် ကောင်းမှာပဲ" လို့ ဆန္ဒပြုသည့်အတွက်ကြောင့် သေတဲ့အခါကျတော့ ဗြဟ္မာ့ပြည်မှာအသညသတ္တဗြဟ္မာ ဖြစ်တာ၊ စိတ်စွမ်းအားဟာနော်။

ဆန္ဒဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ သူ့ရဲ့ဆန္ဒအတိုင်း ဖြစ်ကို ဖြစ်သွားတာ၊ အဲဒါ ကြာလိုက်တာ ဘယ်လောက်ထိ ကြာတုန်းဆို ကမ္ဘာ-၅၀၀ တဲ့၊ တစ်ကမ္ဘာရဲ့အတိုင်းအတာကလည်း အင်မတန်မှ ရှည်ကြာတယ်၊ ကမ္ဘာ-၅၀၀ သက်တမ်းစေ့လို့ရှိရင်တော့ ဒီရပ်ဆိုင်းနေတဲ့အသိစိတ်လေးဟာ ပြန်ပေါ်လာတယ်။

လူတွေက တွေးကောင်း တွေးလိမ့်မယ် - ဗြဟ္မာ့ပြည်ရောက်နေတဲ့ကာလ သူ့စိတ်တွေ ဘယ်ရောက်နေတုန်းလို့၊ စိတ်ဆိုတာ ရှိနေတာမှ မဟုတ်တာ၊ အကြောင်းရှိမှ ပေါ်လာတာ၊ စောင်းလေးကို စားပွဲပေါ်မှာ အလှတင်ထားရင် စောင်းသံလေးတွေ ဘယ်ရောက်

http://www.dhammadownload.com



နေတုန်းလို့ တွေးမိကြရဲ့လား၊ အဲဒီလိုပဲ မှတ်၊ မတီးသေးရင် စောင်းသံပေါ်လာမှာ မဟုတ်ဘူးနော်၊ အဲဒီလို သူ့ရဲ့ဆန္ဒကြောင့် စိတ်မဲ့တဲ့ သတ္တဝါ ဖြစ်သွားတဲ့အခါမှာ "အကြောင်းမရှိလို့ စိတ်မပေါ်တာ"ဘဲ ရှိတယ်၊ တီးမယ့်သူမရှိလို့ စောင်းသံ မကြားရသလိုဘဲ။

သူဟာ ကမ္ဘာ-၅၀၀ ပတ်လုံး စိတ်ဖြစ်ပေါ်စရာ အကြောင်းတွေ မရှိဘူး၊ သူ့မှာ စိတ်ဖြစ်စရာအကြောင်း မရှိသည့်အတွက်ကြောင့် စိတ်မဖြစ်ဘူးတဲ့၊ သူ့စိတ်တွေ ဘယ်သွားနေတုန်းလို့တော့ မအောက်မေ့လေနဲ့နော်။

အဲဒီအသိစိတ်ကလေး ပြန်ပေါ်လာခြင်းသည်ပင်လျှင် သူ့ဘဝအဆုံးသတ်ခြင်းပဲတဲ့၊ အဲဒီလိုဆိုရင် သူ့ရဲ့အတိုင်းအတာတစ်ခုက ကုန်ဆုံးသွားပြီ၊ သူ့ရဲ့ဆန္ဒအရ အသညသတ်ဘုံ ရောက်သွားတဲ့ အတိုင်းအတာတစ်ခုဟာ ကမ္ဘာ-၅၀၀ ပြည့်တာနဲ့ ကုန်ဆုံးသွားပြီ၊ ကုန်ဆုံးသွားတာနဲ့ အသိစိတ်ကလေးက ပြန်ပေါ်လာတယ်လို့ ပြောတာနော်၊ ပြန်ပေါ်လာတာ ဘယ်ကနေ ပြန်ပေါ်လာတုန်းဆိုတော့ အကြောင်းက ဖြစ်လာတာ၊ အသိစိတ်ပေါ်ဖို့ အကြောင်းတရား ဖြစ်လာတာ။

## အသညသတ်ဘုံ၌ "ဝိညာဏပစ္စယာ ရူပံ" ဖြစ်ပုံ

ဒီတော့ ဒီနေရာလေးကို ပြောမလို့ - အသညသတ်ဘုံဟာ ရုပ်ခန္ဓာတစ်ခုတည်းသာ ရှိတယ်၊ ရုပ်ခန္ဓာတစ်ခုတည်းသာ ရှိတော့ အသညသတ်ဘုံ ရောက်သွားတဲ့ပုဂ္ဂိုလ်မှာ ဝိညာဏဆိုတာ မရနိုင်ဘူးပေါ့၊ ဒီတော့ **"ဝိညာဏပစ္စယာ ရူပံ"** လည်း မဖြစ်နိုင်ဘူး၊ **"ဝိညာဏပစ္စယာ နာမံ"** ဆိုတာတော့ ဝေးရောပေါ့နော်။

http://www.dhammadownload.com



အဲဒါကျတော့ သုတ္တန်ဒေသနာတော်နည်းအရ ဒီထဲမှာ ပါဝင်အောင် ဘယ်လိုထည့်ပြတုန်းလို့ ဆိုလို့ရှိရင် သူ ယောဂီပုဂ္ဂိုလ်ဘဝတုန်းက ကျင့်လာတဲ့ ပဥ္စမစျာန်ကုသိုလ်ဟာ အဘိသင်္ခါရ-ဝိညာဏ်ပဲတဲ့၊ အဲဒီအဘိသင်္ခါရဝိညာဏ်ကြောင့် အသညသတ်ဘုံရောက်တဲ့အခါ ဇီဝိတနဝကကလာပ်လို့ဆိုတဲ့ အသညသတ်ကမ္မဇရုပ် သူ့သန္တာန်မှာ ဖြစ်ပေါ်ရတယ်၊ ယောဂီဘဝတုန်းက ကျင့်ခဲ့တဲ့ အဘိသင်္ခါရဝိညာဏ်ကြောင့် ဝိညာဏ်တည်းဟူသော အကြောင်းကြောင့် ရုပ်တရားပေါ်တယ်ဆိုတော့ **"ဝိညာဏပစ္စယာ ရူပံ"** ပေါ့၊ ကမ္မဇရုပ်ကလေးဟာ အဲဒီမှာပေါ်တယ်၊ သုတ္တန်နည်းအရ အဲဒီလို ယူပြီးတော့ ဒီနေရာမှာ ထည့်သွင်းပြထားတယ်၊ "အသညသတ်ဘုံမှာ အဘိသင်္ခါရဝိညာဏ်ကြောင့် ကမ္မဇရုပ်ဖြစ်တယ်"တဲ့ ။

"ဝိညာဏ်ကြောင့် ကမ္မဇရုပ် ဖြစ်နိုင်တယ်" ဆိုတာ ဒါ တစ်ဘဝတည်းမှာ ဖြစ်နေတာကို ပြောတာ မဟုတ်ဘူး၊ ဒီပြင်နေရာတွေမှာက တစ်ဘဝတည်းအကြောင်းတွေကို ပြောနေတာ၊ ဒါလေးကိုတော့ သိထားဖို့ လိုတယ်ပေါ့နော်၊ အဘိသင်္ခါရဝိညာဏ်ဆိုတာ အတိတ်ဘဝ၊ ကမ္မဇရုပ်ဆိုတာ အခုလက်ရှိ အသညသတ်ရဲ့ဘဝ၊ အဲဒီလို ဖြစ်တယ်တဲ့။

အဲဒီလို အဘိသင်္ခါရဝိညာဏ်ကြောင့် အသညသတ်ဘုံမှာ ကမ္မဇရုပ် ပေါ်လာတယ် ဆိုတဲ့အခါမှာ ပဋ္ဌာန်းနည်းကျတော့ ဘာသတ္တိကို အသုံးပြုလဲ? ပဋိစ္စသမုပ္ပါဒ်နည်းအရကတော့ **"ဝိညာဏပစ္စယာ ရူပံ"** ပေါ့၊ **"ဝိညာဏပစ္စယာ"** - "အဘိသင်္ခါရဝိညာဏ်လို့ဆိုတဲ့အကြောင်းတရားကြောင့်"၊ **"ရူပံ"**- "ကမ္မဇရုပ် ဖြစ်တယ်"တဲ့။

http://www.dhammadownload.com



ဘာသတ္တိကို အကြောင်းပြုလဲလို့ဆိုရင် ဥပနိဿယသတ္တိ တဲ့၊ ဒီတစ်ပစ္စည်းတည်းပဲ၊ ဥပနိဿယသတ္တိဆိုတာ အလွန်အစွမ်း ထက်တယ်၊ ဥပနိဿယသတ္တိက သက်ရှိရော သက်မဲ့ရော အကုန် လုံး ခြုံငုံထားတာမို့ ၂၄-ပစ္စည်းထဲမှာ အင်မတန်အစွမ်းထက်တဲ့ ဥပနိဿယပစ္စည်း ဆိုတာ ပါတယ်နော်။

ကမ္မဋ္ဌာန်းအားထုတ်ခဲ့တဲ့ လူ့ဘုံလူ့ဘဝမှာ ဖြစ်တဲ့ ရူပါဝစရ- ပဉ္စမစျာန်ကုသိုလ်အလုပ်ဆိုတဲ့ အဘိသင်္ခါရဝိညာဏ်က နေပြီး တော့ အသညသတ်ဘုံကမ္မဇရုပ်အား ဥပနိဿယသတ္တိနဲ့ ကျေးဇူး ပြုပြီးတော့ ဖြစ်ပေါ်လာရတယ်လို့ ဒီထဲမှာပဲ ထည့်သွင်းပြီးတော့ ပြောတယ်၊ ဒါက ရုပ်ခန္ဓာတစ်ခုတည်းရှိတဲ့ ပုဂ္ဂိုလ်အတွက် ပြော တာ။

## နာမ်ခန္ဓာလေးပါးရှိသော အရူပသတ္တဝါ

ကဲ - ဒါဖြင့် နာမ်ခန္ဓာလေးပါးရှိတဲ့ပုဂ္ဂိုလ် - အရူပဗြဟ္မာတဲ့၊ အရူပဘုံလေးဘုံ ရှိတယ်၊ အရူပဘုံရောက်ဖို့ သမထကျင့်စဉ်က ပိုပြီး တော့ အဆင့်မြင့်တယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ ရူပစျာန်အားလုံး ကို ရပြီးမှ အရူပစျာန်ကို ဆက်ကျင့်လို့ ရတာ၊ ရူပစျာန်မရဘဲနဲ့ အရူပစျာန်ကို တက်လို့ မရဘူးပေါ့၊ ရူပစျာန် ၅-ခုလုံးကို ပိုင်ပိုင် နိုင်နိုင်ရပြီးပြီဆိုတော့မှ အာရုံတွေကို ပြောင်းပြောင်း ပြောင်းပြောင်း ပြီးတော့ အရူပစျာန်အဆင့် မြင့်ဆုံးထိ တက်သွားလို့ ရတယ်။

အရူပစျာန်ကို ကသိုဏ်းရုပ်တွေနဲ့ ဆက်စပ်ထားတာ မရှိ သည့်အတွက် အရူပလို့ ခေါ်တာ၊ ရူပစျာန်ဆိုတာက ကသိုဏ်းရုပ် တွေနဲ့ ဆက်သွယ်ပြီး နေသေးတယ်၊ အရူပစျာန်ကျတော့ ကသိုဏ်း

http://www.dhammadownload.com



ရုပ်တွေနဲ့ ဆက်သွယ်မနေဘူး၊ ကသိုဏ်းရုပ်တွေကို ဖယ်ရှားပြီး တော့ တက်သွားတဲ့ ဈာန်မျိုးဖြစ်လို့ "အရူပဈာန်"လို့ ခေါ်တာ။

အရူပဘုံဆိုတာကျတော့ သူက ရုပ်မဲ့ - ရုပ်မရှိဘူး၊ သူ့မှာ လည်း အတွေးတစ်ခု ရှိတာပဲ၊ ဘာတွေးတာတုန်းလို့ ဆိုရင် "စား ချင်တာတို့ သွားချင်တာတို့ ဘာတို့ဆိုတာ စိတ်ကဖြစ်တာ"၊ ဒါ မှန်တယ်၊ "ဒါပေမယ့် တကယ်စားတဲ့ အခါကျတော့ စိတ်က စားရ တာ မဟုတ်ဘူး, ရုပ်ကြီးက စားနေတာ၊ ခေါင်းကိုက်ပြီဆိုရင်လည်း ရုပ်ကြီးက ကိုက်တာပဲ၊ ကျောအောင့်တာလည်း ရုပ်ကြီးက အောင့် တာပဲ၊ တစ်စုံတစ်ခု ဒဏ်ရာရသွားရင်လည်း ရုပ်ကြီးကပဲ ရတာပဲ၊ အရိုက်အနှက်ခံရတာ, အဖမ်းအဆီးခံရတာ, အချုပ်အနှောင်ခံရ တာ, အခုတ်အထစ်ခံရတာတို့ အရာရာဟာ အားလုံးရုပ်တွေ ချည်း ပဲ၊ ရုပ်တွေကြောင့်မို့လို့၊ ဒီတော့ ရုပ်မရှိဘူးဆိုရင် ဘယ်လောက် ကောင်းမလဲ"။

အခုခေတ်ဆို သေချာစဉ်းစားကြည့်လိုက်လို့ရှိရင် လူတွေ မှာ စိတ်ကသာ သူ့ဟာသူ နေတာ၊ မနက်အိပ်ယာထတာနဲ့ တစ် ပြိုင်နက် စိတ်အတွက် လုပ်ရတာလား, ရုပ်အတွက် လုပ်ရတာလား၊ မနက်အိပ်ယာထတာနဲ့ တစ်ပြိုင်နက် မျက်နှာသစ်ပေးရတယ်၊ သူ့ ကို သွားတိုက်ပေးရတယ်၊ toilet ထဲ ဝင်ရတယ်၊ သူ့ကိစ္စတွေက မနည်းဘူး၊ ဒါတင် မရသေးဘူး - ကော်ဖီကြိုက်ရင် ကော်ဖီတိုက်ရ သေးတယ်၊ မနက်စာ စားရသေးတယ်၊ အိမ်ရှိတာနဲ့ မကျေနပ်ရင် ဈေးသွားရဦးမယ်၊ ဖီးရတယ် လိမ်းရတယ်၊ ပြင်ရတယ် ဆင်ရတယ်၊ ဝတ်စားဆင်ယင်ရတယ်၊ အားလုံးဟာ လိုက်ကြည့်လိုက်မယ်ဆိုရင်

http://www.dhammadownload.com



ဒီရုပ်ခန္ဓာကိုယ်ကြီးအတွက် လုပ်နေကြရတာတွေချည်းပဲ၊ ဒီတော့ သူတွေးမယ်ဆိုလည်း တွေးစရာပဲ။

သူလည်း လူ့ဘဝက သမထကျင့်စဉ်တစ်ခုကို အောင်မြင်ပေါက်ရောက်အောင် ကျင့်ပြီးတဲ့အခါမှာ စဉ်းစားတယ်၊ "ဩော် - ဒီရုပ်ကြီး ရှိလို့ ဒုက္ခသုက္ခတွေ အလွန်များတာပဲ, ရုပ်မရှိရင် ကောင်းမှာပဲ" ဆိုတဲ့ ဆန္ဒ သူ့မှာ ပေါ်လာတယ်၊ အဲဒီစိတ်ဆန္ဒကြောင့် သူလုပ်ထားတဲ့ ကုသိုလ်ကံက အစွမ်းထက်ရင် သူ့ရဲ့ဆန္ဒအတိုင်း အကျိုးပေးလိုက်တယ်။

ဗြဟ္မာ့ပြည်ရောက်သွားတဲ့ အခါကျတော့ ရုပ်မပါတဲ့ဘဝမှာ "ရုပ်မဲ့သတ္တဝါ" ဆိုပြီး သွားဖြစ်တာပေါ့၊ ဒီတော့ သူ့မှာ ဝေဒနာဆိုတဲ့ခံစားမှု ရှိတယ်၊ သညာဆိုတဲ့ မှတ်တဲ့စိတ် ရှိတယ်၊ သင်္ခါရဆိုတဲ့ တွေးတောမှုလှုံ့ဆော်မှုတွေ ရှိတယ်၊ ဝိညာဏဆိုတဲ့ အသိစိတ် ရှိတယ်၊ သို့သော် ရုပ်မပါဘူးတဲ့၊ အရူပသတ္တဝါ - ရုပ်မဲ့သတ္တဝါဖြစ်တယ်၊ သူကလည်းပဲ အဲဒီဘုံမှာ အလွန်ရှည်လျားစွာ သက်တမ်းအလိုက် တည်နေရတယ်ပေါ့။

သူတို့ကို ရုပ်ပြစ်ရှစ်ပါးထဲ ထည့်တာတော့ အကြောင်းမဲ့ မဟုတ်ဘူး၊ ဘာ့ကြောင့် ရုပ်ပြစ်ရှစ်ပါးထဲ ထည့်တာတုန်းလို့ ဆိုတော့ - အကယ်၍ လူ့ပြည်မှာ ဘုရားပွင့်လာလို့ရှိရင် သူတို့မှာ တရားနာခွင့် chance မရှိဘူးတဲ့၊ ဒါကြောင့် ရုပ်ပြစ်ရှစ်ပါးထဲမှာ ထည့်ထားတာနော်၊ တကယ်ကတော့ ရှုတ်ချပြီး ထည့်တာတော့ မဟုတ်ပါဘူး၊ သံသရာဝဋ်ကလွတ်ဖို့ အခွင့်အလမ်း အင်မတန်မှ နည်းသွားပြီပေါ့။

http://www.dhammadownload.com



ဒါလည်းပဲ အရူပဘုံမှာ သောတာပန်သာ မဖြစ်နိုင်တာ သောတာပန်ဖြစ်ပြီးသားပုဂ္ဂိုလ် ရောက်သွားရင်တော့ သူက အဆင့်ဆင့် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်သွားနိုင်သေးတာပဲ၊ ဒီတော့ စိတ်က အဓိကဆိုတာတော့ ထင်ရှားတာပေါ့နော်၊ အသည-သတ်ဘုံကျတော့ သူက ပုထုဇဉ်သက်သက်ပဲ၊ အရူပဘုံကတော့ ပုထုဇဉ်သက်သက် မဟုတ်ဘူး အရိယာတွေလည်း ဖြစ်တတ်တယ်ပေါ့။

## အရူပဘုံ၌ "ဝိညာဏပစ္စယာ နာမံ" ဖြစ်ပုံ

ကဲ အဲဒီဘုံမှာရောက်နေတဲ့ အရူပဗြဟ္မာတွေအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် သူတို့မှာ အသိစိတ်ရှိတယ်၊ သို့သော် ရုပ်မရှိဘူး၊ ရုပ်မရှိသည့်အတွက်ကြောင့် **"ဝိညာဏပစ္စယာ နာမရူပံ"**လို့ အစုံတော့ မရဘူး၊ **"ဝိညာဏပစ္စယာ နာမံ"** တော့ ဖြစ်တယ်၊ စိတ်ရှိသည့်အတွက်ကြောင့် ဆိုင်ရာဆိုင်ရာ စေတသိက်တွေ ဖြစ်ရတယ်ပေါ့။

ဆိုပါစို့ - အရူပဝိပါက်စိတ်လေးခု၊ အရူပဝိပါက်စိတ်လေးခု ဆိုတဲ့ "ဝိညာဏ"ကြောင့် ဆိုင်ရာ ဆိုင်ရာ စေတသိက်လေးတွေ ဆိုတဲ့ "နာမ"ဟာ ဖြစ်ပေါ်လာတယ်၊ အဲဒါဖြစ်တာလည်း ဘာသတ္တိတွေနဲ့ ဖြစ်လာတုန်းဆိုတော့ စိတ်နဲ့ စေတသိက်ဆိုတာ **သဟဇာတ**ပဲ၊ **အညမည** အပြန်အလှန် အထောက်အကူပြုတယ်၊ **နိဿယ** မှီရာ ဖြစ်ကြတယ်၊ ဝိပါက်စိတ် ဖြစ်သည့်အတွက်ကြောင့် **ဝိပါက**လည်း ရတယ်။

နောက်ပြီးတော့ ဝိညာဏဟာရအနေနဲ့ **အာဟာရ**လည်း ရတယ်၊ မနိန္ဒြေဖြစ်သောကြောင့် **ဣန္ဒြိယ**လည်း ရတယ်၊ စိတ်နဲ့

http://www.dhammadownload.com



စေတသိက်ဟာ ပြိုင်တူဖြစ်, ပြိုင်တူ ချုပ်, မှီရာဝတ္ထုတစ်ခုတည်းက ပေါ်လာပြီးတော့, အာရုံအတူတူ ပြုကြတာ ဖြစ်သောကြောင့် **သမ္ပယုတ္တ** ရတယ်၊ စိတ်ရှိနေတုန်း စေတသိက်ဖြစ်တာ, စိတ်ကင်းကွာ မသွားခင် စေတသိက်ဖြစ်တာ ဖြစ်သောကြောင့် **အတ္ထိ, အဝိဂတ**လို့ ဒီသတ္တိတွေကို အသုံးပြုပြီးတော့ အကြောင်းတရားက အကျိုးတရား ကို အထောက်အကူ ပြုနေတာပါ။ ပဋ္ဌာန်းနည်းကို သွင်းကြည့်ရင် အဲဒီပုံစံမြင်ရမှာပေါ့နော်။

ပဋိစ္စသမုပ္ပါဒ်သက်သက် ကြည့်မယ်ဆိုရင် အရူပဝိပါက် စိတ်လေးခုမှာ စေတသိက်-၃၀ ယှဉ်တယ်၊ အရူပဝိပါက်စိတ်လေးခု က "ဝိညာဏ"၊ ယှဉ်ဘက်စေတသိက် - ၃၀ က "နာမ" - ဒီလို ဆိုလိုတာပေါ့၊ အဲဒီစိတ် ရှိသည့်အတွက်ကြောင့် စေတသိက်-၃၀ ဆိုတာ ဖြစ်ရတယ်၊ ဒါကိုပဲ **"ဣမသ္မိံ သတိ ဣဒံ ဟောတိ" "ဣမဿ ဥပ္ပါဒါ ဣဒံ ဥပ္ပဇ္ဇတိ"** လို့ ဆိုတယ်၊ ပဋိစ္စသမုပ္ပါဒ်ရဲ့ ပုံသဏ္ဌာန်နဲ့ ပြောတာ၊ ပဋ္ဌာန်းနည်းကျတော့ ခုနကလို စွမ်းရည် သတ္တိတွေ ထည့်ပြီးတော့ ပစ္စယသတ္တိတွေပါ ထည့်ပြောလာတယ် ပေါ့။

## ခန္ဓာငါးပါးရှိသော သတ္တဝါ

နောက်တစ်ခါ ဘုံတစ်ဘုံကို ပြောမယ်ဆိုရင် ကျန်တဲ့ (၃၁-ဘုံထဲမှာ ဒီ ၅-ဘုံကို နှုတ်လိုက်လို့ရှိရင်) ၂၆-ဘုံ၊ အဲဒီ ၂၆-ဘုံဟာ ခန္ဓာငါးပါးရှိတဲ့ဘုံတဲ့၊ လူ့ဘုံအပါအဝင် ခန္ဓာငါးပါးရှိတဲ့ဘုံ။

ဒီတော့ ဘုံကို ခန္ဓာနဲ့ ခွဲလိုက်တဲ့အခါ ခန္ဓာတစ်ပါးသာ ရှိတဲ့ ဘုံကို "ဧကဝေါကာရဘုံ" လို့ ဒီလိုခေါ်တယ်၊ **ဝေါကာရ**ဆိုတာ ဒီ

http://www.dhammadownload.com



နေရာမှာ ခန္ဓာကို ပြောတာ၊ ဘာဖြစ်လို့ "ကောခန္ဓဘုံ" လို့ မသုံးတာ လဲဆိုတာတော့ စာပေမှာ ဒီတိုင်း အစဉ်အလာအရ သုံးလာခဲ့တာ usage ရှိတယ်နော်၊ "စတုဝေါကာရ" ဆိုတာ ခန္ဓာလေးပါး ရှိတဲ့ဘုံ၊ "ပဉ္စဝေါကာရ" ဆိုတာ ခန္ဓာငါးပါးရှိတဲ့ဘုံလို့၊ ခန္ဓာနဲ့ ရေတွက်ပြီး တော့ ၃၁-ဘုံကို ဒီလို သုံးမျိုးခွဲလိုက်တယ်။

ဒီတော့ ပဉ္စဝေါကာရဘုံ ရောက်တဲ့အခါကျတော့ လူ့ဘုံ အပါအဝင် အခုအဘိသင်္ခါရဝိညာဏ်လို့ ဆိုတဲ့ ကံတရားက ကမ္မဇ ရုပ်အား **ဉပနိဿယသတ္တိ**နဲ့ ကျေးဇူးပြုတယ်တဲ့၊ ဒီလို ဆိုလိုတယ်။

ကဲ နောက်တစ်ခု **ဝိညာဏ**- ဝိညာဏ်မှန်သမျှလို့ ပြောမယ်၊ ဆိုပါစို့ - ကျန်တဲ့ဝိညာဏ်စိတ်တွေ၊ ဘဝတစ်ခု အစပြုလာတဲ့အခါ မှာ ပဋိသန္ဓေစိတ်ကလေးက အစပြုလာတာ၊ လူတွေရဲ့ ပဋိသန္ဓေ ဆိုလို့ရှိရင် ၉-မျိုးထဲက တစ်မျိုးမျိုးက စ,မယ်ပေါ့။ အဲဒီ အစပြုလာ တဲ့သန္ဓေစိတ်လေးက စိတ်ဆိုပေမယ့်လို့ စိတ္တဇရုပ်ကို မထုတ်လုပ် နိုင်ဘူး၊ ဘာဖြစ်လို့ မထုတ်လုပ်နိုင်တာတုန်းဆိုရင် ဘဝတစ်ခုမှာ စစချင်း အလုပ်နှစ်ခုကို မလုပ်နိုင်ဘူး၊ ဘဝဟောင်းနဲ့ ဘဝသစ်ကို ဆက်စပ်ပေးရတဲ့အလုပ်က အင်မတန်ကြီးမားတဲ့အလုပ်ကြီး ဖြစ် သည့်အတွက်ကြောင့် အခြားအလုပ်ကို သူမလုပ်နိုင်ဘူးတဲ့၊ ဒါ့ကြောင့် မို့ ပဋိသန္ဓေစိတ်ကလေးက စိတ္တဇရုပ်တွေကို မထုတ်လုပ်နိုင်ဘူး။

အဲဒီ ပဋိသန္ဓေနောက်မှာ ဖြစ်လာတဲ့စိတ်ကို "ပထမဘဝင် စိတ်"လို့ ခေါ်တယ်၊ ပထမဘဝင်စိတ်ဆိုတာ ဘဝမှာ ပဋိသန္ဓေပြီး နောက်က လာတဲ့စိတ်၊ ပထမဆုံးဘဝင်စိတ်ဖြစ်လို့ ပထမဘဝင် စိတ်လို့ ခေါ်တာ၊ အဲဒီ ပထမဘဝင်စိတ်က စပြီးတော့ နောက်ဖြစ် တဲ့စိတ်တွေဟာ သူတို့ ဖြစ်တိုင်းဖြစ်တိုင်း ဖြစ်လိုက်တာနဲ့ တစ်ပြိုင်

http://www.dhammadownload.com



နက် စိတ္တဇရုပ်ကလေးတစ်ခုကိုပါ သူက မွေးဖွားပေးသွားတယ်၊ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း စိတ္တဇရုပ်ကလေးတွေ မွေးဖွားပေးတယ်၊ သို့သော် စိတ္တဇရုပ်ကို မဖြစ်စေနိုင်တဲ့စိတ်ကလည်း ရှိသေးတယ်။

သာမန်လူတွေအနေနဲ့ သိအောင် ပြောကြရမယ်ဆိုရင် မြင်သိစိတ်ကလေးကို စက္ခုဝိညာဏ်စိတ်လို့ ခေါ်တယ်, ကြားသိစိတ်က သောတဝိညာဏ်စိတ်, နံသိစိတ်က ဃာနဝိညာဏ်စိတ်, လျက်သိစိတ်က ဇိဝှါဝိညာဏ်စိတ်, ထိသိစိတ်က ကာယဝိညာဏ်စိတ်၊ ဒီတော့ ကုသိုလ်ရဲ့အကျိုး အကုသိုလ်ရဲ့အကျိုး နှစ်မျိုးစီ ခွဲလိုက်တဲ့အခါ အဲဒီပဉ္စဝိညာဏလို့ အမည်ပေးထားတဲ့ စိတ်ကလေးက ၁၀-ခု ရှိတယ်၊ အဲဒီ ၁၀-ခုသော စိတ်တွေကတော့ စွမ်းအားသတ္တိ သိပ်ရှိတာမဟုတ်လို့ သူတို့လည်းပဲ စိတ္တဇရုပ်ကို မထုတ်လုပ်နိုင်ဘူးတဲ့၊ စိတ္တဇရုပ်ကို မထုတ်လုပ်တဲ့စိတ်တွေပဲ။

အရူပဝိပါက်လေးခု ဆိုတာတော့ ဘုံကိုက ရုပ်မရှိတဲ့ဘုံမို့လို့ မထုတ်လုပ်တာ၊ ဒါက ရှင်းတယ်ပေါ့၊ ရုပ်ရှိလျက်သားနဲ့ မထုတ်လုပ်နိုင်တာတော့ အဲဒီဒွေပဉ္စဝိညာဏ်- ၁၀လို့ ခေါ်ကြတဲ့ ဝိညာဏစိတ် - ၁၀ခုဟာ သူတို့ဖြစ်တဲ့အခိုက်မှာတော့ စိတ္တဇရုပ်ကို မထုတ်ဘူးတဲ့။

ကျန်တဲ့စိတ်တွေက ဘယ်စိတ်ပဲဖြစ်ဖြစ် စိတ္တဇရုပ်ကို ထုတ်တယ်၊ အဲဒါဆိုရင် **"ဝိညာဏပစ္စယာ ရူပံ"** မှာ ဘာသတ္တိတွေကို အကြောင်းပြုသလဲလို့ဆိုရင် - စိတ်ကနေပြီးတော့ စိတ္တဇရုပ်ကို ထုတ်တယ်ဆိုရင် **သဟဇာတ** - စိတ်နဲ့ စိတ္တဇရုပ်သည် အကြောင်းနဲ့ အကျိုးသည် ပြိုင်တူဖြစ်လာတာ၊ ဆီမီးဖြစ်တာနဲ့ တစ်ပြိုင်နက် အလင်းရောင်လေးဟာ တစ်ပြိုင်နက်ဖြစ်လာတယ်၊ ပြိုင်တူဖြစ်တယ်

http://www.dhammadownload.com



ပေါ့၊ အဲဒီလိုပဲ စိတ်ကလေးပေါ်လာတာနဲ့ တစ်ပြိုင်နက် စိတ်တွေဟာ ပေါ်လာတယ်၊ ဒါကြောင့်မို့ **"ဝိညာဏပစ္စယာ ရူပံ"** ဆိုတဲ့ အထဲမှာ သူတို့လည်း ရတယ်၊ **သဟဇာတသတ္တိ**။

မှီရာဖြစ်သည့်အတွက်ကြောင့် **နိဿယသတ္တိ**၊ နောက်တစ်ခါ စိတ်နဲ့ ရုပ်ဆိုတာဟာ ယှဉ်တွဲလို့ မရဘူး၊ ပြိုင်တူဖြစ်ပေမယ့်လို့ ဒီနေရာမှာ တူတာကတော့ ပြိုင်တူဖြစ်တယ် ဆိုတာကတော့ တူတယ်၊ ပြိုင်တူချုပ်တယ် ဆိုတာလည်း တူတယ်ဆိုဦးတော့ ဘာက မတူတုန်း ဆိုလို့ရှိရင် မှီရာဝတ္ထုရုပ်က မတူဘူး၊ အာရုံပြုတာ မတူဘူး၊ ရုပ်က အာရုံမပြုနိုင်ဘူး၊ စိတ်က အာရုံပြုတာ၊ ဒီလို တူလေးတူ မရသည့်အတွက်ကြောင့် သမ္ပယုတ္တ မရဘူး၊ မရတော့ **ဝိပ္ပယုတ္တ**ပေါ့။

ရှိနေတုန်းကို ထုတ်လုပ်တာဖြစ်သောကြောင့် **အတ္ထိ,** မကင်းကွာခင် ထုတ်လုပ်တာ ဖြစ်သောကြောင့် **အဝိဂတ**ဆိုတော့ ဟောပဋ္ဌာန်းနည်းကျတော့ ဒီသဘောတရားလေးတွေ ပါလာတယ်ပေါ့၊ ဒီတော့ **"ဝိညာဏပစ္စယာ နာမံ" "ဝိညာဏပစ္စယာ ရူပံ"** ဆိုတာ ဒီလိုသဘောပေါက် နားလည်ရမှာပဲ။

## "နာမရူပပစ္စယာ သဠာယတနံ"

ကဲ နောက်တစ်ခုသွားရအောင် **"နာမရူပပစ္စယာ သဠာယတနံ"** လို့ ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားက ဟောလိုက်တယ်၊ အဲဒီမှာ **နာမ** အရ ဘာယူရမှာလဲ, **ရူပ** အရ ဘာကို ယူရမှာလဲ, **သဠာယတန** ဆိုတာက ဘာတွေလဲဆိုတာကို အရင်ကြည့်

http://www.dhammadownload.com



ရမယ်၊ **“ဝိညာဏပစ္စယာ နာမရူပံ”** တုန်းကလိုပဲ **နာမ**အရက ဒီနေရာမှာ စေတသိက်ကိုပဲ ယူရမယ်၊ စေတသိက်-၅၂ ကို ယူတယ်။

**ရူပ** အရကျတော့ ရုပ်၂၈-ခုလုံးလား ဆိုတော့ - မဟုတ်ဘူး၊ သူက မိမိသန္တာန်မှာဖြစ်တဲ့ **မဟာဘုတ်လေးပါး** - ပထဝီ အာပေါ တေဇော ဝါယော (ဓာတ်ကြီးလေးပါးဆိုတာနဲ့ တစ်ပြိုင်နက် စာထဲချည်းပဲ သွား သတိမရလေနဲ့၊ ကိုယ့်ခန္ဓာမှာရှိတဲ့ ဓာတ်ကြီးလေးပါးကို ပြောတာနော်၊) မြတ်စွာဘုရားကတော့ ထင်ရှားအောင် ဓာတ်ကြီးလေးပါးကို ပြောတဲ့အခါမှာ ၃၂-ကောဋ္ဌာသနဲ့လည်း ပြောတာပဲလေ၊ ဆံပင် မွေးညင်းစတဲ့ အတုံးအခဲတွေရှိတဲ့ ပထဝီဓာတ်က - ၂၀၊ နောက် အရည်သဘော ၁၂-မျိုးကျတော့ အာပေါဓာတ်လို့ ဒီလိုခေါ်တယ်၊ ခန္ဓာကိုယ်ထဲမှာရှိတဲ့ သန္တပ္ပနတေဇော, ဒယှနတေဇော, ဇိရဏတေဇော, ပါစကတေဇောဆိုတဲ့ အပူလေးမျိုးက တေဇော၊ နောက် ခန္ဓာကိုယ်ထဲမှာ ဆက်စပ်ပြီးတော့ ဖြစ်ပေါ်နေတဲ့ လေ ၆-မျိုးက ဝါယော၊ ဒါတွေဟာ ဓာတ်ကြီးလေးပါးလို့ပဲ ဒီလိုမှတ်ထားပေါ့နော်။

အဲဒီ **ရူပ** အရ မဟာဘုတ်လေးပါး သို့မဟုတ် ဓာတ်ကြီးလေးပါး၊ နောက်ပြီးတော့ **ဝတ္ထုရုပ် ၆-ပါး**၊ ဝတ္ထုရုပ် ၆-ပါး ဆိုတာ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှါဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု။ **ဝတ္ထု** ဆိုတာ စိတ်ရဲ့မှီရာလို့ အဓိပ္ပါယ်ရတယ်၊ စိတ်ရဲ့ ဖြစ်ပွားရာ စိတ်ရဲ့မှီရာ၊ ဒါ့ကြောင့်မို့ base of mind လို့ ဒီလိုပြန်တာ၊ ဝတ္ထုဆိုတာ base ပဲ, မှီရာ၊ စိတ်ကလေးတွေ ဖြစ်တဲ့အခါမှာ အဲဒီပေါ်ကနေ မှီပြီးတော့ ဖြစ်တယ်လို့ ဆိုတယ်၊ ဒီတော့

http://www.dhammadownload.com



ဝတ္ထုရုပ်က ၆-ခု ရှိတယ်၊ စက္ခုဝတ္ထုစတဲ့ ငါးခုက ပသာဒရုပ်တွေ၊ ဒါကြောင့် ဝတ္ထုရုပ် ၆-ပါးက **ပသာဒရုပ် ၅-ခုနဲ့ ဟဒယရုပ်**။

နောက်တစ်ခုက **ဇီဝိတိန္ဒြေ**၊ မိမိနဲ့ အတူတကွဖြစ်တဲ့ ကမ္မဇ ရုပ်တွေကို ဆက်လက်ရှင်သန်နေအောင် ထိန်သိမ်းစောင့်ရှောက် ပေးတဲ့ ရုပ်ဇီဝိတတဲ့၊ အားလုံးပေါင်းလိုက်တဲ့အခါကျတော့ **မဟာ ဘုတ် ၄-ပါးရယ် ဝတ္ထုရုပ်၆-ပါးရယ် ဇီဝိတိန္ဒြေရယ်**၊ ဒါကို ယူရ မယ်တဲ့၊ **နာမ** အရ စေတသိက်-၅၂၊ **ရူပ** အရ မဟာဘုတ်၄-ပါး, ဝတ္ထုရုပ် ၆-ပါးနဲ့ ဇီဝိတိန္ဒြေ၊ ဒါကို ယူထားတာ။

အဲဒီလို ယူတဲ့အခါမှာ ခုနပြောသလိုပဲ သတ္တဝါတွေအလိုက် ဘုံတွေအလိုက် ခွဲလိုက်တော့- စကားလုံးက ဒီနေရာမှာ **"နာမရူပ ပစ္စယာ"** လို့ နှစ်လုံးတည်း သုံးထားပေမယ့်လို့ နားလည်ရမှာ သုံး မျိုး နားလည်ရမယ်တဲ့ - **"နာမပစ္စယာ"** က တစ်ခု၊ **"ရူပပစ္စယာ"** က တစ်ခု၊ **"နာမရူပပစ္စယာ"** က တစ်ခု၊ ဆိုလိုတာက သုံးမျိုးခွဲပြီး တော့ ကြည့်- နာမ, ရူပ, နာမရူပ၊ နာမသက်သက်က တစ်ခု, ရူပ သက်သက်က တစ်ခု, နာမရူပတွဲရက်က တစ်ခုဆိုတော့ သုံးခု၊ အဲ ဒီသုံးခုကို တူရာကို ပေါင်းထားလိုက်တာ။

ဒါကို သဒ္ဒါနည်းအရ **ဧကသိသ်** ပြုတယ်လို့ ခေါ်တယ်၊ ဧကသိသ်ဆိုတဲ့အဓိပ္ပါယ်က **ဧကသေသ** တစ်ခုတည်း ချန်ထား လိုက်တယ်, ကျန်တာတွေကို ဖယ်ထားလိုက်ပြီးတော့ တစ်ခုတည်းပဲ လုပ်ထားလိုက်တယ်ပေ့ါ၊ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် အားလုံး ပေါင်းစုပြီး တစ်ခုလုပ်လိုက်တယ်ပေ့ါနော်၊ တူတာတွေ စုပြီး တစ်ခု လုပ်ထားတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့ စာပေကျမ်းဂန်တွေမှာ ရေးတယ် **"နာမဥ္စ ရူပဥ္စ နာမရူပဥ္စ နာမရူပံ"** လို့၊ တူတာတွေကို ဖယ်ထားလိုက်ပြီးတော့ နာမရူပံလို့ ဒီလိုပဲ နှစ်လုံးတည်းပဲ သုံးလိုက်တယ်၊ တကယ်သုံးရမှာကတော့ နာမ, ရူပ, နာမရူပ လို့ ဒီလိုသုံးရမယ်၊ အဲဒီလို ခွဲပြီးတော့ ယူတယ်။

နောက် **သဠာယတန** ဆိုတော့ အာယတန ၆-ပါး၊ အဇ္ဈတ္တိကာယတန ၆-ပါးကို ပြောတာ၊ အဇ္ဈတ္တိကာယတန ၆-ပါးဆိုတာ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတနတဲ့၊ ဘုန်းကြီးတို့တစ်တွေရဲ့သန္တာန်မှာ ရှိတဲ့ မျက်စိ နား နှာ လျှာ ကာယ နဲ့ မန၊ အဲဒါကိုပဲ အဇ္ဈတ္တိကာယတန ၆-ပါးလို့ ခေါ်တယ်၊ အဲဒီထဲမယ် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယတို့က ရုပ်, မနက စိတ်၊ ဒီသဘာဝတရားတွေ ကောက်ယူမှုလေးကို ရှေးဦးစွာမှတ်သားထားရမယ်၊ အဲဒါမှ နောက်ထပ် ရှင်းပြောမယ့်အရာကို နားလည်မှာ ဖြစ်တယ်ပေါ့နော်၊ ဒီတော့ "နာမအရ - စေတသိက်-၅၂ ၊ ရူပအရ - မိမိသန္တာန်မှာရှိတဲ့ မဟာဘုတ် ၄-ပါးနဲ့ ဝတ္ထုရုပ် ၆-ပါး၊ ဇီဝိတိန္ဒြေ"။

နောက် သဠာယတနမှာလည်း နှစ်ခုခွဲလိုက်တယ် - **ဆဋ္ဌာယတန** နဲ့ **သဠာယတန** လို့ နှစ်ခုခွဲတယ်၊ ဆိုလိုတာက မနာယတနနဲ့ ကျန်တဲ့ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဆိုတဲ့ အာယတန ၅-မျိုးတို့က သဘာဝချင်း မတူဘူး၊ ဒီတော့ မနာယတနကို ဆဋ္ဌာယတန = ၆-ခုမြောက် အာယတနလို့ ဒီလိုခေါ်လိုက်တယ်၊ ကျန်တဲ့အာယတန ၅-ခုကိုတော့ "ပသာဒါယတန" သို့မဟုတ် "ပဉ္စာယတန" ၅-ခု၊ အားလုံးပေါင်းတဲ့အခါကျတော့ သဠာယတန

http://www.dhammadownload.com



ဆိုတဲ့စကားလုံးကို သုံးတယ်၊ **"သ"** ဆိုတဲ့အဓိပ္ပါယ်က ၆-ခုလို့ ပြော တာ၊ သဠာယတန = ၆-ခုသောအာယတန။

အဲဒီမှာ **"ဆဋ္ဌာယတန"** လို့ **"ဆဋ္ဌ"** လို့ သုံးလိုက်လို့ရှိရင် ၆-ခုမြောက် တစ်ခုတည်းကို ပြောတာနော်၊ အဲဒါက မနာယတန ကို ရည်ညွှန်းတယ်၊ ဒီတော့ ပေါင်းလိုက်တဲ့အခါ အဲဒါကလည်း နှစ်ခုခွဲ ယူတယ်၊ "ဆဋ္ဌာယတန"လို့ မနာယတနကို တစ်ခုယူတယ်၊ ကျန်တာတွေကို တစ်ခုယူတယ်၊ ရုပ်အာယတန ၅-ခုကို တစ်ခုယူ တယ်၊ နာမ်အာယတနကို တစ်ခုယူတယ်ပေါ့။

ကောင်းပြီ - အဲဒီလို ခွဲပြီးတဲ့အခါမှာ ဘုန်းကြီးတို့နဲ့ အလှမ်း ကွာဝေးတဲ့ အရူပဘုံကို စဉ်းစားကြည့်၊ အရူပဘုံက ဗြဟ္မာတွေမှာ ရုပ်မရှိဘူး, နာမ်သက်သက်ပဲ ရှိတယ်၊ အခု မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်မှာ ဟောထားတာက **"နာမရူပပစ္စယာ သဠာယတနံ"** လို့ ဟောထားတာနော်၊ အားလုံးက ပြောလို့ရှိရင် အာယတန ၆-ပါး ဖြစ်တယ်လို့ ဒီလိုပြောထားတာ၊ ဒါက အကြမ်းဖျင်း မှတ်ဖို့ရာ၊ ဒါက နာမ်ရုပ် ရှိလို့ရှိရင် အာယတန ၆-ပါး ရှိတယ်၊ နာမ်ရုပ် ဖြစ် ပေါ်လာမှုကြောင့် အာယတန ၆-ပါး ဖြစ်ပေါ်လာရတယ် လို့ - ပဋိစ္စသမုပ္ပါဒ်က ဒီလိုပြောတယ်။

**အရူပဘုံ၌ "နာမရူပပစ္စယာ သဠာယတနံ" ဖြစ်ပုံ**

အဲဒီလိုပြောတာကို ဘုံအလိုက်သတ္တဝါအလိုက် ခွဲခြားပြီး တော့ မှတ်မယ်ဆိုလို့ရှိရင် - ကဲ အရူပဘုံကိုလည်း ဒီစကားကို ဆက်စပ်ကြည့်ရအောင်- အရူပဘုံဆိုတာ နာမ်သက်သက်ပဲ ရှိတယ်၊ အဲဒီတော့ **"နာမရူပပစ္စယာ သဠာယတနံ"** လို့ ဆိုတော့ အရူပဘုံ

http://www.dhammadownload.com



မှာ ရူပမရှိသည့်အတွက်ကြောင့် ရူပဖြုတ်ရမယ်၊ ရူပဖြုတ်ပြီးတော့ နာမ်သက်သက်ကို ဟောတာ၊ **"နာမပစ္စယာ"**- နာမ်သက်သက်ပဲ။

နောက် အာယတန ၆-ပါးထဲကလည်း စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန ဆိုတဲ့ ၅-ခုက ရုပ်ဖြစ်နေတယ်၊ ရုပ်ဖြစ်နေသည့်အတွက်ကြောင့် အရူပဘုံမှာ မရှိဘူး၊ အရူပဘုံမှာ ရှိနိုင်တာက မနာယတနတစ်ခုတည်းပဲ ရှိနိုင်တယ်၊ ဒီတော့ နာမ အရက စေတသိက်၊ မနာယတနက စိတ်၊ ပြောင်းပြန်နော်၊ ခုနတုန်းက **"ဝိညာဏပစ္စယာ နာမရူပံ"** တုန်းက ဝိညာဏက စိတ်, နာမက စေတသိက်၊ အခု **"နာမရူပပစ္စယာ သဠာယတနံ"** မှာကျတော့ **"နာမပစ္စယာ ဆဋ္ဌာယတနံ"** သို့မဟုတ် **"နာမပစ္စယာ မနာယတနံ"** ဆိုတော့ စေတသိက်ကနေ စိတ်၊ အပြန်အလှန်ဖြစ်နေပုံကို မြတ်စွာဘုရားက ဟောထားတာနော်၊ စိတ်ရှိလို့ စေတသိက်ရှိရတယ်၊ စေတသိက်ရှိလို့ စိတ်ရှိရတယ် ဆိုတဲ့ အပြန်အလှန်သဘောလေးကို ဒီမှာ ဟောထားတာ။

ဒီတော့ အရူပဘုံလေးမှာ ပဋိသန္ဓေအခါမှာ နာမ်ကြောင့် အာယတနဖြစ်တယ်လို့ ဆိုတော့ ဘယ်နာမ် ဘယ်အာယတနတွေကို ယူရမှာလဲလို့ မေးရင် အရူပဘုံမှာဖြစ်နိုင်တာလေးတွေကို ကြည့်ရတယ်၊ ဆိုပါစို့ - နာမက စေတသိက်ဖြစ်သည့် အတွက်ကြောင့် ခုန အရူပဝိပါက်လေးခုမှာ ဖြစ်နေတဲ့ စေတသိက်-၃၀ ရှိတယ်၊ အဲဒီ စေတသိက်-၃၀ ထဲက တစ်ခုခုကို နာမလို့ ယူတာ၊ ယူပြီးရင် မနာယတန လို့ ဆိုတာ ဘယ်သူ့ကို ယူရမှာတုန်းဆိုတော့ အရူပဝိပါက်လေးခုကို ယူရမှာ၊ ခုနတုန်းကနဲ့ ပြောင်းပြန်မှတ်ရမယ်။

http://www.dhammadownload.com



ဒီတော့ နာမဟာ စေတသိက်၊ အရူပဝိပါက်စိတ်မှာ ယှဉ်တဲ့ စေတသိက်က အရူပဝိပါက်စိတ်အား အကျိုးပြုတယ်၊ ပဋ္ဌိစ္စသမုပ္ပါဒ် နည်းအရ ဆိုလို့ရှိရင်တော့ အရူပဝိပါက်စိတ်မှာ ယှဉ်တဲ့ စေတသိက် -၃၀ ရှိသည့် အတွက်ကြောင့် အရူပဝိပါက်စိတ်ဆိုတာ ရှိရတယ်လို့ ဒီလောက်ပဲ သိရတယ်။

**ပဋ္ဌာန်းနည်း**

ပဋ္ဌာန်းကျတော့ ဘာသတ္တိတွေနဲ့ ကျေးဇူးပြုတာလဲ၊ ဘယ်လို စွမ်းရည်သတ္တိတွေ အသုံးပြုသလဲ၊ စေတသိက်-၃၀က အရူပဝိပါက် စိတ်လေးခုကို ဘာသတ္တိတွေနဲ့ ကျေးဇူးပြုတာတုန်းဆိုတော့ - **သဟဇာတ**- အတူတကွဖြစ်လာတာ၊ အဲဒီအတူတကွ ဖြစ်လာခြင်း သည် ဓမ္မရဲ့သတ္တိတစ်ခုပဲ၊ နောက်ပြီးတော့ စိတ်နဲ့စေတသိက်ဆိုတာ အပြန်အလှန် အထောက်အကူဖြစ်တော့ **အညမည**၊ အချင်းချင်း မှီခိုရာ ဖြစ်နေသည့်အတွက်ကြောင့် **နိဿယ**၊ ဖြစ်ခြင်းတူတူ, ချုပ် ခြင်းတူတူ, မှီရာဝတ္ထုရုပ်လည်း တူတယ်, အာရုံလည်း တူတယ်- တူလေးတူ ရှိလို့ **သမ္ပယုတ္တ**၊ အရူပဝိပါက်စိတ်က ဝိပါက်နဲ့ဆိုင်တာ ဖြစ်သောကြောင့် **ဝိပါက**၊ ထင်ရှားရှိနေတုန်း ကျေးဇူးပြုတာဖြစ် သောကြောင့် **အတ္ထိ**၊ မကင်းကွာခင် ကျေးဇူးပြုတာဖြစ်သော ကြောင့် **အဝိဂတ**လို့ ဆိုတယ်၊ ပဋ္ဌာန်းကျတော့ ပစ္စယသတ္တိ ၇-ခုနဲ့ ကျေးဇူးပြုတယ်လို့ ဒီလိုဆိုတယ်။

ပဋ္ဌိစ္စသမုပ္ပါဒ်မှာကျတော့ အရူပဘုံမှာ စေတသိက်ရှိလို့ စိတ် ရှိတယ်၊ ဒါလောက်ပဲ ပြောတယ်၊ စေတသိက်ဖြစ်နေလို့ စိတ်ဖြစ် တယ်လို့ပဲ ပြောတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ ဒီနှစ်ခုက အပြန်

http://www.dhammadownload.com



အလှန်ကို ခွဲလို့မှ မရတာ၊ ခွဲလို့ မရသည့်အတွက်ကြောင့် အပြန်အလှန်သဘော မြတ်စွာဘုရားက ဟောထားတာ၊ ဒီတော့ **"နာမရူပပစ္စယာ သဠာယတနံ"**, **"နာမရူပပစ္စယာ မနာယတနံ"**, ၆-ခုမြောက် အာယတနတစ်ခုတည်းကို ယူပြီး **"နာမရူပပစ္စယာ ဆဋ္ဌာယတနံ"** ဒီလိုပဲ သုံးရတယ်၊ အရူပဘုံအတွက်သပ်သပ်ဆိုရင် စေတသိက်က နေ စိတ်အား သတ္တိ ၇-ခုကိုအသုံးပြုပြီးတော့ ကျေးဇူးပြုတယ်လို့ ဒီလိုမှတ်ရမှာပေါ့နော်။

အဲဒီ စေတသိက်ဆိုတဲ့အထဲမှာ အသေးစိတ်လိုက်ပြီးတော့ ရှာကြည့်လိုက်- အလောဘဆိုတဲ့ စေတသိက် မပါနိုင်ဘူးလား၊ ပါတယ်နော်၊ အရူပဝိပါက်လေးခုမှာ ယှဉ်တာ အလောဘဆိုတဲ့ စေတသိက် - အဘိဓမ္မာသင်ထားတဲ့ ပုဂ္ဂိုလ်ဆို ရှာလို့ ရမယ်နော်၊ အလောဘဆိုတဲ့ စေတသိက်ပါတယ်၊ အဒေါသဆိုတဲ့ စေတသိက် အမောဟဆိုတဲ့ စေတသိက်တွေ ပါလာတယ်၊ အဲဒါတွေ ပါလာလို့ ရှိရင် နောက်ထပ်ထပ်ပြီးတော့ ဝင်လာတဲ့ သတ္တိတစ်ခုက ဘာလဲ ဆိုရင် ဟေတုသတ္တိ၊ အလောဘ အဒေါသ ထပ်ထည့်လိုက် လို့ရှိရင် **ဟေတုသတ္တိ**၊ ဒီ ၇-ခုထဲကို ဟေတုသတ္တိ ထပ်ထည့်တာ၊ ၇-ခု ဆိုတာ ခုနပြောတဲ့ **သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတ**၊ အဲဒီ ၇-ခုထဲကို **ဟေတုသတ္တိ** ထပ်ထည့် လို့ ရတယ်။

တစ်ခါ အမောဟကို ယူလိုက်မယ်ဆိုရင် ထပ်တိုးလာဦးမယ်၊ အမောဟ ဆိုတာကျတော့ ဟေတုလည်း ပါမယ်၊ နောက်တစ်ခါ **ဣန္ဒြိယ**လည်း ပါလာမယ်, **မဂ္ဂ**လည်း ပါလာမယ်၊ တစ်ခါ စေတနာကို ယူလိုက်ဦးမယ်၊ (အဲဒီစေတသိက်တွေထဲမယ် စေတနာပါတယ်၊)

http://www.dhammadownload.com



စေတနာဆိုရင် အာဟာရထဲမှာ မနောသဥ္စေတနာဟာရ ဆိုတာ စေတနာကို အာဟာရလို့ ခေါ်တာ ရှိတယ်၊ အဲဒါ ထည့်လိုက်မယ်ဆိုရင် ၇-ခုထဲက တစ်ခါ ၈-ခု ဖြစ်ပြန်တယ်ပေါ့။ **အာဟာရကို** ယူလို့ရှိရင် ၈-ခု ဖြစ်တယ်။

နောက်တစ်ခါ ဖဿ၊ ဖဿစေတသိက်ကလည်း အာဟာရထဲပါလို့ ဖဿထည့်လို့ရှိရင် ၇-ခုထဲမှာ တစ်ခုထပ်ထည့်တော့ ၈-ခု ဖြစ်တယ်တဲ့၊ အဲဒီလို ပဋ္ဌာန်းကျတော့ ပစ္စယသတ္တိတွေကို ခွဲခြားပြီး ဟောကြားသွားတာ ဖြစ်ပါတယ်။

ဒီတော့ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ပြောလို့ရှိရင် အကြောင်းနဲ့ အကျိုး ဒီနှစ်ခုဟာ တစ်ခုရှိလို့ တစ်ခုရှိတယ်၊ တစ်ခုဖြစ်လို့ ကျန်တဲ့တစ်ခု ဖြစ်တယ်လို့ ဆက်စပ်ပြီး ပြောရုံမျှပဲ ပြောလို့ ရတယ်၊ ပဋ္ဌာန်းကျတော့ အဲဒီအကြောင်းတရားရဲ့စွမ်းရည်သတ္တိတွေပါ မြတ်စွာဘုရားက ထုတ်ဖော်ပြီး ဟောထားတယ်၊ လုံးဝပြည့်စုံတဲ့ ကြောင်းကျိုး ဖော်ပြတဲ့ ဒေသနာတော်ကြီး ဖြစ်တယ်။

ဒါ့ကြောင့်မို့လို့ တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့သည် ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာမယ်ဆိုလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်ကိုလည်းပဲ ကျေညက်အောင် လေ့လာဖို့ လိုတယ်၊ ပဋ္ဌာန်းနည်းကိုလည်းပဲ ကျေညက်အောင် လေ့လာဖို့ လိုတယ်၊ အဲဒီနှစ်ရပ် ပေါင်းစပ်ပြီးတော့မှသာလျှင် မြတ်စွာဘုရား ဟောကြားထားတဲ့ ဒေသနာနယနှစ်ခုဟာ ပြီးပြည့်စုံမှာ ဖြစ်တယ်။

အခုကဲ့သို့ အကြောင်းတရားနဲ့ အကျိုးတရားကို ဆင်ခြင်သုံးသပ်နိုင်တဲ့ **ပစ္စယပရိဂ္ဂဟဉာဏ်**ဟာ သံသရာက ထွက်မြောက်ဖို့ရာအတွက် များစွာအထောက်အကူ ဖြစ်တယ်ဆိုတာကို ကိုယ်စီကိုယ်ငှ

http://www.dhammadownload.com



သဘောကျပြီးတော့ အကြောင်းတရား အကျိုးတရားတွေရဲ့ ဆက်စပ်ဖြစ်ပေါ်နေမှုကို နားလည်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဖ ဖ ဆ ဆ

http://www.dhammadownload.com

http://www.dhammadownload.com



# “ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း”

## အပိုင်း (၈)

**သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလဆန်း ၁-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဇွန်လ ၁၂-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိပိမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။**

“နာမရူပပစ္စယာ သဠာယတနံ” ဆိုတာနဲ့ ပတ်သက်ပြီး ပဋ္ဌာန်းနည်းဖြင့် ဆက်သွယ်ပုံ အစိတ်အပိုင်းတချို့ကို ရှင်းပြပြီးခဲ့ပြီ၊ “နာမရူပပစ္စယာ” ဆိုတဲ့ စကားကို “နာမပစ္စယာ”, “ရူပပစ္စယာ”, “နာမရူပပစ္စယာ”လို့ အပိုင်း ၃-ပိုင်း ခွဲခြားပြီး နားလည်ရမှာ ဖြစ်သလို “သဠာယတနံ” ဆိုတဲ့ စကားလုံးကိုလည်း “သဠာယတနံ” နဲ့

http://www.dhammadownload.com



**"ဆဋ္ဌာယတနံ"** လို့ အပိုင်း၂-ပိုင်းခွဲပြီး နားလည်ရမှာ ဖြစ်ပါတယ်၊ **"သဠာယတနံ"** ဆိုတာ အဇ္ဈတ္တိကာယတန ၆-ပါးလုံးကို ရည်ညွှန်းတဲ့စကား၊ **"ဆဋ္ဌာယတနံ"** ဆိုတာကတော့ ခြောက်ခုမြောက် ဖြစ်တဲ့ မနာယတနတစ်ခုတည်းကို ရည်ညွှန်းတဲ့စကားလို့ နားလည်ရပါမယ်။

အရူပဘုံမှာ ရုပ်မရှိသည့်အတွက်ကြောင့် **"နာမရူပပစ္စယာ"** ဆိုတဲ့အပိုင်းမှာ **"နာမပစ္စယာ"** တစ်မျိုးပဲ ရမှာပေါ့၊ နောက် **"သဠာယတနံ"** ဆိုတဲ့အထဲမှာလည်းပဲ အဇ္ဈတ္တိကာယတန ၆-မျိုး ရှိတဲ့အထဲမယ် စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန ဆိုတဲ့ ပသာဒအာယတန ရှေ့ ၅-ခုက ရုပ်တွေသာ ဖြစ်တယ်၊ မနာယတနက နာမ်တရားဖြစ်တယ်၊ မနာယတနအရ ဒီနေရာမှာ စိတ်ကိုပဲ ကောက်တယ်။

အဲဒီတော့ အရူပဘုံနဲ့ ပတ်သက်ပြီးတော့ မနေ့က ပဋိသန္ဓေ အခါ ပဝတ္တိအခါမှာ "နာမ"ဆိုတဲ့ စေတသိက်တရားကို အကြောင်း ပြုပြီးတော့ "မနာယတန"ဆိုတဲ့ စိတ်အာယတနတစ်ခု ဖြစ်ပေါ်ရပုံ၊ ပဋိသန္ဓေအခါမှာ ဖြစ်ပေါ်ရပုံနဲ့ ပဝတ္တိအခါမှာ ဖြစ်ပေါ်ရပုံ၊ အရူပ ဗြဟ္မာတွေရဲ့သန္တာန်မှာဖြစ်တဲ့ စိတ်နဲ့စေတသိက်တရားတွေရဲ့ အပြန် အလှန်ဆက်သွယ်မှု - ပဋိစ္စသမုပ္ပါဒ်နည်းအရကတော့ နာမဆိုတဲ့ စေတသိက်ရှိနေသည့်အတွက်ကြောင့် မနာယတနဆိုတဲ့ အာယတန ဖြစ်ရတယ်လို့ ဤမျှလောက်သာ ရည်ညွှန်းပြောဆိုသော်လည်း ပဋ္ဌာန်းနဲ့ ပတ်သက်လာတဲ့အခါကျတော့ ထိုနာမဆိုတဲ့ စေတသိက် တရားဟာ မနာယတနဆိုတဲ့ စိတ်နဲ့ ဆက်သွယ်တဲ့အခါမှာ သာမန် ဆက်သွယ်မှုမျိုး မဟုတ်ဘဲနဲ့ စွမ်းရည်သတ္တိတွေ ပစ္စယသတ္တိတွေ ပါဝင်ဆက်သွယ်နေမှုကို ပဋ္ဌာန်းနည်းအရ နားလည်ကြရမယ်။

http://www.dhammadownload.com



စိတ်နဲ့ စေတသိက်ဟာ ပြိုင်တူဖြစ်လာတာ ဖြစ်သောကြောင့် ပြိုင်တူဖြစ်ရခြင်းသည်ပင်လျှင် သတ္တိတစ်မျိုးပဲ၊ သဟဇာတ - အတူတကွ ဖြစ်လာခြင်းသည်ပင်လျှင် **သဟဇာတသတ္တိ** လို့ ခေါ်တယ်၊ စွမ်းရည်သတ္တိတစ်မျိုး ရှိတယ်၊ တချို့က ပြိုင်တူဖြစ်ပေမယ့်လို့ အပြန်အလှန် မရတာ ရှိတယ်၊ စိတ်နဲ့ စေတသိက်ကျတော့ အပြန်အလှန် အထောက်အကူ ဖြစ်နေကြတာဖြစ်သောကြောင့် **အညမည**၊ အပြန်အလှန်အထောက်အကူ ဖြစ်တယ်ဆိုတဲ့ စွမ်းရည်သတ္တိကိုလည်းပဲ အသုံးပြုထားတာ ဖြစ်တယ်။

ထိုစိတ်စေတသိက်တွေဟာ အချင်းချင်း အပြန်အလှန် မှီရာဖြစ်နေသောကြောင့်လည်းပဲ **နိဿယ** ဆိုတဲ့သတ္တိ ပါဝင်ပတ်သက်တယ်၊ တစ်ခါ စိတ်နဲ့ စေတသိက်ဟာ ခွဲလို့ မရလောက်အောင် တူ ၄-တူနဲ့ ယှဉ်တွဲနေတာ ဖြစ်သောကြောင့် **သမ္ပယုတ္တသတ္တိ**နဲ့လည်းပဲ ကျေးဇူးပြုတယ်။

ပဋိသန္ဓေအခါဆိုတော့ ဝိပါက်စိတ်တွေ ဖြစ်တာ ဖြစ်သောကြောင့် **ဝိပါကသတ္တိ**တဲ့၊ တစ်နေ့ကပြောခဲ့သလိုပဲ ဝိပါက-ကုသိုလ် အကုသိုလ်ကံတို့ရဲ့အကျိုးတရားဆိုတာ လှုပ်ရှားမှု ပြုပြင်မှု မရှိဘူး၊ အင်မတန်ငြိမ်သက်တယ်၊ သူနဲ့ ယှဉ်တွဲဖြစ်ရတဲ့ သဘာဝတရားတွေဟာလည်း အားလုံးငြိမ်သက်သွားတယ်၊ ဒါသည်ပင်လျှင် ဝိပါကသတ္တိပဲ။

**အတ္ထိသတ္တိ**ဆိုတာက အကြောင်းတရားရှိခိုက် အကျိုးကို ဖြစ်ထွန်းစေသော်လည်း အကြောင်းတရား မရှိတော့ဘူးဆိုရင် မဖြစ်ထွန်းစေဘူး၊ အဲဒီတော့ ရှိခိုက်မှာ ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အတ္ထိသတ္တိ**၊ အကြောင်းတရား ကင်းကွာမသွားခင် ကျေးဇူးပြုတာ

http://www.dhammadownload.com



ဖြစ်သောကြောင့် **အဝိဂတသတ္တိ**လို့ - ဒီလို အရူပဘုံနဲ့ ပတ်သက်ပြီးတော့ ပဋိသန္ဓေအခါမှာရော, နောက် အရူပဝိပါက်စိတ်မှာ ယှဉ်တဲ့ စေတသိက်တချို့က ပဝတ္တိအခါမှာ မနာယတနဆိုတဲ့ စိတ်ကို ဒီ ၇-ပစ္စည်းနဲ့ ကျေးဇူးပြုတယ်။

အရူပဘုံမှာ ဝိပါက်စိတ်တင် ဖြစ်တာ မဟုတ်ဘူး၊ ကုသိုလ်စိတ်လည်း ဖြစ်သေးတယ်, ကြိယာစိတ်လည်း ဖြစ်သေးတယ်, တခြားစိတ်တွေလည်း ဖြစ်သေးတယ်၊ အဲဒီတော့ ဖြစ်သည့်အတွက်ကြောင့် အရူပဘုံမှာဖြစ်လာပြီဆိုရင် ဖြစ်လာတဲ့ဆိုင်ရာစေတသိက်က မနာယတနဆိုတဲ့ ဆိုင်ရာစိတ်ကို အကယ်၍ ဝိပါက်မဟုတ်ဘူးဆိုလို့ရှိရင် ဝိပါကပစ္စည်းမပါတဲ့ စွမ်းရည်သတ္တိ ၆-မျိုးနဲ့ ကျေးဇူးပြုတယ်လို့ ဒီလိုမှတ်ရမယ်။

## ပဉ္စဝေါကာရဘုံ၌ "နာမရူပပစ္စယာ သဠာယတနံ" ဖြစ်ပုံ

တစ်ခါ ပဉ္စဝေါကာရ (ခန္ဓာငါးပါးရှိတဲ့)ဘုံ ဆိုတာ လူ့ဘုံတို့ နတ်ဘုံတို့၊ အဲဒီခန္ဓာငါးပါးရှိတဲ့ဘုံတွေမှာလည်းပဲ **"နာမရူပပစ္စယာ သဠာယတနံ"** ဆိုတဲ့ စကားကို ထပ်ပြီး ခွဲခြမ်းစိတ်ဖြာမယ်ဆိုရင် "နာမလို့ ဆိုတဲ့ စေတသိက်တရား ရှိနေလို့ရှိရင် မနာယတန ဆိုတဲ့ ခြောက်ခုမြောက် အာယတနဟာ ရှိလာရတယ်"ဆိုတဲ့ ကြောင်းကျိုးဆက်သွယ်မှု ပဋိစ္စသမုပ္ပါဒ်က ဆိုတယ်၊ ဒီလိုယှဉ်ပြထားတဲ့အချက်ကို ပဋ္ဌာန်းနည်းနဲ့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် . . .

**ပဋိသန္ဓေအခါမှာ** - ဆိုပါစို့ - လူ့ဘုံဆိုလို့ရှိရင် အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏ၊ (ဒါက လူစဉ်မမှီတဲ့ အချို့သော

http://www.dhammadownload.com



လူသားတွေရဲ့ ပဋိသန္ဓေစိတ်၊) လူစဉ်မှီတဲ့ လူသားတွေရဲ့ ပဋိသန္ဓေစိတ်ကတော့ မဟာဝိပါက်စိတ် ၈-ခု ထဲက တစ်ခုခု။

အဲဒီ စိတ်၉-ခုမှာ ယှဉ်ပြီးတော့ ဖြစ်ပေါ်လာတဲ့ စေတသိက်တွေကို ဒီနေရာမှာ နာမလို့ ဆိုလိုတယ်၊ အဲဒီ နာမက နေပြီးတော့ ယှဉ်လာတဲ့ စိတ်လို့ ဆိုတဲ့ မနာယတန၊ ဆိုပါစို့ - မဟာဝိပါက်စိတ်မှာယှဉ်တဲ့ စေတသိက်ဆိုတဲ့ နာမ ရှိနေသည့် အတွက်ကြောင့် မနာယတနဆိုတဲ့ မဟာဝိပါက်စိတ် ရှိလာရတယ် လို့၊ ဒါတော့ ခွဲခြားလို့ မရဘူး, ပြိုင်တူဖြစ်လာတာတွေမို့၊ အပြန်အလှန် ဆက်သွယ်နေပုံကို သဘောပြောပြတာ - ပဋိစ္စသမုပ္ပါဒ်မှာ၊ **"နာမရူပပစ္စယာ သဠာယတနံ"** ဆိုတဲ့အထဲ ဒါအကျုံးဝင်သွားပြီ။

ကောင်းပြီ- အဲဒီစေတသိက်တွေက သက်ဆိုင်ရာ ပဋိသန္ဓေစိတ်လို့ဆိုတဲ့ မနာယတနအား ဘာပစ္စည်းတွေနဲ့ ကျေးဇူးပြုတုန်းလို့ ပြောလို့ရှိရင် ခုနပြောခဲ့တဲ့ ၇-ပစ္စည်းနဲ့ပဲ ကျေးဇူးပြုတယ် စိတ်ယှဉ်စေတသိက်ယှဉ် ဆိုတာ၊ **သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတ**လို့၊ ဒါက ယေဘူယျ ခြုံငုံပြောတော့ ၇-ပစ္စည်းလို့ ပြောတာ၊ သီးသီးသန့်သန့် ထုတ်ပြီးတော့ ၇-ပစ္စည်းလို့ ပြောတာ။

မဟာဝိပါက်စိတ် ၈-ခုမှာ ယှဉ်တဲ့ စေတသိက်တွေထဲမှာ အလောဘတို့ အဒေါသတို့လည်း ပါတယ်၊ ဖဿဆိုတာလည်း ပါတယ်၊ စေတနာဆိုတာလည်း ပါတယ်ပေ့ါ၊ အလောဘ အဒေါသတို့ ဦးတည်ပြီးတော့ ပြောမယ် ... နာမ အရ အလောဘ အဒေါသကို ဦးတည်ပြီးတော့ ယူလိုက်မယ်၊ မနာယတနအရက အလောဘ အဒေါသနဲ့ယှဉ်တဲ့စိတ်ကို ပြောမယ်ဆိုရင်တော့ ပစ္စယ

http://www.dhammadownload.com



သတ္တိတစ်ခု ထပ်တိုးလာတယ်၊ အလောဘ အဒေါသက ဟေတု ဖြစ်သောကြောင့် **ဟေတုသတ္တိ**တစ်ခု ထပ်တိုးလာတယ်၊ ခုနက ပြောခဲ့တဲ့ သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, ဝိပါက, အတ္ထိ, အဝိဂတတို့အပြင် ဟေတုသတ္တိတစ်ခု ထပ်ပိုလာတယ်ပေါ့၊ စွမ်းရည်သတ္တိတစ်ခု ထပ်တိုးတယ်လို့ ဒီလိုပြောရမယ်။

အကယ်၍ ပစ္စည်းဘက်ကို ဖဿလို့ ထားပြီးတော့ ဖဿနဲ့ ယှဉ်တဲ့ စိတ်တွေကို ပစ္စယုပ္ပန်ဘက်က ထားလိုက်မယ် ဆိုလို့ရှိရင် လည်း ဖဿသည် ဆိုင်ရာစိတ်အား အာဟာရသတ္တိနဲ့ ကျေးဇူးပြု နိုင်တာ ဖြစ်သောကြောင့် **အာဟာရ** ထပ်ထည့်ရမယ်၊ ၇-ခုထဲမှာ အာဟာရထပ်ထည့်တော့ ၈-ခု ဖြစ်သွားမယ်။

တစ်ခါ စေတနာဆိုတဲ့ သဘာဝတရားဟာလည်းပဲ ဖဿ, စေတနာ, ဝိညာဏ လို့ ဆိုတဲ့ အာဟာရထဲမှာ ပါတယ်၊ ပါသည့် အတွက်ကြောင့် ဒီနာမအရ စေတနာကို ထပ်ပြီးတော့ ပြောလိုက် မယ်, မနာယတနအရကာ ထိုစေတနာနဲ့ ယှဉ်တဲ့စိတ်တွေကို ကောက် ဦးမယ်ဆိုလို့ရှိရင် **အာဟာရ** ထပ်ပြီးတော့ ထည့်ရဦးမယ်၊ အဲဒီကျ တော့ ၈-ပစ္စည်း ဖြစ်သွားပြီ၊ စွမ်းရည်သတ္တိတွေ တိုးလာမယ်၊ ဒါ အကြောင်းတရားပေါ်မှာ မူတည်ပြီးတော့ ပဋ္ဌာန်းပစ္စည်းတွေကို ဆက်သွယ်ပြီးတော့ ပြောတဲ့စကား။

တစ်ခါ ဟေတုထဲက - မဟာဝိပါက်စိတ်မှာ ယှဉ်တဲ့ စေတသိက်တွေထဲမယ် အမောဟလို့ဆိုတဲ့ ပညိန္ဒြေ - အသိပညာ၊ အဲဒီအမောဟဆိုတာကို ပစ္စည်းအဖြစ် ယူလိုက်မယ် . . . နာမ အရ အမောဟစေတသိက်ကို ပြောတယ်၊ အမောဟစေတသိက်က သူနဲ့ ယှဉ်တဲ့ မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်တွေကို ဘယ်ပစ္စယ

http://www.dhammadownload.com



သတ္တိတွေကို အသုံးပြုပြီးတော့ အကြောင်းအကျိုးအဖြစ် ဆက်သွယ်သလဲလို့ ဆိုတဲ့အခါမှာ အမောဟက ဟိတ်ဖြစ်လို့ ခုနက ၇-မျိုးထဲမှာ **ဟေတု** ဆိုတာ ထပ်ထည့်ရမယ်။

အမောဟက ပညိန္ဒြေလည်း ဖြစ်သောကြောင့် **ဣန္ဒြိယ**ကို ထပ်ထည့်ရမယ်၊ မဂ္ဂင် ၈-ပါးထဲမှာ သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်ဟာလည်း အမောဟပဲ ဖြစ်တာ ဖြစ်သောကြောင့် **မဂ္ဂပစ္စည်း**ကို ထပ်ထည့်ရမယ်၊ ဒီလို ပစ္စည်းလေးတွေ တိုးလာတဲ့သဘောလေးတွေ ရှိတယ် ပေါ့နော်၊ အဲဒီလို ဆက်သွယ်ပြီးတော့ နားလည်ရမယ်တဲ့၊ ဒါ ပဥ္စဝေါကာရဘုံမှာ ဖြစ်နိုင်တဲ့သဘောတရားလေးတွေကို ပြောတာ။

## နာမသည် ရုပ်အား ကျေးဇူးပြုပုံ

ပဥ္စဝေါကာရဘုံဆိုတော့ နာမဆိုတဲ့ စေတသိက်က နေပြီးတော့ မနာယတနဆိုတဲ့ စိတ်ကို ကျေးဇူးပြုရုံမျှ မကဘူး, နာမဆိုတဲ့ စေတသိက်က သဠာယတနထဲက အာယတန၅-ပါး- ရုပ်အာယတနတွေကိုလည်းပဲ ပြန်လှန်ဆက်သွယ်မှု ရတယ်၊ ဘာလို့လဲဆိုတော့ ပဥ္စဝေါကာရဘဝမှာရှိတဲ့ သတ္တဝါတွေဟာ ခန္ဓာငါးပါးနဲ့ ဖွဲ့စည်းထားတာ ဖြစ်လို့ အပြန်အလှန်ဆက်သွယ်မှုတွေ ရှိလာတယ်၊ အဲဒီလိုရှိလာတော့ စေတသိက်ကနေပြီး စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတနတို့နဲ့ အဆက်အသွယ် မဖြစ်တာ မဟုတ်ဘူး၊ သူကလည်း အဆက်အသွယ် ဖြစ်တယ်။

နာမဆိုတဲ့ စေတသိက်တရားတွေ ရှိသည့်အတွက်ကြောင့် စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယာယတန ဆိုတဲ့ ဒီအာယတနတွေဟာလည်းပဲ ဆက်သွယ်

http://www.dhammadownload.com



ပြီးတော့ ဖြစ်ပေါ်လာတယ်၊ နာမအရ နာမ်တရားကို ယူထားပြီး အာယတနအရ ရုပ်တရားယူသည့်အတွက်ကြောင့် နာမ်နဲ့ ရုပ်ဟာ အတူတကွ ဖြစ်ပေါ်လာနိုင်တယ်၊ ဒါကြောင့်မို့ **သဟဇာတသတ္တိ** ဆိုတာ ရတယ်၊ အချို့နာမ်နဲ့ ရုပ်သည် အတူတကွ ဖြစ်နိုင်တယ်၊ နောက် မှီရာဖြစ်နိုင်သည့်အတွက်ကြောင့် **နိဿယ**။

ပဋိသန္ဓေအခါမှာ ပြောမယ်ဆိုရှိရင် ဝိပါက်စိတ်နဲ့သာ ဆိုင်တာမို့ **ဝိပါက**၊ နာမ်နဲ့ ရုပ် ဖြစ်သည့်အတွက်ကြောင့် အတူတကွ ဖြစ်ကြပေမယ့်လို့ နာမ်နဲ့ ရုပ်ဟာ သဘာဝချင်း ဆက်စပ်မှုမရှိတော့ ပြိုင်တူဖြစ်ခြင်း, ပြိုင်တူပျက်ခြင်း, မှီရာဝတ္ထုတူခြင်း, အာရုံတူခြင်း ဆိုတဲ့ တူ ၄-မျိုးကို မရနိုင်သည့်အတွက်ကြောင့် **ဝိပ္ပယုတ္တ**၊ ရှိနေတုန်း ကျေးဇူးပြုတာဖြစ်သောကြောင့် **အတ္ထိ**၊ မကင်းကွာခင် ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အဝိဂတ**လို့ ဒီလိုပဋိသန္ဓေအခါမှာ အပြန်အလှန် ဆက်သွယ်မှုလေးတွေကို သဘောပေါက်ရမယ်တဲ့၊ ဒါ ပဋိသန္ဓေစိတ်နဲ့ စေတသိက် - သို့မဟုတ် - ပဋိသန္ဓေစိတ်နဲ့ မှီရာရုပ်ကလေးတွေ ဆက်သွယ်မှု။

## ဗုဒ္ဓစာပေက ဆိုထားတဲ့ လူသားတွေရဲ့ ပြောင်းလဲမှု

ဒီနေရာမှာ လူသားတစ်ဦးအနေနဲ့ ပြောမယ်ဆိုရင် ပဋိသန္ဓေစိတ်ပေါ်တဲ့အချိန်မှာ ဖြစ်ပေါ်လာနိုင်တဲ့ အာယတနဟာ သတ္တဝါအမျိုးအစားအလိုက် ခွဲခြားပြီး ကြည့်မှ ပိုပြီး တိကျမယ်။

လူတွေ မွေးဖွားပုံမွေးဖွားနည်းက “ဂဗ္ဘသေယျက” သို့မဟုတ် “ဇလာဗုဇ” ပေါ့နော်၊ မိခင်ရဲ့သားအိမ်မှာ သန္ဓေတည်ပြီးတော့ မွေးဖွားကြတယ်၊ ဒါ ဒီကနေ့ခေတ် အများစုမွေးဖွားတာ။

http://www.dhammadownload.com



သို့သော် မွေးဖွားနိုင်တာတွေကို ပြောမယ်ဆိုရင် လူသားတွေဟာ ကိုယ်ထင်ရှား ဘွားကနဲပေါ်လာတဲ့ **ဥပပါတ်ပဋိသန္ဓေ**အနေနဲ့ မွေးဖွားလို့ ရတယ်၊ ဒါတော့ အင်မတန် ရှားပါလိမ့်မယ်၊ ကမ္ဘာဦးက လူသားတွေတော့ အဲဒီပုံစံနဲ့ မွေးဖွားလာတယ်လို့ ပြောတယ်၊ ဘာဖြစ်လို့တုန်းဆိုတော့ အဲဒီတုန်းက လူ့ပြည်မှာ အမေလုပ်မယ့် ပုဂ္ဂိုလ် မရှိသေးဘူး၊ ပထမဆုံး စ,မွေးရတဲ့ သတ္တဝါဟာ ဘယ်က သတ္တဝါလဲလို့ဆိုတော့ ဗြဟ္မာ့ပြည်မှာ သက်တမ်းစေ့လို့ စုတေစိတ်ကျလာတဲ့ ဗြဟ္မာကြီးတွေ။

ဘယ်သတ္တဝါပဲဖြစ်ဖြစ် သူ့ဘုံသူ့ဘဝမှာ သက်တမ်းစေ့လို့ ကံကုန်ပြီဆိုလို့ ရှိရင်ကတော့ ဘဝတစ်ခုကနေ ရွှေ့လျောစမြဲပဲ၊ အဲဒီတော့ ဗြဟ္မာကြီးတွေဟာ ကံကုန်လာတဲ့အခါ လူ့ဘုံလို့ သတ်မှတ်တဲ့ လူသားလို့သတ်မှတ်ရမယ့် သတ္တဝါတစ်မျိုးတည်းမှာ ရှေးဦးစွာ မွေးလာတယ်၊ အဲဒီလို ပထမဆုံးမွေးလာတဲ့ လူသားဟာ မိဘရှိတာ မဟုတ်ဘူး၊ မိဘမရှိသည့်အတွက် ကနေ့ခေတ် မွေးဖွားတဲ့ ပုံစံမျိုးနဲ့ မွေးဖွားတာ မဟုတ်ဘူး၊ ခန္ဓာကိုယ်ထင်ရှားပေါ်လာတဲ့ မွေးဖွားနည်းနဲ့ မွေးဖွားလာတာ။

အဲဒီအချိန်တုန်းက ကမ္ဘာကြီးရဲ့အခြေအနေဟာ ဒီကနေ့ပုံစံ မဟုတ်သေးဘူး၊ သဘာဝတရားဟာ အမြဲတမ်း ပြောင်းလဲနေတာ ဖြစ်တယ်၊ ကမ္ဘာရဲ့မြေလွှာဆိုတာလည်း အခုလို တောတွေ တောင်တွေနဲ့ ပုံစံမျိုး မဟုတ်သေးဘူး၊ ကမ္ဘာကြီးက တည်ထွန်းကာစဆိုတော့ ရေပြင်ကြီးဖြစ်ပြီးတော့ ဒီကမ္ဘာကြီးကို အလင်းရောင်ပေးမယ့် နေတွေ လတွေ ဆိုတာလည်း အဲဒီတုန်းက မရှိသေးဘူး။

http://www.dhammadownload.com



ကံပစ်ချလို့ လူ့ဘုံကိုရောက်လာတဲ့၊ ဗြဟ္မာ့ပြည်က ပြောင်း ရွှေ့လာတဲ့ -သို့မဟုတ်- ဗြဟ္မာ့ပြည်က သေဆုံးလို့ လူ့ဘုံမှာဖြစ် လာတဲ့ အဦးဆုံး"ကမ္ဘာဦးလူသား"ဟာ အမှောင်ကြီးထဲမှာ လူလာ ဖြစ်ရတာ၊ သူ့အတွက် အလင်းမရှိဘူး၊ ဒါကြောင့်မို့လို့ သူ့ကို အလင်းပေးတဲ့အနေနဲ့ သူ့ခန္ဓာကိုယ်က ထွက်လာတဲ့ အလင်း ရောင်နဲ့ သူက နေလို့ ရတယ်ပေါ့၊ ဒါကို **"သယံပဘာ"**- ကမ္ဘာဦးက လူသားတွေဟာ နေတွေလတွေရဲ့ အလင်းရောင်နဲ့ နေတာ မဟုတ် ဘူး၊ "ကိုယ်ပိုင်အလင်းရောင်" ရှိတယ်လို့ - အဲဒီလို ဆိုတယ်။

ပြီးတော့ ကမ္ဘာမြေကြီးက ယနေ့ကဲ့သို့ ပုံစံမျိုး မဟုတ်သေး သည့်အတွက်ကြောင့် သူတို့ကျက်စားသွားလာသည့် နေရာက ကောင်းကင်ပဲ၊ **"အန္တလိက္ခ"** ဆိုတာ ကောင်းကင်မှာပဲ သူတို့သွား လာတယ်။

ဒီကနေ့ခေတ် လူတွေဟာ စိုက်ပျိုးပြီးတော့ အစာအာဟာရ ကို စားကြတယ်၊ အဲဒီခေတ်က စိုက်ပျိုးစရာ မြေလွှာလည်း မရှိ သေးဘူး, စားစရာလည်း မရှိဘူးဆိုတော့ **"ပီတိဘက္ခ"** - ကျေနပ်မှု လေးဟာ သူ့အတွက် ထောက်ပံ့ပေးနေတဲ့ အာဟာရလေးတစ်မျိုး ပဲ၊ ဒီတော့ ကမ္ဘာဦးက လူသားတွေ မွေးဖွားလာပုံကတော့ အဲဒီပုံစံ ပဲ၊ နောက်ပိုင်းကျမှ လူတွေဟာ ကိုယ်ရောင်ကိုယ်ဝါတွေလည်း ပျောက်တယ်၊ အဲဒီအချိန်တုန်းက "သတ္တ - သတ္တဝါ" လို့ပဲ ခေါ် တယ်ပေါ့၊ အမျိုးသား အမျိုးသမီး ခွဲခြားမှုလည်း မရှိသေးဘူး။

ဟိုး နောက်ပိုင်း ရောက်တဲ့အခါကျတော့မှ လူသားတွေဟာ ခုလို ပြောင်းလဲတိုးတက်လာတယ်၊ ဒါက ဗုဒ္ဓစာပေက ဆိုထားတဲ့ လူသားတွေရဲ့ ပြောင်းလဲမှု။

http://www.dhammadownload.com



"ဒါဝင်" ဆိုတဲ့ သိပ္ပံဆရာကြီးကတော့ Evolution ဆိုတဲ့ သီဝရီအရ မျောက်ကနေ တိုးတက်ပြီး လူဖြစ်လာတယ်လို့ ပြောတာ၊ အဲဒီတော့ မျောက်က လူဖြစ်တာထက် ဗြဟ္မာက လူဖြစ်တာ ပို ကောင်းပါတယ်၊ Evolution ဆိုတာ ကမ္ဘာလူသားတွေပေါ်ပြီး နှစ် ပေါင်းအလွန်ကိုကြာမှ သူက အာဖရိကတိုက်တို့ကလို လူမျိုးနွယ် ရဲ့အရိုးတွေကို ကြည့်ရှုလေ့လာပြီးတော့မှ အဖြေထုတ်တာဆိုတော့ သူ့ဟာက ရှေးမကျဘူးပေ့ါ၊ အင်မတန်မှ နောက်ကျတယ်လို့ ပြော ရမယ်၊ သူဖော်ထုတ်တဲ့ ကမ္ဘာဦးလူသားဟာ သိပ်နောက်ကျတယ်။

မြတ်စွာဘုရားရဲ့ **"အဂ္ဂညသုတ္တန်"** မှာပါတဲ့ ဒီကမ္ဘာဦးလူ သားဟာ လက်လှမ်းမမှီနိုင်လောက်အောင် အစောဆုံး ရှေးအကျ ဆုံး ဖြစ်လို့ ဒါကပိုပြီး မှန်ကန်မှုရှိတယ်ပေ့ါ၊ အရိုးကို မြေကြီးထဲက တူးပြီးတော့မှ လေ့လာရတာ မဟုတ်ဘူး၊ မြတ်စွာဘုရားက ဒိဗ္ဗစက္ခု ဉာဏ်တော်ကြီးနဲ့ ကမ္ဘာမှာ ဘယ်ပုံစတင် ဖြစ်ပေါ်လာတယ်ဆိုတာ အကုန်လုံး ထင်ထင်ရှားရှားသိနိုင်တဲ့ဉာဏ်နဲ့ ကြည့်ပြီးမှ ဟောတာ ဖြစ်လို့ အရိုးကနေ ဆက်စပ်ပြီးတော့ တွေးယူရတဲ့ သိပ္ပံဆရာတွေ ရဲ့ပညာနဲ့ လက်လှမ်းမမှီဘူးပေ့ါ။

အဲဒါ ကမ္ဘာဦးလူသားတွေကတော့ ဩပပါတိကပဋိသန္ဓေ လို့ ဆိုပြီးတော့ ဒီလို သန္ဓေတည်နေခဲ့ကြတယ်ပေ့ါ၊ လူသားတွေ မွေးနိုင်တဲ့ နောက်တစ်နည်းက ဘာတုန်းဆို လို့ရှိရင် အဏ္ဍဇတဲ့ - အအုကနေ မွေးတာ၊ မြန်မာရာဇဝင်တွေထဲမှာတော့ နဂါးအုကနေ မွေးတာတွေ ဘာတွေ ရှိတယ်၊ ဘုရားသမိုင်းတွေ ဖတ်ကြည့်လိုက် လို့ရှိရင် အုက မွေးတာတွေ တွေ့ရတယ်။

http://www.dhammadownload.com



နောက် မွေးနိုင်တဲ့နည်းတစ်နည်းကတော့ **သံသေဒဇ** လို့ ခေါ်တယ်၊ သံသေဒဇဆိုတာ အစိုဓာတ် အညှိ moisture တစ်ခုခု ကို အစွဲပြုပြီးတော့ သန္ဓေတည်တာမျိုးတွေ၊ အဲဒါတွေက သံသေဒဇ လို့ ဒီလို ပြောလို့ ရတယ်။

ခုခေတ် clone တို့ ဘာတို့ လုပ်တဲ့နည်းက ဒီပုံစံ သံသေဒဇ ပုံစံမျိုး ဖြစ်တယ်၊ လူသားတွေထဲမှာတော့ မြန်မာရာဇဝင်က ဝေဠုဝတီတို့ ဝါးပင်မှာသန္ဓေတည်သူလို့ ဒီလိုဆိုတယ်၊ ပါဠိစာပေ မှာ ဘုရားလက်ထက်က မွေးဖွားလာတဲ့အထဲမှာတော့ ပေါက္ခရသာတိ ပုဏ္ဏားတို့ဆိုတာ ကြာဖူးထဲမှာ လူဖြစ်လာတဲ့ပုဂ္ဂိုလ်၊ ဒါလည်း သံသေဒဇပုဂ္ဂိုလ်ပဲ၊ ငါးရာ့ငါးဆယ်ထဲမှာပါတဲ့ ပဒုမဝတီတို့, အဲဒီ ပဒုမဝတီမိဖုရားက မွေးဖွားလာတဲ့ ပစ္စေကဗုဒ္ဓါအလောင်းငါးရာတို့၊ အဲဒီငါးရာထဲမှာ တစ်ဦးကတော့ ပုံမှန်အတိုင်း သန္ဓေတည်ပြီး မွေး တာ၊ ကျန်တဲ့ ၄၉၉-ယောက်ကတော့ သံသေဒဇလို့ ပြောရမယ်။

အဲဒီလို လူသားတွေ မွေးဖွားပုံ မွေးဖွားနည်းက ၄-မျိုး ရှိ တယ်၊ ယောနိ ၄-မျိုးလို့ ခေါ်တယ်၊ အဲဒီယောနိ ၄-မျိုးထဲက တစ်မျိုး မျိုးနဲ့ လူသားတွေ မွေးဖွားနိုင်တယ်။

သို့သော် အခုပြောတာက ပဋိသန္ဓေအခါမှာ "နာမ" ဆိုတဲ့ စေတသိက်က စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနဆိုတဲ့ ဒီပဉ္စာယတနနဲ့ ဆက်သွယ်ပြီး တော့ **သဟဇာတ, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ**တို့ ဒီ ၆-ပစ္စည်းကို ပြောတာ၊ ဒါ ယေဘုယျ ခြုံငုံပြီးတော့ ပြောတာ။

ယနေ့ မွေးဖွားပုံမွေးဖွားနည်းနဲ့ ပြောမယ်ဆိုရင် လူတွေဟာ သန္ဓေတည်နေတဲ့အချိန် ကလလရေကြည်အခိုက်မှာ- စက္ခာယတန

http://www.dhammadownload.com



ဆိုတာ မရနိုင်သေးဘူး၊ အဲဒီလို နားလည်ရမယ်၊ စက္ခာယတန မရှိသေးဘူး၊ သောတာယတနလည်း မရှိသေးဘူး၊ ဃာနာယတနလည်း မဖြစ်သေးဘူး၊ ဇိဝှါယတနလည်း မဖြစ်သေးဘူး၊ ကာယာယတနတော့ ဖြစ်နေပြီ၊ ဒီတစ်မျိုးပဲ ရတယ်လို့ ဒီလိုပြောရမယ်၊ အဲဒီတော့ အသေးစိတ်ပြောမယ်ဆိုရင် သူက အကျယ်ကြီးပဲ။

**အဘိဓမ္မာသဘော ဟူသည် . . .**

အဘိဓမ္မာသဘောဟာ သတ္တဝါအားလုံးကို ခြုံငုံပြီး သတ္တဝါအားလုံးကို cover ဖြစ်အောင် ပြောရတာ ဖြစ်တယ်၊ ဒီလို ခြုံငုံသုံးသပ်ပြောတဲ့အခါမှာ ယေဘူယျနဲ့ မှတ်ရတယ်၊ အသေးစိတ် တစ်ဦးစီတစ်ဦးစီ ပြောတဲ့အခါကျတော့ တစ်မျိုးပြောင်းမှတ်ရမယ်၊ အပြောင်းအလဲလေးတွေတော့ ရှိတယ်လို့ ဒီလို သဘောပေါက်ရမယ်။

**ပဝတ္တိအခါ၌ ကျေးဇူးပြုပုံ**

ပဝတ္တိအခါဆိုတာ - ပဋိသန္ဓေပြီးရင် "ပဝတ္တိ"လို့ ခေါ်တယ်၊ မသေမချင်း ဆက်လက်ပြီး ဖြစ်ပေါ်နေတာ ပဝတ္တိ၊ အဲဒီမှာလည်းပဲ ဝိပါက်စိတ်၌ယှဉ်တဲ့ စေတသိက်တွေ - ဒါလူသားတွေရဲ့ သန္တာန်မှာဖြစ်တဲ့ ဝိပါက်စိတ်နဲ့ယှဉ်တဲ့ စေတသိက်တရားတွေဟာ ဝိပါက်စိတ်လို့ဆိုတဲ့ မနာယတနကို ၇-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်၊ ဒါကတော့ (ခုနတုန်းကလို) စိတ်နဲ့စေတသိက်ဆိုတော့ **သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ** -ဒီ ၇-ခုပဲ၊ ခုနလိုပဲ ပြောင်းလဲတဲ့ သဘောတရားလေးတွေတော့ ရှိတယ်။

http://www.dhammadownload.com



နောက်တစ်ခုက ပဝတ္တိအခါမှာ ဝိပါက်စိတ်သာ ဖြစ်တာ မဟုတ်ဘူး၊ ကျန်တဲ့စိတ်တွေလည်း ဖြစ်လာတယ်၊ ဆိုပါစို့ - လူသား တစ်ယောက်ဟာ မိခင်ရဲ့ဝမ်းထဲမှာ ကလလရေကြည်လို့ စတင် ဖွဲ့စည်းတည်နေပြီ ဆိုတဲ့အချိန်မှာ ပဋိသန္ဓေစိတ်လေးရယ်, စိတ်နဲ့ ယှဉ်ပြီးတော့ ဖြစ်တဲ့ စေတသိက်ရယ်, ကံက ဖန်တီးပေးလိုက်တဲ့ ကမ္မဇရုပ်အချို့ရယ်- ကာယ, ဘာဝ, ဝတ္ထုလို့ ဆိုတဲ့ ကမ္မဇရုပ်-၃၀၊ လူသားတစ်ယောက်အနေနဲ့ ပြောမယ်ဆိုရင် အဲဒါလေးတွေက ပြိုင်တူဖြစ်လာကြတယ်၊ ကလလရေကြည်ဆိုတဲ့အထဲမယ် ဒီသဘာဝ တရားလေးတွေ ပါလာတယ်ပေါ့၊ အဲဒီအချိန်မှာ စိတ်အနေနဲ့က ဝိပါက်စိတ်ပဲ ရှိသေးတယ်။

## ဘဝအာစ စိတ်ဖြစ်စဉ်

ပဋိသန္ဓေအခိုက်အတန့်လေးကို လွန်မြောက်သွားတဲ့အခါ ပဋိသန္ဓေနောက်မှာ ဒုတိယအနေနဲ့ ဖြစ်တဲ့စိတ်, ဒုတိယစိတ်ကို **"ပထမဘဝင်စိတ်"** လို့ ခေါ်တယ်၊ အဲဒီဒုတိယစိတ် ဖြစ်လာတဲ့ အချိန်မှာလည်းပဲ ဝိပါက်စိတ်ပဲ ရှိသေးတယ်၊ သူ့ကျတော့ ပဋိသန္ဓေ လို့ မခေါ်တော့ဘူး၊ **ဘဝင်** လို့ပဲ ခေါ်တယ်၊ ဘာဖြစ်လို့ ဘဝင်လို့ ခေါ်လဲဆိုတော့ "ဘဝစဉ်ဆက် ပြတ်မသွားအောင် ဆောင်ရွက်တဲ့ ကိစ္စ" ရှိလို့၊ ဆောင်ရွက်မှုကိစ္စကို ကြည့်ပြီးတော့ သူ့ကို ဘဝင်လို့ ခေါ်တယ်၊ အဲဒီဘဝင်စိတ် ဘယ်နှစ်ကြိမ်ဖြစ်တုန်းဆိုရင် ၁၆-ကြိမ် ဖြစ်တယ်၊ အဲဒီထိအောင် ဝိပါက်စိတ်ပဲ ရှိသေးတယ်။

ဘဝင်စိတ်တွေ ဖြစ်ပြီးတဲ့အဆုံးမှာ **"မနောဒွါရာဝဇ္ဇန်း"**ဆိုတဲ့ ကြိယာစိတ်ကလေး ဖြစ်လာတယ်၊ ဘယ်သူကနေ လုပ်ပေးလိုက်

http://www.dhammadownload.com



တာတုန်းလို့ဆိုရင် ကံအရှိန်ကနေ တွန်းပို့ထားပြီး ဒွါရအာရုံထိခိုက်မှုကြောင့် ဖြစ်တာ၊ ရှေ့စိတ်ချုပ်သွားတဲ့အခါ နောက်စိတ်ပေါ်ဖို့ရာအတွက် စွမ်းရည်သတ္တိတွေ ဖြစ်လာတယ်၊ အဲဒါကြောင့် နောက်ဆုံးဘဝင်စိတ် ချုပ်ပြီးတဲ့အချိန်မှာ မနောဒွါရာဝဇ္ဇန်းဆိုတဲ့ စိတ်ကလေးဟာ ဖြစ်ပေါ်လာတယ်၊ သူကတော့ ကြိယာစိတ်တစ်မျိုးပဲ၊ ကံရဲ့အကျိုး မဟုတ်ဘူး၊ ဝိပါက်စိတ် မဟုတ်ဘူး၊ သို့သော် ကံနဲ့ဆက်စပ်ပြီးတော့ ဘဝမှာ ဖြစ်ပေါ်ပြီးတော့ လာတာ။

မနောဒွါရာဝဇ္ဇန်း ပြီးတဲ့အခါမှာ ဘာစိတ်လာတုန်းလို့ ဆိုတော့ အဲဒီကျတော့မှ "အကုသိုလ်ဇော" စိတ်က အရင်ဆုံးလာတယ်၊ လောဘမူစိတ် အရင်ဆုံးလာတယ်-**"လောဘမူဇော"**၊ ဘဝတစ်ခုရလာတဲ့အခါမှာ အဲဒီဘဝအပေါ်မှာ တွယ်တာမှုဆိုတဲ့တဏှာက အရင်ဆုံးဖြစ်လာတယ်။

ဒါ့ကြောင့်မို့ လောဘမူစိတ်တွေထဲက စိတ်တစ်ခုက အရင်ပေါ်လာတယ်၊ အရှိန်အဟုန်နဲ့ ပေါ်လာတာ ဖြစ်သောကြောင့် သူ့ကို "ဇဝန"လို့ ခေါ်တယ်၊ ဝိပါက်စိတ် မဟုတ်တော့ဘူး၊ ပထမဇောမှ ဒုတိယဇော တတိယဇော စတုတ္ထဇော ပဉ္စမဇော ဆဋ္ဌဇော သတ္တမဇော ထိအောင် အဲဒီမှာ အကုသိုလ်လောဘမူစိတ် စ,ဖြစ်တယ်၊ ဒါကြောင့်မို့လို့ လူတွေရဲ့ဘဝဟာ ဝိပါက်စိတ်နဲ့ စတယ်၊ ပြီးရင် ကြိယာစိတ်လာတယ်၊ ပြီးရင် အကုသိုလ်စိတ်လာတယ်၊ ကုသိုလ်ဖြစ်ဖို့ရာ ဝေးနေသေးတယ်နော်၊ ဘဝတစ်ခုမှာ အကုသိုလ်က စ,တယ်။

http://www.dhammadownload.com



**ပဋ္ဌာန်းနည်း - "နာမသည် မနာယတန" အား**

အဲဒီတော့ ပဋ္ဌဝေါကာရဘုံဘဝ လူသားတွေအနေနဲ့ ပြောမယ်ဆိုလို့ရှိရင် **"ဘဝနိကန္တိပထမဇော"**- ဘဝကို တွယ်တာမှုဆိုတဲ့ လောဘဇောလေး ဇောလာတယ်၊ အဲဒီ လောဘဇောမှာယှဉ်တဲ့ စေတသိက်လေးက လောဘ၊ အဲဒီဇောစိတ်က မနာယတန - အတူတူဖြစ်ကြတာပဲ။

**"နာမပစ္စယာ သဠာယတနံ"** နဲ့ပြောမယ်ဆိုရင် အဲဒီလောဘဆိုတဲ့ တွယ်တာမှုလေးက **"နာမ"**၊ အဲဒီနာမနဲ့ ယှဉ်ပြီးတော့ လာတဲ့ လောဘမူစိတ်ကျတော့ **"မနာယတန"**၊ ဒါ **"နာမရူပပစ္စယာ သဠာယတနံ"** ထဲမှာ အကျုံးဝင်တယ်၊ အဲဒီတော့ ပြိုင်တူဖြစ်ကြတာ အတူတကွမွေးလာတာ ဖြစ်သောကြောင့် **သဟဇာတ**၊ အပြန်အလှန် ဖြစ်လို့ **အညမည**၊ မှီရာဖြစ်လို့ **နိဿယ**၊ ယှဉ်ပြီးတော့ ဖြစ်လို့ **သမ္ပယုတ္တ**။

ဒီနေရာမှာ ဝိပါကဆိုတာ မရဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ လောဘမူစိတ် ဆိုတာ အကုသိုလ်စိတ်ဖြစ်လို့ ဝိပါက်စိတ် မဟုတ်တော့ဘူး၊ ဒါကြောင့်မို့လို့ ဝိပါက ဖယ်ရတယ်၊ ခုနက ၇-ပစ္စည်းထဲမှာ ဝိပါက မပါလို့ ၆-ပစ္စည်း ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတယ်လို့ ဒီလို နားလည်ရမှာပေါ့နော်။

ပဋ္ဌာန်းသဘောက သိပ်ပြီး အသေးစိတ်လွန်းအားကြီးတော့ တစ်ခု တစ်ခုကို လေ့လာဖို့ဆိုတာ တော်တော်လေးကို ခက်ခဲတယ် ပေါ့။

http://www.dhammadownload.com



**ပဋ္ဌာန်းနည်း - "နာမသည် ရုပ်အာယတန" အား**

ကဲ နောက်တစ်ခု စဉ်းစားကြည့်ကြဦးစို့၊ ပဝတ္တိအခါပိုင်းမှာ ကြည့်လိုက်ဦး၊ ပဝတ္တိအခါပိုင်းမှာ **"နာမရူပပစ္စယာ သဠာယတနံ"** လို့ ဒီခေါင်းစီးလေးကိုတော့ မမေ့နဲ့၊ နာမဆိုတာ စေတသိက်ကိုပဲ ယူရမယ်၊ စေတသိက်သည် ဝိပါက်စိတ်တွေမှာယှဉ်တဲ့ စေတသိက် ရှိတယ်, ဝိပါက်စိတ်မဟုတ်တဲ့ စိတ်တွေမှာယှဉ်တဲ့ စေတသိက် လည်း ရှိတယ်၊ အဲဒီစေတသိက်က စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန ဆိုတဲ့ အာယတန တွေနဲ့ ဘယ်ပုံဘယ်နည်း ဆက်သွယ်မှု ရှိသလဲ၊ ဘာပစ္စည်းတွေနဲ့ အထောက်အကူပြုကြသလဲလို့ ဘယ်လိုဆက်သွယ်သလဲ၊ ဒါက **ပစ္ဆာဇာတသတ္တိ** တဲ့၊ ခုန စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန ဆိုတဲ့ ဒီရုပ်တရား တွေဟာ ဘယ်သူ့ကြောင့် ဖြစ်တာတုန်းဆိုရင် ကံကြောင့်ဖြစ်တဲ့ရုပ် တွေပဲ၊ စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှါပသာဒ, ကာယပသာဒ ဆိုတာ ကမ္မဇရုပ်တွေ။

အဲဒီကမ္မဇရုပ်တွေဟာ ကံအရှိန်ကြောင့် ကံက ထုတ်လိုက် လို့ ပေါ်ချိန်တန်တဲ့အခါမှာ ပေါ်လာပြီး လူ့ရဲ့သန္တာန်မှာ စိတ်ရဲ့ ခဏတိုင်း ခဏတိုင်းမှာ ဖြစ်ကြတယ်၊ (ခဏတိုင်း ခဏတိုင်းဆိုတာ စိတ်ဥပါဒ်ကဲ့အချိန်မှာလည်း သူတို့ဖြစ်တယ်၊ စိတ်ရဲ့ဌီခဏမှာ လည်း သူတို့ဖြစ်တယ်၊ စိတ်ရဲ့ဘင်ခဏမှာလည်း သူတို့ဖြစ်တယ်။)

ဒီလို စိတ်နဲ့ ဆက်စပ်ပြီး ဖြစ်ပေမယ့်လို့ စိတ်ကြောင့် ဖြစ် တာ မဟုတ်ဘူး၊ သူတို့က ကံကြောင့် ဖြစ်တာ၊ အဲဒီကံကြောင့် ဖြစ် တဲ့ စက္ခုပသာဒ မျက်စိအကြည်ရုပ်, သောတပသာဒ နားအကြည်

http://www.dhammadownload.com



ရုပ်, ဃာနပသာဒ နှာခေါင်းအကြည်ရုပ်, ဇိဝှါပသာဒ လျှာအကြည်ရုပ်, ကာယပသာဒ ကိုယ်အကြည်ရုပ်- ဒီအကြည်ရုပ်လေးတွေက သူတို့ဖာသာသူတို့ စဉ်ဆက်မပြတ် ဖြစ်နေပေမယ့်လို့ "ကံကြောင့် ဖြစ်နေပေမယ့်လို့ ဘယ်သူက သူတို့ကို အထောက်အကူပြုတုန်း ဆိုတော့ သူတို့နောက်မှာဖြစ်မယ့် စိတ်စေတသိက်တွေက သူတို့ကို အထောက်အကူပြုထားတယ်၊ စိတ်စေတသိက်မဖြစ်တော့ဘူး ဆိုရင် သူတို့လည်း ဖြစ်မှာမဟုတ်တော့ဘူး၊ အဲဒါကို **ပစ္ဆာဇာတ ပစ္စည်း**" လို့ ခေါ်တယ်။

နောက်မှဖြစ်တဲ့ စိတ်စေတသိက်တွေက ကြိုတင်ပြီးတော့ ဖြစ်နှင့်နေတဲ့ ရုပ်တရားတွေကို အထောက်အကူပြုတယ်၊ အထောက်အကူပြုတယ်ဆိုပေမယ့်လို့, နောက်မှ ဖြစ်တယ်လို့ ဆိုပေမယ့်လို့ - ရှိနေတုန်း ကျေးဇူးပြုတယ်ဆိုတာကိုတော့ သတိထားရမယ်၊ ရုပ်တွေက ကြိုတင်ဖြစ်နှင့်ပြီးတော့ ချုပ်သွားတာ မဟုတ်ဘူး၊ သူတို့က ကြိုတင်ဖြစ်နှင့်ပြီးတော့ ရှိနေတုန်းမှာ သူတို့နောက်က ဖြစ်ပေါ်လာတဲ့ စိတ်စေတသိက်တွေကနေ သူတို့ကို အထောက်အကူပြုတာ၊ သူတို့ကို ဖြစ်စေတာ မဟုတ်ဘူး၊ ဒါကြောင့်မို့ **ပစ္ဆာဇာတပစ္စည်းက ဥပတ္ထမ္ဘကတစ်မျိုးတည်းပဲ ရတယ်၊** အထောက်အကူဖြစ်တာ တစ်ခုတည်းပဲ၊ Producing cause မဟုတ်ဘူး, supporting cause၊ အထောက်အကူ ပြုရုံပဲ ပြုတယ်။

ဒီတော့ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဆိုတဲ့ ဒီပသာဒ ရုပ်တွေကို စေတသိက်တွေက ပစ္ဆာဇာတသတ္တိနဲ့ အထောက်အကူပြုတယ်ဆိုတော့ **ပစ္ဆာဇာတရယ်, ဝိပ္ပယုတ္တရယ်, အတ္ထိရယ်, အဝိဂတရယ်** ၄-ပစ္စည်းနဲ့ ကျေးဇူးပြုတယ်။

http://www.dhammadownload.com



ဝိပါက်စိတ်မဟုတ်တဲ့ ကျန်တဲ့စိတ်တွေကလည်းပဲ ဒီအတိုင်းပဲ၊ ကျန်တဲ့စိတ်တွေက စက္ခု သောတ ဃာန ဇိဝှါ ကာယဆိုတဲ့ ကြိုတင်ဖြစ်နှင့်နေတဲ့ ကမ္မဇရုပ်တွေ ထင်ရှားရှိနေသေးခင်, မပျက်စီးသေးခင် သူတို့နောက်မှာ ဖြစ်ပေါ်လာတဲ့ စိတ်စေတသိက်တွေက အထောက်အကူပြုတယ်၊ အဲဒါကို ပစ္ဆာဇာတသတ္တိလို့ ပြောတယ်။

ပစ္ဆာဇာတသတ္တိနဲ့အတူ ပါဝင်လာနိုင်တာတွေက ဘာတွေတုန်းဆိုတော့ နာမ်နဲ့ ရုပ် ဖြစ်သည့်အတွက်ကြောင့် ဆက်စပ်မှုမရှိလို့ **ဝိပ္ပယုတ္တ-** ယှဉ်တွဲမှု မရှိဘူး၊ ရှိနေတုန်း ကျေးဇူးပြုတာဖြစ်သောကြောင့် **အတ္ထိ**၊ မကင်းကွာခင် ကျေးဇူးပြုတာဖြစ်လို့ **အဝိဂတ**လို့ ခေါ်တယ်၊ ၄-ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်။

## ပဋ္ဌာန်းနည်း - "ရူပသည် သဠာယတန" အား

ကဲ နာမကို ဖယ်ထားလိုက် - ပြီးသွားပြီ၊ **"ရူပပစ္စယာ သဠာယတနံ"** ကို ပြောကြရအောင်၊ သူက ထပ်စိပ်ဦးမယ်၊ ခုဟာ ရူပအကြောင်းကို ပြောမယ်၊ ခုနက နာမ်ချည်းပဲ ပြောလာခဲ့တာနော်၊ **"နာမရူပပစ္စယာ သဠာယတနံ"** မှာ နာမရဲ့အရနဲ့ ပြောလာတာ၊ အခုဟာက ရူပအရနဲ့ ပြောမယ်။

ရူပဆိုတာ စောစောတုန်းက ပြောထားခဲ့တဲ့အတိုင်း **ဝတ္ထုရုပ် ၆-ပါး, မဟာဘုတ် ၄-ပါး, ဇီဝိတိန္ဒြေ** တို့- ဒါတွေကို ပြောတာ၊ **"ရူပပစ္စယာ သဠာယတနံ"** မှာ ဒီပြင်ရုပ်တွေကို ပြောတာ မဟုတ်ဘူး။

http://www.dhammadownload.com



**ဟဒယဝတ္ထုရုပ်နှင့် ပဋိသန္ဓေစိတ်**

ကဲ ကောင်းပြီ - ဝတ္ထုရုပ် ၆-ပါးထဲက ဟဒယဝတ္ထုရုပ်က မနာယတနကို ကျေးဇူးပြုတယ်၊ ဟဒယဝတ္ထုရုပ်ကနေ မနာယတနကို ကျေးဇူးပြုတာနဲ့ ပတ်သက်ပြီးတော့ ဘာစွမ်းရည်သတ္တိတွေကို အသုံးပြုခဲ့သလဲ?

ပဋိသန္ဓေအခါမှာ လူသားသတ္တဝါတစ်ယောက်ကို ကြည့် - လူတွေရဲ့ ကလလရေကြည်နဲ့ သန္ဓေစိတ်လေး ပေါ်တဲ့အချိန်မှာ မဟာဝိပါက်စိတ်နဲ့ ယှဉ်ဘက်စေတသိက်တွေ - ဒါက နာမ်အစု၊ အတူတကွပေါ်လာတာက **ကာယဒသကကလာပ်**ဆိုတဲ့ ရုပ် ၁၀-ခု, **ဘာဝဒသကကလာပ်** ရုပ် ၁၀-ခု, **ဝတ္ထုဒသကကလာပ်** ရုပ် ၁၀-ခု လို့ ဆိုပြီးတော့ **"ကမ္မဇရုပ်-၃၀"** ပေါ်လာတယ်၊ ကမ္မဇရုပ် ၃၀-ရယ် စိတ်ရယ် စေတသိက်ရယ် အားလုံးပေါင်းပြီးတော့ ကလလရေကြည်မှာ ဖြစ်ပေါ်လာကြတယ်။

အဲဒီလို ဖြစ်ပေါ်လာတဲ့ ပဋိသန္ဓေစိတ်ကလေးကို ဒီနေရာမှာ မနာယတနလို့ ပြောရမယ်၊ အဲဒီထဲမှာ ပါလာတဲ့ **ဟဒယဝတ္ထု**ရယ်, ပဋိသန္ဓေစိတ်ဆိုတဲ့ **မနာယတန**ရယ်၊ အဲဒီနှစ်ခုက ဘယ်လို စွမ်းရည်သတ္တိတွေနဲ့ အတူတူရှိနေကြတာလဲ၊ (အင်မတန်သေးငယ်တဲ့အရာထဲမှာ ရှိနေကြတယ်၊ သာမန်အမြင်နဲ့တော့ မမြင်နိုင်ဘူးပေါ့၊ မြတ်စွာဘုရားဟောလို့ ဒါ သိရတာ၊ ဟဒယဝတ္ထုနဲ့ ပဋိသန္ဓေစိတ်ကလေးဟာ အပြန်အလှန်အထောက်အကူပြုနေတာ၊) သူတို့က အတူတကွဖြစ်ပေါ်လာတာ ဖြစ်သောကြောင့် **သဟဇာတ** အတူတကွတည်နေတာ၊ တစ်ခုနဲ့တစ်ခု အပြန်အလှန် မှီတင်းနေတာဖြစ်သောကြောင့် **အညမည**၊ မှီရာဖြစ်သောကြောင့် **နိဿယ**၊ အပြန်

http://www.dhammadownload.com



အလှန်ဖြစ်ပေမယ့်လို့ စိတ်နဲ့ ရုပ် ဖြစ်သည့်အတွက်ကြောင့် ယှဉ်တွဲလို့ မရလို့ **ဝိပ္ပယုတ္တ**၊ ရှိနေတုန်း ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အတ္ထိ**၊ မကင်းကွာခင် ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အဝိဂတ**လို့ သတ္တိ ၆-မျိုးနဲ့ သူတို့ဟာ စွမ်းဆောင်ထားတယ်၊ ဒီလို ဆိုလိုတယ်၊ ဒါ ဟဒယဝတ္ထုလေးရဲ့စွမ်းဆောင်မှုကို ပြောတာ၊ ဟဒယဝတ္ထုက သန္ဓေစိတ်ကလေးကို -သို့မဟုတ်- ဟဒယဝတ္ထုဆိုတဲ့ ရုပ်တရားက မနာယတနကို ကျေးဇူးပြုပုံပဲ။

မြတ်စွာဘုရားကတော့ ပဋိစ္စသမုပ္ပါဒ်မှာ သာမန် ဒီလိုဟောလိုက်တယ်၊ cover ဖြစ်အောင် **"နာမရူပပစ္စယာ သဠာယတနံ"** လို့ - "နာမ်ရုပ်ကြောင့် အာယတန ၆-ပါး ဖြစ်ရတယ်"လို့ ဒီလောက်ပဲ ဟောလိုက်တယ်၊ အဲဒီမှာ ရုပ်ဆိုတာကို ဘယ်ရုပ်လို့ မပြောတော့ဘူး၊ ဟဒယဝတ္ထုရုပ်ကို ပြောမယ်ဆိုလို့ရှိရင် မနာယတနကို ခုပြောတဲ့ သတ္တိ ၆-မျိုးနဲ့ ကျေးဇူးပြုတယ်။

## မဟာဘုတ်နှင့် ဥပါဒါရုပ်

တစ်ခါ ရုပ်ကို - **မဟာဘုတ်လေးပါး**ပဲ ယူကြပါစို့၊ ပထဝီ အာပေါ တေဇော ဝါယော ဆိုတဲ့ မဟာဘုတ် ၄- ပါး၊ အဲဒီ မဟာဘုတ် ၄-ပါးကို ပဋိသန္ဓေအခါမှာဖြစ်ဖြစ်, ပဝတ္တိအခါမှာ ဖြစ်ဖြစ် **"နာမရူပပစ္စယာ သဠာယတနံ"** မှာ ရူပအရ မဟာဘုတ် ၄-ပါးကို ပြောမယ်၊ သဠာယတနအရ အာယတန ၅-ပါးကိုပဲ ပြောမယ်၊ ဒီလို ရုပ်ရုပ်ချင်းပြောလိုက်မယ်ဆိုလို့ရှိရင် စက္ခာယတန, သောတာ -ယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန ဆိုတဲ့ ပသာဒအာယတနတွေက ဥပါဒါရုပ်၊ မဟာဘုတ်နဲ့ ဥပါဒါရုပ်၊

http://www.dhammadownload.com



**"မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော"** လို့ မဟာဘုတ်နဲ့ ဥပါဒါရုပ်ဟာ ပြိုင်တူဖြစ်လာတယ်။

ကြည့်လေ- ခွဲလို့မရတဲ့ ရုပ် ၈-ခုထဲမှာ ကြည့်ပေါ့။ မဟာဘုတ်နဲ့ ဥပါဒါရုပ်တွေဟာ ပြိုင်တူဖြစ်ကြတယ်၊ အဲဒီမှာ အတူတကွ ဖြစ်လာတာ ဖြစ်သောကြောင့် **သဟဇာတ,** မှီပြီးတော့ ဖြစ်တာ ဖြစ်သာကြောင့် **နိဿယ,** ရှိနေတုန်း ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အတ္ထိ,** မကင်းကွာခင် ကျေးဇူးပြုလို့ **အဝိဂတ**လို့ - ဒီသတ္တိ ၄-မျိုးကို အသုံးပြုပြီးတော့ **"နာမရူပပစ္စယာ သဠာယတနံ"** မှာ ဒါကို လည်း နားလည်ရမယ်။

## ရူပအရ ရုပ်ဇီဝိတ ယူလျှင်

နောက်တစ်ခါ **"ရူပ"** အရ ရုပ်ဇီဝိတကို ယူပြီး သဠာယတန မှာကျတော့ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနပဲ ယူမယ်ဆိုရင် ဒီအာယတန ၅-ပါးက ကံကြောင့်ဖြစ်တဲ့ရုပ်တွေ၊ အဲဒီကံကြောင့်ဖြစ်တဲ့ရုပ်တွေကို ရုပ်ဇီဝိတ လို့ ဆိုတဲ့ **"ရူပ"** က ထိန်းသိမ်းစောင့်ရှောက်တယ်။

ဒါကြောင့် ပဋိသန္ဓေအခါမှာပဲဖြစ်ဖြစ် ပဝတ္တိအခါမှာပဲဖြစ်ဖြစ် ရုပ်ဇီဝိတကနေပြီးတော့ စက္ခာယတန, သောတာယတန, ဃာနာ-ယတန, ဇိဝှါယတန, ကာယာယတန ဆိုတဲ့ အာယတန ၅-မျိုးကို **ဣန္ဒြိယ အတ္ထိ အဝိဂတ** ဆိုတဲ့ ၃-ပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဘာဖြစ်လို့တုန်းဆို ဇီဝိတိန္ဒြိယက ဣန္ဒြိယသတ္တိ လွှမ်းမိုးကြီးစိုးထားတယ်၊ ဘယ်နေရာမှာ လွှမ်းမိုးကြီးစိုးတုန်း ဆိုလို့ရှိရင် မိမိနဲ့ အတူတကွ ဖြစ်တဲ့ ကမ္မဇရုပ်တွေကို စောင့်ရှောက်တဲ့နေရာမှာ သူက လွှမ်းမိုး

http://www.dhammadownload.com



ကြီးစိုးတယ်၊ ဒါကြောင့်မို့ ဣန္ဒြိယ, အတ္ထိ, အဝိဂတ အနေနဲ့ ဆက်သွယ်မှုရှိကြတယ်၊ သတ္တိ ၃-မျိုးကို အသုံးပြုတယ်။

## ရူပအရ အာဟာရယူလျှင်

တစ်ခါ **"ရူပ"** အရ ရုပ်အာဟာရကို ယူလိုက်မယ်၊ ရုပ်အာဟာရကို ယူပြီး သဠာယတနံအရကျတော့ ခုနက စက္ခု သောတ ဃာန ဇိဝှါ ကာယလို့ အဲဒီ ၅-ခုကိုပဲ ယူလိုက်မယ်ဆိုရင် ဘာပစ္စည်းတွေ ရပြန်တုန်း ဆိုတော့ **"ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ"** ဆိုတဲ့ အတိုင်းပဲ၊ **အာဟာရ အတ္ထိ အဝိဂတ** ပစ္စည်း ၃-မျိုး စွမ်းရည်သတ္တိ ၃-မျိုးကို အသုံးပြုပြီး ဖြစ်လာတာ။

## ရူပအရ ပသာဒရုပ်ကို ယူလျှင်

တစ်ခါ **"ရူပ"** အရ ပသာဒရုပ် ၅-ခုကို ယူလိုက်မယ်၊ ပသာဒရုပ် ၅-ခုက နေပြီးတော့ မနာယတနဆိုတဲ့ စိတ်နဲ့ ဘယ်လိုဆက်စပ်မှုရှိကြမလဲ၊ ပသာဒရုပ် ၅-ခုဆိုတာ ကြည့်လိုက်မယ်ဆိုရင် စက္ခု သောတ ဃာန ဇိဝှါ ကာယ လို့ စက္ခုဝတ္ထုကို မှီပြီးတော့မှ စက္ခုဝိညာဏ်စိတ်ဆိုတာ ဖြစ်တာ၊ သောတဝတ္ထု စသည်ကို မှီပြီးမှ သောတဝိညာဏ်စသည် ဖြစ်တာ။

အဲဒီလိုဖြစ်တော့ မနာယတနအရ ဆိုင်ရာဆိုင်ရာ စက္ခု-ဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယ-ဝိညာဏ်စိတ်တွေကို ယူလိုက်မယ်လို့ဆိုရင် စက္ခုဝတ္ထုပေါ်မှာ တည်ပြီးတော့ ဖြစ်တာ ဖြစ်သောကြောင့် မှီရာဖြစ်တဲ့ ဟောဒီ စက္ခု-ပသာဒရုပ်က စက္ခုဝိညာဏ်စိတ်ကို **နိဿယသတ္တိ**နဲ့ ကျေးဇူးပြု

http://www.dhammadownload.com



မယ်နော် မှီရာဖြစ်လို့၊ စက္ခုဝတ္ထုက စက္ခုဝိညာဏ်စိတ်လေး မဖြစ်ခင် ကြိုတင်ဖြစ်နှင့်ပြီးသားဖြစ်လို့ **ပုရေဇာတသတ္တိ**နဲ့ ကျေးဇူးပြုမယ်၊ Born together မဟုတ်ဘူး, သူတို့ကျတော့ born earlier, နောက် ပသာဒရုပ်၅-ပါးဆိုတာမှာ စက္ခုန္ဒြေဆိုတဲ့ ဣန္ဒြိယ - စက္ခုဝိညာဏ်စိတ်ဖြစ်ဖို့ရာမှာ မြင်ခြင်းကိစ္စမှာ လွှမ်းမိုးကြီးစိုးထားတာ ဖြစ်သောကြောင့် **ဣန္ဒြိယသတ္တိ**နဲ့ ကျေးဇူးပြုမယ်။

နာမ်နဲ့ ရုပ်ဖြစ်လို့ ယှဉ်တွဲလို့ မရသည့်အတွက်ကြောင့် **ဝိပ္ပယုတ္တသတ္တိ**နဲ့ ကျေးဇူးပြုမယ်၊ ရှိနေတုန်း အထောက်အကူဖြစ်တာ ဖြစ်သောကြောင့် **အတ္ထိပစ္စည်း**၊ မကင်းကွာခင် ကျေးဇူးပြုတာဖြစ်သောကြောင့် **အဝိဂတ**လို့ - ပသာဒရုပ်ကနေပြီးတော့ မနာယတနကို အားလုံးပေါင်း ၆-ပစ္စည်းလို့ ဒီလိုမှတ်ရမယ်၊ ဒါက ပဋ္ဌိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်း ထည့်ကြည့်လို့ရှိရင် ဒီအတိုင်း တွေ့ရမယ်။

## ဝတ္ထုရုပ်တွေနဲ့ မနာယတနဆိုတဲ့ စိတ်

နောက်တစ်ခါ ဝတ္ထုရုပ်တွေနဲ့ မနာယတနဆိုတဲ့စိတ်၊ ပဉ္စဝိညာဏ်စိတ်မှတစ်ပါး ကျန်တဲ့စိတ်တွေ၊ ဝတ္ထုရုပ်တွေနဲ့ ကျန်တဲ့ မနာယတန ဆိုတဲ့ ကျန်တဲ့စိတ်တွေကို၊ အဲဒီ ကျန်တဲ့စိတ်တွေနဲ့ ပတ်သက်လာလို့ရှိရင်တော့ ဘာပစ္စည်းတွေ ကျေးဇူးပြုတုန်းဆိုရင် **နိဿယ, ပုရေဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ** လို့ ပဝတ္တိအခါမှာ ဒီသတ္တိ ၅-မျိုးနဲ့ ကျေးဇူးပြုတယ်။

http://www.dhammadownload.com



**ခြုံငုံပြောရင် ဒီသတ္တိတွေနဲ့ ကျေးဇူးပြုနိုင်တယ်။**

နောက်တစ်ခု အားလုံးပေါင်းလိုက်တဲ့ အခါကျတော့ **"နာမရူပပစ္စယာ သဠာယတနံ"** လို့ ဆိုတဲ့အခါမှာ ပဋ္ဌဝေါကာရဘုံမှာ နာမဆိုတာ စေတသိက်တွေကို ပြောတာ၊ ရူပဆိုတာ ဝတ္ထုရုပ်တွေကို ပြောတာ၊ ဒီတော့ စေတသိက်တွေ ဝတ္ထုရုပ်တွေ ဆိုတဲ့ နာမရူပက မနာယတနဆိုတဲ့ စိတ်အား ဘာသတ္တိတွေနဲ့ ကျေးဇူးပြုနိုင်တုန်း၊ စေတသိက်တွေရယ် ဝတ္ထုရုပ်တွေက ခြုံငုံပြီးတော့ ပြောမယ်ဆိုလို့ရှိရင် စေတသိက်နဲ့ စိတ်ဆိုတာ အတူတကွဖြစ်လာတာ ဖြစ်သောကြောင့် **သဟဇာတ, အညမည, နိဿယ, ဝိပါက, သမ္ပယုတ္တ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ** လို့ general ပေါ့-စိတ်ရော စေတသိက်ရော အကုန်လုံးပေါင်းပြီးတော့ ခြုံငုံပြောလိုက်လို့ရှိရင် ဒီလိုသတ္တိတွေနဲ့ ကျေးဇူးပြုနိုင်တယ်။

**သဲလွန်စလေးလောက်သာ ဖြစ်ပုံ**

မြတ်စွာဘုရားက ဟောလိုက်တာတော့ **"နာမရူပပစ္စယာ သဠာယတနံ"**-"နာမ်ရုပ်တွေ ရှိနေသည့်အတွက်ကြောင့် အာယတန ၆-ပါးဟာ ရှိရတယ်"လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဒီလို နားလည်လိုက်ရပေမယ့်လို့ ပဋ္ဌာန်းကြည့်လိုက်တဲ့အခါကျတော့ အင်မတန်မှ ကျယ်ဝန်းများပြားသွားတယ်၊ ဒါတောင်မှပဲ သဲလွန်စလေးလောက် အဋ္ဌကထာဆရာက နည်းနည်းလေးစီ ရှင်းပြီးတော့ ပြောထားတာ၊ အသေးစိတ်ပြောမယ်ဆိုရင် ဒီထက် ကျယ်ဝန်းသွားစရာ ရှိတယ်။

ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်တယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကိုလည်း လေ့လာပြီးသား ဖြစ်ရမယ်၊

http://www.dhammadownload.com



ပဋ္ဌာန်းကျမ်းကိုလည်း သင်ကြားပြီးသား ဖြစ်ရမယ်၊ အခြေခံအားဖြင့် ပဋိစ္စသမုပ္ပါဒ်နဲ့ ပဋ္ဌာန်း နှစ်ခုစလုံးကို သင်ကြားပြီးမှသာလျှင် နားလည်နိုင်မှာ ဖြစ်ပါတယ်၊ အဲဒီလိုမှ မဟုတ်ရင် ကိုယ့်သန္တာန်မှာ ဖြစ်နေပေမယ့်လို့ ကိုယ်နားမလည်တာတွေ အများကြီးပဲနော်။

ကိုယ်နဲ့ နီးလို့ ကိုယ်သိတယ်လို့ ဒီလိုလည်း မအောက်မေ့ကြနဲ့၊ ကိုယ်နဲ့ နီးပြီးတော့ ကိုယ်မသိတာ- ဥပမာ ကိုယ့်မျက်ခုံးမွှေး ဘယ်နှစ်ပင်ရှိမှန်း သိမှ မသိတာ၊ နီးပြီးတော့ မသိတာတွေ အများကြီးပဲ။

အဲဒီတော့ နီးတာတွေကို သိအောင် ကြိုးစားပေ့ါ၊ အထူးသဖြင့် မိမိတို့သန္တာန်မှာ ဖြစ်နေတဲ့ နာမ်တရားတွေ ရုပ်တရားတွေ မည်သို့ မည်ပုံ ဆက်သွယ်ပြီးတော့ ဖြစ်ပေါ်နေတယ်ဆိုတာ ဟောဒီပဋိစ္စသမုပ္ပါဒ်တို့ ပဋ္ဌာန်းတို့ကို အသေးစိတ် လေ့လာခြင်းအားဖြင့် သိရှိနားလည်နိုင်တယ်ပေ့ါ။

အေး တချို့က မေးကောင်းမေးလိမ့်မယ်၊ အခုလို အသေးစိတ် သိမှ နိဗ္ဗာန်ရမှာလားဆိုတော့ ဒီလို အသေးစိတ်သိမှ နိဗ္ဗာန်ရမှာတော့ မဟုတ်ပါဘူးနော်၊ ထိုက်သင့်သလောက် သိလို့ရှိရင်လည်းပဲ တွယ်တာမှုတဏှာကို ဖယ်နိုင်တယ်၊ အရေးကြီးတာက နိဗ္ဗာန်ရောက်ဖို့ရာကတော့ အတွယ်အတာကွာဖို့က အဓိကပဲ၊ အတွယ်အတာတွေကို ဖယ်ရှားနိုင်ဖို့က အဓိကပဲပေ့ါ။

## ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်

ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်ကို ကြည့် - တရားအားထုတ်တဲ့အခါမှာ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာမောဂ္ဂလာန်-

http://www.dhammadownload.com



သောတာပန်ဖြစ်တုန်းကတော့ နှစ်ဦးစလုံးဟာ ဂါထာလေးတစ်ပုဒ် နားကြားရင်းက နှစ်ပါဒလောက် ကြားလိုက်တာနဲ့ အကြောင်းနဲ့ အကျိုးဆိုတာကို သဘောပေါက်သွားလို့ သောတာပန် ဖြစ်သွားကြတယ်၊ ရဟန္တာဖြစ်ဖို့ ဝိပဿနာကျင့်စဉ် ကျင့်တဲ့အခါမှာ ရှင်သာရိပုတ္တရာက နှစ်ပတ်ကြာပေမယ့်လို့ ရှင်မဟာမောဂ္ဂလာန်ကျတော့ ၇-ရက်နဲ့ပဲ ပြီးသွားတယ်ပေါ့နော်၊ ဘာဖြစ်လို့ ရှင်သာရိပုတ္တရာက ကြာနေတာတုန်းလို့ မေးလို့ ရှိရင်တော့ အသေးစိတ်လိုက်လို့။

အဲဒီတော့ အခုလို အသေးစိတ် လိုက်သင်နေရင် သံသရာထဲမှာ ကြာနေလိမ့်မယ်လို့ တချို့က ကြောက်ကောင်း ကြောက်နေကြလိမ့်မယ်၊ အဲဒီလိုတော့ ကြောက်လန့်စရာ မလိုပါဘူးနော်။

**အသိဉာဏ်တန်ဖိုး**

အသိဉာဏ်ဆိုတာဟာ အင်မတန်မှတန်ဖိုးရှိပါတယ်၊ အသိဉာဏ်ရှိလေလေ မြတ်စွာဘုရားဟောကြားတဲ့ တရားဓမ္မတွေရဲ့ အတိမ်အနက်ကို သိလာလေလေမို့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးကို ပိုပြီးတော့ တန်ဖိုးရှိမှန်း သိလာလေလေ ဖြစ်နိုင်ပါတယ်။

ဒါ့ကြောင့်မို့ တရားချစ်ခင်သူတော်စင်ပရိသတ်အပေါင်းတို့သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ လာတဲ့အတိုင်း **"နာမရူပပစ္စယာ သဠာယတနံ"** လို့ ရှင်းလင်းဟောကြားထားတဲ့ မြတ်စွာဘုရားရဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အဋ္ဌကထာဆရာကြီးက ပဋ္ဌာန်းနည်းနဲ့ ဆက်စပ်ပြီးတော့ ဖွင့်ပြထားတယ်၊ အဲဒီ ဖွင့်ပြတာကို အခုအကျဉ်းချုပ် ရှင်းပြထားခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါ့ကြောင့်မို့ "မြတ်စွာဘုရားတရားတော်ဟာ တို့တစ်တွေ လက်လှမ်းမမှီရလောက်အောင် အင်မတန်မှ နက်နဲတယ်ဆိုတာ မှန်ပါပေတယ်" လို့ တရားဓမ္မပေါ်မှာ ပိုပြီးတော့ ကြည်ညိုလေးစားမှုတွေ ဖြစ်ပြီးတော့ ဆထက်ထမ်းပိုး ကုသိုလ်တရားတွေ ရအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

ဖြ ဖြ ဆ ဆ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"

## အပိုင်း (၉)

**သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလဆန်း ၂-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဇွန်လ ၁၃-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဓမ္မာသီရိပိဋကမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။**

### "သဠာယတနပစ္စယာ ဖဿော"

"သဠာယတနပစ္စယာ ဖဿော" လို့ ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားက ဟောထားတယ်၊ "အာယတန ၆-ပါးရှိလို့ ဖဿ ဆိုတာ ရှိလာရတယ်" လို့၊ အရပ်စကားနဲ့ ပြောရမယ်ဆိုရင် မျက်စိ ရှိလို့ ပြင်ပက မြင်စရာအာရုံနဲ့ ဆက်သွယ်မှု ရလာတယ်၊ နားရှိလို့ ပြင်ပက အသံအာရုံနဲ့ ဆက်သွယ်မှု ရလာတယ်၊ နှာခေါင်းရှိသည့်

http://www.dhammadownload.com



အတွက်ကြောင့် အပြင်ဘက်က အနံ့အာရုံနဲ့ ဆက်သွယ်မှု ရလာတယ်၊ လျှာရှိသည့် အတွက်ကြောင့် ပြင်ပက ရသအာရုံနဲ့ ဆက်သွယ်မှု ဆိုတာ ရလာတယ်၊ ကိုယ်ကာယ ရှိသည့်အတွက်ကြောင့် အပြင်ဘက်က ဖောဋ္ဌဗ္ဗဆိုတဲ့အာရုံနဲ့ ဆက်သွယ်မှုရလာတယ်၊ မနဆိုတဲ့စိတ် ရှိသည့်အတွက်ကြောင့် ပြင်ပက ဓမ္မဆိုတဲ့ အာရုံပေါင်းမျိုးစုံစုထားတဲ့ အထွေထွေအာရုံတွေနဲ့ ဆက်သွယ်မှု ရလာတယ်လို့၊ ဒီလိုဆက်သွယ်မှုတွေ ရလာတယ်ဆိုတာ ဖဿကို ပြော...ာ၊ စိတ်ကလေးကို အာရုံတစ်ခုနဲ့ ဆက်သွယ်မှုရလာစေတယ်ဆိုတာ ဖဿ။

အကြမ်းဖျင်း ပြောရမယ်ဆိုရင် ပဋိစ္စသမုပ္ပါဒ်က သက်ရှိသတ္တဝါတွေကို သရုပ်ဖော်ပေးထားတာ၊ သက်ရှိသတ္တဝါတွေ မိခင်ဝမ်းထဲမှာ ပဋိသန္ဓေတည်နေလိုက်တာနဲ့ တစ်ပြိုင်နက် ထိုပဋိသန္ဓေစိတ်နဲ့ ယှဉ်တွဲဖြစ်လာတဲ့ နာမ်တရား ရုပ်တရားတွေဟာ ဖွံ့ဖြိုးတိုးတက်လာတယ်၊ အဲဒါကို **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ခေါ်တယ်။

အဲဒီလို နာမ်တွေ ရုပ်တွေ ဖွံ့ဖြိုးတိုးတက်လာတဲ့အခါ ဆက်သွယ်စရာအင်္ဂါတွေ sense organ တွေ ပါလာတယ်၊ အဲဒါကို **"နာမရူပပစ္စယာ သဠာယတနံ"** လို့ ဒီလိုဟောထားတာ၊ ဆက်သွယ်မှုကိုပြုနိုင်တဲ့ အင်္ဂါရုပ်တွေ ပါလာသည့်အတွက်ကြောင့် ပြင်ပက အာရုံနဲ့ အဆက်အသွယ်တွေ ရလာတယ် ဆိုတာက -

**"သဠာယတနပစ္စယာ ဖဿော"**၊ အဆက်အသွယ်တွေ ရလာတယ်ဆိုတော့ အကောင်းအဆိုးခံစားမှုတွေ ပေါ်လာတယ်၊ ဒါက **"ဖဿပစ္စယာ ဝေဒနာ"**။

ခံစားမှုတွေ ပေါ်လာတဲ့အတွက်ကြောင့် လိုချင်တပ်မက်မှုတွယ်တာမှုဆိုတဲ့ တဏှာတွေ ဖြစ်လာတယ် - **"ဝေဒနာပစ္စယာ**

http://www.dhammadownload.com



**တဏှာ**"၊ အဲဒီတွယ်တာမှုတွေက ခိုင်မာစွဲလမ်းလာပြီဆိုရင်တော့ **"တဏှာပစ္စယာ ဥပါဒါန်"** ဆိုပြီး ဖြစ်လာတယ်၊ အဲဒီလို စွဲလမ်းလာပြီဆိုရင် လူတွေမှာ ဘဝတစ်ခုကို တည်ဆောက်မယ့်ကံနဲ့ ထိုကံက တည်ဆောက်ထားတဲ့ဘဝဆိုတာ ရှိလာကြတယ်၊ အဲဒီလို ရှိလာတာကို **"ဥပါဒါနပစ္စယာ ဘဝေါ"** လို့ ခေါ်တယ်။

ဘဝရှိလာမှတော့ ဖြစ်မှု စတင်ခြင်း - ဇာတိဆိုတာ ရှိလာတာပဲ၊ ဒါကြောင့်မို့ **"ဘဝပစ္စယာ ဇာတိ"**၊ ဇာတိ ရှိမှတော့ ဇရာမရဏ ဆိုတာ လာတော့တာပဲ ဆိုပြီး **"ဇာတိပစ္စယာ ဇရာမရဏံ"**၊ ဒီကြားထဲမှာ အိုခြင်းသေခြင်းဆိုတဲ့ စပ်ကြားထဲမှာ ဇာတိရဲ့အကျိုးဆက်အနေနဲ့ ဘာတွေ လာသလဲဆိုရင် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတွေ လာတယ်တဲ့၊ စိုးရိမ်ရတယ်, ငိုကြွေးရတယ်, ကိုယ်ဆင်းရဲမှုနဲ့ ကြုံရတယ်, စိတ်ပင်ပန်းနွမ်းနယ်မှုတွေနဲ့ လူ့ဘဝရ,လာတဲ့ ပုဂ္ဂိုလ်တိုင်း ကြုံရတယ်ဆိုတာကို ပဋိစ္စသမုပ္ပါဒ်က သက်ရှိသတ္တဝါတို့ရဲ့ဘဝကို သရုပ်ဖော်ပြီး ဟောထားတယ်။

ပဋိစ္စသမုပ္ပါဒ်က သက်ရှိသတ္တဝါတွေနဲ့သာ သက်ဆိုင်တယ်၊ ပဋ္ဌာန်းကျတော့ သက်ရှိနဲ့တင်, မကဘူး၊ သက်မဲ့တွေပါ မြတ်စွာဘုရားက ထည့်သွင်းပြီး ဥပနိဿယပစ္စည်းကို ဟောတယ်၊ အင်မတန်မှ ကျယ်ဝန်းတယ်ပေါ့။

ဒီကနေ့ **"သဠာယတနပစ္စယာ ဖဿော"** ဆိုတာနဲ့ ပတ်သက်ပြီး သာမန်အရပ်တွေးနဲ့ ပြောရမယ်ဆိုရင် လူတွေမှာ မျက်စိပါလာတယ်, နားပါလာတယ်, နှာခေါင်းပါလာတယ်, လျှာပါလာတယ်, ကိုယ်ပါလာတယ်, စိတ်ပါလာတယ်၊ ဒီလိုပါလာတဲ့အတွက်ကြောင့် ပြင်ပအာရုံနဲ့ ဆက်သွယ်မှုဆိုတဲ့ ဖဿသဘောတရားတွေ

http://www.dhammadownload.com



ဖြစ်လာတယ်၊ ဒါတွေ မပါရင် ဘယ်လိုမှ ဆက်သွယ်မှု မရဘူး၊ တယ်လီဖုန်းပါလာတဲ့အခါကျတော့ တယ်လီဖုန်းနဲ့ အဝေးကို လှမ်းပြီး ဆက်သွယ်ကြသလိုပဲ လူမှာဆက်သွယ်စရာကိရိယာလေးတွေ ပါလာတာ၊ အဲဒီ ပါလာသည့်အတွက်ကြောင့် ပြင်ပအာရုံတွေနဲ့ ဆက်သွယ်မှုတွေ ရလာတယ်။

**သဠာယတနကို ဆဋ္ဌာယတန နဲ့ သဠာယတန ဟု နှစ်မျိုး ယူပုံ**

**"သဠာယနပစ္စယာ ဖဿော"** ဆိုတဲ့ နေရာမှာ သတ္တဝါတွေကလည်း ဘဝအလိုက် အမျိုးမျိုးရှိတယ်၊ အဲဒီအမျိုးအစားအလိုက် သဠာယတနကို အရင်တစ်ခါပြောခဲ့သလို ဆဋ္ဌာယတနနဲ့ သဠာယတန လို့ ဒီစကားလုံးနှစ်ခုကို ပေါင်းပြီးတော့ သဠာယတနလို့ ပြောလိုက်တာ။

ဘာဖြစ်လို့တုန်းဆိုရင် အချို့သတ္တဝါက စိတ်သာ ရှိတယ်, ရုပ်မရှိဘူး၊ စိတ်သာရှိတဲ့သတ္တဝါအတွက်က "ဆဋ္ဌာယတန"-ခြောက်ခုမြောက် အာယတနဆိုတာ မနာယတနကို ပြောတာ၊ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတနတို့ဆိုတာ ရုပ်တရားတွေပေါ့၊ အဲဒီရုပ်တရားတွေ မရှိတဲ့ အရူပဗြဟ္မာတွေကျတော့ နာမ်သက်သက်ပဲ ဖြစ်တယ်၊ ဒါကြောင့်မို့လို့ သူတို့အတွက် ခြုံမိငုံမိအောင် ဆဋ္ဌာယတန- ခြောက်ခုမြောက်အာယတန လို့ ပြောတာ။

တစ်ခါ ရုပ်နဲ့ နာမ် ရောပြီးတော့လာတဲ့ ပဉ္စဝေါကာရဘုံသား-လူတွေလို, နတ်ပြည်ခြောက်ထပ်က နတ်တွေလို, တခြားသတ္တဝါတွေလို အဲဒီပုဂ္ဂိုလ်တွေကျတော့ ရုပ်နဲ့ နာမ် ရောထားတာ ဖြစ်သည့်အတွက် သဠာယတန (အာယတန ၆-ပါး) လို့ - ဆဋ္ဌာယတန,

http://www.dhammadownload.com



သဠာယတန ဒီစကားလုံးနှစ်ခုကို ပေါင်းလိုက်ပြီး သဠာယတန ဆိုတဲ့ စကားလုံးတစ်ခုတည်းကို သုံးလိုက်တယ်၊ ဒါကို သဒ္ဒါနည်းနဲ့ ပြောမယ်ဆိုရင် **ကေသိသ်** လုပ်တယ်၊ တစ်ခုကြွင်း လုပ်ထားတယ် လို့ ပြောတယ်၊ စကားကျဉ်းအောင်လို့ ချုံးထားလိုက်တယ်။

**အတွင်းအာယတနကိုသာ ယူသောနည်း**

အဲဒီတော့ အာယတန ၆-ပါးနဲ့ ပတ်သက်လာတဲ့အခါမှာ သက်ရှိသတ္တဝါတွေနဲ့ သက်ဆိုင်တဲ့ အဇ္ဈတ္တိကာယတန internal base လို့ ခေါ်တယ်၊ လူတွေရဲ့သန္တာန်မှာ အတွင်းအာယတန ၆-ပါး၊ အဲဒီ အတွင်းအာယတန ၆-ပါးကိုသာလျှင် ပဋိစ္စသမုပ္ပါဒ်မှာ **"သဠာယတနပစ္စယာ ဖဿော"** လို့ ဒီလိုဟောတာ၊ များသောအားဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရက သက်ရှိသတ္တဝါတွေနဲ့သာ သက်ဆိုင်တယ်၊ မျက်စိနဲ့ မြင်ရတဲ့အာရုံတို့, နားကကြားရတဲ့ အသံတို့ဆိုတာ တချို့က သက်မဲ့က လာတာတွေ ရှိသေးတယ်၊ ပြင်ပက လာတာတွေ ရှိသေးတယ်၊ ဒါကြောင့်မို့လို့ ဒီနေရာမှာ အာယတန ၆-ပါးလို့ ပြောတဲ့အခါမှာ စက္ခု သောတ ဃာန ဇိဝှါ ကာယ မန လို့ ဆိုတဲ့ အဇ္ဈတ္တိကာယတန - အတွင်းအာယတန ၆-ပါးကိုသာ ပြောတယ်လို့ ဒီလိုဆိုတယ်။

**အပြင်အာယတနကိုပါ ယူသောနည်း**

သို့သော် အဘိဓမ္မာနဲ့ ပတ်သက်ပြီးတော့ အားလုံး ခြုံမိငုံမိဖို့ရာအတွက် တချို့အဘိဓမ္မာဆရာတွေက အာယတန ၆-ပါးလို့ ဆိုတဲ့ နေရာမှာတဲ့ အတွင်းအာယတန ၆-ပါး တင်, မကပါဘူး၊

http://www.dhammadownload.com



ပစ္စည်းကတော့ အပြင်အာယတနတွေကလည်းပဲ အကြောင်းတရား ဖြစ်နိုင်ပါတယ်, ဖြစ်နိုင်ခွင့် ရှိပါတယ်၊ အကျိုးတရားကသာ သက်ရှိသတ္တဝါတွေရဲ့ သန္တာန်နဲ့ သက်ဆိုင်တယ်၊ အပြင်အာယတနတွေကတော့ မိမိသန္တာန် မဟုတ်ဘဲ တခြားသန္တာန်မှာ ဖြစ်တာနဲ့လည်း သက်ဆိုင်နိုင်ပါတယ် - လို့ ဆိုပြီးတော့ သူတို့ကျတော့ အဓိပ္ပါယ် ဘယ်လိုဖော်တုန်း ဆိုလို့ရှိရင် **"သဠာယတနပစ္စယာ ဖဿော"**ဆိုတဲ့ စကားလုံးမှာ သဠာယတနကို ၃-မျိုး ခွဲလိုက်တယ်။

နံပါတ်တစ်က **ဆဠာယတန**၊ နံပါတ်နှစ်က အဇ္ဈတ္တိကကို ရည်ညွှန်းပြီးတော့ **သဠာယတန**၊ နံပါတ်သုံးက ဗာဟိရ အာယတန ခြောက်ပါးကို ရည်ညွှန်းပြီးတော့ **သဠာယတန**လို့၊ စကားလုံးသုံးလုံးကို သုံးတယ်၊ **"ဆဠာယတန, သဠာယတန, သဠာယတန"**၊ အဲဒီ စကားလုံး ၃-လုံးကို တစ်ခါချုံးလိုက်တဲ့အခါ **"သဠာယတန"** လို့ ဖြစ်တယ်လို့ ဒီလိုယူဆကြတယ်။

အဲဒီ ယူဆတဲ့နည်းကိုလည်းပဲ အဋ္ဌကထာမှာ ပြထားတယ်၊ ဒါကြောင့်မို့ ဖြစ်နိုင်တဲ့ သဘာဝတရားတွေကို ရှင်းပြထားတာ ဖြစ်သောကြောင့် ဒါလည်းပဲ မှတ်သားသင့်တယ်ပေါ့၊ ထိုထိုသုတ္တန်တွေကို ကြည့်မယ်ဆိုလို့ရှိရင်လည်း ဗာဟိရာယတန လို့ ဆိုတဲ့ အပြင်အာယတနတွေကလည်း ဖဿနဲ့ ဆက်သွယ်တဲ့နေရာမှာ ဖြစ်ပေါ်လာနိုင်တယ်ပေါ့။

## နှစ်နည်း မှတ်ရမယ် -

ဒါကြောင့်မို့ ဒီနေရာမှာ နှစ်နည်းမှတ်ရမယ် - သဠာယတန ဆိုတဲ့စကားလုံးကို ဆဠာယတန, သဠာယတန ဆိုပြီးတော့ စကား

http://www.dhammadownload.com



လုံးနှစ်လုံးကို ချုံးထားတယ်ဆိုတာက တစ်ခု၊ တစ်ခါ သဠာယတန ဆိုတဲ့ စကားလုံးကို ဆဠာယတန, သဠာယတန, သဠာယတန ဆိုတဲ့ စကားလုံး ၃-လုံးကို ချုံးထားတယ်လို့၊ ဒီတော့ အာယတန တွေ အားလုံးပါဝင်တယ်လို့ ဒုတိယနည်းက ဒီလိုဆိုလိုတယ်ပေါ့။

ဒီတော့ သဠာယတနဆိုတဲ့နေရာမှာ အကျဉ်းချုပ် ပြောရလို့ ရှိရင် အခုဒီပဋိစ္စသမုပ္ပါဒ်နဲ့ ပတ်သက်ပြီးတော့ အာယတန ၁၂-ပါး လုံးကို ဖဿဖြစ်ဖို့ရာ အကြောင်းတစ်ခုအနေနဲ့ ထည့်သွင်းပြီး မှတ်သားရမယ်ပေါ့။

**ဖဿ အရ**

**"သဠာယတနပစ္စယာ ဖဿော"** မှာ- အာယတန ၆-ပါး ရှိ သည့်အတွက်ကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးတရားကို ပြတဲ့အခါမှာ ဖဿ၊ ဖဿဆိုတာ စိတ်ကိုမှီပြီး ဖြစ်ပေါ်လာတဲ့ စေတသိက်တရား တစ်မျိုးပဲ၊ စိတ်တိုင်း စိတ်တိုင်းမှာ ဖဿရှိသည့်အတွက်ကြောင့် စိတ် ၈၉-ခု ရှိလို့ ဖဿလည်းပဲ ၈၉-မျိုး ရှိနိုင်တယ်၊ ဒီနေရာမှာ ပဋိစ္စသမုပ္ပါဒ်ဆိုတာ လောကီစိတ်တွေနဲ့သာ သက်ဆိုင်တာဖြစ်သော ကြောင့် လောကီစိတ်-၈၁ ရှိသည့်အတွက်ကြောင့် ဖဿပေါင်း-၈၁ ရှိတယ်လို့ ဒီလိုပြောရမယ်။

သို့သော် ပဋိစ္စသမုပ္ပါဒ်မှာ အဓိကအားဖြင့်တော့ ဝိပါက် စိတ် အကျိုးစိတ်တွေကို ရည်ညွှန်းတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် **"သင်္ခါရပစ္စယာ ဝိညာဏံ"** ကနေ စပြီးတော့ အကျိုးစိတ်တွေကိုသာ ယေဘူယျအားဖြင့် ရည်ညွှန်းပြီး ပြောတာဖြစ်သောကြောင့် ဝိပါက် စိတ်တွေကိုသာလျှင် ယေဘူယျအားဖြင့် ကောက်တယ်ပေါ့၊ ဝိပါက်

http://www.dhammadownload.com



နဲ့ ယှဉ်တဲ့ ဖဿကိုသာ ကောက်တယ်၊ သို့သော် တစ်ခါတစ်ရံကျ တော့လည်း ဖဿရှိသမျှ အကုန်လုံးကို ကောက်ယူပြတာလည်း ရှိ သေးတယ်ပေ့ါ။

ဒီတော့ ဖဿဆိုတာက သဘာဝအားဖြင့်ကတော့ တစ်ခု တည်းပဲ၊ သို့သော် ဒီနေရာမှာ ဖဿကို ၆-မျိုး မှတ်ရမယ်၊ ဘာနဲ့ ၆-မျိုး မှတ်တာတုန်းဆိုတော့ ဒွါရ ၆-ပါး ရှိလို့ ဖဿကိုလည်း ၆-မျိုးခွဲ ပြောတယ်၊ ဒွါရ ၆-ပါးလို့ ဆိုတာ စာထဲကို သွား သတိ မထားလိုက်နဲ့၊ စာထဲက ဟာကို အမှတ်မထားနဲ့၊ ကိုယ့်သန္တာန်မှာ ဒွါရ ၆-ပါးဆိုတာ ဘာလဲလို့ ဆိုတော့ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှါဒွါရ, ကာယဒွါရ, မနောဒွါရ ဒီဒွါရ ၆-ပါးပဲ။

## ဒွါရ ဆိုတာ

ဒွါရဆိုတာ ပါဠိစကား, မြန်မာလိုပြန်ရင် တံခါးလို့ ပြောတာ၊ တံခါးဆိုတာ ဘာလုပ်တာလဲဆိုတော့ တံခါးဆိုတာ ဝင်ဖို့ထွက်ဖို့ပဲ၊ ဝင်တဲ့ ထွက်တဲ့လူတွေ အသုံးချတာကို တံခါးလို့ ခေါ်တာ၊ "တံခါး ဆိုတာ ဝင်စရာနဲ့ ထွက်စရာ"။

ဒါဖြင့် ဒီဒွါရဆိုတာကျတော့ ဘယ်သူ့ရဲ့တံခါးလဲ ဆိုတော့ "စိတ်ရဲ့တံခါး"လို့ ဒီလိုပြောမယ်၊ စိတ်ရဲ့ဝင်စရာ ထွက်စရာ၊ တကယ် တော့ ဒါ တင်စားပြီးတော့ ပြောတာ၊ metaphorical word ပေ့ါ၊ စိတ်ဆိုတာ အပြင်ထွက်သွားတာလည်း မရှိဘူး၊ အတွင်းကို ဝင်လာ တာလည်း မရှိဘူးပေ့ါ၊ မရှိပေမယ့်လို့ စိတ်နဲ့ ပတ်သက်လာလို့ရှိရင် သုတ္တန်ပါဠိတော်တွေထဲမှာလည်း မြတ်စွာဘုရားဟောထားတယ် လေ- "**ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ**" ဆိုတဲ့ ဓမ္မပဒမှာ-

http://www.dhammadownload.com



"ဒူရင်္ဂမံ" စိတ်ဆိုတာ အဝေးကြီးကို သွားတတ်တယ်လို့ ဒီလို ဟော တယ်၊ ဒါ တင်စားပြီးတော့ ပြောတာ။

စိတ်က အဝေးသွားတယ်ဆိုတာ ဘာပြောတုန်း? အင်မတန် ဝေးလံတဲ့ ဒေသမှာရှိတဲ့ အာရုံကို ယူနိုင်တယ်လို့ ဒီလိုပြောတာ၊ ဘယ်လောက်ဝေးဝေး အင်မတန်ဝေးလံတဲ့အာရုံကို ချက်ချင်းယူ နိုင်သည့်အတွက်ကြောင့် အဝေးကို သွားတယ်လို့ ဒီလိုပြောတာ။

ဒီနေရာမှာလည်းပဲ ဒွါရလို့ ဆိုတဲ့နေရာမှာ အပြင်အာရုံကို ယူတာကို အပြင်ထွက်ပြီးတော့ အာရုံပြုတယ်လို့ အဓိပ္ပါယ်ပြုပြီး - မျက်စိကနေ အဆင်းအာရုံကို ယူတဲ့အခါမှာ "မျက်စိတံခါးဝက ထွက်ပြီး အဆင်းအာရုံကို ယူတယ်" လို့ ဒီလိုဆိုလိုတာ၊ ဒါကြောင့် မို့လို့ စိတ်ရဲ့ထွက်ပေါက် စိတ်ရဲ့ဒွါရတွေဟာ သက်ရှိသတ္တဝါတွေ မှာ ၆-မျိုး ရှိတယ်တဲ့၊ အဲဒီ ၆-မျိုးက ဘာတွေတုန်းဆိုရင် မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်လို့ ဒီလို ၆-မျိုးရှိတာပေါ့။

## ဖဿ ၆-မျိုး

ဒီဒွါရ ၆-ပါးရှိသည့်အတွက်ကြောင့် ထိုဒွါရ ၆-ပါးကနေ ထွက်ပြီး အာရုံယူတာ ဖြစ်သောကြောင့် ဖဿကို ဒွါရ ၆-ပါးနဲ့ နာမည်ပေးလိုက်တဲ့အခါကျတော့ ဖဿ ၆-မျိုး ဖြစ်သွားတယ်၊ စက္ခု နဲ့ နာမည်ပေးလိုက်တဲ့ အခါကျတော့ စက္ခုသမ္ဖဿ၊ **သံ** ဆိုတဲ့ စကားလုံးလေးကို ထည့်ထားတယ်၊ ပါဠိမှာ **စက္ခုဖဿ** လို့တော့ မခေါ်ဘူး၊ မြတ်စွာဘုရားဟောတဲ့ တရားတော်တွေထဲမှာ **သံ** ဆိုတဲ့ စကားလုံးလေးကို ထည့်ထားပြီးတော့ စက္ခုသမ္ဖဿ, သောတ- သမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနော-

http://www.dhammadownload.com



သမ္ဘသလို့ ဒွါရ ၆-ပါး ရှိသည့်အတွက်ကြောင့် ဖဿကို ၆-မျိုး ခွဲယူတယ်၊ သဘာဝတရားကတော့ အတူတူပဲ, သို့သော် သက်ဆိုင်ရာ ဒွါရတွေကို ကြည့်ပြီး အမျိုးအစား ၆-မျိုး ခွဲယူတယ်။

**အာယတနအများက ဖဿကို ဖြစ်စေပုံ**

ဒါကြောင့်မို့လို့ ပဋိစ္စသမုပ္ပါဒ်အနေနဲ့ အာယတန ၆-ပါး ရှိလာလို့ရှိရင် ဟောဒီ ဖဿ ၆-မျိုးဆိုဟာ ဖြစ်လာနိုင်တယ်၊ ဒါဖြင့် အာယတနတစ်မျိုးတည်းက ဖဿကို ဖြစ်စေတာလား၊ သို့မဟုတ် အာယတနအားလုံးက ဖဿတွေကို ဖြစ်စေတာလား? ဆိုတော့ မဟုတ်ဘူးတဲ့၊ အနည်းဆုံး အာယတန ၃-ခု ဆုံတဲ့အခါမှာ ဖဿကို ဖြစ်စေတယ်၊ ဒါကြောင့်မို့လို့ အာယတနအများက ဖဿကို ဖြစ်စေတယ်လို့ မှတ်ရမယ်။

ဆိုပါစို့ - စက္ခာယတနဆိုတဲ့ မျက်စိအကြည်၊ ထိုမျက်စိအကြည်ထဲမှာ ထင်ဟပ်လာတဲ့ ရူပါယတနဆိုတဲ့ အဆင်းအာရုံ၊ အဲဒီစက္ခာယတနနဲ့ ရူပါယတန နှစ်ခုဆုံလိုက်တဲ့အခါမှာ မနာယတနဆိုတဲ့စိတ်ကလေး ပေါ်လာတယ်၊ အဲဒီစိတ် ပေါ်လာလိုက်တာနဲ့ တစ်ပြိုင်နက် ဖဿဆိုတာ ပေါ်လာတယ်၊ အဲဒီတော့ အာယတန ၃-မျိုး - ဖဿဖြစ်လာဖို့ရာအတွက်က စက္ခာယတန, ရူပါယတန, မနာယတနလို့ ဒီလို ၃-ခု ရှိတယ်။

သုတ္တန်ပါဠိတော်တွေမှာဆိုရင် မြတ်စွာဘုရားက ဘယ်လို ဟောတုန်းဆိုရင် **"စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော"** လို့ ဒီလို ဟောတာ။

http://www.dhammadownload.com



ဒါကို လက်တွေ့ဘဝနဲ့ ကိုက်ကြည့်ပေ့ါ၊ မျက်စိလည်း ရှိရမယ်၊ မြင်စရာအာရုံလည်း ရှိရမယ်၊ မျက်စိနဲ့ မြင်စရာအာရုံ ဆုံလိုက်တာနဲ့ တစ်ပြိုင်နက် မြင်သိစိတ် ပေါ်လာပြီ၊ ဟော ၃-ခု ဖြစ်သွားပြီ၊ မျက်စိရယ်, မြင်စရာအာရုံရယ်, မြင်သိစိတ်ရယ်၊ အဲဒီ ၃-ခုဟာ အာရုံနဲ့ ဆက်သွယ်မှု ရှိသည့်အတွက်ကြောင့် ၃-ခု ဆုံလိုက်တာနဲ့ တစ်ပြိုင်နက် ဖဿဆိုတာ ပေါ်လာတာလို့ ဒီလို ပြောတာနော်။

ဒီတော့ ဖဿဖြစ်ပေါ်လာပုံလေးက ကြည့် - အာယတန ၃-ခု နဲ့ လာတာ၊ အဲဒီမှာ စက္ခုပသာဒဆိုတာ ရှိတယ်, ရူပါရုံဆိုတာ ရှိတယ်, စက္ခုဝိညာဏ်စိတ်ဆိုတဲ့ မနာယတန ရှိတယ်၊ ဒီ ၃-ခု ဆုံတဲ့အခါ ဖဿဆိုတာ လာတယ်လို့ - ဒါကို ပြလို၍ အာယတနများစွာကနေပြီးတော့ ဖဿတစ်ခုဖြစ်လာတယ်လို့ ဒီလိုဆိုလိုတာ။

ပဋိစ္စသမုပ္ပါဒ်နည်းအရကတော့ အာယတနတွေ ဖြစ်လာလို့ ဖဿဆိုတာ ဖြစ်လာရတာ၊ ဆိုပါစို့ - မျက်စိနဲ့ အဆင်းအာရုံ မဆုံဘူးဆိုရင် မြင်သိစိတ် မဖြစ်ဘူး၊ မြင်သိစိတ် မဖြစ်လို့ရှိရင် စက္ခုသမ္ဖဿ ဆိုတဲ့ မျက်စိပေါ်မှာ မှီပြီးတော့ ဖြစ်တဲ့ အထိအတွေ့ ဆက်သွယ်မှုဆိုတာ မဖြစ်နိုင်ဘူး၊ ဒါက ပဋိစ္စသမုပ္ပါဒ်က ဒီလောက်ပဲ ပြောတယ်။

## ပဌာန်းနည်း

ကောင်းပြီ - ပဌာန်းနည်းကျတော့ **"သဠာယတနပစ္စယာ ဖဿော"** ဆိုတဲ့နေရာမှာ စက္ခာယတနနဲ့ ဖဿ ဘယ်လိုဆက်သွယ်သလဲ? ဒါကို အရင်ကြည့်ရမယ်။

http://www.dhammadownload.com



သဠာယတနဆိုတာ စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန ဆိုတဲ့ အဇ္ဈတ္တိကာယတန ၆-ပါး၊ အဇ္ဈတ္တိကာယတန ၆-ပါးနဲ့ အသီးသီး ဖြစ်တဲ့အခါမှာ ဖဿနဲ့က ဘာပစ္စည်းတွေနဲ့ ဆက်သွယ်လာသလဲ ဆိုတာ ပဌာန်းနည်းအရ လေ့လာသုံးသပ်ကြည့်ရမယ်။

စက္ခာယတန ဆိုတာက ရုပ်တရား၊ ဖဿ ဆိုတာက နာမ်တရား စေတသိက်တရား- စက္ခုသမ္ဖဿလို့ ခေါ်တယ်၊ စက္ခုဒွါရမှာ ပေါ်လာတဲ့ ဖဿဖြစ်သောကြောင့် စက္ခုသမ္ဖဿလို့ ခေါ်တယ်၊ ဒီမှာ စက္ခာယတနဆိုတာကို တခြားနာမည်နဲ့ ပြောမယ်ဆိုရင် မှီရာဝတ္ထုရုပ်ကလေးပေါ့၊ စက္ခာယတနဆိုတာ စက္ခုဝတ္ထုပဲ၊ စက္ခုဝတ္ထုလို့ ခေါ်ခေါ်, စက္ခာယတနလို့ ခေါ်ခေါ်, စက္ခုပသာဒလို့ပဲ ခေါ်ခေါ်, စက္ခုဒွါရလို့ ခေါ်ခေါ် အတူတူပဲလို့ ဒီလိုမှတ်ရမယ်။

စက္ခုပသာဒရုပ်ကလေးကို တစ်ခါတစ်ရံ စိတ်ရဲ့အာရုံကို ထွက်ယူရာ တံခါးဝသဖွယ် ဖြစ်သောကြောင့် စက္ခုဒွါရလို့ ဒွါရနဲ့ နာမည်ပေးတယ်၊ တစ်ခါတစ်ရံကျတော့ စိတ်ရဲ့မှီရာဝတ္ထုရုပ် ဖြစ်သောကြောင့် စက္ခုဝတ္ထုလို့ နာမည်ပေးတယ်၊ အာယတနနဲ့ ပတ်သက်လာတဲ့အခါကျတော့ စက္ခာယတနလို့ ဒီလို နာမည်ပေးထားတယ်။

သဘာဝဖြစ်ပုံလေးကို သေချာကြည့်လိုက်ရင် မြင်သိစိတ်ကလေးက ဘယ်ဝတ္ထုရုပ်ပေါ်မှာ မှီပြီး ဖြစ်လာသလဲ၊ ဆိုပါစို့ - စောင်းသံကလေးဟာ စောင်းအိုးပေါ်မှီပြီးတော့ ဖြစ်တာ၊ စည်သံလေးဟာ စည်ကို မှီပြီးတော့ ဖြစ်တာ။

http://www.dhammadownload.com



အဲဒါလိုပဲ မြင်သိစိတ်လေးဟာ စက္ခုပသာဒဆိုတဲ့ မျက်စိအကြည်ရုပ်ကိုမှီပြီး ဖြစ်တယ်၊ အခု ဒီနေရာမှာ စက္ခာယတနဆိုတာ မျက်စိအကြည်ရုပ်ကလေးပဲ၊ စက္ခုဝတ္ထုလေးပဲ၊ သို့မဟုတ် မျက်စိတံခါးလေးပဲ၊ အဲဒါကို အမှီပြုပြီးတော့ စက္ခုဝိညာဏ်စိတ်ဖြစ်တယ်။

စက္ခုဝိညာဏ်စိတ် ဖြစ်လိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီစက္ခုဝိညာဏ်စိတ်နဲ့ ယှဉ်ပြီးပါလာတဲ့, အာရုံနဲ့ ဆက်သွယ်ပေးတဲ့ ဖဿဆိုတာ စက္ခုဝိညာဏ်စိတ်နဲ့ အတူတူ ပေါ်လာတာပဲ၊ အဲဒီတော့ မှီရာဝတ္ထုရုပ်ဖြစ်တဲ့ စက္ခုပသာဒရုပ် စက္ခာယတနက ဖဿဆိုတဲ့ (စက္ခုဝိညာဏ်စိတ်နဲ့ အတူတကွဖြစ်တဲ့ဖဿဆိုတဲ့) သဘာဝတရားကို ပဋ္ဌာန်းပစ္စည်းနဲ့ ဘယ်ပုံကျေးဇူးပြုထားတာတုန်း? ပဋ္ဌာန်းနည်းလေ့လာတဲ့အခါကျတော့ ဘယ်လိုဖြစ်တုန်းဆိုတာ သိရအောင် စိတ်အစဉ်ကို ကြည့်လိုက်ရအောင်။

## စိတ်အစဉ် ဖြစ်ပုံ

မျက်စိနဲ့ အဆင်းအာရုံလေး ဆုံလိုက်တာနဲ့ တစ်ပြိုင်နက် စိတ်အစဉ်မှာ ပထမဆုံး ဘာလာတုန်းဆိုတော့ (ဘဝင်စိတ်တွေကို ချန်ထားလိုက်ရင်) တံခါးကို ဖွင့်ပေးတဲ့ **ပဉ္စဒွါရာဝဇ္ဇန်းစိတ်** ပေါ်လာတယ်၊ ဒီစိတ်ပေါ်ပြီး ပျက်သွားမှ မြင်သိစိတ်ဆိုတဲ့ **စက္ခုဝိညာဏ်စိတ်** ပေါ်လာတယ်၊ အဲဒီစိတ်ပျက်သွားပြီဆိုတဲ့အခါကျတော့မှ အဲဒီအာရုံကိုလက်ခံတဲ့ **သမ္ပဋိစ္ဆိုင်းစိတ်** ပေါ်လာတာ၊ အာရုံကို လက်ခံတဲ့စိတ် ပျက်သွားမှ အာရုံကိုစုံစမ်းတဲ့ **သန္တီရဏစိတ်** ပေါ်လာတာ၊ အာရုံကို စုံစမ်းတဲ့ သန္တီရဏစိတ်ပြီးတဲ့အခါမှာ ဆုံးဖြတ်တဲ့ သတ်မှတ်ချက်ချတဲ့ **ဝုဋ္ဌောဆိုတဲ့** စိတ်ကလေး ပေါ်လာတယ်၊ ပြီးတော့မှ

http://www.dhammadownload.com



အာရုံ၏အရသာကို ခံစားတဲ့ဇော၊ ထိုဇောရဲ့နောက်က ဆက်ပြီး ဖြစ်ပေါ်လာတဲ့ **တဒါရုံ** ပြီးတဲ့အခါမှ သက်တမ်းစေ့လို့ ဒီရူပါရုံလေးရဲ့ သက်တမ်းဟာ စေ့သွားတယ်၊ သက်တမ်းစေ့သွားလို့ ချုပ်သွားတယ်ပေါ့၊ ဒီလို ဆိုလိုတာ။

**စက္ခာယတနများစွာထဲမှ အမှီခံစက္ခာယတန**

အဲဒီတော့ စက္ခာယတနဆိုတဲ့ စက္ခုပသာဒလေးဟာ ဘယ်အချိန်က ပေါ်နေတာတုန်းလို့ မေးမယ် ဆိုလို့ရှိရင် ဒီစက္ခာယတနလေးက ကမ္မဇရုပ်ကလေးပဲ- ကံကြောင့်ဖြစ်တဲ့ ရုပ်တရား၊ ကံကြောင့်ဖြစ်တဲ့ရုပ်တရားဟာ သူစတင်ဖြစ်လာတဲ့အချိန်မှ စပြီးတော့ စဉ်ဆက်မပြတ် ဖြစ်နေတာ၊ စိတ်ရဲ့ခဏတိုင်း ခဏတိုင်းမှာ ဟောဒီ ကမ္မဇရုပ်တွေက ဖြစ်နေတာ၊ ဖြစ်နှင့်ပြီးသားကမ္မဇရုပ်တွေက စိတ် ၁၇-ချက်ခန့်ဆိုရင် ပျက်သွားကြတယ်၊ နောက်ထပ် အသစ်ဖြစ်တာတွေက ဆက်လက်ပြီး ဖြစ်နေတယ်၊ သူ့သက်တမ်းလေးတွေနဲ့ သူသွားနေတာပဲ အမြဲတမ်း စဉ်ဆက်မပြတ်။

စိတ္တက္ခဏတိုင်း ဖြစ်တယ်လို့ဆိုတာက စိတ်မှာ ဖြစ်, တည်, ပျက် ဆိုတဲ့ ခဏ ၃-မျိုး ရှိတယ်၊ အင်မတန်တိုတောင်းတဲ့ ခဏလေးတွေ၊ စိတ်ကလေး ဖြစ်တဲ့အခိုက်မှာလည်း ကမ္မဇရုပ်က အသစ်ဖြစ်တယ်၊ တည်တဲ့အခိုက်မှာလည်း ကမ္မဇရုပ်အသစ် ဖြစ်တယ်၊ စိတ်ကလေးပျက်သွားတဲ့ အချိန်ပိုင်းမှာလည်း ကမ္မဇရုပ်က အသစ်ဖြစ်တယ်၊ သူက ကံရဲ့အရှိန်နဲ့ သွားနေတာ, စိတ်နဲ့ မပတ်သက်ဘူး၊ သို့သော် ဆက်သွယ်မှုတော့ ရှိတယ်ပေါ့၊ အဲဒီလို သွားနေတဲ့ စက္ခုပသာဒရုပ်လေးဟာ မျက်စိ မပျက်မချင်း စပေါ်လာတဲ့

http://www.dhammadownload.com



အချိန်ကနေ တစ်သက်လုံး ဒီပုံစံနဲ့ သွားနေမှာပဲ၊ သွားနေတဲ့အခါ စက္ခာယတနတွေဟာ မြောက်မြားစွာရှိတယ်၊ သန်းချီ ကုဋေချီပြီး တော့ ရှိနေမယ်ပေါ့။

အဆင်းအာရုံလေးနဲ့ အဲဒီစက္ခုပသာဒလေးနဲ့ ဆုံပြီ၊ ဆုံလိုက်လို့ မြင်သိစိတ်ကလေး ပေါ်လာတယ်ဆိုတဲ့ အချိန်မှာ အဲဒီမြင်သိစိတ်လေးဟာ မြောက်မြားစွာသောစက္ခုပသာဒရုပ်တွေထဲက ဘယ်စက္ခုပသာဒရုပ်ကို မှီသလဲလို့ သိရတယ်၊ သူနဲ့ပြိုင်တူဖြစ်တဲ့ စက္ခုပသာဒရုပ်ကို မှီသလားဆိုတော့ မမှီဘူး၊ သူ့ရဲ့အရင် ကြိုတင်ပြီးတော့ ရူပါရုံလေးပေါ်လာတဲ့ အချိန်မှာပေါ်တဲ့ စက္ခုပသာဒရုပ်လေးကို မှီတယ်။

စက္ခုဝိညာဏ်စိတ်လေးက ရူပါရုံနဲ့ စက္ခုပသာဒ ဆုံလိုက်တဲ့ အချိန်ကလေးမှာ ဘဝင်စိတ်က ချက်ခြင်းပြတ် မသွားနိုင်သည့်အတွက်ကြောင့် **"အတီတဘဝင်"**ဆိုတဲ့ လွန်သွားတဲ့ဘဝင်လေးက တစ်ချက်၊ အာရုံသစ် ဝင်လာသည့်အတွက်ကြောင့် ဘဝင်က မငြိမ်မသက် ဖြစ်သွားတာက တစ်ချက် **"ဘဝင်္ဂစလန"**၊ ဘဝင်လေးပြတ်သွားတာက တစ်ချက် **"ဘဝင်္ဂုပစ္ဆေဒ"** ဆိုတော့ အနည်းဆုံး ဘဝင် ၃-ချက် လွန်သွားတယ်။

ဘဝင် ၃-ချက် လွန်သွားတဲ့အခါမှ ဒီရူပါရုံလေးနဲ့ ဆက်သွယ်ပြီး အလုပ်လုပ်ဖို့ရာ ဖွင့်ပေးတဲ့ **ပဉ္စဒွါရာဝဇ္ဇန်းစိတ်** ဆိုတာ ပေါ်လာတယ်၊ အဲဒီစိတ်ပျက်တဲ့အချိန်မှ **စက္ခုဝိညာဏ်စိတ်** ဆိုတာ ပေါ်တာ၊ ဒီစက္ခုဝိညာဏ်စိတ်ကလေးဟာ ဘယ်စက္ခုပသာဒကို မှီသလဲ? - သူမတိုင်ခင်က ကြိုတင်ပြီးတော့ ဖြစ်နှင့်နေတဲ့ စက္ခုပသာဒရုပ်တွေ ရှိတယ်၊ သူဖြစ်ပြီးတဲ့နောက်မှ ဖြစ်လာတဲ့ စက္ခု-

http://www.dhammadownload.com



ပသာဒရုပ်တွေ ရှိတယ်၊ သူနဲ့ကပ်ပြီးတော့ ဖြစ်တဲ့ စက္ခုပသာဒရုပ်တွေ ရှိတယ်၊ ရူပါရုံနဲ့ သက်တမ်းတူတဲ့ အတီတဘဝင်ရဲ့ဥပါဒ်နဲ့ ပြိုင်လာတဲ့ စက္ခုပသာဒရုပ်တွေ ရှိတယ်၊ ဒီလို စက္ခုပသာဒရုပ်တွေ အများကြီးရှိတဲ့အထဲက ဘယ်သူ့ကိုမှီသလဲလို့ဆိုရင် "ရူပါရုံနဲ့ ပြိုင်ပြီးတော့ ဖြစ်လာတဲ့ စက္ခုပသာဒရုပ်လေးကို မှီတယ်"တဲ့၊ သူ့ထက် စိတ်ပေါင်း ဘယ်လောက်စောသလဲဆိုရင် အတီတဘဝင်, ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်းဆိုတဲ့ စိတ် ၄-ချက် သူက စောတယ်ပေါ့။

**စက္ခာယတနက ဖဿကို ကျေးဇူးပြုပုံ**

အဲဒီ စိတ် ၄-ချက်စောတဲ့ ဒီစက္ခာယတနလေးက စက္ခုဝိညာဏ်စိတ်နဲ့ ယှဉ်တွဲလာတဲ့ ဖဿကို ဘာပစ္စည်းတွေနဲ့ ကျေးဇူးပြုတာတုန်းဆိုတော့ **နိဿယပစ္စယော** တဲ့၊ မှီရာအနေနဲ့ ကျေးဇူးပြုတယ်၊ နောက်တစ်ခါ **ပုရေဇာတပစ္စယော-** ကြိုတင်ဖြစ်နှင့်ပြီးတော့ ကျေးဇူးပြုတယ်၊ စက္ခာယတနလေးက ဖဿမဖြစ်ခင် ကြိုတင်ပြီးတော့ ဖြစ်နေတယ်၊ ကြိုတင်ဖြစ်နှင့်သောအားဖြင့် ကျေးဇူးပြုတယ် ပုရေဇာတပစ္စယော။

နောက်တစ်ခု စက္ခာယတနလေးက စက္ခုန္ဒြေဆိုပြီး ဣန္ဒြေလို့လည်း ခေါ်တယ်၊ အဲဒါကြောင့်မို့လို့ **ဣန္ဒြိယသတ္တိ**နဲ့လည်း ကျေးဇူးပြုတယ်၊ စက္ခာယတနလေးက ရုပ်တရား, ဖဿက နာမ်တရား၊ ရုပ်နဲ့ နာမ် ဆိုတာ ပေါင်းစပ်လို့ မရသည့်အတွက်ကြောင့် **ဝိပ္ပယုတ္တပစ္စယော** - ဒီသတ္တိနဲ့ ကျေးဇူးပြုတယ်၊ စက္ခာယတနလေး ရှိနေတုန်း ဖဿကို အကျိုးပြုတာ ဖြစ်သောကြောင့် **အတ္ထိပစ္စယော**၊

http://www.dhammadownload.com



မကင်းကွာခင် ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အဝိဂတပစ္စယော** တဲ့။

**"စက္ခာယတနပစ္စယာ ဖဿော"** လို့ ဆိုတဲ့နေရာမှာ ပဌာန်းက ဘယ်နှစ်ပစ္စည်း ဝင်လာတုန်းဆိုတော့ ၆-ပစ္စည်း ဝင်လာတယ်လို့ ဒီလိုပြောတာ၊ ဒါပဌာန်းနည်းနဲ့ ကြည့်လိုက်လို့ရှိရင် ၆-ပစ္စည်း - **နိဿယပစ္စည်း, ပုရေဇာတပစ္စည်း, ဣန္ဒြိယပစ္စည်း, ဝိပ္ပယုတ္တ-ပစ္စည်း, အတ္ထိပစ္စည်း, အဝိဂတပစ္စည်း**လို့ ဒါ သူ့ရဲ့ စွမ်းရည်သတ္တိတွေကို အသုံးပြုတာ။

ဆိုလိုတာက ဒီသဘာဝတရားနှစ်ခုဟာ ဆက်သွယ်လာတဲ့ အခါမှာ ဒီအကြောင်းတရားမှာ စွမ်းရည်သတ္တိလေးတွေ ရှိတယ်၊ အဲဒီစွမ်းရည်သတ္တိတွေက ဘာတွေလဲဆိုတာကို ပဌာန်းနည်းအရ ရှင်းပြတာ၊ ပဋိစ္စသမုပ္ပါဒ်မှာတော့ ဒီလောက် အသေးစိတ် မရှင်းပြဘူး၊ အကြောင်းတရား ရှိလို့ အကျိုးတရား ရှိရတယ်ဆိုတာ လောက်ပဲ ပြောတယ်၊ ပဌာန်းကျတော့ အသေးစိတ် ထပ်ပြီးတော့ ရှင်းပြတယ်လို့ ဒီလိုပြောတာ။

ဒါလေးကို နားလည်လိုက်လို့ရှိရင် သောတာယတနနဲ့ -
**"သောတာယတနပစ္စယာ ဖဿော"** ဆိုလည်း ဒီ ၆-ပစ္စည်းပဲ၊
**"ဃာနာယတနပစ္စယာ ဖဿော"** ဆိုလည်း ဒီ ၆-ပစ္စည်းပဲ၊
**"ဇိဝှါယတနပစ္စယာ ဖဿော"** ဆိုလည်း ဒီ ၆-ပစ္စည်းပဲ၊
**"ကာယာယတနပစ္စယာ ဖဿော"** ဆိုလည်း ဒီ ၆-ပစ္စည်းပဲ၊
ဆိုင်ရာ ဆိုင်ရာ အာရုံလေးတွေ ပြောင်းသွားတာပဲ ရှိတယ်။

ရူပါရုံနဲ့ စက္ခုပသာဒဆိုရင် စက္ခုဝိညာဏ်စိတ်ပေါ့၊ သဒ္ဒါရုံနဲ့ သောတပသာဒဆိုရင် သောတဝိညာဏ်စိတ်ပေါ့၊ ဂန္ဓာရုံနဲ့ ဃာန-

http://www.dhammadownload.com



ပသာဒဆိုရင် ဃာနဝိညာဏ်စိတ်၊ ရသာရုံနဲ့ ဇိဝှါပသာဒဆိုရင် ဇိဝှါ-ဝိညာဏ်စိတ်၊ ဖောဋ္ဌဗ္ဗာရုံနဲ့ ကာယပသာဒဆိုရင် ကာယဝိညာဏ်စိတ်လို့ ဆိုင်ရာ ဆိုင်ရာ သဘာဝတရားလေးတွေ သူ့ဒွါရနဲ့ သူ၊ သူ့အာရုံနဲ့ သူ၊ သူ့ဖဿနဲ့ သူ အဲဒီလိုသွားကြတယ်။

**မနာယတနက ဖဿကို ကျေးဇူးပြုပုံ**

ကဲ နောက်ဆုံး မနာယတနဆိုတာ ဘာကို ပြောတာတုန်းဆိုတော့ - သာမန်အားဖြင့် စိတ်ပေါင်း ၈၉-ခုကို ပြောတာ၊ ဒီနေရာမှာတော့ လောကီစိတ်ပဲ ယူတယ်၊ လောကီစိတ်ထဲမှာ တစ်ခါ ဝိပါက်စိတ်တွေလောက်တင် တချို့ကျမ်းက ယူတယ်ပေ့ါ။

ကဲ ထားတော့၊ မနာယတနဆိုတဲ့စိတ်၊ **"မနာယတနပစ္စယာ ဖဿော"** လို့ ဆိုလို့ရှိရင် ဘယ်ဖဿ ဖြစ်မှာတုန်းဆိုရင် မနော-သမ္ဖဿပဲ၊ မနောဒွါရမှာဖြစ်တဲ့ ဖဿတရား၊ ဒီမှာလည်းပဲ သုတ္တန်ပါဠိတော်အရ ပြောရမယ်ဆိုရင် **"မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော"** ပဲ၊ ဓမ္မ ဆိုတဲ့ အာရုံနဲ့ **မန** ဆိုတဲ့ မနောဒွါရ ဆုံတွေ့လိုက်တဲ့အခါမှာ **မနောဝိညာဏ်စိတ်** ဖြစ်တယ်၊ အဲဒီ ၃-ခု ပေါင်းဆုံမိခြင်းကြောင့် ဖဿဆိုတာ ပေါ်လာတယ်လို့ သုတ္တန်ပါဠိတော်တွေမှာ ဒီလိုရှင်းတယ်။

အခု ဒီပဋိစ္စသမုပ္ပါဒ်မှာ **"မနာယတနပစ္စယာ မနော-သမ္ဖဿော"** လို့ ပြောမယ်၊ "မနာယတနကြောင့် ဖဿဖြစ်တယ်" ဆိုတဲ့နေရာမှာ မနောသမ္ဖဿဖြစ်ပုံ ကြည့်ရမယ်၊ မနာယတနက လည်းပဲ နာမ်တရားပဲ၊ မနောသမ္ဖဿကလည်းပဲ နာမ်တရားပဲ၊ စိတ်နဲ့ စေတသိက် ဆိုတာ born together အတူတကွ မွေးဖွား

http://www.dhammadownload.com



ကြတယ်၊ ခုနက ရုပ်နဲ့ နာမ်လို မဟုတ်ဘူး၊ ခုနက စက္ခုပသာဒတို့ သောတပသာဒတို့ ဃာနပသာဒတို့ ဇိဝှါပသာဒတို့ ကာယပသာဒ တို့ဆိုတာ ကြိုတင်မွေးဖွားထားတာ၊ ကြိုတင်မွေးဖွားပြီး စိတ်ကို အထောက်အကူပြုတာ, ဖဿကို အထောက်အကူပြုကြတာ၊ စိတ်နဲ့ စေတသိက်က ပြိုင်တူမွေးဖွားလာတာ ဖြစ်သောကြောင့် ပဋ္ဌာန်း ပစ္စည်းအရ မျိုးတူတာ ဖြစ်တယ်၊ ဘာမျိုးတုန်းဆိုရင် သဟဇာတမျိုး တဲ့၊ ပဋ္ဌာန်းမှာလည်း မတူညီတဲ့မျိုးလေးတွေ ရှိတယ်ပေါ့။

ဆိုပါစို့ - ပြိုင်တူမွေးဖွားလာတာက သဟဇာတအုပ်စု၊ ကြိုတင်ပြီးတော့ မွေးဖွားလာတာကို ပုရေဇာတအုပ်စု၊ အကြောင်း တရားရဲ့နောက်မှာ မွေးဖွားလာတဲ့ ပစ္ဆာဇာတအုပ်စု၊ အာရုံအနေနဲ့ ကျေးဇူးပြုတာက အာရမ္မဏအုပ်စု၊ အဲဒီလို သူ့အုပ်စုလေးနဲ့သူ ရှိ တယ်၊ အခု ဒီဟာကျတော့ စိတ်နဲ့ စေတသိက်ဆိုတော့ ပြိုင်တူ မွေးဖွားလာသည့်အတွက်ကြောင့် **သဟဇာတအုပ်စု** တဲ့။

သဟဇာတအုပ်စုဖြစ်သည့်အတွက်ကြောင့်အခု မနာယတန ကနေ မနောသမ္ဖဿဖြစ်လာတဲ့ အခါကျတော့ ဘယ်နှစ်ပစ္စည်းနဲ့ ကျေးဇူးပြုတုန်းဆိုတော့ ၉-ပစ္စည်းနဲ့ ကျေးဇူးပြုတယ်၊ ဒါလည်းပဲ ဝိပါက်ကို ယူသည့်အတွက်ကြောင့် ဝိပါက ပါတယ်၊ ဝိပါက်စိတ် မဟုတ်ဘူး ဆိုရင်တော့ ဝိပါက မပါရဘူးဆိုတာကိုတော့ မှတ်ရမှာ ပေါ့နော်။

အဲဒီတော့ ဝိပါက်ကိုရည်ရွယ်ပြီးတော့ ဝိပါကစိတ် မနာယတန ဆိုတာ စိတ်ပဲ၊ မနောသမ္ဖဿဆိုတာ ဖဿတရား၊ အဲဒီမှာ ၉- ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်၊ ၉-ပစ္စယသတ္တိဆိုတာ ဘာလဲဆိုရင် **သဟဇာတ**-အတူတကွဖြစ်ပြီးတော့ ကျေးဇူးပြုတယ်၊ **အညမည** -

http://www.dhammadownload.com



အပြန်အလှန် ဖြစ်ပြီးတော့ ကျေးဇူးပြုတယ်၊ **နိဿယ**- မှီရာဖြစ်ပြီး တော့ ကျေးဇူးပြုတယ်၊ **ဝိပါက** - စိတ်က ငြိမ်သက်ပြီးတော့ နေတဲ့ အတွက်ကြောင့် စေတသိက်ကလည်း ငြိမ်သက်စေရတယ်ဆိုတဲ့ ဝိပါကသတ္တိနဲ့ ကျေးဇူးပြုတယ်။

နောက်တစ်ခုက စိတ်ဆိုတော့ ဝိညာဏာဟာရ ရှိနေသည့် အတွက်ကြောင့် **အာဟာရသတ္တိ**နဲ့လည်း ကျေးဇူးပြုတယ်၊ မနိန္ဒြေ ရှိသည့်အတွက်ကြောင့် **ဣန္ဒြိယသတ္တိ**နဲ့လည်း ကျေးဇူးပြုတယ်၊ နောက် စိတ်နဲ့ စေတသိက် ဖြစ်သည့်အတွက်ကြောင့် တူ ၄-တူ **သမ္ပယုတ္တပစ္စည်း**နဲ့လည်း ကျေးဇူးပြုတယ်၊ ရှိနေတုန်း ကျေးဇူးပြုလို့ **အတ္ထိ**၊ မကင်းကွာခင် ကျေးဇူးပြုတာဖြစ်သောကြောင့် **အဝိဂတ**လို့ - ပေါင်းလိုက်တဲ့အခါကျတော့ ၉-ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်။

ပဋိစ္စသမုပ္ပါဒ်နဲ့ ပြောတဲ့အခါကျတော့ **"သဠာယတနပစ္စယာ ဖဿော"** လို့ မြတ်စွာဘုရားက ဒါလောက်ပဲ ဟောတယ်၊ ပဋ္ဌာန်း ကျတော့ ထပ်ပြီး အသေးစိတ်လိုက်တာ၊ "စက္ခာယတနပစ္စယာ ဖဿော၊ သောတာယတနပစ္စယာ ဖဿော၊ ဃာနာယတနပစ္စယာ ဖဿော၊ ဇိဝှါယတနပစ္စယာ ဖဿော၊ ကာယာယတနပစ္စယာ ဖဿော၊ မနာယတနပစ္စယာ ဖဿော"ဆိုပြီး အသေးစိတ် ဆိုင်ရာ ဆိုင်ရာ တစ်ခုစီနဲ့ ပဋ္ဌာန်းနည်းတွေနဲ့ ဆက်သွယ်ပြီးတော့ ဒီလို မြတ်စွာဘုရားက ဟောထားတယ်၊ ဒါက သက်ရှိသတ္တဝါတွေ မိမိ တို့ရဲ့သန္တာန်တူမှာ ဖြစ်တဲ့တရားတွေနဲ့ ပြောသွားတာ။

ဥပမာမယ် စက္ခာယတနကလည်း ပုဂ္ဂိုလ်တစ်ဦးရဲ့ သန္တာန် မှာ ဖြစ်တယ်၊ ဖဿကလည်း ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်တဲ့ ဖဿ၊ ပုဂ္ဂိုလ် မကွဲဘူး၊ "သူ့သန္တာန်ဖြစ်တဲ့ စက္ခာယတနက ငါ့သန္တာန်မှာ

http://www.dhammadownload.com



ဖြစ်တဲ့ ဖဿကို ကျေးဇူးပြုတာမျိုး” မဟုတ်ဘူး၊ သန္တာန်တူတယ်လို့ ပြောတာက ကိုယ့်သန္တာန်မှာဖြစ်တဲ့ စက္ခာယတနက ကိုယ့်သန္တာန်မှာဖြစ်တဲ့ ဖဿကို ကျေးဇူးပြုတယ်လို့ ပြောတာ။

**အပြင်အာယတနတွေက ကျေးဇူးပြုပုံ**

ကဲ ကောင်းပြီ - “ဗာဟိရာယတန” အပြင်အာယတနတွေကနေပြီးတော့ ကျေးဇူးပြုနိုင်တယ်လို့ ဆိုတဲ့ အယူအဆတစ်ရပ်အရကျတော့ ပဋ္ဌာန်းနည်းနဲ့ ဘယ်လိုရှုမြင်သုံးသပ်မလဲ? ဆိုပါစို့ - ခုနတုန်းက ပြောထားတဲ့ ဗာဟိရာယတနတွေကိုလည်း ထည့်ပြီးတော့ ပြောတယ်၊ ဗာဟိရာယတနတွေက ၆-ခု ရှိတယ်၊ **ရူပါယတန** အဆင်း, **သဒ္ဒါယတန** အသံ, **ဂန္ဓာယတန** အနံ့, **ရသာယတန** အရသာ, **ဖောဋ္ဌဗ္ဗာယတန** အထိအတွေ့, **ဓမ္မာယတန** သဘာဝတရား ဆိုပြီးတော့ အားလုံး ဗာဟိရာယတန ၆-ပါး ရှိတယ်၊ အဲဒီ ၆-ပါးက နေပြီးတော့လည်းပဲ ဖဿကို ကျေးဇူးပြုနိုင်သေးတယ်။

တချို့အဘိဓမ္မာဆရာတွေရဲ့ အဆိုအရ ဒါကို ပဋ္ဌာန်းပစ္စည်းနဲ့ ဘယ်လိုပြောမလဲလို့ ဆိုတဲ့အခါကျတော့ ကြည့် - ရူပါယတနကနေ ဖဿကို ကျေးဇူးပြုရမယ်၊ ဘယ်ဖဿတုန်းဆိုရင် ရူပါယတနက ကျေးဇူးပြုတာက စက္ခုသမ္ဖဿ၊ မျက်စိလေးပေါ်မှာ စက္ခုဝိညာဏ်စိတ်နဲ့ ယှဉ်တွဲပြီးတော့လာတဲ့ ဖဿလေးကို ကျေးဇူးပြုတာ၊ ဒီတော့ စက္ခုဝိညာဏ်စိတ်လေးက ဘာကို အာရုံပြုတာတုန်းဆိုတော့ အဆင်းအာရုံကို အာရုံပြုတာ၊ အဆင်းအာရုံကို အာရုံပြုပြီးတော့မှ စက္ခုဝိညာဏ်စိတ်ကလေး ပေါ်တယ်၊ စက္ခုဝိညာဏ်စိတ်လေးပေါ်လိုက်တော့မှ ဖဿ ပါလာတာ။

http://www.dhammadownload.com



ဒီတော့ သုတ္တန်ပါဠိတော်မှာ ခုနကပြောထားတဲ့အတိုင်း **"စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ ဖဿော"**- "မျက်စိနဲ့ အဆင်းအာရုံ ဆုံလိုက်မိတဲ့အခါမှာ ထိုမျက်စိနဲ့ အဆင်းကို အကြောင်းပြုပြီးတော့ မြင်သိစိတ်လို့ခေါ်တဲ့ စက္ခုဝိညာဏ်စိတ်ကလေး ပေါ်လာရတယ်"၊ **တိဏ္ဏံ သင်္ဂတိ ဖဿော** - အဲဒီ စက္ခုပသာဒရယ်, အဆင်းအာရုံရယ်, မြင်သိစိတ်ရယ် ၃-ခု ဆုံစည်းမိလိုက်ခြင်းကြောင့် ဖဿဆိုတာ ပေါ်လာရတယ်၊ အဲဒီလိုဟောတော့ ခုနက စက္ခာယတနနဲ့ ဖဿ ဆက်သွယ်မှုကို ပြောပြီးပြီ၊ နိဿယတို့ ပုရေဇာတတို့ နည်းတွေနဲ့ နော်၊ အဲဒီလို ၆-ပစ္စည်း။

ခုတစ်ခါ ရူပါယတနက ဖဿကို ဘာပစ္စည်းတွေနဲ့ ကျေးဇူးပြုလဲလို့ ပဋ္ဌာန်းရှုထောင့်က ကြည့်မယ်ဆိုလို့ ရှိရင်တော့ သူက အာရမ္မဏသတ္တိနဲ့ ကျေးဇူးပြုတယ်၊ အာရုံအနေနဲ့ ကျေးဇူးပြုတာဖြစ်သောကြောင့် ရူပါယတနက အာရုံ, ရူပါယတနကို အာရုံပြုပြီးတော့မှ စက္ခုဝိညာဏ်စိတ်လေး ပေါ်လို့ရတာ ဖြစ်သောကြောင့် **အာရမ္မဏ**၊ အဲဒီအာရမ္မဏသည် ကြိုတင်ပြီးတော့ ဖြစ်နေတဲ့ အာရမ္မဏဖြစ်သောကြောင့် **အာရမ္မဏပုရေဇာတ**၊ ရှိနေတုန်း ကျေးဇူးပြုတာဖြစ်သောကြောင့် **အတ္ထိ**၊ မကင်းကွာခင် ကျေးဇူးပြုတာဖြစ်သောကြောင့် **အဝိဂတ**ဆိုပြီးတော့ ၄-ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဗာဟိရာယတနနဲ့ ထည့်ပြီးတော့ ဒီ **"သဠာယတနပစ္စယာ ဖဿော"** ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းနဲ့ လေ့လာသုံးသပ်လို့ရှိရင် ဒီလို အဖြေထုတ်လို့ ရတယ်ပေါ့။

ထို့အတူပဲ ဒါ နားလည်သွားလို့ရှိရင် **သဒ္ဒါယတန** ဆိုတဲ့ သဒ္ဒါရုံ, **ဂန္ဓာယတန**ဆိုတဲ့ ဂန္ဓာရုံ, **ရသာယတန** ဆိုတဲ့ ရသာရုံ,

http://www.dhammadownload.com



**ဖောဋ္ဌဗ္ဗာယတန** ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံ, **ဓမ္မာယတန**ဆိုတဲ့ ဓမ္မာရုံ - အဲဒီဗာဟိရာယတန ၆-ပါးလည်းပဲ ဆိုင်ရာ ဆိုင်ရာ စိတ်သဘာဝ တရားတွေနဲ့ ဆက်သွယ်ပြီးတော့ ဖြစ်လာတဲ့ ဖဿကို ခုလိုပြောတဲ့ အာရမ္မဏသတ္တိနဲ့လည်း ကျေးဇူးပြုတယ်လို့ ဒီ ၄-ပစ္စည်းနဲ့ပဲ သွား တယ်ပေါ့နော်၊ နောက်ဆုံး အားလုံးခြုံငုံပြီးတော့ ပြောတဲ့အခါကျ တော့ တစ်ခါတစ်ရံ ဗာဟိရာယတန ၆-မျိုးလုံးက ကျေးဇူးပြုနိုင် သေးတယ်။

အဲဒီလို ကျေးဇူးပြုတဲ့အခါ ကျလို့ရှိရင် ဗာဟိရာယတနက နေပြီးတော့ မနောသမ္ဖဿတစ်ခုတည်းကို ကျေးဇူးပြုတယ်၊ ဘာ ဖြစ်လို့တုန်းဆိုတော့ စိတ်က အဲဒီအာရုံတွေအားလုံးကို တွေးခေါ် ပြီးတော့ ကြည့်လို့ ရတာကိုး၊ ရူပါရုံကိုလည်းပဲ စဉ်းစားလို့ ရတယ်၊ သဒ္ဒါရုံကိုလည်း စဉ်းစားလို့ ရတယ်၊ ဂန္ဓာရုံတို့ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ တို့ကိုလည်း စဉ်းစားလို့ ရတယ်၊ ဓမ္မာရုံကိုလည်း စဉ်းစားလို့ ရတယ်။

အဲဒီလို စဉ်းစားလို့ရလို့ ပေါ်လာတဲ့ မနောသမ္ဖဿကို ဘာ သတ္တိနဲ့ ကျေးဇူးပြုတုန်းဆိုတော့ အဲဒီကျတော့ **အာရမ္မဏသတ္တိ** တစ်ခုတည်းနဲ့ပဲ ကျေးဇူးပြုတယ်လို့ ပြောတာ၊ အာရုံဖြစ်ပြီးတော့ ကျေးဇူးပြုတယ်၊ ပုရေဇာတတို့ မပါလာတော့ဘူး၊ ဒါက **"သဠာယတနပစ္စယာ ဖဿော"**ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်း ဖြင့် သုံးသပ်ပြတဲ့နည်းပေါ့၊ အဋ္ဌကထာဆရာ သုံးသပ်ပြတဲ့နည်းပဲ။

http://www.dhammadownload.com



## "ဖဿပစ္စယာ ဝေဒနာ"

တစ်ခါ နောက်တစ်ခု သွားကြည့်ရအောင်၊ ဘုန်းကြီးတို့ တစ်တွေမှာ သဘာဝကို စဉ်းစားကြည့်လိုက် . . . အာရုံနဲ့ စိတ်နဲ့ ဆက်သွယ်မှု ရသွားတာဟာ ဖဿလို့ ပြောတာ၊ အဲဒီလို ဆက်သွယ်မှု ရသွားလို့ရှိရင် ဒီတိုင်းပဲ ရပ်နေသလားဆိုတော့ မရပ်ဘူး၊ အာရုံက နှစ်သက်စရာအာရုံ ဆိုလို့ရှိရင် ချမ်းသာတဲ့ခံစားမှု ပေါ်လာတယ်၊ အာရုံက နှစ်သက်စရာအာရုံ မဟုတ်ဘူး ဆိုလို့ရှိရင် ဆင်းရဲတဲ့ ခံစားမှု ပေါ်လာတယ်၊ ဆိုလိုတာက အာရုံကို ကြည့်ပြီးတော့ ခံစားမှုတွေ ပေါ်လာတာ၊ အာရုံနဲ့ စိတ်နဲ့ ဆက်သွယ်တာကို အကြောင်းပြုပြီးတော့ ခံစားမှုဆိုတဲ့ ဝေဒနာတွေ ပေါ်လာတယ်။

ဒါ မှန်တယ်လေ- မမြင်ဘဲနဲ့ အတွေ့အကြုံဆိုတာ မရဘူး၊ မကြားဘဲနဲ့ အတွေ့အကြုံဆိုတာလည်း မရဘူး၊ အားလုံးဟာ စမ်းသပ်ပြီးတော့ ကြည့်ကြရတာ၊ မျက်စိနဲ့ မြင်ဖူးတဲ့အာရုံပေါ်မှာ အတွေ့အကြုံ, နားနဲ့ ကြားဖူးတဲ့အသံပေါ်မှာ အတွေ့အကြုံ, နှာခေါင်းနဲ့ အနံ့ရဖူးတဲ့ အနံ့ပေါ်မှာ အတွေ့အကြုံ, လျှာနဲ့ လျက်ဖူးတဲ့ အရသာ အာရုံပေါ်မှာ အတွေ့အကြုံ, ခန္ဓာကိုယ်နဲ့ ထိတွေ့ဖူးတဲ့ အတွေ့ အာရုံပေါ်မှာ အတွေ့အကြုံ, စိတ်ထဲမှာ ကူးဖူးတဲ့ အတွေးအာရုံ ပေါ်မှာ အတွေ့အကြုံ ဆိုတာ၊ အဲဒီအတွေ့အကြုံလေးတွေကိုပဲ ဝေဒနာလို့ ခေါ်တာ၊ ဝေဒနာဆိုတာ experience of object , feeling လို့လည်း ပြန်ကြတယ်ပေါ့၊ အများကတော့ ဝေဒနာ ဆိုတာ feeling လို့ပဲ သိကြတယ်၊ အာရုံလေးတစ်ခုကို ဆုံမိထား လို့ရှိရင် အတွေ့အကြုံလေးက ရ,ထားတယ်။

http://www.dhammadownload.com



လူတွေမှာ အတွေ့အကြုံဆိုတာ ရှိတယ်လေ၊ သံပုရာသီး မြင်လို့ရှိရင် ချဉ်တယ်ဆိုတဲ့ အတွေ့အကြုံက ရှိထားတော့ သံပုရာ သီးမြင်တာနဲ့ အလိုလိုချဉ်နေပြီ၊ ဆားမြင်တာနဲ့ ငန်နေပြီနော်၊ အတွေ့အကြုံနဲ့ ပြောတာ၊ ငရုတ်သီးမြင်လို့ရှိရင် စပ်နေပြီ - လူက ကြုံတင်ပြီးတော့၊ ဒီပြင်ဟာတွေတော့ သိပ်ပြီးတော့ မထင်ရှားဘူး၊ သံပုရာသီးမြင်လို့ရှိရင် အလိုအလျှောက်ကို တံတွေးက ဖြစ်လာ တာ၊ ဘာဖြစ်လို့တုန်းဆိုတော့ အတွေ့အကြုံရှိလို့၊ **"ဖဿပစ္စယာ ဝေဒနာ"** ဆိုတာ ဒီလို လာတာပေါ့၊ ဖဿရဲ့စွမ်းဆောင်မှုအား ကြီး လေလေ ဝေဒနာဖြစ်ပေါ်လာမှုအားက ကြီးလေလေပဲ၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားက **"ဖဿပစ္စယာ ဝေဒနာ"** လို့ ဒီလို ဟောလိုက်တယ်။

အဲဒီလို ဟောတဲ့အခါမှာ ခုနတုန်းက ဖဿကို ဘယ်နှစ်မျိုး ခွဲတာလဲ၊ ဒွါရ ၆-ပါးကို ကြည့်ပြီး ဖဿကို ၆-မျိုးတဲ့၊ စက္ခုဒွါရမှာ ဖဿတစ်မျိုး- **စက္ခုသမ္ဖဿ**၊ သောတဒွါရက ဖဿတစ်ခု၊ ဃာနဒွါရ က ဖဿတစ်ခု၊ ဇိဝှါဒွါရက ဖဿတစ်ခု၊ ကာယဒွါရက ဖဿတစ်ခု၊ မနောဒွါရက ဖဿတစ်ခုလို့ ဆိုပြီးတော့ ဖဿကို ၆-မျိုးခွဲတယ်။

အဲဒီဖဿကို ၆-မျိုး ခွဲသလိုပဲ ဝေဒနာဟာလည်းပဲ ဖဿလို စေတသိက်သဘာဝတရားလေးတစ်ခုပဲ၊ စိတ်အားလုံးနဲ့ ဆက်သွယ် ပြီးတော့ ဖြစ်ပေါ်နိုင်တဲ့သဘာဝတရားလေးတစ်ခု၊ ဖဿကို ခွဲသလို ပဲ ဝေဒနာကိုလည်းပဲ ဒီနေရာမှာ ၆-မျိုး ခွဲတယ်၊ ဖဿကို ကြည့် ပြီး သူ့ကို နာမည်ပေးလိုက်တယ်၊ စာလိုပြောရင် **"စက္ခုသမ္ဖဿဇာ -ဝေဒနာ"** လို့ အဲဒီလိုခေါ်တယ်၊ စက္ခုသမ္ဖဿဇာဝေဒနာ ဆိုတာ စက္ခုသမ္ဖဿကြောင့် ဖြစ်လာတဲ့ ဝေဒနာလို့ - ဒီလို ပြောတာ၊

http://www.dhammadownload.com



စက္ခုဝေဒနာ၊ သောတဝေဒနာလို့ အဲဒီလို စာထဲမှာ မသုံးဘူး၊ ဖဿနာမည်ပါ ထည့်ပြီးတော့ ပြောထားတာ၊ **စက္ခုသမ္ဖဿဇာ-ဝေဒနာ၊ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ၊ ကာယသမ္ဖဿဇာဝေဒနာ၊ မနော-သမ္ဖဿဇာဝေဒနာ** လို့ အကြောင်းတရားရဲ့နာမည်ကိုပါ ထည့်ပြီးတော့ ဝေဒနာကို ၆-မျိုး ခွဲပေးထားတယ်။

ဒီတော့ **"ဖဿပစ္စယာ ဝေဒနာ"** မှာလည်းပဲ ဝေဒနာကို ၆-မျိုးလို့ ဒီလို မှတ်ရမှာပေါ့၊ အဲဒီလိုပြောတော့ ပဋ္ဌာန်းနည်းအရ ဖဿနဲ့ ဝေဒနာဟာ ဘယ်လိုဆက်သွယ်မှုရှိသလဲ?သာမန်အကြမ်းသဘောပဲ စဉ်းစားကြည့်လိုက်၊ ဆိုပါစို့ - ခုနက ရူပါရုံနဲ့ စက္ခုပသာဒ ဆုံလိုက်တဲ့အခါမှာ (မျက်လုံးလေးနဲ့ အဆင်းအာရုံဆုံလိုက်တဲ့အခါမှာ) မြင်သိစိတ်လေး ပေါ်လာတယ်။

အဲဒီမြင်သိစိတ် ပေါ်လာတာနဲ့တစ်ပြိုင်နက် ဘယ်သူလာတုန်းဆိုရင် ဖဿ ဆုံစည်းပေးမှုလေး လာတယ်၊ ဖဿ လာလိုက်တာနဲ့ ဘာလာတုန်းဆိုရင် နောက်က **"ဖဿပစ္စယာ ဝေဒနာ"**ဆိုတာ လာတယ်၊ ဒါ သုတ္တန်ပါဠိတော်တွေမှာလည်း ဖြစ်စဉ်လေးကို ဒီလိုပဲ ဟောထားတာ၊ ဒါပေမယ့် ရှေ့နောက်ဖြစ်တယ်လို့တော့ မအောက်မေ့နဲ့၊ ပိုပြီး ထင်ရှားလို့ မြတ်စွာဘုရားက ရှေ့နောက်အနေနဲ့ ဟောထားတာနော်။

မြန်မာလိုပြောရင် "စက္ခုပသာဒမျက်စိအကြည်နဲ့ အဆင်းအာရုံလေးနဲ့ ဆုံလိုက်တဲ့အခါမှာ မြင်သိစိတ်ပေါ်တယ်၊ အဲဒီ ၃-မျိုး ဆုံစည်းမှုလေးသည်ပင် ဖဿဖြစ်လာတယ်၊ ဖဿဖြစ်ခြင်းကြောင့် ဝေဒနာဖြစ်လာတယ်၊ ဝေဒနာဖြစ်ခြင်းကြောင့် တဏှာဖြစ်တယ်"

http://www.dhammadownload.com



လို့ ဒီလို သွားတယ်၊ ဒါက သုတ္တန်ပါဠိတော်တွေမှာ ဖြစ်စဉ်လေးကို ဒီလိုဟောထားတာ။

## ဖဿဖြစ်ပြီးမှ ဝေဒနာဖြစ်လာတာ မဟုတ်

အဲဒီနေရာမှာ ဖဿဖြစ်လို့ ဝေဒနာဖြစ်တယ် ဆိုတာ ဖဿဖြစ်ပြီးမှ ဝေဒနာဖြစ်လာတာ မဟုတ်ဘူး၊ ဖဿရဲ့အရှိန်ကို ကြည့်ပြီး ဝေဒနာရဲ့အရှိန်အဝါကို ဆုံးဖြတ်ရတာဖြစ်သောကြောင့် ဖဿနဲ့ ဝေဒနာသည် ပြိုင်တူဖြစ်သော်လည်းပဲ ဖဿအရှိန် ကြီးလေလေ ဝေဒနာအရှိန် ကြီးလေလေ ဖြစ်သောကြောင့် ဖဿကြောင့် ဝေဒနာဖြစ်တယ်လို့ ဒီလိုဟောတာ။

ကဲ ကောင်းပြီ - အဘိဓမ္မာသင်ထားတဲ့ပုဂ္ဂိုလ်တွေ - မြင်သိစိတ်လေးမှာ စေတသိက်ပေါင်း ဘယ်လောက်ယှဉ်တုန်း ဆိုတော့ ၇-ခု ယှဉ်တယ်၊ အဲဒီ ၇-ခုက ဘာတွေတုန်းဆိုတော့ **ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြေ, မနသိကာရ**လို့ စေတသိက် ၇-ခု၊ စက္ခုဝိညာဏ်စိတ် ဖြစ်တိုင်းဖြစ်တိုင်း အဲဒီ ၇-ခု ကပါတယ်၊ အဲဒီ ၇-ခုရယ် စက္ခုဝိညာဏ်စိတ်ကလေးရယ် အားလုံး ပေါင်းလိုက်လို့ရှိရင် ၈-ခု။

ဒီ ၈-ခုက inseparable ခွဲစိတ်လို့ မရတဲ့ ၈-ခုပေါ့၊ စကားပြောတဲ့အခါသာ ခွဲပြောလို့ ရတာ၊ သဘာဝတရားကို သွားခွဲစိတ်လိုက်လို့ရှိရင် သူ့ရဲ့စွမ်းရည်သတ္တိတွေ ပျက်သွားတယ်၊ စွမ်းရည်သတ္တိမပျက်ဘဲနဲ့ ခွဲလို့ တစ်ခုစီ တစ်ကန့်စီ ထားလို့ မရဘူးတဲ့၊ အဲဒီတော့ ပြိုင်တူဖြစ်ကြတယ်လို့ ပြောတာက ဖဿနဲ့ ဝေဒနာဟာ ပြိုင်တူဖြစ်ပေမယ့်လို့ ပဋိစ္စသမုပ္ပါဒ်မှာ **"ဖဿပစ္စယာ ဝေဒနာ"** လို့

http://www.dhammadownload.com



ပါတယ်နော်၊ ရှေ့နောက်ကဲ့သို့ ဟောထားတာ၊ တကယ်က ရှေ့နောက် မဟုတ်ဘူး, ပြိုင်တူဖြစ်တာတဲ့၊ အဲဒီတော့ ပြိုင်တူဖြစ်တယ်ဆိုတဲ့နေရာမှာ ပဋ္ဌာန်းနည်းနဲ့ ဆင်ခြင်သုံးသပ်ကြည့်လိုက်မယ်ဆိုရင် ဘယ်လိုတွေ့နိုင်တုန်းဆိုတာကို ကြည့်ရအောင်။

## ပဋ္ဌာန်းနည်း

ဆိုပါစို့ - စက္ခုသမ္ဖဿဆိုတာလေးက ဘယ်မှာရှိတာတုန်းဆိုရင် စက္ခုဝိညာဏ်စိတ်မှာရှိတာ၊ အဲဒီစက္ခုသမ္ဖဿကြောင့် ဖြစ်လာတဲ့ ဝေဒနာလေးကရော ဘယ်မှာရှိတာတုန်းဆိုရင် စက္ခု-ဝိညာဏ်စိတ်မှာပဲ ရှိတယ်၊ ရှိသည့်အတွက်ကြောင့် သူတို့နှစ်ခုဟာ ပြိုင်တူဖြစ်လာကြတယ်၊ ပြိုင်တူဖြစ်လာသည့်အတွက်ကြောင့် ဘာပစ္စည်းတုန်းလို့ မေးလို့ရှိရင် သဟဇာတပစ္စည်းပေ့ါ၊ **သဟ** ဆိုတာ ပြိုင်တူ၊ **ဇာတ** ဆိုတာ ဖြစ်တာ။

ပြိုင်တူဖြစ်လာပြီးတော့ ဘာဖြစ်လို့ အကြောင်းရယ် အကျိုးရယ်လို့ ပြောရတုန်းလို့ဆိုရင် - ကဲ စဉ်းစားကြည့်ပေ့ါ ဖယောင်းတိုင်မီးလေး ထွန်းလိုက်တာနဲ့ တစ်ပြိုင်နက် အလင်းရောင်လေးက ပေါ်လာတယ်လို့ ဆိုတဲ့အခါမှာ မီးတောက်ကလေး ပေါ်လိုက်တာနဲ့ အလင်းရောင်ပေါ်တာဟာ ပြိုင်တူပဲ၊ ဘယ်သူ့ကို အကြောင်းလို့ ပြောမလဲဆိုရင် မီးတောက်ကလေးက အကြောင်း, အလင်းရောင်ကလေးက အကျိုးပဲလို့ ဒီလိုပြောရမယ်၊ နေမင်းကြီးပေါ်လာလို့ အလင်းရောင် ပေါ်လာတယ်ဆိုရင် နေမင်းကြီးက အကြောင်းပဲ, အလင်းရောင်က အကျိုးပဲပေ့ါ။

http://www.dhammadownload.com



အဲဒါလိုပဲ အခု ဖဿနဲ့ ဝေဒနာဟာ ပြိုင်တူပေါ်လာပေမယ့်လို့ ဖဿက အကြောင်းတရား, ဝေဒနာက အကျိုးတရားလို့ ဒီလို သုံးတယ်၊ အဲဒါဟာ သဟဇာတ born together ဆိုတာ အဲဒါပြောတာ၊ အတူတကွဖြစ်ပေါ်လာကြတယ်၊ အတူတကွဖြစ်ပေါ်လာသည့်အတွက်ကြောင့် **သဟဇာတသတ္တိ** ရတယ်၊ အပြန်အလှန်ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အညမညသတ္တိ**၊ မှီရာအနေနဲ့ ကျေးဇူးပြုတာ ဖြစ်သောကြောင့် **နိဿယသတ္တိ**၊ ဒီပဋိစ္စသမုပ္ပါဒ်မှာ ဝိပါကတရားတွေကို အဓိကထားတာ ဖြစ်သောကြောင့် **ဝိပါက သတ္တိ**၊ စိတ်ဖြစ်သောကြောင့် **အာဟာရသတ္တိ**။

နောက် ဖဿနဲ့ ဝေဒနာဆိုတာ နာမ်တရားတွေချည်း ဖြစ်သောကြောင့် **သမ္ပယုတ္တသတ္တိ**၊ ရှိနေတုန်း ကျေးဇူးပြုတာ ဖြစ်သောကြောင့် **အတ္ထိသတ္တိ**၊ မကင်းကွာခင် ကျေးဇူးပြုတာဖြစ်သောကြောင့် **အဝိဂတသတ္တိ**၊ ၈-ပစ္စယသတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဖဿက ၈-ပစ္စယသတ္တိကို အသုံးပြုပြီးတော့ ဒီဝေဒနာလေးကို ဖြစ်ပေါ်စေတယ်၊ ဝေဒနာရဲ့သဘာဝတရားတွေကို ထင်ရှားစေတယ်လို့ - အကြောင်းအကျိုးအနေနဲ့ မြတ်စွာဘုရားက ဒီလိုဟောတာ။

တစ်ခါ အဲဒီဖဿလေးက စက္ခုဝိညာဏ်စိတ်နဲ့ အတူတကွဖြစ်တဲ့ ဝေဒနာလေးကို ဒီလိုကျေးဇူးပြုတယ်လို့ဆိုတော့ အဲဒီဖဿက ဒီပြင်စိတ်တွေနဲ့ ယှဉ်တဲ့ဝေဒနာတွေကျတော့ ဘာပစ္စယသတ္တိနဲ့ ကျေးဇူးပြုတုန်း? ဥပမာ ဆိုပါစို့ - စက္ခုဝိညာဏ်စိတ်ကို မှီပြီးတော့ ဖြစ်တဲ့ ဖဿက သူ့နောက်မှာဖြစ်တဲ့ သမ္ပဋိစ္ဆိုင်းစိတ် ရှိတယ်၊ သန္တီရဏစိတ်ရှိတယ်၊ ဝိပါက်စိတ်တွေထဲက၊ နောက်တဒါရုံ ရှိတယ်၊ အဲဒီစိတ်တွေနဲ့ ယှဉ်ပြီးတော့ ဖြစ်လာတဲ့ဝေဒနာကို ဘာသတ္တိနဲ့

http://www.dhammadownload.com



ကျေးဇူးပြုတုန်းလို့ဆိုတဲ့ အခါကျတော့ အဲဒါကျတော့ **ဥပနိဿယ သတ္တိ**နဲ့ ကျေးဇူးပြုတယ်လို့ ဒီလိုပြောတယ်၊ ခုနက အတူတူဖြစ်လာတာ မဟုတ်သောကြောင့် ဥပနိဿယသတ္တိလို့ ဒီလိုပြောတာနော်၊ ဒါက ပဉ္စဒွါရပိုင်းမှာ ဒီလိုပြောတာ။

တစ်ခါ မနောဒွါရလို့ဆိုတဲ့ mind door ပေါ့၊ မနောဒွါရပိုင်းမှာဆိုလို့ရှိရင် မနောသမ္ဖဿဆိုတာ ရှိတယ်၊ မနောသမ္ဖဿ ဆိုတာ စိတ်နဲ့အတူတကွဖြစ်တဲ့ ဖဿ၊ အဲဒီဖဿလေးက သူနဲ့ အတူတကွ ဖြစ်တဲ့ ဝိပါက်စိတ်တွေမှာရှိတဲ့ ဝေဒနာလေး- ဒါပြိုင်တူဖြစ်ကြတာ၊ အဲဒီဝိပါက်စိတ်နဲ့ မနောသမ္ဖဿက နေပြီးတော့ ဆိုင်ရာဝိပါက်စိတ်နဲ့ အတူတကွဖြစ်လာတဲ့ ဝေဒနာကို ဘာသတ္တိနဲ့ ကျေးဇူးပြုတုန်းဆိုတော့ ခုနကပြောခဲ့တဲ့ ၈-မျိုးပဲ၊ **သဟဇာတ, အညမည, နိဿယ, ဝိပါက, အာဟာရ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ** ဒီ ၈-ပစ္စည်းနဲ့ပဲ ကျေးဇူးပြုတယ်လို့ ဒီလိုပြောတယ်၊ ဒါက မနောဒွါရပိုင်းမှာ။

တစ်ခါ ဆိုပါစို့ - ပဋိသန္ဓေစိတ်လေးမှာရှိတဲ့ ဖဿက အဲဒီ ပဋိသန္ဓေစိတ်ကလေးမှာရှိတဲ့ ဝေဒနာကို ဘာသတ္တိနဲ့ ကျေးဇူးပြုတုန်းဆို ဒီ၈-မျိုးပဲ၊ ဘဝင်စိတ်မှာရှိတဲ့ ဖဿက ဘဝင်စိတ်မှာရှိတဲ့ ဝေဒနာကို ဘာသတ္တိနဲ့ ကျေးဇူးပြုတုန်းဆို ဒီ ၈-မျိုးပဲ၊ စုတိစိတ်မှာရှိတဲ့ ဖဿက စုတိစိတ်မှာရှိတဲ့ ဝေဒနာကို ကျေးဇူးပြုတာလည်းပဲ ဒီ ၈-မျိုးပဲလို့ ဟော ၈-ပစ္စည်းနဲ့ပဲ ကျေးဇူးပြုတယ်။

## ဝိသုဒ္ဓိမဂ်အဆို

အဲဒီမှာက ဝိသုဒ္ဓိမဂ်မှာ ထူးဆန်းတာ ပြောထားတာ တစ်ခု ပါလာတယ်၊ အဲဒီ မနောဒွါရမှာ မနောဒွါရာဝဇ္ဇန်းစိတ်နဲ့ ယှဉ်တဲ့

http://www.dhammadownload.com



လာတဲ့ ဖဿက မနောဒွါရမှာရှိတဲ့ တဒါရုံ၊ ဒီတဒါရုံနဲ့ အတူတကွ ဖြစ်လာတဲ့ ဝေဒနာကို ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ်ဆိုတဲ့ စကားလေးတစ်ခု ပါလာတယ်။

ဘာဖြစ်လို့ ထူးဆန်းတယ်လို့ ပြောရတုန်းဆိုလို့ ရှိရင် အခု ပြောနေတာတွေက ပဋိစ္စသမုပ္ပါဒ်မှာ ဝိပါက်စိတ်တွေကိုပဲ ပြောတာ များတယ်၊ မနောဒွါရာဝဇ္ဇန်းဆိုတာ ဝိပါက်စိတ် မဟုတ်ဘူး,ကြိယာ စိတ်၊ အဲဒီကြိယာစိတ်နဲ့ ယှဉ်လာတဲ့ ဖဿက တဒါရုံဆိုတဲ့ ဝိပါက် စိတ်နဲ့ ယှဉ်ပြီးတော့ ဖြစ်လာတဲ့ ဝေဒနာကို ပဋ္ဌာန်းပစ္စည်းအနေနဲ့ ဘယ်လိုကျေးဇူးပြုတုန်းဆိုတော့ သူက ဥပနိဿယသတ္တိနဲ့ ကျေးဇူး ပြုတယ်လို့ အဲဒီလို ရေးတာ။

ဘာဖြစ်လို့ ဒီလိုရေးတုန်းဆိုရင် ပစ္စည်းပိုင်းမှာဆိုရင် အပိုင်း ကို နှစ်ပိုင်းခွဲလိုက်တာပေါ့၊ အကြောင်းတရားပိုင်းနဲ့ အကျိုးတရား ပိုင်း၊ အကြောင်းတရားပိုင်းကျတော့ ခုနက ဝိပါက်စိတ်သာ,မကဘူး တခြားအကြောင်းတရားပါ ယူနိုင်တယ်ဆိုတဲ့ယူဆချက်နဲ့ မနောဒွါရာ -ဝဇ္ဇန်းကို ထည့်ပြီးတော့ ပြောတာ၊ ဒါက စဉ်းစားစရာတစ်ခုကို ပြောတာ။

ဒီသဘာဝတရားတွေကို အဘိဓမ္မာမသင်ဖူးရင် နားလည်ဖို့ ခဲယဉ်းတယ်ပေါ့နော်၊ သို့သော် မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးကို အာရုံပြုပြီး ကြည်ညိုနိုင်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကလည်း ခက်ခဲတယ်၊ ခက်ခဲတဲ့ ပဋိစ္စသမုပ္ပါဒ်ကို လေးနက်အောင် ပဋ္ဌာန်းကျမ်းကြီးနဲ့ ဆင်ခြင်သုံးသပ်တယ်ဆိုတာ အလွန့်အလွန်ခက်ခဲတယ်၊ အလွန် ခက်ခဲတဲ့သဘာဝတရားတွေကို ဒီလိုရှင်းလင်းဟောကြားတဲ့ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကြီးဟာ အင်မတန်မှ ကြီးမားပါတယ်

http://www.dhammadownload.com



လို့ မြတ်စွာဘုရားရဲ့ဉာဏ်တော်တွေကို အာရုံပြုပြီးတော့ ကြည်ညို နိုင်ပါတယ်။

ဒါကြောင့် တရားချစ်ခင်သူတော်စင် ပရိသတ်အပေါင်းတို့ သည် ဗုဒ္ဓမြတ်စွာက “သတ္တဝါတွေ သိဖို့ရာခက်ခဲတဲ့ အခက်ခဲတွေ ထဲမှာ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အင်မတန်နားလည်ဖို့ ခက်တယ်၊ နိဗ္ဗာန် ဆိုတာလည်း အင်မတန်နားလည်ဖို့ ခက်တယ်တဲ့၊ ဒီလောက် ခက်ခဲတဲ့တရားတွေကို ကာမဂုဏ်အာရုံတွေနဲ့ ပျော်ပါးနေကြတဲ့ သတ္တဝါတွေကို ရှင်းပြရင်တော့ နားလည်မှာ မဟုတ်ဘူး၊ ဒါကြောင့် မို့ တရားဟောရင် ငါဘုရားပဲ ပင်ပန်းမှာပဲ” လို့ ဆိုတဲ့ စိတ်အကြံ ပေါက်လောက်အောင် ခက်ခဲတဲ့ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းနဲ့ တွဲဖက်လိုက်တဲ့အခါ ခက်သည့်ထက် ပိုပြီးတော့ ခက်သွားတာ ပေါ့နော်။

အဲဒီလို ခက်သွားပေမယ့်လို့ မြတ်စွာဘုရားရဲ့ ဉာဏ်တော် ကြီးကို တအံ့တဩ ကြည်နူးဝမ်းသာပြီး ဘုရားကို အရင်က ထက် ပိုပြီး လေးစားကြည်ညိုလာပြီး သဘာဝတရားတွေကို အဓိပ္ပါယ်ရှိရှိ ခွဲခြမ်းစိတ်ဖြာပြီး ဟောကြားနိုင်တဲ့ မြတ်စွာဘုရားသခင်ရဲ့ဉာဏ် တော်ဟာ အင်မတန်မှ ကြီးမားပါပေတယ်လို့ ဘုရားဂုဏ်တော်ကို အာရုံပြုကာ “ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ် ခြင်း” ဆိုတဲ့ နားလည်ဖို့ ခက်ခဲတဲ့ ဒီသဘာဝတရားတွေကို ကြိုးစား ပြီး နားလည်အောင် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဖ ဖ ဿ ဿ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"

## အပိုင်း (၁၀)

သာသနာတော်နှစ် ၂၅၄၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလဆန်း ၃-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဇွန်လ ၁၄-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိပိဋကမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။

### "ဝေဒနာပစ္စယာ တဏှာ"

"ဝေဒနာပစ္စယာ တဏှာ" - ဝေဒနာဆိုတာကို မြန်မာလူမျိုး တွေက ရောဂါနဲ့ တွဲဖက်ပြီး နားလည်နေကြတယ်၊ တကယ်တော့ ဝေဒနာတိုင်းဟာ ရောဂါဝေဒနာ မဟုတ်ဘူး၊ ရောဂါဝေဒနာဆိုတာ ဒုက္ခဝေဒနာတစ်မျိုးတည်းကိုသာလျှင် ရည်စူးပြီးတော့ ပြောတာ ဖြစ် တယ်၊ ဒီနေရာမှာ ဝေဒနာလို့ဆိုတဲ့နေရာမှာ စိတ်ရဲ့ခံစားမှု

http://www.dhammadownload.com



feeling လို့ အင်္ဂလိပ်လို ပြန်တယ်၊ သို့သော် experience လို့ ပြန်လို့ရှိရင်လည်း အာရုံရဲ့သဘာဝကို အတွေ့အကြုံရသွားခြင်း၊ ဒီအာရုံနဲ့ဆုံလို့ရှိရင် စိတ်ပျော်တယ်၊ ဟိုအာရုံနဲ့ ဆုံလို့ရှိရင် စိတ်မပျော်ဘူးဆိုတာ အတွေ့အကြုံလေးတစ်ခုပဲပေ့ါ၊ စိတ်ရဲ့ခံစားချက်ကလေးတွေကို ဝေဒနာလို့ခေါ်တာ။

မြန်မာပြည်မှာ ရောဂါနဲ့ ဝေဒနာတွဲပြီးတော့ သုံးနေသည့်အတွက်ကြောင့် "**ဝေဒနာပစ္စယာ တဏှာ**" ဆိုလို့ရှိရင် ရောဂါကြောင့် တဏှာဖြစ်တယ်လို့ ဒီလိုအဓိပ္ပါယ်မျိုးတွေ သာမန်အားဖြင့်တွေးမိသွားနိုင်တယ်ပေ့ါ၊ ဒါ့ကြောင့်မို့ ဝေဒနာဆိုတာ စိတ်ရဲ့ခံစားမှုလို့ ဒီလိုမှတ်ရမယ်။

**ဝေဒနာ ၃-မျိုး**

ဝေဒနာကို သဘာဝအားဖြင့် ၃-မျိုးခွဲထားတာ ရှိတယ်၊ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ ခံစားချက်၊ စိတ်အားလုံးမှာ ဝေဒနာရှိတယ်၊ စိတ်ရှိရင် ဝေဒနာရှိတယ်လို့ အကြမ်းဖျဉ်းအားဖြင့် မှတ်ထားရမှာပေ့ါ၊ ခံစားချက် ၃-မျိုးကို စာပေကျမ်းဂန်အရပြောရင် **သုခဝေဒနာ, ဒုက္ခဝေဒနာ, အဒုက္ခမသုခဝေဒနာ**၊ ဒီ ၃-မျိုးက သဘာဝရှုထောင့်က ခွဲတာ။

**သုခဝေဒနာ** ဆိုတာ ချမ်းသာတယ်၊ pleasant feeling ခန္ဓာကိုယ်အနေနဲ့ နေလို့ ထိုင်လို့ ကောင်းတာလည်း သုခ၊ စိတ်ထဲက ပျော်တာလည်း သုခ၊ သုခဝေဒနာလို့ အားလုံး ကြုံတွေ့ဖူးကြတယ်၊ နေလို့ ထိုင်လို့ ကောင်းတယ်, စားလို့ သောက်လို့ ကောင်းတယ်, အိပ်လို့ ကောင်းတယ် စသည်ဖြင့် ပြောကြတာပေ့ါ၊ စိတ်က

http://www.dhammadownload.com



လည်း ပျော်တယ်ဆိုရင် ဒါ သုခဝေဒနာပဲ၊ comfortable ပေါ့၊ စိတ်အခြေအနေလေး အဆင်ပြေနေတယ်ပေါ့၊ ဒီအာရုံလေးနဲ့ ကြုံတွေ့လိုက်လို့ရှိရင် သုခဝေဒနာဖြစ်တယ်၊ စာပေကျမ်းဂန်တွေမှာ တော့ သုခဝေဒနာဆိုတာ ဣဋ္ဌာရုံရဲ့အရသာကို ခံစားတယ်၊ ဣဋ္ဌဆိုတာ ကိုယ်လိုချင်တဲ့အာရုံ၊ ကိုယ်လိုချင်တာလေး ရတယ် ဆိုရင် စိတ်ပျော်တယ်ပေါ့၊ ကိုယ်လိုချင်တာလေးနဲ့ တွေ့နေရလို့ရှိရင် စိတ်ထဲမှာ နှစ်ခြိုက်နေတယ်၊ အဲဒီသဘောလေးကို "သုခဝေဒနာ"လို့ ခေါ်တယ်။

နောက်တစ်ခုက ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာဆိုတာ ခံရခက်တယ်၊ ဘယ်သူမှ မခံချင်ဘူး၊ ခန္ဓာကိုယ်မှာဖြစ်တဲ့ ဝေဒနာတစ်မျိုးပဲ၊ ခါးကိုက်တယ် နားကိုက်တယ် ကျောအောင့်တယ် စသည်ဖြင့် ခန္ဓာကိုယ်မှာ ဖြစ်ပေါ်နေတဲ့ ခံရခက်တဲ့အနေအထားမျိုး၊ စိတ်ထဲမှာဖြစ်တဲ့ ခံရခက်တဲ့အနေအထားမျိုး၊ စိတ်မပျော်ဘူး စိတ်မချမ်းသာဘူး စသည်ဖြင့် စိတ်ထဲမှာ comfortable မဖြစ်တဲ့အရာတွေ အားလုံး၊ ခန္ဓာကိုယ်ပေါ်မှာ အဆင်မပြေတာ၊ စိတ်ထဲမှာ အဆင်မပြေတဲ့ဟာတွေကို "ဒုက္ခဝေဒနာ"လို့ ဒီလို သတ်မှတ်တယ်ပေါ့၊ အဲဒီဒုက္ခဝေဒနာ unpleasant feeling ပေါ့၊ ကိုယ်မကြိုက်တဲ့ ခံစားမှုလေးတစ်မျိုး။

တစ်ခါတစ်ရံကျတော့ လူတွေမှာ သုခလည်း မဟုတ်ဘူး, ဒုက္ခလည်း မဟုတ်ဘူး၊ သုခအနေနဲ့လည်း မထင်ရှားဘူး, ဒုက္ခအနေနဲ့လည်း မထင်ရှားဘူးဆိုတဲ့ သာမန်အနေအထား - စိတ်ထဲမှာ ခံစားမှုတစ်မျိုး ရှိသေးတယ်၊ အဲဒါကျတော့ "အဒုက္ခမသုခဝေဒနာ" လို့ ခေါ်တယ်၊ negative နှစ်ခုနဲ့ - အဒုက္ခဆိုတာ

http://www.dhammadownload.com



ဆင်းရဲတာလည်း မဟုတ်ဘူး၊ မသုခဆိုတာ ချမ်းသာတာလည်း မဟုတ်ဘူး၊ Neither pleasant feeling nor unpleasant feeling လို့ ဒီလို ဆိုလိုတာပေါ့။

အဒုက္ခမသုခဝေဒနာကို တစ်နည်းအားဖြင့် နာမည်ပေးရင် ဉပေက္ခာလို့ ပြောတယ်၊ ဉပေက္ခာဆိုတာ ချမ်းသာတဲ့ခံစားမှုမျိုးလည်း မဟုတ်ဘူး, ဆင်းရဲတဲ့ခံစားမှုမျိုးလည်း မဟုတ်ဘူး၊ အလယ်အလတ် သဘောမျိုး ခံစားမှုမျိုး၊ စိတ်ဟာ အဲဒီအချိန်မှာ ချမ်းသာတာလည်း မဟုတ်ဘူး, ဆင်းရဲတာလည်း မဟုတ်ဘူး ဆိုတဲ့ အနေအထားမျိုး၊ ဒါလည်း စဉ်းစားပြီး ကြည့်မယ်ဆိုရင် ပေါ်လွင်ထင်ရှားပါတယ်။

ရိပ်သာတရားသွားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေလောကမှာ သိကြတယ်၊ ယောဂီတွေ ပြောကြတယ်၊ "ဝေဒနာကို ကျော်အောင် မှတ်၊ ဝေဒနာကို ကျော်အောင် မှတ်" လို့ ဆိုတယ်၊ ဝေဒနာကို ကျော်အောင် မှတ် ဆိုတာ ဒုက္ခဝေဒနာ တစ်မျိုးတည်းကို ရည်စူးပြီးတော့ ပြောတာ၊ အဲဒီတော့ ပြည့်ပြည့်စုံစုံပြောရင် ဒုက္ခဝေဒနာကို ကျော်အောင် မှတ်လို့ ပြောရမယ့်သဘောပဲ၊ ဘာဖြစ်လို့တုန်းဆိုလို့ ရှိရင် တရားထိုင်ပြီဆိုလို့ရှိရင် ဟိုနားကနာ ဒီနားက နာ, ဟိုက အောင့် ဒီကအောင့်၊ ကြာရှည်ထိုင်တော့ physical unpleasant feeling က ပေါ်လာတယ်၊ physical pain ပေါ့- ခန္ဓာကိုယ်ရဲ့ နာကျင်ကိုက်ခဲမှု၊ အဲဒီဝေဒနာတွေဟာ သမာဓိစွမ်းအားနဲ့ ဆက်ပြီး မှတ်လိုက်တဲ့အခါမှာ နာတာကျင်တာ ကိုက်တာခဲတာတွေ ပျောက်သွားတာကို ဝေဒနာကျော်တယ်လို့ ပြောကြတယ်၊ ဒုက္ခဝေဒနာကို သာ ကျော်တယ်လို့ ပြောရမယ်၊ သုခဝေဒနာ ကျော်တာ မဟုတ်

http://www.dhammadownload.com



ဘူး၊ ဒီတော့ ဝေဒနာကျော်တယ်လို့ ပြောလို့ရှိရင် သုခဝေဒနာကို ပြောတာ မဟုတ်ဘူး၊ ဒုက္ခဝေဒနာကို ပြောတာလို့ မှတ်ရမယ်။

သုခနဲ့ ဒုက္ခဆိုတာ သုခ မရှိရင် ဒုက္ခလာမှာပဲ၊ ဒုက္ခ မဖြစ်ရင် သုခ လာမှာပဲ၊ သုခ လျော့နည်းသွားလို့ရှိရင် ဥပေက္ခာ၊ ဒုက္ခ လျော့နည်းသွားရင်လည်း ဥပေက္ခာပဲ၊ ဒါကြောင့်မို့ သူတို့က ဥပေက္ခာကို neutral feeling လို့လည်း အင်္ဂလိပ်လိုပြန်တယ်ပေါ့၊ စပ်ကြားက ခံစားချက်ကလေးတစ်ခုပဲ၊ အဲဒါကသိဖို့ အင်မတန်မှ ခက်ခဲတယ်ပေါ့၊ သာမန်အားဖြင့် မသိနိုင်ဘူး၊ ဘာဖြစ်လို့တုန်းဆိုရင် လူတွေသိနိုင်တာက သုခနဲ့ ဒုက္ခပဲ၊ အဒုက္ခမသုခဆိုတဲ့ စပ်ကြားလေးကိုတော့ ထင်ထင်ရှားရှား မသိနိုင်ကြဘူးတဲ့။

ဒါကြောင့်မို့ "အဒုက္ခ မသုခဝေဒနာ" ဆိုတာကို အနုမာနဉာဏ်နဲ့ပဲ မှန်းဆပြီးတော့ ကြည့်လို့ ရတယ်၊ သုခလျော့နည်းသွားတယ်, ဒုက္ခလည်း လျော့နည်းသွားတယ်၊ သုခလို့လည်း မဆိုသာဘူး, ဒုက္ခလို့လည်း မဆိုသာဘူးဆိုတဲ့ အနေအထားမျိုးလေးတစ်ခုက အဒုက္ခမသုခဝေဒနာ၊ ဒါဝေဒနာကို သဘာဝအားဖြင့် ခွဲတာ။

### သုခနှစ်မျိုး

နောက်တစ်ခါ ထပ်ပြီးတော့ သုခကို နှစ်မျိုးခွဲလိုက်သေးတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် သုခဆိုတဲ့ ချမ်းသာမှုဟာ ခန္ဓာကိုယ်ပေါ်မှာ ဒီ physical body- က စ,လာတဲ့ ချမ်းသာခံစားမှုလား၊ စိတ်ထဲမှာ စ,ဖြစ်တဲ့ ချမ်းသာခံစားမှုလားလို့ နှစ်မျိုးရှိတယ်၊ အဲဒါကို စာလိုပြောရင် "ကာယိကသုခနဲ့ စေတသိကသုခ"။

http://www.dhammadownload.com



**ကာယိကသုခ**ဆိုတာ ရုပ်ခန္ဓာကိုယ်မှာဖြစ်တဲ့ - physical pleasant feeling ပေါ့၊ physical happiness လို့လည်း ပြန်တယ်၊ ရုပ်ခန္ဓာကိုယ်မှာဖြစ်တဲ့ နေလို့ ထိုင်လို့ ကောင်းတဲ့ အနေအထားမျိုး၊ ဒါကို ကာယိကသုခလို့ ခေါ်တယ်၊ စိတ်မပါဘူးလား ဆိုတော့ ပါတယ်၊ ခန္ဓာကိုယ်က နေထိုင်ကောင်းလို့ရှိရင် စိတ်ကလည်း ပျော်လာတာပဲပေါ့၊ ဒီတော့ ခန္ဓာကိုယ်နေထိုင်ကောင်းဖို့ သက်သက် comfortableness က ကာယိကသုခ။

ကာယိကသုခဆိုတာ ရုပ်ခန္ဓာကိုယ်က စပြီးတော့ စိတ်ကို ကူးဆက်သွားတယ်လို့ ဒီလိုမှတ်၊ ရုပ်ခန္ဓာကိုယ် နေရ ထိုင်ရတာ ရုပ်ပိုင်းဆိုင်ရာ တောင့်တောင့်တင်းတင်းကြီး မရှိဘူး၊ နေလို့ ထိုင်လို့ အင်မတန်ကောင်းတယ် အဆင်ပြေတယ်ဆိုရင် ဒါ ကာယိကသုခ ဖြစ်တယ်ပေါ့၊ စိတ်လည်း ချမ်းသာတယ်။

**စေတသိကသုခ** ဆိုတာကျတော့ ရုပ်ခန္ဓာကိုယ်က စ,တာ မဟုတ်ဘူး၊ သူက စိတ်ကပဲ စ,တာ၊ ရုပ်အနေအထားက ဘယ်လိုပဲရှိရှိ စိတ်က ပျော်တာ၊ တချို့ဆို ကြည့်လေ - အင်မတန်ပူပြင်းတဲ့ နွေရာသီ, ကတ္တရာလမ်းပေါ် ဖိနပ်မစီး ခေါင်းမဆောင်းဘဲနဲ့ သီချင်းလေး တအေးအေး သွားနေတဲ့ လူတွေကိုကြည့် - သူတို့မှာ physical comfortable ဘယ်ရှိမလဲ၊ ကားနဲ့ ထီးလေးနဲ့ ဖိနပ်လေးနဲ့ သွားတဲ့လူလောက် ဘယ်လိုလုပ် ချမ်းသာမလဲနော်၊ အဲဒီလိုဟာမျိုးကျတော့ စိတ်ပျော်တာ၊ စိတ်ပျော်နေလို့ရှိရင် လူက ခန္ဓာကိုယ်ရဲ့ဒုက္ခကို ပမာမထားတော့ဘူးပေါ့၊ အဲဒါကျတော့ mental happiness လို့ ပြောလို့ ရတယ်၊ အဲဒါကို **“သောမနဿ”**လို့ ပါဠိ

http://www.dhammadownload.com



စာပေမှာ ပြောတယ်၊ ဝမ်းသာတယ်လို့ ဒီလိုပြန်ကြတယ်၊ စိတ်ထဲမှာဖြစ်တဲ့ ချမ်းသာသုခတစ်မျိုးပဲ ပေါ့နော်။

**ဒုက္ခနှစ်မျိုး**

ထို့အတူပဲ ဒုက္ခဝေဒနာကို နှစ်မျိုး ထပ်ခွဲလိုက်တယ်၊ physical pain နဲ့ mental pain - **"ကာယိကဒုက္ခနဲ့ စေတသိက ဒုက္ခ"**၊ ကာယိကဒုက္ခကို "ဒုက္ခ"လို့ပဲ ခေါ်တယ်၊ စေတသိကဒုက္ခကျတော့ "ဒေါမနဿ" လို့ ခေါ်တယ်၊ ဒီတော့ ကာယိကဒုက္ခက ဒုက္ခလို့ ဆိုတော့ ဆိုပါစို့ - သူကလည်းပဲ စိတ်ထိအောင် အကျိုးသက် ရောက်သွားတာ၊ စိတ်အနေနဲ့ကတော့ ချမ်းသာတယ် ပထမ၊ သို့သော်လည်း ခေါင်းတွေ မနေနိုင် မထိုင်နိုင်အောင် ကိုက်လာတယ်, သွားတွေ ကိုက်တယ်, နေမကောင်းဘူး, ကျောအောင့်တယ် စသည်ဖြင့် physical pain ဖြစ်လာလို့ရှိရင် စိတ်ကိုလည်းပဲ အကျိုးသက်ရောက်လာတာပဲ၊ စိတ်လည်း မပျော်တော့ဘူး၊ မပျော်ရုံတင် မကဘူး, တချို့မှာတော့ ဒေါမနဿတွေ ဖြစ်တယ်၊ ဒေါသတွေ ဖြစ်တယ်ဆိုတာ ဖြစ်လာတယ်ပေါ့၊ အဲဒါ ဆိုလိုတာက ရုပ်ပိုင်းခန္ဓာကိုယ်က စလာတဲ့ ဒုက္ခ၊ အဲဒါက "ကာယိကဒုက္ခ"၊ စိတ်တော့ ပါရတာချည်းပဲ၊ ရုပ်က စတာ။

"ဒေါမနဿ"ဆိုတာ ရုပ်ခန္ဓာကိုယ်မှာတော့ ကျန်းကျန်းမာမာပဲ၊ သွားကိုက်တာလည်း မရှိဘူး, နားကိုက်တာလည်း မရှိဘူး, ဘယ်နေရာမှ အောင့်တာ နာတာ မရှိဘူး၊ သို့သော်လည်းပဲ စိတ်မချမ်းသာစရာသတင်း ကြားတယ် -သို့မဟုတ်- တစ်စုံတစ်ယောက်နဲ့ အဆင်မပြေလို့ စိတ်ဆိုးတယ် စိတ်ဆင်းရဲတယ်ဆိုတာတွေက

http://www.dhammadownload.com



ဒေါမနဿ၊ အဲဒါကျတော့ စိတ်က လာတာနော်၊ ရုပ်အနေနဲ့ ဘယ်လိုအဆင်ပြေပြေ စိတ်ကနေ လာတဲ့ဟာကျတော့ ဒေါမနဿ လို့ ခေါ်တယ်၊ အဲဒါကျတော့ mental pain ပေါ့၊ ဟော ဒီလို ထပ် ခွဲလိုက်တယ်။

**ဝေဒနာ ၅-မျိုး**

ဒီလို ထပ်ခွဲလိုက်တဲ့အခါကျတော့ ဝေဒနာဟာ ခံစားချက် ဟာ ၅-ခု ဖြစ်သွားတယ်၊ ခုနက အဒုက္ခမသုခကို ဥပေက္ခာလို့ ပြော ပြီးပြီ၊ ဥပေက္ခာကျတော့ physical, mental မခွဲသည့်အတွက် ကြောင့် သူ့ကို တစ်မျိုးတည်းပဲ ထား၊ ဒုက္ခကိုတော့ physical, mental ခွဲတယ်၊ သုခကိုလည်း physical, mental ခွဲတယ်၊ ကာယိက, စေတသိက ခွဲလိုက်တယ်၊ ခွဲလိုက်သည့်အတွက်ကြောင့် **"သုခ, သောမနဿ, ဒုက္ခ, ဒေါမနဿ, ဥပေက္ခာ"** လို့ ဆိုပြီးတော့ ဝေဒနာ ၅-မျိုး ဖြစ်သွားတယ်ပေါ့၊ အဲဒီဝေဒနာ ၅-မျိုးဟာ ဆိုင်ရာ ဆိုင်ရာ မတူညီတဲ့ အာရုံတွေကြောင့် စိတ်မှာဖြစ်ပေါ်လာတဲ့ ခံစား ချက်တွေ။

စိတ်ရှိတိုင်း ခံစားချက်ရှိတယ်၊ သို့သော် သိမ်မွေ့တာနဲ့ ကြမ်းတမ်းတာ မတူညီမှုတွေတော့ ရှိတာပေါ့နော်၊ ဒေါသနဲ့ တွဲလာ တဲ့ ခံစားချက်ကျတော့ ဒေါမနဿလို့ ခေါ်တယ်၊ လောဘနဲ့ တွဲလာ တဲ့ ခံစားချက်က သောမနဿလည်း ရှိတယ်, ဥပေက္ခာလည်း ရှိ တယ်၊ ခန္ဓာကိုယ်နဲ့ ပတ်သက်လာလို့ရှိရင် သုခတို့ ဒုက္ခတို့ ဒီလို ရှိ တယ်ပေါ့၊ ဝေဒနာဆိုတာ အဲဒါကို ပြောတာ။

http://www.dhammadownload.com



ဒီတော့ လူတိုင်း လူတိုင်းမှာ ဝေဒနာဆိုတာ ရှိတယ်ပေါ့၊ ခံစားမှုလေးတွေ ရှိတယ်၊ အဲဒီခံစားမှုလေးတွေဟာ ဘာကိုဖြစ်ပေါ် စေတတ်သလဲ, ဘာရဲ့အကြောင်းလဲလို့ - ပဋိစ္စသမုပ္ပါဒ်ကျတော့ **"ဝေဒနာပစ္စယာ တဏှာ"**လို့ မြတ်စွာဘုရားက ဟောတယ်၊ ခံစားချက်လေးဟာ တဏှာကို ဖြစ်ပေါ်စေတယ်လို့ ခံစားချက်ကို အကြောင်းပြုပြီးတော့ လူတွေက တဏှာဖြစ်တယ်၊ ဒီလိုဟောတယ်။

## ဝေဒနာ ၆-မျိုး

အဲဒါနဲ့ ပတ်သက်ပြီးတော့ ဆင်ခြင်စဉ်းစားကြည့်ဖို့ လိုတယ်ပေါ့၊ ဒါဖြင့် ခံစားချက်တွေက ဘယ်ကလာလဲ၊ ဘယ်လိုခံစားချက်တွေတုန်း၊ ခုနက ၃-မျိုးနဲ့ ၅-မျိုးကို ဆိုင်ရာ ဆိုင်ရာ ရှေ့ပိုင်းက ဖဿနဲ့ တွဲပြီးတော့ ပြောလိုက်မယ်၊ မျက်စိက အာရုံနဲ့ ဆုံပြီးတော့ ခံစားတာလား၊ နားက အသံနဲ့ ဆုံပြီးတော့ ခံစားတာလား၊ ဒွါရ ၆-ပါးနဲ့ အာရုံတွေနဲ့ တွဲလိုက်လို့ရှိရင် ဖဿဖြစ်သလိုပဲ ဝေဒနာဟာ ၆-မျိုး ဖြစ်လာတယ်နော်၊ "မျက်စိနဲ့ ရူပါရုံ ဆုံမိရာကနေပြီးတော့ ခံစားချက်ပေါ်တယ်၊ နားနဲ့ အသံ ဆုံမိရာက ခံစားချက် ပေါ်တယ်၊ နှာခေါင်းနဲ့အနံ့ ဆုံမိရာကနေ ခံစားချက်ပေါ်တယ်၊ လျှာနဲ့ အရသာ ဆုံမိရာကနေပြီးတော့ ခံစားချက်ပေါ်တယ်တဲ့၊ ခန္ဓာကိုယ်နဲ့ အထိအတွေ့အာရုံ ဆုံမိရာကနေပြီးတော့ ခံစားချက်ပေါ်တယ်၊ စိတ်နဲ့ ဓမ္မာရုံ ဆုံမိရာကနေပြီး ခံစားချက်ပေါ်တယ်"လို့ - မြတ်စွာဘုရားက အဲဒီရှုထောင့်က ကြည့်ပြီးတော့ ဝေဒနာကို ၆-မျိုး ဟောထားတာလည်း ရှိတယ်။

http://www.dhammadownload.com



မနေ့တုန်းက ပြောခဲ့တယ် - **စက္ခုသမ္ဖဿဇာဝေဒနာ, သောတသမ္ဖဿဇာဝေဒနာ, ဃာနသမ္ဖဿဇာဝေဒနာ, ဇိဝှါ-သမ္ဖဿဇာဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာ -ဝေဒနာ**လို့ ဝေဒနာ ၆-မျိုး၊ ဖဿ ၆-မျိုးအလိုက် ဝေဒနာ ၆-မျိုး ဟောထားတာ၊ ထိတွေ့မှု အားကောင်းလေလေ ခံစားမှု အား ကောင်းလေလေပဲ၊ မှန်တယ်၊ ဒါကြောင့်မို့ **"ဖဿပစ္စယာ ဝေဒနာ"** လို့ ပဋိစ္စသမုပ္ပါဒ်မှာ ဟောထားတယ်၊ ထိတွေ့မှု အရှိန်ပြင်းရင် ခံစားမှု အရှိန်ပြင်းတယ်, ထိတွေ့မှု အရှိန်ပျော့ရင် ခံစားမှု အရှိန် ပျော့တယ်၊ ဟောဒီသဘောပဲ ဆိုလိုတယ်။

ဒီတော့ ကောင်းပြီ- ဒီကနေ့ပြောရမှာက **"ဝေဒနာပစ္စယာ တဏှာ"** ခံစားမှုကို အကြောင်းပြုပြီးတော့ တဏှာဖြစ်တယ်လို့ ဆို တယ်၊ ဒါဖြင့် တဏှာအမျိုးအစား ဘယ်လောက်ရှိသလဲလို့- တဏှာ နဲ့ ပတ်သက်ပြီးတော့ ပြောကြရအောင်။

## တဏှာ ဟူသည်

တဏှာဆိုတာ လောဘစေတသိက်ကိုပဲ ခေါ်တာ၊ သူ့ကို ဘာဖြစ်လို့ တဏှာလို့ နာမည်ပေးလိုက်လဲဆိုရင် **"တဿတိ ပရိတဿတီတိ တဏှာ"** ဆိုတဲ့ ပါဠိ definition အရ ဒီသဘာဝ တရား စိတ်ထဲမှာပေါ်လာလို့ရှိရင် စိတ်ဟာ အလိုလို ဆာလောင် မွတ်သိပ်လာတယ်၊ ဟိုဟာလိုချင် ဒါလိုချင် ဖြစ်လာတယ်၊ အားမရ ဖြစ်လာတယ်နော်၊ လိုချင်မှုတွေ ဖြစ်လာတယ်နော်၊ **တဿတိ ပရိတဿတီတိ** စိတ်ရဲ့ပူဆာမှုတွေ၊ ရေသောက်ချင်လို့ ရေငတ်လာ တာလိုပေါ့, ထမင်းဆာလာတာလိုပေါ့၊ အာရုံကို လိုချင်လာတဲ့

http://www.dhammadownload.com



သဘောတွေ ပေါ်လာတယ်တဲ့၊ အဲဒီ အာရုံကို လိုချင်လာတဲ့ သဘောရှုထောင့်ကနေပြီးတော့ "တဏှာ" လို့ ခေါ်လိုက်တယ်နော်။

လောဘဆိုတာ လိုချင်တာ, ရာဂဆိုတာ စိတ်ကို အရောင်ဆိုးတာ စွဲနေတာ၊ ဟော- သူ့ရှုထောင့်လေးကနေသူ နာမည်ပေးလိုက်တာ၊ တကယ်ကတော့ လောဘပဲ၊ အကုသိုလ်စိတ်တွေမှာ ယှဉ်တွဲပြီးတော့ ဖြစ်ပေါ်လာတဲ့ လောဘကိုပဲ ဒီနေရာမှာ တဏှာ လို့ ခေါ်လိုက်တာတဲ့၊ ဒီတဏှာဟာ လောဘမူလစိတ်ဆိုတဲ့ စိတ် ၈-မျိုးနဲ့ ယှဉ်တွဲပြီးတော့ ဖြစ်လေ့ရှိတယ်။

**တဏှာ ၆-မျိုး**

တဏှာနဲ့ ပတ်သက်ပြီးတော့ အမျိုးအစား ဘယ်လိုရှိသလဲ လို့ တဏှာကို အမျိုးအစားခွဲတဲ့အခါ အာရုံနဲ့ ခွဲရတယ်၊ ဘာဖြစ်လို့ တုန်းဆိုတော့ တဏှာက အာရုံပေါ်လာတဲ့အခါမှာ တွယ်တာတာ ကိုး၊ ဆိုပါစို့ - လိုချင်တယ်လို့ဆိုတာ မျက်စိကမြင်လို့ နှစ်သက်စရာကောင်းလို့ လိုချင်တယ်၊ နားကကြားလို့ ကိုယ်ကြိုက်လို့ လိုချင်တယ်၊ နှာခေါင်းက အနံ့ရပြီးတော့ လိုချင်တယ်၊ လျှာက အရသာခံပြီးတော့ လိုချင်တယ်၊ ခန္ဓာကိုယ်က ထိတွေ့ပြီးတော့ လိုချင်တယ်၊ စိတ်ကူးထဲကနေ ကျေနပ်ပြီးတော့ လိုချင်တယ် ဆိုတော့ - ဟော လိုချင်တာဟာ အာရုံနဲ့ ဆက်သွယ်ပြီးတော့ ဖြစ်ပေါ်နေတာတွေ၊ အဲဒီတော့ အာရုံဟာ ဒီလိုချင်မှုတွေကို သွေးဆောင်ဖျားယောင်း နေသလို ရှိတယ်ပေါ့။

လိုချင်မှုတွေကြောင့် ဒီတဏှာဟာ ဖြစ်နေရတယ်၊ ဒါ့ကြောင့် တဏှာကို အာရုံနဲ့ နာမည်ပေးပြီးတော့ ခွဲရတယ်၊ မျက်စိနဲ့မြင်ရတဲ့

http://www.dhammadownload.com



အာရုံကို ရူပါရုံလို့ ခေါ်တယ်၊ အဲဒီရူပါရုံကို လိုချင်တာကျတော့ **ရူပတဏှာ**၊ အသံကြားပြီးတော့ အဲဒီအသံကို နားထောင်ချင်တာကျတော့ **သဒ္ဒတဏှာ**၊ မွှေးကြိုင်တဲ့ အနံ့လေးကို ရပြီးတော့ အဲဒီအနံ့ကို ရှူရှိုက်ချင်တာက **ဂန္ဓတဏှာ**၊ အရသာရှိတာလေးကို စားပြီးတော့ အဲဒီအရသာလေးကို လိုချင်တာက **ရသတဏှာ**၊ ခန္ဓာကိုယ်နှင့် ထိတွေ့လို့ အိစက်ညက်ညောတဲ့ အထိအတွေ့ကောင်းတဲ့အရာကို ထိတွေ့ချင်လို့ လိုချင်တာက **ဖောဋ္ဌဗ္ဗတဏှာ**လို့ - စာပေကျမ်းဂန်မှာ ဒီလို မြတ်စွာဘုရားသုံးတဲ့ စကားလုံးတွေနဲ့ သုံးလို့ရှိရင် အဲဒီလို ခေါ်မှာပေါ့။

နောက်တစ်ခါ စိတ်ကူးထဲက နေပြီးတော့ရလာတဲ့ စိတ်ထဲမှာပေါ်လာတဲ့ အာရုံနဲ့ ပတ်သက်ပြီး လိုချင်တာကျတော့ general စကားလုံးတစ်ခုကို သုံးလိုက်မယ် - ဓမ္မ လို့၊ ဒါပေမယ့်လို့ ဓမ္မလို့ သုံးလိုက်တာနဲ့ "ဓမ္မံ သရဏံ ဂစ္ဆာမိ" တို့ "တရား" တို့နဲ့ ဘာမှ မဆိုင်ဘူးနော်၊ ဒီဓမ္မဆိုတဲ့စကားလုံးက ဗုဒ္ဓစာပေမှာ အလွန်ကျယ်ဝန်းတယ်၊ ဒါကြောင့်မို့လို့ အင်္ဂလိပ်လို ပြန်ရင်တောင်မှ ဓမ္မကို ဘယ်တော့မှ ဘာသာမပြန်ကြဘူး၊ ဓမ္မလို့ပဲ ထားလိုက်တယ်ပေါ့၊ အေး အဲဒါကျတော့ **ဓမ္မတဏှာ**လို့ ခေါ်တယ်ပေါ့၊ စိတ်နဲ့ သိရတဲ့ အာရုံတွေကို လိုချင်တဲ့တဏှာလို့ - ဟော အာရုံနဲ့ ခွဲလိုက်တဲ့အခါကျတော့ တဏှာ ၆-မျိုးဖြစ်တယ်။

အဲဒီ တဏှာ ၆-မျိုးဟာ "**ဝေဒနာပစ္စယာ** - ဝေဒနာရှိနေလို့", "**တဏှာ** - တဏှာဟာ ပေါ်လာတာ" လို့- ဒီလို ပြောရတာပေါ့၊ ဆက်စပ်မှုရှိတာကို ပြောတာ၊ အာရုံနဲ့ စိတ်နဲ့ တွေ့ဆုံလိုက်သည့် ဖဿဆိုတဲ့ တွေ့ဆုံမှု အားကောင်းသည့်အတွက်ကြောင့်

http://www.dhammadownload.com



ခံစားမှုတွေ ပေါ်လာတယ်၊ ခံစားမှုကို နောက်ထပ်လိုချင်တယ် ဆိုတဲ့ တဏှာလိုက်လာတယ်ပေါ့၊ အဲဒီလို ဆက်သွယ်ပြီးတော့ လာတယ်။

**တဏှာ ၃-မျိုး**

ဒီတော့ တဏှာဟာ အာရုံရှုထောင့်ကနေ ခွဲလိုက်တဲ့အခါ တဏှာ ၆-မျိုး၊ အဲဒီတဏှာ ၆-မျိုးက ဖြစ်ပုံဖြစ်နည်းအားဖြင့် သုံးမျိုး ရှိတယ်၊ အဲဒီတဏှာရဲ့ သဘာဝ၊ ဒါက သူ့ရဲ့ **ascept** ခေါ်တယ်၊ ဖြစ်ပေါ်လာပုံ၊ အာရုံပေါ်မှာ ရှုမြင်သုံးသပ်မှုပေါ်မှာ ကြည့်ပြီး တဏှာကို ၃-မျိုး ထပ်ခွဲပြန်တယ်၊ တစ်ခုစီ တစ်ခုစီကို ၃-မျိုး ထပ်ခွဲတယ်။

ဆိုပါစို့ - မျက်စိက အဆင်းအာရုံလေးကို မြင်ပြီးတော့ လိုချင်တပ်မက်တဲ့ တဏှာဖြစ်တယ် ဆိုတဲ့နေရာမှာ လိုချင်တပ်မက်မှု သက်သက်လား, ဒီ့ပြင် ဘာတွေပါသေးလဲ၊ လိုချင်တပ်မက်မှု သက်သက်ဆိုရင် ဖြစ်ပုံက တစ်မျိုး၊ တခြားအတွေးအခေါ်တွေနဲ့ ရောတွေးလာလို့ရှိရင် အတွေ့အကြုံက တစ်မျိုးဖြစ်သွားပြီ၊ ဒါကြောင့်မို့လို့ ဒီရူပတဏှာဆိုတာလေးကိုပဲ ၃-မျိုးထပ်ခွဲတယ်၊ **"ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ"** တဲ့၊ ဓမ္မစကြာထဲမှာ ပါတဲ့အတိုင်းပေါ့ နော်။

**"ကာမတဏှာ"** ဆိုတာ မျက်စိကမြင်ရတဲ့ နှစ်သက်စရာကောင်းတဲ့ အဆင်းအာရုံလေးကို ကြည့်ပြီးတော့ လိုချင်တာ၊ အဲဒီအာရုံကို တပ်မက်တဲ့အနေနဲ့ လိုချင်တာကျတော့ ကာမတဏှာလို့

http://www.dhammadownload.com



ခေါ်တယ်၊ ဘာမှ အတွေးတွေ အမြင်တွေ အယူအဆတွေမှ မပါဘူး, လိုချင်ရုံသက်သက်ပဲ၊ အဲဒါက ကာမတဏှာပဲ။

အဲဒီလို မဟုတ်ဘဲနဲ့- အရာခပ်သိမ်းဟာ ခိုင်မာတယ် ခိုင်မြဲတယ် ဘယ်တော့မှ ပျက်စီးမသွားဘူးဆိုတဲ့ သဿတအယူအဆ အတွေးအမြင်တစ်ခု လွှမ်းမိုးပြီးတော့ လိုချင်တဲ့ လိုချင်မှု ကျတော့ **"ဘဝတဏှာ"**လို့ ခေါ်တယ်၊ ဘဝဆိုတာ Becoming အမြဲတမ်း ဖြစ်နေတဲ့သဘောနော်၊ အမြဲတမ်း ဖြစ်နေတာကို တွေးခေါ်ပြီးတော့ လိုချင်တဲ့ဟာကျတော့ ဘဝတဏှာလို့ ခေါ်တယ်။

အဲဒီလို အမြဲတမ်းဖြစ်တာ မဟုတ်ဘူးလို့ ဆိုတဲ့ အယူအဆနဲ့ တွဲဖက်ပြီးတော့ လာလို့ရှိရင် **"ဝိဘဝတဏှာ"** လို့ ခေါ်တယ်၊ အဲဒါကလည်း အနိစ္စသဘောနဲ့ တွဲဖက်တဲ့သဘောကို ပြောတာ မဟုတ်ဘူး၊ ဒီနေရာမှာ ဉစ္ဆေဒဒိဋ္ဌိအမြင်နဲ့ တွဲလာတာကို ပြောတာနော်။

အဲဒီတော့ အယူအဆက ၂-ရပ် ရှိတယ် - သဿတဒိဋ္ဌိရယ် ဉစ္ဆေဒဒိဋ္ဌိရယ်၊ တကယ်ကတော့ ဒီ သဿတဒိဋ္ဌိ ဉစ္ဆေဒဒိဋ္ဌိ ဆိုတဲ့အယူအဆတွေဟာ အတ္တဆိုတာကို လက်ခံထားပြီးတဲ့နောက်မှာ ပေါ်လာတဲ့အယူအဆ ၂-ရပ် ပဲ။

ထာဝရမြဲတဲ့အရာ ရှိတယ် ဆိုတဲ့ သဿတအယူအဆနဲ့ တွဲလာလို့ရှိရင် **ဘဝတဏှာ**၊ ဖြစ်ပြီးရင် ပြီးသွားတာပဲ, နောက်ထပ် ဘာမှ မလာတော့ဘူး၊ ရုပ်ဝါဒီတွေလို ပေါ့နော်၊ ဒီတော့ ဘာမှ မလာတော့ဘူးလို့ ဘယ်တော့မှလည်း မဖြစ်တော့ဘူးလို့ ဒီလိုယူဆတဲ့ ဉစ္ဆေဒဝါဒနဲ့ ယှဉ်တွဲလာတဲ့ တဏှာကျတော့ **ဝိဘဝတဏှာ**၊

http://www.dhammadownload.com



ဘဝ၊ ဝိဘဝ၊ ဝိ ဆိုတဲ့စကားလုံးလေး သုံးလိုက်တယ်၊ ထာဝရအစဉ် ဖြစ်နေတာမဟုတ်ဘူးဆိုတဲ့ အဓိပ္ပါယ်။

ခုနက ရူပတဏှာကလည်းပဲ ဒီ ၃-မျိုး, သဒ္ဒတဏှာကလည်း ဒီလို ၃-မျိုး ရှိတယ်နော်၊ အသံနဲ့ပတ်သက်ပြီး ရိုးရိုးနှစ်သက်လို့ ရှိရင် ကာမတဏှာ၊ သဿတဒိဋ္ဌိနဲ့ ယှဉ်တွဲလာလို့ရှိရင် ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနဲ့ ယှဉ်တွဲလာပြီဆိုရင် ဝိဘဝတဏှာဆိုတော့ ဟော သဒ္ဒ-တဏှာကလည်းပဲ ၃-မျိုးဖြစ်သွားပြီပေါ့။

**တဏှာ ၁၈**

ဒီလို တဏှာ တစ်မျိုး တစ်မျိုးဟာ ၃-မျိုးစီ ဖြစ်သွားတယ်ဆိုတော့ ၆-ခုကို ၃-နဲ့မြှောက်တော့ ၁၈-ခု ဖြစ်သွားတယ်နော်၊ အဲဒီလို တဏှာအမျိုးအစားတွေကို analyze လုပ်ကြည့်တဲ့အခါကျတော့ ၁၈-မျိုး ရလာနိုင်တယ်ပေါ့၊ ဒါ လူတိုင်း လူတိုင်းမှာ ၁၈-မျိုး ဖြစ်တယ်လို့ ဒီလိုပြောတာတော့ မဟုတ်ဘူး၊ ဖြစ်နိုင်တာလေးကို ပြောတာ - possible ၊ တစ်ပြိုင်နက်ဖြစ်တာကို ပြောတာလည်း မဟုတ်ဘူး။

အေး ကောင်းပြီ - အဲဒီ ၁၈-မျိုးက တစ်ခါ အာရုံကို ခွဲကြည့်လိုက်ဦး - အဆင်းအာရုံဆိုတာ မှန်ထဲကြည့်ရင် ကိုယ့်ရုပ်ကို မမြင်ရဘူးလား၊ အေး ကိုယ့်ရုပ်ကို ကြိုက်တာက ရူပတဏှာ၊ ကိုယ့်အသံလေး ကိုယ်သဘောကျလို့ရှိရင် သဒ္ဒတဏှာ ဟုတ်လား၊ ကိုယ့်အသံ မဟုတ်ဘူး အဆိုတော်တွေဆိုတဲ့ အသံတို့ သူများအသံတို့ အပြင်ဘက်က အသံတို့ကို ကြိုက်တယ်ဆိုရင် ဗဟိဒ္ဓ၊ ဒီတော့ internal နဲ့ external ပေါ့၊ အာရုံက internal အတွင်းအာရုံ၊

http://www.dhammadownload.com



external အပြင်အာရုံလို့ ၂-မျိုးရှိတယ်၊ အဲဒီတော့ အတွင်းနဲ့ ပတ်သက်လာတဲ့ အာရုံပေါ်မှာ ဖြစ်တာက ၁၈-ခု၊ အပြင်အာရုံ ပေါ်မှာ ဖြစ်တာက ၁၈-ခု ဆိုတော့ ၃၆-ဖြစ်သွားတယ်၊ ဟော တဏှာတွေ ပွားလာတဲ့သဘောနော်။

အဲဒီ ၃၆-ကို အတိတ်တုန်းကလည်း ၃၆-ပဲ၊ အခု ပစ္စုပ္ပန် မှာကြည့်ရင်လည်း ၃၆-ပဲ၊ နောင်လာလတ္တံ့မှာလည်းပဲ ၃၆-လို့ - ၃၆-ကို ၃-ခုနဲ့မြှောက်လိုက်တဲ့ အခါကျတော့ ၁၀၈၊ **တဏှာ-၁၀၈** ဆိုတာ အဲဒါကို ပြောတာ။

ဘုန်းကြီးတို့ငယ်စဉ်က သင်လာခဲ့ရတဲ့ အဆိုလေးနဲ့တော့ အခု ဝိသုဒ္ဓိမဂ်မှာပြောထားတဲ့ ခွဲပုံလေးက မတူတာလေးတော့ ရှိ တယ်ပေါ့၊ အခုပြောတာက ၆-ပါးကိုမှ ၃-နဲ့ မြှောက်ပေါ့၊ ဝိသုဒ္ဓိ မဂ်မှာက ၆-ကို ၃-နဲ့ မြှောက်ပြီးတော့မှ internal, external အဇ္ဈတ္တိက, ဗာဟိရ ၂-ခုနဲ့ မြှောက်တာ၊ ပြီးတော့မှ ကာလ ၃-ပါးနဲ့ မြှောက်တယ်၊ သူမြှောက်ပုံက ဘုန်းကြီးတို့ငယ်စဉ်တုန်းက ရထား တာတော့ **"တဏှာသုံးတန် အရင်းခံ၊ အာ, ကာ, သန်နှင့် မြှောက်"** ဆိုပြီးတော့ - **တဏှာ ၃-ခု** ဆိုတော့ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ သုံးခုကို တည်၊ **အာ** ဆိုတာ အာရုံ ၆-ပါးနဲ့ မြှောက်၊ အဲဒါကို **ကာ** ဆိုတာ ကာလသုံးပါးနဲ့ မြှောက်၊ **သန်** ဆိုတာ သန္တာန် ၂-ခုနဲ့ မြှောက်၊ သန္တာန်ဆိုတာ အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓ သန္တာန် internal external ၊ အဲဒီလို ဘယ်လိုပဲတွက်တွက် ဘာနဲ့ ပဲ မြှောက်သွားသွား အစဉ်က အဓိကမဟုတ်ဘူး၊ ၁၀၈-ကတော့ ဖြစ်တာချည်းပဲနော်၊ သို့သော် ဝိသုဒ္ဓိမဂ်ကျမ်းမှာတော့ အခုပြောခဲ့ တဲ့ပုံစံနဲ့ ခွဲပြထားတာပေါ့။

http://www.dhammadownload.com



## "ဝေဒနာပစ္စယာ တဏှာ" ဟု ဟောတော်မူခြင်း

ဒီတော့ **"ဝေဒနာပစ္စယာ တဏှာ"**- "ဝေဒနာဆိုတဲ့ ခံစားမှုလေးကြောင့် တဏှာဖြစ်ရတယ်" လို့ ဆိုတဲ့နေရာမှာ ခုနတဏှာကျတော့ တဏှာက အာရုံပြုတာ ဘာကို အာရုံပြုတာတုန်း ဆိုတော့ မျက်စိကမြင်တဲ့ အဆင်းအာရုံ၊ နားကကြားရတဲ့ အသံ၊ သူကြိုက်တာ အသံကြိုက်တာ၊ အဆင်းကြိုက်တာ၊ အနံ့ကို ကြိုက်တာ၊ အရသာကို ကြိုက်တာ၊ အထိအတွေ့ကို ကြိုက်တာ၊ စိတ်ကူးထဲက ကောင်းတဲ့ဟာလေးတွေကို ကြိုက်တယ်၊ **"အာရမ္မဏပစ္စယာ တဏှာ"** လို့ မပြောသင့်ဘူးလား၊ ဘာဖြစ်လို့ "ဝေဒနာပစ္စယာ တဏှာ" လို့ ပြောလဲ၊ ကြိုက်တာက အာရုံ၊ အာရုံကို ကြိုက်လို့ တဏှာဖြစ်တာကို ဘာဖြစ်လို့ ဝေဒနာကြောင့် တဏှာဖြစ်တယ်လို့ ပြောရသလဲ၊ ဒါ စဉ်းစားစရာလေးတစ်ခုနော်။

ကဲ စဉ်းစားပြီးတော့ ကြည့်ရအောင်၊ မိခင်ဖခင်တွေက သားသမီးကို ချစ်ကြတယ်နော်၊ ကိုယ့်သားကိုယ့်သမီးဆို သိပ်ချစ်ကြတယ်၊ သားကို ချစ်ပါတယ်, သမီးကို ချစ်ပါတယ်ဆိုတဲ့ မိခင်တွေဟာ တစ်နေ့ကျတော့ အဲဒီသားသမီးတွေအပေါ်မှာ စိတ်ဆိုးပြီးတော့ အမွေပြတ် ကြေညာတာတွေရော မရှိဘူးလား။

ကဲ အဲဒီနေရာမှာ စဉ်းစားကြည့် - မိခင်ချစ်တာက သားသမီးကို ချစ်တာ ဟုတ်ကဲ့လား? အစဉ်အမြဲ ချစ်နေတာရော ဟုတ်ကဲ့လား?၊ တကယ်ကတော့ မိခင်က ချစ်တာ ဘယ်သူ့ကို ချစ်တာတုန်းဆိုရင် သူ့ရဲ့ခံစားချက်ကိုပဲ သူချစ်တာ၊ ဒီသားလေး ဒီသမီးလေးမျက်နှာ မြင်နေရရင် သူ့စိတ်ထဲမှာ ပျော်နေတာ၊ အဲဒီ ပျော်နေတယ်ဆိုတဲ့ သောမနဿဝေဒနာ သုခဝေဒနာလေးကို သူ

http://www.dhammadownload.com



ချစ်နေတာ၊ အဲဒါလေးကို ပျက်စီးအောင် လုပ်လို့ရှိရင် သူ့ရန်သူဖြစ်သွားပြီ၊ တကယ်က သားသမီးချစ်တာ မဟုတ်ဘူး၊ ဟော ဘုရား ဟောတာကို လူတွေက သတိမထားမိဘူး၊ ဟုတ်ကဲ့လား။

ပြောလို့ရှိရင် "သားချစ်တယ်, သမီးချစ်တယ်" ပဲ ပြောမယ်၊ "ဘယ်ပစ္စည်းကို စုံမက်တယ်" ပဲ ပြောမယ်၊ မဟုတ်ဘူး၊ ပစ္စည်းချစ်တယ်ဆိုတာလည်းပဲ ဒီပစ္စည်းလေးမြင်နေရရင် သူက ပျော်နေတာ၊ တကယ်က အဲဒီပျော်တာကို ချစ်တာ၊ ဒီပျော်ရွှင်မှုကို ဘယ်သူက ပေးလဲဆိုရင် ဒီပစ္စည်းလေးက ပေးတယ်၊ ဟောဒီဝမ်းသာမှုကြည်နူးမှု ပျော်ရွှင်မှုတွေကို ဘယ်သူက ပေးတုန်း? သားက ပေးနေတယ်၊ သမီးက ပေးနေတယ်၊ ပစ္စည်းဥစ္စာတွေက ပေးနေတယ်၊ ဒါ့ကြောင့်မို့ သူက သားကို ချစ်တယ်, သမီးကို ချစ်တယ်, ပစ္စည်းကို ချစ်တယ်လို့ နာမည်တပ်လိုက်တာ၊ တကယ်ချစ်တာက အဲဒါ မဟုတ်ဘူးတဲ့။

တကယ်ချစ်တာက ကိုယ့်ရဲ့ feeling ကိုပဲ ကိုယ်ချစ်နေတာတဲ့၊ ကိုယ့် feeling ကို ပျက်စီးအောင် လုပ်ပြီဆိုရင် ဒီလူဟာ ရန်သူပဲ, သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် ဟုတ်ကဲ့လား၊ နောက်ဆုံးမှာ အမွေပြတ်ကြော်ငြာတာတွေထိအောင် ဖြစ်ကုန်ကြတာပေါ့၊ သူချစ်တာကို မဖျက်ဆီးနဲ့လေ၊ တကယ် သားချစ်တယ်ဆိုရင် ဘာပြောစရာလိုလဲ၊ ဒါ ဟုတ်လား၊ သားရှိနေရင် အမြဲတမ်း ချစ်နေရမှာပေါ့, ဘာလုပ်လုပ်ပေါ့၊ သို့သော် သူ့သဘောမကျတော့ မချစ်တော့ဘူး။

သဘောကျတယ်ဆိုကတည်းက ဝေဒနာပဲ မဟုတ်လား၊ သူသဘောကျနေတာက သူ့ရဲ့သုခဝေဒနာလေး၊ အေး သူလိုချင်တာက သူ့ရဲ့သုခဝေဒနာလေး၊ ဒီသုခဝေဒနာလေးကို ဘယ်သူက ပေး

http://www.dhammadownload.com



တာတုန်း သားက ပေးနေတာ, သမီးက ပေးနေတာ၊ သားသမီးက မပေးတော့ဘဲ သူ့ရဲ့သုခဝေဒနာ သောမနဿဝေဒနာကို ဖျက်ဆီး ပစ်ပြီဆိုရင် "ဒီသားသမီး သွားတော့, မလာနဲ့တော့" လို့ အိမ်ကနေ မောင်းချတာမျိုးတွေ ဖြစ်ကုန်တယ်နော်။

အဲဒါကြောင့်မို့လို့ မြတ်စွာဘုရားက **"ဝေဒနာပစ္စယာ တဏှာ"**လို့ဟောတာ၊ မြတ်စွာဘုရားက အရင်းကျကျကို အမြဲတမ်း လိုက်တယ်၊ အပေါ်ယံလေးတင် မကြည့်ဘူး၊ ဒါကြောင့်မို့ တရား ဟာ profound အင်မတန်နက်နဲတယ်လို့ ဒီလိုပြောတယ်၊ အဓိက က အဲဒါ။

အေး ကောင်းပြီ - **"ဝေဒနာပစ္စယာ တဏှာ"**၊ အခုလို "တဏှာဆိုတာဟာ ဒီဝေဒနာဆိုတဲ့ ခံစားချက်ကို အကြောင်းပြုပြီး တော့ တဏှာဖြစ်ရတယ်" ဆိုတာ၊ ဒါ ပဋိစ္စသမုပ္ပါဒ်အရ ဝေဒနာနဲ့ တဏှာ ဆက်သွယ်ပုံကို ဒါ သိရပြီ။

## ပဋ္ဌာန်းနည်း

ပဋ္ဌာန်းနည်းကျတော့ ဘယ်လိုဆက်သွယ်သလဲလို့ ပြောရ မယ်ဆိုရင် စိတ်ယှဉ် စေတသိက်ယှဉ်နဲ့ ကြည့်လိုက်မယ်ဆိုရင် ဝေဒနာသည် သဗ္ဗစိတ္တသာဓာရဏစေတသိက်ဆိုတော့ စိတ်အားလုံး မှာ ရှိတယ်၊ တဏှာကတော့ လောဘမူစိတ် ၈-ခုမှာ ရှိတယ်၊ ဒီ တော့ လောဘမူစိတ် ၈-ခုမှာ ဝေဒနာနဲ့ တဏှာ ဆုံမိကြတယ်ပေါ့၊ သို့သော် အဲဒီမှာဆုံမိတဲ့ ဝေဒနာသည် တဏှာကို ဖြစ်စေနိုင်လား လို့ဆိုရင် မဖြစ်စေနိုင်ဘူးပေါ့၊ တခြားဝေဒနာကသာ တဏှာကို ဖြစ် စေနိုင်တာဖြစ်သောကြောင့် အကယ်၍ လောဘမူစိတ်ထဲမှာရှိတဲ့

http://www.dhammadownload.com



ဝေဒနာက တဏှာကို ဖြစ်စေတယ်ဆိုရင် သူတို့ဟာ born together အတူတကွဖြစ်လို့ သဟဇာတမျိုး ဖြစ်တာပေါ့၊ သဟဇာတတို့ အညမညတို့၊ ဒီနေရာမှာ အဲဒီပစ္စည်းတွေကို မပြောဘူး။

**"ဝေဒနာပစ္စယာ တဏှာ"** ဆိုတာ ဥပနိဿယသတ္တိတစ်မျိုး တည်းပဲ ပြောတယ်တဲ့၊ အားကြီးတဲ့ ခံစားချက်ဆိုတဲ့ အားကြီးမှု အပေါ်မှာ တွယ်တာမှုဆိုတဲ့တဏှာဟာ လာတယ်တဲ့၊ ဥပနိဿယ သတ္တိဆိုတဲ့ အားကြီးသော မှီရာတစ်ခုအနေနဲ့ စွမ်းရည်သတ္တိလေး တစ်ခုကို အသုံးပြုတယ်လို့ ဒီတစ်ပစ္စည်းတည်းကိုပဲ ပြောတယ် နော်၊ များသောအားဖြင့် ပဋိစ္စသမုပ္ပါဒ်မှာတော့ ဝိပါကအကျိုး တရားတွေနဲ့ ပတ်သက်ပြီး ပြောတယ်၊ သို့သော် အကျိုးတရားတင် မကဘူး, ယူလို့ ရတာတွေ အားလုံးကို အကုန်လုံးဆက်သွယ်ပြီး တော့ ဟောထားတာတွေလည်း ရှိတယ်ပေါ့။

ကဲ **"ဝေဒနာပစ္စယာ တဏှာ"** လို့ လုံးပြီးတော့ ပြောထားတဲ့ အခါကျတော့ ဝေဒနာက သုခရှိတယ်, ဒုက္ခရှိတယ်, အဒုက္ခမသုခ ရှိတယ်နော်၊ အဲဒီလို ရှိတဲ့အခါကျတော့ စဉ်းစားစရာက သုခ ဝေဒနာ ဖြစ်လို့ အဲဒီသုခဝေဒနာပေါ်မှာ တဏှာဖြစ်တယ် ဆိုတာ သဘာဝကျတယ်၊ လိုချင်စရာကောင်းလို့ လိုချင်တာဖြစ်လို့ ဒါ သဘာဝကျတယ်၊ ဒုက္ခဝေဒနာကျတော့ လိုချင်စရာမကောင်းဘဲနဲ့ ဘာဖြစ်လို့ လိုချင်တဲ့တဏှာ ဖြစ်ရတာလဲ။

## "သုခဝေဒနာကြောင့် တဏှာဖြစ်တယ်"

ဒီတော့ ပြောမယ်ဆိုရင် **"သုခဝေဒနာပစ္စယာ တဏှာ"** - "သုခဝေဒနာကြောင့် တဏှာဖြစ်တယ်" ဆိုရင် သဘာဝကျတယ်။

http://www.dhammadownload.com



တခြားနေရာမှာလည်းပဲ - မြတ်စွာဘုရားက သံယုတ်ပါဠိတော်မှာ ဟောထားတာ ရှိတယ်၊ **"သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ"** တဲ့၊ သုခဝေဒနာပေါ်မှာ ရာဂဆိုတာ ကိန်းသွားတယ်၊ သုခဝေဒနာကို အကြောင်းပြုပြီးတော့ ရာဂလေး ကိန်းသွားတယ်၊ ကိန်းသွားတယ်ဆိုတာက ရာဂဟာ positive ဖြစ်သွားပြီလို့ ပြောတာနော်၊ သုခဝေဒနာလို့ ကြုံလိုက်တာနဲ့ တစ်ပြိုင်နက် ပုထုဇဉ် သတ္တဝါတွေဟာ ဒီချမ်းသာဆိုတာလေးနဲ့ တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် ရာဂက ဖြစ်လာတော့တာပဲ၊ တစ်ခါတည်း positive ရောက်တာနော်၊ သုခဝေဒနာဖြစ်လာလိုက်တာနဲ့ တစ်ပြိုင်နက် အနုသယ ဓာတ်အနေနဲ့ ဟော- အတွေ့အကြုံလေးတစ်ခု ရသွားပြီး ဒီအာရုံနဲ့ ဒီစိတ်နဲ့ဆုံရင် တဏှာလာတော့တာပဲ၊ အနုသယဆိုတာ အဲဒါကို ပြောတာ။

**အနုသယဆိုတာ "အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇတိ"**၊ သင့်လျော်တဲ့အကြောင်းကို ရလို့ ဖြစ်ပေါ်နေတဲ့ အနေအထားမျိုး တစ်ခုကို ပြောတယ်၊ သို့မဟုတ် သင့်လျော်တဲ့ အနေအထားတစ်ခု ကို ရလာပြီး ဖြစ်နိုင်တဲ့အနေအထား potentiality လို့ ဒီလို ဆိုလို တယ်၊ ဖြစ်နိုင်တဲ့အနေအထား တစ်ခုရောက်တာပဲနော်။

ဆိုပါစို့ - ဂက်(စ)မီးခြစ်လေးကို ခြစ်လိုက်မယ်လို့ ဆိုရင် တစ်စုံတစ်ယောက်က လက်ကလေးနဲ့ဖိပြီး ဘီးလုံးလေးကို ခြစ်လိုက် ရင် မီးတောက်မယ့်အနေအထားလို ဖြစ်နေတယ်ပေ့ါ၊ အနုသယ ဆိုတာ အဲဒီပုံစံမျိုးလေး၊ စိတ်ထဲမှာ ဒီအာရုံနဲ့ ဒီစိတ်နဲ့ ဆုံလိုက်ရင် ဒါလေး ပေါ်လာမယ်၊ မီးလေး ပေါ်လာသလို ရာဂလေး ပေါ်လာ မယ်၊ အဲဒါကို အနုသယလို့ ပြောတာနော်။

http://www.dhammadownload.com



ကောင်းပြီ - **"သုခါယ ဝေဒနာယ ရာဂါနုသယော အနုသေတိ၊"** သုခဝေဒနာပေါ်မှာ လူတွေရဲ့စိတ်ထဲမှာ ရာဂဆိုတာ အတွေ့အကြုံကြီး ရသွားပြီးတော့ ရာဂဟာ ကိန်းသွားတယ်၊ ကိန်းသွားတယ်ဆိုတာ ဖြစ်ဖို့ အခြေအနေတစ်ခု ရသွားပြီ၊ နောက်ထပ်လာရင် ဖြစ်တော့မယ်နော်။

**ဒုက္ခဝေဒနာကြောင့် တဏှာဖြစ်ပုံ**

**"ဒုက္ခာယ ဝေဒနာယ ပဋိဃာနုသယော အနုသေတိ၊"** ဒုက္ခဝေဒနာကျတော့ ဒေါသ၊ ဆန့်ကျင်ဘက်၊ စိတ်ရဲ့ဆန့်ကျင်မှု ဒေါသကိန်းတယ်လို့ ပြောတယ်၊ ဒုက္ခဝေဒနာမှာ ရာဂဆိုတဲ့တဏှာ မကိန်းဘူးနော်၊ ဒုက္ခဝေဒနာကျတော့ ဒေါသကိန်းတယ်၊ အဲဒါ ဒေသနာတော်နဲ့ ညှိမယ်ဆိုရင် **"ဒုက္ခဝေဒနာပစ္စယာ ဒေါသော"**လို့ပဲ ဟောရမှာပေါ့၊ အဲဒီလို မဟောဘဲနဲ့ မြတ်စွာဘုရားက **"ဝေဒနာ-ပစ္စယာ တဏှာ"** လို့ ဒီနေရာမှာ ဘာဖြစ်လို့ ဟောလဲ?၊ ဒါလည်း မေးခွန်းတက်စရာတစ်ခုပဲနော်။

တစ်ခါ အဒုက္ခမသုခဝေဒနာဆိုတဲ့ နေရာမှာ သုခလည်း မထင်ရှားဘူး, ဒုက္ခလည်း မထင်ရှားဘူး၊ သုခလည်း မဟုတ်, ဒုက္ခလည်း မဟုတ်ဘူး ဆိုတော့ ဒီစပ်ကြား ခံစားချက်ကြီးတစ်ခုအပေါ်မှာလည်း ဘာဖြစ်လို့ တဏှာသွားဖြစ်ရတာတုန်း၊ သိတောင်မှ မသိတဲ့အရာကြီးပဲ။

သုတ္တန်ပါဠိတော်ကျတော့ **"အဒုက္ခမသုခါယ ဝေဒနာယ အဝိဇ္ဇာနုသယော အနုသေတိ"** တဲ့ "မသိဘူး၊ မသိလို့ အဝိဇ္ဇာအနုသယကိန်းတယ်" လို့ ပြောတာ၊ သူ့ရဲ့သဘာဝကို မသိလိုက်

http://www.dhammadownload.com



ဘူး၊ မသိလိုက်သည့်အတွက်ကြောင့် သူဖြစ်နေမှန်း မသိတာက ဒါ အဝိဇ္ဇာအနုသယပဲ ပေ့ါနော်၊ အဲဒီလို ဆိုထားတယ်။

ဒီမှာတော့ ဝေဒနာတွေ ၃-မျိုးစလုံးကို လုံးပြီးတော့ မြတ်စွာဘုရားက ဘာဖြစ်လို့ **"ဝေဒနာပစ္စယာ တဏှာ"** လို့ တဏှာတစ်ခုတည်း ဟောသလဲ၊ အဲဒီမေးခွန်းကို ဝိသုဒ္ဓိမဂ်မှာ မေးခွန်း မထုတ်ပေမယ့်လို့ အဖြေပေးထားတာ ရှိတယ်ပေ့ါ။

အဖြေက ဘာတုန်းဆိုလို့ရှိရင် ရှင်းရှင်းလေးပဲ လောကလူတွေရဲ့ စိတ်နေသဘောတားကို ကြည့်လိုက်တယ်၊ **"ဒုက္ခီ သုခံ ပတ္ထယတိ"**- ဆင်းရဲဒုက္ခ ရောက်နေတဲ့လူက ဘာလိုချင်တာတုန်းဆိုရင် သုခလိုချင်တယ်၊ ဟုတ်ကဲ့လား၊ ဆင်းရဲနေတဲ့သူက သုခလိုချင်တယ်၊ လိုချင်တယ်ဆိုတာ တဏှာပဲ မဟုတ်ဘူးလား၊ ဒုက္ခရောက်နေတဲ့လူက သုခကို လိုချင်နေတယ်၊ ဟော ဒုက္ခဆိုတာ ဒုက္ခဝေဒနာပဲ၊ ဒုက္ခဝေဒနာခံစားနေရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ သုခဝေဒနာကို မျှော်လင့်တောင့်တနေသည့် အတွက်ကြောင့် "ဒုက္ခဝေဒနာပစ္စယာ တဏှာ" ပဲ ဖြစ်ပြန်တယ်ပေ့ါ။

**"သုခီ ဘိယျောပိ ဣစ္ဆတိ"** တဲ့ - "ချမ်းသာတဲ့လူကျတော့ ပိုပြီး ချမ်းသာချင်တယ်" တဲ့၊ ချမ်းသာသုခရတဲ့ပုဂ္ဂိုလ်က ပိုပြီးတော့ ချမ်းသာချင်တယ်ဆိုတော့ သူကလည်းပဲ တဏှာပဲပေ့ါ။

ဒါဖြင့် အဒုက္ခမသုခ ချမ်းသာတာလည်း မဟုတ်ဘူး, ဆင်းရဲတာလည်း မဟုတ်ဘူးကျတော့ ဘာဖြစ်တုန်းဆို **"ဉပေက္ခာ ပန သန္တတ္တာ၊ သုခ မိစ္စေဝ ဘာသိတာ"**၊ သူက ချမ်းသာတာလည်း မဟုတ်ဘူး, ဆင်းရဲတာလည်း မဟုတ်ဘူးဆိုတော့ ဒီခံစားချက်ဟာ အင်မတန်ငြိမ်သက်သည့်ခံစားချက် ဖြစ်နေလို့ သူ့ကို သုခလို့ပဲ

http://www.dhammadownload.com



မှတ်ယူရတယ်၊ ဟုတ်တယ်လေ၊ ဒုက္ခမဖြစ်ဘူးဆိုရင် သုခထဲပဲ သွင်းတယ်ပေါ့၊ ဒါ့ကြောင့် ဥပေက္ခာကလည်း သုခဖြစ်သည့်အတွက် ကြောင့် ပိုပြီးချမ်းသာမှုကို လိုချင်ပြန်တဲ့ တဏှာပဲ ဖြစ်တယ်လို့ - ဟော ဒီလို အဖြေပေးထားတယ်။

ဘာဝေဒနာနဲ့ပဲ ကြုံကြုံ "ဝေဒနာပစ္စယာ တဏှာ" ပဲ လာ တယ်လို့ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်မှာ အဓိကပဓာန တဏှာ ပဲ ဖြစ်တာပဲ၊ ဒီလို ဆိုလိုတယ်နော်။

## ဘုရားရဟန္တာမှာလည်း ခံစားချက် ရှိ၏

ဒါဖြင့်ရင် ကောင်းပြီ၊ နောက်ထပ် စဉ်းစားစရာလေးတစ်ခု က ဝေဒနာဆိုတာ လူတိုင်းမှာ ရှိတယ်၊ စိတ်ရဲ့ခံစားချက်ဆိုတာ လူတိုင်းမှာ ရှိတယ်၊ ဒီတော့ ရဟန္တာပုဂ္ဂိုလ်တွေမှာရော ခံစားချက် မရှိဘူးလား၊ ရှိတယ်၊ ရဟန္တာပုဂ္ဂိုလ်တွေကျတော့ ဝေဒနာရှိနေ သော်လည်း **"ဝေဒနာပစ္စယာ တဏှာ"** ဟာ ဘာဖြစ်လို့ မလာ သလဲ၊ သူတို့ကျတော့ "ဝေဒနာပစ္စယာ တဏှာ" မလာဘူး။

ဘာဖြစ်လို့ မလာတာတုန်းဆိုတော့ အနုသယ မရှိတော့လို့၊ possibility တွေ အခြေအနေတွေ မရှိတော့ဘူး၊ ဂက်(စ)မီးခြစ် ထဲမှာ ဂက်(စ)တွေ ကုန်နေပြီ၊ ကုန်ရင် မီးတောက်ပါဦးမလား၊ မတောက်တော့ဘူး၊ အဲဒါမျိုးလိုပဲ သူတို့သန္တာန်မှာ ဒီ possibility ဆိုတဲ့ ဖြစ်နိုင်ခြေတွေ လုံးဝမရှိတော့ဘူး၊ အနုသယ မရှိတော့ဘူးလို့ ပြောတာ၊ အနုသယမရှိသည့်အတွက်ကြောင့် "ဝေဒနာရှိရုံနဲ့ တဏှာ မလာဘူးတဲ့၊ ဝေဒနာရှိပြီးတော့ တဏှာဖြစ်ပေါ်ဖို့ အခြေအနေ လေးကလည်း ရှိရဦးမယ်" ပေါ့၊ ဒီလို ဆိုလိုတာပေါ့၊ အဲဒီ တဏှာ

http://www.dhammadownload.com



ဖြစ်စေနိုင်တဲ့ အခြေအနေလေးကို ဒီနေရာမှာ အနုသယလို့ ပြော တယ်။

ရဟန္တာပုဂ္ဂိုလ်တွေမှာ သုခဝေဒနာ ရှိတယ်, ဒုက္ခဝေဒနာ ရှိ တယ်, အဒုက္ခမသုခဝေဒနာ ရှိတယ်၊ ရဟန္တာမှာလည်း ဝေဒနာ ရှိတာပဲ၊ ရဟန္တာမှာ မရှိတဲ့ဝေဒနာဟာ ဘာတုန်းဆိုရင် ဒေါမနဿ ဝေဒနာတော့ မရှိဘူး၊ mental pain မရှိဘူး၊ physical pain ကတော့ ရှိတယ်၊ ဘုရားတောင်မှ physical pain ရှိတာပဲ၊ ရဟန္တာပုဂ္ဂိုလ်တွေမှာလည်းပဲ ခါးအောင့်တယ်တို့ ကြောအောင့် တယ်တို့ နားကိုက်တယ်တို့ ရှိတာပဲ။

ခန္ဓာကိုယ်ရလာတဲ့ ပုဂ္ဂိုလ်တိုင်းပုဂ္ဂိုလ်တိုင်းမှာ နေမကောင်း တာတို့ - မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဆိုရင် ဒေဝဒတ်က ဂိဇ္ဈကုဋ်တောင်ကနေပြီး ကျောက်တုံးကြီးကို လှိမ့်ချလိုက်တဲ့အခါ မှာ အောက်က ကျောက်တုံးကြီးတစ်ခုနဲ့ တိုက်မိပြီး ကျောက်ဖတ် လေးက ကွာပြီး ဘုရားခြေထောက်ကို မှန်တာ အင်မတန်မှ နာကျင် တာပေါ့။ မနာဘဲ ဘယ်ရှိမလဲ၊ ဘုရားလည်း သွေးနဲ့ သားနဲ့ပဲ- နာ တာပေါ့။ သို့သော် နာတာပေါ်မှာ စိတ်ဆင်းရဲမှု မလိုက်ဘူး။

ဘုန်းကြီးတို့တစ်တွေက နာရင် စိတ်ဆင်းရဲမှု လိုက်လာ တယ်၊ မြတ်စွာဘုရားကျတော့ စိတ်ဆင်းရဲမှု မလိုက်ဘူး၊ physical pain ကတော့ ရှိတာပေါ့။ နာတာကို နာတယ်လို့ သိတာပဲပေါ့။ ဟုတ်တယ် မဟုတ်လား၊ နာတာကို နာတာလို့ သိတယ်၊ ဘုရား ရဟန္တာတွေက နာတာကိုလည်း နာတယ်လို့ သိတာပဲ၊ သို့သော် ဒေါမနဿ မဖြစ်ဘူး၊ ကောင်းတာကိုလည်းပဲ ကောင်းတယ်လို့ သိ တယ်၊ သို့သော် လောဘမဖြစ်ဘူး၊ ဘုန်းကြီးတို့တစ်တွေက ကောင်း

http://www.dhammadownload.com



တာကို ကောင်းတယ်လို့ သိပြီးတဲ့နောက်မှာ လိုချင်တယ် ဆိုတာလေး လိုက်လာတယ်။

ဒီကောင်းတာကို ကောင်းတယ်လို့ သိတယ်ဆိုတဲ့ နေရာမှာ နော် - ဘုရားရဟန္တာဖြစ်ရင် တချို့ကထင်တယ်၊ သစ်တုံးကြီးလို များ ခံစားမှုတွေ မရှိတော့ဘူးလို့ ဒီလိုအောက်မေ့နေတယ်၊ ဒီလို မဟုတ်ဘူး၊ ဘုရားရဟန္တာလည်း ခံစားမှုရှိတယ်၊ သို့သော် အဲဒီ ခံစားမှုသည် လောဘမပါတဲ့ ခံစားမှု၊ ဒေါသမပါတဲ့ ခံစားမှု၊ အဲဒါကို နားလည်ရမယ်၊ သာမန်ပုထုဇဉ်ပုဂ္ဂိုလ်တွေက ဒီလိုနားလည်ဖို့တော့ မလွယ်ဘူးပေါ့၊ ကိုယ်က ကိုယ်ခံစားတာက လောဘနဲ့ ခံစားတာကိုး၊ ဒေါသလေးနဲ့ တွဲလာတယ်၊ လောဘလေးနဲ့ တွဲလာတယ်၊ ကိုယ့်ရဲ့ခံစားချက်တွေကလေ။

မြတ်စွာဘုရားကျတော့ ခံစားမှုတွေက လောဘ ပါမလာဘူး၊ ဒေါသ ပါမလာဘူး၊ ရဟန္တာတွေမှာလည်း ခံစားမှုတွေ ရှိတယ်၊ ကောင်းရင် ကောင်းတယ်, လှရင် လှတယ်လို့ မြင်တယ်၊ အရုပ်ဆိုးရင် အရုပ်ဆိုးတယ်လို့ မြင်တယ်နော်၊ နို့မို့ဆိုရင် ဘုရားက ပန်းလှတာကို မလှဘူးလို့ သိနေမှာပေါ့၊ ဘယ်လိုလုပ်ပြီး အသုဘကမ္မဋ္ဌာန်းချည်းပဲ ရှုခိုင်းနေမတုန်း၊ ဟုတ်လား၊ လှရင် လှတယ်လို့ပဲ မြင်တာပဲ၊ ကောင်းရင် ကောင်းတယ် လို့ပဲ မြင်တာပဲ။

ကြည့်လေ - မြတ်စွာဘုရားက ဣန္ဒသာလလိုဏ်ဂူထဲမှာ သီတင်းသုံးနေတယ်၊ သိကြားမင်းကြီးက ဘုရားဆီ လာချင်တာ၊ ရှေ့ပြေးကြိုတင်ပြီး လျှောက်ခိုင်းလိုက်တာ၊ သူလာမယ်ဆိုတာ သတင်းပို့တာ၊ ပဉ္စသိခ်ကို အရင်လွှတ်လိုက်တာ၊ ပဉ္စသိခ်ဆိုတဲ့ နတ်ကလည်းပဲ စောင်းသမားကိုး၊ စောင်းသမားဆိုတော့ ဘုရားနဲ့ သူက

http://www.dhammadownload.com



ရင်းရင်းနှီးနှီး အခွင့်အရေးရတာ၊ သိကြားမင်းက တမန်အနေနဲ့ လွှတ်လိုက်တာ၊ သိကြားမင်းလာမယ့်အကြောင်း လျှောက်ခိုင်းလိုက်တာ၊ သူက မလျှောက်ဘဲနဲ့ ဘုရားရှေ့မှာ သီချင်းဆို စောင်းတီးပေးခဲ့တာ၊ ဒါ အခွင့်အရေးယူတာလို့ ခေါ်တယ်နော်။

အခွင့်အရေးယူပြီးတော့ တစ်ခါတည်း စောင်းတီးတာမှ ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်သီချင်းတွေ တစ်ကိုယ်တော် song တွေကို ဆိုပြီးတော့ စောင်းလည်း တီးတယ်၊ နောက်ပြီးတော့ သူ့ရဲ့ရည်းစား သူရိယဝစ္ဆသာရဲ့ လှပုံချောပုံတွေကို ဖွဲ့နွဲ့ပြီးတော့ လည်းပဲ စောင်းတီးသေးတယ်၊ ဘုရားရှေ့မှာနော်။

အဲဒီလို စောင်းတီးပြီးတဲ့အခါ မြတ်စွာဘုရားက ဘာပြောတုန်းဆိုတော့ "ပဉ္စသိခ် - မင်းသီချင်းသံနဲ့ စောင်းသံဟာ လိုက်ဖက်ပါပေတယ်"။

ဘုရားက သူ မင်းသားဘဝ အလောင်းတော်ဘဝတုန်းက သူလည်း စောင်းတီးတတ်တာပဲပေါ့၊ သီချင်းဆိုတတ်မှာပဲပေါ့၊ ဒီတော့ ပဉ္စသိခ်တီးတဲ့ စောင်းသံဟာ အဆင့်မြင့်တယ်ဆိုတာတော့ သိတာပေါ့နော်၊ "အေး စောင်းသံလေးနဲ့ သီချင်းသံလေးက လိုက်ဖက်လိုက်တာ"လို့ ဘုရားက ပြောတာ၊ သို့သော် ဘုရားက "ထပ်တီးပါဦး၊ ငါ နားထောင်ချင်သေးတယ်၊ ဒီသီချင်းလေး ထပ်ဆိုပါဦး" လို့တော့ မပြောဘူးပေါ့၊ ကောင်းတာကို ကောင်းတယ် လို့တော့ appreciate လုပ်တာပေါ့၊ အဲဒီ appreciate လုပ်တယ် ဆိုတာ သိလို့ လုပ်တာပေါ့၊ ဒါကြောင့် မြတ်စွာဘုရားက အကောင်းအဆိုး ခံစားတယ် ဆိုတာ မသိသာဘူးလား။

http://www.dhammadownload.com



**တဏှာကိုသာ တားမြစ်၏**

ဘုန်းကြီးတို့ စစ်ကိုင်းနေတုန်းက နော်ဝေနိုင်ငံတက္ကသိုလ်မှာ music သင်တဲ့ ပါမောက္ခကြီးတစ်ယောက် လာ ဖူးတယ်၊ သူက မေးခွန်းမေးတယ်၊ ဘာမေးလဲဆိုရင် "အရှင်ဘုရားတို့ မြတ်စွာဘုရားက ဂီတကို တားမြစ်ပါသလား"တဲ့- သူက မေးတယ်နော်၊ "သီချင်းတို့ တီးလုံးသံတွေ ဒါတွေကို တားမြစ်သလား" လို့ ပြောကြမယ်ဆိုရင်တော့ လူတွေက "နစ္စ, ဂီတ, ဝါဒိတ, ဝိသုက, ဒဿန" ဆိုပြီးတော့လေ ၈-ပါးသီလဆောက်တည်တဲ့ပုဂ္ဂိုလ်တွေ၊ ဒါက မြတ်စွာဘုရားက ဥပုသ်စောင့်တဲ့အခါမှာ "ဒါ တဏှာရာဂကို ပွားစေတတ်လို့ ဒါတွေက အချိန်ဖြုန်းတာသက်သက် ဖြစ်လို့ မကြည့်နဲ့" လို့ပဲ ပြောတာပေါ့နော်၊ သို့သော် လောကကြီးမှာ ဂီတတွေ ဘာတွေ မရှိရဘူးလို့ ဒီလို ပြောတာမှ မဟုတ်တာ၊ ဒီတော့ ဘုန်းကြီးတို့ကို အဲဒီ မေးခွန်းလေး လာမေးတယ်၊ "မြတ်စွာဘုရားက ဂီတကို music ကို ကန့်ကွက်သလား" တဲ့၊ "reject လုပ်သလား၊ တားမြစ်သလား" ဆိုတော့ "မြတ်စွာဘုရားက မတားမြစ်ပါဘူး" လို့ "အဲဒီဂီတပေါ်မှာ သာယာတဲ့တဏှာကိုပဲ ဘုရားက တားတာပါ" လို့ ပြောတော့ သူ ဆက်မမေးတော့ဘူး။

အကယ်၍ "ဂီတကို တားတယ်" လို့ဆိုရင် သူက ဆက်ပြီးတော့ ပြောကောင်း ပြောလိမ့်မယ်၊ ပဉ္စသိခ် စောင်းလာတီးတာကို "ဟေ့ ပဉ္စသိခ် - ငါ့နားဆူတယ်၊ မလုပ်နဲ့လို့ မပြောဘူး" လို့ ဘုရားက သီချင်းဆုံးအောင် နားထောင်တယ်၊ ဒီတော့ မြတ်စွာဘုရားက ဒီ တူရိယာသံတွေ ဂီတသံတွေ သီချင်းသံတွေကို မတားမြစ်ပါဘူး၊ သို့သော် ရဟန်းတွေကိုတော့ တရားကို သီချင်းလုပ် မဆိုရဘူးလို့

http://www.dhammadownload.com



တော့ ပြောတယ်၊ ဘာဖြစ်လို့လဲ၊ သီချင်းလုပ် ဆိုလို့ရှိရင် ကိုယ့်အသံကိုလည်း ကိုယ် သာယာမှုတဏှာတွေ ပေါ်မယ်၊ သူများတွေကလည်း အသံကောင်းလိုက်တာ ဆိုပြီးတော့ သာယာမှုတွေ ဖြစ်လိမ့်မယ်၊ အဲဒါကြောင့်မို့လို့ သီချင်းလုပ် မဆိုရဘူးလို့ ပြောတယ်။

မြတ်စွာဘုရားက ဟောထားတာ ရှိတယ်၊ သို့သော် ရဟန်းတော်တွေမှာ "ဓမ္မနဲ့ ပတ်သက်တဲ့ ဂီတကိုတော့ နားထောင်လို့ ရတယ်၊ ဓမ္မကိုတော့ သီချင်းလုပ်ပြီးတော့ မဆိုရဘူး" လို့ ဒီလိုဆိုတယ်၊ **"ဓမ္မူပသံဟိတံ ဂီတံ ဝဋ္ဋတိ"** လို့ စာထဲမှာ ဆိုထားတယ်၊ **ဓမ္မူပသံဟိတံ** - တရားနဲ့ ပတ်သက်တဲ့, **ဂီတံ** - ဂီတသည်, **ဝဋ္ဋတိ**- သင့်လျော်တယ်။

ဆိုပါစို့- အောင်ခြင်း ၈-ပါးတို့ ဘာတို့ ဆိုတဲ့အခါမှာ ခုနက လောဘစိတ်တွေ ဒေါသစိတ်တွေ မဖြစ်ဘူးလေ၊ ဘုရားကို အာရုံပြုပြီးတော့ ကြည်နူးဝမ်းသာတဲ့ ဘုရားဂုဏ်တော်တွေကို အာရုံပြုတဲ့စိတ်ပဲ ဖြစ်တာပေ့ါ၊ ဟို မဟုတ်တဲ့- "ကိုကိုရေ ရှူးပြီ ရှူးပြီ" ဆိုတာကျတော့ ဘယ်လိုလုပ်မတုန်း၊ အဲဒါမျိုးကျတော့ ဒိပြင်စိတ်တွေ ဖြစ်မှာပေ့ါနော်၊ **"ဂီတူပသံဟိတံ ဓမ္မံ"** "ဓမ္မကို သီချင်းလုပ်ပြီးတော့ မဆိုနဲ့" လို့ ဒီလိုပြောတာ၊ သို့သော် တရားနဲ့ ပတ်သက်တဲ့ သီချင်းကတော့ ကောင်းကျိုးချမ်းသာတွေကို ပေးစွမ်းနိုင်လို့ အောင်ခြင်း ၈-ပါးတို့ ဘုရားဂုဏ် တရားဂုဏ်နဲ့ ပတ်သက်တဲ့ ထူးမခြားနားတို့ ဘာတို့ ဒီလိုဟာမျိုးကျတော့ နားထောင်ကောင်းတယ် ဆိုတဲ့ အဓိပ္ပါယ်လေးကို ပြောတာပေ့ါနော်။

အေး တချို့က နားထောင်ချင်တဲ့လူတွေကလည်း ပြောကြသေးတယ်နော်၊ ပွဲကြည့်ချင်တဲ့သူတွေက ဘာပြောလဲဆိုတော့ -

http://www.dhammadownload.com



"မကြည့်တတ်ရင် တဏှာ, ကြည့်တတ်ရင် ဘာဝနာ" ဆိုပြီး - ပွဲခင်းထဲ သွားပြီးတော့ ကမ္မဋ္ဌာန်းတရားပဲ အားထုတ်နေသယောင်ယောင် လုပ်နေတာ၊ အဲဒီလိုတော့လည်း မလုပ်သင့်ဘူးပေါ့နော်၊ အဲဒါနဲ့ချည်းပဲ အမြဲတမ်းသွားလုပ် မနေနဲ့ပေါ့၊ ဒီတော့ ကိုယ့်သန္တာန်မှာ ကိုယ်ကြည့်၊ တဏှာဖြစ်တာလား ဘာဝနာဖြစ်တာလား- ကိုယ့်ဖာသာကိုယ် ကြည့်မှာပေါ့နော်၊ အဲဒီလို ရှိတယ်။

မြတ်စွာဘုရားက ဂီတတို့ အလှအပတို့ကို ဒီလို တားမြစ်တာ မဟုတ်ဘူး၊ ဒါ့ကြောင့်မို့ နိုင်ငံခြားမှာ စာအုပ်လေးတွေ ရေးထားတာ ရှိတယ်၊ Buddhism in beauty ဆိုပြီး အလှအပနဲ့ ပတ်သက်ပြီးတော့ ဗုဒ္ဓဘာသာက ဘယ်လိုယူဆတုန်းဆိုရင် ဗုဒ္ဓဘာသာက အလှအပကို အသိအမှတ်ပြုတာပဲ၊ ကျောင်းတွေ ဘာတွေဆိုရင် ပန်းချီကားချပ်တွေဘာတွေ ချယ်ဖို့ မြတ်စွာဘုရားက ခွင့်ပြုတယ်၊ သို့သော် အမျိုးသမီးရုပ်တွေ ဘာတွေ ဒီလို လှအောင် ရေးတာမျိုးတော့ ခွင့်မပြုဘူး၊ ဘာပြုလို့တုန်းဆိုရင် ဘုရားက reasonable ဖြစ်တယ်လေ၊ ဒါကိုကြည့်ပြီးတော့ တဏှာရာဂစိတ်တွေ ပွားမှာ စိုးလို့၊ တခြားပန်းခက်ပန်းထောင်ကလေးတွေ ကျောင်းကို ဒီလိုလုပ်တာချယ်တာမျိုး, တခြားပန်းချီကားတွေကို ခွင့်ပြုတယ် မြတ်စွာဘုရားကနော်၊ ကျောင်းတွေမှာ လှအောင်ပအောင် လုပ်တာ၊ ဒါကို မြတ်စွာဘုရားက မတားမြစ်ဘူးပေါ့ - ဒါမျိုးကျတော့နော်၊ ဒါ ဂီတနဲ့ပတ်သက်ပြီးတော့ မြတ်စွာဘုရားရဲ့ဟောကြားချက် ဖြစ်တယ်။

ဂီတလောက, အဆိုအကလောကက လူတွေမှာ အယူအဆက နှစ်မျိုးရှိတယ်။

http://www.dhammadownload.com



## ဇာတ်ဆရာအမေးနှင့် ဘုရားရှင်အဖြေ

သံယုတ်ပါဠိတော်မှာ **တာလပုဋသုတ်**ဆိုတာ ရှိတယ်၊ အဲဒီ တာလပုဋသုတ်နဲ့ ပတ်သက်ပြီးတော့ မှတ်သားစရာတစ်ခုပေါ့၊ မြတ်စွာဘုရားမိန့်ကြားတဲ့စကားက တကယ်ပဲ reasonable ဖြစ်ပါတယ်၊ ကျိုးကြောင်းဆီလျော်မှု ရှိတယ်၊ တာလပုဋဆိုတာ ဇာတ်ဆရာကြီးပဲ၊ သူ့ဇာတ်အဖွဲ့မှာ လူပေါင်းထောင်ချီပါတယ်၊ တကယ့်ကို ကြီးမားတဲ့ ဇာတ်အဖွဲ့ကြီး၊ နိုင်ငံတစ်နိုင်ငံလုံးကို လှည့်ပြီး သူတို့ကပြကြတယ်၊ ဇာတ်အဖွဲ့ဆိုတော့ ထမင်းချက်တွေလည်း ပါမှာပေါ့၊ အထုပ်ထမ်းမယ့်လူတွေလည်း ပါမှာပေါ့၊ လူပေါင်း-၁၀၀၀ ဆိုတာနော်၊ မင်းသားမင်းသမီးတွေလည်း ပါမယ်ပေါ့၊ လူပျက်တွေလည်း ပါမယ်ပေါ့၊ ခုခေတ်လိုဆိုရင် လူရွှင်တော်တွေရော တီးတဲ့ မှုတ်တဲ့လူတွေရော အားလုံး သူ့အဖွဲ့သားတွေက တစ်ထောင်လောက် ရှိတယ်။

တစ်နေ့ကျတော့ သူတို့က သာဝတ္ထိပြည်ဘက်ကို လာပြီး ကပြတယ်၊ ကပြရင်း အားတဲ့အခါကျတော့ ဘုရားကို လာဖူးတယ်ပေါ့၊ ဖူးပြီးတော့ ဇာတ်ဆရာကြီးက ဘာလျှောက်တုန်းဆိုတော့ - "အရှင်ဘုရား - တပည့်တော်တို့ ဇာတ်သဘင်လောကမှာ ပြောတာ ရှိတယ်ဘုရား" တဲ့၊ ရှေးတုန်းက အစဉ်အလာပြောလာတဲ့ စကားလေး ရှိတယ်၊ "ဒီဇာတ်သဘင်နဲ့ လူတွေကို ပျော်ရွှင်အောင် လုပ်တာကြောင့် သေတဲ့အခါ ပဟာသဆိုတဲ့ နတ်ပြည်မှာ ဖြစ်ရတယ်လို့ ဆိုပါတယ်၊ အဲဒါ ဟုတ်ပါသလား" တဲ့၊ ဘုရားကို မေးတယ်။

ဘုရားက အဲဒီမှာ ဖြေလိုက်တော့ ဘယ်လိုဖြေတုန်း ဆိုတော့ "အေး - နဂိုကမှ လူတွေမှာ တဏှာရာဂက ရှိနေတယ်၊

http://www.dhammadownload.com



ဒေါသက ရှိနေတယ်၊ မာန်မာနတွေ ရှိနေတယ်၊ အဲဒီ တဏှာ ရာဂစိတ်တွေ ဒေါသစိတ်တွေ လူတွေမှာ တိုးသထက် တိုးလာ အောင် လုပ်တာ၊ (ဟုတ်တယ်လေ ဇာတ်ပွဲသွားကြည့်လို့ရှိရင် ငိုခန်း ကျတော့ ငိုကြတာပဲလေ၊ ငိုခန်းကျ ငိုအောင် လုပ်တယ်, ရယ်ရ မယ့် အခန်းကျတော့ ရယ်အောင် လုပ်တယ် - ဆိုကတည်းက လောဘတွေ ဖြစ်စေတယ်၊ ဒေါသတွေ ဖြစ်စေတယ်၊) လောဘ ဒေါသ မောဟတွေကို တိုးတက်လာအောင် လုပ်တာ ဖြစ်သည့် အတွက်ကြောင့်" တဲ့၊ "နဂိုကမှ လောဘရှိနေတဲ့လူတွေ လောဘ တိုးအောင်၊ ဒေါသရှိနေတဲ့လူတွေ ဒေါသတိုးအောင် လုပ်သည့် အတွက်ကြောင့် သေလို့ ရှိရင်တော့ ပဟာသနတ်ပြည် မဟုတ်ဘူး၊ ပဟာသငရဲကို ကျမယ်" တဲ့၊ ဒီလိုဟောတယ်။

ဒီတော့ ငရဲရောက်တဲ့အခါလည်းပဲ အဲဒီလူရွှင်တော်ကို ဘေးကလူက ကြည့်ရင်တော့ ပျက်လုံးထုတ်နေသလို ထင်မှာ၊ မဟုတ်ဘူး - သူ့ခမျာ အော်နေတာ၊ ဒုက္ခရောက်လို့ အော်နေ တာ၊ ဘေးကလူက ကြည့်ရင်တော့ dance လုပ်နေတာလို့ အောက်မေ့မယ်၊ မဟုတ်ဘူး- ပူလွန်းလို့ ခုန်ပေါက်နေတာ၊ အဲဒီလို ပဲ ဖြစ်မယ်။

အဲဒီသုတ္တန်မှာ ဖတ်ကြည့်ပေါ့၊ သံယုတ်ပါဠိတော်မှာ ရှိ တယ်၊ ဂါမဏိသံယုတ် တာလပုဋသုတ်တဲ့၊ မြတ်စွာဘုရားကတော့ အဲဒီလို ဟောထားတာ ရှိတယ်၊ အဲဒါလည်းပဲ စိတ်နေသဘောထား ပါဦးမယ်လို့ ထင်တယ်၊ အေး လောဘရှိတဲ့သူတွေ ပိုပြီးတော့ လောဘဖြစ်အောင်၊ ဒေါသရှိတဲ့သူတွေ ဒေါသပိုဖြစ်အောင် ဒီလို သွေးဆောင်ဖြားယောင်းပြီးတော့ ကပြတယ်ဆိုလို့ရှိရင် လူတွေကို

http://www.dhammadownload.com



ပိုပြီးတော့ မေ့လျော့မိန်းမောစေတတ်တာမို့ သူကလည်းပဲ ယစ်မူးစေတတ်တဲ့ အရာတစ်ခုဖြစ်တော့ မူးယစ်ဆေးတစ်မျိုးလို ဖြစ်တာပေါ့။

ဘယ်အရာပဲဖြစ်ဖြစ် စွဲတတ်တယ်၊ အဲဒီလို စွဲလာလို့ရှိရင် အကောင်းစွဲရင် ကိစ္စမရှိဘူး၊ မကောင်းတာစွဲမိလို့ရှိရင် တော်တော်ဆိုးတယ်နော်၊ ခု တရုပ်ပြည်မှာ ကလေးတွေ Internet စွဲနေတယ်ဆိုတာ ရှိသေးတယ်နော်၊ Internet မသွားရရင် မနေနိုင်လို့၊ ဒီတော့ တရုပ်ပြည်က အစိုးရကနေ အဲဒီကလေးတွေကို training ပေးနေရတယ်တဲ့ အကုန်လုံး၊ Internet စွဲ မသွားရအောင်လို့။

အဲဒီလို တစ်ခုခု စွဲသွားတာလိုပဲ- ခုဟာ ဇာတ်ပွဲကလည်း မကြည့်ဘဲ မနေနိုင်အောင် အဲဒီလို စွဲသွားအောင်လုပ်မယ်လို့ ဒီစေတနာဆိုး ပါလာမယ်ဆိုရင်တော့ မြတ်စွာဘုရားဟောတဲ့အတိုင်း ပဟာသငရဲ ကျဖို့ရာ ရှိတယ်ပေါ့၊ အဲဒါ တာလပုဋ္ဌသုတ်မှာ မြတ်စွာဘုရား ဒီလိုဟောထားတာ ရှိတယ်ပေါ့။

မြတ်စွာဘုရားကတော့ ဒီစိတ်စေတနာပေါ်မှာ မူတည်ပြီးတော့ ဆုံးဖြတ်ချက်ချတယ်၊ တစ်ဖက်သားကို အကုသိုလ်ပွားအောင် လုပ်လို့ရှိရင် ကိုယ်လည်း အကုသိုလ်ပွားမယ်၊ တစ်ဖက်သားလည်း အကုသိုလ်ပွားမယ်၊ အကုသိုလ်ပွားရင် ဒီအကုသိုလ်က မကောင်းကျိုးပေးတာပဲပေါ့၊ ဒီလိုဆိုလိုတယ်။

ဒီတော့ အလှအပကို လှတယ် ပတယ် လို့ ဒီလိုသိတာကတော့ ဒါ appreciate လုပ်တာပဲ၊ ဘုရားရဟန္တာတွေက ကောင်းတာကို ကောင်းတယ်လို့ သိတယ်၊ မကောင်းတာကို မကောင်းဘူးလို့ သိတယ်၊ မကောင်းဘူးဆိုတဲ့ နောက်မှာ ဒေါသမလိုက်ဘူး ကောင်းတယ်ဆိုတဲ့ နောက်မှာလည်းပဲ လောဘမလိုက်ဘူးတဲ့၊ ဒီ

http://www.dhammadownload.com



နေရာမှာပဲ သဘာဝကိုသိပြီးတော့ စဉ်းစားဆင်ခြင်တတ်တယ်လို့-ဒီလိုဆိုလိုတယ်နော်။

အေး **"ဝေဒနာပစ္စယာ တဏှာ"** မှာ ဝေဒနာရှိတိုင်း တဏှာဖြစ်တာတော့ မဟုတ်ဘူး၊ ဘုရားရဟန္တာတွေမှာ ဝေဒနာရှိပေမယ့် တဏှာ မလာဘူးတဲ့၊ ကျန်တဲ့ပုဂ္ဂိုလ်တွေမှာတော့ ဝေဒနာရှိရင် အကျင့်ကြီးပါနေလို့ အနုသယဓာတ်က ရှိနေသည့်အတွက်ကြောင့် ဝေဒနာပြီးရင်တော့ တဏှာလာတယ်၊ အဲဒီလို ဝေဒနာကြောင့် တဏှာဖြစ်ရတယ် ဆိုတာကို **ဥပနိဿယသတ္တိ**နဲ့ ကျေးဇူးပြုတယ်လို့ ပဋ္ဌာန်းရှုထောင့်ကနေပြီးတော့ ဆင်ခြင်လေ့လာသုံးသပ်လို့ ရတယ်။

ဒါ့ကြောင့် တရားချစ်ခင်သူတော်စဉ် ပရိသတ်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ သဘာဝတရားတွေကို ဆင်ခြင်စဉ်းစားပြီးတဲ့အခါ ဗုဒ္ဓမြတ်စွာရဲ့ဉာဏ်တော်ကြီးကို မှန်းမျှော်ပြီးတော့ ကြည်ညိုကာ ဗုဒ္ဓါနုဿတိဘာဝနာဖြင့် ကြည်နူးဝမ်းသာမှုတွေဖြစ်ခါ နောက်ဆုံးမှာ မဂ် ဖိုလ် နိဗ္ဗာန် ရသည်အထိ အသိဉာဏ်တွေ တိုးတက်သွားအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

ဖ ဖ ဆ ဆ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း"

## အပိုင်း (၁၁)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလဆန်း ၄-ရက်၊ ခရစ်နှစ် -၂၀၁၀၊ ဇွန်လ ၁၅-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိပိမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။

### "တဏှာပစ္စယာ ဥပါဒါနံ"

"တဏှာပစ္စယာ ဥပါဒါနံ" - "တဏှာတည်းဟူသော အကြောင်းကြောင့် ဥပါဒါနလို့ခေါ်တဲ့ အာရုံကို မြဲမြဲစွာဆုပ်ကိုင် ထားခြင်း စွဲလမ်းခြင်းဆိုတဲ့ သဘာဝတရားဟာ ဖြစ်ပေါ်လာရတယ်" လို့ ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က မိန့် ကြားတော်မူခဲ့တယ်၊ "ဝေဒနာပစ္စယာ တဏှာ" - အာရုံတွေကို ထိ

http://www.dhammadownload.com



တွေ့လာလို့ ခံစားမှုတွေ ပေါ်လာတဲ့အခါမှာ သတ္တဝါတွေရဲ့သန္တာန်မှာ တဏှာ ဖြစ်လာတယ်၊ ထိုတဏှာက ဖြစ်ရုံတင် ရပ်မသွားသေးဘဲနဲ့ ဥပါဒါန အစွဲအလမ်းဆိုတဲ့ အဆင့်ထိအောင် တိုးတက်ပြီးတော့ သွားတယ်၊ ခိုင်ခိုင်မာမာကြီး စွဲလမ်းတယ်လို့။

**"တဏှာပစ္စယာ ဥပါဒါနံ"** လို့ ဆိုတဲ့နေရာမှာ ဥပါဒါနကို ဥပ + အာဒါန၊ ဒီလို ပုဒ်ခွဲလိုက်၊ **ဥပ**ရဲ့ အဓိပ္ပါယ်က ခိုင်ခိုင်မြဲမြဲ၊ **အာဒါန** ဆိုတာ ဆုပ်ကိုင်ထားခြင်းလို့ အဓိပ္ပါယ်ရတယ်။

ဝိဘာဝိနီဋီကာကျမ်းမှာ ဥပမာပေးထားတယ်၊ ဖားတစ်ကောင်ကို မြွေက ကိုက်ဖမ်းတဲ့အခါမှာ မလွတ်တမ်း ခိုင်ခိုင်မာမာ ဆွဲပြီး ဖမ်းသလို၊ တဏှာကလည်း အာရုံကို အဲဒီလို စွဲစွဲမြဲမြဲ ဖမ်းဆုပ်ထားတယ်၊ မလွတ်တမ်း ဖမ်းဆုပ်ထားတယ်၊ အဲဒီလို ဆိုတယ်။

မြန်မာစကားမှာတော့ ဥပါဒါန်ကို စွဲလမ်းတယ်လို့ ပြောတယ်၊ စွဲလမ်းတယ်ဆိုတာ စွဲမြဲစွာ ဖြစ်တာ၊ ရုတ်တရက်ဖြည်လွှတ်လို့ မရတဲ့သဘောကို ပြောတာပဲနော်။

ဒီတော့ ဥပါဒါန်ဆိုတဲ့နေရာမှာ သဘာဝတရား ဘယ်နှစ်မျိုးကို ဥပါဒါန်လို့ ခေါ်သလဲဆိုရင် တဏှာနဲ့ ဒိဋ္ဌိ နှစ်မျိုးကို ခေါ်တာ၊ တဏှာဆိုတဲ့ အာရုံကိုတပ်မက်တဲ့ လောဘ၊ ဒိဋ္ဌိဆိုတဲ့ အမြင်မှားမှု - အဲဒီနှစ်ခုကို ဥပါဒါန်လို့ သုံးတာ၊ ဒါကြောင့် ဥပါဒါန်ဆိုတာ တဏှာနဲ့ ဒိဋ္ဌိကိုပဲ ပြောတယ်၊ ကျန်တဲ့ကိလေသာတွေကို မပြောဘူး။

တဏှာက **"ဝေဒနာပစ္စယာ တဏှာ"** ဆိုတဲ့အတိုင်း ဝေဒနာရှိလို့ ဖြစ်တယ်၊ **"တဏှာပစ္စယာ ဥပါဒါနံ"** အရ ဥပါဒါန်ရဲ့ အကြောင်းကတော့ တဏှာဖြစ်တယ်၊ ဥပါဒါန်အရ တဏှာနဲ့ ဒိဋ္ဌိလို့ နှစ်ခုယူထားတယ်၊ အဲဒီမှာ ဒိဋ္ဌိဆိုတာကတော့ စဖြစ်ကတည်း

http://www.dhammadownload.com



က စွဲလမ်းတတ်တဲ့ သဘောရှိလို့ ဒိဋ္ဌိကိုတော့ အစကတည်းက ဥပါဒါန်လို့ပဲ ခေါ်လိုက်တယ်။

တဏှာကို အဆင့်နှစ်ဆင့်အနေနဲ့ မှတ်ရမယ်၊ ဒိဋ္ဌိကတော့ အဆင့်တစ်ဆင့်တည်းပဲ ရှိတယ်၊ ဖြစ်လာတာနဲ့ တစ်ပြိုင်နက် ဒိဋ္ဌိက စွဲလမ်းမှု ဖြစ်တယ်၊ ဘာလို့လဲဆိုတော့ လောကမှာ လူတွေက အယူအဆဆိုတာကို လွယ်လွယ်ကူကူနဲ့ စွန့်နိုင်ကြတာ မဟုတ်ဘူး၊ **"ဣဒမေဝ သစ္စံ မောဃ မညံ"** "ဒါသာလျှင် အမှန်, တခြား အမြင်တွေဟာ အလွဲအမှား" လို့ အယူအဆတစ်ရပ်၊ အမြင်နဲ့ ပတ်သက်လာရင် စွဲလမ်းမှုက ဖြစ်ကတည်းက စွဲလာတာဖြစ်လို့ ဒိဋ္ဌိဟာ စဖြစ်ကတည်းက ဥပါဒါန်ပဲ။

**တဏှာက အဆင့်နှစ်ဆင့် ရှိတယ်၊**

တဏှာကတော့ အဲဒီလို မဟုတ်ဘူးတဲ့၊ တဏှာက အဆင့် နှစ်ဆင့် ရှိတယ်၊ မရသေးရင် လိုချင်တယ်၊ ရပြီးရင် စွဲလမ်းတယ်၊ အာရုံက နှစ်မျိုးရှိတယ်၊ မရသေးတဲ့အာရုံက တစ်ခု, ရပြီးတဲ့ အာရုံ က တစ်ခု၊ အဲဒါကို စာပေကျမ်းဂန်မှာ ဘယ်လိုပြောတုန်းဆို - **"အပတ္တဝိသယ ပတ္ထနာ"**- ကိုယ်မရသေးတဲ့အာရုံကို တောင့်တ တာက တဏှာတဲ့နော်၊ လူဆိုတာ မရသေးရင် လိုချင်တာပဲ၊ မရ သေးတဲ့အာရုံတစ်ခု မပိုင်ဆိုင်ရသေးတဲ့အာရုံတစ်ခုကို လိုချင်နေ တယ်၊ အဲဒီလိုချင်မှုဟာ သိပ်ပြင်းထန်သေးတာ မဟုတ်သေးဘူး၊ **"သမ္ပတ္တဝိသယ ဂဟဏံ ဥပါဒါနံ"**- ရပြီးတဲ့အာရုံကိုတော့ ဆုပ်ကိုင် ထားတယ်၊ အဲဒါကျတော့မှ စွဲလမ်းဆိုတာ လာတာပေါ့၊ ဒါကြောင့် တဏှာအနေနဲ့က နှစ်ဆင့်လို့ ဒီလို မှတ်ရမယ်။

http://www.dhammadownload.com



**"ဝေဒနာပစ္စယာ တဏှာ"** ဆိုတဲ့ တဏှာက အပျော့စား တဏှာ၊ စွဲလမ်းမှုမပါသေးတဲ့ တဏှာ၊ ဥပါဒါန်ဆိုတဲ့အမည် ရသွားတဲ့ တဏှာကျတော့ ပြင်းထန်သွားတဲ့တဏှာ၊ ဖြည်ချွတ်လို့ မရနိုင်တဲ့ တဏှာမျိုးလို့ - တဏှာကို နှစ်ဆင့်ခွဲပြီးတော့ မှတ်ရမယ်၊ ဒီတော့ မရသေးခင် လိုချင်တောင့်တနေတဲ့ တဏှာဟာ ထိုက်တန်သလောက် ရှောင်လွှဲမယ်ဆိုရင် ရှောင်လွှဲလို့ ရတယ်, ပြောင်းလွဲပေးလို့ ရတယ်၊ ဥပါဒါန်အဆင့်ရောက်သွားပြီဆိုရင် ဖြည်ဖို့ အင်မတန်မှ ခက်သွားပြီ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က တဏှာနဲ့ ဥပါဒါန်ရဲ့ ဒီသဘောကို ပိုင်ပိုင်နိုင်နိုင်သိလို့ သတ္တဝါတွေကို ချေချွတ်တဲ့အခါမှာ တဏှာအဆင့်ဆိုရင် ဘာနဲ့ ချေချွတ်ရမယ်၊ ဥပါဒါန်အဆင့်ဆိုရင် ဘာနဲ့ချေချွတ်ရမယ်ဆိုတာ မြတ်စွာဘုရားက သတ္တဝါတွေရဲ့ စရိုက်ကို လိုက်ပြီးတော့ တရားဓမ္မဟောတယ်၊ ဆုံးမမှုနည်းပရိယာယ်တွေ အသုံးပြုပြီးတော့ ဆုံးမတယ်၊ ဒါကြောင့် မြတ်စွာဘုရားကို **"အနုတ္တရော ပုရိသ ဒမ္မ သာရထိ"** လို့ ဆိုတာ၊ **"ပုရိသ ဒမ္မ"** ဆိုတာ "ဆုံးမထိုက်တဲ့ပုဂ္ဂိုလ်ကို", **"သာရထိ** - ဆုံးမတဲ့နေရာမှာ", **"အနုတ္တရ** - အသာဆုံးပဲ"တဲ့၊ အတော်ဆုံးပဲလို့ ဒီလိုပြောတာနော်။

ဒီနေရာမှာ တဏှာနဲ့ ဥပါဒါန်ကို ခွဲခြားရှုမြင်ပြီး တဏှာကို ဘာနဲ့ ဖျောက်မလဲ၊ ဥပါဒါန်ကို ဘာနဲ့ ဖျောက်မလဲဆိုတာ နည်းပရိယာယ်တွေကို အသုံးပြုပြီးတော့ သတ္တဝါတွေရဲ့စရိုက် သတ္တဝါတွေရဲ့သန္တာန်မှာဖြစ်ပေါ်နေတဲ့ တဏှာနဲ့ဥပါဒါန်ကို မြတ်စွာဘုရား ချေချွတ်ခဲ့ပုံကို အားလုံးသိကြတဲ့ ဇာတ်လမ်းလေးတွေ ရှိတယ်ပေါ့။

http://www.dhammadownload.com



## ညီတော်နန္ဒမင်းသားကို ချေချွတ်ပုံ

ထင်ရှားတဲ့ ဇာတ်လမ်းတစ်ခုက ညီတော်နန္ဒမင်းသား၊ နန္ဒမင်းသားနဲ့ အာနန္ဒနဲ့ မရောစေနဲ့ပေါ့။ အာနန္ဒက ဝမ်းကွဲ၊ နန္ဒဆိုတာက အဖေတူအမေကွဲ၊ အရင်းလို့ပဲ ပြောပါတော့၊ နန္ဒမင်းသားက သုဒ္ဓေါဒနမင်းကြီးနဲ့ မဟာပဇာပတိဂေါတမီတို့က မွေးတာ၊ သူက မြတ်စွာဘုရားထက် တစ်ရက်နှစ်ရက်ပဲ ငယ်တယ်၊ ရှင်အာနန္ဒက ဘုရားနဲ့ ဖွားဖက်တော်၊ အဖေကွဲ အမေကွဲ၊ နန္ဒမင်းသားကျတော့ အဖေတူ အမေကွဲ၊ ဘုရားနဲ့ အင်မတန်မှ ရုပ်တူတယ်။

အာနန္ဒကတော့ ဒီလောက် ရုပ်မတူဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ သုဒ္ဓေါဒနမင်းကြီးရဲ့ ညီတစ်ယောက်က မွေးတာကိုး၊ ညီအစ်ကိုဆိုတာ တစ်ခါတစ်လေ ရုပ်ကကွဲချင်ကွဲတာပဲ၊ ဆင်ဆင်လေးတူပြီးတော့ တစ်ခါတစ်လေ အစ်ကိုက အသားညိုပြီးတော့ ညီက အသားဖြူနေတာလည်း ရှိတာပဲ၊ ညီအကိုမောင်နှမ ဆိုပေမယ့် ရုပ်အဆင်း ကွဲနေတာလေး ရှိတတ်သေးတာကိုးနော်။

ညီတော်နန္ဒက မြတ်စွာဘုရားနဲ့ အင်မတန်တူတယ်၊ အရပ်အမောင်းအားဖြင့်လည်း မြတ်စွာဘုရားထက် လက်လေးသစ်ပဲ နိမ့်တယ်၊ လက်လေးသစ်ဆိုတာ ဘာမှ မပြောပလောက်ဘူး၊ တိုင်းကြည့်မှပဲ သိမှာကိုးနော်၊ ဝိနည်းကျမ်းထဲမှာ မှတ်တမ်းပါလို့ ဒီအချက်ကို သိရတာ၊ မြတ်စွာဘုရားဝတ်တဲ့သင်္ကန်းက ခပ်ဖားဖား၊ ရဟန်းတော်တွေဝတ်တဲ့ သင်္ကန်းက ဘုရားသင်္ကန်းလောက် မကြီးဘူး၊ ခပ်သေးသေး၊ သင်္ကန်းကို ကြည့်လိုက်တာနဲ့ ဘုရားဝတ်တဲ့သင်္ကန်းနဲ့ ရဟန်းတွေဝတ်တဲ့သင်္ကန်းက ကွဲပြားခြားနားမှုရှိတယ်။

http://www.dhammadownload.com



တစ်ခါတုန်းက ညီတော်နန္ဒဟာ သာသနာ့ဘောင်ဝင်လာပြီး မြတ်စွာဘုရားဝတ်သလို သင်္ကန်းခပ်ဖားဖားကြီး ဝတ်ပြီးတော့ လာတယ်၊ ခပ်လှမ်းလှမ်းက ညီတော်နန္ဒကို မြင်ကြတဲ့အခါမှာ စုဝေးပြီး ထိုင်နေကြတဲ့ ရဟန်းတော်တွေက "ဟိုမယ် ဘုရားကြွလာပြီ၊ ဘုရားကြွလာပြီ" ဆိုပြီး အမြင်မှားကြတယ်၊ မှားပေမှာပေ့ါ ညီအစ်ကိုပဲ နော်၊ အနီးရောက်တဲ့အခါကျတော့မှ "သြော် ဘုရားမဟုတ်ဘူး၊ ညီတော်နန္ဒပဲ" လို့ ကွဲကွဲပြားပြား သိကြရတယ်။

ဒ့ါကြောင့်မို့ မြတ်စွာဘုရားက ဝိနည်းစည်းကမ်းမှာ ဘုရားနဲ့ ပမာဏတူတဲ့သင်္ကန်းမျိုးကို မဝတ်ရဘူးလို့ ဥပဒေစည်းကမ်းလုပ်ထားရတယ်ပေ့ါ၊ တခြားပုဂ္ဂိုလ်ဆိုရင်တော့ ရောချင်မှ ရောမှာ၊ ညီအစ်ကိုဆိုတော့ ရောသွားတာ ရှိတယ်ပေ့ါ။

အားလုံးသိတဲ့အတိုင်း ညီတော်နန္ဒဟာ သာသနာ့ဘောင်ကို ကြည်ညိုလို့ ဝင်လာတာ မဟုတ်ဘူး၊ အစ်ကိုအရင်းကို လေးစားကြောက်ရွံ့ရလို့ ဝင်လာတာ၊ မင်္ဂလာအခမ်းအနား ကျင်းပမယ့်နေ့မှာ သူ့လက်ထဲ မြတ်စွာဘုရားက သပိတ်ထည့်လိုက်တယ်၊ ထည့်လိုက်တော့ ဒီသပိတ်ကြီးကို လက်က ကိုင်ထားရတယ်၊ ဘုရားကြွတဲ့နောက်က သူထမ်းလိုက်ရတာပေ့ါ၊ ဘုရားက ဘာမှ မပြောဘူး၊ သူ့လက်ထဲ သပိတ်ထည့်လိုက်တော့ သပိတ်ကို လိုက်ပို့ ရတယ်၊ ဟိုနား ယူနိုး၊ ဒီနား ယူနိုးနဲ့ အဲဒီမှာ လိုက်သွားလိုက်ရတာ ကျောင်းရောက်ရော ဆိုပါစို့၊ သပိတ်ပေးပြီးတော့ ခေါ်သွားတာ၊ အဲဒါကို သပိတ်ထမ်းခေါ်တယ်လို့ ပြောကြတယ်၊ ထမ်းချင်မှလည်း ထမ်းမှာပါ၊ ပွေ့ချင်လည်း ပွေ့မှာပေ့ါ၊ ဒါပေမယ့် ပုံထဲမှာတော့ သပိတ်ကလေး ထမ်းပြီး လိုက်သွားရတယ်ပေ့ါ။

http://www.dhammadownload.com



ဒီတော့ မင်္ဂလာအခမ်းအနားကျင်းပမယ့်နေ့- မင်္ဂလာဆောင်မှာကလည်း တခြားလူ မဟုတ်ဘူး၊ အဖေတူအမေတူ နှမအရင်းနဲ့ မင်္ဂလာဆောင်မှာ၊ မောင်နှမ နှစ်ယောက်စလုံးကို နာမည်တူ ပေးထားတာ နန္ဒ နဲ့ နန္ဒာ၊ တစ်ခါတစ်ခါကျတော့ သုန္ဒရီနန္ဒာ လို့လည်း နာမည်ပေးတယ်၊ သို့မဟုတ် အဘိရူပနန္ဒာ လို့လည်း ခေါ်တယ်၊ "ဇနပဒကလျာဏီ" ဆိုတာတော့ ဘွဲ့ဖြစ်လောက်တယ်၊ ခုခေတ်လိုပဲ မယ်ဘွဲ့ရွေးတာမျိုးတွေရဲ့နာမည် ဖြစ်မှာပေါ့လေ၊ Miss Universe လိုပဲပေါ့၊ ဇနပဒကလျာဏီဆိုတာ ဒီဒေသမှာ အချောဆုံးလို့ ဒီလို အမိပ္ပါယ်ရတယ်၊ ဒီတော့ "ဇနပဒကလျာဏီ" ဆိုတာ နာမည်မဟုတ်ဘူး၊ အချောဆုံးလို့ ဒီလိုပြောတဲ့အဓိပ္ပါယ်နော်။

သူ့ရဲ့နာမည်က နန္ဒာပဲ၊ သို့မဟုတ် အဘိရူပနန္ဒာ၊ နန္ဒမင်းသားနဲ့ မောင်နှမအရင်း၊ သို့သော် သာကီဝင်မင်းတွေရဲ့ထုံးတမ်းစဉ်လာအရ မောင်နှမအရင်း လက်ဆက်ကြတယ်၊ ဘာဖြစ်လို့ မောင်နှမအရင်း လက်ဆက်တုန်းဆိုတော့ - မြန်မာတွေတောင် ပြောကြတယ် မဟုတ်လား .. "အမျိုးချင်းထပ်ရင် မြတ်တယ်" လို့၊ တခြားလူ ဝင်လာမှာ စိုးတယ်၊ တချို့က မျိုးရိုးမဟုတ်ဘူး, ပစ္စည်းဥစ္စာတွေ "ဖိတ်ခြင်း ဖိတ်, ကိုယ့်အိတ်ထဲ ဖိတ်" ဆိုပြီး လုပ်ကြတာပေါ့လေ။

အေး အဲဒီမှာ မောင်နှမချင်းလက်ဆက်ဖို့ မင်္ဂလာပွဲကျင်းပမယ့်နေ့မှာ သပိတ်ကမ်းပြီးတော့ ခေါ်သွားတာနဲ့ လိုက်သွားရတာဟိုလည်း ရောက်ရော "သင်္ကန်းဝတ်မလား"လို့ မေးတော့ မဝတ်ချင်ဘူးလို့ မပြောရဲဘူး၊ မပြောရဲတော့ ခေါင်းငြိမ့်ရတာပေါ့၊ ခေါင်းငြိမ့်လိုက်တာနဲ့ တစ်ပြိုင်နက် ခေါင်းအရိတ် ခံလိုက်ရတော့တာပေါ့။

http://www.dhammadownload.com



အဲဒီလို ရဟန်းဖြစ်သွားတဲ့အခါမှာ ဘယ်လိုမှ သူမပျော်နိုင်ဘူးပေ့ါ။ စိတ်က နန်းတော်ပဲ ရောက်နေတယ်၊ နန်းတော်ရောက်ရုံတင် မကဘူး၊ မင်္ဂလာပွဲကြီး ကျင်းပတော့မှာဆိုတော့ နှမတော် ဇနပဒကလျာဏီ နန္ဒာအပေါ်မှာ စိတ်ရောက်ပြီးတော့ နေတယ်၊ အဲဒါက စွဲလမ်းနေတဲ့ ဥပါဒါန်အဆင့် ရောက်သွားပြီ၊ လိုချင်တဲ့ တဏှာ မဟုတ်ဘူး၊ စွဲလမ်းတဲ့ ဥပါဒါန်အဆင့် ရောက်သွားပြီ၊ အဲဒီဥပါဒါန်ဟာ တရားဟောပြီးတော့ ချွတ်လို့ မရဘူး၊ စွဲလမ်းနေတာနဲ့ ဘယ်လိုမှ တရားမတိုးဘူး၊ ရောဂါဆိုးတော့ ဆေးမတိုးဘူး။

ရှင်နန္ဒရဲ့သန္တာန်မှာဖြစ်တဲ့ တဏှာက လွန်ကဲသွားတဲ့အခါ စွဲလမ်းတဲ့ဥပါဒါန် ဖြစ်သွားပြီ၊ တရားမတိုးတော့ဘူး၊ တရားမတိုးလို့ရှိရင် ဘာနဲ့ ပြန်လုပ်ရတုန်းဆိုတော့ - မြန်မာတွေပြောတဲ့ စကားလိုပေ့ါ၊ "ငါးကြင်းဆီနဲ့ ငါးကြင်းကြော်" ဆိုတာ၊ ဥပါဒါန်ကို ဘာနဲ့ ပြန်နှုတ်တုန်းဆိုရင် တဏှာတစ်ခုခုနဲ့ ပြန်နှုတ်လိုက်တယ်၊ စာပေကျမ်းဂန်မှာ ဥပမာပေးထားတယ်၊ "ဆူးစူးလို့ ရှိရင် ဆူးနဲ့ထွင်"၊ သစ်ပင်ပေါ်က သရက်သီးလိုချင်လို့ရှိရင် အောက်က သရက်သီး တစ်လုံး ကောက်ယူပြီး ပစ်ချတယ်ပေ့ါ၊ သရက်သီးကို သရက်သီးနဲ့ ပစ်ချသလို၊ ဆူးကို ဆူးနဲ့ထွင်သလို၊ မြန်မာစကားပုံက ငါးကြင်းဆီနဲ့ ငါးကြင်းကြော်၊ အဲဒီပုံစံမျိုးပဲ။

မြတ်စွာဘုရားက နန္ဒမင်းသားကို ဥပါဒါန်အစွဲ ပြုတ်ဖို့ရန်အတွက် နောက်ထပ် တဏှာအာရုံအသစ်ကို ဖန်တီးပေးတယ်၊ ဒါ အင်မတန်လိမ္မာပါးနပ်တဲ့ နည်းစနစ်တစ်ခုပဲပေ့ါ၊ ဘယ်လိုဖန်တီးပေးတာတုန်းလို့ဆိုတော့ တာဝတိံသာနတ်ပြည် အလည်ခေါ်သွားတယ်၊ တာဝတိံသာနတ်ပြည် သွားတဲ့အခါကျတော့ သိကြားမင်းကြီး

http://www.dhammadownload.com



ရဲ့အခြံအရံနတ်သမီးတွေက အင်မတန်ချောတယ်၊ အဲဒီ အင်မတန်ချောတဲ့ နတ်သမီးတွေကို မြင်လိုက်တာနဲ့ပဲ နန်းတော်က ဇနပဒကလျာဏီကို မေ့သွားတယ်၊ ဥပါဒါန်က အဲဒီမှာတင်ပဲ ပြုတ်သွားတယ်၊ တရားနဲ့ ဖြုတ်တာ မဟုတ်ဘူး၊ အာရုံအသစ်နဲ့ ပြောင်းလိုက်တာနော်။

ဇနပဒကလျာဏီထက် ရုပ်ပိုချောတဲ့နတ်သမီးတွေ မြင်လိုက်တာနဲ့ တစ်ပြိုင်နက် ဇနပဒကလျာဏီအပေါ်မှာ စွဲနေတဲ့ ဥပါဒါန်ဟာ အလိုအလျောက် ပြုတ်သွားတယ်၊ စိတ်များ တော်တော်ထူးဆန်းတယ်နော်၊ အဲဒီဥပါဒါန်ပြုတ်သွားပြီးတော့ နတ်သမီးတွေအပေါ်မှာ တဏှာသွား ဖြစ်ပြန်တယ်ပေါ့၊ အဲဒါ **"အပတ္တဝိသယပတ္တနာ"**- မရသေးတာကို ပိုင်ဆိုင်ချင်တဲ့တဏှာ ဖြစ်သွားတယ်၊ မစွဲလမ်းသေးဘူး မပိုင်သေးဘူး၊ နတ်သမီးဆိုတဲ့အာရုံကို ပြလိုက်တာနဲ့ပဲ နန္ဒမင်းသားရဲ့စိတ်ထဲမှာ စွဲနေတဲ့ ဥပါဒါန်တရားဟာ အလိုအလျောက် ပြုတ်သွားတယ်။

ပြုတ်သွားတာမှ ဘယ်လောက်ထိအောင် ပြုတ်သွားတုန်းဆိုရင် ဇနပဒကလျာဏီဟာ နတ်သမီးတွေနဲ့ ယှဉ်ပြီးတော့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် လမ်းမှာတွေ့ခဲ့တဲ့ သစ်ငုတ်တိုပေါ်မှာ ထိုင်နေတဲ့မျောက်အိုမကြီးလောက်အဆင့်ပဲ ရှိတော့တယ်တဲ့၊ ဒါ တဏှာလုံးဝကို မရှိတော့တဲ့သဘောပဲ၊ ဥပါဒါန်တင်, မကဘူး တဏှာပါမကျန်တော့ဘူး အကုန်ပြုတ်ထွက်သွားတာနော်၊ အဲဒါ ဆေးမီးတိုလို့ ခေါ်တယ်ပေါ့။

"ဆေးမီးတို" ဆိုတော့ တချို့က အမြီးတိုတဲ့ဆေး အောက်မေ့တယ်၊ မဟုတ်ဘူး၊ ဆေးမြီး မဟုတ်ဘူး, ဆေးမယ်၊ အမယ်များ

http://www.dhammadownload.com



တဲ့ဆေးဆိုတာ ရှိတယ်၊ အမယ်တစ်မယ်တည်းကျတော့ "ဆေးမယ်တို"၊ ဆေးအမယ် မရှိဘူး တစ်မယ်ထဲပေါ့၊ ဘိစပ်တို့ စူလာနဖာတို့လို နေမှာပေါ့၊ တစ်မျိုးတည်းဖေါ်တဲ့ ဆေးပေါ့နော်။

အဲဒီမှာ နတ်သမီးအာရုံကို တဏှာဖြစ်သွားတာနဲ့ တစ်ပြိုင်နက် ဇနပဒကလျာဏီအပေါ်မှာ စွဲလမ်းနေတဲ့ ဥပါဒါန်တရားသည် အလိုအလျှောက်ပြုတ်ထွက်သွားတယ်တဲ့၊ နတ်သမီးအပေါ်မှာ ဖြစ်ပေါ်လာတဲ့ တောင့်တတဲ့တဏှာကိုတော့ တရားနဲ့ ချွတ်တယ်၊ ဒီနည်းစနစ်ကို အသုံးပြုတာနော်။

ဒီနည်းစနစ်ကို မသိတဲ့ မြန်မာနိုင်ငံက မိဘတွေဟာ သားသမီးတွေနဲ့ ပတ်သက်လာလို့ရှိရင် ဒီနည်းစနစ်ကို မသုံးသည့်အတွက်ကြောင့် အိမ်က ထွက်ပြေးကြတာတို့, ကိုယ့်ကိုယ်ကို သတ်သေသွားကြတာတို့ ဖြစ်ကုန်ကြတာ၊ ဒါ ထွက်ပေါက်ပိတ်လိုက်တာကိုး။

မြတ်စွာဘုရားက ထွက်ပေါက် မပိတ်ဘူး၊ ဖွင့်ပေးလိုက်တာ၊ ဇနပဒကလျာဏီအပေါ်မှာ စွဲနေတဲ့ နန္ဒမင်းသားရဲ့စိတ်ကို မပိတ်လိုက်ဘူး၊ "နင် စွဲရမလား" လို့ ဆိုပြီး တရား ဖိမဟောဘူးနော်၊ လမ်းဖွင့်ပေးလိုက်တယ်၊ သူ့ထက်သာတာကို ပြလိုက်တယ်၊ ပြလိုက်တာနဲ့ သူ့ဟာသူ ထွက်ပေါက်ရသွားတယ်၊ အဲဒီကျတော့မှ တရားချတာ၊ အဲဒီနည်းစနစ်ကလေးလည်း သုံးကြည့်ဖို့တော့ ကောင်းတယ်ပေါ့။

ကိုယ့်သားသမီးက စွဲနေတာ တစ်ယောက်၊ ကိုယ်က ပိတ်ထားလိုက်တဲ့အခါ ချောင်ပိတ်ရိုက်လိုက်သလို ဖြစ်သွားပြီး ကိုယ်ထင်တဲ့အတိုင်း ဖြစ်မလာတော့ဘူးပေါ့၊ အေး အဲဒါ ဥပါဒါန်နဲ့

http://www.dhammadownload.com



တဏှာရဲ့သဘောကို နားလည်ဖို့ လူ့ရဲ့စိတ်ဟာ အဲဒီလို ရှိတယ်၊ သူ့အလိုအလျောက် ပြောင်းသွားတာ။

## ဇနပဒကလျာဏီကို ချေချွတ်ပုံ

ဒါတင်လားလို့ ဆိုတော့ ဒါတင် မကသေးဘူး - အဲဒီ နန္ဒမင်းသားရဲ့နှမတော် ဇနပဒကလျာဏီ အဘိရူပနန္ဒာကိုယ်တိုင် ကလည်း ရုပ် အင်မတန်မှ လှတယ်၊ စာထဲမှာတော့ ယသောဓရာ ပြီးရင် သူ အချောဆုံးလို့ ဒီလိုပြောတာ၊ ဒီလို ရုပ်အချောဆုံးဆိုတော့ သူကလည်း သူ့ရုပ်အလှအပပေါ်မှာ အလှမာန်တက်နေတယ်၊ သိပ်လှသည့် အတွက်ကြောင့် သူ့ကိုယ်သူ သူ့လောက်လှတာ မရှိဘူး ဆိုပြီးတော့ သူ့ရုပ်ပေါ်မှာ မာန်တက်နေတယ်၊ အဲဒီမာန် တက်နေတာကို မြတ်စွာဘုရားက ဘာနဲ့ ဖြေတုန်းဆိုရင် အာရုံ အသစ်နဲ့ပဲ ဖြေတယ်၊ ဒါ တရားဟောလို့ မရဘူး, သူ့ရုပ်အဆင်း ပေါ်မှာ သူ ဥပါဒါန်ဖြစ်နေတာကို သူ့ထက်လှတဲ့ ရုပ်အဆင်း တစ်ခုကို ဖန်တီးပြလိုက်တာနဲ့ တစ်ပြိုင်နက် သူ့ရုပ်ပေါ်မှာ သူ စိတ်ပျက်သွားတယ်၊ ဒါလည်း ဥပါဒါန်ကို တဏှာနဲ့ ချွတ်လိုက် တဲ့နည်း တစ်နည်းပဲပေါ့နော်၊ ဆေးမီးတိုနဲ့ ကုတာ။

## ခေမာမိဖုရားကို ချေချွတ်ပုံ

အဲဒီဥပမာအတိုင်းပဲ- ဗိမ္ဗိသာရမင်းကြီးရဲ့ အလွန်ချောမော လှပတဲ့ ခေမာမိဖုရား၊ ခေမာမိဖုရားကလည်း အလွန်ချောတော့ သူ့ကိုယ်သူ သူ့လောက်လှတာ မရှိဘူး ဆိုပြီး အလှမာန်တက်နေ တယ်၊ မြတ်စွာဘုရားက ခေမာမိဖုရားကို ချွတ်တာလည်းပဲ ဒီပုံစံ

http://www.dhammadownload.com



ပဲ၊ ဘယ်လိုမှ တရားဟောလို့ မရဘူး၊ ၃၂-ကောဋ္ဌာသတို့ အသုဘ ကမ္မဋ္ဌာန်းတို့ သွားဟောရင် ကျောင်းဘယ်လာလိမ့်မတုန်းနော်၊ ဘုရားစကား ဘယ်လက်ခံလိမ့်မလဲ၊ "ကိုယ်တော်ကြီးက မှိုချိုး မျှစ် ချိုး ပြောတယ်" ဆိုပြီးတော့တောင်မှပဲ မဲ့ရွဲ့ပြဦးမှာနော်။

မြတ်စွာဘုရားကျောင်း မရောက် ရောက်အောင် ဗိမ္ဗိသာရ မင်းကြီးက သီချင်းရေးဆရာတွေကို ဝေဠုဝန်ဥယျာဉ်ကြီးရဲ့ဘွဲ့ကို သီချင်းတွေ စပ်ပြီးတော့ သီချင်းအဆိုကောင်းတဲ့ လူတွေကို နန်း တွင်းမှာ ဆိုခိုင်းလိုက်တဲ့အခါ ဝေဠုဝန်ဥယျာဉ်ကို သွားချင်စိတ် တွေ ပေါက်လာတယ်၊ အဲဒါနဲ့ ကျောင်းရောက်တာ။

ဘုရားမရှိဘူး ထင်ပြီး ကျောင်းသွားတာ ဘုရားနဲ့ တန်းတိုး တယ်၊ တန်းတိုးတဲ့အခါ မြတ်စွာဘုရားအနီးအပါးမှာ အင်မတန် ချော အင်မတန်လှပတဲ့ နိမ္မိတရုပ် အမျိုးသမီးလေး ဖန်ဆင်းထား တယ်၊ အဲဒီအမျိုးသမီးမြင်လိုက်တာနဲ့တစ်ပြိုင်နက် သူ့ရဲ့အလှအပ တွေဟာ မရှိတော့ဘူး၊ စာထဲမှာ ဘယ်လောက်ထိအောင် ဆိုထား တုန်းဆို ဒေါင်းနဲ့ ကျီးကန်းလို ကွာသွားတယ်ပေါ့၊ ဒေါင်းဆိုတာ အလွန်လှတယ် မဟုတ်လား၊ သူ့ကိုယ်သူ ကျီးကန်းလို ဖြစ်သွား တယ်၊ ဟိုက ဒေါင်းဖြစ်နေတယ်၊ ဘုရားအနီးအပါးမှာ ယပ်လေ ခပ်နေတဲ့အမျိုးသမီးရဲ့အလှက သူ့ကိုယ်သူ ပြန်ကြည့်လိုက်တဲ့အခါ ကျတော့ အဲဒီမှာ သူ့ကိုယ်သူ စိတ်ပျက်သွားတယ်၊ ဒါကလည်း သူ့ရုပ်သူ စွဲလမ်းနေတဲ့ ဥပါဒါန်ကို တဏှာနဲ့ ချွတ်ပေးလိုက်တာပဲ၊ ပြီးတော့မှ တဏှာကို မြတ်စွာဘုရားက တရားနဲ့ ချွတ်ပေးတာတဲ့။

http://www.dhammadownload.com



မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က နည်းပရိယာယ်သုံးပြီးတော့ ဥပါဒါန်ကို တဏှာနဲ့ ပြန်ချွတ်ပေးတဲ့ နည်းစနစ်တွေပေါ့၊ အဲဒီလိုနည်းနဲ့ သတ္တဝါတွေကို ကယ်တင်ခဲ့တယ်၊ လမ်းမှားနေတဲ့ နေရာက နေပြီးတော့ လမ်းမှန်ရောက်အောင် ဆုံးမသွန်သင်ပေးခဲ့တယ်။

အေး ဒါကြောင့်မို့လို့ တဏှာဆိုသည်မှာ မရသေးခင်တော့ လိုချင်တာ ရပြီးရင် ဆုပ်ကိုင်ထားတယ်၊ ဆုပ်ကိုင်ထားပြီဆိုလို့ရှိရင် ဥပါဒါန်ဖြစ်သွားပြီလို့ ဒီလိုမှတ်ရမယ်ပေါ့။

## ဥပါဒါန် ၄-မျိုး

ကဲ **"တဏှာပစ္စယာ ဥပါဒါနံ"** လို့ ပြောလိုက်တဲ့အခါမှာ ဥပါဒါန်က ဘယ်နှစ်မျိုး ရှိတာတုန်းဆိုတော့ ဥပါဒါန်ကို လေးမျိုးခွဲပြီးတော့ ဟောထားတယ်၊ နံပါတ်တစ်က **ကာမုပါဒါန**၊ နံပါတ်နှစ်က **ဒိဋ္ဌုပါဒါန**၊ နံပါတ်သုံးက **သီလဗ္ဗတုပါဒါန**၊ နံပါတ်လေးက **အတ္တဝါဒုပါဒါန** လို့၊ ကာမုပါဒါန်ဆိုတာ တဏှာကို ပြောတာ၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်- ဒီသုံးခုက ဒိဋ္ဌိ၊ မှားယွင်းတဲ့အမြင်နဲ့ ပတ်သက်တဲ့ အယူအဆသုံးမျိုးကို ပြောတယ်၊ ဒီတော့ တရားကိုယ်အားဖြင့် ပြောမယ်ဆိုရင် တဏှာနဲ့ ဒိဋ္ဌိ၊ အဲဒီနှစ်ခုသည် အာရုံပေါ်မှာ မလွှတ်တမ်း ဆုပ်ကိုင် စွဲလမ်းထားတတ်တယ်၊ ဖြေဖို့ လွှတ်ဖို့ အင်မတန်ခက်သည့်အတွက်ကြောင့် "ဥပါဒါန" လို့ ခေါ်တယ်။

http://www.dhammadownload.com



**ကာမုပါဒါန**

အဲဒီမှာ ကာမုပါဒါန ဆိုတဲ့ စကားလုံးကို ကာမ + ဥပါဒါန လို့ ပုဒ်ခွဲတယ်၊ **ကာမ** ဆိုတာကို နှစ်မျိုးမှတ်ရမယ်၊ "လိုချင်စရာ အာရုံ" နဲ့ "လိုချင်တာ" ဒီလို နှစ်မျိုးခွဲပြီးတော့ မှတ်ရမယ်၊ ဒီနှစ်မျိုး လုံးကို ကာမဆိုတဲ့ စကားလုံးကပဲ ဖော်ပြတာပဲ၊ လိုချင်စရာအာရုံ ကိုလည်း ကာမလို့ခေါ်တယ်၊ လိုချင်စရာအာရုံကို လိုချင်တာလည်း ကာမပဲ။

လိုချင်စရာအာရုံကို **ဝတ္ထုကာမ** လို့ ခေါ်တယ်၊ လိုချင်စရာ အာရုံကို လိုချင်တာကျတော့ **ကိလေသာကာမ** လို့ ခေါ်တယ်။

အဲဒီအဓိပ္ပါယ်နှစ်ခုနဲ့ ဥပါဒါန်နဲ့တွဲပြီးတော့ ပြောရင်- လိုချင် စရာအာရုံကို စွဲစွဲလမ်းလမ်း ဖြစ်နေတဲ့တဏှာသည် ကာမုပါဒါန၊ ဒါနံပါတ်တစ် တစ်ခုမှတ်ရမယ်၊ နောက် နံပါတ်နှစ်ကျတော့ လိုချင် စရာအာရုံကို လိုချင်တဲ့တဏှာသည်ပင်လျှင် စွဲစွဲလမ်းလမ်း ဖြစ်မှု - ဥပါဒါန လို့ ဒီလိုအဓိပ္ပါယ် ရှိတယ်။

ဒီတော့ ကာမကို ဝတ္ထုကာမ, ကိလေသာကာမ လို့ နှစ်မျိုး မှတ်ရမယ်၊ ကာမကို "ဝတ္ထုကာမ"လို့ ယူရင် - လိုချင်စရာအာရုံကို စွဲလမ်းခြင်းလို့ မှတ်၊ လိုချင်စရာအာရုံက ကာမ(ဝတ္ထုကာမ)၊ စွဲလမ်း တဲ့ ဥပါဒါနက တဏှာ၊ ဟော ဒီလိုကွဲပြားတယ် နှစ်ခု။

ကာမအရ လိုချင်တဲ့တဏှာကို ကောက်ယူတယ်၊ ဥပါဒါန ကလည်းပဲ စွဲလမ်းတဲ့တဏှာကို ကောက်ယူတယ် ဆိုရင် ဒီနှစ်ပုဒ် ဟာ အရတူတယ်၊ အဲဒါကျတော့ ကာမကလည်းပဲ တဏှာကို ပြော တာပဲ၊ ဥပါဒါနကလည်း တဏှာကိုပဲ ပြောတယ်၊ အဲဒီစွဲလမ်းမှုဟာ ကာမနဲ့ပတ်သက်တဲ့ စွဲလမ်းမှု, လိုချင်စရာအာရုံကို လိုချင်တတ်တဲ့

http://www.dhammadownload.com



တဏှာနဲ့ ပတ်သက်တဲ့ စွဲလမ်းမှုလို့ ဒီလိုဆိုလိုတယ်၊ တရားကိုယ် ကောက်ယူလိုက်တဲ့အခါ ခိုင်မြဲတဲ့တဏှာကိုပဲ **ကာမုပါဒါန**လို့ ခေါ်တယ်။

**ဒိဋ္ဌုပါဒါန**

တစ်ခါ ဒိဋ္ဌုပါဒါန - ဒိဋ္ဌိ + ဉပါဒါနလို့ ပုဒ်ဖြတ်၊ **ဒိဋ္ဌိ**ဆိုတာ မှားယွင်းတဲ့အမြင်၊ **ဉပါဒါန**ဆိုတာ စွဲလမ်းတာ၊ အဲဒီမှာလည်းပဲ မှားယွင်းတဲ့အမြင်ကို စွဲလမ်းတာလား၊ သို့မဟုတ် မှားယွင်းသော အမြင်သည်ပင် စွဲလမ်းမှုလားလို့ - ဟော ဒီလို စဉ်းစားလိုက်မယ် ဆိုရင် နှစ်မျိုးစလုံး အဓိပ္ပါယ်ရတယ်။

မှားယွင်းသော အမြင်ကို စွဲလမ်းခြင်းလို့ ဆိုလို့ရှိရင်လည်း မှားယွင်းသောအမြင်ဆိုတာက ရှေ့ပိုင်းကအမြင်၊ စွဲလမ်းခြင်းဆိုတာ နောက်ပိုင်းက မှားယွင်းတဲ့အမြင်၊ နှစ်ခုစလုံးဟာ ဒိဋ္ဌိချည်း အရ ကောက်တယ်ပေါ့၊ တစ်ဖန် ဒိဋ္ဌိဆိုတာ မှားယွင်းတဲ့အမြင်၊ ဉပါဒါန က စွဲလမ်းခြင်းလို့ ဆိုလို့ရှိရင် မှားယွင်းသောအမြင်သည်ပင်လျှင် စွဲလမ်းခြင်းလို့ ဒီလိုအဓိပ္ပါယ်ရတယ်။

ဒီတော့ ဒိဋ္ဌုပါဒါန ဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်တာလဲ၊ ဘယ်လိုအမြင်ကို ဒိဋ္ဌုပါဒါနလို့ ခေါ်တာတုန်းလို့ဆိုတော့ **"ဒသ ဝတ္ထုကာ မိစ္ဆာဒိဋ္ဌိ"** တဲ့၊ အခြေခံအချက် ၁၀-မျိုးနဲ့ ပတ်သက်လာ တဲ့အမြင်ကို မိစ္ဆာဒိဋ္ဌိလို့ ဒီနေရာမှာ ဆိုလိုတယ်။

ဒီအချက် ၁၀-မျိုးဆိုတာ နတ္ထိကဒိဋ္ဌိနဲ့ ပတ်သက်တယ်၊ (၁) **နတ္ထိ ဒိန္နံ**- လှူခြင်းတန်းခြင်းရဲ့အကျိုးဆိုတာ မရှိဘူး၊ အကျိုး

http://www.dhammadownload.com



ကို ငြင်းပယ်တဲ့အမြင်တစ်ခု၊ ဒါက တစ်ချက်၊ (၂) **နတ္ထိ ယိဋ္ဌံ** - အကြီးအကျယ်ယဇ်ပူဇော်ခြင်းရဲ့အကျိုးဆိုတာ မရှိဘူး၊ (၃) **နတ္ထိ ဟုတံ** - လက်ဆောင်ပဏ္ဏာပေးတာစတဲ့ အသေးအဖွဲပေးကမ်းမှု တွေရဲ့အကျိုးတရားဆိုတာ မရှိဘူးလို့ ဒါနနဲ့ ပတ်သက်တဲ့ အကျိုး တရားသုံးမျိုးကို ငြင်းပယ်ထားတယ်၊ နတ္ထိကဒိဋ္ဌိလို့ ခေါ်တယ်၊ အကျိုး ကို ငြင်းပယ်တဲ့ဝါဒ။

နောက်တစ်ခုနံပါတ်(၄)က **နတ္ထိ သုကဋ ဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော**၊ **သုကဋ** ဆိုတာ ကောင်းစွာပြုအပ်တဲ့၊ **ဒုက္ကဋ**ဆိုတာ မကောင်းသဖြင့် ပြုအပ်တဲ့ ကုသိုလ်အကုသိုလ်တို့ရဲ့ အကျိုးဆိုတာ မရှိဘူးလို့ အကျိုးတရားကို ငြင်းပယ်တယ်။

နံပါတ် (၅)က **နတ္ထိ မာတာ** - အမေဆိုတာ မရှိဘူး၊ အမေ ကို အသိအမှတ် မပြုတာပေါ့၊ သို့သော် အဓိပ္ပါယ်ယူတဲ့အခါကျ တော့ အမေမရှိဘူးလို့ ပြောလိုတာ မဟုတ်ဘူး၊ အမေပေါ်မှာ ပြုစု လုပ်ကျွေးလို့ ကုသိုလ်ရတယ်ဆိုတာ မရှိဘူး၊ အမေကို စော်ကားလို့ အပြစ်ဖြစ်တယ်ဆိုတာလည်း မရှိဘူး၊ ဘာဖြစ်လို့တုန်း အမေကိုမှ အသိအမှတ် မပြုတာကိုး။

နံပါတ် (၆)က **နတ္ထိ ပိတာ** - အဖေဆိုတာ မရှိဘူး၊ အဖေ ကို အသိအမှတ် မပြုဘူး၊ အဖေကို အသိအမှတ်မပြုဘူး ဆိုတာ အဖေအပေါ်မှာ ပြုစုလုပ်ကျွေးခြင်းကြောင့်လည်း ကုသိုလ်မရဘူး, စော်ကားခြင်းကြောင့်လည်း အပြစ်မဖြစ်ဘူးလို့ ဒီလိုယူဆတယ်။

နံပါတ် (၇) က **နတ္ထိ အယံ လောကော** - တခြားဘဝ ပရလောကမှာ ရှိနေတဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီလောကဆိုတာ မရှိ ဘူး၊ နံပါတ် (၈) **နတ္ထိ ပရော လောကော** - တမလွန်လောကမှာ ရှိ

http://www.dhammadownload.com



နေတဲ့ပုဂ္ဂိုလ်အတွက်လည်းပဲ ဒီလောကဆိုတာ မရှိဘူး၊ တမလွန် လောကလူတွေအတွက် ဒီလောကဆိုတာ မရှိဘူး၊ ဒီလောကလူ အတွက် နောက်လောကဆိုတာ မရှိဘူးလို့ ဒီလို ဆိုလိုတာ၊ ဆိုလို တာက ကိုယ့်ဖြစ်ရာဘဝမှာပဲ ကိုယ်အဆုံးသတ်မယ်ပေါ့၊ ခွေးကလည်း လူလာမဖြစ်ဘူး၊ လူကလည်း ခွေးသွားမဖြစ်ဘူးပေါ့နော်၊ တစ်ဘဝ ဟာ တစ်ဘဝပြီးရင် ပြီးတာပဲဆိုတဲ့ ဥစ္ဆေဒအယူအဆ။

နောက် နံပါတ် (၉) က **နတ္ထိ သတ္တာ ဩပပါတိကာ** - သတ္တဝါတွေ သေပြီးတော့ ပြန်မွေးတယ်ဆိုတာ မရှိဘူး၊ သေပြီးရင် ပြီးတာပဲ နောက်ထပ်ဘယ်သူမှ ပြန်မဖြစ်တော့ဘူး၊ အဲဒီအယူအဆ။

နောက် နံပါတ်(၁၀)က **နတ္ထိ သမဏဗြာဟ္မဏာ** - သူတော် စင် သမဏဗြာဟ္မဏတွေ, **သမ္မဂ္ဂတာ သမ္မာပဋိပန္နာ** - မှန်ကန်တဲ့ အကျင့်ကို ကျင့်လို့ မှန်မှန်ကန်ကန် တရားထူးတရားမြတ်တွေ ရပြီး ဟောဒီ လောကကြီးရဲ့အကြောင်းကို ကိုယ်တိုင်သိပြီးတော့ မျက် မှောက်ပြုပြီး ဟောနိုင် ပြောနိုင်တဲ့ သမဏဗြာဟ္မဏဆိုတာ မရှိဘူး၊ ဘုရားဆိုတာ မရှိဘူးပေါ့။

အားလုံး မရှိဘူးဆိုတာ ၁၀-ချက်၊ အဲဒီ အခြေခံ ၁၀-ချက် ပေါ်မှာ ဒီလိုငြင်းပယ်ထားတဲ့ အယူဝါဒဟာ နတ္ထိကဒိဋ္ဌိ၊ အဲဒီ နတ္ထိကဒိဋ္ဌိကိုပဲ ဒီနေရာမှာ ဒိဋ္ဌုပါဒါနလို့ ပြောတာ၊ ဒုစရိုက် ၁၀- ပါးထဲမှာပါတဲ့ မိစ္ဆာဒိဋ္ဌိဆိုတာလည်း ဒါကိုပဲ ပြောတယ်။

အဲဒီအယူဝါဒရှိတဲ့ပုဂ္ဂိုလ်ဟာ ကောင်းရာသုဂတိကို မရောက် နိုင်ဘူး၊ ကံ, ကံ၏အကျိုးကို ငြင်းပယ်တယ်၊ ကံ၏အကျိုးကို ငြင်း ပယ်လိုက်သဖြင့် ကံကိုလည်းပဲ ငြင်းပယ်ပြီးသား ဖြစ်သွားတယ်ပေါ့၊

http://www.dhammadownload.com



အကျိုးကို ငြင်းပယ်လိုက်တာနဲ့ တစ်ပြိုင်နက် အကြောင်းကံကိုလည်း ငြင်းပယ်လိုက်ပြီးသား ဖြစ်သွားတယ်။

အဲဒီငြင်းပယ်မှုဟာ ဒီအယူအဆကို သာမန်ယူဆတာ မဟုတ်ဘူး၊ **ဣဒမေဝ သစ္စံ** - ဒါသာလျှင် အမှန်, ငါ့ အမြင်ဟာ မှန်တယ်၊ **မောဃ မညံ** - တခြားအယူဝါဒတွေဟာ အလကားပဲ၊ ရှိတယ်ဆိုတာ အလကားပြောတာ၊ မရှိဘူးလို့ - ဟော ဒီအမြင်မျိုး မြင်လာလို့ရှိရင် အဲဒီအယူသည် **ဒိဋ္ဌုပါဒါန**လို့ ပြောတာ၊ မှားယွင်းတဲ့ စွဲလမ်းမှုအယူတစ်ခုပဲ။

**သီလဗ္ဗတုပါဒါန**

သီလဗ္ဗတုပါဒါန = သီလဗ္ဗတ + ဉပါဒါန၊ **သီလ** ဆိုတာ တိရစ္ဆာန်တွေရဲ့အကျင့်စရိုက် အလေ့အထကို ဒီနေရာမှာ သီလလို့ ခေါ်တယ်၊ ငါးပါးသီလ ရှစ်ပါးသီလကိုပြောတာ မဟုတ်ဘူး၊ အဲဒီ အလေ့အထကို ဆောက်တည်တာက **ဝတ**၊ အဲဒီအလေ့အထကို ဆောက်တည်ကျင့်သုံးလို့ရှိရင် သံသရာက စင်ကြယ်တယ်လို့ ယူဆ စွဲလမ်းတာက ဉပါဒါန။

ဆိုပါစို့ - ခွေးရဲ့အလေ့အထက **သီလ**၊ အဲဒီခွေးရဲ့ အလေ့ အထအတိုင်း လိုက်နာကျင့်သုံးဖို့ ဆောက်တည်လိုက်တာက **ဝတ**၊ အဲဒီဝတကို ကျင့်သုံးလို့ရှိရင် သံသရာဝဋ်က လွတ်တယ်, ကိလေသာ တွေက စင်ကြယ်တယ်လို့ မှားယွင်းစွာဖြစ်တာ စွဲလမ်းတာက **ဉပါဒါန**၊ ဒီနေရာမှာတော့ သီလဗ္ဗတုပါဒါန၊ အဲဒီ သီလ, ဝတပေါ် မှာ စွဲလမ်းတာတဲ့၊ ဒီအကျင့်ဟာ ကျင့်လို့ရှိရင် သံသရာဝဋ်က လွတ်တယ် -သို့မဟုတ်- ကိလေသာ အာသဝေါတွေက စင်ကြယ်

http://www.dhammadownload.com



တယ်လို့ ဆိုပြီးတော့ ဒီအယူအဆတစ်ရပ်ဟာ စွဲစွဲမြဲမြဲယူဆတယ် ပေါ့၊ အဲဒါ သီလဗ္ဗတုပါဒါနလို့ ခေါ်တယ်။

**အတ္တဝါဒုပါဒါန**

အတ္တဝါဒုပါဒါနမှာ **ဝါဒ**ဆိုတာ ပြောစရာ၊ **ဥပါဒါန** ဆိုတာ စွဲလမ်းစရာ၊ ပြောစရာနဲ့ စွဲလမ်းစရာဆိုတာ ဘာလဲလို့ဆိုရင် အတ္တပဲ၊ Soul လို့ ခေါ်တဲ့ ခန္ဓာကိုယ်ထဲမှာ ခန္ဓာကိုယ်ရဲ့ပိုင်ရှင် -သို့မဟုတ်- အရာခပ်သိမ်းကို ပြုလုပ်တတ်တဲ့ **ကာရက**၊ အကျိုးတရားတွေကို ခံစားတတ်တဲ့ **ဝေဒက**၊ ခန္ဓာကိုယ်ကြီးကို ပိုင်စိုးထားတဲ့ဆိုတဲ့ ဒီအတ္တဟာ ခန္ဓာကိုယ်မှာရှိတယ်လို့ အဲဒီယူဆပြောဆိုမှုကို **အတ္တဝါဒ**လို့ ခေါ်တယ်၊ အဲဒီအတ္တသည် ပြောစရာ စွဲလမ်းစရာမျိုး ဖြစ်လာသည့်အတွက်ကြောင့် **ဥပါဒါန**၊ အဲဒါကိုပဲ "အတ္တဝါဒုပါဒါန" လို့၊ ဒါက အဓိပ္ပါယ်တစ်မျိုး။

နောက်အဓိပ္ပါယ်တစ်မျိုးက "အတ္တ"ဆိုတာ ပြောစရာစကားအဖြစ်သာ ပြောရတာ, ပရမတ္ထအားဖြင့်တော့ တကယ်ရှိတာ မဟုတ်ဘူးတဲ့၊ ပြောစရာသက်သက်မျှ ဖြစ်တာကို စွဲလမ်းနေတယ် လို့ဆိုတဲ့အဓိပ္ပါယ်နဲ့ "အတ္တဝါဒုပါဒါန" လို့ ဒီလိုအဓိပ္ပါယ်ရတယ်။

ဒီတော့ **အတ္တဝါဒုပါဒါန**ဆိုတာ သူက **သက္ကာယဒိဋ္ဌိ**ကို ပြောတာ၊ **သက္ကာယ**ဆိုတာ ခန္ဓာငါးပါး၊ **ဒိဋ္ဌိ**ဆိုတာ ခန္ဓာငါးပါးနဲ့ ဆက်ပြီးတော့ မှားယွင်းတဲ့ အယူအဆတစ်ရပ်၊ ခန္ဓာငါးပါးမှာ မှားယွင်းတဲ့ အယူအဆတွေ ဖြစ်တယ်၊ ခန္ဓာတစ်ပါးမှာ လေးမျိုး လေးမျိုးဆိုတော့ ခန္ဓာငါးပါးဆိုတော့ ၂၀-ဖြစ်တာပေါ့၊ အဲဒါကိုပဲ သက္ကာယဒိဋ္ဌိ-၂၀ လို့ ပြောတယ်။

http://www.dhammadownload.com



ရုပ်နဲ့ ပတ်သက်လာလို့ရှိရင် ... (အတ္တကို ငါဆိုတဲ့ စကားလုံးလေးနဲ့ပဲ ပြောရအောင်၊) ငါဆိုတဲ့ စကားလုံးနဲ့ ပြောမယ်ဆိုရင် "ရုပ်သည်ပင် ငါ၊ ငါသည်ပင် ရုပ်ပဲ၊ ငါဆိုတာ ဘယ်ဟာလဲ၊ ဒီရုပ်ကို ပြောတာပဲ၊ ရုပ်ဆိုတာ ငါပဲ၊ ရုပ်နဲ့ ငါ အတူတူပဲ"၊ **ရူပံ အတ္တတော သမနုပဿတိ**၊ ရုပ်ကိုပဲ အတ္တလို့ ရှုမြင်လို့ရှိရင် ဒါလည်း သက္ကာယဒိဋ္ဌိတစ်ခုပဲ။

နောက်တစ်ခါ ရုပ်ကို အတ္တလို့ မရှုဘူး၊ "ရုပ်ဟာ အတ္တရဲ့ ပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခုပဲ" လို့၊ အတ္တက ဒီရုပ်ကို ပိုင်တာ၊ အတ္တက သူပိုင်တဲ့မျက်စိနဲ့ အပြင်ဘက်အာရုံကို ကြည့်တယ်၊ သူပိုင်တဲ့နားနဲ့ အသံကို နားထောင်တယ်ပေါ့၊ အတ္တဆိုတာ ရှိတယ်၊ ကျန်တာက သူ့ရဲ့အသုံးအဆောင်ပစ္စည်းတွေလို့၊ မျက်စိ နား နှာ လျှာ ကိုယ်တို့က သူ့ရဲ့အသုံးအဆောင်ပစ္စည်းပေါ့၊ အတ္တရဲ့ property အနေနဲ့ ဒီလိုမြင်တာက တစ်ခု၊ အမျိုးစုံပေါ့ မြင်ပုံမြင်နည်း မတူဘူးပေါ့။

နောက်တစ်ခုကျတော့ ဘယ်လိုမြင်တုန်းဆိုရင် "ရုပ်ဟာ အတ္တပေါ်မှာ တည်ရှိနေတယ်" လို့၊ အတ္တက ကြီးရင် ရုပ်က ကြီးတယ်ပေါ့၊ အတ္တက သေးရင် ရုပ်က သေးတယ်ပေါ့၊ ဆင်ကောင်ကြီးကျတော့ အတ္တက ကြီးလို့ ရုပ်က အကြီးကြီး ဖြစ်ရတယ်ပေါ့၊ ပုရွက်ဆိတ်လေးကျတော့ အတ္တက သေးလို့ ရုပ်ကလေးက သေးသေးလေး ဖြစ်ရတယ်ပေါ့၊ ဒီလိုယူဆတာ။

နောက်တစ်ခါ "အတ္တဟာ ရုပ်ထဲမှာပဲ တည်နေတယ်" လို့ ရုပ်ကို အတ္တရဲ့တည်ရာ location အဖြစ် သတ်မှတ်လိုက်တယ်၊ အားလုံး ပေါင်းလိုက်တော့ လေးမျိုးပေါ့။

http://www.dhammadownload.com



ရုပ်နဲ့ ပတ်သက်တာ လေးမျိုး၊ "ရုပ်ကို အတ္တလို့ ရှုမြင်တယ်၊ ရုပ်ကို အတ္တရဲ့ပစ္စည်းအဖြစ် ရှုမြင်တယ်၊ ရုပ်ဟာ အတ္တမှာ ရှိတယ်လို့ ရှုမြင်တယ်၊ အတ္တဟာ ရုပ်မှာ ရှိတယ်လို့ ရှုမြင်တယ်" - မှားယွင်းတဲ့အမြင်လေးမျိုးပေါ့။

အဲဒီလိုပဲ ဝေဒနာဆိုတဲ့ ခံစားချက်နဲ့လည်း ပတ်သက်လာလို့ရှိရင် ဒီလိုပဲ မြင်တယ်၊ "ခံစားတယ် ဆိုတာ ငါပဲ၊ ငါသည်ပင် ခံစားတာပဲ" ဆိုရင် - ဟော ဝေဒနာနဲ့အတ္တ အတူတူထားပြီး ပြောတဲ့စကားပေါ့၊ "ငါ့ရဲ့ခံစားချက်" ဆို ခံစားချက်က သူ့ရဲ့ property ဖြစ်သွားတယ်၊ ဒီလို ပုံစံမျိုးနဲ့ ဝေဒနာမှာလည်းပဲ လေးမျိုး၊ သညာမှာလည်း လေးမျိုး၊ သင်္ခါရမှာလည်း လေးမျိုး၊ ဝိညာဏမှာလည်း လေးမျိုးဆိုတော့ အားလုံးပေါင်းလိုက်တဲ့အခါ -၂၀၊ အဲဒါ သက္ကာယဒိဋ္ဌိ ၂၀-လို့ ခေါ်တယ်၊ အဲဒီ သက္ကာယဒိဋ္ဌိ-၂၀ ကိုပဲ ဒီနေရာမှာ "အတ္တဝါဒုပါဒါန" လို့ ဒီလိုပြောတာ၊ ဒါလည်း စွဲလမ်းတဲ့ အရာတစ်ခုပဲ။

ဒီသက္ကာယဒိဋ္ဌိကတော့ တရားဓမ္မကို မကြားနာရဘူးတဲ့ ပုဂ္ဂိုလ်တွေမှာ "ပရိယုဋ္ဌာန" အနေနဲ့ ဖြစ်တယ်ပေါ့၊ တရားဓမ္မကို ကြားနာထားတဲ့ပုဂ္ဂိုလ် ရုပ်တရားနာမ်တရားတွေကို ကွဲကွဲပြားပြား သိပြီ ဆိုရင်တော့ ပရိယုဋ္ဌာန မဖြစ်ဘူး၊ "အနုသယ" အနေနဲ့တော့ ရှိမယ်ပေါ့၊ သို့သော် သက္ကာယဒိဋ္ဌိက အနုသယအနေနဲ့ ရှိနေရုံနဲ့တော့ အပါယ်မကျဘူး၊ ဒါကြောင့်မို့လို့ သက္ကာယဒိဋ္ဌိကို "မဂ္ဂါဝရဏ" လို့ပဲ ပြောတယ်၊ မဂ်ဖိုလ်တော့ မရနိုင်ဘူး၊ သက္ကာယဒိဋ္ဌိတန်းလန်း ရှိနေလို့ရှိရင် မဂ်ဖိုလ်မရဘူး၊ သက္ကာယဒိဋ္ဌိ တဒင်္ဂပဟာန ပျောက်အောင်လုပ်နိုင်မှ မဂ်ဖိုလ်ရတယ်လို့ ဒီလိုပြောတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ ပူရဏကဿပတို့ မက္ခလိဂေါသာလတို့ရဲ့ တပည့်တွေလည်းပဲ နတ်ပြည်မှာ ရောက်နေတာတွေ ရှိတယ်၊ ဗက ဗြဟ္မာကြီးတို့ဆိုလည်း ဗြဟ္မာ့ပြည်ရောက်နေပြီပဲ၊ မိစ္ဆာအယူဝါဒ ရှိနေတာတွေပဲ၊ အဲဒီတော့ သူက သဂ္ဂါဝရဏတော့ မဟုတ်ဘူး, မဂ္ဂါဝရဏပဲ ဖြစ်တယ်။ (သဂ္ဂါဝရဏ = နတ်ပြည်ရောက်ဖို့ အဟန့်အတား)

ဒါကြောင့်မို့လို့ သက္ကာယဒိဋ္ဌိကို ဒုစရိုက် ၁၀-ပါးထဲက မိစ္ဆာဒိဋ္ဌိလို့ မပြောရဘူး၊ အဲဒါနဲ့ မဆိုင်ဘူး၊ ဒုစရိုက် ၁၀-ပါးထဲက မိစ္ဆာဒိဋ္ဌိက နတ်ပြည်ကို မရောက်တာ၊ နတ္ထိကဒိဋ္ဌိကမှ ဒုစရိုက် မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို မိစ္ဆာဒိဋ္ဌိဆိုတာနဲ့ ရောပြီးတော့ မပြောရဘူး၊ တခြားစီ ခွဲခြားပြီးတော့ မှတ်ရမယ်။

ဒီတော့ ဒီသက္ကာယဒိဋ္ဌိဆိုတာဟာ သိမ်မွေ့သွားပြီ၊ သိမ်မွေ့သွားသည့်အတွက်ကြောင့် သက္ကာယဒိဋ္ဌိ ရှိနေသော်လည်းပဲ သူက သဂ္ဂါဝရဏတော့ မဖြစ်ဘူးတဲ့ မဂ္ဂါဝရဏပဲ ဖြစ်တယ်။ (မဂ္ဂါဝရဏ = မဂ်ရဲ့ အဟန့်အတား)

အဲဒါကြောင့်မို့လို့ သက္ကာယဒိဋ္ဌိပယ်ဖို့ရန်အတွက် နာမရူပပရိစ္ဆေဒဉာဏ်ကနေ စပြီးတော့ ဝိပဿနာကျင့်စဉ်ကို ကျင့်ရတာ၊ သူက ရုပ်နဲ့နာမ် ကွဲကွဲပြားပြားသိသွားပြီ၊ နောက်ဆုံး သောတာပန်ဖြစ်တဲ့အခါကျမှ ဒီသက္ကာယဒိဋ္ဌိဆိုတာ လုံးဝပျောက်သွားတာပေါ့၊ အဲဒါ အတ္တဝါဒုပါဒါန်။

ဒီဥပါဒါန်လေးမျိုးမှာ ကာမုပါဒါန် ဆိုတာကတော့ တဏှာကိုပဲ ပြောတယ်၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်ဆိုတဲ့ ဒီသုံးမျိုးကတော့ ဒိဋ္ဌိကိုပဲ ပြောတယ်လို့ - မိစ္ဆာအယူဝါဒသုံးမျိုး၊

http://www.dhammadownload.com



ဒိဋ္ဌိကို သုံးမျိုးခွဲပြောတာဟာ ဘာဖြစ်လို့တုန်း ဆိုလို့ရှိရင် သူက အဆင့်ဆင့်ရှိတာကိုး၊ အရေးကြီးဆုံးက လူ့လောကမှာ လူရယ်လို့ ဖြစ်လာပြီ - သို့မဟုတ် - သတ္တဝါတစ်ယောက်အနေနဲ့ ဖြစ်လာပြီ ဆိုရင် ဘာဖြစ်လာလဲဆိုရင် ကိုယ့်ဘဝအရေးကို ကိုယ်စဉ်းစားလာ တယ်၊ စဉ်းစားလာတဲ့အခါမှာ လူဆိုတာ ဘဝမှာ တည်မြဲချင်လာ တယ်၊ တည်မြဲချင်လာတဲ့အခါကျတော့ ဘဝမှာ တည်မြဲနိုင်တဲ့အရာ လေးတစ်ခုကို စဉ်းစားစိတ်ကူးပြီးတော့ လာတယ်၊ စဉ်းစားစိတ်ကူး လာတော့ အတ္တဆိုတဲ့ အယူအဆ ပေါ်လာတာနဲ့ တစ်ပြိုင်နက် အဲဒီအတ္တဟာ မြဲတယ်လို့ ယူဆလိုက်လို့ရှိရင် သဿတဒိဋ္ဌိဘက် ရောက်သွားတယ်၊ မမြဲဘူး သေပြီးတဲ့နောက် လုံးဝထာဝရပြတ်သွား တယ်လို့ ယူဆလိုက်လို့ရှိရင် ဥစ္ဆေဒဒိဋ္ဌိဘက် ရောက်သွားပြန်တယ် ပေါ့။

သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ ဆိုတာ အတ္တအယူဝါဒကနေ ပေါက်ဖွားလာတဲ့ အရာနှစ်ခုပဲ ဖြစ်တယ်၊ အတ္တဝါဒလက်ခံမှု မရှိဘဲ နဲ့ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိဆိုတာ မဖြစ်ဘူးတဲ့၊ အတ္တအယူအဆက နေပြီးတော့ ပေါက်ပွားလာတဲ့ သဘောတရားပေါ့၊ ရုပ်နဲ့ နာမ်သာ ရှိတယ်, အတ္တဆိုတာ မရှိဘူးလို့ ဒီလိုမြင်လိုက်တာနဲ့ တစ်ပြိုင်နက် သဿတလည်း လာစရာအကြောင်း မရှိဘူး၊ ဥစ္ဆေဒလည်း လာ စရာအကြောင်း မရှိဘူးပေါ့။

အေး ကောင်းပြီ၊ နတ္ထိကဒိဋ္ဌိဆိုတဲ့ မိစ္ဆာအယူကို ပြင်းစွာ စွဲလမ်းတဲ့ **ဒိဋ္ဌုပါဒါန်** ဆိုတာ အင်မတန်မှ အရေးကြီးလို့ ဒုစရိုက်ထဲ မှာလည်း ပါတယ်၊ ဒါ့ကြောင့် အဲဒီဒိဋ္ဌုပါဒါန်ဟာ ပိုပြီးတော့ အရာ ကျယ်တာ ဖြစ်လို့ "သဂ္ဂါဝရဏ - နတ်ပြည်တောင် မရောက်နိုင်

http://www.dhammadownload.com



ဘူး"၊ ကံရဲ့အကျိုးကို ငြင်းပယ်တာမို့လို့၊ သံသရာဝဋ်က လွတ်ဖို့ ဆိုပြီးတော့ ကြိုးပမ်းလာကြတဲ့အခါမှာ အကျင့်တရားတွေနဲ့ ပတ်သက်ပြီးတော့ ဆင်ခြင်သုံးသပ်မှု မှားယွင်းတဲ့ အလေ့အထတွေကို ဆောက်တည်ပြီးတော့ ကျင့်သုံးတတ်ကြလို့ အဲဒါကျတော့ **သီလဗ္ဗတုပါဒါန်**၊ ခန္ဓာငါးပါးနဲ့ပတ်သက်လာတဲ့ အယူအဆနဲ့ ပတ်သက်ပြီးတော့ ပြောကြ ဆိုကြ ငြင်းကြခုန်ကြတဲ့အခါကျတော့ **အတ္တဝါဒုပါဒါန်**၊ ဒိဋ္ဌိကိုပဲ သုံးမျိုးခွဲပြီးတော့ ဟောတယ်။

သို့သော် လယ်တီဆရာတော်ကြီးကတော့ ဒိဋ္ဌုပါဒါန်မှာ (၆၂)ပါးသော မိစ္ဆာဒိဋ္ဌိအယူဝါဒတွေအားလုံးကိုပဲ ထည့်ပြီးတော့ ဖွင့်ပြတယ်၊ ဝိသုဒ္ဓိမဂ်မှာတော့ အခုပြောခဲ့တဲ့အတိုင်း နတ္ထိက-ဒိဋ္ဌိက ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတပရာမာသက သီလဗ္ဗတုပါဒါန် နဲ့ သက္ကာယဒိဋ္ဌိ ၂၀-က အတ္တဝါဒုပါဒါန်လို့ ဒါကို ဝိသုဒ္ဓိမဂ်မှာ ဒီလိုပဲ ရေးတယ်ပေ့ါ၊ အဲဒီဉပါဒါန်အားလုံးဟာ တဏှာကို အခြေခံပြီးတော့ ဖြစ်တာပါလို့ ဒီလို ဆိုလိုတယ်။

## ဒိဋ္ဌိရဲ့ အခြေခံတရား

ဒါဖြင့် မှားယွင်းတယ်ဆိုတဲ့ ဒိဋ္ဌိဟာ မောဟကို အခြေမခံဘဲ နဲ့ ဘာဖြစ်လို့ တဏှာကို အခြေခံရတာလဲ? စဉ်းစားကြည့်၊ အဘိဓမ္မာမှာ ဒိဋ္ဌိစေတသိက်ဟာ လောဘမူစိတ်နဲ့ ယှဉ်တယ်ပေ့ါ၊ မောဟမူစိတ်နဲ့ မယှဉ်ဘူး၊ လောဘနဲ့ပဲ ယှဉ်တွဲဖြစ်တယ်၊ ဘာဖြစ်လို့တုန်း ဆိုတော့ သတ္တဝါဆိုတာ ကိုယ့်အရေး ကိုယ်စဉ်းစားတာလေ၊ လူတိုင်းလူတိုင်းဟာ ကိုယ့်အရေးက နံပါတ်တစ်ပဲ၊ ကိုယ့်ကိုယ်ကို ပြန်စဉ်းစားတော့ ကိုယ့်ကိုယ်ကို လုံခြုံချင်တယ်, ကိုယ့်ကိုယ်ကို ထာဝရ

http://www.dhammadownload.com



မြဲချင်တယ်ဆိုတဲ့ အတွေးတွေ၊ ကိုယ်ခံစားဖို့ဆိုတဲ့ အတွေးတွေဟာ အရင်ဝင်လာတယ်၊ **Selfish** လို့ ခေါ်တာပေါ့နော်။

အဲဒီအတွေးဟာ ဘာ့ကြောင့်တုန်းဆိုရင် ကိုယ့်ကိုယ်ကို ချစ်လို့၊ ကိုယ့်ကိုယ်ကို စွဲလမ်းတဲ့တဏှာကို အကြောင်းပြုပြီး ဒီအယူအဆအတွေး ပေါ်လာတာ ဖြစ်တယ်၊ ဒါ့ကြောင့် ကိုယ့်ကိုယ်ကို ချစ်ခင်မြတ်နိုးမှုဆိုတဲ့ တဏှာကို အကြောင်းပြုပြီး ဒိဋ္ဌိအယူဝါဒ ပေါ်လာတာ၊ လောဘနဲ့ ယှဉ်တွဲပြီး လာတာမို့ **"တဏှာပစ္စယာ ဥပါဒါနံ"** ထဲမှာ ဒိဋ္ဌိကို ထည့်ထားတာလို့ - ဒါ ဒီလိုစဉ်းစားလို့ ရတာပေါ့နော်။

## ပဋ္ဌာန်းနည်း

ဒီတော့ တဏှာက တဏှာကို ကျေးဇူးပြုတယ်၊ ဆိုပါစို့ - **"တဏှာပစ္စယာ ဥပါဒါနံ"**ကို ဥပါဒါန်လေးမျိုးနဲ့ ပြောတယ်၊ ကျန်တဲ့ ဥပါဒါန်တွေကို မပြောဘဲနဲ့ **"တဏှာပစ္စယာ ကာမုပါဒါနံ"**-"တဏှာဟူသောအကြောင်းကြောင့် ကာမုပါဒါန်ဖြစ်တယ်"လို့ ဒီလိုပြောမယ်ဆိုရင် ပဋ္ဌာန်းနည်းနဲ့အရ ဒီတဏှာက ကာမုပါဒါန်ကို ဘာသတ္တိနဲ့ ကျေးဇူးပြုတာတုန်းဆိုရင် ရှေ့တဏှာက အားပျော့တဲ့တဏှာ၊ နောက်တဏှာက အားကောင်းတဲ့တဏှာ၊ ရှေ့နောက်ဖြစ်သည့်အတွက်ကြောင့် **ဥပနိဿယသတ္တိ**လို့ ပြောတယ်၊ ရှေ့မှာဖြစ်တဲ့တဏှာက ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုလိုက်လို့ နောက်တဏှာသည် ဥပါဒါန်အဆင့် ရောက်သွားတာတဲ့။

ရှေ့ရှေ့စိတ်တွေရဲ့စွမ်းရည်သတ္တိကို နောက်နောက်စိတ်တွေက ဆက်ခံရတာဖြစ်လို့ ရှေ့ရှေ့စိတ်တွေကို အကြောင်းပြုပြီးတော့

http://www.dhammadownload.com



နောက်နောက်စိတ်တွေက ပိုပိုပြီး ခိုင်မာ, ပိုပိုပြီး ရင့်ကျက်လာတာကို။ ဒါကြောင့် ရှေ့ရှေ့စိတ်တွေက နောက်နောက်စိတ်တွေကို ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုတယ် - "တဏှာက ကာမုပါဒါန်ကို ဥပနိဿယ တစ်ပစ္စည်းနဲ့ ကျေးဇူးပြုတယ်"ပေါ့။

**ပဋ္ဌာန်းနည်း - "တဏှာက ဒိဋ္ဌိကို"**

တဏှာက ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်လို့ဆိုတဲ့ ဥပါဒါန်တွေကိုတော့ ဘာသတ္တိတွေနဲ့ ကျေးဇူးပြုတုန်းဆိုတော့ တဏှာနဲ့ ဒိဋ္ဌိဆိုတာကျတော့ သဘာဝချင်း မတူတော့ဘူး၊ သင်္ဂြိုဟ်သရုပ်မှာ ကြည့်မယ်ဆိုရင် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်မှာဆိုရင် လောဘယှဉ်တဲ့ ဒိဋ္ဌိ ရှိတယ်၊ ဒီတော့ လောဘနဲ့ ဒိဋ္ဌိဟာ ဒိဋ္ဌိဂတ-သမ္ပယုတ်စိတ်မှာ အတူအကွ ဖြစ်ကြတာ၊ အတူတကွဖြစ်လာတဲ့ လောဘက အတူတကွဖြစ်လာတဲ့ဒိဋ္ဌိကို **သဟဇာတသတ္တိ**နဲ့ ကျေးဇူးပြုနိုင်တယ်။

အပြန်အလှန်ဖြစ်သည့် အတွက်ကြောင့် **အညမညသတ္တိ** နဲ့လည်း ကျေးဇူးပြုတယ်၊ **နိဿယသတ္တိ**နဲ့လည်း ကျေးဇူးပြုတယ်၊ **သမ္ပယုတ္တသတ္တိ**နဲ့လည်း ကျေးဇူးပြုတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် ပြိုင်တူဖြစ်တယ်၊ ပြိုင်တူချုပ်တယ်၊ မှီရာဝတ္ထုတစ်ခုတည်း၊ အာရုံပြုရာ တစ်ခုတည်း၊ တူညီတဲ့အာရုံ တူညီတဲ့မှီရာရှိလို့ **သမ္ပယုတ္တသတ္တိ** နဲ့ကျေးဇူးပြုတယ်၊ ရှိနေခိုက်မှာ ကျေးဇူးပြုလို့**အတ္ထိသတ္တိ**၊ မကင်းကွာခင် ကျေးဇူးပြုလို့ **အဝိဂတသတ္တိ**။

ပဋ္ဌာန်းရှုထောင့်ကပြောလို့ရှိရင် **"တဏှာပစ္စယာ ဒိဋ္ဌုပါဒါန်"** သို့မဟုတ် **"တဏှာပစ္စယာ သီလဗ္ဗတုပါဒါန်"** **"တဏှာပစ္စယာ**

http://www.dhammadownload.com



**အတ္တဝါဒုပါဒါန်”** ဆိုတဲ့နေရာမှာ ဘာပစ္စယသတ္တိတွေနဲ့ စွမ်းရည်သတ္တိနဲ့ ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုတယ်လို့ ပြောရမလဲလို့ ဆိုရင် **သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ** - ဒီသတ္တိတွေနဲ့ ကျေးဇူးပြုတယ်လို့ ပြောရမယ်။

နောက်တစ်ဖန် ဘာပါနိုင်သေးတုန်းဆိုတော့ တဏှာလို့ ဆိုတာ လောဘပဲ၊ လောဘဟာ ဟိတ်ပဲလေ၊ ဟေတု ၆-မျိုးထဲမှာ ပါတယ်၊ ဟေတုခြောက်မျိုးထဲ ပါသည့်အတွက်ကြောင့် လောဘဆိုတဲ့ဟိတ်က ဒိဋ္ဌိဆိုတဲ့ဉပါဒါန်အား **ဟေတုသတ္တိ**နဲ့လည်း ကျေးဇူးပြုနိုင်တယ်လို့၊ ဒီလိုအဓိပ္ပါယ်ရတယ်၊ ဒီတော့ ဟေတုသတ္တိ ထည့်လိုက်မယ်၊ ခုနတုန်းက **သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ**- ၆-ခုထဲကို ဟေတု ထည့်လိုက်လို့ရှိရင် ၇-ပစ္စည်း ဖြစ်သွားတယ်။

နောက်တစ်နည်းပြောမယ်ဆိုလို့ရှိရင် စိတ်တစ်ခုတည်းမှာ ဖြစ်တဲ့ လောဘတဏှာက နေပြီးတော့ ဒိဋ္ဌုပါဒါန်ကို ကျေးဇူးပြုတာ မဟုတ်ဘူး၊ ကွဲပြားခြားနားတဲ့စိတ်မှာဖြစ်တဲ့ တဏှာက ဒိဋ္ဌိကို ကျေးဇူးပြုတာ၊ အတူဖြစ်တာက ကျေးဇူးပြုတာ မဟုတ်ဘူးလို့ ဒီလို ယူရင်ရော မရဘူးလားဆိုရင် ရတယ်၊ အဲဒီလို ယူလိုက်တဲ့အခါ တဏှာက ဒိဋ္ဌိကို ကျေးဇူးပြုတာ **ဉပနိဿယသတ္တိ**လို့ ပြောတယ်။

တဏှာဆိုတဲ့ အားကြီးတဲ့မှီရာကို ရသည့်အတွက်ကြောင့် ဒိဋ္ဌိဆိုတဲ့ မှားယွင်းတဲ့စွဲလမ်းမှုတစ်ခု ပေါ်လာရတယ်၊ **ဉပနိဿယသတ္တိ** အားကြီးတဲ့မှီရာတစ်ခုလို့ ဒီလိုအထောက်အကူ ဖြစ်တယ်။

ဒါ့ကြောင့်မို့လို့ ဗုဒ္ဓမြတ်စွာက ပဋိစ္စသမုပ္ပါဒ်မှာ **“တဏှာ-ပစ္စယာ ဉပါဒါန်”** လို့ဆိုရာမှာ ဘုန်းကြီးတို့တစ်တွေ နားလည်ရမှာ

http://www.dhammadownload.com



က တဏှာဆိုတာ အားပျော့သေးတဲ့တဏှာ၊ ဥပါဒါန်ဆိုတာ အားကောင်းတဲ့တဏှာနဲ့ မှားယွင်းတဲ့အယူအဆ ဒိဋ္ဌိ၊ ဒီနှစ်ခုကို ဆိုလိုတယ်၊ အဲဒီနှစ်ခုစလုံးဟာ တဏှာကို အခြေခံပြီး ဖြစ်တာ ဖြစ်သောကြောင့် တဏှာရှိနေသေးလို့ရှိရင် နောက်က ဥပါဒါန်ဆိုတာ လာမှာပဲလို့။

ဒါ့ကြောင့်မို့လို့ ပဋိစ္စသမုပ္ပါဒ်နည်းကို ပဋ္ဌာန်းနည်းနဲ့ ကြည့်ရင် စွမ်းရည်သတ္တိတွေ အသုံးပြုပြီး ကျေးဇူးပြုတယ်ဆိုတာကို သိရတယ်၊ တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သည့် ပဋိစ္စသမုပ္ပါဒ်, ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့တဲ့ ပဋ္ဌာန်း, ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ပဋ္ဌာန်းနည်း ဒီနှစ်ရပ်ကို ပေါင်းစပ်ပြီးတော့ သဘာဝတရားတွေရဲ့ဖြစ်မှုကို ဆင်ခြင်သုံးသပ်ခြင်းဖြင့် မိမိတို့သန္တာန်မှာ တဏှာတရားတွေ မကြီးထွားရလေအောင် ဥပါဒါန်တရားတွေ မဖြစ်ရလေအောင် ကျင့်ကြံကြိုးကုတ်အားထုတ်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီ ကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

ဖ ဖ ဆ ဆ

http://www.dhammadownload.com



# "ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လှေလာသုံးသပ်ခြင်း"

## အပိုင်း (၁၂)

သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဇွန်လ ၂၈-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိပိဋကမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနန္တောအနန္တ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင်၏ အမတဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။

## "ဥပါဒါနပစ္စယာ ဘဝေါ"

"ဥပါဒါနပစ္စယာ ဘဝေါ" - "ဥပါဒါန်ကြောင့် ကမ္မဘဝ ဥပပတ္တိဘဝလို့ ခေါ်တဲ့ဘဝနှစ်မျိုး ဖြစ်ပေါ်လာရတယ်"၊ ပါဠိစကား လုံး အသုံးအနှုန်းအတိုင်းပြောမယ်ဆိုရင် "ဥပါဒါန်ကြောင့် ဘဝဖြစ် ရတယ်။"

http://www.dhammadownload.com



ဥပါဒါန်အကြောင်းကို ရှင်းပြပြီးခဲ့ပြီ၊ ပြင်းထန်တဲ့ စွဲလမ်းတဲ့ တဏှာနဲ့ မှားယွင်းတဲ့အယူအဆ၊ ဒီသဘာဝတရားနှစ်ခုဟာ ပြင်း ပြင်းထန်ထန် စွဲလမ်းတတ်သည့်အတွက် ဥပါဒါန်လို့ ခေါ်တယ်၊ နှစ်သက်စရာ ကာမအာရုံတွေကို စွဲလမ်းလို့ရှိရင် ကာမုပါဒါန်လို့ ခေါ်တယ်၊ ဒါက တဏှာရာဂနဲ့ ပတ်သက်တဲ့ ဥပါဒါန်က တစ်မျိုး။

နောက် အယူဝါဒနဲ့ ပတ်သက်တဲ့ ဥပါဒါန်ကျတော့ ၃-မျိုး၊ ဒိဋ္ဌုပါဒါန (အမြင်နဲ့ ပတ်သက်တဲ့ အစွဲအလမ်း)၊ အတ္တဝါဒုပါဒါန (အတ္တဆိုတဲ့အယူဝါဒနဲ့ ပတ်သက်တဲ့ အစွဲအလမ်း)၊ သီလဗ္ဗတုပါဒါန (အလေ့အထကို ဆောက်တည်ကျင့်သုံးခြင်းဟာ သံသရာဝဋ်က လွတ်မြောက်ခြင်းအကြောင်းဖြစ်တယ်လို့ ဒီလို စွဲလမ်းတဲ့ အယူဝါဒနဲ့ ပတ်သက်တဲ့ စွဲလမ်းမှု) ပေါင်း ၃-မျိုး၊ အဲဒီဥပါဒါန် ၄-မျိုးကို အကြောင်းပြုပြီး ဥပါဒါန်ရှိနေသေးသမျှ ကာလပတ်လုံး ဘဝ ဆိုတာ လာမှာပဲ။

**ဘဝ**ဆိုတဲ့စကားလုံးကို လူတိုင်းသိနေကြတာပဲ၊ အင်္ဂလိပ်လို ပြန်တော့လည်း ဘဝကို becoming ဖြစ်ပေါ်နေမှုလို့ ဒီလိုပြန်တယ်၊ အဲဒီတော့ ဖြစ်ပေါ်နေတာဟာ ဘာတွေဖြစ်ပေါ်နေတာလဲ ဆိုတာ ဘုန်းကြီးတို့ စဉ်းစားကြရမယ်။

**"ဥပါဒါနပစ္စယာ ဘဝေါ"** ဆိုတော့ ဘဝဆိုတာ ဘာလဲ **"ဘဝတီတိ ဘဝေါ"**- "ဖြစ်လာတတ်လို့ ဘဝလို့ ခေါ်တယ်"၊ မြန်မာ လူမျိုးတွေအဖို့ ဒီစကားလုံးဟာ ရင်းနှီးပြီးသား ဖြစ်တယ်၊ ဒါပေမယ့် လို့ literal meaning စကားလုံးရဲ့အဓိပ္ပါယ်ကို မစဉ်းစားကြတော့ ဘူး၊ သူ့ဘဝ ကိုယ့်ဘဝ - ဘဝဆိုတာ ဘာလဲလို့ မေးလို့ရှိရင် ဘဝ

http://www.dhammadownload.com



ဆိုတာ ဘဝပဲပေါ့လို့ ပြောကောင်း ပြောကြမှာပဲနော်၊ အင်္ဂလိပ်လို ပြန်တော့လည်း life (သို့မဟုတ်) becoming လို့ ပြန်တယ်။

**ဘဝ၏ အဓိပ္ပါယ်**

ဘဝဆိုတာ ရှိနေတယ်၊ ဒီတော့ ပါဠိစာပေအနေနဲ့ ဘဝရဲ့ အဓိပ္ပါယ်ကို ရှင်းပြောကြစို့၊ ဘဝကို **ဝစနတ္ထ** ပြုတယ်၊ အင်္ဂလိပ်လို တော့ definition ပေါ့, define လုပ်တယ်လို့ ခေါ်တယ်၊ definition နဲ့ ပြောမယ်ဆိုရင် **"ဘဝတီတိ ဘဝေါ"** - ဖြစ်လာတတ်သော ကြောင့် ဘဝ ခေါ်တယ်။

ဒီတော့ "ဖြစ်လာတယ်" ဆိုတာ ဘာတွေဖြစ်တာတုန်းလို့ တစ်ခါထပ်ဆင့်ပြီး စဉ်းစားရမယ်၊ ဖြစ်လာတာ နှစ်မျိုးရှိလို့ ဘဝဟာ နှစ်မျိုးရှိတယ်ပေါ့၊ **"ကမ္မဘဝ"** တဲ့၊ လူတွေဟာ အစွဲအလမ်းတစ်ခု ရှိပြီးတော့ လုပ်ကိုင်ဆောင်ရွက်လာကြတယ်၊ စိတ်ထဲက တွေးကြံ လာတယ်၊ တွေးကြံထားတဲ့အတိုင်း နှုတ်က ထုတ်ပြောတယ်၊ နှုတ် က ထုတ်ပြောရုံတင် မကဘူး, ကိုယ်ထိလက်ရောက် လုပ်တယ်၊ အဲဒီ အတွေး အပြော အလုပ်ဆိုတာတွေဟာ သရုပ်ထုတ်ကြည့် လိုက်တဲ့အခါကျတော့ ဒါကိုပဲ ကမ္မ - ကံ လို့ ခေါ်တာပဲပေါ့။

အဓိကအကြောင်းတရားက ဘယ်သူတုန်းဆိုတော့ စေတနာ ပဲပေါ့၊ စေတနာကြောင့် တွေးတယ်၊ စေတနာရဲ့လှုံ့ဆော်မှုကြောင့် နှုတ်က ထုတ်ပြီးတော့ ပြောတယ်၊ စေတနာရဲ့ လှုံ့ဆော်မှုကြောင့် ကိုယ်ထိလက်ရောက် ပြုလုပ်တယ်၊ စာလိုပြောရင် စိတ်က စ,ပြော မယ်ဆိုရင် မနောကံ ဝစီကံ ကာယကံပေါ့၊ အစဉ်က အဓိက မဟုတ်ဘူးပေါ့၊ ဖြစ်စဉ်နဲ့ ပြောမယ်ဆိုရင် မနောကံက စ, တယ်လို့

http://www.dhammadownload.com



ပြောလို့ ရတယ်ပေါ့၊ စိတ်ထဲက တွေးတယ်၊ တွေးတဲ့အတိုင်း ပြောတယ်၊ အလုပ်လုပ်တယ်ပေါ့။

သို့သော် စာပေကျမ်းဂန်မှာ ဟောစဉ်အနေနဲ့ "ကာယကံ ဝစီကံ မနောကံ" ဒီလိုဟောတယ်၊ ဘာဖြစ်လို့ ဟောစဉ်မှာ ကာယကံကို အဓိကထားတာတုန်းဆိုရင် ကာယကံဆိုတာက ပိုပြီး ထင်ရှားတာကိုး၊ ကိုယ်ထိလက်ရောက်လုပ်တယ်ဆိုတာ ပိုပြီးထင်ရှားတယ်၊ ဝစီကံဆိုတာကတော့ ကြားလိုက်တဲ့လူအတွက်သာ ထင်ရှားတာ၊ မကြားလိုက်တဲ့လူက ရှိသေးတာကိုး၊ မနောကံဆိုတာက ဖြစ်တဲ့ ပုဂ္ဂိုလ်ကလွဲပြီး ကျန်တဲ့ပုဂ္ဂိုလ်က သိချင်မှသိမှာ၊ အဲဒါက ဟောစဉ်မှာ ကာယကံက သိသာထင်ရှားလို့ ပထမဆုံးထား ဟောတယ်၊ ထို့နောက်မှာ ဝစီကံကို ဟောတယ်၊ ထို့နောက်မှာ မသိသာတဲ့ မနောကံကို ဟောတယ်၊ ဖြစ်စဉ်အားဖြင့် ပြောမယ်ဆိုလို့ရှိရင် မနောကံနဲ့ တွေးကြံပြီးတဲ့ အခါကျတော့ ဝစီကံနဲ့ ထုတ်ပြီးတော့ ပြောတယ်၊ ကာယကံနဲ့ ပြုလုပ်တယ် ဒီလို ဆိုလို့ ရတယ်ပေါ့။

ကဲ ကောင်းပြီ - ကမ္မဘဝဆိုတာ အဲဒါနဲ့ပဲ ဖြစ်လာတာပဲ၊ ကိုယ့်သန္တာန်မှာ အတွေးတွေ ဖြစ်လာတယ်၊ ပြောဆိုမှုတွေ ဖြစ်လာတယ်၊ လုပ်ကိုင်ဆောင်ရွက်မှုတွေ ဖြစ်လာတယ်၊ အဲဒီဖြစ်လာတဲ့ စေတနာနဲ့ ပတ်သက်လာတဲ့ သဘာဝတရားတွေ၊ စေတနာဦးဆောင်တဲ့သဘာဝတရားတွေကို "ကမ္မဘဝ"လို့ ခေါ်တယ်၊ လူတွေက ဘဝ ဘဝလို့ ရည်ညွှန်းနေတာတော့ ကိုယ့်ရဲ့ပတ်ဝန်းကျင် ကိုယ့်ခန္ဓာနဲ့ဆက်စပ်ပြီးတော့ ကိုယ့်ရဲ့စားဝတ်နေရေး, ကိုယ့်ရဲ့ပညာရေး, ကိုယ့်ရဲ့အရေးကိစ္စတွေကို ဘဝလို့ ပြောနေကြတာ၊ များသောအားဖြင့် ဘဝဆိုတာကို ဒီလိုပဲ နားလည်ကြတယ်။

http://www.dhammadownload.com



နိုင်ငံခြားတိုင်းပြည်တွေမှာ သူများအတွက်ချည်းပဲ လုပ်ပေးနေရတယ်၊ သူများစိတ်တိုင်းကျပဲ နေရတယ်၊ ကိုယ့်စိတ်တိုင်းကျ မနေရဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေက ဘာပြောတုန်း ဆိုတော့ "I have not my life" တဲ့၊ သူတို့ ပြောလေ့ရှိတဲ့စကားတစ်ခု၊ "I have not my life" "ငါ့ဘဝ မရှိပါဘူး"၊ သူ့ဘဝချည်းပဲ ဖြည့်ဆည်းပေးနေရတဲ့ လူတွေက အဲဒီလို ငြီးတွားပြီးတော့ ပြောလေ့ ရှိကြတယ်။

ဒါဖြင့် ကိုယ့်ဘဝဆိုတာ ဘာတုန်းဆိုတော့ ကိုယ့်စိတ်တိုင်းကျ ကိုယ်နေချင်သလို နေတယ်၊ ကိုယ်ပြောချင်သလို ပြောမယ်၊ ကိုယ်သွားချင်တဲ့နေရာ သွားမယ်၊ တချို့ကျ ကိုယ်နေချင်သလို နေလို့ မရဘူး၊ ကိုယ်ပြောချင်သလိုလည်း ပြောလို့ မရဘူး၊ ကိုယ်သွားချင်တဲ့နေရာလည်း သွားလို့ မရဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ ကိုယ်နဲ့ ပတ်သက်ဆက်စပ်နေတဲ့ ပုဂ္ဂိုလ်တွေရဲ့အလိုကျ အမြဲတမ်းငဲ့ညှာပြီးတော့ နေရတဲ့ဘဝပဲ ရှိတယ်လေ၊ အဲဒီလိုနေရတယ်ဆိုရင် လူတွေက "ငါ့ဘဝ မရှိဘူး" လို့ ဒီလိုပြောကြတာပေါ့။

ဘဝဆိုတာ ကမ္မဘဝတဲ့၊ ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စေတနာစွမ်းအားတွေဟာ ဒါကမ္မဘဝပဲပေါ့၊ ကုသိုလ်စေတနာတွေ ဖြစ်ရင် ကုသိုလ်ကမ္မဘဝ၊ အကုသိုလ်စေတနာတွေ ဖြစ်ရင် အကုသိုလ်ကမ္မဘဝ၊ ကိုယ့်သန္တာန်မှာ ဘာတွေဖြစ်နေသလဲ ဆိုတာ ကိုယ့်ဟာကိုယ် အသိဆုံးပဲ၊ ကိုယ့်ဟာကိုယ် အသိဆုံးဆိုတာ သိနိုင်တယ်လို့ ပြောတာ၊ လူတိုင်းသိကြလားလို့ ဆိုတော့ မသိဘူး၊ ဘာဖြစ်လို့ မသိလဲဆိုတော့ ကိုယ်က သိနေတာ တခြားဟာတွေကိုပဲ သိနေတာ၊ ကိုယ့်သန္တာန်မှာ ဖြစ်နေတာကို သတိမထားသည့်အတွက်ကြောင့် အသိဉာဏ် မပေါ်လာဘူးပေါ့။

http://www.dhammadownload.com



အေး ကောင်းပြီ **"ဥပါဒါနပစ္စယာ ဘဝေါ"**၊ နံပါတ် ၁- က ကမ္မဘဝ၊ ကမ္မဘဝ ဖြစ်လာတယ် -သို့မဟုတ်- သူ့ကို အဓိပ္ပါယ် တစ်မျိုးနဲ့ ယူမယ်ဆိုလို့ရှိရင် ဖြစ်လာခြင်းရဲ့အကြောင်းတရားလို့။

ကဲ နောက်ဘဝတစ်ခု ရှိသေးတယ်၊ အဲဒီဘဝကို **"ဥပပတ္တိဘဝ"**လို့ ခေါ်တယ်၊ ဒါ ဘာကိုပြောတာတုန်းဆို ကံကြောင့် ဖြစ်လာတဲ့ခန္ဓာ, ကံကြောင့် ရလာတဲ့ခန္ဓာ၊ ဆိုပါစို့ - လူသားတွေ အနေနဲ့ပြောမယ်ဆိုလို့ရှိရင် လူသားတွေဟာ ကုသိုလ်ကံလုပ်ခဲ့သည့် အတွက်ကြောင့် ကုသိုလ်ကံကဖန်တီးပေးလိုက်တဲ့ လူ့ရဲ့ဘဝတစ်ခု ရတယ်၊ လူ့ရဲ့ဘဝဆိုတာ ဘာတုန်း? လူ့ရဲ့ခန္ဓာပဲ၊ လူ့ရဲ့ခန္ဓာဆိုတာ ဘာတုန်း? ရုပ်ခန္ဓာကြီး ရှိတယ်, ခံစားမှုတွေ ရှိတယ်, မှတ်သား မှုတွေ ရှိတယ်, စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ လှုံ့ဆော်တွေးတော ကြံစည်မှုတွေ ရှိတယ်, အသိစိတ်တွေ ရှိတယ် - အဲဒီခန္ဓာ ၅-ပါး ပေါင်းစပ်ထားတဲ့ ဘဝတစ်ခုကို ဥပပတ္တိဘဝလို့ ဒီလိုခေါ်တယ်ပေ့ါ၊ ဥပပတ္တိဘဝကို စာက ဘယ်လိုပြောတုန်းဆို **"ကမ္မာဘိနိဗ္ဗတ္တာ ခန္ဓာ"** - "ကံကြောင့် ဖြစ်ပေါ်လာတဲ့ခန္ဓာတွေဟာ ဥပပတ္တိဘဝပဲ" တဲ့။

ဥပပတ္တိဘဝဆိုတာ ကံကြောင့်ရလာတဲ့ ခန္ဓာတွေ၊ သတ္တဝါ တွေမှာ ရုပ်နဲ့ နာမ် ဒီနှစ်ခုရှိတယ်၊ အဲဒီရုပ်နဲ့ နာမ်ကို ခန္ဓာနဲ့ ပြောတဲ့အခါ ခန္ဓာ ၅-ပါးလို့ ဒီလိုပြောတာပေ့ါ၊ ဒီတော့ ကံကြောင့် ရလာတဲ့ ရုပ်နဲ့နာမ်လို့ ဒီလိုပြောလည်း ရတာပဲ၊ အဲဒါကို အကျယ် ချဲ့ရင် ခန္ဓာ ၅-ပါး၊ ကံကြောင့်ရလာတဲ့ အာယတန၊ ကံကြောင့်ရ လာတဲ့ ဓာတ်လို့ ဒီလို ပြောလို့လည်း ရတယ်။

http://www.dhammadownload.com



ကောင်းပြီ - ဥပပတ္တိဘဝဆိုတာ **"ကမ္မာဘိနိဗ္ဗတ္တာ ခန္ဓာ"**- "ကံတရားကို အခြေပြုပြီး ဖြစ်ပေါ်လာတဲ့ ခန္ဓာတွေကို ဥပပတ္တိဘဝ" လို့ ခေါ်တယ်၊ ကံတရားကို ကမ္မဘဝလို့ ခေါ်တယ်။

**ကမ္မဘဝအရ စေတနာသာမက . . .**

အဲဒီ ကံတရား ဆိုတဲ့နေရာမှာ စေတနာတင်လားလို့ မေးလို့ရှိရင် စေတနာတင် မကဘူး၊ များသောအားဖြင့်တော့ **"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"** ဆိုတဲ့ **နိဗ္ဗေဓိကသုတ္တန်မှာ** ပါတဲ့ စကားလေးကို ကြည့်- စေတနာကို အဓိကထားပြီးတော့ ကံ လို့ ပြောနေကြတယ်။

သို့သော် စေတနာမဟုတ်တဲ့ ကံတွေ ရှိသေးတယ်၊ မနော ကံ ၃-မျိုးမှာကြည့် - ကုသိုလ်မနောကံ၊ အကုသိုလ်မနောကံလို့ မနောကံ ၃-မျိုးစီ ရှိတယ်၊ ကုသိုလ်မနောကံ ဆိုတာ အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ၊ အဲဒါလည်းပဲ ကံပဲ၊ အနဘိဇ္ဈာဆိုတာ အလောဘ၊ အဗျာပါဒဆိုတာ အဒေါသ၊ သမ္မာဒိဋ္ဌိဆိုတာ အသိ ဉာဏ် အမောဟ၊ အဲဒီသဘာဝတရားတွေဟာ စေတနာမဟုတ်ဘူး၊ စေတနာမဟုတ်ပေမယ့် သူတို့ကို ကံလို့ ခေါ်တယ်၊ ကံဆိုတာဟာ စေတနာတင် ပြောတာ မဟုတ်ဘူးတဲ့၊ **စေတနာသမ္ပယုတ္တဓမ္မ** စေတနာနဲ့ ယှဉ်တဲ့ တရားအချို့ကိုလည်း ကံလို့ခေါ်တယ်။

တချို့သုတ္တန်တွေမှာဆိုရင် မဂ္ဂင် ၈-ပါးကိုလည်း ကံလို့ ခေါ် တာ ရှိသေးတယ်၊ ဗောဇ္ဈင် ၇-ပါးကိုလည်း ကံလို့ ခေါ်တယ်၊ ဆိုလို တာကတော့ တစ်စုံတစ်ခုအကျိုးကို ထုတ်လုပ်မယ့်သဘာဝတရား တွေကို ရည်ညွှန်းပြီး ခေါ်ထားတယ်လို့ ဒီလို မှတ်ရမှာပေါ့၊ အေး

http://www.dhammadownload.com



"ငါ့ကံပဲ၊ သူ့ကံပဲ"နဲ့ ကံကို ပြောနေကြတဲ့အခါမှာတော့ လူတွေဟာ ကုသိုလ်ကံ, အကုသိုလ်ကံ ဒီနှစ်ခုကိုပဲ သာမန်လောက်ကို ရည်ညွှန်း ပြီးတော့ ပြောနေကြတယ်။

အကုသိုလ်မနောကံဆိုတဲ့ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ဒီ ၃-ခုကိုလည်း ကံလို့ ခေါ်တာပဲ၊ အဘိဇ္ဈာဆိုတာ လောဘ၊ ဗျာပါဒဆိုတာ ဒေါသ၊ မိစ္ဆာဒိဋ္ဌိဆိုတာ ဒိဋ္ဌိ၊ အဲဒီတော့ လောဘ, ဒေါသ, ဒိဋ္ဌိဆိုတဲ့ ဒီသဘာဝတရား ၃-ခုကိုလည်း စေတနာမဟုတ် ပေမယ့် လို့ ကံလို့ ခေါ်တယ်လို့ ဒီလိုမှတ်ရမယ်။

ဒီတော့ ကမ္မဘဝဆိုသည်မှာ စေတနာနှင့်တကွ စေတနာ နှင့်ယှဉ်သော စေတသိက်တချို့ကိုပါ ကမ္မဘဝအရ မှတ်ယူရမယ်၊ ဥပပတ္တိဘဝဆိုတာကျတော့ အဲဒီကံတရားက ထုတ်လုပ်လိုက်လို့ ရလာတဲ့ခန္ဓာကို ဥပပတ္တိဘဝလို့ မှတ်ရမယ်၊ **"ဥပါဒါနပစ္စယာ ဘဝေါ"** ဆိုတဲ့နေရာမှာ ဟောဒီဘဝနှစ်မျိုးကို ရတယ်လို့ ဒီလိုမှတ် ရမယ်။

ဘုန်းကြီးတို့ ကိုယ့်ဘဝ ကိုယ်ကြည့်လည်းပဲ ဘဝနှစ်ခု ရှိနေ ကြတာပဲ၊ လူတွေမှာနော် ဘဝတစ်ခုတည်း မဟုတ်ဘူး၊ သူ့မှာ ဘာဘဝတွေ ရှိတုန်းဆိုရင် ကမ္မဘဝတွေ ရှိတယ်၊ နေ့စဉ်နဲ့ အမျှ တွေးကြတယ်, ပြောကြတယ်, လုပ်ကိုင်ဆောင်ရွက်ကြတယ် ဆိုတာ ဒါတွေက ကမ္မဘဝတွေပဲ၊ အတိတ်ကကံကြောင့် အခုရလာတဲ့ ခန္ဓာကြီးကျတော့ ဥပပတ္တိဘဝ၊ ဒီဘဝမှာလည်းပဲ အတိတ်ကပေး လိုက်တဲ့ ဘဝကတော့ ဥပပတ္တိဘဝ၊ အခုဆက်ပြီး လုပ်နေတာတွေ က ကမ္မဘဝတဲ့၊ အဲဒီနှစ်ခုစလုံးဟာ ဥပါဒါန်တွေ ရှိနေလို့ ရှိနေရ

http://www.dhammadownload.com



တာလို့ ဒီလိုဆိုလိုတယ်၊ **"ဥပါဒါနပစ္စယာ ဘဝေါ"** ဆိုတာ ဥပါဒါန်တွေ ရှိနေလို့ ဘဝရှိနေကြရတယ်။

တစ်ခါ ဥပပတ္တိဘဝကို ထပ်ပြီးတော့ အသေးစိတ် ခွဲသေးတယ်၊ ၃၁-ဘုံနဲ့ထပ်ပြီးတော့ ခွဲကြည့်တဲ့အခါ ဥပပတ္တိဘဝကို တူရာတူရာ ပေါင်းလိုက်တယ်၊ အဘိဓမ္မာသင်တဲ့ပုဂ္ဂိုလ်တွေ ဘဝကြီး ၉-ပါးဆိုတာ ကြားဖူးကြလိမ့်မယ်၊ ဘဝကြီးဆိုတာ ကြီးလို့ ခေါ်တာ မဟုတ်ပါဘူး၊ ကိုယ်ရ,ထားတဲ့ဘဝဟာလည်း ဘဝပါပဲ၊ သို့သော်လည်း ဘဝကြီး ၉-ပါးလို့ စာထဲမှာ ရေးလေ့ရှိတယ်ပေါ့၊ အခု ပြောတဲ့ဥပပတ္တိဘဝကို ၉-မျိုး ခွဲပြီးတော့ ပြောတယ်၊ ကမ္မဘဝကို ခွဲတာ မဟုတ်ဘူး၊ ဥပပတ္တိဘဝကို ခွဲလိုက်တဲ့အခါ ၉-မျိုးတဲ့။

**ဘဝကြီး ၉-ပါး**

အဲဒီ ၉-မျိုးက ဘာတွေတုန်းဆိုရင် **နံပါတ် ၁ - က ကာမဘဝ၊** ကာမဘုံ၊ ကာမနဲ့ ကမ္မနဲ့ အသံချင်း နဲနဲတူတော့ ရောထွေးပြီးတော့ မှားတတ်တယ်၊ ကာမဘဝ ဆိုတာ အပါယ် ၄-ဘုံ, လူ့ပြည်, နတ်ပြည်တို့၊ ကာမရာဂနဲ့ ပတ်သက်ပြီးတော့ ဖြစ်နေတဲ့ ဘုံဘဝတွေပေါ့၊ ကာမ ၁၁-ဘုံ၊ အဲဒါတွေက ကာမဘဝ။

ဒီကာမကို လွန်မြောက်အောင် သမထကျင့်စဉ်တစ်ခုနဲ့ ကျင့်ပြီး ကာမဆန္ဒတွေအားလုံး ကျော်လွှားသွားပြီး ဈာန်အဘိညာဏ်ရတဲ့ပုဂ္ဂိုလ်တွေ ပျော်စံတဲ့နေရာကျတော့ **နံပါတ် ၂ - ရူပဘဝ** နဲ့ **နံပါတ် ၃ - အရူပဘဝ**တဲ့။

ဒီတော့ ဘဝဟာ အဆင့်လိုက် ခွဲလိုက်တဲ့အခါကျတော့ ကာမဘဝ, ရူပဘဝနဲ့ အရူပဘဝ၊ ရူပဘဝဆိုတာ ရူပဈာန်ကို

http://www.dhammadownload.com



အခြေခံပြီးတော့ ရောက်ရှိသွားတဲ့ ရူပပြဟ္မာ ၁၆-ဘုံ၊ အရူပဘဝ ဆိုတာ အရူပစျာန်ကို အခြေခံပြီးတော့ရတဲ့ အရူပပြဟ္မာ ၄-ဘုံ၊ အဲဒီပြဟ္မာဘုံတွေကို ရူပဘဝ အရူပဘဝလို့ ဒီလိုခေါ်လိုက်တယ်။

အဲဒီတော့ မှတ်ရမှာက ၃၁-ဘုံက ကာမဘဝ ရူပဘဝ အရူပဘဝ၊ ဒီ ၃-ခုနဲ့ ပြောလိုက်ရင် ၃၁-ဘုံ ကုန်သွားတယ်၊ ကာမဘဝက ကာမ ၁၁-ဘုံ၊ ရူပဘဝက ရူပ ၁၆-ဘုံ၊ အရူပဘဝက အရူပ ၄-ဘုံ ပေါင်းလိုက်ရင် ၃၁-ဘုံပဲ။

တစ်ခါ ၃၁-ဘုံလုံးကိုပဲ ခြုံပြီး အသိစိတ်နဲ့ သညာနဲ့ ခွဲပြီးတော့ ဘုံ ၃-မျိုး ထပ်ခွဲပြန်သေးတယ်၊ ဒါ နောက်တစ်မျိုးထပ်ခွဲတာ၊ **"သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ"**၊ ဝိသုဒ္ဓိမဂ်မှာတော့ သညီဆိုတဲ့အသုံးကို မသုံးဘဲနဲ့ **"သညာဘဝ, အသညာဘဝ, နေဝသညာနာသညာဘဝ"** လို့ ဒီလို သုံးတယ်။

ဒီလို သညာနဲ့ ခွဲရင်လည်းပဲ ၃၁-ဘုံပဲ၊ **နံပါတ် ၄ - သညာဘဝ** ဆိုတာ ပဋိသန္ဓေစိတ်မှာ အမှတ်သညာကို ဦးတည်ပြီးတော့ ပြောတာ၊ အသိစိတ်နဲ့ တကွဖြစ်တဲ့ အမှတ်သညာ ပြည့်ပြည့်ဝဝနဲ့ တကွဖြစ်တဲ့ ဘုံဘဝလို့ ဒီလိုပြောတာ။

နောက်တစ်ခုက **နံပါတ် ၅ - အသညာဘဝ**၊ အသိစိတ် အမှတ်သညာ မရှိတဲ့ ဘုံဘဝတဲ့။

**နံပါတ် ၆ - နေဝသညာနာသညာဘဝ** ဆိုတာ အသိစိတ် အမှတ်သညာ ရှိတယ်လို့လည်း မဟုတ်ဘူး, သို့မဟုတ် လုံးဝမရှိဘူးလည်း မဟုတ်ဘူးဆိုတဲ့ - ပြောရလောက်အောင် သိမ်မွေ့တဲ့ သညာသာရှိတဲ့ ဘုံဘဝလို့ ဒီလို ပြောပြန်တာ၊ ဒီတော့ နေဝသညာ

http://www.dhammadownload.com



နာသညာဘဝဆိုတာ တစ်ဘုံတည်းပဲ၊ အရူပ၄-ဘုံထဲက နေဝ-သညာ နာသညာစျာန်ရဲ့ အကျိုးပေးအနေနဲ့ ဖြစ်သွားတဲ့ဘုံဟာ နေဝသညာနာသညာဘုံဘဝပဲ၊ အဲဒီဘုံဘဝမှာ အမှတ်သညာလေးဟာ မရှိဘူးလို့လည်း ပြောလို့ ရတယ်၊ မရှိတာ လုံးဝမဟုတ်ဘူးလို့လည်း ပြောလို့ ရတယ်၊ စကားကို နှစ်ခွပြောလို့ ရတယ်နော်၊ ဒီတော့ **"နေဝသညာ"** "သညာ မရှိဘူး" ဆိုတာ ဘာမရှိတာလဲ ဆိုတော့ "ကြမ်းတမ်းတဲ့ သိသာထင်ရှားတဲ့ အမှတ်သညာ မရှိဘူး"၊ "သိမ်မွေ့တဲ့သညာ မရှိဘူး ဆိုတာတော့ မဟုတ်ဘူး၊ ရှိတယ်"၊ ဟော သူက double negative နဲ့ သုံးလိုက်တော့ **"န အသညာ"**။

**"နေဝသညာ"** ဆိုတာ "အမှတ်သညာ မရှိဘူး"လို့ ပြောလိုက်တာ၊ အဲဒီစကားကို ပြန်ပြီးတော့ double negativeနဲ့ **"န အသညာ"** "မရှိဘူးချည်းလည်း မဟုတ်ပါဘူး" လို့ ပြန်ပြောတဲ့ စကားပဲ၊ ဘာနဲ့ ဥပမာနားလည်ရမလဲဆိုရင် မီးဖိုချောင်ထဲမှာ ဆီပုလင်း ထောင်ပြီးတော့ သုံးတဲ့အိမ်မှာ ဆိုလို့ရှိရင် ဆီဆမ်းမလို့ သို့မဟုတ် ဆီခပ်မလို့ ဆီပုလင်းကြည့်လိုက်တဲ့အခါ ဆီတွေ ကုန်နေတာ မြင်လို့ရှိရင် "ဆီမရှိတော့ဘူး"နဲ့ ပြောကြတယ်၊ "ဆီမရှိရင် အဲဒီပုလင်းထဲ ဆေးထည့်မယ်" ဆိုရင် အဲဒီကျတော့ ပြောင်းပြီးတော့ ပြောဦးမယ် - "ဟာ ဆီတွေနဲ့" လို့ ပြောဦးမယ်၊ ခုနတုန်းက "မရှိဘူး" လို့ ပြောတယ်၊ ဆေးထည့်မယ် ဆိုပြန်တော့ "ဆီရှိတယ်" လို့ ပြောပြန်တယ်ပေါ့၊ လူတွေက ဒီလိုပဲ ပြောတာနော်။

ဒီတော့ "မရှိဘူး" ဆိုတာ "သုံးလောက်အောင် မရှိတာ"ကို ရည်ရွယ်ပြီး ပြောတာ၊ "ရှိနေတယ်" ဆိုတာ "မသုံးလောက်ပေမယ့် လို့ ရှိနေတယ်" လို့ ပြောတာ၊ ဟော အဲဒီစကားမျိုးပဲ၊ နေဝသညာ

http://www.dhammadownload.com



နာသညာရဲ့ အဓိပ္ပါယ်ကို အဲဒီလို မှတ်ရမယ်တဲ့၊ အဲဒီတော့ လုံလောက်အောင် မရှိဘူး၊ နဲနဲလေးတော့ ရှိတယ်ဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ အဲဒီလို သတ္တဝါမျိုးကလည်း ရှိတယ်တဲ့၊ အမှတ်သညာ လုံးဝမရှိဘူးလို့ ပြောတာ၊ "ကြမ်းတမ်းတဲ့အမှတ်သညာ လုံးဝမရှိဘူး၊ သိမ်မွေ့တဲ့အမှတ်သညာ မရှိတာတော့ မဟုတ်ဘူး၊ ရှိတယ်" ဆိုတဲ့ သတ္တဝါမျိုး ဘုံမျိုးက တစ်ဘုံတည်းပဲတဲ့၊ အဲဒါအမြင့်ဆုံးအရူပဘုံမှာရှိတဲ့ သတ္တဝါ။

အသိစိတ်အမှတ်သညာ လုံးဝမရှိတဲ့ဘုံ **"အသညာဘဝ"**ကျတော့ အသညသတ်လို့ ခေါ်တယ်၊ ရူပါဝစရဘုံထဲက ပဉ္စမစျာန်ဘုံထဲမှာ ပါဝင်တဲ့ အသညသတ်ဘုံတဲ့၊ ရုပ်ချည်းပဲ ဖြစ်တယ်၊ အဲဒါလည်း တစ်ဘုံပဲ။

ဒီတော့ ၃၁-ဘုံထဲမှာ ဒီနှစ်ဘုံ နှုတ်လိုက်တော့ ၂၉-ဘုံကျန်တယ်၊ အဲဒီကျန်တဲ့ ၂၉-ဘုံဟာ **"သညာဘဝ"** လို့ ခေါ်တယ်၊ ကျန်တဲ့ဘုံတွေဟာ လူ့ဘုံက သညာရှိတယ်၊ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ် ၄-ဘုံလည်း သညာ ရှိတယ်၊ နတ်ပြည် ၆-ထပ်လည်း အမှတ်သညာ ရှိတယ်၊ ဒါ့ကြောင့်မို့ အဲဒီဘဝတွေကျတော့ သညာဘဝတဲ့၊ ကျန်တဲ့ ရူပ ၁၅-ဘုံနဲ့ အောက်အရူပ ၃-ဘုံဆိုတဲ့ ဗြဟ္မာဘဝတွေလည်း သညာရှိတယ်၊ ဟော ဒီလို သညာနဲ့ ခွဲလိုက်တဲ့အခါကျတော့လည်းပဲ ဘုံ ၃၁-ပဲ ရပြန်တယ်၊ ဘဝကြီး ၆-မျိုး ရှိသွားပြီနော်။

နောက်တစ်ခါကျတော့ **ဝေါကာရ**လို့ ခေါ်တဲ့ ခန္ဓာနဲ့ ခွဲပြန်တယ်၊ ခန္ဓာကို ဒီနေရာမှာ "ဝေါကာရ" ဆိုတဲ့ စကားလုံးကို သုံး

http://www.dhammadownload.com



ထားတယ်၊ **ဧကဝေါကာရ**-ခန္ဓာတစ်ခုသာ ရှိတဲ့ဘုံ၊ **စတုဝေါကာရ**-ခန္ဓာ ၄-ခုရှိတဲ့ဘုံ၊ **ပဉ္စဝေါကာရ** - ခန္ဓာ ၅-ခုရှိတဲ့ဘုံလို့ ဆိုပြီးတော့ ဘဝကို တစ်ခါထပ်ပြီးတော့ ခန္ဓာရှုထောင့်ကနေ ကြည့်ပြီးတော့ ထပ်ခွဲလိုက်တယ်။

**ဧကဝေါကာရဘဝ**- ခန္ဓာတစ်ခုတည်းသာ ရှိတယ်ဆိုတဲ့ ဘုံဟာ အသညသတ်ဘုံပဲ၊ ရူပက္ခန္ဓာတစ်မျိုးပဲ ရှိတယ်၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် ဆိုတာ မရှိဘူး၊ ဒါကြောင့် ဧကဝေါကာရ - ခန္ဓာတစ်ခုသာ ရှိတယ်၊ အဲဒါက ၃၁-ဘုံထဲက တစ်ဘုံ။

နောက်တစ်ခါ **စတုဝေါကာရဘဝ** - ခန္ဓာ ၄-ခု ရှိတယ်ဆိုတာ အရူပ ၄-ဘုံမှာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဆိုတဲ့ ခန္ဓာ ၄-မျိုးပဲ ရှိတယ်၊ ရူပက္ခန္ဓာ မရှိဘူးတဲ့၊ အဲဒီအရူပဘုံက ၄ဘုံ။

၃၁-ဘုံထဲမှာ အဲဒီ ၅-ဘုံနုတ်လိုက်တဲ့ အခါကျတော့ ကျန်တာ ၂၆-ဘုံ၊ အဲဒီ ၂၆-ဘုံကို **ပဉ္စဝေါကာရဘဝ** - ခန္ဓာ ၅-ပါးရှိတဲ့ဘဝ- ဒီလို သတ်မှတ်တယ်။

ပေါင်းလိုက်တဲ့အခါကျတော့ **နံပါတ် ၇ - ဧကဝေါကာရဘဝ၊ နံပါတ် ၈ - စတုဝေါကာရဘဝ၊ နံပါတ် ၉ - ပဉ္စဝေါကာရဘဝ** လို့ မှတ်။

ကာမ, ရူပ, အရူပ ရှုထောင့်က ခွဲတာ တစ်စု၊ သညာနဲ့ ခွဲတာ တစ်စု၊ ဝေါကာရဆိုတဲ့ ခန္ဓာနဲ့ ခွဲတာတစ်စု၊ အားလုံးဟာ ၃၁-ဘုံကို ခွဲတာချည်းပဲ၊ ပေါင်းလိုက်တဲ့အခါကျတော့ ၉-ခု ရှိသွားတယ်၊ အဲဒါကို ဥပပတ္တိဘဝ- ဘဝ ၉-မျိုး, ဘဝကြီး ၉-ပါးလို့ အဘိဓမ္မာသင်တဲ့ပုဂ္ဂိုလ်တွေ မှတ်ကြရတယ်၊ ဘဝကြီး ၉-ပါးဆိုတာ တခြား

http://www.dhammadownload.com



မဟုတ်ဘူး၊ အကုန်လုံး ၃၁-ဘုံက ဘဝတွေချည်းပဲ၊ တခြားဘဝ မဟုတ်ဘူး။

## လူသားတို့၏ ဘဝ

ဒီတော့ လူသားတွေအနေနဲ့ ပြောမယ်ဆိုလို့ရှိရင် ဘယ်ဘဝထဲ ပါတုန်းဆိုရင် လူသားတွေဟာ "ကာမဘဝ" ထဲမှာ ပါတယ်၊ "သညာဘဝ" ထဲမှာ ပါတယ်၊ "ပဉ္စဝေါကာရဘဝ" ထဲမှာ ပါတယ် ပေါ့။ အဲဒီဥပပတ္တိဘဝတွေဟာ ဘယ်သူ့ကြောင့် ဖြစ်နေတာတုန်းဆိုရင် ခုနက **"ဥပါဒါနပစ္စယာ ဘဝေါ"** ပဲ၊ ဥပါဒါန်ကြောင့်မို့လို့ ဒီဘဝတွေ ရထားတယ်လို့ ဒီလိုဆိုလိုတယ်နော်၊ ဥပါဒါန်ရှိနေသေးသမျှကာလပတ်လုံး ကမ္မဘဝကလည်း ဖြစ်လာဦးမယ်၊ ဥပပတ္တိဘဝတွေလည်း ဖြစ်လာဦးမယ်။

## သင်္ခါရနှင့် ကမ္မဘဝ

ဘဝရဲ့သရုပ်တွေကို ရှေးဦးစွာကြည့်ပြီး **"ဥပါဒါနပစ္စယာ ဘဝေါ"** "ဥပါဒါန်ကြောင့် ဘဝဖြစ်လာတယ်" ဆိုတဲ့နေရာမှာ ကံကိုလည်းပဲ ယူထားတယ်၊ ကံကြောင့်ဖြစ်လာတဲ့အကျိုးတရားကိုလည်း ယူထားတယ်၊ **ကံကို** ယူထားတာက **ကမ္မဘဝ**၊ ကံကြောင့်ဖြစ်လာတဲ့**အကျိုးတရားကို** ယူတာက **ဥပပတ္တိဘဝ**၊ ဘဝနှစ်ခုစလုံး ယူတယ်။

ပဋိစ္စသမုပ္ပါဒ်မှာ စစချင်းတုန်းက **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" "သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ ဆိုပြီးတော့ အဲဒီတုန်းက ဒီကံတရားကို သင်္ခါရဆိုတဲ့ နာမည်နဲ့ သုံးခဲ့တယ်၊ သင်္ခါရဆိုတာလည်း ပုညာ-ဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရဆိုတာ ဒီကံကိုပဲ

http://www.dhammadownload.com



ပြောတာပဲ၊ အခု **"ဥပါဒါနပစ္စယာ ဘဝေါ"** မှာ ကမ္မဘဝကို ပြောမယ် ဆိုလို့ရှိရင်လည်း ဒီကံပဲ ပြောတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာ ကံက နှစ်ထပ်ကွမ်း ပါမနေဘူးလား၊ ဒီလိုထပ်ပြီးတော့ ပြောတာဟာ အကျိုးရှိရဲ့လားလို့ မေးမြန်းစရာ ရှိလာတယ်။

အဲဒီတော့ အဖြေက **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ ပြောတဲ့အချိန်တုန်းက အတိတ်ဘဝက ကံတရားတွေကို ရည်ညွှန်းတာပါတဲ့၊ အတိတ်ဘဝက အကြောင်းတရား၊ ဒီဘဝ သန္ဓေစိတ်ဖြစ်ဖို့အတွက် အတိတ်ဘဝက အကြောင်းတရားကို "သင်္ခါရ"လို့ နာမည်ပေးလိုက်တယ်၊ သင်္ခါရဆိုတာ ဖန်တီးတယ်, တည်ဆောက်တယ်ဆိုတဲ့ အဓိပ္ပါယ်တဲ့။

သင်္ခါရကြောင့် ဒီဘဝမှာ ဝိညာဏက စပြီးတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်လို့ ဆိုတာတွေ ဖြစ်မနေဘူးလား၊ ဥပါဒါန်ထိအောင် ဖြစ်လာတယ်၊ ဒီဘဝမှာ အကယ်၍ ကံတွေ ဆက်လုပ်နေဦးမယ်ဆိုရင် အလားတူဆက်ဖြစ်နေဦးမှာပဲ၊ ဒီဘဝမှာ ဆက်လုပ်နေတဲ့ကံတွေကို ပြောချင်တဲ့အခါကျတော့ "ဘဝ"ဆိုတဲ့ စကားလုံးနဲ့ပဲ ပြောလိုက်တယ်၊ ဒီဘဝမှာ ကံတွေ ဆက်လုပ်နေသေးတယ်၊ ဒီဘဝလုပ်နေတဲ့ ကံက နောင်ဘဝ ဖြစ်ဖို့အတွက်၊ အဲဒါကြောင့်မို့လို့ **"ဘဝပစ္စယာ ဇာတိ"** လို့ လာဦးမယ်၊ ဒီတော့ နောင်ဘဝအတွက် ပဋိသန္ဓေအကျိုးပေးမယ့်, ဒီဘဝမှာလုပ်နေတဲ့ ကံတွေကို ရည်ညွှန်းပြီးတော့ ဒီနေရာမှာ **"ဥပါဒါနပစ္စယာ ဘဝေါ"** လို့ ဒီလို ထပ်ပြောတာပါတဲ့။

ဆိုလိုတာက ဒီပဋိစ္စသမုပ္ပါဒ်ဟာ **သုံးဘဝ**ကို ရှင်းပြတဲ့ စကား၊ သို့သော် ဒီပဋိစ္စသမုပ္ပါဒ်ကို အယူဝါဒတစ်မျိုး ရှိကြသေး

http://www.dhammadownload.com



တယ်၊ "ပဋိစ္စသမုပ္ပါဒ်ဟာ တစ်ဘဝတည်းနဲ့ သက်ဆိုင်တယ်၊ သုံးဘဝ ရှင်းပြတယ်ဆိုတာ မဟုတ်ဘူး" လို့ အင်္ဂလိပ်လိုရေးတဲ့ စာအုပ်တစ်အုပ်မှာ အဲဒီလိုရေးထားတာ ရှိတယ်၊ တချို့ကလည်း ဒါကို ယုံကြည်တယ်၊ ဘဝမကြိုက်တဲ့ပုဂ္ဂိုလ်တွေပေါ့လေ၊ မကြိုက်ဘူးဆိုတာလည်း နိဗ္ဗာန်လိုချင်လို့ ဘဝမကြိုက်တာ မဟုတ်ဘူးပေါ့၊ တချို့က အတိတ်ဘဝ မယုံတာ ရှိတယ်၊ အနာဂတ်ဘဝ မယုံတာ ရှိတယ်၊ ဘဝကို မယုံတဲ့ ပုဂ္ဂိုလ်တွေက ပဋိစ္စသမုပ္ပါဒ်ကို ဒီဘဝနဲ့သာ သက်ဆိုင်တယ်လို့ ဒီလိုပြောတယ်။

ထိုင်းနိုင်ငံက ဘုန်းကြီးတစ်ပါးရေးထားတဲ့ စာအုပ်တစ်အုပ်မှာ ဆိုထားတယ်၊ ရှင်မဟာဗုဒ္ဓဃောသရေးတာတွေ မှားတယ်ဆိုပြီး ဝေဖန်ရေးထားတာတွေ ရှိတယ်၊ သူက ပဋိစ္စသမုပ္ပါဒ်က ဒီဘဝနဲ့သာ သက်ဆိုင်တယ်၊ နောင်ဘဝနဲ့ မဆိုင်ဘူး၊ အဲဒီလို ဆိုလို့ရှိရင် ပဋိစ္စသမုပ္ပါဒ်က ဒီဘဝနဲ့သာ သက်ဆိုင်တယ်၊ အတိတ်နဲ့လည်း မဆိုင်ဘူး၊ အနာဂတ်နဲ့လည်း မဆိုင်ဘူး၊ သံသရာက ပြတ်နေတာပေါ့။

မြတ်စွာဘုရားဟောလိုတာက ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းအကျိုးဆက်နွယ်ပြီးတော့ သံသရာလည်နေပုံကို ဟောတာ၊ အကြောင်းတရားတွေကို ပြောချင်တာ၊ ဒါကြောင့်မို့ အဝိဇ္ဇာနဲ့ သင်္ခါရဟာ အတိတ်နဲ့ ပတ်သက်တယ်လို့ ဒီလိုဟောပြီးတော့ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ - ဒါတွေက ပစ္စုပ္ပန်ဘဝနဲ့ သက်ဆိုင်တယ်၊ ဇာတိကျတော့ အနာဂတ်နဲ့ သက်ဆိုင်တယ်လို့ ဒီလိုသွားတာ။

http://www.dhammadownload.com



အဲဒီလို သွားတော့ သုံးဘဝကို ရှင်းပြမှ သံသရာဆိုတာ ရှိတယ်၊ နို့မို့ဆိုရင် သံသရာမရှိဘူးဆိုတဲ့ အဓိပ္ပါယ် ရောက်သွားမယ်၊ ဒီအကြောင်းအကျိုးတွေ ဆက်စပ်နေသည့်အတွက်ကြောင့် သံသရာထဲမှာ ဒုက္ခကြီးဟာ ဆက်နေဦးမှာပဲလို့ဆိုတဲ့ အဓိပ္ပါယ်ကို ရှင်းပြတယ်၊ နိဂုံးမှာ **"ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော"** ဆိုပြီးတော့ ဟောတာ၊ ဒုက္ခလို့ နာမည်ပေးထားတဲ့ ဘဝကြီးဟာ ဟောဒီအကြောင်းတွေ ဆက်စပ်ပြီးတော့ ဖြစ်ပေါ်နေသည့်အတွက်ကြောင့် စဉ်ဆက်မပြတ် ဒီဒုက္ခကြီးဟာ ဖြစ်ပေါ်နေဦးမှာပဲတဲ့၊ အဲဒါကို ပြတ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကိုလည်းပဲ မြတ်စွာဘုရားက နည်းပေးထားတယ်၊ **"အဝိဇ္ဇာယတွေဝ အသေသဝိရာဂ နိရောဓာ"**ပဋိလောမပဋိစ္စသမုပ္ပါဒ်မှာ ဟောတယ်။

အဝိဇ္ဇာကို **"အသေသဝိရာဂ နိရောဓ"** ဆိုတာ ဝိရာဂဆိုတာ ဒီနေရာမှာ မဂ်ကို ပြောတာ၊ အဲဒီမဂ်စိတ်နဲ့ အကြွင်းအကျန်မရှိအောင် အဝိဇ္ဇာကို ဖြတ်လိုက်နိုင်ပြီဆိုရင် အဝိဇ္ဇာ မရှိတော့ဘူး၊ အဝိဇ္ဇာ မရှိရင် သင်္ခါရ မရှိနိုင်ဘူး၊ သင်္ခါရ မရှိရင် ဝိညာဏ မရှိတော့ဘူး၊ ဝိညာဏ မရှိရင် နာမရူပ မလာတော့ဘူး၊ နာမရူပမှ မရှိရင် သဠာယတနဆိုတာ မလာဘူး၊ သဠာယတနမှ မရှိရင် ဖဿ မလာဘူး၊ ဝေဒနာ မလာဘူး၊ တဏှာ မလာဘူး၊ ဉပါဒါန် မလာဘူး၊ ဘဝဆိုတာ မလာဘူးဆိုတာ အားလုံးဟာ စဉ်ဆက်ပြတ်သွားတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ရှင်းပြတယ်နော်။

အဲဒီလို မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်ကို အတိတ်ရယ် အနာဂတ်ရယ် ပစ္စုပ္ပန်ရယ် ကြောင်းကျိုးစဉ်ဆက်ဖြစ်ပေါ်နေမှုတွေကို ရှင်းပြတယ်၊ ဒီတော့ ဘုရားဟောတဲ့ တရားပေမယ့်လို့ အယူ

http://www.dhammadownload.com



အဆလွဲသွားလို့ မှားယွင်းတဲ့အမြင်တစ်ခုဟာ ဖြစ်ပေါ်လာရင် အတော်မှ အန္တရာယ်ကြီးတယ်ပေ့ါ၊ မြတ်စွာဘုရားလက်ထက်က လည်းပဲ မှားယွင်းတဲ့အယူရှိတဲ့ပုဂ္ဂိုလ်တွေက ဘုရားဟောတာလို့ပဲ ထောက်ပြကြတာပဲ၊ သာတိရဟန်းတို့ဆိုရင် ဘုရားဟောတဲ့တရား သူနားလည်တဲ့အတိုင်း ပြောရမယ်ဆိုရင်တဲ့ "ဟောဒီဝိညာဏ်လေး သည်ပင် တစ်ဘဝကနေ တစ်ဘဝ ကူးနေတာ"လို့ ဒီလိုပြောတာပဲ။

## တရားမြှနဲ့ ပတ်သက်တဲ့ အယူအဆ

ဒါကြောင့် တရားတွေ ဖတ်ရင်း ဖတ်ရင်းက နေပြီးတော့ မိစ္ဆာဒိဋ္ဌိ ဖြစ်တတ်သေးတယ်ဆိုတာ သတိထားဖို့ပဲ၊ အယူအဆ မတတ်ဘူးဆိုရင် မှားယွင်းတဲ့အတွေးအခေါ်တစ်ခု ဝင်သွားတတ်တယ်၊ ဝင်သွားရင် မိစ္ဆာဒိဋ္ဌိ မှားယွင်းတဲ့အမြင် ဖြစ်တတ်တယ်၊ ဥပမာ - ပဋိစ္စသမုပ္ပါဒ်ကို သုံးဘဝနဲ့ မပတ်သက်ဘူး၊ တစ်ဘဝ တည်းသာ ဟောတာလို့ ဒီအယူအဆကိုတင်ပြရင် မိစ္ဆာဒိဋ္ဌိ ဖြစ် သွားမယ်၊ အဲဒါမျိုးက မြတ်စွာဘုရားကို စွပ်စွဲရာလည်း ရောက် တယ်၊ အဲဒါကြောင့် တရားမြှနဲ့ ပတ်သက်ပြီး အလွန်သတိထားရ မယ်၊ မှားမှားယွင်းယွင်းတွေ မဖြစ်စေချင်ဘူး၊ ကိုယ့်အယူအဆ အတွေးအခေါ်တွေက မှားယွင်းသွားတတ်တယ်၊ အဲဒီမှားယွင်းမှု မဖြစ်စေဖို့ ဘက်စုံကြည့်တတ်ရတယ်။

အေး ကောင်းပြီ - **"ဥပါဒါနပစ္စယာ ဘဝေါ"** ဆိုတာ ဒီ နေရာမှာ ယုတ္တိလည်း ရှိတယ်၊သဘာဝလည်း ကျတယ်၊ လူတွေဟာ ဥပါဒါန်စွဲလမ်းမှုကြောင့် ဘဝမှာ တွေးကြတယ်၊ ကြံကြတယ်၊ ပြော ကြတယ်၊ ဆိုကြတယ်၊ ကံတရားတွေ လုပ်နေကြတယ်၊ အဲဒီကံ

http://www.dhammadownload.com



တရားတွေ လုပ်နေခြင်းသည်ပင်လျှင် နောင်ဘဝဖြစ်ဖို့ရာအတွက် **“ဘဝပစ္စယာ ဇာတိ”** ဖြစ်တော့မှာပေါ့။ အခုဘဝ လူတိုင်းလူတိုင်း ဟာ အိပ်ချည်းနေတာမှ မဟုတ်တာဘဲ၊ အချိန်မရွေး ဘာတွေ ဖြစ် နေတာတုန်းလို့ မေးလို့ရှိရင် လူတွေရဲ့သန္တာန်မှာ ကံတရားတွေ ဖြစ် နေတာပဲ၊ အဲဒါ accumulation ကံတရားတွေဟာ လူတွေရဲ့စိတ် ထဲမှာ စုမိဆောင်းမိ ဖြစ်လာတယ်။

## ပုထုဇဉ်တို့၏ အတွေး

ကြည့်လေ - မနက်မိုးလင်းတဲ့ အချိန်ကစပြီး မျက်လုံးလေး နှစ်လုံးဖွင့် အိပ်ယာက နိုးလိုက်တာနဲ့ တွေးပြီ၊ အဲဒီတော့ ကိုယ့် ကိုယ်ကိုလည်း ဆန်းစစ်ကြည့်- “ငါတွေးတဲ့အတွေးဟာ အကောင်း တွေးလား၊ အဆိုးတွေးလား” ဆန်းစစ်ဖို့ လိုတယ်ပေါ့၊ ဘာက စ, တွေးတာတုန်းလို့ ကိုယ့်ကိုယ်ကို မေးကြည့်လိုက်ပေါ့၊ မနက်မိုးလင်း ရင် ဘာက စ,တွေးလဲ၊ အဲဒီအတွေးဟာ လောဘနဲ့ တွေးသလား၊ ဒေါသနဲ့ တွေးသလား၊ မောဟနဲ့ တွေးသလား၊ မာန်မာနတွေနဲ့ တွေး သလားလို့ ဆိုတဲ့ အတွေးတွေကို ဆန်းစစ်ကြည့်လိုက်တဲ့အခါ လောဘ ဒေါသ မောဟ စတဲ့ ကိလေသာတွေနဲ့ တွေးပြီဆိုလို့ရှိရင် ဒါက အကုသိုလ်ဖြစ်တာပဲ၊ အလောဘ အဒေါသ အမောဟဆိုတဲ့ ကုသိုလ်စိတ်တွေနဲ့ တွေးတဲ့အခါ ကုသိုလ်ဖြစ်တာပေါ့။

သတ္တဝါတွေဟာ များသောအားဖြင့် နိုးလာတဲ့အချိန်က စပြီး တော့ တွေးလိုက်တာ ညအိပ်ယာဝင်တဲ့အထိပဲ၊ အိပ်ပျော်သွားမှ ရပ်သွားတယ်၊ အဲဒီတွေးသမျှ အတွေးတွေဟာ ကုသိုလ်ရင်လည်း ဖြစ်မယ်၊ အကုသိုလ်ရင်လည်း ဖြစ်မယ်၊ ဒီနှစ်ခုက ရှောင်တိမ်းလို့

http://www.dhammadownload.com



ရရဲ့လား၊ မရဘူး၊ ကိုယ်တွေးနေတဲ့ အတွေးသည် ကုသိုလ်တွေး တာတွေလည်း ဖြစ်မယ်၊ အကုသိုလ်တွေးတာတွေလည်း ဖြစ်မယ်။

## ရဟန္တာတို့၏ အတွေး

ဒါဖြင့် ရဟန္တာပုဂ္ဂိုလ်တွေလည်း မတွေးဘူးလား ဆိုတော့ တွေးတယ်၊ သို့သော် ရဟန္တာပုဂ္ဂိုလ်တွေက လောဘနဲ့ မတွေးဘူး၊ ဒေါသနဲ့ မတွေးဘူး၊ မောဟနဲ့ မတွေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ လောဘ ဒေါသ မောဟတွေက သူတို့သန္တာန်မှာ မရှိတော့ဘူး၊ **positive** မဟုတ်ဘူး၊ **negative** ဖြစ်သွားပြီ၊ လောဘ ဒေါသ မောဟဆိုတာက လုံးဝချုပ်ငြိမ်းသွားပြီ၊ ချုပ်ငြိမ်းသွားသည့်အတွက် ကြောင့် သူတို့တွေးသမျှ အတွေးသည် အလောဘနဲ့ တွေးရင် တွေးမယ်၊ အဒေါသနဲ့ တွေးရင် တွေးမယ်၊ အမောဟနဲ့ တွေးရင် တွေးမယ်၊ ဒါမျိုးနဲ့ပဲ တွေးလို့ ရတော့တာပေါ့။

## ရဟန္တာတို့ ပြုသမျှသည် ကံမမြောက်

ဒီတော့ သူတို့တွေးတဲ့ အလောဘ အဒေါသ အမောဟ ဆိုတဲ့ အတွေးတွေက ကံဖြစ်သလားလို့ဆိုတော့ ကံမဖြစ်ဘူး၊ ဘာ ဖြစ်လို့တုန်းဆိုရင် ကံရဲ့အဖော်သဟဲ အဓိကအကြောင်းတရားတွေ, ကံအကျိုးပေးဖို့ အဓိကအကြောင်းတရားတွေက ကိလေသာတွေ ဖြစ်တယ်၊ ကိလေသာတွေကမှ ကံဖြစ်ဖို့ရာအတွက် အားပေး တယ်။

**“အဝိဇ္ဇာပစ္စယာ သင်္ခါရာ”** မှာ အဝိဇ္ဇာဆိုတာ ကိလေသာ၊ **“ဥပါဒါနပစ္စယာ ဘဝေါ”**မှာ တဏှာတို့ ဥပါဒါန်တို့ဆိုတာ ကိလေသာ

http://www.dhammadownload.com



တွေလေ၊ အဲဒါတွေနဲ့လာမှ ကံဆိုတာ လာတာ၊ ရဟန္တာတွေရဲ့ သန္တာန်မှာ ကိလေသာတွေ အမြစ်ပြတ်နေသည့်အတွက်ကြောင့် သူတို့တွေးတဲ့အတွေးဟာ သန့်ရှင်းတဲ့အတွေးမျှသာ ဖြစ်တယ်၊ ကံ မျိုးစေ့ မပါဘူး၊ ဒါကြောင့်မို့ "ကြိယာ"လို့ ခေါ်တာနော်၊ ကြိယာ ဆိုတာ ပြုခြင်းသက်သက်ပဲ။

ဘာနဲ့ ဥပမာတူတုန်းဆိုလို့ရှိရင် သရက်ပင်ကြီးတစ်ပင် အပွင့်တွေ ပွင့်နေတယ်၊ ပွင့်နေတဲ့အချိန်မှာ ရေသောက်မြစ်ကို ဖြတ်လိုက်မယ်လို့ ဆိုလို့ရှိရင် အဲဒီသရက်ပင်က အပွင့်တွေကနေ အသီးသီးဦးမလား၊ ရေသောက်မြစ်နဲ့ အလားသဏ္ဌာန်တူတဲ့ ကိလေသာတွေကို ဖယ်လိုက်တဲ့ ရဟန္တာပုဂ္ဂိုလ်ရဲ့စိတ်က ဖြစ်ပေါ် လာတဲ့ နေ့စဉ်ပြောနေတဲ့ လှုပ်ရှားမှုတွေဟာ ဒီအဖူးအပွင့်တွေ ဖြစ် သွားပြီ၊ အဖူးအပွင့်တွေ ဖြစ်ရာကနေ အသီးဆိုတာ မလာတော့ ဘူးပေါ့၊ ဒီလို ဆိုလိုတာပေါ့။

ရဟန္တာပုဂ္ဂိုလ်တွေလုပ်သမျှ အကုသိုလ် မလုပ်ဘူး၊ ကုသိုလ် တွေတော့ လုပ်တယ်၊ ရှင်သာရိပုတ္တရာ တရားဟောတယ်၊ မကျန်းမာ တဲ့ပုဂ္ဂိုလ်တွေကို ပြုစုစောင့်ရှောက်တယ်၊ ကျန်တဲ့ရဟန္တာပုဂ္ဂိုလ် တွေလည်း ကောင်းတဲ့အလုပ်တွေကို လုပ်ကြတယ်၊ အဲဒါတွေဟာ သာမန်ကြည့်ရင် ကုသိုလ်လို့ ပြောရမယ်၊ သို့သော် ကုသိုလ်လား ဆိုတော့ မဟုတ်တော့ဘူး၊ ကြိယာ - ပြုကာမျှပဲဆိုတဲ့အဓိပ္ပါယ် ရ သွားတယ်၊ အဲဒါ ဘာ့ကြောင့် ဒီလိုခေါ်ရလဲဆိုလို့ရှိရင် ကံကို ဆက်စပ်ပေးနိုင်မယ့် ကိလေသာတွေ မရှိတော့လို့ - ဒီလိုပြောရ မယ်၊ အေး ဒါကြောင့်မို့လို့ ကိလေသာနဲ့တွဲဖက်မှ ကံဆိုတာက ဖြစ်

http://www.dhammadownload.com



တာဖြစ်လို့ ရဟန္တာပုဂ္ဂိုလ်တွေအားလုံး တွေးသမျှဟာ အပြစ်ကင်းတဲ့ တွေးတောမှုတွေသာ ဖြစ်တယ်။

## ပုထုဇဉ်တို့ ပြုသမျှသည် ကံမြောက်၏

ပုထုဇဉ်တွေကျတော့ တွေးသမျှတွေမှာ အပြစ်မကင်းတာက ပိုများတာပေါ့၊ အေး တွေးတာက အပြစ်မကင်းဘူးဆိုရင် ပြောတာ အပြစ်ကင်းနိုင်ပါ့မလား၊ မကင်းနိုင်ဘူး၊ ပြောတာက အပြစ်မကင်းဘူးဆိုရင် လုပ်တာလည်း အပြစ်မကင်းနိုင်တော့ဘူးပေါ့၊ ဒီတော့ ကိုယ့်ရဲ့လှုပ်ရှားမှု ကိုယ့်ရဲ့ပြောဆိုမှုတွေဟာလည်းပဲ အကုသိုလ်ဝစီကံ အကုသိုလ်ကာယကံတွေ ဒီလိုဖြစ်လာတတ်တယ်၊ ဒီဘဝမှာ ကံတွေဟာ ကိုယ့်သန္တာန်မှာ accumulate စုမိဆောင်းမိတွေ ဖြစ်လာတယ်၊ စုမိဆောင်းမိတယ်ဆိုတာ အသီးသီးလာတာပဲ၊ အသီးလေးက သီးသီးချင်းတော့ သူက အားမရှိသေးဘူးပေါ့၊ အချိန်တန်လို့ ရင့်ကျက်လာပြီဆိုရင် အစေ့ကလေးထွက်လာပြီး နောက်အပင်ပေါက်ဖို့ အဆင်သင့်ဖြစ်လာပြီ၊ ကံရဲ့သဘောက အဲဒီအတိုင်းပဲပေါ့၊ မျိုးစေ့လေးတွေနဲ့ အလားသဏ္ဌာန် တူတယ်၊ အပင်ပေါက်ဖို့ အနေအထားမျိုး ရင့်ကျက်ပြီးတော့ လာပြီဆိုရင် သူက မျိုးစေ့တစ်ခုကို ထုတ်လုပ်တယ်။

အေး ဒါကြောင့်မို့ ဒီမှာ **"ဥပါဒါနပစ္စယာ ဘဝေါ"** နေ့စဉ်နှင့်အမျှ ဘုန်းကြီးတို့တစ်တွေရဲ့သန္တာန်မှာ ကံတရားတွေ စုမိဆောင်းမိနေတယ်၊ ပစ္စုပ္ပန်ဘဝမှာ ကံတရားတွေ စုမိဆောင်းမိဖြစ်နေခြင်းသည် နောင်ဘဝတစ်ခုအတွက် စုဆောင်းနေတာနဲ့ အလားတူတယ်၊ ယခုနှစ်မှာ သရက်ပင်ကြီးက သရက်သီးတွေ သီးနေ

http://www.dhammadownload.com



တယ်၊ အဲဒီသရက်သီးတွေ ရင့်လာပြီးတော့ ဒီနှစ်သရက်စေ့လေးက နောင်နှစ်ခါကျတော့ အပင်ပေါက်ဖို့အတွက် ဖြစ်နေတယ်ပေါ့၊ ဒီလို ဆိုလိုတာ၊ အခုဘဝပြုထားတဲ့ ကံတရားတွေက နောက်ဘဝတွေအတွက် ဒါ မျိုးဆက်အသစ်တွေ ဖြစ်လာပြန်တယ်ပေါ့၊ အဲဒီလိုနဲ့ ကံတရားတွေဟာ ဘုန်းကြီးတို့တစ်တွေရဲ့သန္တာန်မှာ အများကြီး ဖြစ်လာကြတယ်။

## "ကိလေသနိရောဓာ ကမ္မနိရောဓော"

အဲဒီတော့ အများကြီးဖြစ်လာတဲ့ ဒီကံတွေ မကုန်ဘဲနဲ့ သံသရာဝဋ်က ဘယ်လိုလုပ်လွတ်နိုင်မလဲဆိုတော့ ကံကို ကုန်အောင် လုပ်လို့ မရဘူး၊ ကံဆိုတာ လုပ်ပြီးသွားပြီလေ၊ လုပ်ပြီးသွားတဲ့ အရာတစ်ခုကို သွားဖျက်ဆီးလို့ ဘယ်ရတော့မလဲ၊ ပြီးနေပြီပဲ၊ ပြီးနေတဲ့အခါကျတော့ တကယ်က အဲဒီကံတွေ အကျိုးပေးလို့ မရအောင် ဘာလုပ်ရမတုန်းဆိုတော့ ကိလေသာကိုပဲ ပယ်ရတယ်၊ မသိတာ သိအောင် လုပ်ရမယ်၊ တွယ်တာတာတွေကို ဖြုတ်ရမယ်၊ ဒေါသတွေကို မေတ္တာနဲ့ ဖလှယ်ရမယ်ပေါ့၊ အဲဒီတော့ လောဘ ဒေါသ မောဟတွေကို ဖယ်ရှားပစ်ခြင်းဟာ ကံအသစ်တွေ မဖြစ်ဖို့၊ ကံတွေအကျိုးပေးဖို့ အခွင့်အလမ်း မရှိအောင် လုပ်တာနဲ့ တူတူပဲပေါ့။

ဒါကြောင့်မို့လို့ တရားဓမ္မ နာနေတဲ့အချိန်မှာ လောဘတွေ မဖြစ်ဘူး၊ ဒေါသတွေ မဖြစ်ဘူး၊ မောဟတွေ မဖြစ်ဘူး ဆိုလို့ရှိရင် ဒီတရားနာခြင်းသည် လောဘ ဒေါသ မောဟတွေကို ဖယ်ရှားနေတဲ့သဘောပဲပေါ့၊ အဲဒီဖယ်ရှားနေတဲ့ သဘောလေးဟာ အခုချိန်မှာ

http://www.dhammadownload.com



အကုသိုလ်ကံတွေ ကိလေသာတွေ မဖြစ်သည့်အတွက်ကြောင့် ကံ အကျိုးပေးမှုတွေကို အားပျော့သွားအောင် လုပ်နေတာနဲ့ တူတယ်၊ ဒီလို ဆိုလိုတာပေါ့နော်၊ နည်းလမ်းက ဒါပဲ၊ ကံကို ပယ်ရမှာ မဟုတ်ဘူး၊ ပယ်ရမှာက ကိလေသာ။

ဆိုပါစို့ - **"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"** မှာ အဝိဇ္ဇာကို ဖယ်ရမှာ၊ သင်္ခါရကို ဖယ်လို့ မရဘူး၊ အဝိဇ္ဇာကို ဖယ်လိုက်တာနဲ့ တစ်ပြိုင်နက် သင်္ခါရကလည်း ဖယ်ပြီးသား ဖြစ်သွားတာပဲ၊ တဏှာ, ဥပါဒါန်, ဘဝဆိုတဲ့နေရာမှာလည်းပဲ တဏှာနဲ့ ဥပါဒါန်ကို ဖယ်ရမှာ၊ တဏှာနဲ့ ဥပါဒါန်ကို ဖယ်လိုက်တာနဲ့ တစ်ပြိုင်နက် ကမ္မဘဝဆိုတာက လည်းပဲ အကျိုးပေးလို့ မရတော့ဘူးပေါ့၊ ဒါကြောင့်မို့ **"ကိလေသာနိရောဓာ ကမ္မနိရောဓော"** တဲ့၊ "ကိလေသာချုပ်သွားလို့ရှိရင် ကံတရားတွေလည်း ချုပ်တာပါပဲ" တဲ့။

## "ကံကုန်တယ်" ဟူသည်?

သို့သော် တစ်ခါတစ်ရံ "ကံကုန်တယ်" လို့ ပြောကြတယ်၊ ကံကုန်တာကတော့ "တစ်ဘဝ သေသွားတာ"ကို "ကံကုန်တယ်"လို့ ပြောကြတာနဲ့ တူပါတယ်၊ သို့သော် **"ကမ္မက္ခယ"** "ကံကုန်တယ်" ဆိုတဲ့စကားလုံးကို တစ်ခါတစ်ရံမှာ ကံတွေကို ကုန်စေတတ်တယ် ဆိုတာ အရဟတ္တမဂ်ကို ရည်စူးပြီးတော့ ဟောတာ၊ သို့သော် အများဆုံးကတော့ **အာသဝက္ခယ** လို့ ပြောတာနော်၊ အာသဝလို့ ဆိုတာကို ကြည့်လိုက်ရင် အာသဝဆိုတာ ကိလေသာတွေပဲပေါ့၊ အာသဝတွေကုန်မှ ကံဆိုတာ ကုန်မှာ ဖြစ်တယ်။

http://www.dhammadownload.com



ဒါ့ကြောင့်မို့လို့ တကယ်ကုန်အောင် လုပ်ရမှာက ကံမဟုတ်ဘူး၊ ဘာကို ကုန်အောင် လုပ်ရမှာလဲ? ကိလေသာကို ကုန်အောင်လုပ်ရမှာ၊ အဲဒီတော့ မဂ်က ကိလေသာကို ပယ်တာပဲ၊ သို့သော်တစ်ခါတစ်ရံ ကံကို ပယ်တယ်လို့ ပြောတဲ့စကားလည်း ရှိတယ်၊ ရှိပေမယ့်လို့ အဓိကတိုက်ရိုက်ပြောမယ်ဆိုရင် ကိလေသာကို ပယ်ရမယ်၊ ကိလေသာကို ပယ်လိုက်တာနဲ့ တစ်ပြိုင်နက် ကံတရားတွေဟာ အကျိုးပေးခွင့် မရတော့ဘူး။

အချိန်လွန်သွားတဲ့ ကံတွေကလည်း သူ့ဖာသာသူ expire ဖြစ်သွားတယ်၊ အချိန်မလွန်သေးတဲ့ ကံကလည်း အကျိုးပေးစရာမရှိတော့ဘူး၊ ပေးလို့ မရတော့တဲ့ အနေအထားမျိုး ရောက်သွားတယ်၊ တစ်ဘက်က ပြောမယ်ဆိုရင် ကိလေသာကုန်ရင် ကံလည်းကုန်သွားတယ်လို့ပဲ ပြောရမှာပေါ့၊ ဒီလိုဆိုလိုတယ်ပေါ့။

အေး ကောင်းပြီ၊ နေ့စဉ်နှင့်အမျှ ဥပါဒါန်တွေကို အကြောင်းပြုပြီး ကမ္မဘဝတွေ ဖြစ်နေကြတယ်၊ အဲဒီအတိတ်က ကမ္မဘဝတွေကြောင့် ဥပပတ္တိဘဝတွေ ရနေကြတယ်၊ ဥပပတ္တိဘဝကို အခြေခံပြီးတော့ ကမ္မဘဝတွေထပ် ဖြစ်ကြပြန်တယ်၊ ဒါ လက်ရှိအနေအထားက ဒီလိုဖြစ်နေကြတယ်။

## ဥပါဒါန်ကြောင့် ဘဝဖြစ်ပုံ

ကဲ ကောင်းပြီ- **"ဥပါဒါနပစ္စယာ ဘဝေါ"** "ဥပါဒါန်ကြောင့်ဘဝဖြစ်တယ်" လို့ ဆိုတော့ ဘယ်လိုဖြစ်သလဲ၊ ကာမအစွဲအလမ်းကြောင့် ဘဝဖြစ်တယ်ဆိုရင် **ကာမုပါဒါန**၊ ဘုန်းကြီးတို့တစ်တွေနေ့စဉ်နှင့်အမျှ လူတွေဟာလုပ်ကိုင်ဆောင်ရွက်နေကြတယ်၊ ဘယ်သူ

http://www.dhammadownload.com



ပဲဖြစ်ဖြစ် ဘာလို့လုပ်နေကြတာတုန်းဆိုရင် ချမ်းသာချင်လို့ လုပ်နေကြတာချည်းပဲ။

တခြားဘာသာဝင်တွေ - ဥပမာမယ် သူတို့ဘာသာရဲ့ဓလေ့ထုံးတမ်းစဉ်လာ သတ္တဝါတွေကို သတ်တယ် ဖြတ်တယ် ဆိုတာက ဘာလုပ်ဖို့လဲဆိုတော့ ချမ်းသာချင်လို့ လုပ်တာ၊ ချမ်းသာဖို့ ဆိုတဲ့ ကာမကို တောင့်တပြီးတော့ အဲဒါကို စွဲလမ်းပြီးတော့ အလုပ်တစ်ခု လုပ်နေကြတာပဲ မဟုတ်ဘူးလား။

လောက လူတွေဟာ ဒီနှစ်သက်စရာအာရုံတွေပေါ်မှာ စွဲလမ်းမှုကို အခြေခံပြီးတော့ ကောင်းတာတွေလည်း လုပ်တယ်၊ ဆိုးတာတွေလည်း လုပ်တယ်၊ ဟော **"ဥပါဒါနပစ္စယာ ဘဝေါ"** ပဲ၊ ကံတွေ ဖြစ်နေတာ ကြည့်။

ဒီထဲမှာ အတွေးလေးတွေက ဝင်လာသေးတယ်၊ မှားယွင်းတဲ့အမြင်ကလေးနဲ့ လုပ်တာ ရှိတယ်၊ ခွေးလိုကျင့် နွားလိုကျင့်တယ်၊ "ဒီအကျင့်တွေ ဆောက်တည်ပြီးတော့ ကျင့်မယ်ဆိုရင် ဒီထက်ကောင်းတဲ့ဘဝ ငါရမှာ" ဆိုလို့ရှိရင် ဒါ**သီလဗ္ဗတုပါဒါန်**ကို အခြေခံပြီးတော့ **ကမ္မဘဝ**တွေ ဖြစ်လာတယ်၊ ဘဝတစ်ခုရအောင် လုပ်တာ။

ဒီဘဝမှာ ဒါနကောင်းမှုတွေ လုပ်တယ်၊ သီလတွေ ဆောက်တည်တယ်၊ ဘာဖြစ်ချင်လို့လဲ၊ နောင်ဘဝ နတ်ပြည်မှာ ရွှေဗိမာန်ကြီးနဲ့ နတ်သမီးသွားဖြစ်မယ်၊ နတ်သားသွားဖြစ်မယ် စသည်ဖြင့် ဒီထက် ပြည့်စုံချမ်းသာတဲ့ ဘဝကြီးတစ်ခုကို မျှော်လင့်တောင့်တတယ်၊ မျှော်လင့်တောင့်တပြီးတော့ စွဲလမ်းနေတာက **ကာမုပါဒါန်**၊ လုပ်သမျှကုသိုလ်ကံတွေက **ကမ္မဘဝ**၊ အဲဒီကမ္မဘဝ

http://www.dhammadownload.com



ကြောင့် နောင်ဘဝရလာတာက **ဥပပတ္တိဘဝ**တဲ့- ဒီလိုဖြစ်လာတာ နော်။

ဒီတော့ ပုထုဇဉ်ဆိုတာ **"ပုထုဇ္ဇနော ဥမ္မတ္တကော"** တဲ့၊ "ပုထုဇဉ်ဆိုတာ အရူးပဲ" လို့ ပြောတာ၊ ပုထုဇဉ်ကလည်း ရူးတဲ့လူကို အရူးလို့ ပြောသေးတာ၊ အရိယာသူတော်စင်တွေအမြင်နဲ့ ကြည့်မယ်ဆိုရင် တကယ်ကတော့ ပုထုဇဉ်ဟာ အရူးပဲ၊ မကောင်းတာကို အကောင်းထင်နေတာ၊ မဟုတ်တာကို အဟုတ်ထင်နေကြတာ၊ ကြည့် - ကာမဂုဏ်အာရုံတွေပေါ်မှာ တွယ်တာမှုကို အကြောင်းပြုပြီး လုပ်ချင်ရာတွေ လုပ်နေတယ်၊ လုပ်ချင်ရာ လုပ်လို့ ငရဲကျသွားတယ်၊ ကောင်းတာတွေ လုပ်တဲ့အခါ ကောင်းတဲ့ဘုံဘဝရောက်သွားတယ်၊ တရားကျင့်တဲ့လူကလည်း ဒီထက်ကောင်းတဲ့ဘဝရချင်လို့ တရားကျင့်တယ်၊ ရူပဘုံရောက်ရောက်, အရူပဘုံရောက်ရောက် ဘယ်ဘုံပဲ ရောက်ရောက်၊ **"ဥပါဒါနပစ္စယာ ဘဝေါ"** ပဲ၊ ဒီထဲကနေ သွားတာချည်းပဲ အကုန်လုံးနော်၊ အယူအဆ မှားယွင်းမှုကို အခြေခံပြီးတော့ လုပ်လို့ရှိရင် ဘဝဆိုတာ ဖြစ်လာတာပဲ။

အတ္တဆိုတာ သေရင်တော့ ပြတ်တာပဲ၊ အဲဒီတော့ ပြတ်တဲ့အခါ ဘယ်ဘုံမှာပြတ်ရင် ပိုကောင်းသလဲဆိုတဲ့ အယူအဆတစ်ခု၊ သေရင်တော့ ကောင်းကင်ဘုံကို ရောက်မှာပဲ၊ ကောင်းကင်ဘုံကျတော့ ထာဝရနေရမှာပဲ၊ ထာဝရကောင်းကင်ဘုံကြီးကို ရောက်မှာပဲ ဆိုတဲ့ အယူအဆတစ်ခုနဲ့ ကောင်းတာတွေကို လုပ်မယ် ဆိုလို့ရှိရင် မှားယွင်းတဲ့ အယူအဆတစ်ရပ်ကို အခြေခံပြီး လုပ်တာပဲ၊ အဲဒါလည်း **"ဥပါဒါနပစ္စယာ ဘဝေါ"** ပဲ၊ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ်

http://www.dhammadownload.com



ဒီထဲက လွတ်မသွားဘူး၊ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် **“ဥပါဒါန-ပစ္စယာ ဘဝေါ”** ထဲမှာ ပါတယ်။

**ဓမ္မပဒဝတ္ထု**

ကောင်းပြီ- လောကမှာ ထူးဆန်းတာလေးတွေကို စဉ်းစားကြည့်လို့ ရတယ်၊ ဥပါဒါန်အခြေခံပြီးတော့ ဘဝတွေ ရကြတယ်ဆိုတာ ဟုတ်တယ်၊ လူ့ရဲ့ဆန္ဒဆိုတာ အမျိုးမျိုးရှိတယ်၊ ဓမ္မပဒထဲမှာလာတဲ့ **ကာဠိယက္ခိနီဝတ္ထု** တို့ဘာတို့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် တစ်ယောက်နဲ့ တစ်ယောက် မုန်းတီးမှုအာဃာတကို အကြောင်းပြုပြီး “နောင်ဘဝကျ နင့်ကို ငါ ဂလဲ့စားချေ ရပါလို၏၊ နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ရပါလို၏” ဆိုတဲ့ဆုတောင်းမှုတွေနဲ့ သွားတာရော မရှိဘူးလား၊ ရှိတယ်၊ အဲဒါလည်း **“ဥပါဒါနပစ္စယာ ဘဝေါ”** ထဲမှာ ပါတာပဲ။

ကံတစ်ခုကို လုပ်ပြီဆိုကတည်းက ဥပါဒါန်ကို အခြေခံတာပဲ၊ လုပ်ပြီးတဲ့အခါ အဲဒီထဲမှာ ပါဝင်လာတာတွေက ဘာတုန်းဆို **စေတနာတို့ ပတ္ထနာတို့** ဖြစ်တယ်၊ ဦးတည်ချက်ကလေးတွေ ရှိလာတယ်။

သာဝတ္ထိပြည်က အမျိုးသမီးနှစ်ဦးဆိုရင် အိမ်ထောင်ဖက်အတူတူဖြစ်ကြပြီးတော့ ရန်ဘက်ဖြစ်သွားကြတယ်၊ အဲဒီလိုရန်ဘက်ဖြစ်သွားကြပြီးတော့ ဂလဲ့စားချေကြတာ ကြောင်ဘဝရောက်သွားလိုက်, ကြက်ဘဝရောက်သွားလိုက်, သမင်ဘဝရောက်လိုက်, ကျားဘဝရောက်လိုက်နဲ့ နောက်ဆုံး လူ့ဘဝနဲ့ ဘီလူးမဘဝမှာ ဘုရားနဲ့တွေ့လို့ အဆုံးသတ်သွားကြတာ၊ နို့မို့ သူတို့ရန်ငြိုးက အပြန်

http://www.dhammadownload.com



အလှန် ဂလဲ့စားချေနေကြတာ၊ အဲဒီအနေအထားမျိုးတွေ ဖြစ်တယ် ပေါ့၊ အဲဒါတွေဟာ လည်း **"ဥပါဒါနပစ္စယာ ဘဝေါ"** ပဲ။

အစွဲအလမ်းဆိုတာက အင်မတန်မှ ကြောက်စရာကောင်း တယ်၊ နိကန္တိဆိုတဲ့ တဏှာဟာ ကံကြီးတစ်ခုလုံးကိုတောင် အဆုံး အဖြတ်ပေးနိုင်တဲ့ အလားအလာ ရှိတယ်။

## ဗိမ္ဗိသာရမင်းကြီး၏ အစွဲ

ဥပမာလေးတစ်ခု ကြည့်ရအောင်၊ မြတ်စွာဘုရား ရာဇဂြိုဟ် ပြည် ပထမဆုံးကြွကြွခြင်း ခရီးဦးကြိုဆိုပြီး သောတာပန်ဖြစ်သွားတဲ့ ဗိမ္ဗိသာရမင်းကြီး၊ ဗိမ္ဗိသာရမင်းကြီးဟာ နောက်ဆုံးမှာ ထောင်သွင်း အကျဉ်းချပြီးတော့ အသတ်ခံလိုက်ရတယ်၊ အသတ်ခံလိုက်ရတော့ ဘယ်ရောက်သွားလဲဆို စတုမဟာရာဇ်နတ်ဘုံက ဝေဿဝဏ် နတ်မင်းကြီးရဲ့ အခြံအရံထဲက ဘီလူးကြီး သွားဖြစ်တယ်။

ဒီတော့ သောတာပန်ဖြစ်လျက်သားနဲ့ ဘာကြောင့် ဘီလူး ကြီး သွားဖြစ်ရတာလဲ၊ ဘာဖြစ်လို့ အဆင့်မြင့်တဲ့နတ်ပြည် မရောက် တာလဲ၊ အောက်ဆုံးနတ်ပြည်လည်း ရောက်သေးတယ်၊ ဘုရင်လည်း မဟုတ်ဘူး၊ အညံ့စားပဲ ရောက်သွားတယ်၊ ဘယ်သူကနေ အဆုံး အဖြတ်ပေးသွားတာလဲဆိုတော့ "နိကန္တိ" လို့ ဆိုတဲ့ ဘဝပေါ်မှာ တွယ်တာမှုလေးက အဆုံးအဖြတ်ပေးသွားတာ၊ သူက အဲဒီဘဝမှာ အကြိမ်ကြိမ်ဖြစ်ခဲ့သည့်အတွက်ကြောင့် သေခါနီးမှာ အဲဒီဘဝကိုပဲ ဆန္ဒရှိတယ်၊ အဲဒီမှာပဲ ဖြစ်ချင်စိတ် ရှိတယ်၊ အဲဒီဘဝ သွားဖြစ် တယ်၊ နိကန္တိကြောင့် အဆင့်မြင့်တဲ့ဘဝ မရောက်နိုင်ဘူး။

http://www.dhammadownload.com



သူ့ရဲ့စေတနာတွေ ပတ္ထနာတွေက အဲဒီဘဝကို စုဝေး ရောက်သွားတယ်၊ ဘဝတစ်ခုဟာ ဖြစ်နေကျနေရာလေးကို ပြန်ပြီး တော့ ဖြစ်တတ်တယ်၊ မသိမသာ တွယ်တာမှုတွေက ရှိနေတာ။

ဒါ့ကြောင့် လူတွေမှာ ဒေသစွဲ ရှိတယ်၊ အရပ်စွဲ ရှိတယ်၊ အိမ်စွဲ ရှိတယ်၊ နောက်ဆုံး စွဲပြီဆိုရင် အိမ်ပေါ်ကတောင် မဆင်း ဘူးဆိုတာ ရှိသေးတာပဲနော်၊ အဲဒီလို နိကန္တိကြောင့် ဖြစ်ရတာ၊ အဲဒီတော့ ကံကို နိကန္တိကနေ ဦးဆောင်နေတယ်ဆိုတဲ့ အဓိပ္ပါယ် ကို သိရတယ်ပေါ့။

ဗိမ္ဗိသာရမင်းကြီးဟာ အထက်နတ်ပြည်တွေမှာ ဖြစ်နိုင်တဲ့ ကုသိုလ်တွေ ရှိပါလျက်သားနဲ့ စတုမဟာရာဇ်နတ်ပြည်က **ဇနဝသဘ** ဆိုတဲ့ နတ်ဘီလူး သွားဖြစ်တယ်၊ ပုဏ္ဏကတို့ အာဠာဝကတို့နဲ့ တစ်တန်းတည်းပေါ့၊ သူငယ်ချင်းတွေ သွားဖြစ်တယ်။

**မေဏ္ဍကသူဌေး မိသားစု**

မေဏ္ဍကသူဌေးရဲ့ဇာတ်လမ်းကို ကြည့်မယ်ဆိုရင်လည်း အတိတ်ဘဝက သူတို့ ပစ္စေကဗုဒ္ဓကို ဆွမ်းလှူကြတယ်၊ သူဌေးကြီး ရယ် သူဌေးကတော်ကြီးရယ် သားရယ် ချွေးမရယ် ကျွန်ရယ် ၅- ဦးသား လှူကြတာ၊ အဲဒီထဲမယ် ကျွန်လုပ်တဲ့လူက ကောင်းတဲ့ဆု တွေ တောင်းရင် ရလျက်သားနဲ့ "ကျွန်ဆု" ပဲ ပြန်တောင်းတယ်။

လူ့ရဲ့စိတ်ဓာတ်ဟာ တော်တော်ထူးဆန်းတယ်၊ ကျွန်ဆုပဲ တောင်းသည့်အတွက်ကြောင့် ကျွန်ပဲ ပြန်ဖြစ်တယ်၊ တကယ်က တော့ ဆုတောင်းမယ်ဆိုရင် သူ့စိတ်ညွတ်လိုက်မယ်ဆိုရင် ဒီထက် အဆင့်သာအောင် ဆုတောင်းပေါ့၊ အဲဒါကို သတိထားရမယ်၊

http://www.dhammadownload.com



မကောင်းတဲ့ နိမ့်ကျတဲ့ ဒီဆန္ဒတွေကို မမွေးမြူရဘူး၊ မြင့်မြင့်ကြဲဖို့ လိုတယ်ပေါ့နော်။

ပြောချင်တော့ ပြောမှာပေါ့ - "လူနေ ခြုံကြား၊ စိတ်နေ ဝတီဘုံဖျား" လို့၊ ဒါပေမယ့် စိတ်နေ ဝတီဘုံဖျားက ပိုကောင်းတယ်၊ နို့မို့ဆို ခြုံကြားထဲက ထွက်မှာ မဟုတ်ဘူး၊ လူရဲ့စိတ်ဓာတ် မှာ တွယ်တာမှုက အင်မတန်မှ ထူးဆန်းတယ်။

## မဂ္ဂဇင်းတစ်စောင်မှာပါတဲ့ ဇာတ်လမ်းတစ်ပုဒ်

မဂ္ဂဇင်းတစ်စောင်ထဲမှာ ဖတ်ဖူးတယ်၊ တကယ့်အဖြစ်အပျက် ဖြစ်ကောင်း ဖြစ်နိုင်တယ်ပေါ့နော် - ရန်ကုန်မြို့က ရွှေတိဂုံဘုရား ပေါ်မှာ တန်ဆောင်းကြီးဆောက်လှူတဲ့ သူဌေးကြီးတစ်ယောက် အကြောင်းကို ရေးထားတာ ဖတ်ဖူးတယ်၊ အဲဒီသူဌေးက ရွှေတိဂုံ ဘုရားမှာ တန်ဆောင်းဆောက်လှူပြီး ဘုရားကိုနေ့စဉ်လာပြီး ဆု တောင်းတယ်တဲ့၊ "ဘုရားအလောင်းတွေ ပျော်စံတဲ့ တုသိတာနတ် ပြည်မှာ ဖြစ်ရပါလို၏" လို့ အမြဲတမ်းဆုတောင်းတယ်၊ ဒါသူ့ ဆုတောင်း။

အဲဒီအချိန်က မြန်မာပြည်ကို အင်္ဂလိပ်အုပ်စိုးနေတဲ့အချိန် ပေါ့၊ အင်္ဂလန်ကပြန်လာတဲ့လူတွေက (အဲဒီတုန်းကတော့ ဘိလပ် ပြန်လို့ ခေါ်တာပေါ့နော်၊) "ဟာသူဌေးမင်း - တုသိတာနတ်ပြည် ဆိုတာ ခင်ဗျားလည်း မြင်ဖူးတာ မဟုတ်ဘူး၊ ဘယ်မှန်းလဲ မသိ ဘူး၊ အဲဒါ ဆုတောင်းမနေနဲ့ ဘိလပ်ကမှ တကယ့်နတ်ပြည်ဗျ၊ ဘိလပ်ကို ဆုတောင်း" ဆိုတော့ စိတ်ပြောင်းသွားတယ်၊ "သူတို့ ပြောတာ ဟုတ်ကောင်း ဟုတ်လိမ့်မယ်၊" အင်္ဂလန်ဆိုတာ ဘယ်လို

http://www.dhammadownload.com



ကောင်းတာ၊ နိုင်ငံကြီးက ဘယ်လောက်ကြီးကျယ်တာ၊ ဘယ်လို တိုးတက်တာနဲ့ ပြောတော့ သူစိတ်ပါသွားပြီး အင်္ဂလန်ဖက် စိတ် ညွှတ်သွားတယ်၊ သေတဲ့အခါ အင်္ဂလန်သွားဖြစ်တယ်တဲ့။

ဒါ **"ဥပါဒါနပစ္စယာ ဘဝေါ"** ကို ပြောတာနော်၊ စိတ်တွေ စေတနာတွေက အဲဒီဘက်ကို ဦးလှည့်သွားတာ၊ အဲဒီလို အင်္ဂလန် သွားဖြစ်ပြီး တက္ကသိုလ်ကျောင်းသားအရွယ်ရောက်တော့ သူငယ်ချင်း တစ်ယောက်နဲ့ ကျောင်းတက်တယ်၊ အဲဒီမှာ မြန်မာကျောင်းသား တစ်ယောက်မှာ ရွှေတိဂုံဘုရားပုံတော်တစ်ခု ပါလာတယ်၊ တစ်နေ့ ကျတော့ ရွှေတိဂုံဘုရားပုံ အမှတ်မထင် မြင်လိုက်တော့ သူ့စိတ်ထဲ မှာ တစ်မျိုးဖြစ်လာတယ်၊ ဒါဘယ်ကလဲ မေးတော့ မြန်မာပြည်က လို့ ပြောတယ်၊ ရွှေတိဂုံဘုရားပုံ သူ့မျက်စိထဲက မထွက်ဘူး၊ ဒါနဲ့ သူ မြန်မာပြည်လာတယ်။

မြန်မာပြည်လာအခါ အဲဒီခေတ်က သင်္ဘောနဲ့ လာကြရ တယ်၊ လာရင်းကနေ ရွှေတိဂုံဘုရားမြင်တဲ့အခါကျတော့ သူ့စိတ် ထဲမှာ အတိတ်ဘဝက ပုံရိပ်တွေ ပေါ်လာတယ်၊ မြန်မာပြည်မှာ သူ့သားတစ်ယောက် ရှိတယ်ဆိုတာပါ မှတ်မိလာတယ်၊ တဖြည်းဖြည်း ချင်း ပေါ်လာတယ်၊ နောက်ဆုံး ရွှေတိဂုံဘုရားပေါ် ရောက်သွားပြီး တော့ သူဘယ်သူဆိုတာပါ စိတ်ထဲ ပေါ်လာတယ်တဲ့၊ သူ့သားကို ခေါ်ခိုင်းတယ်။

သူနဲ့ အတူလာတဲ့ အင်္ဂလိပ်ကတော့ စိတ်ပျက်နေပြီ၊ "ဒီ ကောင်တော့ ရူးသွားပြီ" လို့၊ သားခေါ်ခိုင်းပြီး တွေ့လည်းတွေ့ရော ဖက်ငိုတယ်တဲ့၊ သူက သူ့လျှို့ဝှက်ချက်ကို ပြောတယ်၊ ဘုရားရုပ် ထုရဲ့ပလ္လင်ထဲမှာ အဖိုးတန်ပတ္တမြားတစ်လုံးကို မြှုပ်နှံပြီး ဘုရားကို

http://www.dhammadownload.com



ပူဇော်ထားတာ ရှိတယ်၊ အဲဒါကို သူသတိရတယ်၊ "မင်းတို့ ငါ့ကို မယုံလို့ရှိရင် ဒီအောက်မှာ ပတ္တမြားရှိတယ်၊ ငါ သက်သေပြတဲ့ အနေနဲ့ တူးကြည့်"ဆိုတော့ ဂေါပကတွေနဲ့ ညှိနိုင်းပြီးတော့ အဲဒီ ပလ္လင်ကို တူးကြတယ်၊ အဲဒီပတ္တမြား တွေ့တယ်တဲ့၊ သူဟာ မြန်မာပြည်က မပြန်တော့ဘူးတဲ့၊ မြန်မာပြည်မှာပဲ အသက်ဆုံး သည်အထိ နေသွားတယ်လို့ ပြောတယ်။

ဒါ True story လား၊ ပုံပြင်လားတော့ မသိဘူး၊ ရေးထား တာတော့ စိတ်ဝင်စားစရာပဲ၊ အဲဒီအတိုင်း ဖြစ်နိုင်ချေကတော့ ရှိ တာပေါ့နော်၊ တကယ် ဖြစ်နိုင်ချေ ရှိတယ်။

## ဘဝဆိုတာ ဆက်တိုက် ဖြစ်တတ်တယ်

ဘဝဆိုတာ ဆက်တိုက် ဆက်တိုက် ဖြစ်တတ်တယ်၊ မြတ်စွာဘုရားဟောတဲ့တရားတော်တွေထဲမှာ ရွှေပန်းတိမ်သည်သား လေးဟာ ဘဝ-၅၀၀ ရွှေပန်းတိမ်သည်ချည်းပဲ ဖြစ်တယ်လို့ ဒီလို ဟောတာ၊ ဥပသာဋ္ဌက ပုဏ္ဏားကြီးလည်း သေပြီး သူ့အလောင်း ဒီနေရာမှာ မြှုပ်တာချည်းပဲ၊ ဥပသာဋ္ဌက ဆိုတဲ့နာမည်နဲ့ ဘဝ-၅၀၀ ရှိပြီတဲ့၊ ဒီသင်္ချိုင်းကို သူသဘောကျတာ၊ လူဆိုတာက အမျိုးမျိုးပဲ၊ သူသေရင် ဒီနားမြှုပ် ဆိုတာ သင်္ချိုင်းသဘောကျတာ ခေါ်တာပေါ့၊ အဲဒီလို လူတွေမှာ တွယ်တာမှုလေးတွေ ရှိလို့ ဖြစ်တယ်။

## စစ်ကိုင်းကျောင်းက ဦးဇင်းတစ်ပါး

နောက် စဉ်းစားစရာတစ်ခု ပြောပြမယ်၊ ဘုန်းကြီးတို့ စစ်ကိုင်းကျောင်းမှာ ဦးဇင်းတစ်ပါး ရှိတယ်၊ တစ်ရက်ကျတော့ သူ့

http://www.dhammadownload.com



ခေါင်းမှာ အနာရွတ်ကြီးတွေ မြင်လို့ မေးမိတယ်၊ "ဘယ်သူက ခေါင်းရိုက်ထားလို့ ဒီအနာရွတ်ဖြစ်နေတာလဲ" မေးတော့ "မဟုတ်ဘူးဘုရား" တဲ့၊ "မွေးရာပါ" တဲ့၊ အနာရွတ်က မွေးရာပါ ရှိတယ်။

ဘယ်လိုဖြစ်တာတုန်းဆိုတော့ ဟိုဘဝတုန်းက သူက တံငါသည်တဲ့၊ အင်းစောင်းက တံငါတဲလေးမှာ နေတာတဲ့၊ ညကျတော့ ဓားပြလာတိုက်ပြီး သူ့ကို ရိုက်သတ်သွားတာတဲ့၊ ခေါင်းမှာ အနာရွတ်ကြီး၊ အဲဒီအနာရွတ်ကြီးက ဒီဘဝအထိပါလာတာ၊ အဲဒါ ဘာဖြစ်လို့ ပါလာတုန်း ဆိုလို့ရှိရင် ခုနက စိတ်စွဲလမ်းမှုတွေပဲ။

အေး တချို့ကျတော့- ခြေထောက်လေးတွေ ပြတ်နေတာ၊ လက်လေးတွေ ပြတ်နေတာ၊ သိပ္ပံနည်းအရ ဘာဓာတ်မပြည့်စုံလို့ လို့ ပြောကြမှာပေါ့နော်၊ တကယ်တော့ စိတ်စွဲလမ်းမှုကြောင့် ဖြစ်တာပေါ့၊ ဆိုပါစို့ - လူသတ်ခံရတဲ့လူက သူမသေခင် လက်တွေအရင်ဖြတ်တယ်၊ "ငါ့လက်ကြီးပြတ်သွားပြီ" "လက်မရှိတော့ဘူး" ဆိုတဲ့စိတ်စွဲလမ်းမှုကြီးနဲ့ သေသွားတဲ့အခါ ဒီဘဝမှာလည်း လက်ပြတ်ကြီး ဖြစ်နေတယ်၊ စိတ်ရဲ့စွဲလမ်းမှုက အဲဒီလောက် ပြင်းထန်တယ်လို့ ပြောတာ၊ ဒါလည်း **"ဥပါဒါနပစ္စယာ ဘဝေါ"** ထဲမှာ ပါတာပဲပေါ့။

## မိခင်ရဲ့စိတ်စွဲလမ်းမှု

သူလုပ်တဲ့ကံတရားတွေကို အခြေခံပြီး စိတ်စွဲလမ်းမှုကြောင့် ဖြစ်တာတွေလည်း ရှိတယ်၊ ဘုန်းကြီးတို့ဇာတိရွာမှာ မိခင်ရဲ့စိတ်စွဲလမ်းမှုကြောင့် သားကလေးတွေရုပ်ပြောင်းနေတာလည်း ရှိတယ်၊ ဒါလည်း စိတ်နဲ့ ပတ်သက်တယ်လို့ ပြောရမယ်၊ အဲဒီအမျိုးသမီးက

http://www.dhammadownload.com



မြို့တွေဘာတွေ ရောက်ဖူးတာ မဟုတ်ဘူး၊ တောရွာကလေးမှာပဲ နေတာ၊ ဘုန်းကြီးတို့ဇာတိရွာက ဧရာဝတီမြစ်ဘေး ဟိုးအညာက စဉ့်ကူးမြို့နယ် မြစ်ကူးချောင်းကြားဆိုတော့ သွားရေးလာရေး ခက်တယ်ပေါ့။

အဲဒီရွာဖက် နိုင်ငံခြားက မျက်နှာဖြူဆရာဝန်တွေ ငှက်ဖျားရောဂါ ရှိမရှိ လိုက်ပြီး စစ်တယ်၊ အဲဒီလိုစစ်တဲ့အခါ အဲဒီအမျိုးသမီးက နိုင်ငံခြားကမျက်နှာဖြူကြီးတွေကို မကြည့်ရဲဘူး၊ ကြောက်တယ်၊ ဒါက phobia ရောဂါပေါ့။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းက ကုလားဆို သိပ်ကြောက်တာ၊ လူကြီးတွေကလည်း ကုလားကြီးလာပြီ ဆိုပြီး ခြောက်ထားတာ၊ အဟုတ်မှတ်နေတာ ကြောက်တာပေါ့၊ အဲဒီတုန်းက ကုလားဆို ကြောက်စရာ မှတ်နေတာ။

အဲဒီအမျိုးသမီးကလည်း နိုင်ငံခြားသားကို သိပ်ကြောက်တယ်၊ ဒီလူကြီးတွေ လာပြီဆိုရင် သူက ပုန်းတော့တာပဲ၊ ရွာလူကြီးတွေက လူတိုင်းစေ့ သွေးဖောက်စစ်ဖို့ရာ သူ့ကို မရမက ဆွဲထုတ်ပြီး စစ်တာ၊ အဲဒီစိတ်စွဲလမ်းမှုကြောင့် သူမွေးလာတဲ့ ကလေးနှစ်ယောက်က တကယ့်ဥရောပရုပ်ပဲ၊ ဆံပင်က ငွေရောင်နဲ့, မျက်လုံးက အပြာ, အသားကလည်း နီစပ်ကြီး၊ ခုချိန်ထိ ရှိသေးတယ်၊ ဒါအတွက် အကြောင်းရှာလိုက်မယ် ဆိုလို့ရှိရင် ခုနက **"ဥပါဒါနပစ္စယာ ဘဝေါ"** လို့ ပြောရမှာပဲ။

ဒီတော့ ဥပါဒါန်စွဲလမ်းမှုကို အခြေခံပြီး ကံတရားတွေကို ပြုလုပ်ကြတယ်၊ ထိုက်အားလျော်စွာ စေတနာစွမ်းအားတွေ ဆန္ဒစွမ်းအားတွေ စိတ်စွမ်းအားတွေကြောင့် ဥပပတ္တိဘဝဆိုတဲ့ခန္ဓာကြီး

http://www.dhammadownload.com



တစ်ခုက ပေါ်လာရတယ်၊ ပေါ်လာတဲ့အခါလည်း သဏ္ဌာန်အမျိုးမျိုး နဲ့ အသွင်အပြင်အမျိုးမျိုးနဲ့ ပေါ်လာတယ်။

ပထမ စိတ်ဆန်းကြယ်တယ်၊ စိတ်ဆန်းကြယ်လို့ သညာ ဆန်းကြယ်တယ်၊ သညာတွေ ဆန်းကြယ်သည့်အတွက်ကြောင့် ကံ ဆန်းကြယ်တယ်၊ ကံဆန်းကြယ်သည့်အတွက်ကြောင့် species လို့ ခေါ်တဲ့အမျိုးဇာတ်တွေ ဆန်းကြယ်တယ်၊ အမျိုးဇာတ်တွေ ဆန်း ကြယ်လာလို့ ပုံသဏ္ဌာန်တွေလည်း ဆန်းကြယ်တယ်။

လိပ်ပြာလေးတွေရဲ့ အတောင်ကို ဘယ်ပန်းချီဆရာက လာ ခြယ်ထားတာတုန်းဆိုရင် အဖြေကို ဒီအကြောင်းတွေနဲ့ ပြောရမှာ ပဲ၊ ဘယ်လိုလုပ်ပြီးတော့ ဒီလိပ်ပြာအတောင်က colour မျိုးစုံ ရှိရ တာလဲ? ဘယ် design ဆရာက ဆွဲပေးတာလဲ? စိတ်ဆန်းကြယ် မှုကို အကြောင်းပြုပြီးတော့ ဒီလိုဖြစ်လာတာ၊ စိတ်ဆန်းကြယ်မှုဟာ လောကသဘာဝဆန်းကြယ်တာတွေ ကျန်တဲ့ရုပ်ဝတ္ထုဆန်းကြယ်တာ တွေ လိုက်မမှီလောက်အောင် ဆန်းကြယ်တယ်၊ အဲဒီ ဆန်းကြယ်မှု ကိုအကြောင်းပြုပြီးတော့ ဘဝအမျိုးမျိုးဆန်းကြယ်ရတယ်၊ အားလုံး ဟာ **“ဥပါဒါနပစ္စယာ ဘဝေါ”** ထဲမှာ အကျုံးဝင်နိုင်တယ်ပေါ့။

## ပဋ္ဌာန်းနည်း

အေး ကောင်းပြီ - ပဋ္ဌာန်းရှုထောင့်က ပြောမယ်ဆိုရင် ဥပါဒါန် ၄-မျိုးက ဘဝကံကို အထောက်အကူပြုတဲ့အခါ ဘာသတ္တိ တွေကို အသုံးပြုသလဲ၊ ဥပါဒါန် ၄-မျိုး တစ်မျိုးမျိုးစီကပဲဖြစ်စေ ရူပဘုံ အရူပဘုံက ကံတရားတွေ, ကာမဘုံက ကုသိုလ်ကံတွေကို

http://www.dhammadownload.com



ဥပနိဿယပစ္စည်း တစ်မျိုးတည်းနဲ့ သူက စွမ်းဆောင်ပေးတယ်၊ **ဥပနိဿယသတ္တိ** လို့ ဒီလိုယူရမယ်။

နောက်တစ်ခါ ဥပါဒါန်ဆိုတာ ကြည့်လိုက်မယ်ဆိုရင် တဏှာနဲ့ ဒိဋ္ဌိပဲ၊ အဲဒီတဏှာဒိဋ္ဌိက နေပြီးတော့ ကမ္မဘဝ အကုသိုလ်ကံဖြစ်ခဲ့မယ်ဆိုရင် အကုသိုလ်စေတနာနဲ့ ဒီဥပါဒါန် (တဏှာတို့ ဒိဋ္ဌိတို့)ဟာ စိတ်တစ်ခုတည်းမှာ အတူဆုံဖြစ်ကြလို့ ဥပါဒါန်ကြောင့် အကုသိုလ်ကမ္မဘဝ ဖြစ်လာကြတဲ့အခါ အတူတကွဖြစ်ခြင်းလို့ဆိုတဲ့ **သဟဇာတ**၊ မှီရာ အထောက်အကူပြုတဲ့ **နိဿယ**၊ အပြန်အလှန် **အညမည**၊ ယှဉ်တွဲသည့် **သမ္ပယုတ္တ**၊ ရှိနေတုန်း ကျေးဇူးပြုသည့် **အတ္ထိ**၊ မကင်းကွာခင် ကျေးဇူးပြုလို့ **အဝိဂတ** လို့ ဆိုပြီး ဒီသတ္တိတွေနဲ့လည်း ကျေးဇူးပြုတယ်။

နောက်တစ်ခုက အကယ်၍ တဏှာဆိုရင် တဏှာက ထိုတဏှာနဲ့ အတူတကွယှဉ်ပြီး ဖြစ်လာတဲ့ စေတနာကို ကျေးဇူးပြုတယ်ဆိုရင် **ဟေတုသတ္တိ**ပါ ပါလာနိုင်တယ်ပေ့ါ၊ ဒိဋ္ဌိဆိုရင်တော့ ဟေတုသတ္တိ မပါဘူး၊ တဏှာဆိုရင် ဟေတုသတ္တိပါ ပါလာတယ်၊ ဒီတော့ **ဟေတု, သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ**တဲ့၊ ရုပ်နဲ့ နာမ်ကို ပြောမယ်ဆိုရင်တော့ **ဝိပ္ပယုတ္တ**၊ ဒါက ပဋ္ဌာန်းရှုထောင့်ကနေ ကြည့်တာ၊ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းနဲ့ သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် အဲဒီပစ္စည်းတွေ ပါဝင်လာတယ်လို့ ဒီလိုမှတ်ရမှာပေ့ါ။

**"ဥပါဒါနပစ္စယာ ဘဝေါ"** လို့ မြတ်စွာဘုရား ဟောထားတဲ့ တရားတော်ဟာ အင်မတန်မှ ကျယ်ဝန်းပါပေတယ်၊ ကမ္ဘာလောကကြီးတစ်ခုလုံးကို ခြုံငုံသုံးသပ်ပြီးတော့ အားလုံးကို ခြုံမိငုံမိအောင်

http://www.dhammadownload.com



ဟောထားတဲ့တရား ဖြစ်ပါတယ်၊ ဒီထဲမှာ အားလုံး အကျုံးဝင်ပြီး တော့ နေတယ်။

**"ဥပါဒါနပစ္စယာ ဘဝေါ"** ဆိုတဲ့အတိုင်း တို့တစ်တွေဟာ ဥပါဒါန်ရှိနေသေးသမျှ ဒီကမ္မဘဝဆိုတဲ့ ကံတရားတွေလည်း လာ နေဦးမှာပဲ၊ ဥပပတ္တိဘဝ ဆိုတာလည်း ရနေကြဦးမှာပဲ၊ အဲဒီတော့ ဖယ်ရှားရမှာကတော့ "ဥပါဒါန်ဆိုတဲ့ တဏှာဒိဋ္ဌိ အစွဲအလမ်းတွေ ကို တို့တစ်တွေကြိုးစားပြီးတော့ ဖယ်ရှားရမယ်"လို့ ကိုယ်စီ ကိုယ်ငှ သဘောကျပြီး တဏှာ ဒိဋ္ဌိ ဆိုတဲ့ ကိလေသာတွေကို ဖယ်ရှားနိုင် အောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

ဖ ဖ ဿ ဿ

http://www.dhammadownload.com



## “ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း”

## အပိုင်း (၁၃)

**သာသနာတော်နှစ် ၂၅၅၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၂-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃-ရက်၊ ခရစ်နှစ်-၂၀၁၀၊ ဇွန်လ ၂၉-ရက်၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဇမ္ဗူသီရိဗိမာန်တော် အတွင်းဝယ် ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ဓမ္မသဘင်အခမ်း အနားဝယ် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး အနောက်အနွေ့ ငါးပါး ဦးထိပ်ထားလျက် ဘိုးဘွားမိဘများနှင့် ဦးတင်စိုးတို့အား ရှေ့ဆောင်၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆွေဆိုင်၏ အမတာဒါန ဓမ္မဒါနအဖြစ်ဖြင့် ဟောကြားတော်မူသည်။**

ဒီကနေ့ ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်းကို နိဂုံးချုပ်ဟောကြားမယ့်နေ့ ဖြစ်ပါတယ်။

http://www.dhammadownload.com



## "ဘဝပစ္စယာ ဇာတိ"

မနေ့တုန်းက **"ဥပါဒါနပစ္စယာ ဘဝေါ"** ဆိုတာနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဟောကြားခဲ့ပြီ၊ ဘဝဆိုတာ ကမ္မဘဝနဲ့ ဥပပတ္တိဘဝလို့ ဘဝနှစ်မျိုး ရှိတယ်၊ ကံတရားတွေကိုလည်း ဘဝ (ကမ္မဘဝ)လို့ ခေါ်တယ်၊ ကံတရားကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးခန္ဓာကိုလည်း ဘဝ(ဥပပတ္တိဘဝ)လို့ ခေါ်တယ်။

ဒီနေရာမှာ သုံးထားတဲ့စကားလေး ရှိတယ်- **"ကမ္မဘဝ"**, **"ဝိပါကဘဝ"** လို့၊ အဲဒီအသုံးလေးက ပိုပြီးတော့ ရှင်းသလို ရှိတယ်၊ ကမ္မဘဝဆိုတာ သတ္တဝါတွေရဲ့သန္တာန်မှာ ကံတရားတွေ ဖြစ်ပေါ်နေမှုသည် ကမ္မဘဝ၊ အဲဒီကံတရားက နေပြီးတော့ ထုတ်လုပ်လိုက်လို့ အကျိုးတရားတွေ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေမှုသည် ဝိပါကဘဝ၊ ဒီလို ကမ္မဘဝ, ဝိပါကဘဝ ဆိုတဲ့အသုံးကိုလည်း သုံးထားတာ ရှိတယ်။

သို့သော် အများသိတဲ့အသုံး, စာပေမှာ တွင်ကျယ်နေတဲ့အသုံးကတော့ **ကမ္မဘဝနဲ့ ဥပပတ္တိဘဝ**တဲ့၊ ဥပပတ္တိဆိုတာ ခန္ဓာအနေနဲ့ ဖြစ်ပေါ်လာတာ၊ ကံကနေ အကျိုးတရားတွေကို ထုတ်လုပ်လိုက်လို့ အကျိုးခန္ဓာတွေ ရရှိလာတာက ဥပပတ္တိဘဝ၊ **"ဥပါဒါနပစ္စယာ ဘဝေါ"** မှာ ဒီနှစ်ခုစလုံး သက်ဆိုင်တယ်။

### "ဘဝပစ္စယာ ဇာတိ" ၌ ဘဝ အရ

သို့သော် **"ဘဝပစ္စယာ ဇာတိ"**မှာ ပါတဲ့ဘဝက ဥပပတ္တိဘဝနဲ့ မဆိုင်ဘူး၊ ကမ္မဘဝတစ်မျိုးတည်းကိုပဲ ယူရမယ်၊ ဘာဖြစ်လို့

http://www.dhammadownload.com



ဥပပတ္တိဘဝကို မယူရလဲဆိုတော့ ဇာတိဆိုတာလည်း ဥပပတ္တိဘဝပဲ၊ **"ဘဝပစ္စယာ ဇာတိ"** လို့ သွားပြောတဲ့အခါ "ဥပပတ္တိဘဝကြောင့် ဥပပတ္တိဘဝ ဖြစ်တယ်" ဆိုတဲ့ အဓိပ္ပါယ်မျိုး ဖြစ်သွားတယ်၊ စာပေမှာ သူ့နေရာလေးနဲ့ သူ တစ်ခါတစ်ခါ ယူဆရတာလေးတွေ ရှိတယ်ပေါ့၊ အဓိပ္ပါယ်ကို define လုပ်တယ်လို့ ခေါ်တယ်၊ ဒီနေရာမှာ ဒါပဲ လိုအပ်တယ်၊ မလိုအပ်တဲ့ဟာတွေကို မယူရဘူး၊ လိုအပ်တာတွေကိုသာ ယူရတယ်။

တစ်ခါတစ်ရံမှာ ကျယ်ပြန့်တဲ့ စကားလုံးတစ်လုံးကို သုံးလိုက်တဲ့အခါ ဒီနေရာမှာ သက်ဆိုင်တဲ့အနက်အဓိပ္ပါယ်တစ်မျိုးကို သာ ယူကြရတယ်၊ အဲဒီလို မဟုတ်လို့ရှိရင် စကားလုံးက ဖော်ပြတဲ့အထဲ မလိုအပ်တာတွေ ပါလာနိုင်တယ်တဲ့၊ ဒါ့ကြောင့် စကားလုံးအရ လိုအပ်ချက်တွေကို ခွဲခြားသတ်မှတ်ပြီး ပြောကြရတယ်။

ဒီနေရာမှာ အဋ္ဌကထာဆရာတွေ ဋီကာဆရာတွေ ဖွင့်ပြကြတယ် - **"ဘဝပစ္စယာ ဇာတိ"** ဆိုတဲ့ နေရာမှာ ဥပပတ္တိဘဝကို မလိုအပ်ဘူး၊ ကမ္မဘဝတစ်မျိုးကိုသာ ယူပါလို့ - ဒါ ဘယ်နေရာမှာ မဆို ဒီလိုချည်းပါပဲ။

မြန်မာစကားထဲမှာ လိုက်ရှာရင်လည်း ဒါမျိုးတွေ အများကြီး တွေ့မှာပေါ့၊ အရှေ့ အနောက် တောင် မြောက်လို့ ပြောလိုက်မယ် ဆိုလို့ရှိရင် သက်ဆိုင်ရာ သက်ဆိုင်ရာ စကားအရ အရှေ့တို့ အနောက်တို့နဲ့ တွဲပြီး ပြောတာ ဖြစ်သောကြောင့် တောင်သည် "mountain" လို့ ပြောတဲ့ "တောင်" မဟုတ်ဘူးတဲ့၊ "အရပ်ဒေသ" ဆိုတဲ့ "တောင်" တဲ့၊ ဒီလို ယူကြရတာ ရှိတယ်ပေါ့။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ စကားလုံးတစ်လုံးဟာ တစ်ခုခုနဲ့ ထိန်းချုပ်ထားရတယ်၊ အဲဒီလို ထိန်းချုပ်မှုမရှိတဲ့စကားလုံးကျတော့ ခုနကလို သတ်မှတ်ပြီးတော့ ပေးရတယ်၊

**"အတ္ထပကရဏာ လိင်္ဂါ၊ ဩစိတျာ ကာလဒေသတော။**
**သဒ္ဒတ္ထာ ဝိဘဇီယန္တိ၊ န သဒ္ဒါယေဝ ကေဝလာ" -**

လို့ ဆိုတယ်။

"စကားဝေါဟာရနဲ့ ပတ်သက်လာတဲ့အခါမှာ သဒ္ဒါစကားလုံးက ဖော်ပြတဲ့ အနက်အဓိပ္ပါယ်တွေကို အကုန်လုံး မယူရဘူး"တဲ့၊ "**အတ္ထ** - လိုအပ်တဲ့ အနက်၊ **ပကရဏာ** - အရာဌာန စသည်ကို ကြည့်ပြီး ယူရမယ်" တဲ့၊ **လိင်္ဂ** - ဆိုတာ ဒီနေရာမှာ gender ပေါ့၊ ဣတ္ထိလိင် ပုလ္လိင် နပုလ္လိင် ပေါ့၊ အဲဒီ gender ကို ကြည့်ပြီးတော့လည်း ယူရတယ်၊ **ဩစိတျာ** - အသင့်ယုတ္တိရှိတာကိုသာ ယူရတယ်တဲ့၊ **ကာလ** - အချိန်ကာလကို ကြည့်ပြီး ယူရတယ်၊ **ဒေသ** - အရပ်ဒေသကို ကြည့်ပြီး ယူရတယ်၊ စကားလုံးရဲ့အဓိပ္ပါယ်ကို ယူတဲ့အခါမှာ ထောက်ဆစရာလေးတွေနဲ့ စကားလုံးရဲ့အဓိပ္ပါယ်ကို အနက်မှန်ဖော်ထုတ်ကြရတယ်။

အခု "**ဘဝပစ္စယာ ဇာတိ**" လို့ ဆိုတဲ့နေရာမှာ ဘဝဆိုတဲ့ စကားလုံးသည် ကမ္မဘဝနဲ့လည်း သက်ဆိုင်တယ်၊ ဥပပတ္တိဘဝနဲ့လည်း သက်ဆိုင်တယ်၊ သို့သော် နောက်က ဇာတိလို့ ပြောလိုက်တာနဲ့ တစ်ပြိုင်နက် ဥပပတ္တိဘဝဆိုတာလည်း ဇာတိပဲပေါ့၊ ဒါ့ကြောင့် "**ဘဝပစ္စယာ**" မှာ ဘဝအရ ကမ္မဘဝတစ်မျိုးတည်းကိုပဲ ယူရမယ်၊ နောက်စကားလုံးကနေ အဓိပ္ပါယ်ကို ပြန်ကန့်သတ်ပေး

http://www.dhammadownload.com



တဲ့ သဘောပဲပေါ့။ ဒီလို ဆိုင်ရာ ဆိုင်ရာ ကန့်သတ်ပေးမှုလေးတွေဟာ စာပေကျမ်းဂန်မှာ ရှိတယ်။

မြန်မာစကားမှာ"တောင်"ဆိုတဲ့ စကားလုံးကိုမှပဲ ကြည့်လေ၊ "တောင်တောင်အီအီတွေ လျှောက်မတွေးနဲ့" ဆိုရင် အရပ်မျက်နှာ "တောင်"ကိုလည်း ပြောတာလည်း မဟုတ်ဘူး၊ ကျောက်တွေနဲ့ရောပြီး မြင့်မောက်နေတဲ့ "တောင်ကြီး"ကို ပြောတာလည်း မဟုတ်ဘူး၊ ဒီလို စကားလုံးလေးတွေဟာ ဆိုင်ရာ ဆိုင်ရာ ကန့်သတ်ပြီးတော့ အဓိပ္ပါယ်အမှန်ကို ယူဆကြရတယ်။

ဒါ့ကြောင့်မို့ ဒီနေရာမှာလည်း **"ဘဝပစ္စယာ ဇာတိ"** လို့ ဆိုလိုက်တော့ "ကံတရားလို့ဆိုတဲ့ ဘဝမှာ ကံတရားတွေ ဖြစ်ပေါ်နေမှုကြောင့် ဇာတိလို့ဆိုတဲ့ ဘဝတစ်ခုမှာ အစပြုမှုတွေ ပဋိသန္ဓေတွေ ပေါ်လာရတယ်"၊ ဒါကြောင့်မို့လို့ ဘဝအရ ကမ္မဘဝတစ်မျိုးတည်းကိုသာ ယူရမယ်။

## ဇာတိ ဟူသည်

ဇာတိဆိုတဲ့ စကားလုံးလေးက ဖြစ်မှု, မွေးဖွားမှု၊ ဘာတွေဖြစ်တာတုန်း, ဘာတွေ မွေးဖွားတာတုန်း ဆိုတော့ ဒီစကားလုံးအရ အဓိပ္ပါယ် မထင်ရှားဘူး၊ ဇာတိရဲ့အဓိပ္ပါယ်က ဖြစ်ခြင်း, မွေးဖွားခြင်း ဆိုတဲ့အဓိပ္ပါယ် ရတယ်ပေါ့၊ ဒီတော့ ဇာတိဆိုတဲ့ စကားလုံးလေးက ဘာကို ညွှန်းတာတုန်း, ဘာတွေဖြစ်တာတုန်းလို့ဆိုရင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ - ဒါတွေ ဖြစ်တယ်လို့ ဆိုလိုတာ၊ ဘဝ ဆိုတာ ဘယ်က စ,တုန်းဆိုတော့ လူ့လောကနဲ့ ပြောမယ်ဆိုလို့ ရှိရင် ပဋိသန္ဓေစိတ်လေးက စ,တယ်။

http://www.dhammadownload.com



ဘဝတစ်ခုတစ်ခုဟာ ဝိညာဏ်က စ,တယ်၊ ဘာ့ကြောင့် ဒီ ဝိညာဏ်က စ,ရတုန်းဆိုရင် ကံကြောင့် စ,ရတာ၊ ဒါကြောင့်မို့လို့ ပဋိစ္စသမုပ္ပါဒ်အစမှာဆိုရင် **“သင်္ခါရပစ္စယာ ဝိညာဏံ”** လို့ ဒီလို ဟောခဲ့တာ၊ အခု နောင်ဘဝအတွက် ရည်ညွှန်းပြီးတော့ **“ဘဝ-ပစ္စယာ ဇာတိ”** လို့ ဟောတာ၊ ဇာတိဆိုတာ ဖြစ်ခြင်း၊ ဘာတွေ ဖြစ်တာတုန်းဆိုရင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ - ဒါတွေပဲ ဖြစ်တာပေ့ါ။

အဲဒီဖြစ်မှုတွေကို ရည်ညွှန်းပြီးတော့ ဇာတိဆိုတဲ့ စကားလုံးလေးကို သုံးတယ်၊ ဇာတိကို အင်္ဂလိပ်လို birth လို့ ပြန်တယ်၊ မွေးဖွားခြင်းပေ့ါ၊ တစ်ခါတစ်ရံ ဇာတိဆိုတဲ့ စကားလုံးဟာ မွေးဖွားရာဒေသကိုလည်း ရည်ညွှန်းတာ ရှိတယ်၊ ဇာတိဒေသလို့ ပြောတာ၊ အခု ဒီနေရာမှာတော့ ဓမ္မစကြာမှာပါတဲ့ **“ဇာတိပိ ဒုက္ခာ”**- မွေးဖွားရခြင်းဟာလည်းပဲ ဒုက္ခ၊ ဒီလိုဆိုတဲ့ အနက်အဓိပ္ပါယ်နဲ့ တူတယ်။

ဒါကြောင့်မို့ ဒီနေရာမှာ ဇာတိဆိုတာ birth, ဘဝတစ်ခုမှာ မွေးဖွားလာတာ၊ “မွေးဖွားလာတယ်” ဆိုတာ တရားအရ ပြောမယ်ဆိုရင် **“ခန္ဓာနံ ပါတုဘာဝေါ”** - ခန္ဓာတွေ ပေါ်လာတာလို့ - ဒီလိုဆိုတယ်၊ “မွေးတယ်ဆိုတာ ခန္ဓာတွေ ပေါ်လာတာ”။

လူသားတစ်ယောက်အနေနဲ့ ပြောမယ်ဆိုရင် ပထမဆုံး ပဋိသန္ဓေစိတ်ကလေး ပေါ်လာတယ်၊ ဒါဟာ ဝိညာဏက္ခန္ဓာ ပေါ်လာတာ၊ ဝိညာဏက္ခန္ဓာပေါ်လာသည့်အတွက်ကြောင့် ထိုဝိညာဏ-က္ခန္ဓာနဲ့ ယှဉ်တွဲပြီးတော့ ဖြစ်ပေါ်လာတဲ့ စေတသိက်တွေ ပေါ်လာတယ်၊ ဝေဒနာက္ခန္ဓာတို့ သညာက္ခန္ဓာတို့ သင်္ခါရက္ခန္ဓာတို့ ဆိုတဲ့ နာမ်ခန္ဓာတွေ ပေါ်လာတယ်၊ ကံကနေ အတူတကွ ပူးပေါင်းပြီး

http://www.dhammadownload.com



ထုတ်လုပ်လိုက်လို့ အပြန်အလှန် အကျိုးပြုပြီးတော့, အပြန်အလှန် မှီခိုမယ့် ကမ္မဇရုပ်တွေလည်းပဲ ဖြစ်ပေါ်လာတယ်၊ ဒါ ရူပက္ခန္ဓာ ပေါ်တာ။

ဘဝတစ်ခုမှာ ပဋိသန္ဓေစိတ်ကိုလည်း ကံက ထုတ်လုပ်တာ၊ ရုပ်ဆိုတဲ့ ကမ္မဇရုပ်ကိုလည်း ကံက ထုတ်လုပ်တယ်၊ အဲဒီရုပ်နဲ့ နာမ်ဟာ တစ်ပြိုင်နက်တည်း ဘဝတစ်ခုကို အစပြုတာ၊ အဲဒီလို ဘဝတစ်ခုမှာ ရုပ်နဲ့ နာမ် နှစ်ခုစလုံး ပြိုင်တူအစပြုသော်လည်း အဓိက ပဓာနကျတဲ့ အကြောင်းတစ်ခုကို ဦးတည်ပြီးတော့ **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ (ဝိညာဏ်ကို ဦးတည်ပြီး) ပြောတာနော်၊ ပြီးတော့မှ **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ရှေ့နောက်ကဲ့သို့ မြတ်စွာဘုရားက ဟောထားတာ၊ သို့သော်လည်း ဝိညာဏ်နဲ့ နာမ်ရုပ်က ပြိုင်တူပေါ်တယ်လို့ ဒီလိုမှတ်ရမယ်။

ဘဝတစ်ခုမှာ နာမ်တွေ ရုပ်တွေ ဖြစ်လာတယ်၊ ဒါကြောင့်မို့ **"ခန္ဓာနံ ပါတုဘာဝေါ"** တဲ့၊ ဇာတိရဲ့အဓိပ္ပါယ်ကို ပြောချင်လို့ရှိရင် "ခန္ဓာတွေရဲ့ ဖြစ်ပေါ်လာမှု"တဲ့၊ လူပဲဖြစ်ဖြစ် နတ်ပဲဖြစ်ဖြစ် သတ္တဝါတွေ "ဘဝတစ်ခု ရတယ်" ဆိုတာ "ခန္ဓာရလာတာ"ကို ပြောတာ၊ "ခန္ဓာရလာတယ်" ဆိုတာ အသိစိတ်ရယ် ထိုအသိစိတ်ကို မှီပြီးတော့ဖြစ်တဲ့ ခံစားချက်တွေရယ်, မှတ်သားမှုတွေရယ်, စေ့ဆော်မှုတွေရယ်, ၎င်းတို့ရဲ့မှီရာဖြစ်တဲ့ ရုပ်တရားတွေရယ် - ပေါင်းလိုက်တဲ့အခါကျတော့ ခန္ဓာ၅-ပါး၊ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ လို့ ဆိုတဲ့ ခန္ဓာ ၅-ပါး၊ အဲဒီ ခန္ဓာ ၅-ပါး ပေါ်လာတာကိုပဲ "ဇာတိ"လို့ ဒီလို ခေါ်တာ။

http://www.dhammadownload.com



အဲဒါဘယ်သူ့ကြောင့် ပေါ်လာရသလဲဆိုတော့ **"ဘဝပစ္စယာ ဇာတိ"** တဲ့၊ ဘဝဆိုတာ ကမ္မဘဝ၊ ကံတွေ စုဆောင်းမိလို့၊ ကံတွေ ဖြစ်နေလို့ ထိုကံတရားတွေက ထုတ်လုပ်လိုက်လို့ ဇာတိဆိုတဲ့ ရုပ် နာမ်ဓမ္မတွေ ဘဝတစ်ခုမှာ အစပြုပေါ်လာတယ်။

## "သင်္ခါရပစ္စယာ ဝိညာဏံ" နှင့် "ဘဝပစ္စယာ ဇာတိ"

နောက် ဒီနေရာမှာ ဇာတိလို့ဆိုတဲ့နေရာမှာ **"သင်္ခါရပစ္စယာ"** တုန်းကလို **"သင်္ခါရပစ္စယာ ဝိညာဏံ"** လို့ဆိုရင် ပဋိသန္ဓေစိတ် တစ်မျိုးပဲ အဓိပ္ပါယ်ရတယ်၊ ဒီမှာကျတော့ ပဋိသန္ဓေစိတ်လို့ မပြော ဘဲနဲ့ **"ဘဝပစ္စယာ ဇာတိ"** လို့ ပြောလိုက်ခြင်းအားဖြင့် ဒီစကား လုံးက ၃၁-ဘုံကို ခြုံမိငုံမိ ဖြစ်သွားတယ်။

**"သင်္ခါရပစ္စယာ ဝိညာဏံ"** တုန်းက ဘယ်သူလွတ်နေတုန်း ဆိုရင် "သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်" လို့ဆိုတော့ - လောက မှာ **"ဝိညာဏ်မဲ့တဲ့ သတ္တဝါ"** ဆိုတာ ရှိသေးတယ်၊ ဝိညာဏ်မဲ့ သတ္တဝါဆိုတာ အသညသတ်ဘုံက ပြဟ္မာကြီးတွေ၊ ဒီအသညသတ် ဘုံက ပြဟ္မာကြီးတွေကျတော့ သန္ဓေစိတ် မရှိဘူး၊ ရုပ်သက်သက် ဖြစ်တာကိုး၊ အဲဒါကျလို့ရှိရင် **"သင်္ခါရပစ္စယာ ဝိညာဏံ"** ဆိုတဲ့ စကားထဲမှာ မပါနိုင်ဘူး ဖြစ်နေတယ်၊ အေး ခုပြောလိုက်တယ် - **"ဘဝပစ္စယာ ဇာတိ"** ဆိုတဲ့အထဲမှာ မွေးဖွားခြင်းလို့ သုံးလိုက်သည့် အတွက်ကြောင့် ဝိညာဏ်လည်း ပါတယ်၊ နာမ်ရုပ်လည်း ပါတယ်၊ အကုန်လုံး ပါသွားတယ်ပေါ့၊ ဒါကြောင့်မို့ **"သဗ္ဗမ္ပိ ဘဝဂါမိကမ္မံ ကမ္မဘဝေါ"**တဲ့၊ ဘဝကို ပို့ဆောင်ပေးတဲ့ ကံအားလုံးဟာ ကမ္မဘဝ ပဲ။

http://www.dhammadownload.com



အသညသတ်ဘုံ ရောက်သွားအောင်လည်း ကံက ပို့ပေးတယ်၊ ဘယ်ကံက ပို့ပေးတာလဲဆိုတော့ သမထကျင့်စဉ်ထဲမှာ ကျင့်ပြီးတော့ အောင်မြင်သွားတဲ့ ပဉ္စမဈာန်ကုသိုလ်ကံက အသညသတ်ဘုံကို ပို့ပေးလိုက်တာ၊ ရိုးရိုးမပို့ဘဲနဲ့ ဘာဖြစ်လို့ ရုပ်ချည်းသက်သက်ဖြစ်အောင် ပို့ပေးရတာတုန်းဆိုတော့ ဒါ သူ့ဆန္ဒပဲ၊ ဆန္ဒက အဆုံးအဖြတ်ပေးသွားတာပဲ။

ဘဝကို ဆန္ဒတို့ နိကန္တိတို့က အဆုံးအဖြတ် ပေးနိုင်တယ်၊ ဒါကြောင့်မို့လို့ ကိုယ့်ဘဝမှာ ဆန္ဒဟာ အင်မတန်မှ အရေးကြီးတယ်၊ wish လို့ ခေါ်တယ်၊ ဆန္ဒဟာ သာမန်အားဖြင့်တော့ သိပ်ပြီးတော့ မကြီးထွားဘူးလို့ ထင်ရတယ်၊ အင်မတန်မှ ပြင်းထန်တဲ့ ဆန္ဒရဲ့ စွမ်းဆောင်မှုပဲ။

တကယ်တော့ ပဉ္စမဈာန်ကုသိုလ်ရဲ့အကျိုးပေးရာ တစ်ပြင်တည်းဖြစ်တဲ့ဗြဟ္မာက ဝေဟပ္ဖိုလ်ဗြဟ္မာပဲ၊ အဲဒီဝေဟပ္ဖိုလ်ဗြဟ္မာတွေကျတော့ ရုပ်ရောနာမ်ရော အပြည့်အစုံလာတယ်၊ သူ့ကျတော့မှ နာမ်မပါဘဲနဲ့ ရုပ်ချည်းသက်သက် ဖြစ်ရတယ်ဆိုတာ သူ့ဆန္ဒအရ ဖြစ်တာ၊ လူတွေလည်းပဲ ကိုယ့်ဆန္ဒနဲ့ကိုယ် လုပ်နေကြတာပဲလေ၊ လက်ရှိဘဝမှာတောင်မှလည်းပဲ ဆန္ဒကနေ အဆုံးအဖြတ်ပေးတာ အများကြီးပဲ၊ အေး ဒီနေရာမှာ **"ဘဝပစ္စယာ ဇာတိ"** မှာ ဇာတိလို့ ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် ရုပ်ရောနာမ်ရော ဆိုင်တယ်လို့ မှတ်ရတယ်။

http://www.dhammadownload.com



**ပဋ္ဌာန်းနည်း**

ဒီနေရာမှာ ကံကြောင့် ရုပ်ပဲဖြစ်ဖြစ် နာမ်ပဲဖြစ်ဖြစ်, ကံနဲ့ ပတ်သက်လာတဲ့ ရုပ်တွေ နာမ်တွေ ဖြစ်ရတာ၊ ပဋ္ဌာန်းနည်းအရ ဘယ်သတ္တိက ကျေးဇူးပြုတာတုန်းဆိုရင် အင်မတန်အင်အားကောင်းတဲ့ဥပနိဿယပစ္စည်း, **ဥပနိဿယသတ္တိ**နဲ့ ကျေးဇူးပြုတယ်လို့ တစ်ခု မှတ်ရမယ်၊ နောက်တစ်ခုကတော့ နာနာက္ခဏိကကမ္မလို့ဆိုတဲ့ ကမ္မပစ္စည်းကနေပြီးတော့ ကျေးဇူးပြုတယ်၊ အဲဒီ **ကမ္မသတ္တိ**, ဥပနိဿယသတ္တိနဲ့ ကျေးဇူးပြုထားသည့်အတွက်ကြောင့် ကမ္မဘဝကြောင့် ဇာတိဆိုတာ သံသရာထဲမှာ ဒီလိုဖြစ်ပြီးတော့ နေကြရတယ်လို့ ပဋိစ္စသမုပ္ပါဒ်မှာ **"ဘဝပစ္စယာ ဇာတိ"** လို့ ဟောတာကို မြတ်စွာဘုရားက ပဋ္ဌာန်းကျတော့ **"ကမ္မံ ဝိပါကာနံ ခန္ဓာနံ"** ဆိုပြီးတော့ ဒီလို ဟောတာနော်။

အဲဒီလို ကံက ဝိပါကခန္ဓာတွေကို ဥပနိဿယသတ္တိ, နာနာက္ခဏိကကမ္မသတ္တိနဲ့ ကျေးဇူးပြုတယ်၊ ဒီနေရာမှာတော့ ရှင်းပါတယ်၊ ပဋ္ဌာန်းက အခက်အခဲ မရှိတော့ဘူး။

အနာဂတ်ဘဝကို ပြောတဲ့အခါကျတော့ ဇာတိဆိုတာ "ကံတွေ ရှိနေသေးသမျှ နောင်မွေးဖွားရဦးမှာပဲ" လို့ ပြောလိုက်တဲ့ စကားပဲ၊ ကုသိုလ်ကံဆိုလို့ရှိရင် ကောင်းတဲ့ဘုံတွေမှာ မွေးဖွားရမှာပေါ့၊ အကုသိုလ်ကံဆိုလို့ရှိရင် မကောင်းတဲ့ဘုံတွေမှာ မွေးဖွားမယ်၊ ဒီတော့ ကံရှိနေသေးသမျှ မွေးဖွားရမယ်ဆိုတဲ့ဇာတိ လာမယ်၊ ဥပနိဿယသတ္တိ, ကမ္မသတ္တိတွေနဲ့ ကျေးဇူးပြုတယ်၊ ဒါကြောင့်မို့ ဇာတိဆိုတဲ့ စကားလုံးလေးဟာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန,

http://www.dhammadownload.com



ဖဿ, ဝေဒနာ - ဒီ ၅-မျိုးကိုပဲ ပြန်ပြီးတော့ ရည်ညွှန်းပါတယ်လို့ ဒီလိုမှတ်ရမယ်။

ဇာတိရဲ့အဓိပ္ပါယ်ကို ဖွင့်ဆိုတဲ့အခါ **"ခန္ဓာနံ ပါတုဘာဝေါ"** အပြင် **"အာယတနာနံ ပဋိလာဘော"** တဲ့၊ အာယတနတွေကို ရလာတယ်၊ အာယတနဆိုတာလည်း ရုပ်နဲ့နာမ်ပဲ၊ ခန္ဓာဆိုတာလည်း ရုပ်နဲ့ နာမ်ပဲ၊ ဒါတွေ ရလာတာလို့ ပဋိစ္စသမုပ္ပါဒ်မှာ ဒီလိုဟောတယ်။

သုတ္တန်ပါဠိတော်မှာတော့ မြတ်စွာဘုရားက သုတ္တန်တစ်ခုမှာ ဟောထားတာ ရှိတယ်၊ ဒါဖြင့် ခန္ဓာရလာတယ်ဆိုတာ အကောင်းရတာလားလို့ ဆိုတော့ သံယုတ်ပါဠိတော်မှာ **"ယော ဘိက္ခဝေ ရူပဿ ဥပ္ပါဒေါ ဒုက္ခဿေသော ဥပ္ပါဒေါ၊ ရောဂါနံ ဌိတိ၊ ဇရာမရဏဿ ပါတုဘာဝေါ"** လို့ ဒီလိုဟောထားတယ်၊ "ရုပ်တရားရဲ့ ဖြစ်ပေါ်လာမှုသည် ဒုက္ခရဲ့ဖြစ်ပေါ်လာမှုပဲ"။

## ဒုက္ခ ဖြစ်ပေါ်လာမှုပဲ

ဒါဖြင့် ဘုန်းကြီးတို့တစ်တွေ **"ဘဝပစ္စယာ ဇာတိ"** လို့ ရလာတဲ့ ဇာတိဟာ သုခလား ဒုက္ခလားလို့ ဆိုရင် ဒုက္ခကို ရသွားတာ၊ ဒီနေရာမှာ ဒုက္ခဆိုတဲ့နေရာမှာ ဖြစ်မှုပျက်မှုတွေက တရစပ် အမြဲမပြတ် အနှောင့်အယှက်ပေးနေတာကို ခံရတဲ့အတွက်ကြောင့် ဒုက္ခ၊ တစ်ခုခုက နှောင့်ယှက်နေလို့ရှိရင် ဘယ်ချမ်းသာတာ ဟုတ်မလဲ၊ ဆင်းရဲနေတာပေါ့။ အဲဒီ ဆင်းရဲမျိုးကို ပြောတာနော်၊ **"ဥဒယဗ္ဗယ ပဋိပီဠန"** တဲ့၊ ဖြစ်မှုပျက်မှုတွေက အမြဲတမ်းကပ်ပြီးတော့ နှိပ်စက်နေတယ်၊ အဲဒါကြောင့် ဒုက္ခ။

http://www.dhammadownload.com



တစ်နည်းအားဖြင့် ဆင်းရဲပေါင်းစုံ ပြဿနာပေါင်းစုံတို့ရဲ့ တည်ရာဖြစ်လို့ ဒုက္ခလို့ ဒီလိုပြောတာ၊ အေး problemတွေ အားလုံးဟာ ဘဝတစ်ခုမှာ မွေးဖွားလာပြီဆို လာပြီလေ၊ ခေါင်းကိုက်ရတာလည်း problem ပဲ၊ နားကိုက်တာလည်း problem ပဲ၊ ဖျားကြနာကြတာတွေလည်း ပြဿနာတွေပဲ၊ ဟိုကိစ္စ ဒီကိစ္စ လူမှုရေး စီးပွားရေး ပညာရေး နိုင်ငံရေးစတဲ့ အရေးကိစ္စတွေ အဆင်မပြေဖြစ်ရတာမှန်သမျှ လူ့လောကကြီးမှာ ပြဿနာအားလုံးဟာ သူ့ကြောင့်ပဲ၊ သူနဲ့ ဆက်စပ်ပြီးတော့ နေတယ်၊ ဖြစ်လာတဲ့အပေါ်မှာ မူတည်ပြီးတော့ ဒါတွေဖြစ်ကြတာ။

အဲဒါတွေကို ရှုမြင်နိုင်အောင် မြတ်စွာဘုရားက **"ယော ဘိက္ခဝေ ရူပဿ ဥပ္ပါဒေါ ဒုက္ခဿေသော ဥပ္ပါဒေါ၊ ယော ဘိက္ခဝေ ဝေဒနာယ ဥပ္ပါဒေါ ဒုက္ခဿေသော ဥပ္ပါဒေါ"**၊ ဆိုလိုတာက ခန္ဓာ ၅-ပါးလုံးပဲ, ဘာခန္ဓာပဲ,ရရ ရတာ ဒုက္ခလို့ ဒီလို ဟောတယ်။

## "ဇာတိပစ္စယာ ဇရာမရဏံ"

ဒုက္ခတင် ရတာလားဆိုတော့ မဟုတ်ဘူး၊ **"ဇရာမရဏာဿ ပါတုဘာဝေါ"** တဲ့၊ ရလာတဲ့ဒုက္ခဟာ အိုတာ နာတာ သေတာ ဆိုတာ ရှိလာဦးမယ်၊ **"ရောဂါနံ ဌိတိ"** တဲ့၊ ရလာတဲ့ ရုပ်တရား နာမ်တရားတွေမှာ ရောဂါဆိုတာ ပါလာပြီးသားပဲ၊ အဲဒါတွေကိုပဲ ရောဂလို့ ခေါ်တာပေါ့၊ ရောဂရဲ့အဓိပ္ပါယ်က **"ရုဇ္ဇတီတိ ရောဂေါ"**- နာတယ် ကျင်တယ် နှိပ်စက်တယ်၊ အဲဒါကို ရောဂလို့ ခေါ်တာ၊

http://www.dhammadownload.com



ပါဠိစကားလုံး ရောဂါ ဆိုတာ မြန်မာစကားလုံးလို ဖြစ်နေပြီ၊ နာကျင် ကိုက်ခဲ နှိပ်စက်နေတဲ့ဟာကို ရောဂလို့ ခေါ်တာပဲ။

အဲဒီရောဂါတစ်ခု ဖြစ်ပေါ်နေတယ်ဆိုတာ ဟောဒီ ရုပ်တရား နာမ်တရားပေါ်လာတာဟာ ရောဂါပေါ်လာတာပဲလို့ ဒီလို ပြောတာ၊ ဟော အဲဒါကို သိမယ်ဆိုလို့ရှိရင် ဘုန်းကြီးတို့တစ်တွေ "ကျန်းမာတယ်" လို့ ပြောဖို့ မသင့်တဲ့စကား ဖြစ်လာတယ်ပေါ့၊ လူတွေက "ကျန်းမာတယ်" လို့ ပြောတာ ရုပ်တရားနာမ်တရားတွေက သူ့အကြောင်းနဲ့အကျိုး ညီညွတ်နေတဲ့အခါ "ကျန်းမာတယ်" လို့ ပြောကြတာပဲ၊ အဆင်ပြေဖြစ်နေတာလည်း သူ့ဟာနဲ့သူ ဖြစ်နေတာ၊ အဆင်မပြေဘူးဆိုတာလည်း သူ့ဟာနဲ့သူ လာတာပဲ၊ ကိုယ်ဘာမှ တတ်နိုင်တာမှ မဟုတ်ဘူး၊ သို့သော် အဆင်ပြေအောင် အထောက်အကူဆိုတာမျိုးလေးတွေတော့ ပေးနိုင်တယ်ပေါ့၊ အဲဒီ အထောက်အကူက သာမန်အကူအညီလောက်ပဲ ရှိတယ်၊ အေးရာသီဥတုကို ဂရုစိုက်ပြီး နေတယ်၊ ဆေးဝါးဓာတ်စာ စားပေးတယ်၊ ကျန်းမာရေးဂရုစိုက်တယ် ဆိုတာလေးကျတော့ သူ့အဆင်ပြေမှုတွေ ပါလာတယ်ပေါ့၊ အဲဒီလောက်ပဲ လုပ်လို့ ရတယ်။

သို့သော် အတိုင်းအတာတစ်ခုထက် ကြာရှည်ခံအောင် လုပ်လို့ ရပါ့မလား၊ မရဘူး၊ သူ့အကြောင်းနဲ့သူ ဖြစ်နေတာ ဖြစ်တော့ ကိုယ်က အထောက်အကူပြုပေးနိုင်ရုံလောက်ပဲ၊ အကူအညီပေးရုံလောက်ပဲ ပေးနိုင်တယ်၊ လုံးဝကြီးကောင်းအောင် မလုပ်နိုင်ဘူးတဲ့။

အေး ကောင်းပြီ၊ **"ဘဝပစ္စယာ ဇာတိ"** လို့ ဇာတိဖြစ်လာတာနဲ့ တစ်ပြိုင်နက် အဲဒီဇာတိရှိလာရင် နောက်ဆက်က ဘာလာ

http://www.dhammadownload.com



တုန်းဆိုတော့ **"ဇာတိပစ္စယာ ဇရာမရဏံ"** ဆိုပြီး ဇရာမရဏ လာတယ်၊ ဒါဖြင့် ဇရာဆိုတာ ဘာပြောတာတုန်းဆို အိုတာကို ပြောတာ။

## ဇရာ၏ သရုပ်

မြတ်စွာဘုရားက ပါဠိတော်မှာ ဇရာရဲ့သရုပ်ကို ဖွင့်ဆိုထားတဲ့စကားလုံးတွေ ရှိတယ်၊ အဲဒီဖွင့်ဆိုထားတဲ့ စကားလုံးတွေထဲမှာ စကားလုံးတစ်လုံးက ခဏ္ဍိစ္စ တဲ့၊ **ခဏ္ဍိစ္စ** ဆိုတာ ကျိုးပဲ့တာ၊ ဘာတွေ ကျိုးပဲ့တာတုန်းဆိုတော့ သွားတွေ ဘာတွေ ကျိုးပဲ့ကုန်တာ၊ ဇရာရဲ့သဘောက သွားတွေ ကျိုးလာတယ်၊ နောက်တစ်ခုက **ပါလိစ္စ** တဲ့၊ ခေါင်းဖြူလာတယ်၊ နောက်တစ်ခုက **ဝလိတ္တစတာ** အရေတွေ တွန့်လာတယ်၊ ဟော ... ဒါ ဇရာရဲ့သဘောကို ပြောပြတာနော်၊ **ခဏ္ဍိစ္စ ပါလိစ္စ ဝလိတ္တစတာ** လို့ ဇရာကို ဒီစကားလုံးတွေနဲ့ သရုပ်ဖော်တယ်။

နောက်ဆုံးထင်ရှားအောင် သရုပ်ဖော်ပုံက ဘာတုန်းဆိုတော့ **ဣန္ဒြိယာနံ ပရိပါကော**တဲ့၊ သစ်ပင်က သစ်သီးလေးတွေဟာ ပထမသီးလာခါစတုန်းက စိမ်းစိမ်းနုနုလေး၊ စိမ်းတာတောင်မှ အနုကလေးနဲ့ စိမ်းတာ၊ တဖြည်းဖြည်းကျတော့ စိမ်းရောင်ရင့်လာတယ်၊ နောက်ပိုင်းရင့်လာတဲ့ အခါကျတော့ အစိမ်းရောင်က နေပြီးတော့ ဝါတတ်တဲ့အသီးဆို ဝါသွားတာပေါ့နော်၊ အဲဒါ ဘာဖြစ်လာတာတုန်းဆိုရင် ရင့်ကျက်တဲ့သဘောကို ပြောတာ၊ ဘုန်းကြီးတို့တစ်တွေရထားတဲ့ "စက္ခု သောတ ဃာန ဇိဝှာ ကာယ - မျက်စိ နား နှာ လျှာ ကိုယ်" လို့ ဆိုတဲ့ ဣန္ဒြေရယ်၊ ဣန္ဒြေဆိုတာ စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ လို့ဆိုတဲ့ ဒီသဘာဝ

http://www.dhammadownload.com



တွေကို ကြည့်လိုက်မယ် ဆိုလို့ရှိရင် ရင့်လာတယ် မှည့်လာတယ်၊ အဲဒါကို ပြောတာ၊ **“ဣန္ဒြိယာနံ ပရိပါကော”** တဲ့၊ ဣန္ဒြေတို့ရဲ့ ရင့်မှည့်လာတဲ့သဘောတဲ့။

ဟုတ်ပြီ- မျက်လုံးကလည်း မှည့်လာတယ်တဲ့၊ မျက်လုံးမှည့်လာတဲ့ အခါကျတော့ အရောင်ပြောင်းသွားတာလည်း ရှိတယ်၊ မှုန်သွားတာလည်း ရှိတယ်၊ နားကလည်း မှည့်လာတယ်၊ လေးသွားတယ်ပေ့ါ၊ နှာခေါင်းကလည်း အနံ့ အရင်ကလောက် မကောင်းတော့ဘူး၊ လျှာကလည်းပဲ အရင်ကလောက် မသွက်လက်တော့ဘူး၊ အရသာခံလို့ မကောင်းတော့ဘူး။

အဲဒါကြောင့်မို့လို့ အဖိုးကြီးအဖွားကြီးတွေက ပြောကြတယ်၊ တို့ငယ်ငယ်တုန်းက အသီးအနှံတွေက အရသာရှိတယ်၊ ခုခေတ် အရသာ မရှိတော့ဘူး၊ ဘယ်အရသာ ရှိမလဲ၊ သူ့လျှာကမှ မကောင်းတော့တာကိုး၊ အပြင်ဖက်က မကောင်းတာတင် မဟုတ်ဘူး၊ သူ့လျှာကိုက မကောင်းတော့တာ၊ လျှာကိုက ယုတ်ညံ့လာတာ၊ မျက်စိမှုန်သလို ပြောမယ်ဆိုလို့ရှိရင် လျှာက အရသာခံဖို့ စွမ်းအားတွေလည်း လျော့လာတယ်လို့ ပြောရမယ်။

နားက ကြားနိုင်မှုစွမ်းအားတွေလည်း လျော့လာတယ်၊ နှာခေါင်းက အနံ့ရမှုစွမ်းအားတွေလည်း လျော့လာတယ်၊ ခန္ဓာကိုယ်က ထိတွေ့မှုအားတွေဟာလည်း လျော့လာတယ်၊ အင်မတန်မှ သိသာတယ်။

ကမ္ဘာအေးလှိုဏ်ဂူထဲမှာ တပေါင်းလပြည့်နေ့ဆိုရင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သံဃနာယက အစည်းအဝေးကြီး ကျင်းပတယ်၊ နှစ်စဉ်ကျင်းပတဲ့အထဲမယ် နှစ်စဉ်နှစ်စဉ် ဖိနပ်အရံ

http://www.dhammadownload.com



၃၀-လောက် အဲဒီမှာ ကျန်ရစ်တယ်၊ ဘာဖြစ်လို့ ကျန်ရစ်တာတုန်း ဆိုတော့ မှားပြီးတော့ စီးသွားကြလို့၊ ခြေထောက်က ကိုယ့်ဖိနပ် သူ့ဖိနပ်ဆိုတာကို မပြောနိုင်တော့ဘူး၊ သတင်းမပေးနိုင်တော့ဘူး။

ဘုန်းကြီးတို့လည်း ကိုယ်တွေ့ပဲ၊ ငယ်ငယ်တုန်းက သူများ ဖိနပ် မှားစီးတယ်ဆိုတာ မရှိဘူး၊ မှားစီးသွားတဲ့လူကို "ဘာလို့ မှား စီးရတာလဲ"လို့, "ကိုယ့်ခြေထောက်နဲ့ ကိုယ့်ဖိနပ်နဲ့ဟာ အံကျပဲ၊ မှား စရာအကြောင်းမရှိဘူး" လို့ ငယ်ငယ်က ထင်တယ်၊ အခု မဟုတ် ဘူး၊ ကိုယ်လည်း မှားစီးချင်လာပြီ၊ မမှတ်မိတော့ဘူး၊ ခြေထောက် က မသိတော့ဘူး၊ အဲဒီတော့ ကာယပသာဒရုပ်တွေဟာ ယုတ် လျော့လာတာ၊ ဒါကို ပြောတာ ဇရာဆိုတာ၊ **ဣန္ဒြိယာနံ ပရိပါကော** တဲ့။

ကိုယ့်ဖိနပ် သူ့ဖိနပ် မျက်စိကလည်း မမှတ်နိုင်တော့ဘူး၊ ခြေထောက်က စွပ်ကြည့်လည်း- မသိတော့ဘူး၊ သူ့ဟာ ကိုယ့် ဟာ မခွဲနိုင်တော့ဘူး၊ ငယ်ငယ်တုန်းက အဲဒါတွေ အကုန်ခွဲလို့ ရ တယ်၊ သူများဖိနပ် ကိုယ့်ဖိနပ်ဆိုရင် စွပ်ကြည့်ရင် သိတယ်၊ မှောင် ထဲမှာတင်ကို ရွေးလို့ ရတယ်၊ အခုချိန်မှာတော့ မရဘူး၊ မှောင်ထဲ မပြောနဲ့ မြင်နေတာတောင် သူများဖိနပ်မှားစီးတာ ရှိတယ်။

အဲဒီလို ဘုန်းကြီးတို့ နိုင်ငံတော် သံဃာ့ဗဟိုဝန်ဆောင် အစည်းအဝေး တက်နေတုန်းကဆိုရင် နှစ်စဉ် နှစ်စဉ် ဖိနပ်တွေ ကျန်ရစ်တယ်၊ ဘာဖြစ်လို့ ကျန်ရစ်တုန်းဆို ရှေ့က ကိုယ်တော်ကြီး က မှားစီးသွားတော့ နောက်က ကိုယ်တော်က ကိုယ့်ဖိနပ် မဟုတ် တော့ ထားပစ်ခဲ့တာ၊ အဲဒါ ဘာကိုပြောတာတုန်းဆိုရင် ဇရာရဲ့ သဘောကို ပြောတာ။

http://www.dhammadownload.com



ဇာတိရှိလို့ ဇရာလာတယ် ဆိုတာ ပဋ္ဌာန်းနည်းနဲ့ ပြောမယ် ဆိုရင် ဥပနိဿယသတ္တိပဲ၊ ဇာတိရှိနေရင် ဇရာလာမှာပဲ၊ ရှောင်တိမ်းလို့ မရဘူး။

## မရဏ ဟူသည်

နောက်လာမယ့်ဟာကတော့ မရဏပဲ၊ သေတယ် ဆိုတာ ဘာပြောတာတုန်းဆိုတော့ သေခြင်းတရားနဲ့ပတ်သက်ပြီး စကားလုံးနှစ်လုံးနဲ့ သရုပ်ဖော်ထားတာ ရှိတယ်၊ သေတယ်ဆိုတာ **"ခန္ဓာနံ ဘေဒေါ"** တဲ့၊ ခန္ဓာတွေ ပျက်စီးသွားတာကို သေတယ်လို့ ခေါ်တာ၊ ဝိညာဏက္ခန္ဓာ ပျက်စီးသွားတယ်၊ ဝေဒနာက္ခန္ဓာ ပျက်စီးသွားတယ်၊ သညာက္ခန္ဓာ ပျက်စီးသွားတယ်၊ သင်္ခါရက္ခန္ဓာ ပျက်စီးသွားတယ်၊ ရူပက္ခန္ဓာက ကမ္မဇရုပ်တွေ စိတ္တဇရုပ်တွေ အာဟာရဇရုပ်တွေ ပျက်စီးသွားတယ်၊ ဥတုဇရုပ်ကြီးတော့ ကျန်ရစ်တာပေါ့။

ဒါကြောင့်မို့ ရှေးတုန်းကဆိုရင် ရုပ်ကလာပ်ကို ဥတုဇရုပ်ကလာပ်လို့ ဒီလိုရေးတယ်၊ ဥတုကြောင့်ဖြစ်တဲ့ရုပ်ပဲ ကျန်တော့တယ်၊ အားလုံး ဘာတွေပါသွားတုန်းဆိုတော့ ကမ္မဇရုပ်တွေ ပါသွားတယ်၊ စိတ္တဇရုပ်တွေ ပါသွားတယ်၊ အာဟာရဇရုပ်တွေလည်း အသစ် မဖြစ်တော့ဘူး၊ သေသွားလို့ ကျန်နေရစ်တဲ့ရုပ်က ဥတုဇရုပ်တစ်မျိုးပဲ ကျန်ရစ်အတွက်ကြောင့် သေသွားတဲ့ပုဂ္ဂိုလ်ရဲ့ အလောင်းနဲ့ ခုန ရှင်နေတုန်းက ရုပ်နဲ့ မတူတတ်ဘူး၊ တစ်ခါတစ်လေကျလို့ရှိရင် တော်တော်လေး ကွာသွားတယ်၊ ဘာဖြစ်လို့တုန်းဆိုရင် ကမ္မဇရုပ်ကလည်း ချုပ်သွားတယ်၊ စိတ္တဇရုပ်ကလည်း ချုပ်သွားတယ်၊ အာဟာရဇရုပ်ကလည်း ချုပ်သွားတယ်၊ ကျန်တာက ဥတုဇရုပ်

http://www.dhammadownload.com



တစ်မျိုးပဲ ကျန်ရစ်တယ်၊ အဲဒါကို ပြောတာ **ခန္ဓာနံ ဘေဒေါ-** ခန္ဓာတွေ ပျက်စီးသွားတယ်၊ ရူပက္ခန္ဓာက ကမ္မဇရုပ်တွေ ပျက်စီးသွားပြီ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတွေ အားလုံးပျက်စီးသွားတာကို သေတယ်လို့ ခေါ်တယ်။

နောက်တစ်ခု သရုပ်ဖော်တာက **"ကဠေဝရဿ နိက္ခေပေါ"** တဲ့၊ အလောင်းကောင်ကြီးကို ချရတယ်၊ မြှုပ်နှံရတယ်၊ မီးသင်္ဂြိုဟ်ရတယ်၊ **"ကဠေဝရဿ"** ဆိုတာ ရုပ်အလောင်း၊ **"နိက္ခေပ"** ဆိုတာ မြေကြီးထဲ မြှုပ်တာ သို့မဟုတ် ချတာ၊ မီးသင်္ဂြိုဟ်တာပေါ့၊ အဲဒါနဲ့ သေတယ်ဆိုတာကို သရုပ်ဖော်လိုက်တယ်။

အဲဒီနှစ်ခုမှာ **"ခန္ဓာနံ ဘေဒေါ"** လို့ သရုပ်ဖော်တာက ပိုပြီးတော့ သဘာဝတရားဆိုက်ထိတယ်၊ **"ကဠေဝရဿ နိက္ခေပေါ"** ဆိုတဲ့စကားလုံးကျတော့ ရုပ်အလောင်းကြီးကို ချသွင်းမြှုပ်နှံရတယ်၊ ဂူသွင်းမြှုပ်နှံရတယ်လို့ဆိုတာကတော့ အများသိအောင်လို့ သမ္မုတိ-သစ္စာပိုင်းကနေ ပြောလိုက်တဲ့စကား၊ **"ခန္ဓာနံ ဘေဒေါ"** ဆိုတာ ပရမတ္ထသစ္စာပိုင်းက ပြောလိုက်တာ၊ သေတယ်ဆိုတာ ခန္ဓာတွေ ပျက်စီးသွားတာကို ပရမတ္ထသစ္စာအနေနဲ့ ပြောတာ၊ သမ္မုတိအနေနဲ့ ပြောလို့ရှိရင် အသုဘချတာကို ပြောတာ၊ ရုပ်အလောင်းကြီးကို သင်္ဂြိုဟ်မြှုပ်နှံရတာကို ပြောတာတဲ့၊ မြတ်စွာဘုရားက ဒီစကားလုံးလေးနဲ့ သရုပ်ဖော်တာ၊ ပါဠိတော်တွေမှာ ဒီအတိုင်းပဲ ရှင်းထားတယ်၊ ဒါ ရှင်းရှင်းလေးပဲ နားမလည်နိုင်စရာ ဘာမှအကြောင်း မရှိဘူး။

မရဏဆိုတာ ဘာလဲဆိုရင် မြတ်စွာဘုရားက **"ခန္ဓာနံ ဘေဒေါ"** တဲ့၊ ခန္ဓာတို့ရဲ့ ပျက်စီးသွားမှုကို မရဏလို့ ခေါ်တာ၊

http://www.dhammadownload.com



"ကဗဠီကာရ နိကန္တပေါ်" ရုပ်အလောင်းချမှုကိုလည်း မရဏာလို့ ခေါ်တယ်။

## ရုပ်အလောင်း ကျန်မှု မကျန်မှု

အဲဒီတော့ ၃၁-ဘုံမှာရှိတဲ့ သတ္တဝါတွေမှာ အားလုံး ရုပ်အလောင်းကြီး ကျန်ရစ်သလားဆိုတော့ ရုပ်အလောင်းမကျန်ရစ်တာလည်း ရှိတယ်၊ ဥပမာ - ငရဲတို့ ဘာတို့မှာ ရုပ်အလောင်းမကျန်ရစ်ဘူး၊ တစ္ဆေတွေ ပြိတ္တာတွေဟာ လူတွေရဲ့မျက်စိမှာ မရောက်လာဘူး၊ သူတို့ကို လူတွေက မမြင်ရဘူးပေါ့၊ ဒါဖြင့် အဲဒီ တစ္ဆေတို့ သရဲတို့ဆိုတာ ပြိတ္တာပဲပေါ့။

သူတို့ သေသွားတဲ့အခါ အလောင်းချစရာ မရှိဘူးလားဆိုတော့ စာအုပ်တစ်အုပ်က ရေးထားတယ် - တစ္ဆေသေလို့ရှိရင် ပုတ်သင်ညိုအသေကို တွေ့ရတယ်တဲ့၊ အဲဒါ ဟုတ်မဟုတ်တော့ မသိဘူး၊ အတည်ပြုလို့တော့ မရဘူး၊ အဲဒီတော့ အသက်ရှင်တုန်းကမှ လူတွေရဲ့ မျက်စိအောက် မရောက်ဘူးဆိုရင် သေရင်လည်း မရောက်ဘူးပေါ့၊ ရှိတော့ ရှိတယ်, လူ့မျက်စိအောက် မရောက်တာတွေ ရှိတာပဲ၊ လေရှိတယ် ဒါပေမယ့် မျက်စိက မြင်ရရဲ့လား၊ မမြင်ရဘူး။

အဲဒီတော့ ၃၁-ဘုံကျင်လည်ကြတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေထဲက နတ်တွေဆိုတာ "ကဗဠီကာရ နိကန္တပေါ်" ဆိုတာ မရှိဘူး၊ သူတို့မှာ အလောင်းချရတယ်လို့ မရှိဘူး၊ ဒါကြောင့် နတ်ပြည်မှာ သင်္ချိုင်း မရှိဘူး၊ သင်္ဂြိုဟ်စက်လည်း မရှိဘူး၊ ရေခဲတိုက်တွေလည်း မရှိဘူး၊ နတ်တွေရဲ့ခန္ဓာကိုယ်က အလွန်သိမ်မွေ့တယ်၊ သေလို့ရှိရင်

http://www.dhammadownload.com



မီးတောက်လေး ငြိမ်းသွားသလို ငြိမ်းသွားတယ်၊ သေသွားတာနဲ့ တစ်ပြိုင်နက် ဥတုဇရုပ်ဆိုတာ မကြွင်းကျန်ဘူး၊ သူတို့ရဲ့ခန္ဓာကို ကမ္မဇရုပ်က လွှမ်းမိုးထားတယ်။

လူတွေရဲ့သန္တာန်မှာတော့ ဥတုဇရုပ်က လွှမ်းမိုးနေတယ်၊ ဟုတ်တာပေါ့။ ကံတွေနဲ့ ပေးတုန်းက ကလလရေကြည်ဆိုတာ အင်မတန်သေးတဲ့ဟာလေးပဲ၊ နောက်ပိုင်းရောက်တဲ့အခါကျတော့ တဖြည်းဖြည်း ကြီးထွားလာတာ၊ အစာတွေ စားရင်း စားရင်းနဲ့ ကြီးလာတာဆိုတော့ လူတွေရဲ့ရုပ်က ရုပ်ကြမ်းတွေက များလာတာကိုး၊ များလာတော့ သေတော့ ဒါကြီးကျန်ရစ်တာပေါ့။

နတ်တွေကျတော့ သူတို့ရဲ့ ခန္ဓာကိုယ်ကိုက ကံက ဖန်တီးပေးထားတာသက်သက်ဆိုတော့ ကမ္မဇရုပ်ချုပ်သွားတာနဲ့ တစ်ပြိုင်နက် အကုန်လုံးချုပ်သွားတယ်၊ အဲဒီတော့ နတ်ပြည်မှာ အသုဘချရတာ မရှိဘူး၊ ဗြဟ္မာ့ပြည်မှာလည်း ဗြဟ္မာအလောင်းဆိုတာ မရှိဘူးပေါ့။ သေသွားတာနဲ့ တစ်ပြိုင်နက် ပျောက်သွားတယ်လို့ ဒီလို မှတ်ရမယ်၊ အဲဒီဘုံတွေကို ကြည့်ပြီးတော့ **"ခန္ဓာနံ ဘေဒေါ"** လို့ မြတ်စွာဘုရားက ဟောတယ်လို့ အဓိပ္ပါယ်ယူလည်း ရတယ်။

လူတွေကို ကြည့်ပြီးတော့ **"ကဠေဝရဿ နိက္ခေပေါ"** လို့ ဟောတယ်လို့ ယူလို့ ရတယ်ပေါ့။ လူတွေကျတော့ အလောင်းက ချနေရသေးတယ်၊ ၃၁-ဘုံကို cover ဖြစ်အောင်လို့ မြတ်စွာဘုရားက ဒီမရဏဆိုတဲ့ စကားလုံးကို သရုပ်ဖော်ပြတယ်။

ကောင်းပြီ **"ဇာတိပစ္စယာ ဇရာမရဏံ"** - မွေးဖွားလာလို့ရှိရင် တဖြည်းဖြည်း အိုမင်းရင့်ရော်လာခြင်းဆိုတဲ့ ဇရာ၊ နောက်ဆုံး သေဆုံးရခြင်းဆိုတဲ့ မရဏ- ဒါနဲ့ပဲ ဘဝတစ်ခုဟာ အဆုံးသတ်ရ

http://www.dhammadownload.com



တယ်၊ ဇာတိရှိလို့ ဇရာမရဏ ဖြစ်ရတယ်ဆိုတာ ဥပနိဿယသတ္တိနဲ့ ဖြစ်လာတာ။

## ဇာတိဖြစ်ရင် ဇရာမရဏ ဖြစ်၏

အဲဒီနောက်ဆက်အနေနဲ့ ဇာတိဖြစ်လာလို့ရှိရင် ဇရာမရဏဆိုတာ သေချာပေါက်အကျိုးတစ်ခုအနေနဲ့ မြတ်စွာဘုရားက ဟောတာ၊ လူဖြစ်ဖြစ် နတ်ဖြစ်ဖြစ် ဗြဟ္မာပဲဖြစ်ဖြစ် ဇာတိရှိရင် နောက်က ဇရာနဲ့ မရဏက လာမှာပဲ။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ရဲ့ ရုပ်ခန္ဓာကိုယ်တော်ကြီးဟာ ပါရမီပုံရိပ် အမှတ်တံဆိပ်နဲ့ အင်မတန်မှ သပ္ပါယ်တဲ့ ခန္ဓာကိုယ်ဖြစ်ပေမယ့်လို့ အသက် ၇၀-ကျော်လာလို့ ၈၀-ထဲရောက်လာတဲ့အခါ တစ်ခုသောနေ့မှာ မြတ်စွာဘုရားက အရှေ့ဖက်ကို လှည့်ပြီး ထိုင်နေတယ်၊ ကျောပေါ်က သက်န်းလေးက အောက်ကို ကျနေတော့ ရှင်အာနန္ဒက အနားနားမှာ ထိုင်နေရင်း ကျောမှာ အရေကလေးတွေ တွန့်နေတာကို တွေ့တယ်၊ တွေ့တဲ့အခါ မြတ်စွာဘုရားကို လျှောက်တယ်၊ "အံ့ဩစရာကောင်းလိုက်တာ၊ ဇရာတရားက အရှင်ဘုရားခန္ဓာကိုယ်မှာလည်း အရေကလေးတွေ တွန့်နေပြီ"တဲ့၊ တွန့်ရောပေ့၊ အသက် ၇၀-ကျော် ၈၀-ဆိုတာ၊ ဘုရားလည်း အရေတွန့်တာပဲ။

အဲဒီမှာ မြတ်စွာဘုရားက -

**"ဓိတံ ဇမ္မိ ဇရေ အတ္ထု၊**

**ဒုဗ္ဗဏ္ဏကရဏီ ဇရေ။"**

"အိုခြင်းတရားက လူကို အရုပ်ဆိုးအောင် လုပ်တာ" တဲ့။

http://www.dhammadownload.com



ဟုတ်လိုက်လေနော် - သွားတွေ ကျိုးသွားလို့ရှိရင် တချို့ ပါးတွေ နှစ်ဖက်စလုံး ချိုင့်သွားပြီးတော့ မေးစေ့ကြီးက ရှေ့ထိုးလာတယ်၊ ခုခေတ်တော့ အဲဒီလို မဖြစ်တော့အောင် သွားစိုက်ဆိုင်သွားပြီး စိုက်ထားကြတာကိုး၊ နို့မို့ဆို လူတွေက သွားတွေ အကုန်ကျိုးသွားလို့ရှိရင် သွားတွေ မပါတော့ဘူးဆိုရင် အတော်အရုပ်ဆိုးတာနော်၊ လူတိုင်းတော့ မဟုတ်ဘူး၊ တချို့ကျတော့ ပိုအရုပ်ဆိုးသွားတယ်၊ သွားတွေ ကျိုးလို့ရှိရင် မေးစေ့ကြီးက ချွန်ပြီး ရှေ့ထိုးလာတယ်၊ အဲဒီတော့ စကားပြောတော့လည်း နှုတ်ခမ်းသားလေးနဲ့ သွားဖုံးကလေးနဲ့ ပြောတာဆိုတော့ မပီကလာပီကလာတွေ ဖြစ်လာတယ်၊ အဖိုးကြီးအမယ်ကြီးတွေမှာ ဒီလိုဖြစ်ရတာ၊ အဲဒါကို ပြောတာ "ဒုဗ္ဗဏ္ဏကရဏီ ဇရေ" - "ဇရာတရားဟာ လူကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်တယ်"။

ဘယ်သဘာဝတရားပဲဖြစ်ဖြစ် အိုခြင်းနဲ့ လာပြီး ဆုံစည်းရတယ်၊ ရုပ်တရားတွေကျတော့ အိုခြင်းဆိုတာ အင်မတန်မှ ထင်ရှားတယ်၊ နာမ်တရားတွေကျတော့ အိုခြင်းဆိုတာကို မတွေ့ရဘူး၊ မတွေ့ရတာလည်း ပုံသဏ္ဌာန်မရှိလို့ မတွေ့ရတာ၊ သို့သော် မပျက်ခင်ကလေးမှာ အိုခြင်းဆိုတာ ရှိတာပဲ၊ အဲဒါကို "ဌီ" လို့ ခေါ်တာပေါ့နော်၊ "ဥပါဒ် ဌီ ဘင်" ဖြစ် တည် ပျက်ဆိုတဲ့ ခဏငယ် ၃-ခုနဲ့ အရာခပ်သိမ်းဟာ ဒီလိုပဲ သွားနေတာချည်းပဲ၊ ဖြစ်လာတယ်, ပျက်သွားတယ်, မပျက်ခင် စပ်ကြားလေးမှာ ရပ်တန့်သွားတယ်၊ ဒါလေးကို ဆိုလိုတာ၊ အဲဒီ မပျက်ခင် စပ်ကြားလေး ရပ်တန့်သွားတာကို "ဌီ" လို့ ခေါ်တာပဲ၊ "ဌီတိ" ဆိုတာကိုက ရပ်သွားတာကို ပြောတာ။

http://www.dhammadownload.com



ခဲလေးတစ်လုံး ကောက်ပြီးတော့ ကောင်းကင်ကို မြှောက်ကြည့်ပါလား၊ မြှောက်လိုက်လို့ရှိရင် အပိုင်းနှစ်ပိုင်း တွေ့ရလိမ့်မယ်၊ မြှောက်လိုက်တဲ့အချိန်မှာ မြှောက်လိုက်တဲ့အရှိန်နဲ့ ခဲလေး အပေါ် တက်နေတဲ့အပိုင်း ရှိတယ်၊ အရှိန်ကုန်ရင် ပြန်ကျတဲ့အပိုင်း ရှိတယ်၊ တက်နေတာရယ် ပြန်ကျတာရယ်၊ မမြင်ရဘူးလား၊ အေး မကျခင် စပ်ကြားလေးမှာ ရပ်သွားတယ် ဆိုတာလေးလည်း ရှိသေးတယ်၊ အဲဒီရပ်သွားတဲ့အပိုင်းလေးကို "ဌီတိ" လို့ ခေါ်တာပဲ၊ အတက်နဲ့ အကျတင် ရှိတာ မဟုတ်ဘူး၊ တက်တာရပ်သွားတဲ့အပိုင်းလေးက ခဏလေး ရှိသေးတယ်ပေါ့၊ အဲဒီ moment ကို "ဌီတိ" လို့ ပြောတာပဲ။

ရုပ်တရားတွေမှာလည်း ဒီအတိုင်းပဲ၊ ရုပ်တရားတွေကျတော့ ဖြစ်လာတဲ့အချိန်လေးက တိုတောင်းတယ်၊ ပျက်သွားတဲ့အချိန်လေးက တိုတောင်းတယ်၊ တည်တန့်တဲ့အချိန်က ရှည်လျားတယ်၊ နာမ် တရားတွေကျတော့ ဖြစ်တာရယ် တည်တန့်တာရယ် ပျက်သွားတာရယ် ၃-မျိုးလုံး တူညီတဲ့အချိန်ပိုင်း ရှိတယ်ပေါ့။

ရုပ်တရားတွေကျတော့ မတူညီဘူး၊ ဖြစ်တဲ့အချိန်လေးက တိုတယ်၊ ပျက်တဲ့အချိန်လေးက တိုတယ်၊ ရုပ်တည်နေတဲ့အချိန်က ရှည်လျားတယ်တဲ့၊ ဒါ့ကြောင့်မို့ ရုပ်တရားတွေက ကြာကြာရှိ နေတယ်ပေါ့၊ အေး အဲဒါကို ပဋိစ္စသမုပ္ပါဒ်နဲ့ သတ္တဝါတွေရဲ့ဘဝကို မြတ်စွာဘုရားက ရှင်းပြတဲ့အခါမှာ **"ဇာတိပစ္စယာ ဇရာမရဏံ"** လို့ ဇာတိရှိလာရင် သေချာရှိမယ့်အချက်တွေက ဘာလဲဆိုရင် ဇရာနဲ့ မရဏ ဖြစ်တယ်လို့ ဒီလိုဟောတာ။

http://www.dhammadownload.com



## "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ"

အဲဒီနောက်မှာ ဆက်ပြောတာက **"သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ"** လို့ နှစ်ပိုင်းခွဲထားတယ်၊ ဇာတိရှိလို့ ရှိရင် သောက ပရိဒေဝတို့ ဒုက္ခတို့ ဒေါမနဿတို့ ဥပါယာသတို့ လာလိမ့်မယ်၊ အဲဒါက လူတိုင်းမှာ မလာဘူး၊ ဒါ့ကြောင့်မို့ လူတိုင်းမှာ လာတာမဟုတ်သည့်အတွက်ကြောင့် **"ဇာတိပစ္စယာ ဇရာမရဏံ"** ဆိုတာကို အဓိကထားဟောတာ။

အေး တချို့လည်း သတ္တဝါတွေထဲမှာ သောကမရှိတဲ့ပုဂ္ဂိုလ်လည်း ရှိနိုင်တာပဲ၊ မွေးဖွားလာပေမယ့် အိုခြင်း နာခြင်း သေခြင်း ဆိုတာတော့ ရှိမယ်၊ သို့သော် သောကမဖြစ်ဘူး ဆိုတာ- ဆိုပါစို့ - ရဟန္တာတွေကျတော့ သောကဘယ်ဖြစ်မလဲနော်၊ ပရိဒေဝ - လောကမှာ မငိုရတဲ့ပုဂ္ဂိုလ်လည်း ရှိကောင်း ရှိနိုင်တယ်ပေါ့၊ ပြောလေ့ ရှိကြတယ်၊ လူ့ဘဝရောက်လာတာ ကလေးလေးတွေဟာ ငိုပြီးတော့ ရောက်လာကြတာ၊ သေသွားတဲ့အခါ သူက မငိုနိုင်တော့ ဘေးက လူတွေက ငိုပြီးတော့ လွှတ်လိုက်တယ်။

အဲဒါနဲ့ ပတ်သက်ပြီးတော့ လောကမှာ လူ့ဘဝရရချင်း မငိုဘဲနဲ့ မွေးတဲ့ကလေး ရှိသလားလို့ ဘုန်းကြီး တစ်ခါတုန်းက စဉ်းစားမိတယ်၊ လောကရဲ့အစဟာ ငိုခြင်းနဲ့ပဲ စလာတာ၊ အဲဒီတော့ မငိုဘဲနဲ့ လောကထဲ ရောက်လာတဲ့လူ ရှိသလားလို့ ဂျာမဏီမှာတုန်းက အဘိဓမ္မာသင်ရင်း အဲဒီမေးခွန်းလေးကို မေးလိုက်တယ်၊ ဂျာမန်အမျိုးသမီးတစ်ယောက်က "ရှိတယ် ဘုရား" လို့ ဖြေတယ်၊ သူကိုယ်တွေ့မို့ ပြောတာလားတော့ မသိဘူးနော်။

http://www.dhammadownload.com



မြန်မာပြည်မှာတော့ မွေးပြီဟေ့ ဆိုရင် အော်ဟစ်လာတာပဲ၊ မငိုရင်လည်း ရိုက်တယ် ထင်တယ်၊ ကျောထုပေးတာတို့၊ အဲဒီတော့ ငိုကိုငိုရတဲ့သဘော ရှိတယ်ပေါ့၊ ငိုခြင်းနဲ့စပြီး လောကကြီးထဲ ရောက်လာခဲ့ကြတယ်၊ ဒီတော့ လောကကြီးထဲ ရောက်လာတာကိုက အငိုနဲ့ စ,တာ ဘယ်ကောင်းမလဲ၊ လူ့ဘဝရောက်လာတာ ငိုပြီးတော့ ရောက်လာတာ ဖြစ်နေပြီနော်၊ ဒါပေမယ့် လူတိုင်းတော့ မဟုတ်ဘူးလို့ ပြောရမှာပေါ့၊ ဟုတ်တာပေါ့- ဘုရားအလောင်းလေးတော့ အဲဒီလို ငိုထွက်လာတာ မဟုတ်ဘူး။

## ဘုရားအလောင်းတော်လေး၏ ဘဝအစ

ဘုရားအလောင်းလေး မွေးဖွားတဲ့အခါမှာ မယ်တော်က မတ်တပ်ရပ်လျက် မွေးဖွားတာ၊ ဒါ သူများနဲ့ မတူတဲ့ အချက်၊ မိခင်လုပ်သူက မွေးဖွားတဲ့အခါမှာ မတ်တပ်ရပ်လျက် မွေးဖွားတာ၊ ဘုရားအလောင်းလေးက မွေးဖွားလာတဲ့အခါမှာ ပထမဆုံး နတ်တွေက ဖမ်းယူလိုက်တယ်ပေါ့၊ နတ်တွေလက်ထဲ ရောက်တယ်၊ လူမမြင်ရတဲ့နတ်တွေ၊ ပြီးတော့မှ လူတွေလက်ထဲ ရောက်တယ်၊ ပြီးတော့မှ မြေကြီးပေါ်မှာ ခြေစုံရပ်ပြီးတော့ ၇-လှမ်း လှမ်းတယ်၊ ပြီးတော့ စကားပြောတယ်ဆိုတာ အားလုံး ဗုဒ္ဓဝင်ဖတ်ဖူးကြလိမ့်မယ်၊ ဒါက အင်မတန်ထူးခြားတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ပေါ့နော်။

မွေးမွေးချင်း မငိုဘဲနဲ့ စကားပြောတာက ရှိသေးတယ်လေ၊ ဘုရားအလောင်းမှာ မွေးမွေးချင်း စကားပြောတာ သုံးဘဝရှိတယ်လို့ ဆိုတယ်၊ မဟောသဓာတ်တော်မှာ လာတဲ့အခါ ဘုရားအလောင်းလေးက မွေးမွေးချင်း သူ့လက်ထဲမှာ နတ်ဆေးကလေး

http://www.dhammadownload.com



ပါလာတယ်၊ မွေးမွေးချင်း စကားပြောတယ်၊ သူ့အမေကို အဲဒီ ဆေးလေး ပေးတယ်၊ ဒါကြောင့် **မဟောသဓ** - မဟာ + ဩသဓ - ကောင်းမြတ်တဲ့ဆေး ရှိသူ၊ ဆေးကို ယူဆောင်လာတဲ့သားဆိုတဲ့ အဓိပ္ပါယ်အနေနဲ့ "မဟောသဓ" လို့ နာမည်ပေးတာ၊ ဩသဓ ဆိုတာ ဆေးပေါ့နော်၊ အဲဒါလည်း မဟောသဓဘဝမှာ ဆိုလို့ရှိရင် မွေးမွေးချင်း ဆေးကလေးကို ပြပြီးတော့ စကားပြောလို့ သူ့ကို မွေး မွေးချင်း စကားပြောတယ်လို့ ပြောတယ်။

တစ်ခါ ပါရမီတော်တွေဖြည့်လို့ ပါရမီပြည့်တဲ့ နောက်ဆုံး ဘဝမှာဆိုရင် ဝေဿန္တရာဖြစ်တယ်၊ နန်းတော်မှာမွေးတာ မဟုတ် ဘူး၊ မြို့လှည့်လည်ရင်းကနေ ကုန်သည်တွေနေတဲ့လမ်းကို ကျော် လွန်ပြီးတော့ အဲဒီဖြတ်အကူးလေးမှာ မွေးဖွားတာဖြစ်လို့ သူ့ကို **"ဝေဿန္တရ"** လို့ ခေါ်တာ၊ **ဝေဿ** ဆိုတာ ကုန်သည်ပဲ၊ **တရ** ဆိုတာ ကုန်သည်လမ်းကို ဖြတ်ကျော်ပြီးတော့ မွေးတာဖြစ်လို့ သူ့ ကို ဝေဿန္တရာလို့ အမည်ပေးထားတာ၊ ဝေဿန္တရာမွေးတော့ လည်းပဲ လက်ဖဝါးလေး ဖြန့်ပြီးတော့ မိခင်ကို တောင်းတယ်တဲ့၊ "ဘာလှူစရာရှိတုန်း၊ သူများကို ပေးချင်တယ်" ပေါ့၊ "ဘာ ပေးစရာ ရှိတုန်း သူ့ကို ပေးပါ"တဲ့၊ ဒါကြောင့်မို့ ဝေဿန္တရာတဲ့၊ အင်မတန်မှ အလှူရေစက် လက်နဲ့မကွာဆိုတာ သူမှ အစစ်ပဲ၊ နောက်ဆုံးပါရမီ ဖြည့်သွားတာ၊ ဒါနကိုပဲ အကြီးအကျယ်ဖြည့်သွားတာ ဝေဿန္တရာ ဘဝမှာနော်၊ ဘုရားအလောင်းတွေ ပါရမီ စ,ဖြည့်တာလည်းပဲ ဒါန နဲ့ပဲ ဖြည့်တယ်၊ နောက်ဆုံး ဖြည့်သွားတာလည်းပဲ ဒါနပဲ။

အေး ဘုရားအလောင်းဘဝမှာ မဟောသဓဘဝရယ်, ဝေဿန္တရာဘဝရယ်, သိဒ္ဓတ္ထမင်းသားဘဝရယ်လို့ မွေးမွေးချင်း

http://www.dhammadownload.com



စကားပြောတာ သုံးဘ၀ရှိတယ် - ဒီလိုမှတ်တမ်း ရှိတယ်ပေါ့၊ ကျန်တဲ့ဘ၀လည်း ရှိချင်ရှိဦးမှာပေါ့၊ အဲဒီလို ထူးခြားတဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။

ဒါကြောင့် **"ဇာတိပစ္စယာ ဇရာမရဏံ"**ဆိုတာတော့ သေချာပေါက်ဖြစ်သည့်အတွက်ကြောင့် အဲဒါကိုဟောပြီး သောက ပရိဒေ၀ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ ရင်ထဲမှာ အခံရခက်တဲ့သဘာ၀တရားတွေဟာလည်း မွေးဖွားလာလို့ရှိရင် လူတွေ ကြုံတွေ့နိုင်တဲ့ဆင်းရဲဒုက္ခတွေပဲလို့ ဆိုပြီးတော့ အဲဒါတွေလည်း ဖြစ်လာနိုင်တယ်လို့ ပြောတာနော်။

**သောက**

အဲဒီမှာ **သောက** ဆိုတာ ဘာတုန်းလို့ဆိုရင် တစ်စုံတစ်ခု ပျက်စီးဆုံးရှုံးတော့မယ်ဆိုရင် သောကဖြစ်တယ်၊ ပျက်စီးဆုံးရှုံးသွားပြီ ဆိုရင်လည်း သောကဖြစ်တယ်၊ သောကဆိုတာ စိုးရိမ်တာ၊ ကိုယ့်အတွက်လည်း စိုးရိမ်တယ်၊ ကိုယ့်ရဲ့ပတ်၀န်းကျင်အတွက်လည်း စိုးရိမ်တယ်၊ ပစ္စည်းဥစ္စာတွေအတွက်လည်း စိုးရိမ်တယ်၊ တစ်ခုခုဖြစ်တဲ့အခါကျတော့ လူတွေကပြောကြတယ် မဟုတ်လား- စိတ်ပူတယ်၊ တစ်စုံတစ်ခု ဖြစ်တော့မယ်၊ ဥပမာ- ရောဂါရတယ်၊ ရောဂါအကြောင်း ကြားရင် စိတ်ပူတယ်၊ အဲဒါသောကပဲ၊ worry လို့ ခေါ်တယ်၊ အဲဒါဟာ ၀မ်းနည်းကြေကွဲစရာတွေနဲ့ ကြုံတွေ့တဲ့အခါမှာ သောကဆိုတာ ဖြစ်ပေါ်လာတတ်တယ်၊ လူအများစုမှာတော့ ဖြစ်တယ်ပေါ့၊ ဒါ့ကြောင့် ဇာတိရဲ့အကျိုးဆက်အနေနဲ့ သောကကို ပြတယ်။

http://www.dhammadownload.com



**ပရိဒေဝ**

အဲဒီသောကကို မထိန်းနိုင်လို့ရှိရင် အသံထွက်လာတာ၊ ငို ယိုတဲ့အသံနော်၊ အမျိုးစုံငိုတယ်လို့ ပြောတာပဲ၊ တချို့ဆို ဖွဲ့ဖွဲ့နွဲ့နွဲ့ ငိုနေတာ၊ ရိုးရိုးငိုတာ မဟုတ်ဘူး၊ ငယ်ငယ်တုန်းက ကြားဖူးလိုက် တယ် - ဓမ္မကထိကဆရာတော် တစ်ပါးဟောတဲ့အထဲမယ် ကြားဖူး လိုက်တယ်၊ သမီးလေးသေတဲ့အခါကျတော့ အမေလုပ်တဲ့လူက ငိုတာ ရိုးရိုးမငိုဘူး၊ "အမလေး သမီးရဲ့ - ကင်မုံသီးလို ပြားပြားကြီးနော်" တဲ့၊ သူ့သမီးလေးက အလောင်းပြင်ထားတဲ့အခါကျတော့ အဲဒီမှာ ပြားပြားချပ်ချပ်ဖြစ်နေတာကို ကင်မုံသီးလိုဆိုတော့ အနားနားရှိတဲ့ သမီးက တတောင်နဲ့ တို့တယ်၊ "အမေ ကင်မုံသီးဆိုတာ အလုံးကြီး" တဲ့၊ အဲဒီတော့ သူငိုတာနဲ့ မှားနေတယ်၊ အဲဒါကို သူက မလျှော့ဘူး၊ "ထုပြီးမှ့ပါအေ" လို့ ပြောတယ်၊ ကြဲကြဲဖန်ဖန်နော်၊ အဲဒါမျိုးကို ပရိဒေဝလို့ ခေါ်တယ်။

**ဝစီဝိပ္ပလာပ**တဲ့- ပါးစပ်က ထွက်မိထွက်ရာတွေ လျှောက် ပြောတာ၊ သောကတွေ ဖြစ်ပြီးတဲ့အခါကျတော့ အသံက ပြောချင် ရာတွေ လျှောက်ပြောလာတာ၊ အဲဒါ ပရိဒေဝလို့ ခေါ်တယ်၊ စိတ္တဇ သဒ္ဒဆိုတဲ့ရုပ်ကို ကောက်တယ်၊ ပရိဒေဝဆိုတာ အသံကိုပဲ ကောက် တယ်၊ သောကဖြစ်လာလို့ မထိန်းနိုင်လို့ရှိရင် ပါးစပ်က ပြောချင်ရာ တွေ လျှောက်ပြောတဲ့ အသံတွေ၊ ငိုယိုတဲ့ အသံတွေ အဲဒါတွေကိုပဲ ပရိဒေဝလို့ ခေါ်တယ်။

http://www.dhammadownload.com



## ဒုက္ခနဲ့ ဒေါမနဿ

နောက်တစ်ခုက ဒုက္ခနဲ့ ဒေါမနဿတဲ့၊ ဒုက္ခဆိုတာ သွားကိုက်တာတို့ နားကိုက်တာတို့ ခါးကိုက်တာတို့ စတဲ့ ကိုယ်ဆင်းရဲမှုတွေ၊ ဒေါမနဿဆိုတာကတော့ စိတ်ဆင်းရဲမှုတွေ၊ တရားကိုယ်အားဖြင့် ပြောမယ်ဆိုလို့ရှိရင် သောကကလည်း ဒေါမနဿဝေဒနာပဲ၊ ခံရခက်တဲ့ စိတ်ဆင်းရဲမှုပဲ၊ ဒေါမနဿကလည်း ဒေါမနဿဝေဒနာပဲ။

ဘာဖြစ်လို့ ဒေါမနဿဝေဒနာကို နှစ်မျိုးထည့်ဟောရတာလဲ လို့ဆိုရင် သောကဆိုတာ ဆုံးရှုံးမှုနဲ့ ပတ်သက်ပြီးတော့ ဖြစ်တဲ့ စိုးရိမ်မှုကို ပြောတာ၊ ဆုံးရှုံးတော့မယ် -သို့မဟုတ်- ဆုံးရှုံးသွားပြီ ဆိုလို့ရှိရင် သောကဆိုတာ ဖြစ်တာ၊ ဒေါမနဿဆိုတာ အဲဒီလို မဟုတ်ဘူး၊ ဆုံးရှုံးတာနဲ့ မဆိုင်ဘူး၊ စိတ်ဆိုးလို့ရှိရင်လည်း စိတ်ထဲမှာ မကျေမနပ်ဖြစ်တာ - အဲဒါ ဒေါမနဿ၊ ဒါကြောင့် ဒုက္ခနဲ့တွဲပြီး ဒေါမနဿလို့ ဟောတာ။

## ဥပါယာသ

နောက်ဆုံး **ဥပါယာသ** ဆိုတာကျတော့ ပေါက်ကွဲလာတဲ့ ပြင်းထန်တဲ့ဒေါသ၊ လူကို ပင်ပန်းသွားစေတတ်တဲ့ ဒေါသမျိုး၊ တချို့ကျတော့ ဒေါသကြီးလွန်းအားကြီးတဲ့အခါ ပေါက်ကွဲသွားတတ်တာတွေ ရှိတယ်၊ ကိုယ့်ဒေါသ ကိုယ်မထိန်းနိုင်တဲ့လူ နောက်ဆုံးကျတော့ အသံတောင် မထွက်နိုင်တော့ဘူး၊ အော်ရင်း ဟစ်ရင်း ခုန်ရင်း ပေါက်ရင်းနဲ့ အသံကို မထွက်တော့ဘူး၊ အဲဒါ ဥပါယာသ ဖြစ်သွားတာ။

http://www.dhammadownload.com



အဲဒီလို အခြေအနေဆိုးတွေ ကြုံတွေ့ရတာဟာလည်းပဲ ဇာတိကြောင့် ဖြစ်တာပါ။ ပဋ္ဌာန်းနည်းနဲ့ ပြောမယ် ဆိုလို့ရှိရင် ဒါ **ဥပနိဿယသတ္တိ** ပဲ၊ ဥပနိဿယသတ္တိကြောင့်မို့လို့ ဒါတွေ အမျိုးမျိုး လာတယ်၊ ဒါ ဇာတိနဲ့ပတ်သက်ပြီး ပြောရင် ဥပနိဿယသတ္တိ၊ အကြောင်းတွေနဲ့ ပတ်သက်ပြီးတော့ ပြောလို့ရှိရင်နော်။

ဒါကြောင့်မို့ ပါဠိက အမှန်ဆိုတဲ့အခါမှာ ပဋိစ္စသမုပ္ပါဒ်မှာ **"ဇာတိပစ္စယာ ဇရာမရဏံ"** လို့ ဆိုရမယ်၊ ဒါက ဝါကျ၊ ဝိဘတ် အဆုံးသတ်ထားတာ၊ ပြီးတော့မှ **"သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ"**၊ တချို့က "ဇရာမရဏံ"လို့ မဆိုဘဲနဲ့ "ဇရာမရဏ သောက ပရိဒေဝ" အဲဒီလို ဆိုတာလည်း ရှိတယ်၊ မဟုတ်ဘူး၊ အမှန်က **"ဇာတိပစ္စယာ ဇရာမရဏံ"**၊ ဒါ မရှောင်လွှဲနိုင်တဲ့ အရာတစ်ခုကို ပြောတာ။

ဈေးဝယ်တာလိုပေါ့၊ ဈေးဝယ်ရင်းနဲ့ အဆစ်ကလေး တောင်းကြသေးတာပဲလေ၊ အဲဒါလိုပဲ နောက်ဆက်တွဲ အဆစ်လေးက **"သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ"** တဲ့၊ အဲဒါတွေလည်း ဖြစ်လာမယ်လို့ ဒီလို မြတ်စွာဘုရားက ဟောတာ၊ ပေါင်းလိုက်တဲ့အခါကျတော့ **"ဓဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ"** တဲ့၊ **"ကေဝလဿ** - ဘာနဲ့မှ မရောဘူး"၊ **"ဒုက္ခက္ခန္ဓဿ** - ဆင်းရဲဒုက္ခသက်သက်" လို့ ဟောတာ၊ "ခုပြောတဲ့ ဆိုင်ရာဆိုင်ရာ အကြောင်းတွေကြောင့် ဒုက္ခအစုဟာ ဒီလိုဖြစ်ပေါ်လာရတယ်" လို့ ဒီလိုဟောတယ်။

http://www.dhammadownload.com



## ပဋိစ္စသမုပ္ပါဒ်ကို သဘာဝတရား ၁၂-ခုဖြင့် ပုံဖေါ်ပုံ

ဒီတော့ ပဋိစ္စသမုပ္ပါဒ်ကို ကြည့်မယ်ဆိုလို့ရှိရင် မြတ်စွာဘုရားက မှားယွင်းတဲ့အယူအဆတွေကို တားမြစ်ဖို့အတွက် သဘာဝတရား ၁၂-ခုကို အသုံးပြုပြီး ရှင်းတာ၊ ဘဝတစ်ခုကို သရုပ်ဖော်သွားတာ၊ သဘာဝတရား ၁၂-ခု ဆိုတာ အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏပေ့ါ၊ ဒီသဘာဝတရား ၁၂-မျိုးကို ပင်တိုင်ထားပြီးတော့ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ရှင်းတယ်တဲ့။

## အယူမှားတို့ကို တားမြစ်ပုံ

အဲဒီမှာ "**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**" လို့ ဒီလိုဟောလိုက်သဖြင့် မြတ်စွာဘုရားက ဒီစကားနဲ့ ပတ်သက်ပြီးတော့ ဘာကို တားမြစ်သလဲ?

လောကလူတွေက ဘယ်လိုယုံကြည်နေသလဲလို့ ဆိုရင် "ဘဝတစ်ခု ရလာတာဟာ ထာဝရဘုရားကြီးက ဖန်ဆင်းလို့၊ ဘုရားသခင်အလိုတော်ကျ လူလာဖြစ်ရတယ်" ဆိုတဲ့ အယူအဆဟာ အင်မတန်မှ ကြီးမားတဲ့အယူအဆတစ်ခုပဲ, ဖန်ဆင်းရှင်ဝါဒ၊ အိန္ဒိယ Philosophy တွေ ကြည့်မယ်ဆိုလို့ရှိရင် အဲဒါတွေက အင်မတန်မှ ထင်ရှားတယ်၊ အိန္ဒိယ Philosophy တွေမှာ ဗြဟ္မာကြီးက ဖန်ဆင်းတာ, "ဣဿရနိမ္မာန" ဗြဟ္မာကြီးကနေ ဖန်ဆင်းလို့ လောကလူတွေဆိုတာ ဖြစ်လာတာ၊ အဲဒီအယူအဆဟာ လူတွေ ခေါင်းထဲမှာ စွဲနေတယ်။

http://www.dhammadownload.com



စွဲနေသည့်အတွက်ကြောင့် မြတ်စွာဘုရားက "**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**" လို့ ပြောလိုက်လို့ရှိရင် အေး - ဖန်ဆင်းရှင်ဆိုတာ မရှိဘူးတဲ့၊ ဟောဒီသဘာဝတရားပဲ ရှိတယ်၊ "အဝိဇ္ဇာကြောင့် ကံတရားတွေ ဖြစ်လာတယ်"၊ သင်္ခါရဆိုတဲ့စကားလုံးကို သုံးတာကိုကြည့်- မသိမှုအဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တယ်။

သင်္ခါရဆိုတဲ့အဓိပ္ပါယ်က ဖန်ဆင်းခြင်း, ပြုပြင်စီမံခြင်းဆိုတဲ့ အဓိပ္ပါယ်ရတယ်၊ အဲဒီတော့ သင်္ခါရဆိုတဲ့စကားလုံးကို ရွေးသုံးထားတာကို ကြည့်၊ "**အဝိဇ္ဇာပစ္စယာ ကမ္မံ**" လို့ မသုံးဘဲနဲ့ "**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**" လို့ သုံးထားတာ၊ ဘဝတစ်ခုကို ဖန်ဆင်းတာဟာ ဘယ်သူက ဖန်ဆင်းတာလဲဆိုရင် အဝိဇ္ဇာကြောင့် ဘဝကို ဖန်ဆင်းတတ်တဲ့ သင်္ခါရဆိုတာ ပေါ်လာတယ်လို့ - ဒီလိုပြောလိုတာ၊ ဖန်ဆင်းရှင်ဆိုတာ မရှိဘူး၊ အဝိဇ္ဇာကြောင့် ဘဝတစ်ခုကို တည်ဆောက်တတ်တဲ့ သင်္ခါရဆိုတာ ဖြစ်လာရတယ်လို့ ဒီလိုဟောတာ။

အဲဒီစကားလုံးဖြင့် မြတ်စွာဘုရားက ဘာကို ပယ်ဖျက်သလဲဆိုရင် လူတွေရဲ့ခေါင်းထဲမှာ စွဲနေတဲ့ "**ကာရက** လို့ ဆိုတဲ့ ပြုလုပ်တဲ့ ဖန်ဆင်းတဲ့ပုဂ္ဂိုလ်ရှိတယ်"ဆိုတဲ့ ယူဆချက်ကို မြတ်စွာဘုရားက ပယ်ဖျက်လိုက်တာပဲ။

နောက်တစ်ခုက "**သင်္ခါရပစ္စယာ ဝိညာဏံ**" လို့ ဟောလိုက်သဖြင့် ဘာကို ပယ်ဖျက်တာလဲဆိုရင် "သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်" လို့ ပြောလိုက်တာနဲ့ပဲ "အတ္တဟာ ဒီဘဝကသေပြီး နောက်ဘဝကို ကူးလာတယ်" ဆိုတဲ့ အယူအဆတစ်ခုကို ပယ်ဖျက်လိုက်တာပဲ။

http://www.dhammadownload.com



ကံတရားကနေပြီးတော့ ဝိညာဏ်ကို ထုတ်လုပ်ပေးလိုက်တယ်ဆိုကတည်းက ကူးလာတာ မဟုတ်ဘူးဆိုတာ ထင်ရှားတယ်လေ၊ ကူးလာတာ မဟုတ်ဘူး, ကံတရားကြောင့် ဝိညာဏဖြစ်လာတာ၊ အတိတ်ဘဝက ဝိညာဏ်လေးက ဒီကို ကူးလာတာ မဟုတ်ဘူးလို့ ပြောတာ၊ **"သင်္ခါရပစ္စယာ ဝိညာဏံ"**ကို ကြည့်မယ်ဆိုလို့ရှိရင် "ကံတရားကနေ ဖန်တီးပေးတာ"လို့၊ "ဘဝတစ်ခုကနေ တစ်ခု ဝိညာဏ်လေးက ကူးပြောင်းပြီးတော့ သံသရာထဲမှာ လည်နေတယ်" ဆိုတဲ့ အယူအဆတစ်ရပ်ကို မြတ်စွာဘုရားက တားမြစ်လိုက်တာပဲ၊ မှန်ကန်တဲ့ အယူအဆတစ်ခု ဖြစ်ပေါ်စေတယ်။

တစ်ခါ **"ဝိညာဏပစ္စယာ နာမရူပံ"** လို့ ဟောလိုက်သဖြင့် ဝိညာဏ်ကြောင့် နာမ်တွေရုပ်တွေဆိုတာ ဖြစ်လာရတယ်၊ အဲဒီလို မဟောလို့ရှိရင် သတ္တဝါဆိုတဲ့ အယူအဆနဲ့ ဃနသညာ (သဘာဝတရားဟာ တစ်ဆက်တည်း ဖြစ်နေသည့်အတွက်ကြောင့်) တစ်ခုတည်းလို့ထင်နေတဲ့ အထင်ကြီးတစ်ခုလုံးကို မြတ်စွာဘုရားက ပယ်ဖျက်လိုက်တယ်၊ ဒါ ရုပ်နဲ့ နာမ်နဲ့ ပေါင်းစပ်ထားတာ၊ တစ်ခုတည်း မဟုတ်ဘူး၊ ဒီလို ဆိုလိုတယ်ပေ့ါ။

နောက် **"နာမရူပပစ္စယာ သဠာယတနံ"** ဆိုတာနဲ့ မြတ်စွာဘုရားက ဘာကို ရှင်းပြတုန်းဆိုရင် "လူ့ရဲ့ခန္ဓာကိုယ်ထဲမှာ အတ္တဆိုတဲ့ ပိုင်စိုးနေတဲ့အရာ ရှိတယ်၊ အဲဒီအတ္တဆိုတဲ့ ပိုင်စိုးနေတဲ့အရာလေးက ကြည့်တတ်တယ်, မြင်တတ်တယ်, တပ်မက်တတ်တယ်, ထိတွေ့တတ်တယ်, ခံစားတတ်တယ်" ဆိုတဲ့ အယူအဆ

http://www.dhammadownload.com



တွေ ရှိတယ်၊ အဲဒီလိုဟာ မဟုတ်ဘူး၊ သဘာဝတရား ဖြစ်ပေါ်နေမှုသာ ဖြစ်တယ်။

သဠာယတနဆိုတဲ့ မျက်စိ နား နှာ လျှာ ကိုယ် စိတ်တွေ ပေါ်လာသည့် အတွက်ကြောင့် ပြင်ပအာရုံနဲ့ ဆက်သွယ်လာတာ၊ အတ္တမဟုတ်ဘူး၊ သဘာဝတရားတွေ ဆက်သွယ်လာတာ ဖြစ်တယ်၊ အဲဒါကို ဖဿလို့ ခေါ်တယ်၊ ဖဿဟာ အတ္တမဟုတ်ဘူး၊ တစ်ခါ **"ဖဿပစ္စယာ ဝေဒနာ"** လို့ ဟောလိုက်တော့ ခံစားတာကလည်း အတ္တက ခံစားတာ မဟုတ်ဘူး၊ ဝေဒနာက ခံစားတာ၊ **"ဝေဒနာ-ပစ္စယာ တဏှာ"** လို့ ဟောသဖြင့် ခံစားမှုကြောင့် လိုချင်မှုဖြစ်ပေါ်လာတာလည်း အတ္တက လိုချင်မှုဖြစ်ပေါ်လာတာ မဟုတ်ဘူး၊ တဏှာက လိုချင်မှု ဖြစ်ပေါ်လာတာ။

**"တဏှာပစ္စယာ ဥပါဒါနံ"** ကို ဟောလိုက်သဖြင့် စွဲလမ်းမှုကလည်းပဲ တဏှာနဲ့ ဒိဋ္ဌိက စွဲလမ်းတာ၊ အတ္တဆိုတာက စွဲလမ်းတာ မဟုတ်ဘူးလို့ -မြတ်စွာဘုရားက ဒီအဓိပ္ပါယ်တွေကို ရှင်းသွားတာ။

**"ဥပါဒါနပစ္စယာ ဘဝေါ"**- အစွဲအလမ်းကြောင့် ကံတရားတွေ ခန္ဓာတွေ ဖြစ်ပေါ်လာတယ် ဆိုတာလည်း အတ္တက ဖြစ်တာ မဟုတ်ဘူး၊ ဒီအကြောင်း ရှိလို့ ဒီအကျိုးတွေ ဖြစ်လာတာ။

**"ဘဝပစ္စယာ ဇာတိ"** - ဖြစ်လာတာတွေကလည်း ဘဝတည်းဟူသောအကြောင်းကြောင့် ကံဆိုသောအကြောင်းကြောင့် နောက်ထပ်ဇာတိ ဖြစ်လာတာပဲ အတ္တကောင်လေး ဖြစ်လာတာ မဟုတ်ဘူးလို့

http://www.dhammadownload.com



... ဒီလို မှားယွင်းတဲ့ အယူအဆတွေကို မြတ်စွာဘုရားက ပယ်ဖျက်လိုက်တယ်၊ ပယ်ဖျက်လိုက်ပြီးတော့ သဘာဝတရားသက်သက်သာ တစ်ခုနဲ့ တစ်ခု ဆက်သွယ်ပြီးတော့ အကြောင်းအကျိုး အနေနဲ့ ဖြစ်ပေါ်နေတယ်ဆိုတာကို သရုပ်ဖော်ပြတယ်။

## သတ္တဝါဟု ခေါ်စရာ တစ်ခုမှ မရှိပုံ

ဒီထဲမယ် သတ္တဝါလို့ခေါ်စရာ တစ်ခုမှ မရှိဘူး၊ "အဝိဇ္ဇာကို သတ္တဝါလို့ ခေါ်မှာလား"၊ "သင်္ခါရကို သတ္တဝါလို့ ခေါ်မှာလား" လို့ဆိုတော့ "ဘယ်တရားကိုမှ သတ္တဝါလို့ခေါ်စရာအကြောင်း မရှိဘူး" တဲ့၊ သူ့သဘာဝအတိုင်း သူဖြစ်နေတဲ့ သဘာဝတရားသက်သက်မျှသာ ဖြစ်တယ်၊ အဲဒီသဘာဝတရားတွေ စုဝေးပြီး ဖြစ်ပေါ်လာတဲ့ သဘာဝတရားတွေအပေါ်မှာ လူတွေက"သူပဲ ငါပဲ သတ္တဝါပဲ လူပဲ နတ်ပဲ" ဆိုတဲ့ အတွေးအထင်တွေ ရောက်လာတာ၊ အဲဒီအတွေး အထင်ဟာ အမှန်မဟုတ်ဘူးတဲ့။

အမှန်ကတော့ အခုပြောတဲ့ အဝိဇ္ဇာ သင်္ခါရ ဝိညာဏ် နာမ်ရုပ် - ဒီသဘာဝတရားတွေသာ ဖြစ်တာလို့ ... နောက်ဆုံးမှာ မြတ်စွာဘုရားက "**ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ** - ဟော ဒီအကြောင်းတရားတွေ ရှိလို့ အကျိုးတရားတွေ ရှိတယ်၊ ဒုက္ခတရား အစုသက်သက်ပဲ ဖြစ်ပေါ်နေတာ ဖြစ်တယ်"လို့ ဟောတော်မူတယ်။

## တရား ၁၂-မျိုးလုံး သုည

အဝိဇ္ဇာဟာ အတ္တ မဟုတ်ဘူး၊ အတ္တမဟုတ်ရုံ တင်မကဘူး အတ္တရဲ့ပိုင်ဆိုင်တဲ့ ပစ္စည်းလည်း မဟုတ်ဘူး၊ အတ္တမှာ အဝိဇ္ဇာတည်

http://www.dhammadownload.com



နေတာလည်း မဟုတ်ဘူး၊ အဝိဇ္ဇာမှာ အတ္တရှိနေတာလည်း မဟုတ်ဘူးလို့ဆိုပြီးတော့ လေးဖက်လေးတန်က ငြင်းပယ်ထားတယ်၊ အဲဒါကို သုညလို့ ပြောတာပဲ။

အဝိဇ္ဇာကလည်း ဆိုင်ရာအကြောင်းတရားတွေကြောင့် ဖြစ်တာ၊ သင်္ခါရကလည်း ဆိုင်ရာအကြောင်းတရားတွေကြောင့် ဖြစ်တာ၊ အဲဒီတရားတွေဟာ ဆိုင်ရာဆိုင်ရာ အကြောင်းတရားနဲ့ ဆက်စပ်ပြီး ဖြစ်တာ ဖြစ်သောကြောင့် **ဝသဝတ္တန** ကိုယ့်အလိုအတိုင်း ဖြစ်နိုင်တယ်ဆိုတဲ့ "အတ္တသဘာဝ" မရှိဘူးတဲ့၊ အဲဒီအတ္တသဘာဝက ဆိတ်သုဉ်းနေတဲ့တရားမျှသာ ဖြစ်လို့ ပဋိစ္စသမုပ္ပါဒ်မှာ အသုံးပြုတဲ့ တရား ၁၂-မျိုးဟာ သုညပဲ၊ ဘာမှ မရှိဘူးလို့ ပြောတာ၊ မရှိဘူးဆိုတာ "အတ္တ" ဆိုတာ မရှိဘူးလို့ ပြောတာနော်။

တော်ကြာ empty (သုည)ဆိုတဲ့ စကားလုံးဟာ "မရှိဘူး" ဆိုတာ "အဝိဇ္ဇာလည်း မရှိဘူး, သင်္ခါရလည်း မရှိဘူး"- ဒီလို ပြောလိုတာ မဟုတ်ဘူး၊ "အဝိဇ္ဇာမှာ အတ္တဆိုတာ မရှိဘူး၊ အဝိဇ္ဇာဟာ အဝိဇ္ဇာတရားသက်သက်ပဲ ဖြစ်တယ်၊ အတ္တမဟုတ်ဘူး၊ ဒါကြောင့်မို့ အဝိဇ္ဇာဟာ အတ္တလည်း မဟုတ်ဘူး၊ အတ္တရဲ့ပိုင်ဆိုင်တဲ့ပစ္စည်းလည်း မဟုတ်ဘူး"၊ ဒီလို ဆိုလိုတယ်၊ "ဒါကြောင့် သုညပဲ၊ သုညတရားသက်သက်မျှသာ ဖြစ်တယ်" ဆိုတဲ့ ဒီသဘာဝတရားကို ပဋိစ္စသမုပ္ပါဒ်မှာ မြတ်စွာဘုရားက ရှင်းလင်းဖော်ပြတယ်။

အဲဒီလို ရှင်းလင်းဖော်ပြတာတွေကို သဘောပေါက်နားလည်မှသာလျှင် ဘဝမှာတွယ်တာနေတဲ့ တဏှာကို ဖယ်ရှားနိုင်မှာ ဖြစ်တယ်၊ အရေးအကြီးဆုံး အဓိကကတော့ "အမှန်မြင်မှ အတွယ်အတာကို ဖယ်ရှားနိုင်မှာ"။

http://www.dhammadownload.com



ဘဝကြီးတစ်ခုလုံးကို ကြီးစိုးထားတာက ဘယ်သူလဲဆိုရင် အဝိဇ္ဇာနဲ့ တဏှာပဲ၊ အဝိဇ္ဇာက အမှန်မမြင်အောင် ဖုံးကွယ်ပေးထားတယ်၊ တဏှာက တွယ်ထားတယ်၊ သူတို့နှစ်ခု ပူးပေါင်းပြီး အလုပ်လုပ်လို့ ဒီနှစ်ခုကို "ဝဋ်မြစ်"လို့ ပြောတာ၊ သံသရာထဲမှာ တွယ်မနေအောင် သူတို့နှစ်ခုကို ဖယ်ရှားဖို့ လိုအပ်တယ်။

**ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကို အစထားပုံ**

အဲဒါကြောင့် အမှန်မြင်ဖို့ရာအတွက် မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်မှာ အဝိဇ္ဇာကို အစဆုံးပြောတာဟာ ဘာဖြစ်လို့တုန်းဆိုတော့ အဓိကပဓာနဖြစ်လို့ ပြောတာ။

ဆိုပါစို့ - မြွေတစ်ကောင်က လူကို ရစ်ပတ်ထားပြီ ဆိုလို့ရှိရင် အရေးအကြီးဆုံးနေရာက ဘာတုန်းဆိုရင် မြွေရဲ့ခေါင်းက အရေးအကြီးဆုံးပဲ၊ မြွေရဲ့ခေါင်းကို ကိုင်မိနိုင်ပြီဆိုရင် အမြီးတို့ ကိုယ်တို့က လူကို ဘာမှအန္တရာယ် မပေးနိုင်ဘူး၊ ခေါင်းကသာ အန္တရာယ်ပေးနိုင်တာ၊ ထို့အတူပဲ အဝိဇ္ဇာဟာ ခေါင်းနဲ့ အလားသဏ္ဌာန် တူတယ်ပေါ့၊ အဝိဇ္ဇာကိုဖယ်လိုက်နိုင်တာနဲ့ တစ်ပြိုင်နက်နောက်က ဟာတွေက အလိုလိုချုပ်ကိုင်ပြီးသား ဖြစ်သွားတယ်။

ဒါကြောင့် အဝိဇ္ဇာကို ပဋိစ္စသမုပ္ပါဒ်မှာ ရှေးဦးစွာတင်ပြီး ဟောတာ၊ အကြောင်းမဲ့ မဟုတ်ဘူး၊ အဓိကပဓာနကျတဲ့တရားတစ်ခုအနေနဲ့ မြတ်စွာဘုရားက ဟောတာ၊ သံသရာလည်ဖို့အတွက် အမှန်မသိတာက အဓိကအကြောင်းတရား ဖြစ်တယ်။

http://www.dhammadownload.com



**မဂ္ဂင် ၈-ပါးမှာ သမ္မာဒိဋ္ဌိကို အစထားပုံ**

အမှန်မသိသည့်အတွက်ကြောင့် တွယ်တာမှုဆိုတာ လိုက်လာတယ်၊ ဒါဆိုရင် အမှန်သိအောင် ဘာလုပ်ရမလဲ ဆိုလို့ရှိရင် မဂ္ဂင် ၈-ပါး ဖြစ်ပွါးစေရမယ်၊ မဂ္ဂင်၈-ပါးကျတော့ ကြည့်လေ - **သမ္မာဒိဋ္ဌိ**တဲ့၊ အမှန်မြင်မှုကို ရှေ့တန်းတင်ပြီးတော့ ဟောလိုက်တာ၊ သံသရာဝဋ်က လွတ်ဖို့ရာကျတော့ အမှန်မြင်ဖို့က အဓိကကျတယ်။

ဒါကြောင့်မို့လို့ အဝိဇ္ဇာရဲ့ဆန့်ကျင်ဖက်က "သမ္မာဒိဋ္ဌိ" ပဲ ပေ့ါ၊ ဒီသဘာဝတရားနှစ်ခုကို နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုလို့ရှိရင် သမ္မာဒိဋ္ဌိ မိမိသန္တာန်မှာ ရင့်သန်လာပြီဆိုရင် အဝိဇ္ဇာရဲ့သဘောကို သိသွားပြီ၊ သိသွားလို့ အဝိဇ္ဇာကို ဖယ်ရှားနိုင်ပြီဆိုလို့ရှိရင် အဝိဇ္ဇာ ငြိမ်းသွားတာနဲ့ တစ်ပြိုင်နက် သင်္ခါရဆိုတာ မလာတော့ဘူး၊ သင်္ခါရ မလာရင် ဝိညာဏဖြစ်စရာ မရှိတော့ဘူး၊ ဝိညာဏဖြစ်စရာ မရှိရင် နာမရူပလည်း မလာနိုင်ဘူး၊ နာမရူပမှ မရှိရင် သဠာယတနဆိုတာ မရှိနိုင်ဘူး၊ သဠာယတနမှ မရှိရင် ဖဿတို့ ဝေဒနာတို့ တဏှာတို့ဆိုတာ မလာဘူး၊ တဏှာမှ မလာရင် ဉပါဒါန်တို့ ဘဝတို့ ဇာတိတို့ ဆိုတာ မလာတော့ဘူးပေ့ါ၊ အဲဒါသည်ပင်လျှင် **ဒုက္ခသမုဒယ** **နိရောဓ** ဒုက္ခရဲ့ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတာ အဲဒါပဲလို့ ပဋိစ္စသမုပ္ပါဒ်နဲ့ မြတ်စွာဘုရားက ရှင်းလင်းဟောကြားပြခဲ့တာ ဖြစ်ပါတယ်။

ဒါ့ကြောင့် တရားချစ်ခင် သူတော်စင်ပရိသတ်အပေါင်းတို့သည် ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ပြီး သဘာဝတရားတွေရဲ့ စွမ်းဆောင်နိုင်မှုတွေကို ဆင်ခြင်သုံးသပ်ခြင်းဖြင့် နောက်ဆုံးမှာ ဒီသဘာဝတရားတွေ ချုပ်ငြိမ်းသွားတဲ့ တကယ့်

http://www.dhammadownload.com



အငြိမ်းဓာတ်နိဗ္ဗာန်ကို ကိုယ်စီကိုယ်ငှ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။